ဒုတိယအကြိမ်
ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်
အစည်းအဝေး
မှတ်တမ်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
(က)	**နဝမပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း**	
(၁)	ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။	၂
(၂)	ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။	၃
(၃)	ပြည်နယ်လွှတ်တော် အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။	၃
(၄)	အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။	၄
(၅)	ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။	၈
(၆)	ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-	၁၂

	ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။	
(ဃ)	ဦးမောင်ညီ၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **" မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်တွင် တိုင်းရင်းဆေးရုံ တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။	၂၉
(င)	ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"မိုင်းခတ်မြို့တွင်း လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်၌ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။	၃၁
(စ)	ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"မိုင်းယန်းမြို့နယ်၊ နမ့်မုတ်ကျေးရွာမှ ပန်ဟိုင်းကျေးရွာသို့သွားသည့် မြေသားလမ်း(၂)မိုင်အား လမ်းခဲ့၍ကျောက်ရောမြေခင်းပေးရန်နှင့် ချောင်းကူးတံတား(၂)စင်းအား တည်ဆောက်ပေးရန်အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း။	၃၄
(ဆ)	ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်(၁)၏ **"ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုရှိ ကျေးရွာ**	၃၇

ချင်းဆက်လမ်း(၃)လမ်းအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၈) ဦးအောင်ထွဏ်း၊နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏**"နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော်လက်ဖက်အချို့ခြောက်စက်ရုံကိုမူလပိုင်ရှင်(သို့မဟုတ်)လက်ရှိအစိုးရထံ ပြန်လည် လွှဲပြောင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၀

(၈) ဦးစံအောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏**"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရှမ်းပြည်နယ်လျှပ်စစ်မီးလင်းရေးအတွက် စီမံဆောင်ရွက်မှု၊ ပြီးစီးအရေအတွက်၊ သုံးစွဲကုန်ကျခဲ့သည့် ဘတ်ဂျက်စာရင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်မီးလင်းရေးစီမံကိန်း လျာထားမှုကိုသိလိုပါသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၅

(ည) ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" မိုင်းဖြတ်မြို့နယ်၊ အိုက်လုံကျေးရွာအုပ်စု၊ ဟားကြားမူးတီးရွာတွင် ခန့်မှန်းဧက(၆၀)၊ အိမ်ခြေ(၃၃)အိမ်အတွက် ကုန်းမြင့်လယ်မြေ ဖော်ထုတ်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ "**နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၅၀

(က) ဒေါ်နန်းခင်ထားရီ၊ သိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **" သိန်းမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာကျောင်း (၆) ကျောင်း ပြင်ဆင်ထိန်းသိမ်းစရိတ်"**နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၁၂

(ခ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **"ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရွာငံမြို့နယ်၊ ယကြီးကျေးရွာရှိ အ. ထ. က(ခွဲ)နှင့်ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာရှိ အ. ထ. က(ခွဲ) ကျောင်းများကို အ. ထ. ကအဆင့် သို့တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၉

(၂) **"သဘာဝဘေးမြေငလျင်များ လူပ်လာပါက အရေးပေါ်ကယ်တင်ရမည့် ပညာပေးဟောပြောပွဲများ ကျယ်ကျယ် ပြန့်ပြန့်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃

(ဂ) ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **" ကျောက်မဲမြို့နယ်၊ ကွမ်ဟင်နှင့် ပုံဝိုးကျေးရွာများသို့ လျှပ်စစ်မဂါတ်အားလိုင်းများ ဆက်သွယ်** ၂၆

(၄) ဦးအောင်သူ၊ လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"လားရှိုးမြို့ကျက်သရေဆောင် မြို့တော်ခန်းမအားစျေးရောင်း ပွဲတော်ကျင်းပပြုလုပ်ခွင့်ကိစ္စ"** နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၅၂

(၅) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းကျွဲ၊ နွား၊ တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ထားခြင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၅၆

(၆) ဦးသန်းထိုက်၊ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏**"ပြည်နယ်မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့ အနေဖြင့်ဗဟိုကော်မတီမှ ညွှန်ကြား ချက်အတိုင်း လုပ်ငန်းပြီးစီးမှုအခြေအနေ များကို ခရိုင်၊ မြို့နယ် အလိုက်စာရင်း များ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၆၂

(၇) ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"ကျိုင်းတုံမြို့နယ်လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုမှ ယနေ့အထိ လုပ်ငန်းများအလိုက် ပြီးစီးထားရှိမှု အခြေအနေ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၇

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၈၀

(၁၃) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ ၁၁၃

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

(၁၄) ဦးဒါဝိဒ်၊မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၁၅

(၁၅) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။ ၁၁၈

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(၁၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၂၀

ခ) နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၂၂

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၂၃

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၂၃

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၁၂၄

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၂၄

(က) ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ **"မိုင်းဆတ်မြို့နယ်၊ နားကောအခြေခံပညာအလယ်တန်းကျောင်းအတွက် လစ်လပ်နေသည့် ဝန်ထမ်းများခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၂၄

(ခ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်၊ ယမ်းတွင်း** ၁၃၀

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၈၄

(၉) ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ၆လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၈၄

(၁၀) ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ၆လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၉၀

(၁၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ ၂၀၁၈ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်း ဥပဒေ (မူကြမ်း) အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၉၁

(၁၂) ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **"ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန် "** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၁၀၉

ငါးကြောင်ကျေးရွာအုပ်စု ရတနာပုံ(အနောက်)ရွာတွင် ရေအရင်းအမြစ်ဦးစီးဌာနမှ မြေအောက်ရေတူးပေးခြင်းနှင့် ကျေးရွာအတွင်း ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၈) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် (၂)၏ "ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်နှင့် ကျောက်မဲမြို့နယ်ရှိ ကျေးရွာအုပ်စု(၁၂)အုပ်စုတွင် ဆက်သွယ်ရေး တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိ" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၃

(ဃ) ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၂၅၄၊ ဇယား(၅) ပြင်ဆင်ချက်အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်တွင် အခွန်အခများ ကောက်ခံရရှိမှုနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက်အခွန်အကောက်လျာထားချက်အားသိရှိလိုပါသည်" နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၆

အစီအစဉ်ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၉) ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "လင်းခေးမြို့နယ်၊ မြောက်ပိုင်းကျေးရွာအုပ်စုများသို့ အဓိကဆက်သွယ်သွားလာနေရသော ကျောက်ချောလမ်း(၅)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၆၀

(၁၀) ဒေါ်နန်းခင်ထားရီ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏"သိန္နီမြို့နယ်၊ နောင်ဆိုင်-မိုင်းပါးလမ်းတွင် မိုင်းပါးကျေးရွာအုပ်စု၊ မိုင်းပါးကျေးလက်စျေးအထိ (၂)မိုင်(၅)ဖာလုံခန့်အား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၆၅

(ည) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)၏

(၁) "မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် ရုံး/ဌာန(၁၂)ခုကို ဒေသဦးစီးအဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၆၈

(၂) **"ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့အတွက်မိလ္လာသယ်မော်တော်ယာဉ်တစ်စီးကူညီပံ့ပိုးပေးနိုင်ပါရန်အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၂

(၄) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်မဲမြို့နယ်အတွင်း အစိုးရသစ်ကာလတွင် လူနေအိမ်မြေကွက်ဂရန်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းကိစ္စရပ်များ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၄

(၅) ဦးအောင်ကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **" မိုင်းဖြတ်မြို့နယ်၊ဆားလို့ကျေးရွာအုပ်စု၊မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်ကားလမ်းမှ ဆားလို့ပေါ်ကျေးရွာအထိ (၃)မိုင်အားမြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၀

(၆) ဦးမောင်ညီ၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးနေသော ပတ္တမြားကျောင်းဆောင်ကို ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၈၃

(၂) **"ရွာငံမြို့နယ်၊ ကျောက်ပုံကျေးရွာအထိ ကျောက်ချောလမ်း(၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၄

(၈) ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" ရှမ်းပြည်နယ်အတွင်း တင်ဒါရရှိသည့် ကုမ္ပဏီကို အရည်အသွေးပြည့်မီစေရန် စီမံချက်များ ရေးဆွဲထားမှုနှင့်စစ်ဆေးမှုကိုမည်ကဲ့သို့ခွင့်ပြုထားသည်ကို သိလိုပါသည်"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၆

(၉) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"လွိုင်လင်မြို့နယ်၊ ပင်လုံ-ကျူဗော်-ပွန်ချောင်းကူး ဖက်နမ်တံတားအထိ မြေသားလမ်း (၂၁)မိုင်ရှိရာ ကျန်ရှိသည့် (၁၅.၅)မိုင်ကို ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၁

(၁၀) ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရဲကင်းရဲစခန်းအဆင့်မှ နယ်မြေရဲကင်းရဲစခန်းအဆင့်သို့ဖွဲ့စည်းပုံတိုးမြှင့်ချထားပေးရန်** ၁၅၅

(၈) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **" မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်တောင်ကျေးရွာမှဆယ်မတောင်ကျေးရွာသို့ သွားသည့် လမ်းအရှည် (၃)မိုင်အား မြေသားလမ်း ခဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန်အစီအစဉ် ရှိ/ မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၈၅

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၁၈၈

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၉၃

(၈) ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ ၆လ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၁၉၇

(၉) ၂၀၁၈ခုနှစ်၊ဧပြီလမှစက်တင်ဘာလအထိ ၆လ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၀၁

ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေးကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်"အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၆) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်းဆုံးဖြတ်ပါကယင်းအဆိုကိုလက်ခံဆွေးနွေးရန်မသင့်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း။ ၂၃၇

(သို့မဟုတ်)

အဆိုကိုလက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း။

(၁၇) ဦးခိုင်ညီညီကျော်၊ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်းတောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင်မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသော ကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/ မသင့် အဆုံးအဖြတ်ရယူခြင်း။ ၂၃၈

(၁၈) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်းဆုံးဖြတ်ပါကယင်းအဆိုကိုလက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။ ၂၄၅

(သို့မဟုတ်)

အဆိုကိုလက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

(၁၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၄၆

(ဂ) နဝမပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၄၉

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာခြင်း။ ၂၅၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၂၅၀

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၂၅၁

(၁၀) ဦးအေးမင်းဝိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏ **"ရွာငံမြို့နယ်မြို့ကြီးကျေးရွာအုပ်စု၊ကျွန်းကြီးကျေးရွာအုပ်စု၊ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ်သတ်မှတ်ပေးရန်"** အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၀၂

(၁၁) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၂၀၆

(၁၂) ဦးဒါဝိဒ်၊မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၁၀

(၁၃) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၂၁၆

(၁၄) တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။ ၂၂၃

(၁၅) ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး**

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၅၃

(က) ဦးစိုင်းမိုးမြင့်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် တရားရုံးများတွင် ဘဏ္ဍာတော်သိမ်း မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်မည့် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၅၄

(ခ) ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"နမ့်ခမ်းမြို့နယ်ရှိ မိုင်းဝီး၊ စယ်နေနှင့် တွန့်ဟုန်း(ပလောင်) ကျေးရွာအုပ်စုတို့အုပ်စုချင်းဆက်လမ်းများအား ကျောက်ခဲလမ်းအဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ်ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၅၈

(ဂ) ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲ၊ မိုင်းလင်းကျေးရွာအုပ်စု၊နားဟိုင်းလုံကျေးရွာရွှေတူးဖော်ကုမ္ပဏီစွန့်ပစ်မြေစာကြောင့် ပျက်စီးခဲ့သော လယ်ယာမြေကိစ္စ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆၁

နှစ်တွင် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) ဦးအောကာလင်း၊ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏**"ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် တောင်ရိုးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်ဦး ခန့်ထားပေးနိုင်ရေးအစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၀၀

(၇) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **"မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်မိုင်ကျေးရွာမှ နမ့်ခေးမိုင်-နမ့်ခေးတောင်ကျေးရွာချင်းဆက်(၂)မိုင်ခွဲ မြေသားလမ်းအားခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းကို (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၀၅

(၂) **"မိုင်းယန်းမြို့နယ်၊ ယန်းတောင်ကျေးရွာအုပ်စုရှိ ရေပူစမ်းမှ ဟုတ်ပုံကျေးရွာသို့သွားသည့် တောင်တက်လမ်း(၂)မိုင်ခွဲအား မြေသားလမ်း** ၃၀၈

ချဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန်အစီအစဉ်ရှိ/မရှိ"နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"မိုင်းဖြတ်မြို့နယ်၊ အိုက်ငို့နှင့်အိုက်လုံကျေးရွာအုပ်စုချင်းဆက်မြေသားလမ်းအားကျောက်ချောလမ်း အဆင့်တိုးမြှင့်ခင်းပေးရန်၊ ကျန်(၃)မိုင်(၄)ဖာလုံအားမြေသားလမ်းဖောက်လုပ်ပေးရန်နှင့်သစ်သားတံတား(၂)စင်းအားပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၀၉

(ဋ) ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **" ကျောက်မဲမြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများတွင် သစ်များတရားဝင်ရောင်းချခွင့်ပြုလုပ်ပေးထားမှုနှင့် တရားမဝင်သစ်များရောင်းဝယ်ဖောက်ကားနေမှုနှင့် ပတ်သက်၍ စီမံဆောင်ရွက်နေမှု"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၁၂

(ဌ) ဦးစိုင်းထွန်းညာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ရှမ်းပြည်နယ်အတွင်း ဝမ်းပျက်-ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန်နှင့် သေဆုံးမှုမရှိစေရေး** ၃၂၄

(ဃ) ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ် t r ဖ f2) \ **"လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ အဆောက်အဦများဆောက်လုပ်ထားရှိမှုများ တွေ့ရှိနေရပါသောကြောင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်သွားရန်အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇၃

(င) ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ **"မန္တလေး-လားရှိုး-မူဆယ် လမ်း၌ လမ်းမကြီးများဥပဒေအရ အရေးယူဆောင်ရွက်ရာတွင် တစ်နှစ်တာကာလအတွင်းအရေးယူဆောင်ရွက်မှုများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၈၁

(စ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"ရှမ်းပြည်နယ် မြောက်ပိုင်းဂုတ်တွင်းလမ်းပိုင်း၌ ကြုံတွေ့နေရသောယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၈၉

(ဆ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုရှိသနပ်တောင်လက်ရိုက်ဆည်နှင့်တီတောက်ကုန်းကျေးရွာအနီးတဘက်ရပ်လက်ရိုက်ဆည်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး** ၂၉၈

ကြိုတင်ကာကွယ်ရန် စီစဉ်ဆောင်ရွက်ထားမှု”နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ရှမ်းပြည်နယ်အတွင်း ဆင်ခြေထောက်ရောဂါ ဖြစ်ပွားခြင်းရှိ/မရှိ ဖြစ်ပွားရသည့် အကြောင်းရင်းနှင့် ပညာပေးဟောပြောပွဲများပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၂၄

(၃) ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပြန်လည်စွန့်လွှတ်ပေးသောလယ်ယာမြေများကို ပုံစံ(၇)ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၂၆

(၄) ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“လွှတ်တော်ရေးရာ ကော်မတီများကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်”** အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း။ ၃၃၁

ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်းဆုံးဖြတ်ပါကယင်းအဆိုကိုလက်ခံဆွေးနွေးရန်မသင့်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း။ ၃၇၁

(သို့မဟုတ်)

အဆိုကိုလက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါကဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း။

(၁၃) ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ”**အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၃၇၂

(၁၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်းဆုံးဖြတ်ပါကယင်းအဆိုကိုလက်ခံဆွေးနွေးရန်မသင့်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း။ ၃၇၅

(သို့မဟုတ်)

အဆိုကိုလက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါကဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်းနိုင်ကြောင်းဥက္ကဋ္ဌကကြေညာခြင်း။

(၁၅) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၃၇၆

(ဃ) နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၃၇၈

(၂) ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၃၇၉

(၃) ပြည်နယ်လွှတ်တော် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၃၇၉

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။ ၃၈၀

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၃၈၂

(က) ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးမိတ်မြို့၊ ဟော်နန်းရပ်ကွက်တွင်ရှိသော စော်ဘွားတရားစီရင်** ၃၈၃

(၇) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း။ ၃၄၁

(၈) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေနှင့်အညီလျှောက်ထားရာတွင်မရရှိသဖြင့် ဥပဒေတွင်သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကိုစီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"**အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၃၄၄

(၉) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးက ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၅၅

(၁၀) ရှမ်းပြည်နယ် စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကိုလွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။ ၃၆၁

(၁၁) ဦးစိုင်းလုံ၊မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်** ၃၆၉

ရေးရုံးကို ပြန်လည်ပြင်ဆင်ထိန်းသိမ်းစောင့်ရှောက်မည့် အစီအစဉ်ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏**"သီပေါမြို့နယ်၊ နမ့်လန်နှင့် မိုင်းခေးကျေးရွာအုပ်စုတို့အား ဆက်သွယ်ပေးသော ကျေးရွာချင်းဆက်လမ်းမကြီးအားကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၈၇

(ဂ) ဦးခင်မောင်ဝင်း၊ ညောင်လွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏**"တောင်ကြီးခရိုင်၊ ညောင်လွှေမြို့နယ်ရှိ ညောင်လွှေ- ကန်တော်-ကုန်းဆုံ-လွယ်ခေါ်လမ်းပိုင်းရှိ အမှတ်(၁/၁)တံတားအားဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ /မရှိ "** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၃၉၀

(ဃ) ဒေါ်နန်းကောင်ခမ်း၊ မိုင်းဈေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏**"မိုင်းဈေးမြို့နယ်ရှိအခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသောပညာရေးဝန်ထမ်းများစီမံဆောင်ရွက်ထားရှိမှု"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၉၂

(ဆ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒ e, f r ‰ f(2)\ **"ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်တွင်ကျောင်းဆောင်များဆောက်လုပ်ရန် အတွက် တင်ဒါခေါ်ယူသည့်အခါ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးများ ပါဝင်ခွင့် ရှိ/ မရှိနှင့် ပြဿနာရှိခဲ့ဖူးသောကုမ္ပဏီများအားတင်ဒါဆွဲယူခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၁၆

(ဇ) ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **"ရပ်စောက်မြို့နယ်၏မြို့တိုးချဲ့ရေးဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ထားသောဟိုပင်စက်ပစ်ကွင်း(၁၃၄၇)ဧကကိုလူနေထိုင်ရန်မြေကွက်များဖော်ဆောင်ပေးရန်စီမံဆောင်ရွက်ထားရှိမှု"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၄၂၀

(ဈ) ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ **"မိုင်းယန်းမြို့နယ်၊နောင်တို့ရိုင်ကျေးရွာသို့သွားသည့်လမ်းပေါ်ရှိအရှည်(၃၅)ပေ၊အနံ(၁၄)ပေသစ်သားချောင်းကူးတံတားအားသံကူကွန်ကရစ်တံတားအဖြစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၂၄

(ည) ဦးမောင်ညိုးမဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၏ **" မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် ငါးအိုး-မဘိမ်းကားလမ်းနှင့် ချိတ်ဆက်ထားသော ရမ်းဘိုရွာချင်း ချိတ်ဆက်လမ်း(၁၀)မိုင်အား ပြုပြင်ထိန်းသိမ်းရန်ရန်ပုံငွေချထားမှု အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၂၆

(ဋ) ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်ရှိတည် ဆောက်ရေးလုပ်ငန်းများအတွက်သဲ၊ ဖြုန်း၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အခွန်အခများရရှိမှုအခြေအနေနှင့် စီမံခန့်ခွဲမှုများ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၄၂၈

(ဌ) ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယ မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏

(၁) **"ရှမ်းပြည်နယ်ရှိမြို့နယ်အသီးသီးတွင် လူ့အခွင့်အရေးစံနှုန်းများ၏ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၃၃

(၂) **" မနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နွားဘန်းကြီး** ၄၃၉

(ဃ) ဦးသန်းထိုက်၊ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းများလျာထားမှု၊ တင်ဒါခေါ်ယူမှု၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည် အသွေးပြည့် မီရေး အတွက်ကြီးကြပ်ဆောင်ရွက် မှု"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၅၅

(၂) **"ရှမ်းပြည်နယ်အတွင်း ကျင်းပမည့် တိုင်းရင်းသားလူမျိုးစုစာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့်စျေးရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲမည့် ရှမ်းပြည်နယ်တိုင်းရင်းသားလူမျိုးစု(၂၇)စုတို့၏ အမည်များ၊အမျိုးဆုံးနေထိုင်ရာဒေသများနှင့်လူဦးရေစာရင်းများ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၀၂

(စ) ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက ရှမ်းပြည်နယ်တွင် ကူညီထောက်ပံ့လုပ်ဆောင်မှု"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၀၇

ကျေးရွာမှ ညှဉ်းပန်း နှိပ်စက်ခြင်း ခံရမှု”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ က ရှမ်းပြည်နယ်ကြက်မွေးမြူရေးဥပဒေ (မူကြမ်း) အား လွှတ်တော်သို့ တင်သွင်းခြင်း။ ၄၄၃

(၇) ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက်(ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ် အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး”**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၄၄၈

(၈) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၆၈

(၉) ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏**“ရှမ်းပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းစဉ်များရငွေ/သုံးငွေ ပွင့်လင်းမြင်သာ မှုဆိုင်ရာ”**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များ ကဆွေးနွေးခြင်း။ ၄၇၅

(၁၀) အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၄၈၇

(၁၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ရေးရာကော်မတီ ၁၀ ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။ ၄၉၅

(၁၂) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်း ဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၄၉၇

(၁၃) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထ နေ့ အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၅၀၀

- ဆုံးဖြတ်ခြင်း။ ၅၀၁
- မှတ်တမ်းတင်ခြင်း။ ၅၀၇
- ရှင်းလင်းခြင်း။ ၅၁၆

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(ပထမနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
၂၀၁၈ ခုနှစ်၊ မတ် လ ၂၆ ရက်
[တနလၤနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ လက်ထောက် ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စား လှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း(၁၄၃)ဦး ရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၆)ဦး တက်ရောက် ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏(၈၈.၁၁%)ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက်ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၆နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄ (ခ)တို့အရ အစည်းအဝေးအထ မြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့) အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

D/real(wide) (1

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးစတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ရှင်။

(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီ ရှင်။

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၆-၃-၂၀၁၈)ရက်နေ့ (ပထမနေ့)မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်

D/real(wide) (2

ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၂) ဦးခွန်ထွန်းလူ (ခ) ဦးဒီကီ၊ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၄)ရက်။

(၃) ဦးအောင်သန်းထွဋ်၊ လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၄) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးဘေရင်နယ်(ခ)ဦးခင်မောင်လွင်၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၄)ရက်။

(၆) ဦးစိုင်းစံဖေ၊ မိုင်းရယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၇) ဒေါ်နန်းစမ်းစမ်းအေး၊ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)၊ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ကကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၄)ရက်။

(၈) ဦးကျကဇော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဒေါ်နန်းမြထွေး၊ လွိုင်လင်မြို့နယ်မဲဆန္ဒနယ်

သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များ အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၁၄၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ဂ)(၁)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး(ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

D/real(wide) (3

အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၀) ဦးအီးရှာမွေ၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၁၁) ဦးခွန်းအေးမောင်၊ ကယန်းတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၁၂) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကို၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၁၃) ဒုတိယဗိုလ်မှူးကြီးကျော်သူရ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၄)ရက်။

(၁၄) ဗိုလ်မှူးဇော်မိုးလွင်၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက် ရန်အတွက် ခွင့် (၄)ရက်။

(၁၅) ဗိုလ်မှူး စိုးနိုင်၊ တပ်မတော်သားပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၄)ရက်။

(၁၆) ဗိုလ်မှူးဇော်လင်းထွေး၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက် ရန်အတွက် ခွင့် (၄)ရက်။

(၁၇) ဗိုလ်ကြီးတေဇာအောင်၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

ယနေ့ခွင့်ပန်ကြားသူ (၁၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ လေ့လာသူဧည့်သည်တော်များ ခင်ဗျား။ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံး ယခုလို စုံစုံ ညီညီ ပြန်လည်တွေ့ဆုံခွင့်ရတဲ့အတွက် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း နှစ်ဖြာသုခနဲ့ ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုကျင်းပတဲ့ နဝမပုံမှန်အစည်းအဝေးဟာ ၂၀၁၈ ခုနှစ် မဂ်လာနှစ်သစ်မှာပြန်လည် စတင်ကျင်းပတဲ့အစည်းအဝေးဖြစ်သလို အထင်ကရအဆောက်အဦ ဖြစ်တဲ့ ဒီရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦသစ်ကြီးမှာ ပထမ ဦးဆုံး စတင်ကျင်းပနိုင်တဲ့အစည်းအဝေးဖြစ်တဲ့အတွက် ရှမ်းပြည်နယ် လွှတ်တော်အတွက် သမိုင်းတွင်ရစ်မယ့် အစည်းအဝေးကြီးပဲ ဖြစ် ပါတယ်။ ယနေ့အထိ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေး ကျင်းပပြီးစီးမှုကို ပြန်ကြည့်မယ်ဆိုရင် ပုံမှန် အစည်းအဝေး၊ အရေးပေါ်အစည်းအဝေးအပါအဝင် ၂၀၁၆ ခုနှစ်မှာ (၄)ကြိမ်၊ ၂၀၁၇ ခုနှစ်မှာ (၆)ကြိမ် ကျင်းပနိုင်ခဲ့တာဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းဟာ (၂)နှစ်ပြည့်ကာလသို့ ရောက်လာရှိပြီ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ လွှတ်တော်အတွင်းနဲ့ လွှတ်တော် ကိုယ်စားလွှတ်တော်ပြင်ပတာဝန်များကိုဆောင်ရွက်ရာမှာအားနည်း ချက်၊အားသာချက်များကို ပြန်လည်သုံးသပ်ကြပြီး မိမိတို့ လွှတ်တော် အောင်မြင်မှုမည်မျှရှိသည်ကို စံချိန်စံညွှန်းများနဲ့ တိုင်းတာရန် လိုအပ်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် ကျင့်စဉ်ကို ကျင့်သုံးရာမှာ

D/real(wide) (4

နိုင်ငံတော်ရဲ့ အခြေခံအုတ်မြစ်ဟာလွှတ်တော်ဖြစ်တဲ့အတွက် လွှတ်တော်ဟာ ခိုင်မာဖို့ လိုအပ်သလို အခြားမဏ္ဍိုင်များနဲ့ အပြန်အလှန်ထိန်းကျောင်းမှုပြုရာတွင်လည်း ဟန်ချက်ညီရန် လိုအပ်ပါတယ်။ ပြည်နယ်အတွက် လိုအပ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုများကို လွှတ်တော်က အစပျိုးဖော်ဆောင်ပြီး၊ အုပ်ချုပ်ရေးအပိုင်းက မောင်းနှင်အား ကောင်းကောင်းနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မိမိပြည်နယ်အတွင်း ပကတိဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အမှန်ကိုအမှန်အတိုင်း၊ အမြင်ကို အမြင်အတိုင်းသိရှိပြီးအပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပီပီပြင်ပြင် ဖြစ်အောင် ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့၏ ဥပဒေပြုရေးနှင့် အပြန်အလှန်ထိန်းကျောင်းရေးတာဝန်များကို အဓိကထားဆောင်ရွက်ရာတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝင်ရောက်စွက်ဖက်သည့်သဘော မဖြစ်စေရေးအတွက်လည်းဘဲ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထားဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။နဝမပုံမှန်အစည်းအဝေးမှာဆောင်ရွက်ရန်အတွက်လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက အဆို(၇)ခုပေးပို့ထားပြီး၊ လွှတ်တော်ကိုယ်စားလှယ် (၂၈)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၂)ခု ပေးပို့ထားပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သက်တမ်း(၂)နှစ်ပြည့်တဲ့ အဋ္ဌမပုံမှန်အစည်းအဝေးကာလအထိ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းမှတ်တမ်းကို ပြန်ကြည့်မယ်ဆိုရင်လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၆၁)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း (၄၀၀)ခုမေးမြန်းခဲ့တာ တွေ့ရှိရပါတယ်။ ယင်းကိုယ်စားလှယ် (၆၁)ဦးအနက် ကြယ်ပွင့်ပြမေးခွန်းအများဆုံးမေးမြန်းတဲ့ ကိုယ်စားလှယ်တစ်ဦးဟာဆိုရင် မေးခွန်းပေါင်း(၅၇)ခုထိ မေးမြန်းခဲ့ကြောင်း

ပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော် အစည်းဝေးခန်းမအသစ်မှာ ရှိသင့်ရှိအပ်သော အင်္ဂါရုပ်များနဲ့ပြည့်စုံအောင် အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းနဲ့ ဆွေးနွေးခြင်းတို့အတွက် အချိန်ကန့်သတ်ချက်အရ အချိန်ရေတွက်မှုစနစ် (Count-down Timing)နှင့်ဆန္ဒမဲပေးရာမှာ ကိုယ်စားလှယ်များရဲ့ ဆန္ဒပြုသည့်မဲများကို စက်ခလုတ်အသုံးပြုသည့် ဆန္ဒမဲခွဲခြားရေတွက်မှုစနစ်(Voting Classfication System)ကို စတင်အသုံးပြုနိုင်ဖို့ စီစဉ်ထားပါတယ်။ ဒါကလည်း စက်ပိုင်းဆိုင်ရာ တိကျမှု၊ နည်းပညာပိုင်းဆိုင်ရာ အမှားအယွင်းမရှိမှုနဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်များရဲ့ လေ့ကျင့်မှုပေါ်မူတည်ပြီး စတင်အသုံး ပြုသွားဖို့ ရှိပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး သိရှိအောင်ကြိုးပမ်းပြီး အချိန်အခါအလိုက် အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးအတွက် ဖော်ဆောင်ရမည့် ရည်မှန်းချက်ဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ တူညီသော ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။ ဒီရည်မှန်းချက် များကို ဖော်ဆောင်ရာမှာ အတ္တစွဲ၊ ဆန္ဒစွဲများမထားရှိဘဲ ချင့်ချင့်ချိန်ချိန် ညှိညှိနှိုင်းနှိုင်းဖြင့် မျှမျှတတ ဖြစ်အောင် မှန်ကန်စွာ ဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

D/real(wide) (5

၁၂

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးကမေးမြန်းထားတဲ့မေးခွန်းများကိုသက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။ ဒီနေရာမှာ မေးခွန်းများ မေးမြန်းခြင်း ကဏ္ဍမှာ Count-down System ကို (၅)မိနစ်သတ်မှတ်ပြီး စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာ သိန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်သားကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်မမေးမြန်းမဲ့မေးခွန်းကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့်စပ်လျဉ်း၍

D/real(wide) (6

၁၀

တွေ့ရှိရသလို၊ ယနေ့အထိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း မပြုရသေးတဲ့ ကိုယ်စားလှယ်များ လည်းရှိကြောင်း ဖော်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းများ မေးမြန်းရာတွင် မေးမြန်းတဲ့မေးခွန်းများဟာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များရဲ့ ဆောင်ရွက်နိုင်ခွင့်(သို့မဟုတ်) ဖြေကြားနိုင်ခွင့်ရှိသော မူဘောင်အတွင်းက အချက်အလက်များဖြစ်ဖို့ လိုအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများထဲမှ မေးခွန်းနှင့်စပ်လျဉ်းသည့် နည်းဥပဒေ ၁၀၁၊ ၁၀၂ နှင့်၊ အဆိုနှင့် စပ်လျဉ်းသည့် နည်းဥပဒေ ၁၁၈၊ ၁၁၉ ပါကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးအတွက် သတိပြုကြရမှာ ဖြစ်ပါတယ်။

နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်သို့ တင်သွင်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဖို့ ရှိပါတယ်။ ဒါ့အပြင် ဥပဒေကြမ်းတစ်ခုကိုလည်း ထပ်မံတင်သွင်းဖို့လည်းရှိကြောင်းသိရှိရပါတယ်။

လွှတ်တော်အသီးသီး၏ ဆောင်ရွက်မှုများ နည်းလမ်းမှန်ကန်ခိုင်မာပြီး အရည်အသွေး ကောင်းမွန်တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကို ဖေဖော်ဝါရီလ (၈)ရက်နေ့က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU) အစည်းအဝေးမှာ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် အသီးသီးက ကြုံတွေ့နေရသော အခက်အခဲများ၊ ဝန်ထမ်းရေးရာကိစ္စများ၊ အိမ်ရာအခက်အခဲများနဲ့ အခြားကိစ္စများကို တင်ပြဆောင်ရွက်ကြရပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ သီးခြားပေါ်ပေါက်လာခြင်းသည်ပင်လျှင် (MPU)အစည်းအဝေးမှာ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း

အားမြန်နှုန်းတော်ဝင်ကုမ္ပဏီမှတ်ပုံတင်အက်ဥပဒေ ၂၀၁၇ အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရခြင်းမှာ ပြင်ဆင်ထိန်းသိမ်းစရိတ်ပေးရာတွင် ကျပ်သိန်း (၁၀၀)အောက်ဆိုလျှင် ကျောင်းဆောက်လုပ်ရေး ကော်မတီဖြင့်သာ ဆောင်ရွက်သွားရန်ဖြစ်ရာ ယခုအခါ ကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုလိုက်သည့်အတွက် ကုမ္ပဏီဆိုသည်မှာ စီးပွားရေးကို အဓိကထားပြီး အမြတ်အစွန်းကိုသာကြည့်သည့်အတွက် ယခု မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန လက်အောက်ရှိကျောင်းများကို ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်ဖြင့် အခြေခံပညာ(၇၁) ကျောင်းတွင် ကျောင်းဆောင်များ ပြင်ဆင်ရန်အတွက် ရန်ပုံငွေကျပ်(၆၇၉. ၀၈) သန်းခွဲဝေပေးထားသည်ကို သိရှိပါတယ်။ သိန္နီမြို့နယ်တွင်လည်း ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေ(၆)ကျောင်း ခွဲဝေပေးထားသည့်အတွက် ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။

ကျောင်းဆောက်လုပ်ပြုပြင်ခြင်းလုပ်ငန်းများအား ကျောင်းဆောက်လုပ်ရေးကော်မတီဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ခေါင်းဆောင်သောအဖွဲ့ဝင်(၅)ဦးထက်မများသော ဆောက်လုပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ကျောင်းဆောင်ပြုပြင်ခြင်း၊ ဆောက်လုပ်ခြင်းများအတွက် (က) ကြီးကြပ်မှုကော်မတီ၊ (ခ) လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ (ဂ) စာရင်းစစ်အဖွဲ့များကို ကျောင်းအဆင့်၊ မြို့နယ်အဆင့် ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ရမည်။ ကော်မတီနှင့်အဖွဲ့ ဖွဲ့စည်းရာတွင် ပုဂ္ဂိုလ်တစ်ဦးစီကော်မတီနှင့် အဖွဲ့တစ်ခုထက်ပို၍ ပါဝင်ခြင်းမရှိအောင် ကြပ်မတ်ဖွဲ့စည်းရမည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်ရန်နှင့်

ကုမ္ပဏီများအနေဖြင့် တာဝန်ယူဆောက်လုပ်ရာတွင် အမြတ်ငွေရရှိရေးကို ဦးစားပေးဆောက်လုပ်ခြင်းဖြစ်သည်ကို အားလုံး အသိပင်ဖြစ်ပါတယ်။ သက်ဆိုင်ရာ ကျောင်းကော်မတီဖြင့် ဆောက်လုပ်ပါက အဓိကထားပြီး လုပ်အားလိုလျှင် ရပ်ရွာပြည်သူများက လုပ်အားစိုက်ခြင်း၊ ငွေလိုပါက ငွေစိုက်ထုတ်ခြင်းဖြင့် လုပ်ငန်းကို အကောင်အထည်ဖော်ဆောက်လုပ်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍

(၁) ကျပ်သိန်း(၁၀၀)အောက်ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကုမ္ပဏီသို့ လွှဲအပ်ဆောက် လုပ်ခြင်းကို မည်သည့် စာအမှတ်၊ မည်သည့်ရက်စွဲဖြင့် မည်သူကညွှန်ကြားထားသနည်း။

(၂) သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ ခေါင်းဆောင်သော ကျောင်းဆောက်လုပ်ရေးကော်မတီကို မည်သူက မည်သည့်ရက်စွဲ၊ မည်သည့်စာအမှတ်ဖြင့် ရုပ်သိမ်းသနည်း။

(၃) သက်ဆိုင်ရာကျောင်းဆောက်လုပ်ရေး ကော်မတီကို အဘယ်ကြောင့် ဆောက်ခွင့်မပေးပါသနည်း။

စသည်တို့ကို သိရှိလိုပါသဖြင့်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းခင်ထားရီရဲ့ အခြေခံပညာကျောင်းများ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ ကျပ်သိန်း (၁၀၀)အောက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ကုမ္ပဏီသို့ လွှဲအပ်ဆောက်လုပ်ခြင်းကို မည်သည့်စာအမှတ်၊ မည်သည့် ရက်စွဲဖြင့် မည်သူက ညွှန်ကြားထားသနည်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျပ်သိန်း(၁၀၀)အောက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ရှမ်းပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)၊ လားရှိုးမြို့၏ ၁၄-၉-၂၀၁၇ ရက်နေ့ EC အမှတ်စဉ် (၃/၁၇)ဆုံးဖြတ်ချက်အရ ၁၅-၉-၂၀၁၇ ရက်စွဲပါစာအမှတ်၊ စိတ်(၁)/၂၁၆၄/(၀၄၀၂)ခွဲဝေ(၁၇-၁၈)ဖြင့် ရန်ပုံငွေခွဲဝေခွင့်ပြုစဉ်ကပင် (က) ကြီးကြပ်မှုကော်မတီ၊ (ခ) လုပ်ငန်းစစ်ရေးအဖွဲ့၊ (ဂ) စာရင်းစစ်အဖွဲ့များကို ကျောင်းအဆင့်၊ မြို့နယ်အဆင့် ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါတယ်။ သိန္နီမြို့နယ် အ။ ထ။ က(၂)၊ အ။ မ။ က- ဟိုမိန်း၊ အ။ ထ။ က(ခွဲ) စယ်အူ၊ အ။ မ။ က-စယ်အူကျောင်းများကို ကျောင်းဆောက်လုပ်

ယခုသတ်မှတ် ပေးထားသော ရန်ပုံငွေဖြင့် စံချိန်စံညွှန်းနှင့်အညီ ပြီးပြတ်အောင် ဆောက်လုပ်ရမည်ဟု အတိအလင်း ညွှန်ကြားထားပြီးဖြစ်ပါတယ်။

ပြီးခဲ့သော ဘဏ္ဍာရေးနှစ်များတွင်လည်း ကျပ်(၁၀)သန်းအောက် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေများကို သက်ဆိုင်ရာကျောင်း ဆောက်လုပ်ရေးကော်မတီဖြင့် ဆောက်လုပ် ပြီးစီးခဲ့ပါတယ်။ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ ခေါင်းဆောင် သော ကော်မတီဖြင့် ဆောက်လုပ်ပါက ရပ်ရွာအတွက် အမှန်တကယ် စိတ်ရင်းစေတနာအမှန်ဖြင့် ဆောက်လုပ်ခြင်းဖြစ်သောကြောင့် အဆောက်အဦများသည် စံချိန်စံညွှန်းထက်ကျော်လွန်၍ဆောက်လုပ်နိုင်ခဲ့သည်ကို တွေ့ရှိရပါတယ်။

ဥပမာ- သိန္နီမြို့နယ်၊ မောက်စလီကျေးရွာအုပ်စုရှိ အ။ မ။ က မောက်စလီသည် ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ်(၈။ ၅)သန်းသာခွဲဝေပေးသော်လည်း လုံလောက်မှုမရှိသဖြင့် ကျေးရွာမှကျပ်(၅)သိန်းကျော်ခန့်ထပ်မံထည့်ဝင်ပြီးပိုမိုကောင်းမွန်အောင်ဆောက်လုပ်နိုင်ခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စာအမှတ်၊ စိတ်(၁)/၂၁၆၄ (၀၄၀၂) ခွဲဝေ(၁၇-၁၈)၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်စွဲဖြင့် ရှမ်းပြည်နယ် ပညာရေးမှူးရုံး(ရုံးခွဲ) ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၏ ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေများထပ်ဆင့်ခွဲဝေပေးခြင်း အကြောင်းကြားစာတွင်လည်း အသိပေးညွှန်ကြား ထားပြီးဖြစ်ပါတယ်။

သို့ပါသော်လည်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်စွဲပါစာအမှတ်၊ စိတ်(၁)/ ၂၄၀၇/ ၀၄၀၂(၂၀၁၇)တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၏ အကြောင်းကြားစာကို သိန္နီမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းစရိတ် ရန်ပုံငွေမှ အခြေခံပညာ(၆)ကျောင်း ဆောင်ရွက်မည့်ကိစ္စ

D/real(wide) (8

ရေးကော်မတီအဖွဲ့များနှင့် ညှိနှိုင်း၍ မြနန်းတော်ဝင် ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရန်နှင့် ကျန် မူလွန်- နားကုန်းနှင့် အ. လ. က(ခွဲ)၊ ပန်လော့ကျောင်း(၂)ကျောင်းအား ကျောင်းဆောက်လုပ်ရေးကော်မတီဝင်များနှင့် ညှိနှိုင်း၍ သိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစိန်လူမှ တာဝန်ယူကြီးကြပ်ဆောက်လုပ်ပေးရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ ခေါင်းဆောင်သော ကျောင်းဆောက်လုပ်ရေးကော်မတီကို မည်သူကမည်သည့်ရက်စွဲ၊ မည်သည့်စာအမှတ်ဖြင့် ရုပ်သိမ်းသနည်း မေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ ခေါင်းဆောင်သော ကျောင်းဆောက်လုပ်ရေးကော်မတီကို ရုပ်သိမ်းထားခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ သက်ဆိုင်ရာ ကျောင်းဆောက်လုပ်ရေးကော်မတီကို အဘယ်ကြောင့် ဆောက်လုပ်ခွင့်မပေးပါသနည်း မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ပုံငွေခွင့်ပြုမိန့်ချပေးစဉ်ကပင် သက်ဆိုင်ရာကျောင်းဆောက်လုပ်ရေးကော်မတီကို လုပ်ငန်းကြီးကြပ်ရန်အတွက်သာ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး (၀၄၀၂)ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့် ဆိုင်သောလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်အသီးသီးတို့ကို ကြေညာ၍ ဆောင်ရွက်လိုသော လုပ်ငန်းရှင်များကို လျှောက်လွှာခေါ်ယူပါတယ်။ ထိုလျှောက်လွှာများကို ပြည်နယ်ပညာရေးမှူးရုံးမှ ဥက္ကဋ္ဌ၊ ဒုတိယညွှန်ကြားရေးမှူး(၅)ဦးမှ အဖွဲ့ဝင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်အတွင်းရေးမှူး (၇)ဦးဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းကြီးကြပ်မှုကော်မတီအပါ အောက်ပါအချက်

ထုတ်ယူခွင့်ပြုပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ မေးမြန်းမဲ့မေးခွန်းကတော့ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ယကြီးကျေးရွာ အ. ထ. က(ခွဲ)နှင့် ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာ အ. ထ. က(ခွဲ)ကျောင်းများရဲ့ ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်သောအချိန်တွင် အဆိုပါကျောင်းများရဲ့ ကျောင်းအုပ်ဆရာကြီးများနှင့် ကျောင်းအကျိုးတော်ဆောင်များကအ. ထ. ကအဆင့်တိုးမြှင့်ပေးနိုင်ရန်အတွက် အဆိုပြုတင်ပြလာများနှင့် ပေးအပ်လာတဲ့အတွက် အောက်ပါ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်-

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ယကြီးကျေးရွာရှိ အ. ထ. က(ခွဲ)နှင့် ပင်းတယမြို့နယ်၊ မိုင်းလီကျေးရွာရှိ အ. ထ. က(ခွဲ)ကျောင်းများကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အ. ထ. က အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန်

D/real(wide) (9

အစီအစဉ် ရှိ/မရှိကို ရှုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှုမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းရဲ့ ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ မေးခွန်းကို ဆက်လက် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှုမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ယကြီးအထက်တန်းကျောင်း(ခွဲ)သည် ကျောင်းပိုင်မြေ (၇. ၂၇)ဧက ကျယ်ဝန်းပြီး ကျောင်းမြေပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။ စာသင်ဆောင်များမှာ-

(၁) ကံ့ကော်ဆောင်(၁၄၅×၂၄)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ဆောင်၊
(၂) ချယ်ရီဆောင်(၁၃၃×၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ဆောင်၊
(၃) စံပယ်ဆောင်(၁၂၀×၂၃)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ဆောင်၊
(၄) နှင်းဆီဆောင်(၆၀×၃၀)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ဆောင်၊
(၅) သဇင်ဆောင်(၃၀×၂၄)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ်ဆောင်၊

များဖြင့် ရွေးချယ်တာဝန်ပေးဆောင်ရွက်စေပါတယ်-

(၁) လုပ်ငန်းဆောင်ရွက်စေရန်အတွက် အလုပ်သမားများ စုဖွဲ့ထားရှိမှု၊
(၂) လုပ်ငန်းအတွေ့အကြုံနှင့် ယခင်ငင်းတို့ ဆောင်ရွက်ခဲ့သော ဌာနအကြီးအကဲများရဲ့ ထောက်ခံချက်၊
(၃) လုပ်ငန်းဆောင်ရွက်မဲ့ လုပ်ငန်းအချိန်ဇယား၊
(၄) လုပ်ငန်းအာမခံတင်သွင်းမှု၊
(၅) လုပ်ငန်းကို အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ပါမည်ဟု ကတိခံဝန်ချက်၊ လုပ်ငန်းရှင်သည် မိမိဆောင်ရွက်ရမည့် ပြင်ဆင်ပြင်ထိန်းလုပ်ငန်းများအတွက် ခွဲဝေချထားပေးငွေ ပမာဏနှင့် ကိုက်ညီသော အင်ဂျင်နီယာ တွက်ချက်မှုကို ဆောင်ရွက်၍ တွက်ချက်မှုနှင့်အညီ လုပ်ငန်းကို ဆောင်ရွက်စေပါတယ်။

ထိုတွက်ချက်မှုဖြင့် ကိုက်ညီအောင် ဆောင်ရွက်စေရန် မြို့နယ်ပညာရေးမှူး ဥက္ကဋ္ဌ၊ ဒုတိယမြို့နယ်ပညာရေးမှူး အဖွဲ့ဝင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး အဖွဲ့ဝင်၊ သက်ဆိုင်ရာကျောင်းအုပ်စုခေါင်းဆောင် ကျောင်းအုပ် အဖွဲ့ဝင်၊ သက်ဆိုင်ရာကျောင်းအုပ် အတွင်းရေးမှူး (၅)ဦးဖြင့် ဖွဲ့စည်းသော မြို့နယ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီက တွက်ချက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုကိုကိုက်ညီရေးနဲ့ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေးအတွက် စစ်ဆေးကြီးကြပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နေတဲ့ ကျောင်းရဲ့ ကျောင်းအုပ်ကြီးက အတွင်းရေးမှူးအဖြစ် အနီးကပ်စစ်ဆေးကြီးကြပ်ပါတယ်။ လုပ်ငန်းရှင်သည် လုပ်ငန်းတန်ဖိုးရဲ့ (၃)ရာခိုင်နှုန်းကို ဘဏ်တွင် PO Cheque ဖြင့် လုပ်ငန်းအာမခံကြေးတင်ထားရပြီး လုပ်ငန်းများအား စာရင်းစစ်မှစစ်ပြီး ကျေနပ်မှုရှိမှသာ PO ပြန်လည်

D/real(wide) (1

(၆) အဆောင်သစ်(၁၀၀×၃၀)ပေ RC နှစ်ထပ်ဆောင်၊ စုစုပေါင်း စာသင်ဆောင်(၆)ဆောင်ရှိပါတယ်။

ကျောင်းသားဦးရေမှာ KG ၁၆ ဦး၊ ပထမတန်း ၁၅ ဦး၊ ဒုတိယတန်း ၁၅ ဦး၊ တတိယတန်း ၃၀ ဦး၊ စတုတ္ထတန်း ၂၀ ဦး၊ မူလတန်းအဆင့် စုစုပေါင်း ၉၆ ဦး၊ တန်းခွဲ ၅ ခုရှိပါတယ်။ ပဉ္စမတန်း ၃၆ ဦး၊ ဆဋ္ဌမတန်း ၃၆ ဦး၊ သတ္တမတန်း ၅၄ ဦး၊ အဋ္ဌမတန်း ၄၂ ဦး၊စုစုပေါင်း အလယ်တန်းအဆင့်တွင် ၁၆၈ ဦးနှင့် တန်းခွဲ ၄ ခုရှိပါတယ်။ နဝမတန်း ၆၅ ဦး၊ ဒသမတန်း ၇၉ဦး၊ ထက်ဆင့် စုစုပေါင်း ၁၄၄ ဦး၊ တန်းခွဲ ၃ ခုရှိပါတယ်။ စုစုပေါင်း မူ/လယ်/ထက်အဆင့်တွင် ကျောင်းသား/သူ ၄၀၈ ဦး၊ တန်းခွဲ ၁၂ ခုရှိပါတယ်။ အ။ ထ။ က(ခွဲ)သက်တမ်း(၄)နှစ်ရှိပြီး ပင်မကျောင်းဖြစ်သော အ။ ထ။ က မြင်းကျဒိုးနှင့် (၇)မိုင်ဝေးပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ယကြီးအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၀-၁၂-၂၀၁၇)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-က)/၄၄၁၄/ကတ (၁၇)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ မိုင်းလီအထက်တန်းကျောင်း(ခွဲ)သည် ကျောင်းပိုင်မြေ (၃.၁၁)ဧက ကျယ်ဝန်းပြီး ကျောင်းမြေ ပိုင်ဆိုင်မှု ပုံစံ(၁၀၅)ရှိပါတယ်။ စာသင်ဆောင်များမှာ စုစုပေါင်း (၅)ဆောင်ရှိပါတယ်။

(၁) ခွာညှိဆောင်(၆၃×၂၆×၁၂)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ဆောင်၊

(၂) စံပယ်ဆောင်(၃၆×၁၈×၁၈)ပေ သွပ်မိုးအုတ်ညှပ်

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယမေးခွန်းကို ကျွန်တော် ဆက်မေးမြန်းသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းရှိ တစ်ချို့သော မြို့နယ်များတွင် သဘာဝဘေးဒဏ်ဖြစ်သည့် မြေငလျင်များ လှုပ်လာပါက အများပြည်သူ များအနေနှင့် အရေးပေါ် မည်သို့ ကာကွယ်ရမည်၊ အရေးပေါ် မည်သို့ကယ်တင်ရမည့် နည်းပညာ ပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/ မရှိကို အများ ပြည်သူ သိရှိနိုင်ရန်အတွက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ် အစိုးရအား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးညီညီ(ခ)

D/real(wide) (1

ဦးညီလေးချမ်း၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သော ရှမ်းပြည်နယ် အတွင်း တစ်ချို့သော မြို့နယ်များတွင် သဘာဝဘေးဒဏ်ဖြစ်သည့် မြေငလျင်များ လှုပ်လာပါက အများပြည်သူများအနေဖြင့် အရေး ပေါ်မည်သို့ ကာကွယ်ရမည်၊ မည်သို့ကယ်တင်ရမည့် နည်းပညာ ပေးဟောပြောပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသည်ဟူသော မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်း ထုတ်ပြန်ချက်များအရ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်း၌ အင်အားပြင်းငလျင်များ လှုပ်ခတ်နိုင်ကြောင်း ခန့်မှန်းထားရှိမှု အပေါ် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်း၊ ဟောပြောခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးများကို အောက်ပါအတိုင်း ဆောင်ရွက်သွားရန် ရှမ်း ပြည်နယ်အတွင်းရှိ မြို့နယ်သဘာဝဘေးဒဏ်စီမံခန့်ခွဲမှု ကော်မတီ များသို့ ခရိုင်များမှတစ်ဆင့် ညွှန်ကြားထားရှိပါတယ်-

(က) ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း စီမံချက်များ ရေးဆွဲခြင်း၊ ရပ်ကွက်/ ကျေးရွာအလိုက် အထူး အဖွဲ့များ စနစ်တကျဖွဲ့စည်း ပြင်ဆင် ဆောင်ရွက်ခြင်း၊ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ခြင်း၊ ထိရောက်သော အရေးပေါ်ရှာဖွေ ကယ်ဆယ်မှုများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ထောက်ပံ့နေရာချထားခြင်း၊ အများပြည်သူများအား မြေငလျင်လှုပ်ရှားမှု ဖြစ်ပွားပါက ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် အသိပညာပေးဟောပြောပွဲများဆောင်ရွက်ရန်။

နှစ်ထပ်ဆောင်၊

(၃) မြတ်လေးဆောင် (၇၂×၂၈×၁၀) ပေ သွပ်မိုး အုတ်ညှပ် တစ်ထပ်ဆောင်၊

(၄) နှင်းဆီဆောင်(၆၀×၃၀×၂၄)ပေ သွပ်မိုးအုတ်ညှပ် နှစ်ထပ်ဆောင်၊

(၅) ချယ်ရီဆောင်(၉၀×၃၀×၁၅)ပေ သွပ်မိုးအုတ်ညှပ် တစ်ထပ် ဆောင်၊

ကျောင်းသားဦးရေမှာ KG ၂၃ ဦး၊ ပထမတန်း ၁၈ ဦး၊ ဒုတိယ တန်း ၂၃ ဦး၊ တတိယတန်း ၃၂ ဦးနဲ့ စတုတ္ထတန်း ၃၈ ဦး၊ စုစုပေါင်း မူလတန်းအဆင့်တွင် ၁၃၄ ဦး၊ တန်းခွဲ ၅ ခု ရှိပါတယ်။ ပဉ္စမတန်း ၄၆ ဦး၊ ဆဋ္ဌမတန်း ၇၂ ဦး၊ သတ္တမတန်း ၈၄ ဦး၊ အဋ္ဌမတန်း ၆၀ ဦး၊ စုစုပေါင်းအလယ်တန်းအဆင့်တွင် ကျောင်းသား/သူ ၂၆၂ ဦးနှင့် တန်းခွဲ ၅ ခု ရှိပါတယ်။ နဝမတန်း ၅၉ ဦး၊ ဒသမတန်း ၅၃ ဦး၊ စုစုပေါင်း အထက်တန်း အဆင့်တွင် ကျောင်းသား/သူ ၁၁၂ ဦး၊ တန်းခွဲ ၂ ခုရှိပါတယ်။ မူ/လယ်/ ထက်စုစု ပေါင်း ၅၀၈ ဦး၊ တန်းခွဲ ၁၂ ခုရှိပါတယ်။ အ. ထ. က(ခွဲ) သက်တမ်း(၄)နှစ်ရှိပြီး အ. ထ. က မိုင်းအင်နှင့် (၄)မိုင်ဝေးပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယ မြို့နယ်၊ မိုင်းလီအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၈-၂၀၁၉ ပညာ သင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့် ခွင့်ပြုနိုင်ပါရန် ပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့၏ (၂၀-၁၂-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၁-က)/၄၄၁၄/ ကတ(၁၇)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ပေးပို့တင်ပြထားပြီးဖြစ် ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

လာသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် များအားလုံး မဂ်လာပါလို့ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း (ခ)ဦးစိုင်းနော်ခမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွမ်ဟင် ကျေးရွာနှင့် ပုံပိုးကျေးရွာအုပ်စု လျှပ်စစ်မီးလင်းရေး ဆက်သွယ်ချိတ် ဆက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲမြို့နယ်၊ ကျောက်မဲမြို့၏ တောင်ဘက်မိုင်(၃၀)ခန့်အကွာ လွယ်စောင့် ကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာတွင် အထက်ရဲရွာရေအား လျှပ်စစ်စီမံကိန်းကို ၂၀၁၀ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုရေအားလျှပ်စစ်စီမံကိန်းကြောင့် အနီးတစ်ဝိုက်ရှိ ကျေးရွာအုပ်စုများ သဘာဝပတ်ဝန်းကျင် ထိခိုက် ပျက်စီးခြင်းများနှင့် ကြုံတွေ့နေရပါတယ်။ နိုင်ငံတော်မှလည်း အထက်ရဲရွာလျှပ်စစ်စီမံကိန်းဧရိယာပတ်ဝန်းကျင်အတွင်းရှိကျေးရွာ များကို လျှပ်စစ်ဓါတ်အားလိုင်း အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက် ပေးမည်ကိုလည်း ကြားသိရပါတယ်။

လက်ရှိတွင် လွယ်စောင့်ကျေးရွာအုပ်စုအတွင်း၌ လျှပ်စစ်မီး လင်းရေးအတွက် ပြင်ဆင်နေသည်ကိုလည်း သိရှိပြီးဖြစ်ပါတယ်။ လွယ်စောင့်ကျေးရွာအုပ်စုအတွင်းရှိ မန်ထမ်ကျေးရွာအထိ 11KV ဓါတ်အားလိုင်း ဆက်သွယ်ရောက်ရှိပြီးပါက ကွမ်ဟင်ကျေးရွာ အုပ်စုနှင့် ချိတ်ဆက်နိုင်ရန်(၂)မိုင်ခန့်သာလိုပါတော့တယ်။ကွမ်ဟင် ကျေးရွာအုပ်စုမှာ အိမ်ခြေ(၂၅၀)ခန့်နှင့် ပုံပိုးကျေးရွာအုပ်စုမှာ အိမ်ခြေ(၄၂၀)ခန့်ရှိပါတယ်။ ကျောက်မဲမြို့ရဲ့ တောင်ဘက်မှာရှိတဲ့ ကျေးရွာများမှာဆိုလို့ရှိရင် ပုံပိုးကျေးရွာဟာ အိမ်ခြေအများဆုံးလို့

(ခ) ငလျင်သဘာဝဘေးအတွက် အများပြည်သူများ အား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာလူနေ အိမ်အဆောက်အအုံများ ခိုင်လုံစွာကြိုတင် ပြင်ဆင်ထားရှိရေး၊ လူနေအိမ်အတွင်း ပြုတ်ကျ ထိခိုက်နိုင်သည့် အရာဝတ္ထုပစ္စည်းများ အမြင့် နေရာများတွင် ထားရှိခြင်းမရှိစေရေး၊ လူနေ အိမ်နှင့် နီးကပ်လျက်ရှိသော သစ်ကြီးဝါးကြီး ပင်တို့၏ အကိုင်းအခက်အလက်များ ကြိုတင် ခုတ်ထွင်ရှင်း လင်းထားရှိစေရေး၊ ငလျင်ဘေးကြုံ လာပါက ဘေးလွတ်ရာ၌ မိသားစုများနေထိုင် မည့် နေရာများ ကြိုတင်ပြင်ဆင်နေရာချထားရေး အတွက်ကွင်းဆင်းပြီး အသိပညာပေးခြင်းလုပ်ငန်း များ စီမံဆောင်ရွက်ခြင်း၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်သည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ သတင်း အချက်အလက်များအပေါ် အများပြည်သူသို့ သိရှိနိုင်ရေး အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ခြင်းများ ဆောင်ရွက်သွားရန်။

(ဂ) သဘာဝဘေးအန္တရာယ်ဖြစ်သည့် မြေငလျင်လှုပ် ရှားမှုဖြစ်ပွားပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ ဘေးအန္တရာယ်ကျရောက် သည့် မိသားစု(၁)စုလျှင် တစ်ပတ်စာရိက္ခာဖူလုံစွာ ထောက်ပံ့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက် ထားရှိရန်။

မြေငလျင်ဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ရာတွင်

D/real(wide) (1

ဆိုနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ကွမ်ဟင်ကျေးရွာ အုပ်စုနှင့် ပုံဝိုးကျေးရွာ အုပ်စုသို့ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် လျှပ်စစ်ခါတ်အားလိုင်းများ ချိတ်ဆက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကို ပြည်သူလူထုများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ ကြယ်ပွင့်ပြမေးခွန်း မေးခွန်းမေးမြန်းအပ် ပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လေ့လာသူ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်း ဖြစ်ပါတယ်။ကျွန်တော့် အနေနဲ့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဝင်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်ရှိ ကွမ်ဟင်ကျေးရွာအုပ်စုနှင့် ပုံဝိုးကျေးရွာအုပ်စုများသို့ လျှပ်စစ်ခါတ်အားသွယ်တန်းနိုင်ရေးအတွက် ကျောက်မဲမြို့၊ ၃၃/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ (ပန်ပေါင်း) ခါတ်အားခွဲရုံမှ နောင်ကွမ် ကျေးရွာသို့ ၃၃ ကေဗွီ ခါတ်အားလိုင်း ၂၀ မိုင်နှင့် နောင်ကွမ် ကျေးရွာတွင် ၃၃/၁၁ ကေဗွီ (၃)အမ်ဗွီအေ ခါတ်အားခွဲရုံ (၁)ရုံ

၁-၄-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့အထိ ကာလအတွင်း ရှမ်းပြည်နယ်အတွင်းရှိမြို့နယ်ပေါင်း(၃၈)မြို့နယ်တွင် ပြည်နယ်အဆင့်၊ ခရိုင်/မြို့နယ်အဆင့်၊ ရပ်ကွက်/ ကျေးရွာအဆင့် နှင့် တက္ကသိုလ်/ အခြေခံပညာကျောင်းများတွင် ပညာပေးလေ့ကျင့်မှုပေါင်း(၂၄၁) ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပြီး တက်ရောက်သူဦးရေ (၃၉၆၉၃)ဦး ရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။

ထို့ပြင် ၂၃-၂-၂၀၁၈ရက်နေ့၊ နံနက်ပိုင်း၌ တောင်ကြီး ပညာရေးကောလိပ်တွင်လည်းကောင်း၊နေ့လည်ပိုင်းတွင် တောင်ကြီး တက္ကသိုလ်မိုးလုံလေလုံအားကစားခန်းမတွင်လည်းကောင်း၊ မြို့နယ် အဆင့်ငလျင်ပညာပေးဟောပြောပွဲနှင့် ငလျင် ဇာတ်တိုက်လေ့ကျင့် ခန်းများပြုလုပ်ရန် စီစဉ်ခဲ့ပြီး၊ အလားတူ ရှမ်းပြည်နယ်အတွင်းရှိ အခြား မြို့ကြီးများတွင်လည်းငလျင်ပညာပေးဟောပြောပွဲနှင့်ငလျင်ဇာတ်တိုက် လေ့ကျင့်ခန်းများ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်နေပါကြောင်း၊ ငလျင်ဘေး အပါအဝင် ဘေးအန္တရာယ်များအားလုံးအတွက် ပညာပေးဟောပြောပွဲများကိုလည်း ပြည်ထောင်စုဝန်ကြီးဌာန၏ လမ်းညွှန်မှုခံယူ၍ ကျယ်ကျယ်ပြန့်ပြန့်၊ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်းက မေးခွန်းမေးမြန်း ဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဝင်း(ခ)စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးပဲ မင်္ဂလာပါ။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်

D/real(wide) (1

တည်ဆောက်ပြီး ၎င်းခါတ်အားခွဲရုံမှတစ်ဆင့် နောင်ကွမ်၊ ပန်လော့၊ ပန်စံပိုး၊ ပုံပိုး၊ ဟဲကွိနှင့် ကွမ်ဟင်ကျေးရွာအုပ်စုများရှိ ကျေးရွာများတွင် ၁၁ ကေဗွီ ခါတ်အားလိုင်းများ၊ ၄၀၀ ဗို့ ခါတ်အားလိုင်းများနှင့် ခါတ်အားခွဲရုံများ တည်ဆောက်၍ ခါတ်အားဖြန့်ဖြူးပေးရမည်ဖြစ်ပါတယ်။

ကျောက်မဲမြို့နယ်၊ ကွမ်ဟင်ကျေးရွာအုပ်စုနှင့် ပုံပိုးကျေးရွာအုပ်စုများသို့ ခါတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် နောင်ကွမ်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ(၃)အမ်ဗွီအေ ခါတ်အားခွဲရုံ(၁)ရုံ တည်ဆောက်ပြီးမှသာ ၎င်းကျေးရွာအုပ်စုများသို့ ခါတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး၊ အဆိုပါခါတ်အားခွဲရုံ တည်ဆောက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းများ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားပြီး ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေ ခွင့်ပြုချက်ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမောင်ညိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊

ပျမ်းမျှ (၃၅)ဦးမှ (၅၀)ဦး ကြားရှိရမှာဖြစ်ပါတယ်။ ယခု မဘိမ်းတိုင်းရင်းဆေးကုဌာနမှာ တစ်နေ့လျှင် ပျမ်းမျှ လူနာ (၅)ဦး သာရှိတဲ့အတွက်ကြောင့် တိုင်းရင်းဆေးရုံဆောက်လုပ်ဖွင့်လှစ်ပေးမည့် အစီအစဉ်လောလောဆယ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ မဘိမ်းမြို့နယ်တိုင်းရင်းဆေးကုဌာန ဝန်ထမ်းဖွဲ့စည်းပုံမှာ ဒု-တိုင်းရင်းဆေးမှူး(၁)ဦး၊ လက်ထောက်တိုင်းရင်းဆေးမှူး(၁)ဦး၊ ဒု-လက်ထောက်တိုင်းရင်းဆေးမှူး(၁)ဦး၊ ဆေးခန်းအကူ(၁)ဦး၊ စုစုပေါင်းဖွဲ့စည်းပုံ(၄)ဦး ဖြစ်သော်လည်း လက်ရှိမှာ ဒု-တိုင်းရင်းဆေး မှူး(၁)ဦး၊ ဆေးခန်းအကူ(၁)ဦးဖြင့် သာကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဝန်းဆမ်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းဝန်းဆမ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ မိုင်းခတ်မြို့နယ်၊ မြို့တွင်းလမ်းမကြီးများ၏ ဘေးတစ်ဘက် တစ်ချက်၌

D/real(wide) (1

မဘိမ်းမြို့နယ်တွင် တိုင်းရင်းဆေးရုံတည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ် တို့နှင့် ဆက်စပ်နေသော ကုန်းတွင်းကျ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ မန္တလေးမြို့နှင့်လည်း မိုင်ပေါင်း(၁၈၀)မိုင်ကျော်ဝေးကွာပါတယ်။ မဘိမ်း မြို့မှာ တိုင်းရင်းဆေးရုံ ဆောက်လုပ်ရန် မြေစာရင်းပုံစံ(၁၀၅)ပါ မြေ(၅) ဧက ဌာနပိုင်မြေရရှိထားပြီးဖြစ်ပါတယ်။ ထို့ကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် တိုင်းရင်းဆေးရုံတည် ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ရှိပါကြောင်းသိလို၍ လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ မဘိမ်းမြို့နယ် တိုင်းရင်းဆေးရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာန၏ သတ်မှတ်ချက်အရ တိုင်းရင်းဆေးရုံ တည်ဆောက်ရန်အတွက် ပြင်ပလူနာမှာ တစ်နေ့လျှင်

ရေစီးရေလာ ကောင်းမွန်အောင်ပေ(၂၀၀၀)ကျော်ခန့် ရေစီးမြောင်းများအား ၂၀၁၈-၂၀၁၉ ခုနှစ်၊ (၁၂)လ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုသည့် ကြယ်ပွင့်ပြ မေးခွန်းဖြင့် မေးမြန်းလိုခြင်း ဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့၏ မိုင်းခတ်မြို့နယ်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်ထဲ၌ ပါဝင်သော မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ အခြားမြို့နယ်ထက် ဖွံ့ဖြိုးမှု နောက်ကျသော မြို့ဖြစ်ပြီး လိုအပ်ချက်၊ ဖြည့်ဆည်းချက်တွေ အများကြီး ဆက်လက်ဖြည့်ဆည်းပေးရန် လိုအပ်နေပါတယ်။ မြို့တစ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာ တိုးတက်လာစေရန် အတွက် စည်ပင်သာယာရေးဌာနသည် လိုအပ်သော လုပ်ငန်းများ ဆောင်ရွက်ပေးရန် အဓိကကျသော ဌာနတစ်ခုဖြစ်ပါတယ်။ မြို့ပြစီမံကိန်းရေးဆွဲခြင်း၊ မြို့ရေပေးဝေရေး၊ ရေဆိုးစွန့်ပစ်ရေး၊ အမှိုက်သိမ်းဆည်းခြင်း၊ လမ်းမီးများ၊ လမ်းတံတားနှင့် ရေနုတ်မြောင်းများ၊ ပန်းခြံ၊ အများသုံးသန့်စင်ခန်းနှင့် အပန်းဖြေနေရာများစသည့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်သော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် တာဝန်ရှိပါတယ်။ ဖော်ပြပါလုပ်ငန်းများကို နှစ်စဉ်ပုံမှန်လုပ်ဆောင်ပေးသွားလျှင် ၎င်းမြို့နယ်သည် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။

ကျွန်တော်တို့၏ မိုင်းခတ်မြို့သည် မိုးရာသီတွင်မိုးများသည့် အတွက် မိုးရွာလာလျှင် ရေများဟာ ရေနုတ်မြောင်းများ ကောင်းစွာ မရှိခြင်းကြောင့်လမ်းမပေါ် သို့ ကျရောက်ပြီး အများပြည်သူသွားလာမှုတွင် အခက်အခဲ ဖြစ်ပေါ်စေပါတယ်။ ဒါ့အပြင် အိမ်သုံးမီးဖိုချောင်များမှ စွန့်ပစ်ရေများ၊ ထမင်းဆိုင်များမှ စွန့်ပစ်ရေများသည် ရေမြောင်းမရှိသည့်အတွက် မြို့အင်္ဂါရုပ်ကို အရုပ်ဆိုးစေသော အချက်တစ်ချက် ဖြစ်စေပါတယ်။ ထို့ကြောင့် ရေနုတ်မြောင်းများ

D/real(wide) (1

ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ်၊ နမ့်မုတ်ကျေးရွာမှ ပန်ဟိုင်းကျေးရွာသို့သွားသည့် ကျေးရွာချင်းဆက် မြေသားလမ်း (၂)မိုင်အား လမ်းခဲ့၍ ကျောက်ရောမြေခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ ချောင်းကူးတံတား(၂)စင်း တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်၊ နမ့်မုတ်ကျေးရွာမှ ပန်ဟိုင်းကျေးရွာသို့သွားသည့် ကျေးရွာချင်းဆက်လမ်း အရှည်(၂)မိုင်သည် နမ့်မုတ်၊ ပုံလုံ၊ ပန်ဟိုင်း၊ ဟွေလောင်၊ ပန်ဖျား(၃)ရွာ၊ တုံးကျင်းခမ်း၊ နမ့်မြင်း၊ တုံလေးကျေးရွာများမှ ဒေသခံပြည်သူ(၃၀၀၀)ကျော်အကျိုးပြုသည့်လမ်းဖြစ်ပြီး ဒေသခံ တောင်သူလယ်သမားများ၏ ကုန်ထုတ်လမ်းတစ်လမ်း လည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံပြည်သူများအနေဖြင့် ၎င်းလမ်းအား ပြုလုပ်ပေးစေလိုကြပါသည်။ သို့ဖြစ်ပါ၍ နမ့်မုတ်ကျေးရွာမှ ပန်ဟိုင်းကျေးရွာသို့ သွားသည့် မြေသားလမ်း(၂)မိုင်အား လမ်းခဲ့၍ ကျောက်ရောမြေခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ ချောင်းကူးတံတား၊ တံတားနှစ်စင်းအား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး၊ ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝန်းဆမ်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ မြို့တွင်း လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်၌ ရေစီးရေလာကောင်းမွန်အောင် ပေ(၂၀၀၀)ကျော်ခန့် ရေစီးမြောင်းများအား ၂၀၁၈-၂၀၁၉ လုပ်ဆောင်ပေးနိုင်လျှင် မြို့အင်္ဂါရပ်နှင့်ညီညွတ်ပြီး ရေဆိုးစွန့်ပစ်ရေးတွင်လည်း စနစ်ကျလာမည်ဖြစ်ပါတယ်။ သို့ပါသောကြောင့် အောက်ပါကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်သို့ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်-

မိုင်းခတ်မြို့နယ်၊ မြို့တွင်းလမ်းမကြီး၏ ဘေးတစ်ဘက်တစ်ချက်၌ ရေစီးရေလာကောင်းမွန်အောင် ပေ(၂၀၀၀)ကျော်ခန့် ရေစီးမြောင်းများအား ၂၀၁၈-၂၀၁၉ ခုနှစ်၊ (၁၂)လဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အဖိုးရမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့်မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

D/real(wide) (1

ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းလာတဲ့ မိုင်းယန်းမြို့နယ်၊ နမ့်မုတ်ကျေးရွာမှ ပန်ဟိုင်းကျေးရွာသို့သွားသည့် မြေသားလမ်း(၂) မိုင်အား လမ်းခဲ့၍ ကျောက်ရောမြေခင်းပေးရန်နှင့် ၎င်းလမ်းပေါ်ရှိ ချောင်းကူးတံတားအရှည် (၄၀)ပေ တံတားနှစ်စင်းအား တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကမည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ မိုင်းလွှေကျေးရွာအုပ်စု၊ နမ့်မုတ်ကျေးရွာမှ ပန်ဟိုင်းကျေးရွာသို့သွားသည့် မြေသားလမ်း (၂)မိုင်သည် လမ်းအဆင့်အတန်း Class A ဖြစ်ပြီး ဒုတိယ ဦးစားပေး သတ်မှတ်ထားပါသည်။ အဆိုပါလမ်းသည် နမ့်မုတ်၊ ပုံလုံ၊ ပန်ဟိုင်း၊ ဟွေလောင်း၊ ပန်ဖျား (၃)ရွာ၊ တုံးကျင်းခမ်း၊ နမ့်မြင်း၊ တုံလေးကျေးရွာများမှ ဒေသခံပြည်သူ (၃၀၀၀)ကျော်အတွက် အကျိုးပြုသောလမ်းဖြစ်ပါတယ်။

ခုနှစ်၊ (၁၂)လ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် ပတ်သက်ပြီး တင်ပြအပ်ပါတယ်။

မိုင်းခတ်မြို့နယ်စည်ပင်သာယာရေးဌာန၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (ဧပြီ ၂၀၁၈ မှစက်တင်ဘာလ ၂၀၁၉အထိ)မူလ ဝင်ငွေလျာထားချက်မှာကျပ်(၂၄၈)သိန်းဖြစ်ပါတယ်။ဝင်ငွေ၏ (၁၀၀%)ကို သာမန်အသုံးစရိတ်အတွက်ရေးဆွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်အနေဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်၊ (၁၂)လ ဘဏ္ဍာရေးနှစ်တွင် မြို့ရှောင်လမ်း မြေသားလမ်းဖောက်လုပ်ခြင်း (၃၂၀'×၁၈'×၁'-၆") ခန့်မှန်းကုန်ကျငွေ ကျပ်(၆၄၊ ၇)သိန်း၊ မြို့ဝင် ဆိုင်းဘုတ်အသစ်ပြုလုပ်ခြင်း (၆'×၄'×၉') ခန့်မှန်းကုန်ကျငွေ ငွေကျပ်(၅၉၊ ၃)သိန်း၊ စုစုပေါင်းကျပ်(၁၂၄)သိန်းကို ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးဌာန အနေဖြင့် မြို့တွင်းလမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်၌ ရေစီးရေလာကောင်းမွန်အောင် ပေ(၂၀၀၀)ကျော်ခန့် ရေစီးမြောင်းများအား ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း(၃၀၀)ခန့် ကုန်ကျမည်ဖြစ်ပါသဖြင့် ဘဏ္ဍာရေးနှစ်အလိုက် ဝင်ငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်

D/real(wide) (1

အဆိုပါ မြေသားလမ်းသည် (၂)မိုင် ရှည်လျားပြီး၊ အကျယ် (၅)ပေခန့်သာရှိ၍ ဆိုင်ကယ်သာ အသုံးပြုသွားလာနိုင်ပါတယ်။ ၎င်းလမ်းအား လမ်းခဲ့၍ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ်(၅၀၊ ၀၀) သန်းနှင့် အဆိုပါလမ်းပေါ်ရှိ အရှည် (၄၀)ပေ၊ တံတား (၂)စင်းအား ကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၂၆၆၊ ၀၀)သန်း ကုန်ကျမည်ဖြစ်ပါတယ်။

နမ့်မုတ်၊ ပုံလုံ၊ ပန်ဟိုင်း၊ ဟွေလောင်း၊ ပန်ဖျား (၃)ရွာ၊ တုံးကျင်းခမ်း၊ နမ့်မြင်း၊ တုံလေးကျေးရွာများ၏ ကုန်ထုတ်လမ်းဖြစ်၍ မြေသားလမ်းဖောက်လုပ်ပြီးပါက ကုန်စည်ကူးသန်းမှုကောင်းမွန်လာပြီး၊ ကျေးရွာနေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်(၁၂)လ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင်ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုရှိ ကြာအင်းမြောင်းတော်- ဝန်စိုလမ်းသည် ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ်တို့အား ဆက်သွယ်ထားသည့် လမ်းအဆင့်အတန်း Class A၊ ဦးစားပေးအဆင့်(၁)လမ်းဖြစ်ပြီး ကျေးရွာ(၅)ရွာ၊ အိမ်ခြေ(၃၇၇)အိမ်၊ လူဦးရေ(၁၉၇၂)ဦးတို့ကို အကျိုးပြုသည့် လမ်းတစ်လမ်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် (၁၂)လ ပြည်ထောင်စုရန်ပုံငွေစာရင်းမှာ ကတ္တရာလမ်း(၄/၀)မိုင် ဆောင်ရွက်ရန်ထည့်သွင်းသတ်မှတ်ထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယလမ်းတစ်လမ်းဖြစ်တဲ့ အလယ်ချောင်ကျေးရွာအုပ်စုရှိ တောင်ကွေး- ထင်းရှူးပြား- ဆင်သေ- ရေပြန်တောင်ပြုလမ်းသည် လမ်းအဆင့်အတန်း Class A၊ ဦးစားပေးအဆင့်(၁)လမ်းဖြစ်ပြီးတော့ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ (၅၀၈)အိမ်၊ လူဦးရေ(၂၅၂၆)ဦးအား အကျိုးပြုသည့်လမ်း တစ်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းသည် အတက်အဆင်းမတ်စောက်၍ လမ်းကျဉ်းပြီး မိုးရာသီမှာ သွားလာရခက်ခဲသော လမ်းတစ်လမ်း ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် (၁၂)လ ပြည်နယ်ရန်ပုံငွေစာရင်းမှာ မြေသားလမ်း (၉/၀)မိုင်ဖောက်လုပ်ရန်အတွက် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

D/real(wide) (1

ကောင်းဘို့ကျေးရွာအုပ်စုရှိ ကောင်းဘို့- စမ်းရေဦး- တူးတယ်- ကျောက်တလုံး- ယမ်းတွင်းလမ်းသည် လမ်းအဆင့်အတန်း Class B၊ ဦးစားပေးအဆင့်(၂) လမ်းတစ်လမ်းဖြစ်ပြီး ကျေးရွာ(၅)ရွာ၊ အိမ်ခြေ (၃၆၉)အိမ်၊ လူဦးရေ (၂၁၀၆) ဦးအား အကျိုးပြုသည့်လမ်းတစ်လမ်းဖြစ်ပါတယ်။ ကျေးလက်လမ်း၊ တံတား(၁၃)နှစ် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိရာ ၎င်းစီမံကိန်းအရ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွင် စတင်ထည့်သွင်းလျာထားပြီး ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ကြွရောက်ခီးမြှင့်ပေးပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးပဏာမ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့မေးခွန်းကတော့ နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော် လက်ဖက်အချို်ခြောက်စက်ရုံအား မူလပိုင်ရှင် (သို့မဟုတ်) လက်ရှိအစိုးရထံ ပြန်လည်လွှဲပြောင်း ပေးအပ်ရန်

ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများနှင့် ပတ်သက်ပြီးတော့မှ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက်လမ်းဖြစ်တဲ့ ကြာအင်း- မြောင်းတော်- သနပ်တောင်- ဝန်စိုလမ်း(၇)မိုင်နှင့် ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။ အဆိုပါလမ်းဟာဆိုရင် ကျွန်တော်တို့ ရပ်စောက် မြို့နယ်ရဲ့ ရှေးယခင် စော်ဘွားလက်ထက်ကတည်းက ဖောက်ခဲ့တဲ့ လမ်းတစ်ခုဖြစ်ပြီးတော့ ရွာငံမြို့နယ်နှင့် မြို့နယ်ချင်းဆက်လမ်းတစ်ခုဖြစ်ပါတယ်။ ယခုအခါ အဆိုပါလမ်းဟာ အင်မတန်ပျက်စီးနေပြီး ဒေသခံများအသုံးပြု၍ မရလောက်အောင် ပျက်စီးနေတာကို တွေ့ရှိရပါတယ်။ အဆိုပါလမ်းကို ကျွန်တော်တို့ မြို့နယ်မှာလည်း လမ်းအဆင့်သတ်မှတ်ရာတွင်လည်း Class A အဖြစ် သတ်မှတ်ထားပြီးလည်းဖြစ်ပါတယ်။ ထို့ကြောင့် ကြာအင်း- မြောင်းတော်- ဝန်စိုလမ်း (၇)မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အလယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ တောင်ကွေး- ထင်းရှူးပြား- ဆင်သေ- ရေပြန်တောင်ပြို (၉)မိုင်လမ်းနှင့် ကောင်းဘို့ ကျေးရွာအုပ်စုအတွင်းရှိ ကောင်းဘို့- စမ်းရေဦး- တူးတယ်- ကျောက်တလုံး- ယမ်းတွင်းလမ်း (၄)မိုင်တို့ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (2

အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ လူထုကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော်လက်ဖက်အချို့ခြောက်စက်ရုံသည် ဗြိတိသျှခေတ်က အိန္ဒိယနိုင်ငံ၊ ဘုံဘေမြို့အခြေစိုက်(Bombay Burma Tea Co.,Ltd) (B.B.T.C.L)၏ လက်အောက်ခံစက်ရုံဖြစ်ပါတယ်။

ဗြိတိသျှပိုင် ၎င်းလက်ဖက်ခြောက်စက်ရုံသည် အင်္ဂလန်နိုင်ငံကို အုပ်စိုးသော ဝိတိုရိယဘုရင်မ သောက်သုံးရန်အတွက် သီးသန့်ထုတ်လုပ်သော လက်ဖက်အချို့ခြောက်စက်ရုံဖြစ်ပါတယ်။ ၎င်းစက်ရုံတွင် (B.O.P)၊ (fining)၊ (Dust)ဟူ၍ လက်ဖက်ခြောက် (၃)မျိုး (၃)စားထုတ်လုပ်ခဲ့ရာ အကောင်းဆုံးအမျိုးအစားဖြစ်သည့် (B.O.P) လက်ဖက်အချို့ခြောက်ကို ထုတ်လုပ်ပြီးပြီးချင်းတစ်ပေခွဲရှိ ထင်းရှူးသေတ္တာထဲတွင် ပလတ်စတစ်နှစ်ထပ်ခံကာ ထုပ်ပိုးပြီး ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ အင်္ဂလန်နိုင်ငံကို ပို့ဆောင်ပေးကြောင်း သိရှိရပါတယ်။ သာမန်လူတောင်သောက်သုံးနိုင်ခြင်း မရှိဘူးလို့ သိရှိရပါတယ်။

ဒုတိယကမ္ဘာစစ်တွင် ဗုံးဒဏ်ကြောင့် ခေါင်မိုးပိုင်းပျက်စီးခဲ့သဖြင့် ပြန်လည်ပြုပြင်ကာ ဆက်လက်ထုတ်လုပ်လျက်ရှိပါတယ်။ ထိုစဉ်အခါ (Mr. Brown)ဆိုသည့် အင်္ဂလိပ်လူမျိုးကတာဝန်ယူထုတ်လုပ်ခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၆၂ ခု၊ တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီးနောက်ပိုင်းတွင် ပလောင်တိုင်းရင်းသားဖြစ်သည့် ဦးဘိုဒွေး၊ ဦးဘိုနီ ဆိုသည့် သူဌေးညီအစ်ကိုနှစ်ဦးက အင်္ဂလိပ်ထံမှ ဝယ်ယူပြီး(BD Brother) အမှတ်တံဆိပ်နဲ့ လက်ဖက်အချို့ခြောက်ဆိုပြီး ဆက်လက် ထုတ်လုပ်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ် ပြည်သူပိုင်သိမ်းစဉ်အခါကလည်း

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏သာယာခြင်းနှင့် ပြီးပြည့်စုံပါစေလို့ ဦးစွာပထမဂါရဝပြုနူတ်ခွန်းဆက်သပါတယ်။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော်လက်ဖက်အချို့ခြောက်စက်ရုံကို မူလပိုင်ရှင်တိုင်းရင်းသား(သို့မဟုတ်) လက်ရှိအရပ်သားအစိုးရထံ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

တပ်မတော်လက်ဖက်ခြောက်စက်ရုံသည် နမ့်ဆန်မြို့၊ နမ္မဝေါရပ်ကွက်၊ ကွင်းအမှတ်(၆၂)၊ ခါတ်မီးစက်ရုံကွင်း၊ မြေကွက်အမှတ်(၁၊၂၊၃၊၄၊၅၊၆၊၈၀၊၂၆၄၊၂၆၅)တွင် တည်ရှိပြီး မြေဧရိယာ(၂၃.၈၉) ဧကရှိရာ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှဘုံဘေဘားမားထရိတ်ဒင်းကုမ္ပဏီလီမိတက်(ဘီတီတီစီအယ်လ်-BTTCL)မှ ပိုင်ဆိုင်ခဲ့ပြီး၊ ၁၉၄၂ ခုနှစ်မှ ၁၉၄၆ ခုနှစ်ထိ ဂျပန်တိုကျူနမ့်ဆန်ကုမ္ပဏီမှ ဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။ အဆိုပါစက်ရုံသည် စစ်အတွင်း ဗုံးဒဏ်ကြောင့် မီးလောင်ပျက်စီးခဲ့ပြီး ဘုံဘေဘားမား ကုမ္ပဏီလီမိတက်မှ ၁၉၄၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ထုတ်လုပ်မှု ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်တွင် စက်ရုံအရှုံးပေါ်ကြောင်း အကြောင်းပြု၍ စက်ရုံကိုပိတ်ခဲ့ပြီး ရောင်းချရန် စီစဉ်ခဲ့ပါတယ်။ ထိုသို့ စီစဉ်ဆောင်ရွက်ဆဲကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ တော်လှန်ရေးအစိုးရ၊ စက်မှုလက်မှုဌာနစု-၂၏ ၁၉၆၅ ခုနှစ်၊ မတ်လ (၂၃)ရက်စွဲပါစာအမှတ်၊ ၂၉၇ - စ၁ (၂) ၆၄ (၃၁၃)ဖြင့် ၁၉၆၅ ခုနှစ်၊ မတ်လ(၂၉)ရက်နေ့တွင်

D/real(wide) (2

ကြီးကြပ်ညှိနှိုင်းရေးကော်မတီဝင်စက်ရုံအဖြစ် စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း လက်အောက်တွင်ထားရှိပြီး စက်ရုံကို လည်ပတ်လုပ်ကိုင်စေခဲ့ပြီး၊ စီးပွားရေးအရသော်လည်းကောင်း၊ စီမံခန့်ခွဲရေးအရသော်လည်းကောင်း၊ ပိုမိုအကျိုးရှိစွာ အသုံးချနိုင်ရန် ဆိုရှယ်လစ်စီးပွားရေးစနစ်လုပ်ကိုင်ခွင့် ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)အရ အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ အမိန့်စာအမှတ်၊ ၃၁/၃၉ ဖြင့် ၁၉၇၉ ခုနှစ်၊ ဧပြီလ (၃)ရက်နေ့မှစ၍ ခေတ္တသိမ်းယူပြီး လက်ဖက်ခြောက်စက်ရုံ (မန္တလေး)၏ စက်ရုံခွဲအဖြစ် ထားရှိရာ ကုန်ထုတ်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ(၂၀) ရက်နေ့တွင် နမ့်ဆန်လက်ဖက်ခြောက်စက်ရုံနှင့် လက်ဖက်ခြံအား ကာကွယ်ရေးဝန်ကြီးဌာန၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး၊ ညွှန်ကြားရေးမှူးရုံးသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၄-၉-၂၀၀၀)ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် အဆိုပါမြေဧရိယာ(၂၃. ၈၉) ဧကကို မြေနှင့်အဆောက်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ တပ်မတော်လက်ဖက်ခြောက်စက်ရုံအတွက် အခမဲ့လွှဲပြောင်းပေးခဲ့ပါတယ်။ လက်ရှိအချိန်တွင် အဆိုပါ တပ်မတော်လက်ဖက်ခြောက် စက်ရုံသည် တပ်မတော်တစ်ရပ်လုံး၏ လက်ဖက်ခြောက်ရိက္ခာ (၉၃) ရာခိုင်နှုန်းအား ထောက်ပံ့ပေးပို့လျက်ရှိကြောင်း သိရှိရပါကြောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ကျောက်မဲခရိုင်စီမံခန့်ခွဲရေးကော်မတီမှ စက်ရုံများ၊ တပ်မတော်လက်ဖက်အချို့ခြောက်စက်ရုံသို့ ဆက်လက်ပေးပို့ ညှိနှိုင်းအကြောင်းကြားထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဂင်းစက်ရုံသည် သိမ်းသည့်အထဲတွင်ပါသွားပြီး လျော်ကြေးတစ်ပြားတစ်ချပ်မျှ မရရှိခဲ့ပါ။ ဂင်းစက်ရုံကြီးကို မြို့နယ်ပြည်သူ့ကောင်စီကြီးကြပ်မှုအောက်တွင် ထားရှိပြီး လုပ်ငန်းဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၈၁ ခုနှစ်ခန့်တွင် မြို့နယ်ပြည်သူ့ကောင်စီကြီးကြပ်မှုအောက်မှ အမှတ်(၁) စက်မှုဝန်ကြီးဌာနလက်အောက်ကို လွှဲပြောင်းပေးခဲ့ပါတယ်။

၁၉၉၁ ခုနှစ်ခန့်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါတယ်။ (ထိုစဉ်က ငြိမ်းချမ်းရေးအဖွဲ့၊ အထူးဒေသ(၁)ကိုးကန့်နှင့် အထူးဒေသ(၇) (P.S.L.A)ပလောင်ငြိမ်းချမ်းရေးအဖွဲ့တို့က ဂင်းစက်ရုံကိုလုပ်ကိုင်ရန် အပြိုင်တောင်းဆိုခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာတော့ တပ်မတော်လက်ဖက်ခြောက်စက်ရုံဖြစ်လာပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်ကလွှဲယူခဲ့တဲ့ ဂင်းအချို့ခြောက်စက်ရုံကို လက်ရှိမူလပိုင်ရှင်ဖြစ်တဲ့ တိုင်းသားလုပ်ငန်းရှင်ကို ပြန်လည်လွှဲပြောင်း ပေးရန် အစီအစဉ် ရှိ/မရှိ၊ (သို့မဟုတ်) လက်ရှိအစိုးရထံ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် လူထုများ စိတ်ဝင်တစားသိရှိလိုကြတဲ့အတွက် လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ် ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

D/real(wide) (2

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ် ၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဗဟိုအဖွဲ့အစည်းမှ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နဲ့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ လျှပ်စစ်ဆိုင်ရာနဲ့ ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ လျှပ်စစ်မီးလင်းရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်တဲ့နေရာတွင် ရှမ်းပြည်နယ်အတွင်းရှိ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်ထောင်စု အစိုးရဘတ်ဂျက်၊ ကျေးလက်မီးလင်းရေး ရန်ပုံငွေ၊ ရှမ်းပြည်နယ် အစိုးရဘတ်ဂျက်၊ ကိုယ့်အားကိုယ်ကိုးရေးစနစ်နှင့် လျှပ်စစ်ဓါတ်အားရရှိအောင်ဆောင်ရွက်ခဲ့တဲ့ အခြေအနေကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်ကို အပိုင်း(၃)ပိုင်းခွဲပြီး တင်ပြရမယ်ဆိုရင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မီးလင်းခဲ့တဲ့ကျေးရွာပေါင်းဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ(၁၁၈)ရွာ၊ ပြည်နယ်အစိုးရဘတ်ဂျက်နဲ့ မီးလင်းခဲ့တဲ့ကျေးရွာကတော့(၃၉)ရွာ၊ ပြည်ထောင်စုဘတ်ဂျက်နဲ့ မီးလင်းခဲ့တဲ့ကျေးရွာကတော့(၂၉)ရွာ၊ ကျေးရွာစုစုပေါင်း(၁၈၆)ရွာ၊ မီးလင်းခဲ့တာ ဖြစ်ပါတယ်။ အလားတူပဲ ဓါတ်အားလိုင်းတည်ဆောက်မှုနှင့်ပတ်သက်ပြီး ၃၃ကေဗွီ (၂. ၁၅)မိုင်နဲ့ ၁၁ကေဗွီ

တိုးချဲ့လုပ်ငန်း(၂၆)ခုအတွက် ကျပ်သန်းပေါင်း (၅၇၁. ၉၄၁)သန်းသုံးခဲ့ပါတယ်။ ကျေးရွာမီးလင်းရေး အရေအတွက်(၂၈)ရွာအတွက် ကျပ်သန်းပေါင်း(၂၂၉. ၉၈၉)သန်းသုံးစွဲခဲ့တာကို တွေ့ရှိရပါတယ်။ အစားထိုး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၈)ခုအတွက် ကျပ်သန်းပေါင်း (၉၇၈. ၀၇၀)သန်း သုံးစွဲခဲ့ပြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၁၇-၂၀၁၈ ဖြည့်စွက် ရန်ပုံငွေဖြင့် လုပ်ငန်းပေါင်း(၈၂)ခုအတွက် ကျပ်သန်းပေါင်း(၃၅၈၀)သုံးစွဲခဲ့တယ်ဆိုတာတွေ့ရှိရမှာဖြစ်ပါတယ်။ အလားတူ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြည်နယ်အစိုးရရဲ့ BE ဘတ်ဂျက်နဲ့ ပထမ(၆)လပတ်အတွင်း ဆောင်ရွက်လိုတဲ့ လုပ်ငန်းစာရင်းချုပ်ကို ပြန်လည်စိစစ်ကြည့်မယ်ဆိုလျှင် ရှမ်းပြည်နယ်တစ်ခုလုံးမှာ တိုးချဲ့လုပ်ငန်း(၈၇)ခု၊ ကျေးရွာမီးလင်းရေး(၁၁၈)ခု၊ အစားထိုးလုပ်ငန်း(၆၇)ခု၊ မြို့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၃၂)ခု၊ လုပ်ငန်းစုစုပေါင်း(၃၀၄)ခုအတွက် ကျပ်သန်းပေါင်း(၁၈၄၃. ၉၃၉)သန်းသုံးစွဲသွားမှာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဆိုရင် လုပ်ငန်းပေါင်း(၉၆)ခုအတွက် ကျပ်သန်းပေါင်း(၆၄၁. ၁၃၇)သန်း၊ရှမ်းပြည်နယ်အရှေ့ပိုင်းအတွက် လုပ်ငန်းပေါင်း(၃၀)ခုအတွက် ကျပ်သန်းပေါင်း(၁၃၅၅. ၈၂၀)သန်းသုံးစွဲမှာဖြစ်ပါတယ်။ ကျန်တာကတော့ ရှမ်းပြည်နယ်တောင်ပိုင်းအတွက် သုံးစွဲတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြလိုတာကတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ် လျှပ်စစ်မီးလင်းရေးအတွက် အမျိုးသားလျှပ်စစ်စီမံကိန်း(NEP) ဖြင့် စီမံဆောင်ရွက်နေမှု၊ ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် စီမံဆောင်ရွက်မှု၊ နိုင်ငံတကာအထောက်အပံ့ (JICA, KSW) စသည်အားဖြင့် စီမံဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးခဲ့သော

D/real(wide) (2

စီမံကိန်းများ အရေအတွက်၊ သုံးစွဲကုန်ကျခဲ့သည့် ဘတ်ဂျက်စာရင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်မီးလင်းရေးစီမံကိန်းလျာထားမှုအခြေအနေကို ရှုမ်းပြည်နယ်တစ်ခုလုံးအနေနဲ့ လုပ်ငန်း၊ ကုန်ကျမှုတို့ကို စာရင်းဇယားနှင့်တကွ သိရှိလိုပါတယ်။ တစ်ဆက်တည်းမှာပဲ စီမံကိန်းအတွက် အခြေခံသတ်မှတ်ပြီးတော့ မြို့ရွာမှာရှိတဲ့ ဓါတ်အားခွဲရုံတွေမှာ ဝန်နဲ့အားမျှအောင် ကြိုတင်စီမံဆောင်ရွက်သွားနိုင်တဲ့ အစီအမံတွေကို သိရှိလိုတဲ့အတွက် ရှုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှုမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ လူကြီးမင်းများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှုမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးဆွေသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှုမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓါတ်အား ရရှိရေး စီမံကိန်း (NEP) ၁၁ကေဗွီဓါတ်အားလိုင်း(၂)မိုင် ပထမ ဦးစားပေးအဆင့် ကျေးရွာများလျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အကောင်

(၁၅၈)မိုင်သာ ကျွန်တော်တို့ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ၄၀၀ လိုင်းနဲ့ ပတ်သက်ပြီးတော့ (၁၆၉)မိုင် ဆောင်ရွက်ပြီး Transformer အနေနဲ့ဆိုရင် ၃၃ကေဗွီကနေပြီးတော့မှ (၀.၄)လိုင်းဆွဲခြထားတဲ့ Transformer က (၂)ခု၊ ၁၁ကေဗွီလိုင်းကနေပြီးတော့မှ (၀.၄)လိုင်း Transformer ဆွဲထားတာက(၁၇၆)ခု ဆောင်ရွက်ခဲ့ပြီး၊ ကုန်ကျစရိတ် ကျပ်သန်းပေါင်း (၁၁၄၇၂.၇၅၆)သုံးစွဲခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၅ ဖေဖော်ဝါရီလအထိ အတည်ပြုချက်အရ ရှုမ်းပြည်နယ်အတွင်းမှာ မီးလင်းခဲ့တဲ့ ကျေးရွာအုပ်စုပေါင်း (၁၅၂၈)အုပ်စုရှိပါတယ်။ အဲ့ဒီမှာ ကျေးရွာပေါင်းအနေနဲ့ (၁၂၇၂၆)ရွာရှိပါတယ်။ နိုင်တော်ရဲ့ လျှပ်စစ်ဓါတ်အားစနစ်ကနေ မီးလင်းနေတဲ့ ကျေးရွာပေါင်း(၇၄၁)ရွာ ဖြစ်ပြီး၊ ဒီဇယ်ဓါတ်အားပေးစက်နဲ့ မီးလင်းနေတဲ့ကျေးရွာကတော့ (၁၀၅)ရွာ ရှိမှာ ဖြစ်ပါတယ်။ အသေးစားရေအားလျှပ်စစ်လေးတွေနဲ့ ရွာတွေမှာ သုံးနေတာကတော့ (၁၄၅၄)ခုရှိပြီး၊ အိမ်နီးချင်း နိုင်ငံများမှ ဓါတ်အားရရှိမှုအနေနဲ့ သုံးစွဲတာကတော့ (၂၅၅)ရွာ ဖြစ်ပါတယ်။ ဇီဝဓါတ်ငွေ့၊ စပါးခွံနဲ့ ဆိုလာမီးစသည့်အားဖြင့် သုံးစွဲနေတဲ့ ကျေးရွာပေါင်းကတော့(၁၉၀)ခန့်ရှိပါတယ်။ ရှုမ်းပြည်နယ်တစ်ခုလုံးမှာ ကျေးရွာပေါင်း(၂၇၄၇)ရွာ မီးလင်းနေပြီး၊ မီးလင်းရန်ကျန်တဲ့ကျေးရွာပေါင်း(၉၉၇၉)ရွာ ရှိတယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် ရှုမ်းပြည်နယ်မှာ မီးလင်းရေးနဲ့ ပတ်သက်ပြီး လျှပ်စစ်ကဏ္ဍဟာ ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသား ပြည်သူတွေရဲ့ အသိပညာဖွံ့ဖြိုးရေးအတွက် ပညာရေးဆိုင်ရာ၊ ဒေသမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာတို့ အတွက် အင်မတန်အရေးကြီးတဲ့အတွက် ရှုမ်းပြည်နယ်အစိုးရအနေဖြင့် ပြီးခဲ့တဲ့ ဖြည့်စွက်ရန်ပုံငွေမှာ ဆောင်ရွက်လိုတဲ့စာရင်းချုပ် ၂၀၁၇-၂၀၁၈ အတွက် တင်ပြသည့်နေရာမှာလည်း ရှုမ်းပြည်နယ်တစ်ခုလုံးတွင်

D/real(wide) (2

အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ လက်ရှိအခြေ အနေတွင် (NEP)ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ၏ ပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ သက်ဆိုင်ရာခရိုင်အလိုက် ပို့ဆောင်ရန် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ရုံးချုပ်)မှ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေ (BE+RE+GRF+CSR)ကျပ်(၁၈၆၆၈. ၇၅၁)သန်းမှ ဓါတ်အား ဖြန့်ဖြူးမှုကောင်းမွန်ရေးအတွက် ကျပ်(၄၁၀၀. ၈၄၉)သန်း၊ ကျေးရွာပေါင်း (၂၃၁)ရွာ မီးရရှိရေးအတွက် ဓါတ်အားရရှိရေး အတွက် ကျပ်(၁၄၄၉၁. ၅၀၁)သန်းနှင့် မြို့ပြတည်ဆောက်ရေး လုပ်ငန်းအတွက် ကျပ်(၇၆. ၄၀၀)သန်း ကျခံဆောင်ရွက်ပေးခဲ့ ပါတယ်။

JICA ODA Loan ဖြင့် (၄၀၀)ဗို့ ဓါတ်အားလိုင်း (၄. ၅)မိုင်အား ကျပ်(၁၅၇. ၃၉၆)သန်းဖြင့် ကျခံဆောင်ရွက်ပေးခဲ့ရာ လုပ်ငန်းများအားလုံး (၁၀၀%)ဆောင်ရွက်ပြီးဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရ ပထမ(၆)လပတ် ရန်ပုံငွေကျပ်(၁၇၉၁၆. ၂၃၉)သန်းမှ ဓါတ်အား ဖြန့်ဖြူးမှုကောင်းမွန်ရေးအတွက် ကျပ်(၅၃၀၅. ၃၃၉)သန်း၊ ကျေးရွာဓါတ်အားရရှိရေးအတွက် ကျပ်(၁၂၁၃၆. ၀၄၆)သန်းနှင့် မြို့ပြတည်ဆောက်ရေးလုပ်ငန်းအတွက် ကျပ်(၄၇၄. ၈၅၄)သန်း ခွင့်ပြုပေးခဲ့ရာ လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် စိစစ်ဆောင်ရွက် သွားမည်ဖြစ် ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းကျောက်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ မေးမြန်းထားတဲ့ မိုင်းဖြတ်မြို့နယ်ရှိ တောင်သူလယ် သမားများ စိုက်ပျိုးမြေ တိုးချဲ့ဖော်ထုတ်ပေးနိုင်ရေးအတွက် လယ်ယာမြေ အသစ်ဖော်ထုတ်နိုင်သော အိုက်လုံ ကျေးရွာအုပ်စု၊ ဟားကြားမူးတီကျေးရွာရှိ ခန့်မှန်းဧက(၆၀)၊ အိမ်ခြေ(၃၃)အိမ် အတွက် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ၁၂-၃-၂၀၁၈ ရက်နေ့တွင် အမှတ်(၂)ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း တာဝန်ခံ၊ မိုင်းဖြတ်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိ သူများပါဝင်သော မြေနေရာရှာဖွေရေးအဖွဲ့သည် မိုင်းဖြတ်မြို့နယ်၊ အိုက်လုံကျေးရွာအုပ်စု၊ ဟားကြားမူးတီကျေးရွာ၏ အရှေ့ဘက် (၁)မိုင်ခွဲခန့်အကွာ မိုင်းပန်ချောင်းဝဲ/ယာ တစ်လျှောက် ကွင်းပြင် ဒေသခန့်မှန်းမြေပုံညွှန်း 93LP963115 အတွင်းမှာ မြေဧရိယာ ခန့်မှန်း(၃၀)ဧကနှင့် ခန့်မှန်းမြေပုံညွှန်း 93LP952100 အတွင်း မြေဧရိယာခန့်မှန်း(၃၀)ဧက၊ စုစုပေါင်း ခန့်မှန်းမြေဧရိယာ(၆၀) ဧကအား ဖော်ထုတ်နိုင်ဖို့အတွက် ကွင်းဆင်း စစ်ဆေးခဲ့ပြီး အဆိုပါ လယ်မြေဧက(၆၀)ကို ဖော်ထုတ်နိုင်ဖို့အတွက် ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

D/real(wide) (2

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လားရှိုးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်သူက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား၍ တက်ရောက်သူများ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ လားရှိုးမြို့၊ မြို့ကျက်သရေဆောင် မြို့တော်ခန်းမအား စေ့းရောင်းပွဲတော်ကျင်းပရန် ငှားရမ်းအသုံးပြုခြင်းနှင့် ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လားရှိုးမြို့၊ မြို့ကျက်သရေဆောင်၊ မြို့တော်ခန်းမသည် လားရှိုးမြို့လယ်ဓမ္မာရုံဘေး၊ လားရှိုး- မူဆယ်အဝေးပြေးလမ်းမကြီး ဘေး၊ အများပြည်သူများ အပန်းဖြေလျက်ရှိတဲ့ လားရှိုးမြို့ လွတ်လပ်ရေးပန်းခြံနှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့မစ့ေး၊ လားရှိုးတက္ကသိုလ်သို့ သွားရာလမ်းများနှင့်ဆုံတွေ့ရာ ရေပန်းလမ်းဆုံ အဝိုင်းထောင့်မှာ တည်ရှိပြီး မြို့၏အချက်အချာနေရာတစ်ခုဖြစ်ပါတယ်။

လားရှိုးမြို့၏ မြို့ကျက်သရေဆောင် မြို့တော်ခန်းမသည် ပြည်ထောင်စုအဆင့် အခမ်းအနားများ၊ ပြည်နယ်အဆင့် အခမ်းအနားများ၊ မြို့နယ်အဆင့်အခမ်းအနားများကို အဆင့်အတန်းနှင့် လျော်ညီစွာကျင်းပပြုလုပ်လျက်ရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ သို့သော် ပြည်နယ်အစိုးရ၏ခွင့်ပြုချက်ဖြင့် လားရှိုးမြို့၏ မြို့တော်ခန်းမ၌ ကုမ္ပဏီအချို့မှာ နာမည်ခံငှားရမ်းပြီး စေ့းရောင်းပွဲတော်များ ကျင်းပပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါတယ်။

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်ကျန်းမာခြင်း၊ စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့နယ်ရှိ တောင်သူလယ်သမားများ စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ပေးနိုင်ရေးနှင့် ပတ်သက်သောကြယ်ပွင့်ပြ မေးခွန်းတစ်ခု တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မိုင်းဖြတ်မြို့သည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော တောင်သူလယ်သမားများ များစွာနေထိုင်သော မြို့ဖြစ်ပါတယ်။ မြို့၏ အနေအထားအရ နှစ်စဉ်တိုးပွားလာသော လူဦးရေ၊ ရာသီဥတုကြောင့် ခမ်းခြောက်သွားသော လယ်ရေရရှိမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ရေတိုက်စားသွားသော လယ်မြေဧကများစွာရှိပါတယ်။ ထိုအစား လယ်ယာမြေအသစ်များကို ရှာဖွေဖော်ထုတ်မှသာနောင်တိုးပွားလာသော လူဦးရေ၏ စားနပ်ရိက္ခာအခက်အခဲများ ဖြေရှင်းသွားနိုင်မည်ဖြစ်ပါတယ်။

ထို့ကြောင့် လယ်မြေအသစ်ဖော်ထုတ်နိုင်သော ခါတ်ပုံပါအိုက်လုံကျေးရွာအုပ်စု၊ ဟားကြားမူးတီရွာတွင် ခန့်မှန်းဧက(၆၀)၊ အိမ်ခြေ (၃၃)အိမ်အတွက် ကုန်းမြင့်လယ်မြေဖော်ထုတ်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုပါသဖြင့် ဒေသခံတောင်သူလယ်သမားများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (2

ပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၄-၁၀/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ် ၅(ဏ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံရန်နှင့် ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ခွင့်ပြုသွားရန် ခရိုင်စီ/ခန့်များအား လုံးသို့ အကြောင်းကြားထားရှိပြီး ဖြစ်ပါတယ်။

လားရှိုးမြို့၊ အမှတ်(၇)ရပ်ကွက်ရှိ မြို့မအားကစားကွင်းနှင့် အမှတ်(၁)ရပ်ကွက်ရှိ ရန်တိုင်းအောင်ဘုရားဝန်းအတွင်းရှိ မြေနေရာများတွင် ဈေးရောင်းပွဲတော်အပါအဝင် ကုန်စည်ပြပွဲ၊ ကုန်ပစ္စည်းမိတ်ဆက်ပွဲများကျင်းပရန်အတွက် အမိုးအကာပါရှိသော ကျယ်ဝန်းသည့် အဆောက်အဦ၊ လျှပ်စစ်မီးနှင့် အခြားအသုံးအဆောင်ပစ္စည်းများရရှိရန် အခက်အခဲများရှိသည့်အပြင် ဒေသနေပြည်သူများမှ လူသုံးကုန်ပစ္စည်းများလွယ်လင့်တကူ ဝယ်ယူရရှိရန် အခက်အခဲရှိခြင်းကြောင့် ဈေးရောင်းပွဲတော်ကို အများပြည်သူသွားလာလွယ်ကူပြီး ခိုင်မာသည့် အဆောက်အဦနှင့် လုံခြုံရေးအရ ထိန်းချုပ်ဆောင်ရွက်နိုင်သည့် မြို့တော်ခန်းမတွင်သာ အစဉ်အဆက် ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ ကုန်စည်ပြပွဲ၊ ကုန်ပစ္စည်း မိတ်ဆက်ပွဲများကျင်းပရန်အတွက် အမိုးအကာပါရှိတာ သိရှိ ရပါတယ်။

ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း ရှမ်းပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ ကျန်းမာကြံ့ခိုင်စေရန်၊ မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်တားဆီးရန်၊ ပြည်နယ်နှင့် နိုင်ငံ့အားကစားသမားများ ပေါ်ထွက်လာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ပြည်နယ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများအဆင့် မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း လုပ်ငန်းများကို ရှမ်းပြည်နယ်အစိုးရ၏ ကြီးကြပ်မှုဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွင်

အချို့သောကုမ္ပဏီများသည် ကုမ္ပဏီ၏ဂုဏ်သိက္ခာနှင့် လျော်ညီစွာခန်းမကို အသုံးပြုကြသော်လည်း ကုမ္ပဏီအများစုမှာ ၎င်းတို့၏အကျိုးစီးပွား၊ ငွေကြေးရယူလိုမှုကိုသာ ဦးစားပေးပြီး ဆိုင်ခန်းငယ်များပြုလုပ်၍ ထပ်ဆင့်ဌားရမ်းခြင်းများ တွေ့ရှိရပါတယ်။ ထိုသို့ထပ်ဆင့် ဌားရမ်းသည့်အတွက် ဌားရမ်းရောင်းချသူများဟာ ဂုဏ်သိက္ခာမဲ့စွာ လမ်းဘေးတွင် ရောင်းချနေသကဲ့သို့လည်းကောင်း၊ ဘုရားပွဲတော်များတွင် ရောင်းချသကဲ့သို့လည်းကောင်း၊ ရောင်းချနေမှုများရှိကြောင်းတွေ့ရှိရပါတယ်။ မြို့ကျက်သရေဆောင်မြို့တော်ခန်းမနှင့် လိုက်လျောညီထွေမှု မရှိကြောင်း တွေ့ရှိရပါတယ်။

ထိုသို့ ရောင်းချနေမှုများ ပြုလုပ်ခြင်းကြောင့်

(က) မြို့တော်ခန်းမ ပရဝဏ်အတွင်း ယာဉ်ရပ်နားရန် နေရာမရှိသဖြင့် ဈေးဝယ်လာသူများ၏ ယာဉ်များသည် လမ်းမပေါ်တွင်ရပ်တန့်ကြသဖြင့် ယာဉ်ကြော ပိတ်ဆို့မှုဖြစ်ပေါ်ခြင်း၊

(ခ) မြို့ကျက်သရေဆောင် မြို့တော်ခန်းမ၏ ဂုဏ်သိက္ခာ၊ ဂုဏ်အင်္ဂါနှင့် ညီညွတ်မှုမရှိခြင်း၊

(ဂ) ဈေးရောင်းပွဲတော်ပြီးဆုံးချိန်၌ ပလပ်စတစ်အိတ်ခွံများ၊ စက္ကူအမှိုက်များ၊ ကွမ်းတံတွေးများ၊ ဆေးလိပ်တို အမှိုက်များပြန့်ကျဲလျက်ရှိပြီး စည်ပင်သာယာရေးဌာနက ရရှိသည့်ငွေကြေးပမာဏနှင့် မကာမိစွာ သန့်ရှင်းရေးများ ပြန်လည်ပြုလုပ်ရခြင်း၊

(ဃ) ပျက်စီးယိုယွင်းမှု ဖြစ်ပေါ်ခဲ့သော မြို့တော်ခန်းမအား ပြန်လည်ပြုပြင်မွမ်းမံရခြင်း။

စသည့်အချက်များကြောင့် လားရှိုးမြို့နေ ပြည်သူလူထုမှ လားရှိုးမြို့ကျက်သရေဆောင်မြို့တော်ခန်းမအားဈေးရောင်းပွဲတော်

D/real(wide) (2

အားကစား ကွင်း၊ အားကစားရုံ(၉၁)ခုရှိရာမှ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် (၉၃)ခု ရှိလာပြီး အခြေခံကျောင်းအားကစားကွင်း(၆)ကွင်း၊ ကျေးရွာအားကစားကွင်း(၃)ကွင်းတို့ကိုလည်း ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စေရန်အတွက် ပြည်နယ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများတွင် စဉ်ဆက်မပြတ် အားကစားပြိုင်ပွဲများကျင်းပခြင်း၊ အားကစားသင်တန်းများ ဖွင့်လှစ်ခြင်း၊ စခန်းသွင်းလေ့ကျင့်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အားကစားကွင်း၊ အားကစားရုံ များတွင် နိုင်ငံတော်အခမ်းအနားများ၊ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျင်းပသော အခမ်းအနားများ၊ ပြပွဲများ၊ ပြိုင်ပွဲများကိုသာ ခွင့်ပြုပေးလျက်ရှိသဖြင့် လားရှိုးမြို့တွင် ပြုလုပ်သည့် ဈေးရောင်းပွဲတော်အားကျင်းပခွင့်ပြုရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဈေးရောင်းပွဲတော်များကို မြို့တော်ခန်းမ၊ အားကစားကွင်း၊ အားကစားရုံများအစား အခြားသင့်တော်အဆင်ပြေသည့်နေရာများတွင် ပြောင်းရွှေ့ကျင်းပပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာကုမ္ပဏီအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ခရိုင်စီ/ခန့်သို့ ဆက်လက်ညွှန်ကြားကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား

အဖြစ်ကျင်းပနေမှုအားနှစ်သက်လိုလားခြင်းမရှိကြောင်း တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ လားရှိုးမြို့နေ ပြည်သူလူထုမှ လိုလားနှစ်သက်ခြင်းမရှိသဖြင့် မြို့တော်ခန်းမအား ဈေးရောင်းပွဲတော်ကျင်းပပြုလုပ် ခွင့်အစား လားရှိုးမြို့အားကစားကွင်း၊ ရပ်ကွက်(၇)ရှိ မြို့မကွင်း၊ ရန်တိုင်းအောင် ဘုရားဝန်းရှိမြေနေရာစသည်တို့တွင် ကျင်းပပြုလုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော် နည်းဥပဒေ ၉၇ အရ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ကဏ္ဍအလိုက် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုးညွှန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ လားရှိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သူရဲ့ လားရှိုးမြို့၊ မြို့ကျက်သရေဆောင် မြို့တော်ခန်းမအား ဈေးရောင်းပွဲတော် ကျင်းပပြုလုပ်ခွင့်အစား လားရှိုးမြို့အားကစားကွင်း၊ အမှတ်(၇)ရပ်ကွက်ရှိ မြေနေရာတို့တွင် ကျင်းပပြုလုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးစိုးညွှန့်လွင်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်တင်ပြခြင်းနှင့်ပတ်သက်၍ (၂၅. ၁၀. ၂၀၁၆)ရက်နေ့တွင် ကျင်းပ

D/real(wide) (2

ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွှိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးတွင် ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အတွင်း ကျွဲ၊ နွား၊ တိရစ္ဆာန်များ မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်လျက်ရှိကြောင်း နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ကောင်းမွန်စွာ မွေးမြူနိုင်သော မျှတသည့်ရာသီဥတုနှင့် ရေ၊ မြေ၊ သဘာဝများ ပေါကြွယ်ဝတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ပြည်နယ် အတွင်းရှိ တောင်သူလယ်သမားများသည်လဲ ထိုက်သင့်သော မွေးမြူရေးအတွေ့အကြုံများရှိပြီး၊ မိရိုးဖလာနည်းနှင့် မွေးမြူ ထုတ်လုပ်လျက် ရှိပါတယ်။ ကြီးမားကျယ်ပြန့်သော ပြည်ပဈေးကွက်ဖြစ်သည့် တရုတ်၊ ထိုင်း၊ မလေးရှား နိုင်ငံများက အခိုင်အမာ အဆင်သင့်ရှိပြီးသား ဖြစ်ပါတယ်။

ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်းကို နည်းစနစ်တကျမွေးမြူထုတ် လုပ်ပါက

(က) ပြည်နယ်အတွင်းရှိ လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ပြီး ဆင်းရဲမှုန္နန်းကိုလည်း လျော့ကျစေခြင်း၊

(ခ) ပြည်နယ်၏ ကုန်ထုတ်လုပ်မှုမြင့်မားပြီး GDP တိုးတက်စေခြင်း။

(ဂ) နိုင်ငံခြားဝင်ငွေပိုမိုရရှိစေနိုင်ခြင်း စသည့်အကျိုး ကျေးဇူးများရရှိနိုင်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်မေးမြန်းတဲ့ ရှမ်းပြည်နယ်အတွင်း ကျွဲ၊ နွား၊ တိရစ္ဆာန်များ မွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် အနာဂတ်ကာလအတွက် မည်ကဲ့သို့ ကြိုတင်စီမံဆောင်ရွက်ထားသည်ကိုသိရှိလိုပါသည်မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း)တို့တွင် ကျွဲ၊ နွား၊ မွေးမြူထုတ်လုပ်ရေးအသင်းများကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်ဖွဲ့စည်းဆောင်ရွက်ပါတယ်။ ပြည်နယ်အတွင်း ဈေးကွက်ဝင် ကျွဲ၊ နွားမျိုးကောင်း၊ မျိုးသန့်များ တိုးတက်မွေးမြူနိုင်ရေးအတွက် ကျွဲ၊ နွား မွေးမြူသူများအဓိက လိုအပ်ချက်ဖြစ်တဲ့ မြေနေရာ(မွေးမြူရေးဇုန်)များ ရှာဖွေခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပြီး၊ ကျွဲ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ ကျင်းပပြီး မွေးမြူရေးဇုန်များအကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဥပမာတင်ပြရမယ်ဆိုရင် တောင်ကြီးခရိုင်အတွင်း တောင်ကြီး၊ ညောင်ရွှေကလော၊ ဆီဆိုင်၊ ဟိုပုံးမြို့နယ်တို့တွင် မြေဧက(၅၀၀)နှင့်အထက်ရနိုင်သမျှမြေနေရာများရှာဖွေလျက်ရှိပါတယ်။ လွှိုင်လင်ခရိုင်၊ လွှိုင်လင်မြို့နယ်တွင် မြေဧက(၁၀၀)၊ မူဆယ်ခရိုင်မှ

D/real(wide) (2

ကွတ်ခိုင်မြို့နယ်၊ လားရှိုးခရိုင်မှ လားရှိုးမြို့နယ်တို့တွင်လည်း မြေဧရိယာ(၅၀၀)ဧက၊ ကျိုင်းတုံခရိုင်မှ ကျိုင်းတုံမြို့နယ်နှင့် တာချီလိတ်ခရိုင်မှ မိုင်းဖြတ်မြို့နယ်တို့တွင် မြေဧက(၅၀၀)နှင့်အထက် ရနိုင်သမျှ မြေများရှာဖွေ၍ ဒေသန္တရ၊ အသားစားနွားများ မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇုန်များထူထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မွေးမြူသူများအနေနဲ့လည်း အဓိက လိုအပ်တဲ့ ငွေကြေးအရင်းအနှီးလိုအပ်ချက်အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ အတိုးနှုန်း (၉)ရာခိုင်နှုန်းဖြင့် (၃)နှစ်၊ (၅)နှစ်၊ နှစ်လတ်ချေးငွေများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။

ကျွဲ၊ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ စားကျက်မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး အတွက်လည်း နယူးဇီလန်အစိုးရနှင့် ဌာနတို့ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ စားကျက်မြေ မျိုးကောင်းမျိုးသန့်များအား လက်တွေ့စိုက်ပျိုးပြသပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နွေရာသီ အစာရှားပါးသောအချိန်နှင့် ခြံလျှောင်မွေးမြူရေးစနစ်တို့မှာ ကျွေးမွေးနိုင်ရန် တိရစ္ဆာန်အာဟာရဗေဒနှင့် တိရစ္ဆာန်အစာပင် ချဉ်ဖတ်ပြုလုပ်ကျွေးမွေးခြင်း သင်တန်းများကိုလည်း မွေးမြူသူများသို့ လက်တွေ့သရုပ်ပြသင်တန်းများပို့ချပေးလျက်ရှိပြီး၊ ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့်နွားမျိုးများဖြစ်တဲ့ (အသားစား၊ ဒေသ၊ နို့စား)နွားမျိုးများ တိုးတက်ပြန့်ပွားလာစေရန် နွားပြာစိမ်း၊ ရွှေနီကဲ့သို့သော ဒေသန္တရမျိုးကောင်းမျိုးသန့်များ၊ ဘရာမင်ကဲ့သို့ အသားစားနွားမျိုး များအား မေထုန်မဲ့သားစပ်နည်းဖြင့် ဒေသန္တရများအား မျိုးမြှင့်ပေးခြင်းများအား တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရှုမ်းပြည်နယ်အတွင်း မေထုတ်မဲ့ သားစပ်သင်တန်းများကို

D/real(wide) (3

ယခင်က ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ပြည်ပသို့ တရားဝင်တင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ နှစ်လယ်လောက်မှ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ခွင့်ပြုမှုကို ကြိုဆိုသကဲ့သို့ စိုးရိမ်မှုကိုလည်း ဖြစ်ပေါ်စေခဲ့ပါတယ်။ ကြိုဆိုရခြင်းမှာ တရားဝင် တင်ပို့ခြင်းအားဖြင့် မွေးမြူရေးတောင်သူများ ဈေးနှိမ်ခံရခြင်းမှ ကင်းဝေးပြီး ပြည်နယ်နှင့် နိုင်ငံတော်အနေဖြင့် ထိုက်သင့်သော အခွန်အခများရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ စိုးရိမ်ရတဲ့ အကြောင်းရင်းကတော့ မွေးမြူထုတ်လုပ်မှုကို မြှင့်တင်ခြင်းမရှိပဲ ရှိရင်းစွဲကျွဲ၊ နွားများကို တိုးမြှင့်တင်ပို့ရောင်းချနေပါက ကျွန်တော်တို့ရဲ့ အမွေအနှစ်ဖြစ်တဲ့ ဒေသမျိုးရင်း ကျွဲ၊နွားများ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ သာဓကအားဖြင့် သစ်တောမှထွက်ရှိသောသစ်ခွများကို အလွန်အမင်းထုတ်ယူရောင်းချခြင်းကြောင့် ရှမ်းပြည်နယ်အတွင်းရှိ သစ်ခွမျိုးစိတ်များ ပျောက်ကွယ်သွားတဲ့ သာဓကများနှင့် တွေ့ကြုံ ရင်ဆိုင်နေရပါတယ်။

ထို့ကြောင့် ယနေ့ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးကြီး တွင်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသိလိုသည်မှာ ရှမ်းပြည်နယ်အတွင်း ကျွဲ၊ နွား၊ တိရစ္ဆာန်များ မွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအစိုးရအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်လျက် ရှိပါသနည်း။ အနာဂတ်ကာလအတွက် မည်ကဲ့သို့ ကြိုတင်စီမံဆောင်ရွက်ထားပါသနည်းဆိုတဲ့မေးခွန်းကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

လည်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်တွင်(၈-၁၂-၂၀၁၇)ရက်နေ့မှာလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့နယ်တွင်(၁၉-၁၂-၂၀၁၇)ရက်နေ့မှာလည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်တွင် (၁၉-၃-၂၀၁၇)ရက်နေ့ ၌လည်းကောင်း တစ်ကြိမ်စီဖွင့်လှစ်နိုင်ခဲ့ပြီး၊ ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ်မှာ မြို့နယ်(၃၃)မြို့နယ်ရှိ နွားမေထုန်မဲ့သားစပ်သင်တန်းများအား မွေးမြူသူများကို လက်တွေ့လေ့ကျင့်သင်တန်းပေးမည်ဖြစ်ပြီး တစ်မြို့နယ်လျှင် မျိုးကောင်းမျိုးသန့် စားကျက်(၁)ဧကစီ စိုက်ပျိုး၍ မြက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နွားမေထုန်မဲ့သားစပ်လုပ်ငန်းသုံးပစ္စည်း ဖြန့်ဖြူးနိုင်ရန်အတွက် ပြည်နယ်အတွင်းဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်မှာ ဖြစ်ပါတယ်။

၎င်းအပြင် ဒေသတွင်း လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူတဲ့နေရာတွင် မလိုလားအပ်ဘဲ မျိုးစပ်မှုမဖြစ်ပေါ်စေရေးအတွက် မျိုးညံ့နွားသိုးများကို သင်းကွပ်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျွဲ၊ နွားကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် မြို့နယ်အသီးသီးတွင် ကျေးလက်အခြေခံမွေးမြူရေးလုပ်သား သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပြီး ကူးစက်ရောဂါကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက် ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်း မွေးမြူထုတ်လုပ်မှုကောင်ရေ စာရင်းဇယားများ တိကျမှန်ကန်စွာရရှိရေးနှင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရေးဆွဲနိုင်ရန်အတွက် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်းများကို မြန်မာနိုင်ငံအတွင်း ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ (၃၁)ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာတွင် ရှမ်းပြည်နယ်အတွင်း၌ မြို့နယ်(၄၉)မြို့နယ်၊

သတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ စိုက်ပျိုးလုပ်ကိုင်မှုမရှိသည့် ဧရိယာများကို ဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ချက် ချထားသည်ကိုလည်း အားလုံး အသိပဲဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်များကို ခွင့်ပြုချက်အမျိုးမျိုးဖြင့် ရယူထားမှုများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)အရ မူလခွင့်ပြုသည့် ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်ရုပ်သိမ်းယူသည်ဖြစ်သည်ဟု မှတ်ယူရမည်။

ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)အရ မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်များကို ချိုးဖောက်ကြောင်းတွေ့ရှိရပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ကိုင်ခွင့်ပြုထားသည်ကိုလည်း ပြန်လည်ရုပ်သိမ်းခံရမည်ကို အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ အဆိုပါ ဥပဒေနှင့်အညီ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဟာ နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ လမ်းညွှန်ချက်များဖြင့် အကောင်အထည်ဖော်မည့် ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပေါင်းစုံအတွက် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်းပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များ မြေယာမဲ့ တောင်သူလယ်သမားများအတွက် စိုက်ပျိုးမြေ ရှားပါးမှုများ၊ မြေယာစျေးကွက်အဆမတန်များပြားနေ ခြင်းများ စသည့်အခက်အခဲများကိုလည်း အထိုက်အလျောက် ဖြည့်ဆည်း ပေးမယ်လို့လဲ ယုံကြည်မိပါတယ်။

D/real(wide) (3

ကျေးရွာအုပ်စု (၉၀၁) အုပ်စု၊ ကျေးရွာ(၂၄၁၈)ခုနှင့် ရပ်ကွက်(၉၅) ခုတို့ရှိ အိမ်ထောင်စု (၁၇၄၄၂၀)စု အပေါ်မှာ စာရင်းဇယားများ ကောက်ယူနိုင်ခဲ့ပြီး ဖြစ်ပါ ကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးသန်းထိုက်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီမှ ညွှန်ကြားချက်အတိုင်း ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို ခရိုင်၊ မြို့နယ်အလိုက်စာရင်းများ သိရှိလိုပါ သည်နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မေးခွန်းပါ ခရိုင်အလိုက် မေးခွန်းဆိုသည်မှာ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်ရရှိသူများ၏ ပုဂ္ဂိုလ်အဖွဲ့အစည်းနှင့် မြေဧရိယာ စာရင်းများကို ဆိုလိုခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသူများအား လုပ်ပိုင်ခွင့်ရမြေကို စတင်ခွင့်ပြုသည့် နေ့မှစ၍ (၄)နှစ်အတွင်း

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီမှ လုပ်ပိုင်ခွင့် ပြန်ရုပ်သိမ်းရေး လုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်ရန်နှင့် မြေပြင်တွင် အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ထားသော မြေများအတွက် စနစ်တကျ တိုင်းတာ၍ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပြင်ဆင်ထုတ်ပေးရေးတို့အတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့များကို (၃၁-၁၂-၂၀၁၇) ရက်နေ့ နောက်ဆုံးထားပြီး လုပ်ငန်းပြီးစီးမှုများ တင်ပြရန် ဗဟိုကော်မတီမှ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းစဉ်ကြန့်ကြာမှုမရှိအောင်နှင့် လုပ်ငန်းစဉ်များမြန်ဆန်ရေးအတွက်ကိုလည်း လုပ်ထုံးလုပ်နည်းများကိုလည်း ထပ်မံ ညွှန်ကြားထားတာကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါ ဥပဒေနှင့် အညီ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ထွက်ပေါ်လာမည့် စာရင်းဇယားအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၏ လုပ်ပိုင်ခွင့်ရသူများမှ အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေသော မြေဧရိယာများ၊ ပြန်လည်သိမ်းယူမည့် မြေဧရိယာစာရင်းများဟာ ကျွန်တော်တို့ လက်ရှိမြေပြင်မှာ မြေဧရိယာစာရင်းများနှင့် ကိုက်ညီရန် အင်မတန်မှ အရေးကြီးတဲ့အချက်ဖြစ်သလို ဒေသဆိုင်ရာ၊ ဒေသခံ လွှတ်တော် ကိုယ်စားလှယ်အသီးသီးတို့ သိရှိထားရမည့် ကိန်းဂဏန်း အချက်အလက်များလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီမှ ညွှန်ကြားချက်အတိုင်း ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် လုပ်ငန်းပြီးစီး မှုအခြေအနေများကို ခရိုင်/မြို့နယ်အလိုက် စာရင်းများ သိရှိလို သည်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် များကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်း အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (3

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် လုပ်ပိုင်ခွင့်ရရှိခဲ့သော ကာယကံရှင်များအား စာဖြင့်ဆက်သွယ်အကြောင်းကြားခြင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၂(ဃ)ပါ ပြဋ္ဌာန်းချက်အတိုင်း တင်သွင်းထားသော အာမခံကြေး အား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်း၊ မူလခွင့်ပြုမိန့်၊ ပယ်ဖျက်မိန့် ထုတ်ပြန်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာ ကာယကံရှင်အား အသိပေး ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟို ကော်မတီကလည်း ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။

စည်းကမ်းချက်တွင် သတ်မှတ်ထားသော ဧရိယာ၏ တစ်စိတ်တစ်ပိုင်းသာ စိုက်ပျိုးလုပ်ကိုင်ထားရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် လုပ်ပိုင်ခွင့်ရရှိခဲ့သော ကာယကံရှင်များအားစာဖြင့်ဆက်သွယ်အကြောင်းကြားခြင်း၊ လုပ်ပိုင်ခွင့်ရရှိထားသော ဧရိယာများအနက်မှ အမှန်တကယ် စိုက်ပျိုးထားသော ဧရိယာအား နည်းဥပဒေ ၅၃ လုပ်ထုံးလုပ်နည်း နှင့်အညီ ကွင်းဆင်းစိစစ်၍ဆောင်ရွက်ထားသည့်ဧရိယာအား အထူးအဖွဲ့မှ အတည်ပြုသည့်အတိုင်း မြေပုံရေးဆွဲဆောင်ရွက် ပေးခြင်း၊ အမှန်စိုက်ပျိုးသည့် ဧရိယာအပေါ် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့်လက်မှတ်အသစ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက် ယခင်ကာယကံရှင်များအား ထုတ်ပေးထားရှိသည့် ခွင့်ပြုမိန့် လက်မှတ်အဟောင်းနှင့်အတူ တင်ပြရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။

အထက်ဖော်ပြပါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်များအပေါ် ရှုမ်းပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းများအဖွဲ့၊ အထူးအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်မေးမြန်းတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဗဟိုကော်မတီမှ ညွှန်ကြားချက်အတိုင်း ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ငန်းပြီးစီးမှုအခြေအနေများကို ခရိုင်၊ မြို့နယ်အလိုက်စာရင်းများသိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်မှ ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများနှင့် ပတ်သက်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၁၊ ၂၂(ဂ)၊ ၂၂(ဃ)နှင့် နည်းဥပဒေ ၅၃တို့တွင် အောက်ပါတိုင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်-

(က)ပုဒ်မ ၂၁။ ဗဟိုကော်မတီသည်မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိပါက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်မူလပေးသွင်းထားသောအာမခံကြေးကိုနိုင်ငံတော်ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို လည်းပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

D/real(wide) (3

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့ နောက်ဆုံးထား တင်ပြနိုင်ရေးအတွက် ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာ ကာယကံရှင်များအား ဆက်သွယ်အကြောင်းကြားခြင်း၊ မြေပြင် ကွင်းဆင်းစိစစ်စာရင်း ကောက်ယူပြုစုတင်ပြခြင်းလုပ်ငန်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ Power Point ဖြင့် အသေးစိတ်တင်ပြခွင့်ပြုပါ။

ရှမ်းပြည်နယ်အတွင်း ယခင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ (ခွင့်ပြု)၊ ယခင် ဒေသအာဏာပိုင်ကြိုတင် (ခွင့်ပြု)၊ ယခု မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ (ခွင့်ပြု)၊ ယခု မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးပြည်နယ်လုပ်ငန်းအဖွဲ့ (ခွင့်ပြု)ဆိုပြီး ခွင့်ပြုဧရိယာများကို ခွင့်ပြုခဲ့သည့် လုပ်ငန်းအမျိုးအစားများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများနှင့် အစိုးရက ခွင့်ပြုသော ဥပဒေနှင့်အညီ ညီညွတ်သည့်အခြား လုပ်ငန်းများ အလိုက် သက်ဆိုင်ရာခရိုင်/ မြို့နယ်အလိုက် ကနဦးစိစစ်ချက်များအရ မြေယာဖော်ထုတ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို Power Point ဖြင့် တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ တင်ပြခဲ့သည့်အတိုင်း (ခွင့်ပြု) အဖွဲ့အစည်း(၄)ခုအနေဖြင့် ခွင့်ပြုခဲ့သည့် ရှမ်းပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်ပြုတဲ့ဦးရေဟာ (၈၈၉)ဦးရှိပါတယ်။ ခွင့်ပြုခဲ့တဲ့ ဧကပေါင်းမှာ(၄၃၃၃၇၃. ၉၈) ဧကဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တဲ့ ဧရိယာကတော့ (၁၂၃၇၉၄. ၇၃) ဧကဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၂၉)ရာခိုင်နှုန်းပဲ အကောင်အထည်ဖော်ဆောင်ရွက်ထားပြီး၊ ကျန်ဧရိယာမှာ (၃၀၉၅၇၉. ၂၅) ဧကဖြစ်ပြီး (၇၁)ရာခိုင်နှုန်း ကျန်ပါတယ်။ ဒါကြောင့် ပုဒ်မ

D/real(wide) (3

(ခ)ပုဒ်မ ၂၂(ဂ)။ မူလခွင့်ပြုကာလထက် ကျော်လွန်သည် အထိဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည် သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြဋ္ဌာန်းထားပါတယ်။

(ဂ)ပုဒ်မ ၂၂(ဃ)။ မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ **နည်းဥပဒေ ၅၃** တွင်လည်း ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ/မရှိကို စစ်ဆေးရန် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် အထူးအဖွဲ့အား တာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စေရမည်ဖြစ်ပါတယ်။

စည်းကမ်းချက်တွင် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင်ရမည့်ကာလကျော်လွန်၍ လုံးဝစိုက်ပျိုးလုပ်ကိုင်မှုမရှိသော

၂၂(ဂ)အရ အကျုံးဝင်သော ဧရိယာဟာ (၃)သိန်းကျော်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ခရိုင်အလိုက် တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ခရိုင်အလိုက် (၁၃)ခရိုင်ရှိပေမဲ့ တင်ပြပါ (၁၁)ခရိုင်ပဲ ရှိပါတယ်။ မက်မန်းခရိုင်၊ လောက်ကိုင်ခရိုင်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ခွင့်ပြုထားခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်(၉)မြို့နယ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ခွင့်ပြုပေးထားတဲ့ လုပ်ပိုင်ခွင့်ရဦးရေမှာ (၁၁၁)ဦးရှိပါတယ်။ ခွင့်ပြုတဲ့ ဧရိယာပေါင်း(၁၄၁၃၉၁၁. ၂၅)ဧက၊ အကောင်အထည်ဖော်ဧရိယာ(၁၉၅၁၉. ၉၇)ဧက ဖြစ်ပြီး၊ ဆောင်ရွက်ရန်ကျန်ဧကမှာ(၁၂၁၈၇၁. ၂၈)ဧကဖြစ်ပါတယ်။ ဥပဒေနဲ့အကျုံးဝင်တဲ့ဧရိယာမှာ(၁၂၁၃၅၃. ၅၁)ဧက ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လွိုင်လင်ခရိုင်အနေဖြင့် တင်ပြရမည်ဆိုလျှင် ခွင့်ပြုခဲ့တဲ့ ဦးရေမှာ(၇)ဦး၊ ခွင့်ပြုခဲ့တဲ့ ဧရိယာပေါင်း(၆၉၆. ၂၂)ဧကဖြစ်ပါတယ်။ အကောင်အထည်ဖော်တဲ့ ဧက(၅၇၆. ၈၆)ဧကဖြစ်ပြီး၊ ဆောင်ရွက်ရ န်ကျန်ဧက(၁၁၉. ၃၆)ဧကဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လင်းခေးခရိုင်အနေဖြင့် လုပ်ပိုင်ခွင့်ဦးရေ(၂)ဦး၊ ခွင့်ပြု ဧရိယာပေါင်း(၂၃၅၀)ဧကဖြစ်ပါတယ်။ အကောင်အထည်ဖော်ဧက(၃၅၀)ဧကရှိပြီး ဆောင်ရွက်ရန်ကျန် ဧကမှာ(၂၀၀၀)ဧကဖြစ်ပါတယ်။ ဒီ(၂၀၀၀)ဧကမှာ ပုဒ်မ ၂၂(ဂ)အရ အကျုံးဝင်တဲ့ ဧရိယာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး လားရှိုးခရိုင်အနေဖြင့် တင်ပြရမည်ဆိုလျှင် လုပ်ပိုင်ခွင့်ပြုတဲ့ ဦးရေမှာ(၁၃၃)ဦးရှိပါတယ်။ ခွင့်ပြုတဲ့ ဧရိယာပေါင်းမှာ (၂၉၂၀၈. ၀၅)ဧကဖြစ်ပြီး၊ အကောင်အထည်

(၃၆၈၃. ၀၈)ဧက ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မိုင်းဆတ်ခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် (၂)မြို့နယ်ရှိပါတယ်။ မိုင်းဆတ်ခရိုင်အနေနဲ့ လုပ်ပိုင်ခွင့်ပြုတဲ့ဦးရေမှာ (၅၃)ဦးရှိပါတယ်။ ခွင့်ပြုဧရိယာပေါင်း(၃၃၄၀၂. ၇၁)ဧကဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခြေအနေမှာ(၂၈၁၉၂. ၇၁)ဧကဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ဧကမှာ(၅၂၁၀. ၀၀)ဧကဖြစ်ပါတယ်။

တာချီလိတ်ခရိုင်အနေဖြင့် လုပ်ပိုင်ခွင့်ပြုတဲ့ မြို့နယ်(၃)မြို့နယ်ရှိပါတယ်။ လုပ်ပိုင်ခွင့်ရဦးရေမှာ(၂၁၂)ဦးရှိပါတယ်။ ခွင့်ပြုခဲ့တဲ့ ဧရိယာပေါင်း (၁၄၅၄၆. ၀၄)ဧကဖြစ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တဲ့အခြေအနေမှာ (၁၁၁၂၀. ၂၀)ဧကဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ဧရိယာပေါင်းမှာ (၃၄၂၅. ၈၄)ဧကဖြစ်ပါကြောင်း ခရိုင်အလိုက် မြို့နယ်အလိုက် အသေးစိတ်စာရင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ မြေပြင်တွင် အကောင်အထည်ဖော်နိုင်ခြင်းမရှိသည့် မြေများနှင့် ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၂၂(ဂ)နှင့် ၂၂(ဃ)ပါ ပြဋ္ဌာန်းချက်အတိုင်း သတ်မှတ် ကာလ(၄)နှစ်ပြည့်မြောက်ပြီးအချိန်အထိ မြေပြင်၌ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ပိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့်ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုမိန့်စာအသစ်ထုတ်ပေးနိုင်ရေးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ (၆-၆-၂၀၁၇) ရက်စွဲပါစာဖြင့် ဥက္ကဋ္ဌ၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့သို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

D/real(wide) (3

ယင်းလုပ်ပိုင်ခွင့်ပြုမိန့်အသစ် ပြောင်းလဲထုတ်ပေးနိုင်ရေး ကိစ္စရပ်များအား ကြီးကြပ်စီမံဆောင်ရွက်နိုင်ရေးအတွက် အထူးအဖွဲ့(သီးခြား)အမည်စာရင်းများအား အတည်ပြုဖွဲ့စည်း ခွင့်ပြုနိုင်ပါရန် ရှမ်းပြည်နယ်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ (၁၀-၁၁-၂၀၁၇)ရက်စွဲပါစာဖြင့် ဗဟိုမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြခဲ့မှုအပေါ်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ (၁၄-၂-၂၀၁၈) ရက်စွဲပါစာဖြင့် အတည်ပြုကြောင်း အကြောင်းကြားလာပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း အဖွဲ့မှ (၉-၃-၂၀၁၈) ရက်စွဲပါစာဖြင့် အထူးအဖွဲ့(သီးခြား)များကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ အထူးအဖွဲ့ဆိုတာ သက်ဆိုင်ရာ ခရိုင်အလိုက်မှာရှိတဲ့ ခရိုင်အုပ်ချုပ်ရေးမှူး (ဥက္ကဋ္ဌ)၊ ခရိုင်ဦးစီးမှူး၊ စိုက်ပျိုးရေးများ(အဖွဲ့ဝင်)၊ မွေးမြူရေးနှင့် ကုသရေး ခရိုင်ဦးစီးမှူးများ(အဖွဲ့ဝင်)၊ သစ်တောဦးစီးဌာန၊ ခရိုင်ဦးစီးမှူး (အဖွဲ့ဝင်)၊ စီမံကိန်းရေးဆွဲရေးဌာန၊ ခရိုင်ဦးစီးမှူးများ (အဖွဲ့ဝင်)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး(အဖွဲ့ဝင်)၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးများ (အတွင်းရေးမှူး)ဆိုပြီး အထူးအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်လွတ်တော်ကိုယ်စားလှယ်ကြီး၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ တစ်ဆင့် အထူးအဖွဲ့(သီးခြား)များကို အကြောင်းကြားပြီးဖြစ်ပါသဖြင့် အထူးအဖွဲ့များကလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်း စိစစ်စာရင်း ကောက်ယူ

ဖော်နိုင်တဲ့ ဧရိယာမှာ (၂၁၆၄၇. ၀၂)ဧက ဖြစ်ပါတယ်။ ဆောင်ရွက်ကျန် ဧရိယာမှာ (၇၅၆၁. ၀၃) ဧကဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မူဆယ်ခရိုင်တွင် မြို့နယ် (၃)မြို့နယ်ရှိပါတယ်။ မူဆယ်ခရိုင်အနေဖြင့် လုပ်ပိုင်ခွင့်ပြုတဲ့ ဧရိယာမှာ(၄၉)ဦးရှိပါတယ်။ ခွင့်ပြုဧရိယာပေါင်း(၃၁၂၁၆. ၃၆)ဧကဖြစ်ပြီး၊ အကောင်အထည်ဖော်ဧရိယာမှာ (၃၁၃၇. ၆၇)ဧကဖြစ်ပါတယ်။ ဆောင်ရွက်ရန် ကျန်ဧရိယာမှာ (၂၈၀၇၈. ၆၉)ဧကဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကျောက်မဲခရိုင်အနေဖြင့် ခွင့်ပြုတဲ့မြို့နယ်ပေါင်း (၆)မြို့နယ်ဖြစ်ပါတယ်။ ခွင့်ပြုခဲ့တဲ့ ဦးရေပေါင်း(၁၇၇)ဦးရှိပါတယ်။ ခွင့်ပြုတဲ့ဧရိယာပေါင်း(၁၃၉၃၆၉. ၇၀)ဧကဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်တဲ့ဧရိယာမှာ (၂၆၈၅၈. ၇၂)ဧကဖြစ်ပါကြောင်းနှင့် အကောင်အထည်ဖော်ရန် ကျန်တဲ့ဧကမှာ(၁၁၂၅၁၀. ၉၈)ဧကဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မိုးမိတ်ခရိုင်အနေဖြင့် မြို့နယ်(၂)မြို့နယ် ရှိပါတယ်။ မိုးမိတ်၊ မဘိမ်းဖြစ်ပါတယ်။ ခွင့်ပြု ဦးရေဟာ(၁၀)ဦးဖြစ်ပါတယ်။ ခွင့်ပြုဧရိယာပေါင်း (၂၆၁၇၇. ၉၉) ဧကဖြစ်ပြီး၊ အကောင်အထည်ဖော်တဲ့ဧရိယာ(၁၀၅၉. ၀၀) ဧကဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်မှာ (၂၅၁၈၈. ၉၉)ဧကဖြစ်ပါတယ်။ ဟိုပန်ခရိုင်အနေနဲ့ ခွင့်ပြု ဦးရေမှာ (၂၀)ရှိပြီး၊ ခွင့်ပြုခဲ့တဲ့ ဧရိယာပေါင်း(၆၅၈၀)မှာ အားလုံးအကောင်အထည်ဖော် ဆောင်ရွက်ထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကျိုင်းတုံခရိုင်အနေနဲ့ တင်ပြရမယ်ဆိုရင် ကျိုင်းတုံခရိုင်မှာ ခွင့်ပြုခဲ့ မြို့နယ်(၄)မြို့နယ်ရှိပါတယ်။ လုပ်ပိုင်ခွင့်ပြုဦးရေမှာ (၁၁၅)ဦးရှိပါတယ်။ ခွင့်ပြုခဲ့တဲ့ ဧရိယာပေါင်းမှာ(၈၄၃၅. ၆၆) ဧကဖြစ်ပြီး၊ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ အခြေအနေဟာ (၄၇၅၂. ၅၈)ဧကဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန် ဧရိယာ

D/real(wide) (3

အခမ်းအနားမျူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်(၁)နာရီ(၃၀)မိနစ်အချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြရှင်းလင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ဒီမေးခွန်းနှင့် ပတ်သက်ပြီး တစ်ဆက်တည်းမေးမြန်းခွင့်ပြုပါ။ ခုနက ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု နည်းဥပဒေ ၅၃အရ အထူးအဖွဲ့လို့ ပြောသွားတဲ့အပိုင်းရှိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဒီအထူးအဖွဲ့မှာ သက်ဆိုင်ရာ ဒေသခံ လွှတ်တော်ကိုယ်စားလှယ်တွေကိုပါ ပါဝင်ထည့်သွင်းဖွဲ့စည်းပြီး လုပ်ငန်းတွေဆောင်ရွက်နေတာဖြစ်ပါတယ်။ ခုနက ဝန်ကြီးပြောသွားတဲ့ဒီအထူးအဖွဲ့ ဖွဲ့စည်းတဲ့နေရာမှာ များသောအားဖြင့် ၅ာနကတာဝန် ရှိတဲ့ ဝန်ထမ်းတွေပဲဖြစ်နေပြီး ဒေသခံတွေမပါတဲ့အချက်က ပုဒ်မ၂၂(ဂ) အရ ပြန်သိမ်းတဲ့အခါ အမှန်အတိုင်းဖြစ်ပါ့မလားဆိုတဲ့အချက်ကို ကျွန်တော်တို့စဉ်းစားစရာရှိပါတယ်။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ နည်းဥပဒေ ၅၃အရ အထူးအဖွဲ့ ဖွဲ့စည်းတဲ့အခါ ဒေသခံလွှတ်တော်ကိုယ်စားလှယ်များကို ပါဝင်ထည့်သွင်းပေးဖို့ အစီအစဉ် ရှိ/မရှိကို တစ်ဆက်တည်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာဝန်ကြီးအနေဖြင့် ပြန်လည်ဖြေကြားရန် အဆင်သင့်ဖြစ်ပါက ပြန်လည်ရှင်းလင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (3

၎၆

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(ပထမနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်
၂၀၁၇ ခုနှစ်၊ မတ် လ ၂၆ ရက်
[တနလ်ာနေ့]
နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

၎၄

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ ကျွန်တော်တို့ ဒီစာရင်းဇယားတွေဟာ ဌာနအနေနဲ့ ပြီးခဲ့တဲ့ ဒီဇင်ဘာလ၊ ၃၁ ရက်နေ့မှာ စာရင်းကောက်ယူပြီးသားဖြစ်ပါတယ်။ ဒီကောက်ယူပြီးသားစာရင်းများအပေါ်မှာ ဒီအထူးအဖွဲ့များဟာကွင်းဆင်းပြီး အမှန်တကယ်ဆောင်ရွက်မှုရှိ/မရှိအပေါ်မှာ မဆောင်ရွက်တဲ့ ဧရိယာများကို ပြန်သိမ်းမယ်။ ဆောင်ရွက်လျက်ရှိတဲ့ ဧရိယာများကို (သီးခြား)အသစ်ပြန်လည်ထုတ်ပေးမှာဖြစ်ပါတယ်။ ဒီဟာကစိစစ်တာပဲဖြစ်ပါတယ်။ စိစစ်တဲ့နေရာမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီမှာလည်း ဗဟိုမှာက လွှတ်တော်ကိုယ်စားလှယ်နဲ့ ဖွဲ့စည်းတာမရှိပါဘူး။ (မြေ/စစ်)သိမ်းဆည်းမြေများနှင့် ပြန်လည်နေရာချထားရေးကော်မတီမှာပဲ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်း ဆောင်ရွက်ထားတာတွေ့ရှိရပါတယ်။ ဗဟို ရဲ့ ညွှန်ကြားချက် အရ ကျွန်တော်တို့ရဲ့ ဗဟိုမှာလည်း လွှတ်တော်ကိုယ်စားလှယ်များပါဝင်ခြင်းမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်များအနေနဲ့ သိချင်တယ်၊ သေချာဖြစ်ချင်တယ်ဆိုရင်တော့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်လို့ရပါတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို (၁)နာရီ (၃၀)မိနစ် ရပ်နားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဆက်လက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလှဝင်းက မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ မိုင်းပျဉ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေလို့ မေတ္တာဆုတောင်း ပေးပို့အပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ လျှပ်စစ်မီးရရှိရေး တည်ဆောက်မှုလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိလိုပါသည်နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်သည် သဘာဝရေအရင်းအမြစ်ပေါများပြီး ရေအားလျှပ်စစ်စွမ်းအင်အဖြစ် ထုတ်လုပ်အသုံးပြုခြင်းဖြင့် ပြည်သူလူထု၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပေးနေသည်ကို လေ့လာတွေ့ရှိရပါတယ်။နိုင်ငံတော်အစိုးရသည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့်(မြောက်ပိုင်း)တို့တွင် ရေအားလျှပ်စစ်စွမ်းအင် ထုတ်လုပ်ပေးပြီး မြို့ပေါ်၊ ကျေးရွာများပါမကျန် လျှပ်စစ်မီးကို နေရာဒေသမလပ်၊ သွယ်တန်းပေးနိုင်ခဲ့ပြီးဖြစ်ရာ မှီတင်းနေထိုင်ကြသည့် ပြည်သူလူထုများ၏ စီးပွားရေးလုပ်ငန်းများဖြစ်ကြသည့် အသေးစားစက်မှုလက်မှုများ၊ အိမ်တွင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊

D/real(wide) (3

(ဂ) တိုင်စိုက်ထူခြင်းလုပ်ငန်း ယခုထိပြီးစီးမှုအခြေအနေ၊

(ဃ) ကြိုးသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေ၊

(င) ဖြတ်သန်းသွားသည့် မြို့စက်ရုံခွဲ တည်ဆောက်မှုအခြေအနေ၊

(စ) လျှပ်စစ်မီးလင်းသည်အထိ ပြီးစီးနိုင်မည့် အခြေအနေ။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ လျှပ်စစ်မီးရရှိရေး တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေအားလုံးကိုသိရှိလိုပါသဖြင့် သက်ဆိုင်ရာ အစိုးရအဖွဲ့မှ ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးဆွေသိန်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းပျဉ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလှဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ဖြေကြားပေးမဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး၊ ဦးဆွေသိန်းဖြစ်ပါတယ် ခင်ဗျား။

ကျိုင်းတုံမြို့နယ် လျှပ်စစ်မီးလင်းရေး(၂၃၀)ကေဗွီ မဟာဓါတ်အားလိုင်းနှင့် (၂၃၀)ကေဗွီဓါတ်အားခွဲရုံတည်ဆောက်မှုလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ၂၅-၃-၂၀၁၆ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးမည်ဖြစ်ပါတယ်။ ယနေ့အထိ တိုင်ထူကြိုးသွယ်တန်းရန်အတွက် ဆက်စပ်လုပ်ငန်းများ (၃၃%) ဆောင်ရွက်ပြီးဖြစ်ရာ ဖြတ်သန်းသွားမည့် မိုင်းပျဉ်းမြို့တွင် (၂၃၀) ကေဗွီ ဓါတ်အားရုံတည်ဆောက်လျက်ရှိရာ (၁၅. ၈၃%)ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ဓါတ်အားလိုင်းတည်ဆောက်ခြင်း၊ ဓါတ်အားခွဲရုံတည်ဆောက်ခြင်းများပြီးစီး၍ လျှပ်စစ်မီးလင်းသည်အထိ (၁၀၀%) ပြီးစီးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ ယခုအစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်မှ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

D/real(wide) (4

စက်ရုံများ ဆောင်ရွက်နိုင်ခဲ့ကြသဖြင့် လူနေမှု အဆင့်အတန်းတိုးတက်မြင့်မားလာခဲ့သည်ကို လေ့လာတွေ့ရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် သဘာဝရေအရင်းအမြစ်ပေါများပါသော်လည်း ယနေ့တိုင် ရေအားလျှပ်စစ်စွမ်းအင် ထုတ်လုပ်သုံးစွဲနိုင်ခြင်းမရှိသေးသဖြင့် လူနေမှုဘဝစီးပွားရေး နိမ့်ကျလျက်ရှိနေသေးသည်ကို လေ့လာတွေ့ရှိရပါတယ်။

ပထမအကြိမ် အစိုးရအဖွဲ့ လက်ထက်မှစပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ လျှပ်စစ်မီးရရှိရန် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံ၊ နမ့်စန်လျှပ်စစ် စက်ရုံခွဲမှတစ်ဆင့် နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်တို့ကိုဖြတ်သန်း၍ တိုင်နှင့် ကြိုးသွယ်တန်းခြင်းလုပ်ငန်းများအတွက် ရန်ပုံငွေခွင့်ပြုဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါ အဆိုပါလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဆိုပါလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီ၏တာဝန်ရှိပုဂ္ဂိုလ်မှ ကျိုင်းတုံမြို့ လူထုတွေ့ဆုံရှင်းလင်းပွဲကို လာမည့် ၂၀၁၉ ခုနှစ်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ကြားသိခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုင်းတုံမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်လူထုများကလည်း ရေအားလျှပ်စစ်မီးရရှိပါက မြို့နှင့်ကျေးရွာတို့၏ လူနေမှုဘဝအဆင့်အတန်းနှင့် စီးပွားရေးပါ တိုးတက်လာမည်ကို စောင့်စားမျှော်ကိုးလျက်ရှိကြပါတယ်။

သို့ပါ၍ ကျိုင်းတုံမြို့ လျှပ်စစ်မီးရရှိရေး တည်ဆောက်ခြင်းလုပ်ငန်းသည် စတင်ဆောင်ရွက်မှုမှ ယနေ့အထိ အောက်ဖော်ပြပါလုပ်ငန်းများအလိုက် ပြီးစီးထားရှိမှု အခြေအနေကို သိရှိလိုပါသည်-

(က) မည်သည့် ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်၊

(ခ) မည်သည့် ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းပြီးစီးမည်၊

ဦးစိုင်းရွှဲနှိတစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး(ပထမနေ့)သို့ ကြွရောက်လာကြတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို ရေးဆွဲ၍ ပြည်နယ်လွှတ်တော်သို့ တင်ပြလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်ပြီး အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်တဲ့အတွက် ၂၀၁၈ ခု၊ ဧပြီလ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ (၆)လစာအတွက် ရသုံးခန့်မှန်းခြေစာရင်းများအား ရေးဆွဲရပါတယ်။

(၄-၁၂-၂၀၁၇) ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ အတည်ပြုချက်နဲ့ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြခဲ့တဲ့ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ ရှမ်းပြည်နယ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေကျပ်(၁၂၊ ၀၉၅)ဘီလီယံ **(အခွန်၀ေစုခွဲ၀ေ ရငွေကျပ် ၂၊ ၁၄၈ ဘီလီယံအပါအ၀င်)**နဲ့ သာမန်အသုံးစရိတ်ကျပ်(၄၆၊ ၃၅၀)ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ်(၇၅၊ ၀၆၀)ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ်ကျပ်(၁၂၁၊ ၄၁၀)

ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း အဖြစ် တင်ပြသွားမှာဖြစ်ပါတယ်။

ယခုတင်ပြထားတဲ့ ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းမှာ အခန်း(၃)ခန်း၊ အပိုင်း(၅)ပိုင်းနဲ့ ဇယား(၈)ခုအပါအ၀င် ရေးဆွဲထားပါတယ်။ ဇယား(၁)နဲ့(၂)မှာ ဗဟိုအဖွဲ့အစည်း(၅)ခုရဲ့ ရငွေကျပ်(၂၊ ၉၅၁) ဘီလီယံ၊ သုံးငွေကျပ်(၂၆၊ ၂၇၇)ဘီလီယံ၊ ဇယား(၃)အစမှာ အခွန်ရငွေကျပ်(၁၊ ၄၂၈)ဘီလီယံ၊ ဇယား(၃)အဆုံးနဲ့ ဇယား(၄)မှာ ဦးစီးဌာန(၁၈)ခုရဲ့ ရငွေကျပ်(၁၀၅၊ ၃၆၉)ဘီလီယံ၊ သုံးငွေကျပ်(၆၃၊ ၃၀၅)ဘီလီယံ၊ ဇယား(၅)နဲ့(၆)မှာ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း(၁)ခုရဲ့ ရငွေကျပ်(၀၊ ၀၂၉)ဘီလီယံ၊ သုံးငွေကျပ်(၁၇၊ ၉၂၉)ဘီလီယံ၊ ဇယား(၇)နဲ့(၈)မှာ စည်ပင်သာယာရေးအဖွဲ့များရဲ့ ရငွေကျပ်(၇၊ ၅၄၀)ဘီလီယံ၊ သုံးငွေကျပ်(၉၊ ၉၅၄)ဘီလီယံ စသဖြင့် အသီးသီးထည့်သွင်းရေးဆွဲ ထားပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ခုနှစ်၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအပေါ်တွင် အခြေပြုထားသော ၂၀၁၈ခုနှစ်၊ ရှမ်း ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(ဥပဒေကြမ်း)အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၂-၃/၂၀၁၈)မှ အတည်ပြုပြီးဖြစ်သောကြောင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ ဒါကြောင့် ယခုတင်ပြထားတဲ့ ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

D/real(wide) (4

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းသော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါကြောင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီနောက်ဆုံးထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့

ဘီလီယံ၊ ရငွေနဲ့အသုံးစရိတ်အပေါ် ခြားနားချက်ဖြစ်တဲ့ ကျပ်(၁၀၉၊ ၃၁၅)ဘီလီယံကို လိုငွေအနေနဲ့ တင်ပြခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယသမ္မတရဲ့ စိစစ်ချက်အရ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနများအနက် ဝန်ထမ်းအိမ်ရာ အသစ်၊ ရုံးအဆောက်အဦအသစ်နဲ့ ရုံးသုံးယာဉ် အသစ်တွေဝယ်ယူမယ့် ဌာန(၁၀)ခုကို စိစစ်ဖြတ်တောက်ခဲ့ပါတယ်။ အဆိုပါ စိစစ် ဖြတ်တောက်မှုတွေကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါစိစစ်ဖြတ်တောက်ပြီး ကျန်ရှိတဲ့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား (၉-၁-၂၀၁၈) ရက်နေ့တွင် ကျင်းပခဲ့သော ဘဏ္ဍာရေးကော်မရှင်အစည်းအဝေး (၁/၂၀၁၈)မှာ အတည်ပြုခဲ့ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ လမ်းညွှန်ချက်အရ ရေးဆွဲထားသော ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေစာရင်းမှာ သာမန်ရငွေကျပ် (၁၂၊ ၀၉၅)ဘီလီယံ (အခွန်ဝေစုခွဲဝေ ရငွေကျပ် ၂၊ ၁၄၈ ဘီလီယံအပါအဝင်)နဲ့ သာမန်အသုံးစရိတ် ကျပ် (၄၆၊ ၃၅၀) ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် (၇၁၊ ၁၁၅) ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ်(၁၁၇၊ ၄၆၅) ဘီလီယံ သုံးစွဲရန် လျာထားပါတယ်။ ရငွေနဲ့ အသုံးစရိတ်အပေါ် ခြားနားချက်ဖြစ်တဲ့ ကျပ်(၁၀၅၊ ၃၆၉)ဘီလီယံအား ပြည်ထောင်စု ထောက်ပံ့ငွေအဖြစ် ရရှိမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဘဏ္ဍာရေးကော်မရှင်မှ အတည်ပြုထားတဲ့ ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ ခု၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ရသုံးခန့်မှန်းခြေငွေစာရင်းများအား ၂၀၁၈ ခုနှစ်၊

D/real(wide) (4

ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ် ၂၀၁၈ ခုနှစ် ၆ လ(ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားကျွန်တော် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးစိုးညွန့်လွင်မှ တင်သွင်းသွားမှာဖြစ်ပါတယ်။

ယခု တင်သွင်းမဲ့ ရှမ်းပြည်နယ် ၂၀၁၈ ခုနှစ် ၆ လ(ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားတဲ့ စာအုပ်(၅)အုပ် ရှိပါတယ်။

ပထမစာအုပ်ကတော့ **'ရှမ်းပြည်နယ် ၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)'** စာအုပ်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပြီးပါက ပြည်နယ်ဝန်ကြီးချုပ်လက်မှတ်ရေးထိုးထုတ်ပြန်မှာဖြစ်ပြီး၊ ကျန်စာအုပ်များဖြစ်တဲ့ နောက်ဆက်တွဲ(၁)၊(၂)နဲ့(၃)တို့က ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)စာအုပ်အတွက်

(GDP)ရဲ့ တိုးတက်မှုနှုန်းများအနေနဲ့ "၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှာ (၇. ၀)ရာခိုင်နှုန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၂၄. ၉)ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ(၄. ၁)ရာခိုင်နှုန်း၊ ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၂. ၁)ရာခိုင်နှုန်းနှင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ (၄. ၉)ရာခိုင်နှုန်း အသီးသီး တိုးတက်စေဖို့ ရည်မှန်းထားပါတယ်။

ဆက်လက်ပြီး နောက်ဆက်တွဲ(၁)မှာပါတဲ့ ရှမ်းပြည်နယ်ရဲ့ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

မျှော်မှန်းချက်

ရှမ်းပြည်နယ်အား ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ပြည်နယ် ဖြစ်စေရမည်။

မူဝါဒ

(၁) ပြည်နယ်အတွင်း နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပဋိပက္ခများချုပ်ငြိမ်းစေရေး၊

(၂) ပြည်နယ်အတွင်း ဒေသများအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးအခြေခံကောင်းများရရှိရေး၊

(၃) သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်ထိန်းသိမ်းရေးနှင့် အကျိုးအရှိဆုံးဖြစ်စေရေးအတွက် မျှတမှုန်ကန်စွာစီစစ်အသုံးပြုရေး၊

(၄) ပြည်နယ်အတွင်းစဉ်ဆက်မပြတ် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်စေရေး။

D/real(wide) (4

ရည်မှန်းချက်

(၁) ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံ ပိုလျှံစေရေးနှင့် စိုက်ပျိုးရေးအခြေခံသောစက်မှုလုပ်ငန်းများ ဘက်ညီစွာဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၂) ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အဦ လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊

(၃) အလုပ်အကိုင်အခွင့်အလမ်းမြင့်မားသော စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရန်၊

(၄) ပြည်နယ်အတွင်း လူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊

(၅) သဘာဝပတ်ဝန်းကျင်ကို အခြေခံသော ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရန်၊

(၆) ပြည်နယ်အတွင်း ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိလုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်စေရန် ဆိုပြီးသတ်မှတ်ထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ဌာနများရဲ့ လုပ်ငန်းစဉ်များကို နောက်ဆက်တွဲ(၁)စာအုပ်မှာ အသေးစိတ်ဖော်ပြထားပါတယ်။

နောက်ဆက်တွဲ(၂)မှာတော့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ လျာထားဆောင်ရွက်မဲ့ လုပ်ငန်းများအနေနဲ့ ပြည်နယ်အဆင့် ဗဟိုအဖွဲ့အစည်းများက

အထောက်အကူပြု တဲ့ စာအုပ်တွေဖြစ်ပြီး၊ ဒေသန္တရဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းများကို ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခြင်းနည်းလမ်းများ လက်စွဲစာအုပ်(၁)အုပ်၊ စုစုပေါင်း စာအုပ်(၅)အုပ် ဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်များ ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရာမှာ အထောက်အကူပြုစေဖို့ စီမံကိန်းရေးဆွဲရေးဦးစီးဌာနနဲ့ GIZ အဖွဲ့အစည်းအကူအညီနဲ့ ပြုစုထုတ်ဝေထားတဲ့ စာအုပ်ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် ၂၀၁၈ခုနှစ်၊ ၆ လ (၉ပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)မှာ ပါဝင်တဲ့ အဓိကကျတဲ့ ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တင်ပြပါမယ်။ ရှမ်းပြည်နယ်ရဲ့ ၂၀၁၈ ခုနှစ် ၆လ (၉ပြီလမှ စက်တင်ဘာလ အထိ) စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို (နှစ်အလိုက်ဈေးနှုန်းများအရ) ကျပ်(၁,၉၂၉,၅၈၄ သန်း (ကျပ် ၁၉၂၉. ၆ ဘီလီယံ) ရရှိရန်နှင့် (၁၀. ၂)ရာခိုင်နှုန်း တိုးတက်ပြောင်းလဲရန် ရည်မှန်းထားပါတယ်။

(ပုံမှန်ဈေးနှုန်းများအရ) ၂၀၁၈ ခုနှစ်၊ ၆ လ (၉ပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းတွင် ကျပ် (၁,၄၈၂,၄၀၂. ၇) (ကျပ် ၁၄၈၂. ၄ ဘီလီယံ) ရရှိရန်နှင့် တိုးတက်မှုနှုန်း (၅. ၈)ရာခိုင်နှုန်း ဖြစ်ပေါ်ရန် ရည်မှန်းထားပါတယ်။

စီးပွားရေးကဏ္ဍကြီးတွေအနေနဲ့ လယ်ယာကဏ္ဍကြီးကို (၂. ၅)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးကို (၅. ၁)ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍကြီးကို (၈. ၇)ရာခိုင်နှုန်း အသီးသီးတိုးတက်စေရန် ရည်မှန်းထားပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများရဲ့ ၂၀၁၈ ခုနှစ်၊ ၆ လ (၉ပြီလမှ စက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းအရ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး

D/real(wide) (4

ကျပ်(၁၇. ၆)ဘီလီယံ၊ ပြည်ထဲရေးဝန်ကြီးဌာနကျပ်(၀. ၆)ဘီလီယံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျပ်(၀. ၃)ဘီလီယံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကျပ်(၀. ၅)ဘီလီယံ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကျပ်(၁၇. ၉)ဘီလီယံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကျပ်(၄. ၄)ဘီလီယံ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကျပ်(၀. ၀၇)ဘီလီယံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ကျပ်(၂၃. ၅)ဘီလီယံနှင့် စည်ပင်သာယာရေး အဖွဲ့များအနေနဲ့ ကျပ်(၆. ၂)ဘီလီယံ၊ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် စုစုပေါင်းကျပ်(၇၁. ၁)ဘီလီယံ ရင်းနှီးမြှုပ်နှံဖို့လျာထားပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကတော့ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ဆောင်ရွက်မှာဖြစ်ပြီး၊ အမျိုးသားစီမံကိန်းဥပဒေကိုပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြဋ္ဌာန်းပြီးလို့ပြည်ထောင်စုဝန်ကြီးဌာနနှင့် ချိတ်ဆက်တောင်းခံပြီး မြို့နယ်စီမံကိန်းဦးစီးရုံးများကို ပေးပို့ထားမှာ ဖြစ်ပါတယ်။ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေ/ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွေနဲ့ မြို့နယ်ဆောင်ရွက်မဲ့လုပ်ငန်းတွေကို ပြည်သူများသိရှိအောင် စီမံကိန်းရုံးတွေမှာ ပွင့်လင်းမြင်သာစွာ ကြေညာထားပေးမှာ ဖြစ်ပါတယ်။

နောက်ဆက်တွဲ(၃)မှာ ရှမ်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ ဝန်ဆောင်မှု ရည်မှန်းချက်များကို စီးပွားရေးကဏ္ဍအလိုက် ဖော်ပြထားပါတယ်။

ရှမ်းပြည်နယ်ရဲ့ စီးပွားရေး ကဏ္ဍများအလိုက် တိုးတက်မှုနှုန်းများကို လယ်ယာကဏ္ဍ(၂. ၃)ရာခိုင်နှုန်း၊ သားငါးကဏ္ဍ(၄. ၇)ရာခိုင်နှုန်း၊ သစ်တောကဏ္ဍ (-)(၆၂. ၈)ရာခိုင်နှုန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ(၂. ၇)ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ(၇. ၉)ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အားကဏ္ဍ(၅. ၂)ရာခိုင်နှုန်း၊

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ (မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဥပဒေ(မူကြမ်း)ကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းရဲနိုတစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ပထမနေ့)မှာ ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ(မူကြမ်း)ကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲနိုတစ်လုံးမှ တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ ၂၀၁၈ ခုနှစ်၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ(မူကြမ်း)မှာ အခန်းပေါင်း (၁၂)ခန်း ပါဝင်ပါတယ်။

အခန်း(၁)
အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၈ခုနှစ်၊ အသေးစားချေးငွေ လုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

D/real(wide) (4

(က) **ဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်သောဘဏ်ကိုဆိုသည်။

(ခ) **သမဝါယမအသင်း** ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသည့် အသင်းကို ဆိုသည်။

(ဂ) **အတိုး** ဆိုသည်မှာ ထုတ်ချေးထားသော ငွေပေါ်တွင် အဖိုးစားနားအဖြစ် ပေးရသောငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ဃ) **ချေးငွေ** ဆိုသည်မှာ အတိုးဖြင့်ထုတ်ချေးသောငွေ သို့မဟုတ် ပစ္စည်းကိုဆိုလိုသည်။

(င) **အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်လက်မှတ်ရရှိထားသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူကို ဆိုသည်။

(စ) **ငွေရင်း** ဆိုသည်မှာ ချေးယူသူအား ထုတ်ချေးလိုက်သည့်ငွေ သို့မဟုတ် ပစ္စည်းကိုဆိုသည်။

(ဆ) **ဝန်ကြီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ဆိုသည်။

(ဈ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဦးစီးဌာနက တာဝန်ပေးအပ်ထားသည့် အရာရှိကို ဆိုသည်။

(ည) **အာမခံရှိသောချေးငွေ** ဆိုသည်မှာ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်ကို အပေါင်ထား၍သော်လည်းကောင်း၊

ဆောက်လုပ်မှုကဏ္ဍ(၃. ၃)ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ(၈. ၆)ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ(၉. ၂)ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ(၁၁. ၁)ရာခိုင်နှုန်း၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ(၃. ၄)ရာခိုင်နှုန်း၊ ဌားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ(၁၁. ၇) ရာခိုင်နှုန်းနှင့် ကုန်သွယ်မှုကဏ္ဍ (၇. ၉)ရာခိုင်နှုန်းအသီးသီး တိုးတက် ရရှိဖို့ ရည်မှန်းထားပါတယ်။

နိဂုံးချုပ်အနေနဲ့ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်တဲ့ ရှမ်းပြည်နယ် ၂၀၁၈ ခုနှစ်၊ ၆ လ (ဧပြီလမှစက်တင်ဘာလအထိ) ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ရှမ်းပြည်နယ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀(ခ)အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်းဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံး ထားပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

D/real(wide) (4

ထိုပစ္စည်းပေါ်တွင်ရထိုက်ခွင့် သို့မဟုတ် ဆိုင်ရာဆိုင်ခွင့်ကို အာမခံထား၍သော်လည်းကောင်း ထုတ်ချေးသည့်ငွေကိုဆိုသည်။

(၄) **အာမခံမရှိသောချေးငွေ** ဆိုသည်မှာ အာမခံရှိသောချေးငွေမှတစ်ပါး အခြားမည်သည့်ချေးငွေကိုမဆို ဆိုသည်။

(၅) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(၆) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရထုတ်ပေးသော အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ကိုဆိုသည်။

(၇) **မှတ်ပုံတင်စာရင်း** ဆိုသည်မှာ ဤဥပဒေအရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ၏ လုပ်ငန်းဆိုင်ရာအချက်အလက်များ ရေးသားမှတ်တမ်းတင်ထားသည့်စာရင်းကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အတိုးကြီးယူသော အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ၏ အန္တရာယ်မှ ပြည်သူများကို ကာကွယ်ရန်၊

(ခ) တရားဝင်ငွေကြေးဝန်ဆောင်မှုကဏ္ဍ စနစ်တကျ

အခန်း(၃)
ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၅။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

(ဂ) လိုင်စင်လျှောက်ထားသူက တင်ပြရန် သတ်မှတ်သည့် အထောက်အထားများကို စိစစ်ခြင်း၊

(ဃ) ချေးငွေပေါ်တွင် ခွင့်ပြုသည့်အတိုးနှုန်း သတ်မှတ်ခြင်း၊

(င) လိုင်စင်များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ သတ်မှတ်ရောင်းချခြင်း၊

(စ) မှတ်ပုံတင်လျှောက်လွှာပုံစံနှင့် ထိုလျှောက်လွှာတွင်ပါရှိသည့်အကြောင်းအရာများသတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်ကြေးသတ်မှတ်ခြင်း၊

(ဇ) စည်းကမ်းလိုက်နာမှုမရှိသော အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူများကို စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များချမှတ်ခြင်း၊

(ဈ) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများကို အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခြင်း၊

(ည) မှတ်ပုံတင်သူ၏ အမည် ပြောင်းလဲခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်း၊

D/real(wide) (4

အခန်း (၅)
အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ၏ အရေအတွက်သတ်မှတ်ချက်များ

၆။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) သတ်မှတ်ထားသည့် အရေအတွက်ထက် မကျော်လွန်စေဘဲ၊ လိုင်စင်များကို လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ ရောင်းချရမည်။ ထိုသို့ ရောင်းချရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းသို့ပေးသွင်းရမည်။

(ခ) လေလံအောင်၍ လိုင်စင်လျှောက်ထားခွင့်ရရှိသူက လျှောက်ထားလာသည့်အခါ ပုဒ်မ ၇ ပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှန်ကန်ပါက လိုင်စင်ကို ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ရသူသည် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကိုပေးသွင်း၍ ဤဥပဒေအရ မှတ်ပုံတင်ရမည်။

အခန်း (၆)
လိုင်စင်ထုတ်ပေးရမည့် နည်းလမ်းများ

၇။ ကြီးကြပ်ရေးအဖွဲ့သည် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသူကို လိုင်စင်ထုတ်ပေးရမည်-

(က) လုပ်ငန်းလိုင်စင်လေလံအောင်မြင်သူဖြစ်ရမည်။

(ခ) လိုင်စင်လျှောက်လွှာပုံစံပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်းရှိရမည်။

ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) သင့်တင့်သော အတိုးနှုန်းရှိသည့် ချေးငွေများဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန်၊

(ဃ) ချေးငွေစာချုပ်များအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်စေရန်၊

(င) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူနှင့် ငွေချေးယူသူများ၏ ရပိုင်ခွင့်နှင့်တာဝန်များသတ်မှတ်ပေးရန်၊

အခန်း(၇)
ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်-

(က)	ပြည်နယ်အစိုးရအဖွဲ့၊ ဘဏ္ဍာရေးဝန်ကြီး	ဥက္ကဋ္ဌ
(ခ)	ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
(ဂ)	ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
(ဃ)	ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး	အဖွဲ့ဝင်
(င)	ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးမှူး	အဖွဲ့ဝင်
(စ)	ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှကိုယ်စားလှယ်တစ်ဦး	အတွင်းရေးမှူး

D/real(wide) (4

(၇) မြန်မာနိုင်ငံသားဖြစ်ရမည်။

(ဃ) ပြစ်မှုမကင်းသောလုပ်ငန်း လုပ်ကိုင်သူမဖြစ်စေရ။

(၉) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာသူဖြစ်ရမည်။

(စ) လုပ်ငန်းလိုင်စင်ရယူသူသည် သတ်မှတ်ထားသော လိုင်စင်ကြေးကို သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လိုင်စင်ခွင့်ပြုပြီး ၁၅ ရက်အတွင်း ပေးသွင်းရမည်။

အခန်း (၇)
မှတ်ပုံတင်ခြင်း

၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူများအတွက် မှတ်ပုံတင်စာရင်းတစ်ခုထားရှိရမည်။

၉။ လိုင်စင်ရရှိသည့် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့် အညီ လျှောက်ထားရမည်။

၁၀။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်လိုသူက လိုင်စင်ရရှိပြီး မှတ်ပုံတင်ခွင့် လျှောက်ထားလာသည့် အခါစိစစ်၍ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

သို့ရာတွင် မှတ်ပုံတင်သက်တမ်းတည်ရှိနေစဉ် ကာလအတွင်း အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခဲ့သည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၅။ အာမခံရှိသည့် ချေးငွေဖြစ်စေ၊ အာမခံမရှိသည့်ချေးငွေဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပို၍ အတိုးအတွက် ဒီဂရီချမှတ်ခြင်းမပြုရ။

၁၆။ တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့်အချက် မည်မျှပင်ပါရှိစေကာမူ မည်သည့်တရားရုံးကမျှ ဤဥပဒေစတင်အာဏာမတည်မီကဖြစ်စေ၊ အာဏာတည်ပြီးနောက်မှဖြစ်စေ ထုတ်ပေးသည့်ချေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မူလထုတ်ချေးသည့်ငွေရင်းနှင့် မပေးဆပ်သေးဘဲ ကျန်ရှိနေသည့် အတိုးထက်ပို၍ ဒီဂရီချမှတ်ခြင်းမပြုရ။ ထိုအတိုးမှလည်း ပေးဆပ်ပြီး အတိုးတစ်ရပ်ရပ်နှင့်ပေါင်းလျှင် အဆိုပါ ငွေရင်းထက်မပိုစေရ။

၁၇။ ဤဥပဒေစတင်အာဏာမတည်မီက ထုတ်ပေးသည့် ချေးငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဥပဒေအာဏာမတည်မီက စွဲဆိုသည်ဖြစ်စေ၊ အာဏာတည်ပြီးနောက်မှ စွဲဆိုသည်ဖြစ်စေ၊ ထိုသို့စွဲဆိုသည့်အမှုတွင် သို့မဟုတ် ဆောင်ရွက်သည့်မှုခင်းတွင်သော်လည်းကောင်း၊ ထိုသို့သောအမှုမှ သို့မဟုတ် မှုခင်းမှဖြစ်ပေါ်သောအယူခံမှုတွင် သို့မဟုတ် ပြင်ဆင်မှုတွင်သော်လည်းကောင်း တရားရုံးသည် အောက်ဖော်ပြပါအာဏာတစ်ရပ်ရပ်ကို သုံးစွဲနိုင်သည်-

(က) ငွေကြေးဆက်ဆံမှုကို အသစ်ပြန်ဖွင့်၍ နှစ်ဘက်သောအမှုသည်များနှင့် သက်ဆိုင်သည့်စာရင်းများကို ရှင်းပြီးလျှင် အာမခံရှိသည့်ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့်ချေးငွေတွင်ဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ တာဝန်အားလုံး

D/real(wide) (4

မှငွေချေးယူသူအား ကင်းလွတ်စေနိုင်သည့် အာဏာ၊

(ခ) ယခင်က ငွေကြေးဆက်ဆံမှုကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော သဘောတူချက်တစ်ခုခုရှိစေကာမူ နှစ်ဦးနှစ်ဘက်သော အမှုသည်များက အချင်းချင်း ရှင်းလင်းပြီးဖြစ်သော စာရင်းတစ်ခုခုကို အသစ်ပြန်ဖွင့်ပြီးလျှင် အာမခံရှိသည့်ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေတွင်ဖြစ်စေ တစ်နှစ်လျှင် ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ တာဝန်အားလုံးမှ ငွေချေးယူသူအား ကင်းလွတ်စေနိုင်သည့်အာဏာ၊

(ဂ) မည်သည့်ချေးငွေနှင့်မဆို စပ်လျဉ်း၍ ပေးသည့် အာမခံပစ္စည်းကို သို့မဟုတ် ပြုလုပ်သည့်သဘောတူညီချက်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပျက်ပြယ်နိုင်သည့် သို့မဟုတ် ပြင်ဆင်နိုင်သည့် သို့မဟုတ် လွှဲပြောင်းနိုင်သည့် အာဏာ၊ ထို့ပြင် အာမခံပစ္စည်းကို အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူက လက်လွှတ်ပြီးဖြစ်လျှင် တရားရုံးကတရားသည် ထင်မြင်သည့်အတိုင်း ထို သို့တရားသည်ထင်မြင်သည့် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူက ငွေချေးယူသူအား လျော်ကြေးပေးရန် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူအပေါ်တွင် အမိန့်ချမှတ်နိုင်သည့် အာဏာ၊

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းဖြင့် ရရှိသော မှတ်ပုံတင်ကြေးများကို ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေစာရင်းသို့ပေးသွင်းရမည်။

၁၁။ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ထုတ်ပေးသည့်နေ့မှစ၍ တစ်ဆက်တစ်စပ်တည်း (၁၂)လအထိ အတည်ဖြစ်သည်။

၁၂။ မှတ်ပုံတင်အရာရှိသည်-

(က) သက်တမ်းကုန်ဆုံးသည့် မှတ်ပုံတင်လက်မှတ်များကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့မှ ပယ်ဖျက်ရန် ညွှန်ကြားသည့် မှတ်ပုံတင်လက်မှတ်ကို ချက်ချင်းသိမ်းယူ၍ မှတ်ပုံတင်စာရင်းမှပယ်ဖျက်ရမည်။

အခန်း (၈)
တရားမမှုများ စွဲဆိုခြင်း

၁၃။ တရားမမှုများစွဲဆိုခြင်း ခေါင်းစဉ်အောက်ရှိ တရားရုံး၏ စီရင်ပိုင်ခွင့် ပုဒ်မ ၁၄၊ ၁၅၊ ၁၆၊ ၁၇ ဖော်ပြချက်များနှင့် စပ်လျဉ်း၍ ယင်းအချက်များကို ပြည်ထောင်စုတရားလွှတ်တော် ရုံးချုပ်သို့ သဘောထားမှတ်ချက် တောင်းခံပါမည်။

၁၄။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိလျှင် သို့မဟုတ် မှတ်ပုံတင်သက်တမ်းကုန်ဆုံးလျှင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ပယ်ဖျက်ခြင်းခံရလျှင် မည်သည့် တရားရုံးတွင်မျှ ထိုချေးငွေကို ပြန်လည်ရရှိရန် တရားစွဲဆိုခွင့်မရှိစေရ။

D/real(wide) (5

သို့ရာတွင် ဤအာဏာများကို သုံးစွဲရာ၌တရားရုံးသည်-

(၁) ယခင်ဆက်ဆံမှုများကို အပြီးသတ်၍ တာဝန်အသစ်ဖြစ်လာအောင် ချုပ်ဆိုရာရောက်သော်လည်း အမှုသည်များကသော်လည်းကောင်း၊ ထိုသူတို့အတွက် တစ်ဆင့်တောင်းဆိုသူများကသော်လည်းကောင်း အမှုကို မစွဲဆိုမီခြောက်နှစ်ကျော်က ချုပ်ဆိုခဲ့ပြီးသောသဘောတူညီချက် တစ်ခုခုကို အသစ်ပြန်မဖွင့်ရ။

(၂) ယခင်က အမှုတစ်ခုခုတွင် တရားရုံးကချမှတ်ပြီးဖြစ်သည့် ဒီဂရီတစ်ခုခုကို ထိခိုက်အောင် မည်သည့်အရာကိုမျှ မပြုရ။ ထို့ပြင်လည်း အာမခံရှိသည့် ချေးငွေတွင်ဖြစ်စေ၊ အာမခံမရှိသည့် ချေးငွေတွင်ဖြစ်စေ၊ တစ်နှစ်လျှင်ကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်သည့် ရာခိုင်နှုန်းထက်ပိုသော အတိုးနှင့်စပ်လျဉ်း၍ အရာတစ်ခုခုကိုပေးပြီးဖြစ်လျှင် သို့မဟုတ် ခွင့်ပြုပြီးဖြစ်လျှင် ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ(ခ)ပါစကားကြောင့် ယင်းသို့ပို၍ပေးသည့် သို့မဟုတ် ခွင့်ပြုသည့် ငွေတစ်ရပ်ရပ်ကို ပြန်ပေးရန်သော်လည်းကောင်း၊ ငွေရင်းကို လျှော့ရန်သော်လည်းကောင်း အသေးစားချေးငွေ

နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၂၂။ ပုဒ်မ ၂၁ အရ အယူခံမှုတွင် ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုနိုင်သည်။

၂၃။ ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၁၀)
တားမြစ်ချက်များ

၂၄။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် ဤဥပဒေအရ မှတ်ပုံတင်လက်မှတ် မရမချင်း အသေးစားချေးငွေလုပ်ငန်းအားစတင်ဆောင်ရွက်ခြင်း မပြုရ။

၂၅။ (က) အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည်-

(၁) ငွေချေးယူအသီးသီးအတွက် အောက်ပါအကြောင်းအရာများ ဖော်ပြသော ငွေစာရင်းကို နည်းလမ်းတကျ ရေးမှတ်ထားရှိရမည်-

(ကက) ချေးငွေထုတ်ပေးသည့် နေ့ရက်နှင့် စည်းကမ်းချက်များ၊ထုတ်ပေးသည့်ငွေပေါင်း၊ တောင်းဆိုသည့် အတိုးနှုန်း၊ ထို့အပြင် အပေါင်ထားသည့် ပစ္စည်းများရှိလျှင် ထိုပစ္စည်းများ၊

D/real(wide) (3

လုပ်ငန်း လုပ်ကိုင်သူအား ဆင့်ဆိုသည်ဟု မမှတ်ယူရ။

အခန်း (၉)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် အသေးစားချေးငွေ လုပ်ငန်းလုပ်ကိုင်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်ချက်များကို ကန့်သတ်ချက်များပါဝင်သည့် အမိန့်များချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) လုပ်ငန်းကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(င) လိုင်စင်ပယ်ဖျက်ခြင်း။

၁၉။ ကြီးကြပ်ရေးအဖွဲ့သည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် ပုဒ်မ ၂၉နှင့် ပုဒ်မ ၃၀အရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူကို ပြစ်မှုကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ယင်းအသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ၏အမည်ကို မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်နိုင်သည်။

၂၀။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ တို့အရ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူအား ခုခံချေပခွင့်ပေးရမည်။

၂၁။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် ကြီးကြပ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ဆုံးဖြတ်ချက်ချမှတ်သည့်

(ခ ခ) ချေးငွေနှင့် စပ်လျဉ်း၍ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူ ရရှိသည့်ငွေအသီးသီးနှင့် ထိုငွေအသီးသီးကို ပေးဆပ်သည့် နေ့ရက်၊

(၂) ငွေချေးယူသူထံ ငွေပေးလျှင် ငွေချေး ယူသူက ငွေရကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အား လည်းကောင်း၊ ငွေချေးယူသူထံမှ ပြန်ဆပ်ငွေကိုရလျှင် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူက သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်က ငွေရကြောင်း လက်မှတ်ကို နည်းလမ်းတကျ လက်မှတ်ရေးထိုး၍ ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အားလည်းကောင်း ထုတ်ပေးရမည်။

(၃) ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲငယ်စိပ်(က)အရ ရေးမှတ်ထားသည့် ရေးသွင်းချက်များ၏ မိတ္တူမှန်တစ်စောင်ကို ချေးငွေထုတ်ပေးမည့် နေ့ရက်တွင် ငွေချေးယူသူအား သို့မဟုတ် ယင်း၏ကိုယ်စားလှယ်အား ပေးရမည်။

(၄) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူက သို့မဟုတ် ထိုသူ၏ကိုယ်စားလှယ်က

D/real(wide) (5

လက်မှတ်ရေးထိုးသည့် ငွေစာရင်းရှင်းတမ်းတစ်ခုကိုငွေပြန်ဆပ်သည့် အချိန်တွင်ငွေချေးယူသူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်အားပေးရမည်။ ထို့ပြင် ထိုရှင်းတမ်းကို ရေးသားသည့်နေ့ရက်အထိ အရင်းနှင့် အတိုးအတွက် ထိုငွေချေးယူသူက ပေးဆပ်ရန်ကျန်ရှိနေသော ငွေပမာဏကိုလည်းကောင်း၊ ထိုရှင်းတမ်းနှင့် သက်ဆိုင်သည့် အချိန်ကာလအတွင်းတွင် ချေးငွေနှင့် စပ်လျဉ်း၍ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူ ပြန်လည်ရရှိသည့် ငွေအသီးသီးနှင့် ထိုငွေအသီးသီးပေးဆပ်သည့် နေ့ရက်ကိုလည်းကောင်း၊ ထိုရှင်းတမ်း၌ ဖော်ပြရမည်။

(၅) အပေါင် သို့မဟုတ် အာမခံထားသည့် ပစ္စည်းအသီးသီးရရှိကြောင်းလက်မှတ်ကို ထိုပစ္စည်းအကြောင်းအရာ ယေဘုယျ ဖော်ပြချက်နှင့်တကွ ထိုပစ္စည်းကို ငွေမည်မျှနှင့်အပေါင် သို့မဟုတ် အာမခံထားကြောင်း ဖော်ပြလျက် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူကဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုး၍ ငွေချေးယူသူအားပေးရမည်။

(၆) ချေးငွေကို အပြေအကျေပေးဆပ်ပြီးလျှင်ပြီးချင်း ထိုချေးငွေကို ပြန်၍ ပေးဆပ်မှု

ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၄ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၂)
အထွေထွေ

၃၁။ ၁၉၄၅ ခုနှစ်၊ ငွေတိုးချေးစားသူများအက်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်အတည်ဖြစ်သည့် ကာလအပိုင်းအခြားသည် ဤဥပဒေအာဏာတည်သော နေ့ရက်မှစ၍ စေ့ကုန်သည်ဟု မှတ်ယူရမည်။

၃၂။ ချေးငွေ ပဋိညာဉ်တစ်ခုခုတွင်သော်လည်းကောင်း၊ အပေါင်စာချုပ်တစ်ခုခုတွင် သော်လည်းကောင်း ဆန့်ကျင်ကွဲလွဲသည့်အချက်မည်သို့ပင်ပါရှိစေကာမူ အပေါင်ပစ္စည်း သို့မဟုတ် အာမခံပြုထားသည့် ပစ္စည်းပြန်လည်ရွေးယူခွင့်ရှိသည့် ကာလအပိုင်းအခြားမှာ တည်ဆဲဥပဒေတွင် ပစ္စည်းအမျိုးအစားအလိုက် သတ်မှတ်သည့် အတိုင်းဖြစ်ရမည်။ ဤပုဒ်မပါ သတ်မှတ်ချက်များသည် တည်ဆဲဥပဒေနှင့်အညီ အပေါင်ဆိုင်လိုင်စင်ရသူထံ ပေါင်နှံထားသည့် ပစ္စည်းများနှင့် မသက်ဆိုင်စေရ။

၃၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာဥပဒေ သို့မဟုတ် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ လုပ်ကိုင်ခွင့်ပြုထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်

D/real(wide) (5

ခွင့်ပြုချက်ရရှိထားခြင်းမရှိသူသည် ဤဥပဒေအရလိုင်စင် ရယူရမည်။

၃၄။ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀ တို့အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၃၅။ အသေးစားချေးငွေလုပ်ငန်းအား စစ်ဆေးရန်လိုအပ်သည့် အခြေအနေတွင် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် ထိုအဖွဲ့မှတာဝန်ပေးအပ်သောသူသည် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းနှင့် သက်ဆိုင်သည့် ငွေစာရင်းနှင့်လုပ်ငန်းများကို စစ်ဆေးနိုင်သည်။

၃၆။ The Money Lenders Act, 1945 အရထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးအဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမှုအားလိုအပ်ပါက ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။ (ပုံ) ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (5

အတွက် ရယူထားသော စာချုပ်စာတမ်းအသီးသီးနှင့်တကွ အပေါင် သို့မဟုတ် အာမခံပစ္စည်းအားလုံးကို ငွေချေးယူသူ အားပြန်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပေးအပ်သော ငွေစာရင်းတွင် ရေးသွင်းချက်များ၏ မိတ္တူမှန် သို့မဟုတ် ငွေစာရင်းရှင်းတမ်းမိတ္တူကို ငွေချေးယူသူအား ပေးရသည့်အတွက် အခကြေးငွေမတောင်းရ။

၂၆။ အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် တည်ဆဲဥပဒေတစ်ရပ်ရပ် သို့မဟုတ် ပဋိညာဉ်တွင် ဆန့်ကျင်ကွဲလွဲသည့် အချက်မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေစတင် အာဏာတည်ပြီး နောက် ထုတ်ချေးသည့်ငွေများအတွက် နှစ်ထပ်တိုးမယူရ။

၂၇။ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်ရာတွင် ဖြည့်သွင်းရေးသားရန် ကွက်လပ်တစ်ခုခုချန်၍ စာချုပ်စာတမ်းများကို ငွေချေးယူသူ သို့မဟုတ် ငွေချေးယူသူဖြစ်ရန် ကြံရွယ်သူထံမှ ယူမထားရ။

၂၈။ အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်သူသည် မိမိလုပ်ကိုင်သည့် အသေးစားချေးငွေလုပ်ငန်းနှင့် စပ်လျဉ်း၍ စာရင်းများကို အစစ်ဆေးခံရန် ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိသူကိုသာ တင်ပြရမည်။

အခန်း (၁၁)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၉။ မှတ်ပုံတင်ထားသည့် အသေးစားချေးငွေလုပ်ငန်း လုပ်ကိုင်သူသည် ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆ (က)အရ ဤဥပဒေကြမ်းကို စိစစ်ရန်ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာ ကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ကော်မတီရဲ့အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပါမယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့် စပ်လျဉ်း ပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့်အချက်များကို ပြည်နယ် လွှတ်တော်ရုံးသို့ (၃၀-၄-၂၀၁၈)ရက်နေ့ အရောက်ပေးပို့ ကြပါရန် အသိပေး ပြောကြားလိုပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ “ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီး ကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်”အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးက အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ“**ရွာငံမြို့နယ်၊မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်”**

မြို့နယ်၊ မြစ်သားမြို့နယ် တို့၏ အစပ်တွင်တည်ရှိပြီး မြို့ကြီးကျေးရွာ၊ ကျွန်းကြီးကျေးရွာ၊ ဆည်ရွာကျေးရွာတို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်း၊ လုံခြုံရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရွာငံမြို့နယ်နှင့် အလှမ်းဝေးလျက်ရှိပြီး ဌာနဆိုင်ရာ များနှင့် ဆက်သွယ်ရာတွင်လည်း အလှမ်းကွာဝေးလျက်ရှိပါတယ်။ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာ အဆိုပါကျေးရွာ သုံးရွာအားပေါင်း၍ မြို့ကြီးမြို့အဖြစ် တိုးမြင့်ပေး မည်ဆိုပါက မြို့ကြီး၊ ကျွန်းကြီး၊ ဆည်ရွာများတွင်ရှိသော ဒေသခံများ မှာလည်း ဌာနဆိုင်ရာများနှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူ လျင်မြန်လာပြီး မြို့ဖြစ်လာပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် မြို့အဂီါရပ်နှင့်အညီ အောက်ပါအချက်အလက်များနှင့် တင်ပြသွား မှာဖြစ်ပါတယ်-

မြို့ကြီးကျေးရွာအား မြို့အဖြစ်သတ်မှတ်သည့် ဧရိယာ အတွင်း ပါဝင်သည့် ကျေးရွာအုပ်စုများမှာ မြို့ကြီးကျေးရွာအုပ်စုတွင် အုမ္မကျေးရွာ၊ ထန်တောကျေးရွာ၊ ချောင်းနီးဆုံကျေးရွာ၊ ကင်းသစ် ကျေးရွာ၊ ယာသီးကျေးရွာပါဝင်ပြီး ကျွန်းကြီးကျေးရွာအုပ်စုတွင် ကျွန်းကြီးကျေးရွာ၊မြစ်ဆုံကျေးရွာ၊ ဆည်ရွာကျေးရွာအုပ်စုတွင် ဆည်ရွာကျေးရွာတို့ ပါဝင်ပါတယ်။ အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေအနေဖြင့် မြို့ကြီးကျေးရွာအုပ်စုတွင် အိမ်ခြေ(၇၈၃)အိမ်၊ အိမ်ထောင်စု(၈၀၁)စု၊ လူဦးရေ(၃၅၀၄)ဦး၊ ကျွန်းကြီးကျေးရွာ အုပ်စုတွင် အိမ်ခြေ(၅၁၁)အိမ်၊ အိမ်ထောင်စု (၅၃၃)စု၊ လူဦးရေ (၂၁၇၅)ဦး၊ ဆည်ရွာကျေးရွာအုပ်စုတွင် အိမ်ခြေ(၂၇၅)အိမ်၊ အိမ်ထောင်စု (၂၇၅)စု၊ လူဦးရေ(၁၃၅၁)ဦး၊ ကျေးရွာအုပ်စု(၃) အုပ်စု စုစုပေါင်းမှာ အိမ်ခြေ(၁၅၉၁)၊ အိမ်ထောင်စု (၁၀၆၉)စု၊ လူဦးရေ (၇၀၃၀)ကျော် နေထိုင်ကြပါတယ်။ မြို့အဂီါရပ်နှင့်အညီ ဌာနဆိုင်ရာ များမှ ရဲကင်း(၁)ခု၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်

D/real(wide) (5

ကျန်းမာရေးဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခု၊ မြို့ကြီးကျေးရွာတွင် အ. ထ. က ကျောင်း(၁)ကျောင်း၊ ကျွန်းကြီးကျေးရွာတွင် အ. လ. က ကျောင်း(၁)ကျောင်း၊ ဆည်ရွာကျေးရွာတွင် အ. လ. ကကျောင်း(၁)ကျောင်း၊ အရန်မီးသတ်ရုံး(၁)ရုံး၊ မြို့နယ်စာတိုက်မှ စာတိုက်ခွဲ(၁)ခု၊ မြို့ကြီးဆည် စသည်တို့ရှိပြီးဖြစ်ပါတယ်။ အဆိုပါဌာနဆိုင်ရာများ မြို့အင်္ဂါရပ်နှင့်အညီ သတ်မှတ်လူဦးရေအချိုးအစားတည်ရှိပြီးဖြစ်သောကြောင့် မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာအုပ်စု ၎င်းကျေးရွာအုပ်စု(၃)ခုအားစုပေါင်း၍ မြို့ကြီးမြို့အဖြစ် တိုးမြှင့်ပေးမည်ဆိုပါက ဒေသခံပြည်သူများနှင့် အစိုးရဌာနများခြိတ်ဆက်ရာတွင်ချောမွေ့စေမည်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးကိစ္စရပ်များထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသဖြင့် ဒေသခံများကိုယ်စား မြို့ကြီး ကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန် အဆိုကို လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် တင်ပြဖို့ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုးတင်သွင်းတဲ့ **“ရွာငံမြို့နယ်အတွင်းရှိ မြို့ကြီးကျေးရွာအုပ်စု၊**

အဆိုဖြစ်ပါတယ်။ ယခုအဆိုကို ဦးအေးမင်းစိုးက တင်သွင်းဖို့ဖြစ်ပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး ဖြစ်ပါတယ်။ ယနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ကျွန်တော့် အနေနဲ့ **“ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာ အုပ်စု၊ ဆည်ရွာကျေးရွာအုပ်စု များမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီး ကျေးရွာအား မြို့ကြီးမြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်”** အဆိုကို တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံမြို့နယ်ဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ပါဝင်သော မြို့တစ်မြို့ဖြစ်ပါတယ်။ မြို့နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း(၁၀၂၅. ၉၆)ရှိပြီး မြို့ပေါ်ရပ်ကွက်(၃)ရပ်ကွက်၊ ကျေးရွာအုပ်(၄၈)အုပ်စု၊ ကျေးရွာပေါင်း (၁၂၅)ရွာ ဖြင့်ဖွဲ့စည်းထားကာ လူဦးရေ(စာ၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ယခု အဆိုတင်သွင်းသည့် မြို့ကြီးကျေးရွာဟာ ရွာငံမြို့၏ မြောက်ဘက်(၃၁) မိုင် (၆) ဖာလုံခန့်အကွာတွင် တည်ရှိပြီး ရွာငံမြို့နယ်မှ တောင်ကုန်း-တောင်တန်းများအား ကျော်ဖြတ်သွားရသော ကျေးရွာတစ်ခုဖြစ်ပါတယ်။ ၎င်းကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်

D/real(wide) (5

၁၁၃

ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"**အဆို ဖြစ်ပါတယ်။ ယခု ဦးဒါဝိဒ်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မဲဆန္ဒရှင် ပြည်သူများ၏ ဆန္ဒအရ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးနစ်နာမှုမရှိစေရေး"** အဆိုပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ပြုပြင်ပြောင်းလဲပြီး နိုင်ငံတော်သစ်တည်ဆောက်လျက်ရှိပါတယ်။ ထိုသို့သောလုပ်ငန်းများတွင်

၁၁၃

ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာ ကျေးရွာ အုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်" အဆိုကို လေးလေး နက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့်လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးအေးမင်းစိုးတင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **" ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာ အုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီး ကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူမှုဖြစ် ပါတယ်။ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါ သလားခင်ဗျား။

D/real(wide) (5

ပြည်သူ့ဘဏ္ဍာငွေအလုံးအရင်းဖြင့် ခေတ်မီတိုးတက်သည့် နည်းပညာများအသုံးပြု၍ အဆောက်အဦလုပ်ငန်းများလုပ်ကိုင်ခြင်း အတွက် ကုမ္ပဏီများသို့ တင်ဒါခေါ်ယူပြီး ဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။ ထိုသို့ခွင့်ပြုရရှိသော တင်ဒါအောင် ကုမ္ပဏီတစ်ခု၌သည် အမြတ်အစွန်းတစ်ခုတည်းကိုသာ ဦးတည် ဆောက်လုပ်ကြသဖြင့် အရည်အသွေးပြည့်မီသည့် အဆောက်အဦများဖြစ်လာခြင်း မရှိသည်ကို မဲဆန္ဒရှင် ပြည်သူများမှ ဝမ်းနည်းဖွယ်ရာ တွေ့ရှိနေကြပါတယ်။ ဥပမာအားဖြင့် ကျွန်တော်၏ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)အတွင်း ၂၀၁၇-၂၀၁၈ ပြည်နယ်ခွင့် ပြုရန်ပုံငွေ ကျပ်(၂၉၇)သန်းဖြင့် တည်ဆောက်နေသော မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့၏ (၁၅၀'×၄၀')RC (၂)ထပ် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေသည့် အိမ်မက်ရွာကုမ္ပဏီနှင့် မိုင်းဆတ် မြို့နယ်၊ မိုင်းခုတ်မြို့ မီးသတ်စခန်း ကျပ်(၄၂၊ ၉၉၇)သန်း RC (၁)ထပ် ဆောက်လုပ်နေသည့် ရွှေနန်းမြဧရာ ကုမ္ပဏီတို့၏ ဆောက်လုပ်ခြင်း လုပ်ငန်းများမှာ အရည်အသွေးပြည့်မီခြင်း မရှိသည်ကို ပူးတွဲတင်ပြပါမှတ်တမ်းများအရ တွေ့ရှိရပါတယ်။ ၎င်းအဆောက်အဦ လုပ်ငန်းများကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများစိစစ် ရေးကော်မတီနှင့် မြို့နယ်တည်ဆောက်ရေး လုပ်ငန်းများစိစစ်ရေးကော်မတီတို့မှ အရည်အသွေးစစ်ဆေးမှုများပြုလုပ်ပြီး လိုအပ်သည်များ ပြင်ဆင်ပေးရန် ညွှန်ကြားသော်လည်း ပြုပြင်ပြောင်းလဲပေးခြင်း မရှိသည်ကို တွေ့ရှိပါတယ်။ ၎င်းကုမ္ပဏီများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အရှိန်အဝါကိုယူပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာ ဌာနအဖွဲ့အစည်းများအပေါ် အလေးထားမှု မရှိသည်ကို တွေ့ရှိပါတယ်။ ထိုကုမ္ပဏီများသည် ဌာနေကုမ္ပဏီများ မဟုတ်ကြ၍ အမြတ်အစွန်းရရှိရေးကိုသာ ဦးတည်ခဲ့သောကြောင့် ကျွမ်းကျင်လုပ်သား များသုံးစွဲမှုမပြုခြင်း၊ အရည်အသွေးပြည့်မီသည့်

D/real(wide) (5

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးအေးမင်းစိုး တင်သွင်းသည့်အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းတဲ့အဆိုကို **၂၀၁၈ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)**မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေး ရပ်နားတဲ့အခါ ဒီကနေ့ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးပစ္စည်းများ သုံးစွဲမှုအားနည်းခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်းသုံးသပ်ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆောက်အဦများ ဆောက်လုပ်ပြီးစီး၍ နေထိုင်မည်ဆိုပါက အဆောက်အဦများ၏ ကြံ့ခိုင်မှုမှာ လွန်စွာအားနည်းလျက်ရှိပါသဖြင့် အဆောက်အဦတွင် နေထိုင်မည့် မီးသတ်ဝန်ထမ်းများ၊ မိသားစုဝင်များ၏ အသက်အန္တရာယ်မှာ လွန်စွာစိုးရိမ်ဖွယ်ရာရှိနေပါသဖြင့် အရည်အသွေးစိစစ်ပြီးမှသာ ဌာနမှလက်ခံသင့်ကြောင်း သုံးသပ်တင်ပြအပ် ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ရခြင်းကြောင့် မဲဆန္ဒရှင်ပြည်သူများ၏ရင်တွင်းတွင် ပေးကားပေး၏ မရဆိုသကဲ့သို့ ဖြစ်နေပါတယ်။ ၎င်းဖြစ်စဉ်တွင် ဌာနေကုမ္ပဏီတစ်ခုခုသာ တင်ဒါရရှိခဲ့ပါက မိမိမြို့၊ မိမိနယ်မြေအတွင်း အကျိုးရှိစွာ ဆောက်လုပ်ကြမည့်အပြင် လိုအပ်သည်များကို ချက်ချင်း ပြုပြင် ပြောင်းလဲပေးနိုင်ကြမည် ဖြစ်ပါတယ်။ ၎င်းအပြင် ဌာနေကုမ္ပဏီ၏ ဂုဏ်သိက္ခာအရ တိုင်းရင်းသားအများစုစုပေါင်းနေထိုင်ကြသည့် ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြမည် ဖြစ်ပါတယ်။ ဌာနေအတွင်းရှိ တိုင်းရင်းသားအလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာပြီး စားဝတ်နေရေး၊ လူမှုရေးများ တိုးတက်လာမည်ပင် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လာမည့် ဘဏ္ဍာရေးနှစ်များတွင် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာမှုမရှိစေရေးအတွက် ဌာနေကုမ္ပဏီများသို့ တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်ချမှတ်ပေးသင့်ကြောင်းအဆိုပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဖြစ်ပါတယ်။ ၎င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။အဆိုကို လက်ခံဆွေးနွေးရန်သဘောမတူသည့်ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးဒါဝိဒ်တင်သွင်းသည့်အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းတဲ့အဆိုကို **၂၀၁၈ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)**မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ် လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

D/real(wide) (5

၁၂၀

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (ဒုတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး(ပထမနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို သန်ဘက်ခါ **၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက် (ဗုဒ္ဓဟူးနေ့)** နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

D/real(wide) (6

၁၁၈

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းကျောက်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျောက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ် ဦးဒါဝိဒ်တင်သွင်းသော **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကိုလေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်း အဆိုကိုလက်ခံ ဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌ ကကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဒါဝိဒ်တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူမှာ

၁၂၁
ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(ဒုတိယနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်
[ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦးလက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

D/real(wide) (6

၁၂၃
ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၏ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃) ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏(၈၇ ၊ ၄၁)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(၈)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

၁၂၈

အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မဂ်လာပါခင်ဗျား။ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၈-၃-၂၀၁၈)ရက်နေ့ (ဒုတိယနေ့)မှာ အစည်း အဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များမှာ-

(၁) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်

D/real(wide) (6

၁၂၂

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

အခမ်းအနားမှူး။ အားလုံးမဂ်လာပါရှင်။ လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါ သဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများ တွင် နေရာယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ရှင် ။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထား သော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒအရလည်းကောင်း၊ ပြည်သူများ၏ ပညာရည်တိုးတက်မြင့်မားလာစေရေးနှင့် အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်းကောင်း ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။

ဆောင်ရွက်ရန်အတွက်ခွင့် (၁)ရက်။

(၂) ဦးကိန်မိုင်၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက်ခွင့် (၃)ရက်။

(၃) ဦးကျကဇော်၊ မက်မန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့် (၃)ရက်။

(၄) ဒေါက်တာထွန်းလှိုင်၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက်ခွင့်(၁)ရက်။

(၅) ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထွန်း၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက်ခွင့် (၁)ရက်။

(၆) ဗိုလ်ကြီးကျော်ဇင်အောင်၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၂)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၈)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

D/real(wide) (6

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်အတွင်း အခြေခံပညာ အထက်တန်းကျောင်း (၂)ကျောင်း၊ တွဲဖက်အခြေခံပညာအထက် တန်းကျောင်း(၃)ကျောင်း၊အခြေခံပညာအလယ်တန်းကျောင်း(၂)ကျောင်း၊ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း (၁)ကျောင်း၊ အခြေခံ ပညာမူလတန်း(မူလွန်)(၈)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၃၇)ကျောင်း၊ အခြေခံပညာမူလတန်း (ခွဲ) (၁၉)ကျောင်းနှင့် ဘုန်းတော်ကြီးပညာသင်ကျောင်း(၂) ကျောင်းတို့တွင် ကျောင်းသား/ ကျောင်းသူပေါင်း (၉၅၈၃)ဦးအား ဆရာ/ ဆရာမ (၃၆၄)ဦးတို့ဖြင့် ပညာသင်ကြားပေးလျက်ရှိပါတယ်။

ထိုသို့သော ကျောင်းများထဲတွင် မိုင်းဆတ်မြို့၊ ဝိန်းဝိုင် ရပ်ကွက်ကြီး၊ နားကောရပ် အခြေခံပညာအလယ်တန်းကျောင်း သည်လည်း အပါအဝင်ဖြစ်ပါတယ်။ ၎င်းကျောင်းတွင် ကျောင်းသူ၊ ကျောင်းသား(၄၄၂)ဦးရှိပြီး ၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှစ၍ ကျောင်းအုပ်ကြီးနှင့် အလယ်တန်းပြဆရာမ(၁)ဦးသည် ပြောင်းရွှေ့ သွားခဲ့ပြီး အခြေခံကွန်ပျူတာဆရာ(၁)ဦးမှာ ခန့်ထားပေးခြင်းမရှိပါ သဖြင့် ကျောင်း၏ ပညာတိုးတက်မှုအခြေအနေမှာ ကျဆင်းလျက်ရှိ သည်ကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ အဓိကရည်မှန်းချက်တစ်ခုဖြစ်သော ဘက်စုံတိုးတက်မြင့်မားသည့် ပညာရေးစနစ်တည်ဆောက်နေချိန်တွင် မိုင်းဆတ်မြို့ရှိ တိုင်းရင်းသားများ၏ ရင်သွေးငယ်များ အလေးထားပညာသင်ယူ နေသော နားကောအခြေခံအလယ်တန်းကျောင်း၏ ကျဆင်းနေ သည့် ပညာရည်အဆင့်တန်းမြင့်မားလာစေရေးအတွက် လစ်လပ် နေသော နေရာမှ အရေးတကြီးလိုအပ်နေသည့် ကျောင်းအုပ်ကြီး (၁)ဦး၊ အလယ်တန်းပြ (၁)ဦးနှင့် အခြေခံကွန်ပျူတာ ဆရာ

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး၊ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၁၈) ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

D/real(wide) (6

(၁)ဦးအား (၂၀၁၈-၂၀၁၉)ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ပါရန်နှင့် ခန့်ထားပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုရုံသေလေးစားစွာဖြင့် မေးမြန်း တင်ပြခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်ရဲ့ မိုင်းဆတ်မြို့၊ နားကောအခြေခံပညာအလယ်တန်းကျောင်းတွင် အရေးတကြီးလိုအပ်နေသည့် ကျောင်းအုပ်ကြီး(၁)ဦး၊ အလယ်တန်းပြ(၁)ဦး ၊ အခြေခံကွန်ပျူတာဆရာ(၁)ဦးအား (၂၀၁၈-၂၀၁၉)ပညာသင်နှစ်တွင် ခန့်ထားပေးနိုင်ပါရန်နှင့် ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်ဆိုသော မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ နားကောအခြေခံပညာအလယ်တန်းကျောင်းတွင် ၂၀၁၈ ခုနှစ်၊ မတ်လ စာရင်း အရ မူလတန်းအဆင့် ကျောင်းသား/သူ ဦးရေ(၂၃၈)ဦး၊ အလယ်တန်း အဆင့်ကျောင်းသား/သူ ဦးရေ (၁၆၆)ဦး၊ စုစုပေါင်း ကျောင်းသား/သူ (၄၀၄)ဦးရှိပါသည်။ အလယ်တန်းဆင့် သင်ဆရာ/ဆရာမ(၇)ဦး၊ မူလတန်းဆင့်သင်ဆရာ/ဆရာမ (၅)ဦး၊

(၁)မှ ဦးခိုင်ညီညီကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အတွင်းရှိ ရတနာပုံကျေးရွာတွင် သောက်သုံးရေခက်ခဲမှုနှင့် ပတ်သက်ပြီး မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရတနာပုံအနောက်ကျေးရွာ၊ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာတွင် တည်ရှိပြီး ရပ်စောက်-ရွှေညောင် ကားလမ်းမကြီး၏ဘေးတွင်တည်ရှိသော ကျေးရွာဖြစ်ပါတယ်။ အဆိုပါရွာသည် ၁၉၆၂-၆၃ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါအိမ်ခြေပေါင်း (၄၈၀)၊ လူဦးရေ (၂၅၀၀)ကျော်နေထိုင်လျက်ရှိပါတယ်။ ၁၉၉၆ ခုနှစ်က ၎င်းရွာ၏ ရေရရှိရေးအတွက် (UNDP)၏အစီအစဉ်ဖြင့် ဆီဆုံရေထွက်မှ (၂)မိုင်ခန့် ကွာဝေးသော ရတနာပုံရွာသို့ (၂)လက်မ ရေပိုက်ဖြင့် ဆက်သွယ်ပေးထားပါတယ်။ ရွာ၏စာသင်ကျောင်းအနီးတွင် ရေဂါလံ (၁၃၀၀၀)ခန့်ဆံ့သော ရေကန်အား တည်ဆောက် ထားပြီး ကျေးရွာအတွင်းသို့ ရေငုတ်တိုင်များဖြင့် ဖြန့်ဝေထားရှိပါတယ်။ ယခုအခါတွင် နှစ်ပေါင်းများစွာကြာမြင့်လာသည့်အတွက် ဆီဆုံရေထွက်မှ ရေနည်းပါးလာခြင်း၊ ဆက်သွယ်ထားသော ရေပိုက်အတွင်းတွင် အမှိုက်သရိုက်၊ နှုန်း၊ အနည်အနှစ်များပိတ်ဆို့ခြင်းနှင့် လူဦးရေတိုးတက် များပြားလာမှုကြောင့် သောက်သုံးရေမှာ လုံလောက်မှုမရှိဘဲ အလှည့်ကျ အချိန်ပိုင်းစနစ်ဖြင့် သုံးစွဲနေရပါတယ်။ ထို့ကြောင့် အဆိုပါ ကျေးရွာရှိပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရန် အတွက် ရေအရင်းအမြစ်ဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေး နှစ်တွင် မြေအောက်ရေတူးပေးခြင်းနှင့် ကျေးရွာအတွင်း လုံလောက်စွာ ဖြန့်ဝေပေးရန် ရှိ/မရှိအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

D/real(wide) (6

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ ဦးခိုင်ညီညီကျော် မေးမြန်းတဲ့ ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ရတနာပုံ (အနောက်)ရွာတွင် သောက်သုံးရေ ခက်ခဲလျက်ရှိပါသဖြင့် ရေအရင်းအမြစ်ဦးစီးဌာနမှ မြေအောက်ရေတူးဖော်ပေးခြင်းနှင့် ကျေးရွာတွင် ဖြန့်ဝေပေးပါရန် ရှမ်းပြည်နယ်အစိုးရမှ ဆောက်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး၊ ဦးစိုင်းလုံကျော်အနေနဲ့ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင် ကျေးရွာအုပ်စု၊ ရတနာပုံ(အနောက်)ရွာတွင် သောက်သုံးရေ ရရှိရေးအတွက် ကွင်းဆင်း လေ့လာတိုင်းတာပြီး ၆ လက်မ စက်/ရေတွင်း တူးဖော်နိုင်ရန် ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

စာရေးအဆင့်-၁(၁)ဦး၊ ရုံးအကူ(၁)ဦး၊ သန့်ရှင်းရေး(၁)ဦး၊ စုစုပေါင်း (၁၅)ဦးခန့်ထားပြီး ဖြစ်ပါသည်။ ကျောင်းအုပ်ကြီး (၁)ဦး၊ အလယ်တန်းပြ (PGDMA) (၁)ဦး၊ အလယ်တန်းပြ(ကာယ) (၁)ဦး၊ စုစုပေါင်းအရာရှိနှင့် အခြားအဆင့်(၄)ဦး လစ်လပ်လျက်ရှိပါတယ်။ အလယ်တန်း ကျောင်းအုပ် (ပညာရှင်အဆင့်-၄)ခန့်ထားနိုင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် စာမေးပွဲ ဖြေဆိုထားသော အထက်တန်းပြ ဆရာ/ ဆရာမ များထဲမှ အောင်မြင်သူများကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီ ခန့်ထားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက် ထားပြီးဖြစ်ပါသည်။

အလယ်တန်းပြ(PGDMA) (၁)ဦးနှင့် အလယ်တန်းပြ (ကာယ) (၁)ဦး ခန့်ထားနိုင်ရေးအတွက် ပြည်နယ်ပညာရေးမျူးရုံး(ရုံးခွဲ)၊ ကျိုင်းတုံမြို့၏ ၂၀-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ စိတ် (၁-က)/ ၆၁၉ / လွှတ်တော်(ရှမ်း)(၁၈)ဖြင့် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့တင်ပြထားပါကြောင်း ဖြေကြားအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်

D/real(wide) (6

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာကြတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာရွှင်လန်း ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့မေးမြန်းမဲ့မေးခွန်းကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်နှင့် ကျောက်မဲမြို့နယ်ရှိ ကျေးရွာအုပ်စု (၁၂)အုပ်စုတွင် ဆက်သွယ်ရေး တာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းပြီး လူထုကိုယ်စား တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် အနောက်ဘက်ခြမ်းဖြစ်သည့် အနောက်ကင်းကျေးရွာအုပ်စု၊ မြို့သစ်ကျေးရွာအုပ်စု၊ နမ့်တွေကျေးရွာအုပ်စု၊ ပန်နင်းကျေးရွာအုပ်စု၊ ကျောက်ဖြူလေး ကျေးရွာအုပ်စု၊ အုမ်းစွန်ကျေးရွာအုပ်စု၊ ကယားကြီးကျေးရွာအုပ်စု၊ မန်လုံးကျေးရွာအုပ်စု၊ ဟူးမန်းကျေးရွာအုပ်စုနှင့် ကျောက်မဲမြို့နယ် ဟဲစမ်းကျေးရွာအုပ်စု၊ မန်ခေါက်ကျေးရွာအုပ်စု၊ ကောင်းကလောင်း ကျေးရွာအုပ်စု(၁၂)စုတို့မှ လူဦးရေ (၁၅၀၀၀)ခန့်သည် ဆက်သွယ် ရေးဖုန်းလိုင်း မရရှိကြပါ။ နမ့်ဆန်မြို့ အနီးပတ်ဝန်းကျင်တွင် (MPT) တာဝါတိုင် (၃)တိုင်ရှိသော်လည်း အဆိုပါကျေးရွာများအတွက် လွှမ်းခြုံမှုမရှိပါ။

ခင်ဗျား။ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမှ မေးမြန်းလာတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် နဲ့ ကျောက်မဲမြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စု (၁၂)အုပ်စုတို့အား ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ် ရှိ/ မရှိကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေး မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့နယ်၊ ဇယန်းကြီးကျေးရွာအုပ်စု၊ ပန်လော့ကျေးရွာတွင် (SHN 00324) ၊ အမြင့်(45 မီတာ) ရှိတဲ့ တာဝါတိုင်ကို တည်ဆောက်ပြီးစီးပြီးဖြစ်ပါတယ်။ သို့သော်လည်း စက်ပစ္စည်းများ တပ်ဆင်နိုင်ရန်အတွက် (ZTE) ကုမ္ပဏီမှ စက်ပစ္စည်းများရောက်ရှိခြင်း မရှိသေးသည့်အတွက် စက်တပ်ဆင်ရန် ကြန့်ကြာနေခြင်းဖြစ်သဖြင့် တာဝါတိုင် တည်ဆောက်ပြီးစီးပါက နမ့်ဆန်မြို့နယ် အနောက်ဘက်ခြမ်းဖြစ်သည့် ကျေးရွာအုပ်စုများတွင် GSM မိုဘိုင်းဖုန်း အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ကျောက်မဲမြို့နယ်၊ ဟဲစမ်းကျေးရွာအုပ်စု၊ မန်ခေါက်ကျေးရွာအုပ်စု၊ ကောင်းကလောင်းကျေးရွာအုပ်စု (၁၂)အုပ်စု၊ လူဦးရေ (၁၅၀၀၀)ကျော်၏ ဆက်သွယ်မှုကောင်းမွန်စေရန် GSM တာဝါတိုင် တည်ဆောက်ခွင့်ရရှိရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ လားရှိုးမြို့မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ ၁၉-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ စမက/ နပည- မဘ/ ၂၀၁၇-၂၀၁၈/ ၁၈၈၅ ဖြင့်တင်ပြထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

D/real(wide) (6

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစဝ်အောင်မြတ် ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅)အရ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်များမှ ကောက်ခံရတဲ့ အခွန်အခများမှာ ပထမအကြိမ် လွှတ်တော်တွင် (၁၉)ခုရှိရာမှ ၂၀၁၅ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၅) ပြင်ဆင်ချက်အရ (၃၉)ခုအထိ တိုးမြှင့်ကောက်ခံလာနိုင်ပြီဖြစ်ပါသည်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ကောက်ခံရတဲ့ အခွန်အခပုဒ်မ ၂၅၄ ကို ရည်ညွှန်းပြီး မြေယာခွန်၊ ယစ်မျိုးခွန်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံခန့်ခွဲခွင့် ရှိသည့် ဆည်မြောင်း၊ တာတမံအရင်းခံသည့် ရေခွန်၊ တာတမံခွန်နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ခြင်း ဖြင့်ရရှိသည့် လျှပ်စစ်ဓါတ်အားသုံးစွဲခများသည် ရှမ်းပြည်နယ်၏ အခွန်အခစာရင်း များထဲတွင် ပါဝင်မည်ဖြစ်ပါတယ်။ အမှတ်စဉ် (၁၉)အထိသည် ပထမအကြိမ်

D/real(wide) (6

လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အုပ်ချုပ်ရေးအတွက် နမ့်ဆန်မြို့နှင့်သော်လည်းကောင်း၊ ကျောက်မဲမြို့နှင့်သော်လည်းကောင်း မည်သို့မှ ဆက်သွယ်၍မရနိုင်ပါ။ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲကြုံတွေ့နေရပါတယ်။

Globalization ခေါ် ကမ္ဘာရွာကြီးလို့ တင်စားခံရတဲ့ ယခုလိုခေတ်ကြီးမှာ ၎င်းတို့ကျေးရွာအတွက် ဘာမှမပတ်သက်သလိုဖြစ်နေပါတယ်။ နမ့်ဆန်မြို့နယ်၏ အနောက်ဘက်ခြမ်းတွင် ပေပေါင်း (၇၀၀၀)ကျော်မြင့်မားသော တောင်ရိုးဘုရားကုန်းရှိပါတယ်။ ၎င်းဘုရားကုန်းပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင်စိုက်ထူပါက ၎င်းကျေးရွာများအတွက် ဆက်သွယ်ပြောဆိုမှုများစွာ အဆင်ပြေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဖော်ပြပါ ကျေးရွာအုပ်စု (၁၂)အုပ်စု၊ လူဦးရေ (၁၅၀၀၀)ကျော်အတွက် ဆက်သွယ်ပြောဆိုရေး အဆင်ပြေစေရန် ဆက်သွယ်ရေးတာဝါတိုင်များ စိုက်ထူပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါတယ်။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့်ဆောင်ရွက်မပေးနိုင်သည်ကို သိလိုပါ၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဌာနကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်

လွှတ်တော်ဇယား(၅)တွင်ပါဝင်ခဲ့ သော စာရင်းများဖြစ်ပါတယ်။ အမှတ်စဉ် (၂၀)မှစ၍ ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း ဆောင်ရွက်ခွင့်ရှိသော အရင်းအနှီးဆိုင်ရာ အခွန်အခများပါဝင်လာပါတယ်။ အလားတူ အမှတ်စဉ် (၂၁)အရ ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ဆောင်ရွက်ခွင့်ရှိသည့် အာမခံ လုပ်ငန်းဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၂၂) အရ ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ဝင်ငွေခွန် ဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ် (၂၃)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ကုန်သွယ်လုပ်ငန်းဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၂၄)အရ ပြည်ထောင်စုမှပြဋ္ဌာန်း ထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် အခွန်၊ အကောက်ဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၂၅)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ဟိုတယ်နှင့် တည်းခိုခန်းဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၂၆)အရ ပြည်ထောင်စု မှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၂၇)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် စာချုပ်စာတမ်း၊ မှတ်ပုံတင်ဆိုင်ရာ

ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် စက်လှေ၊ သဘော်တည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် ရွှေလီမြစ်နှင့် ပတ်သက်ပြီး ဆက်စပ်နေသော မိုးမိတ်၊ မဘိမ်းဘက်တွင် အနည်းငယ်ရှိနိုင်ပါတယ်။ အင်းထဲတွင်(၂၅)ကောင်အောက် စက်လှေနှင့်ပတ်သက်ပြီး အခွန်အခများသတ်မှတ်မှာဖြစ်ပါတယ်။ အမှတ်စဉ်(၃၅)အရ ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အခွန်အခများ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ လေကြောင်းဆိုင်ရာ သယ်ယူပို့ဆောင်ခနှင့် ပတ်သက်ပြီး ပုဂ္ဂလိကသို့ လုပ်ကိုင်ခွင့်ပေးပြီးပါက သက်ဆိုင်ရာ ပြည်နယ် အစိုးရက ကောက်ခံရရှိမယ့် အခွန်အခ ဖြစ်လာမှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၃၆)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် အိမ်ရာနှင့် အဆောက်အဦဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၃၇)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ကိုယ်ပိုင်ကျောင်းများ၊ သင်တန်းများဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၃၈)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများဆိုင်ရာ အခွန်အခများ ဖြစ်ပါတယ်။ အမှတ်စဉ်(၃၉)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ်

D/real(wide) (6

ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် စာပေ၊ သဘင်၊ ဂီတ၊ ရိုးရာပန်း၊ ရုပ်ရှင်၊ ဗီဒီယိုဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ စုစုပေါင်း(၃၉)မျိုး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ကောက်ခံရမည့် အခွန်များကို သတ်မှတ်ပေးထားပါတယ်။ ဇယား(၅)အရ မူလကောက်ခံရန်(၁၉)မျိုးနှင့် ထပ်တိုးကောက်ခံရန်(၂၀)မျိုး၊ စုစုပေါင်း(၃၉)မျိုး ကောက်ခံရန် စီမံဆောင်ရွက်သွားနိုင်မည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၏ အခွန်၊ အကောက်၊ အခအရပ်ရပ် ဆိုင်ရာရရှိမှု အခြေအနေ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၁၆ဘဏ္ဍာရေးနှစ်ဝက်အတွက် ထုတ်ယူရရှိမှုစာရင်းဇယား များအရ တင်ပြခြင်းဖြစ်ပါတယ်။ ဖော်ပြပါဇယားနှင့် ပတ်သက်ပြီး ကျပ်သန်းပေါင်းနှင့် ဖော်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် ကောက်ခံရရှိငွေကို ဖော်ပြပါဌာနများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဆက်သွယ်ရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အာမခံဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့် ပတ်သက်ပြီး သယ်ယူပို့ဆောင်ရေးဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒါကတော့ လက်ရှိအခေါ်အဝေါ်ဖြစ်ပါတယ်။ ပြီးခဲ့သည့် ၂၀၁၄-၁၅ခုနှစ်တွင် ဌာန(၁၆)ခုမှ လျာထားသည့် အခွန်အခအကောက်အတွက်ကို ကျပ်သန်းပေါင်း (၂၃၈၃၁၆. ၅)သန်း လျာခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ကို ကျပ်သန်းပေါင်း (၂၂၉၆၃၆. ၉)သန်း သွင်းခဲ့ပြီး ပြည်နယ်

အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၂၈)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့် အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့် ရှိသည့် ပင်လယ်ကမ်းနီးငါးလုပ်ငန်းဆိုင်ရာ အခွန်အခ များဖြစ်ပါတယ်။ ယခင်ကတော့ ကမ်းဝေးကို ပြည်ထောင်စုမှ ကောက်ပြီး ကမ်းနီးကို ကောက်ယူခွင့် ပြုလိုက်တာ ဖြစ်ပါတယ်။ အမှတ်စဉ်(၂၉)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ရေနံ၊ သဘာဝဓါတ်ငွေ့ဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် မရှိသော်လည်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတွင်ရှိသော လက်ယက်တွင်းတွေနှင့် ပတ်သက်သည့် အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၃၀)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် သတ္တုနှင့် သတ္တုဆိုင်ရာ အခွန်အခများ ဖြစ်ပါတယ်။ အမှတ်စဉ်(၃၁)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ကျောက်မျက်ရတနာဆိုင်ရာ အခွန်အခများ ဖြစ်ပါတယ်။ အမှတ်စဉ်(၃၂)အရ ပြည်ထောင်စုမှပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းနှင့် အုပ်စု(၁) အမျိုးအစားတွင် ပါဝင်သော သစ်ယာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သက်နံးနက်၊ တမလန်းမှအပ ကျန်သစ်အမျိုးအစားနှင့် သက်ဆိုင်သော အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၃၃)အရ ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ ဆောင်ရွက်ခွင့်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ အခွန်အခများဖြစ်ပါတယ်။ အမှတ်စဉ်(၃၄)အရ

D/real(wide) (7

ဘတ်ဂျက်ကို ကျပ်သန်းပေါင်း (၁၄၁၄၂.၇၂)သန်း ပေးသွင်းနိုင်ခဲ့ပါတယ်။ စုစုပေါင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အနေနဲ့ ကျပ်သန်းပေါင်း (၂၄၃၇၇၉.၇)သန်း ကောက်ခံရရှိခဲ့တာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ဩဂုတ်လအထိ (၅)လတာကာလအတွင်း ရှမ်းပြည်နယ်တွင် အခွန်အခနှင့်ပတ်သက်ပြီးတော့ ကျပ်သန်းပေါင်း (၃၁၆၄၄၉.၂)သန်း ဖြစ်ပါတယ်။ ဩဂုတ်လထိ ကောက်ခံရရှိမှုကတော့ ပြည်ထောင်စုဘတ်ဂျက်အတွက်ကို ကျပ်သန်းပေါင်း(၁၅၁၂၁၄.၁)သန်း၊ ပြည်နယ်ဘတ်ဂျက်အတွက် ကျပ်သန်းပေါင်း (၆၅၃၈.၈)သန်း၊ စုစုပေါင်းကျပ်(၁၅၇၇၅၂.၉)သန်း ကောက်ခံရရှိပြီးဖြစ်ပါတယ်။ စာရင်းဇယားတွေကောက်နုတ်တင်ပြရတာက ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ နှစ်စဉ်ပြည်နယ်ဘတ်ဂျက်အတွက် ဖြည့်စွက်ပြီးထောက်ပံ့ပေးရတဲ့ငွေဟာ တစ်နှစ်ကို ပြီးခဲ့တဲ့ လက်ရှိ (၆)လပတ်မှာတော့ ကျပ်(၁၀၂)ဘီလီယံဖြည့်တင်းပေးရတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ကျပ်ဘီလီယံပေါင်း(၂၀၈) ဘီလီယံထိ ပြည်ထောင်စုမှဖြည့်စွက်ထောက်ပံ့ပေးခဲ့တာဖြစ်ပါတယ်။ ဒါတွေကလဲ ရှမ်းပြည်နယ်မှ ရရှိတဲ့ အကောက်အခွန်တွေကနေပြီးတော့ ရရှိမှုပေါ်မူတည်ပြီး ပြည်နယ်ဘတ်ဂျက်ကို ဖြည့်စွက်ပေးတာဖြစ်ပါတယ်။ ကောက်ခံရရှိတဲ့၊ ကောက်ခံခွင့်ရှိတဲ့ အခွန်အခတွေကလဲ (၃၉)မျိုးဖြစ်လာပြီဖြစ်ပါတယ်။ ရှမ်းပြည်နယ် အနေနဲ့လည်း သက်ဆိုင်ရာပြည်ထောင်စုက ပြဋ္ဌာန်းထားသော ဥပဒေနဲ့အညီ အခွန်အခအကောက်တွေကို သက်ဆိုင်ရာဌာန အလိုက် စနစ်တကျကောက်ခံဖို့အတွက်ကို ပြည်နယ်အစိုးရအဖွဲ့အနေနဲ့လည်းစနစ်တကျကြီးကြပ်သွားနိုင်မှာဖြစ်ပါတယ်။ သိရှိလိုတဲ့ မေးခွန်းအနေနဲ့ကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ

၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေအတွင်း ပြည်ထောင်စုမှ လွှဲပြောင်းပေးသော ရှမ်းပြည်နယ် အတွက် အခွန်ဝေစုမှာ ကျပ် (၂၉၀၈၉.၆၂)သန်းဖြစ်ပါသည်။

ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်း (၅)ခုထံမှ ကောက်ခံရရှိသည့် အခွန်ရငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း(၃၈၆၆.၇၄၁)ဖြစ်ပါသည်။ အဆိုပါအခွန်ရငွေစာရင်းများမှာ အစိုးရအဖွဲ့က ရေခွန်နှင့် တာတမံခွန် ကျပ်သန်းပေါင်း (၃၂.၅၂၀)သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ယစ်မျိုးခွန် ကျပ်သန်းပေါင်း (၇၃၃.၂၇၃)သန်း၊ မြေယာပေါ်တွင် ကောက်ခံသည့် အခွန် ကျပ်သန်းပေါင်း (၂၈၆.၉၅၆)သန်း၊ ဓါတ်သတ္တုပစ္စည်းခွန် ကျပ်သန်းပေါင်း (၁၀၀.၀၆၈)သန်း၊ ငါးလုပ်ငန်းဦးစီးဌာနက အင်းအိုင်ခွန် ကျပ်သန်းပေါင်း (၁၄.၃၅၅)သန်း၊ သစ်တောဦးစီးဌာနက သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အခွန် ကျပ်သန်းပေါင်း(၁၃၂.၃၅၁)သန်း၊ စည်ပင်သာယာရေးဌာနက ပစ္စည်းခွန် ကျပ်သန်းပေါင်း (၉၁၁.၁၈၈)သန်း၊ ဘီးခွန် ကျပ်သန်းပေါင်း(၂၇၃.၆၅၃)သန်း၊ အခွန်ဝေစု ကျပ်သန်းပေါင်း (၁၃၈၂.၃၇၇) သန်း၊ စုစုပေါင်းမှာ ကျပ်သန်းပေါင်း (၃၈၆၆.၇၄၁) သန်းဖြစ်ပါတယ်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ၂၀၁၈ခု၊ ဧပြီလမှ စက်တင်ဘာလ ဘဏ္ဍာရေးကာလအတွင်း ပြည်ထောင်စုမှ လွှဲပြောင်းပေးသော ရှမ်းပြည်နယ်အတွက် အခွန်ဝေစုမှာ ကျပ်သန်းပေါင်း (၂၁၄၈.၃၉၆)သန်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာနအဖွဲ့အစည်း (၅)ခုထံမှ ကောက်ခံရရှိရန် လျာထားချက်အခွန်ရငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း (၁၄၂၇.၈၅၉)သန်းဖြစ်ပါတယ်။

D/real(wide) (7

အဆိုပါ အခွန်ရငွေစာရင်းများမှာ အစိုးရအဖွဲ့မှ ရေခွန်နှင့် တာတမံခွန် ကျပ်သန်းပေါင်း (၁၂၊ ၉၁၇)သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ယစ်မျိုးခွန် ကျပ်သန်းပေါင်း (၄၉၅၊ ၃၀၆)သန်း၊ မြေယာပေါ်တွင်ကောက်ခံသည့် အခွန် ကျပ်သန်းပေါင်း (၁၉၂၊ ၀၅၅)သန်း၊ ဓါတ်သတ္တုပစ္စည်းခွန် ကျပ်သန်းပေါင်း (၅၁၊ ၂၄၉)သန်း၊ ငါးလုပ်ငန်းဦးစီးဌာနက အင်းအိုင်ခွန် ကျပ်သန်းပေါင်း (၆၊ ၈၈၈)သန်း၊ သစ်တောဦးစီးဌာနက သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အခွန် ကျပ်သန်းပေါင်း (၉၀၊ ၅၄၈)သန်း၊ စည်ပင်သာယာရေးဌာနက ပစ္စည်းခွန် ကျပ်သန်းပေါင်း(၄၅၉၊ ၂၈၃)သန်း၊ ဘီးခွန် ကျပ်သန်း ပေါင်း(၁၁၉၊ ၆၁၃)သန်း၊ စုစုပေါင်းမှာ ကျပ်သန်းပေါင်း (၁၄၂၇၊ ၈၅၉) သန်းဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေ ငွေစာရင်းများအား သက်ဆိုင်ရာဌာနများသို့ တောင်းခံထားဆဲဖြစ်ပါတယ်။ ဖြည့်စွက်တင်ပြလိုတာကတော့ ရှမ်းပြည်နယ်အနေဖြင့် ရသင့်ရထိုက်သည့်အခွန်အခများကို မှန်မှန်ကန်ကန်ရရှိနိုင်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြထားပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်က ဒုတိယ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်း

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ပါ ဇယား (၅) အရ ရှမ်းပြည်နယ် အတွင်းမှာ ကောက်ခံရမဲ့အခွန်အခ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွင်းမှာ ကောက်ခံရရှိခဲ့မှုအခြေအနေ၊ ပြည်နယ် ရန်ပုံငွေမည်မျှ ရရှိခဲ့ကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အခွန်အခ အကောက်လျာထားချက်ကို သိရှိလိုသည့်အတွက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းရွှေန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ဦးစဝ်အောင်မြတ်မှ မေးမြန်းသည့်မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွှေန်တစ်လုံမှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၅၄၊ ဇယား(၅)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ (၁၉)ခုရှိရာမှ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ချက်အရ(၃၉)ခုအထိ တိုးမြှင့်ကောက်ခံနိုင်မည် ဖြစ်ရာ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်တွင် အခွန်အခများ ကောက်ခံရရှိမှုအခြေအနေ၊ ပြည်နယ်ရန်ပုံငွေ မည်မျှရရှိခဲ့ကြောင်းနှင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်လျာထားချက်အား သိရှိလိုပါတယ်ဆိုတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနသို့ ၂၀၁၇-

D/real(wide) (7

နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမှာကတော့ ရှမ်းပြည်နယ်အတွင်းရှိ ၂၀၁၈ (Mini Budget) ပညာရေးဦးစီးဌာနက ချပေးထားသော ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ်သိန်းတစ်ရာ မကျော်သောကိစ္စနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းအဖြစ်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပြင်ဆင်ထိန်းသိမ်းစရိတ်ချပေးရာတွင် ကုမ္ပဏီကို ပေးထားခြင်းအားဖြင့် လွတ်တော်ကိုယ်စားလှယ်များ၏ အကြံပေးချက်အတိုင်း ဆောင်ရွက်မှုမရှိသည်ကို ကျွန်တော်သာဓက တစ်ခုအနေနဲ့ တင်ပြပါမယ်။ ညောင်ရွှေမြို့နယ်၊တောင်ခြေကျေးရွာအုပ်စု၊ အ. မ. က(မြောက်ကျောင်း)၊ ပြင်ဆင်ထိန်းသိမ်းစရိတ် ကျပ်(၇၈) သိန်းချထားပေးပါတယ်။ မြို့နယ်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေး ကော်မတီအဖွဲ့နှင့် သွားရောက်စစ်ဆေးရာတွင်တိုင်ဆွေးမြေ့နေသည့်အတွက် ဆောင်ရွက်ပေးရန် ကုမ္ပဏီကို အကြံပြုခဲ့ပါတယ်။ ကုမ္ပဏီမှ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သည်ကို ဝမ်းနည်းစွာတွေ့ရှိရပါ တယ်။ အဆိုပါကိစ္စမျိုးကို မြို့နယ်တိုင်းလိုလိုကြားသိနေရပါတယ်။ ၂၀၁၈ (Mini Budget)အတွင်းမှာ ရရှိထားတဲ့ ကျပ်သိန်းတစ်ရာမကျော်သည့် ပြင်ဆင်ထိန်းသိမ်းစရိတ်များနှင့် ပတ်သက်၍ တင်ဒါကုမ္ပဏီ များကို အရည်အသွေးပြည့်မီစေရန် မည်ကဲ့သို့စီမံချက်များ ထည့်သွင်းရေးဆွဲထားမှု၊ စစ်ဆေးမှုအပိုင်းကို မည်ကဲ့သို့ခွင့်ပြုထား သည်ကိုသိရှိလိုပါသဖြင့် လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

စစ်ချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစဝ်အောင်မြတ်ဖြစ်ပါတယ်။ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်းမှာရှိသည့် ရွာငံမြို့နယ်နှင့် ကျောက်ပုံကျေးရွာကို ဆက်သွယ်ထားသော ကျောက်ချောလမ်း (၃)မိုင်ကို ကျောက်ပုံကျေးရွာ၏အနီးနားတွင် နေထိုင်သော ကျေးရွာနေ တိုင်းရင်းသားပြည်သူတွေအတွက် ရွာငံမြို့ပေါ်နှင့် ဆက်သွယ်သွားလာရာတွင် အဓိကအသုံးပြုနေ သောလမ်းဖြစ်ပါတယ်။ ၁-၃-၂၀၁၈ ရက်နေ့ရွာငံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်ပုံကျေးရွာနေပြည်သူများက ရွာငံ-ကျောက်ပုံ၊ ကျောက်ချောလမ်း (၃)မိုင်ကို သုံးစွဲခဲ့သည်မှာ (၃)နှစ်ကြာမြင့်ခဲ့ပြီးဖြစ်သောကြောင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် တင်ပြလာတာတွေ့လည်းရှိပါတယ်။

သို့ဖြစ်ပါ၍ ရွာငံမြို့မှ ကျောက်ပုံကျေးရွာအထိ ကျောက်ချော လမ်း (၃)မိုင်အား ကတ္တရာ လမ်းအဖြစ် အဆင့်မြှင့်တင် ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိသိရှိ လိုသည့်အတွက် ကျေးရွာနေပြည်သူများ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ် ပါတယ်။

ဦးခွန်ရဲထွေး၊လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။
လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစဝ်အောင်မြတ်

D/real(wide) (7

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး၏ အခြေခံပညာဦးစီးဌာနမှ ချထားပေးသည့် ပြင်ဆင်ထိန်းသိမ်းစရိတ်ကျပ်သိန်းတစ်ရာ မကျော်သောကိစ္စနှင့် ပတ်သက်၍ ရရှိသောကျောင်းများအကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် တင်ဒါရရှိသည့် ကုမ္ပဏီကို အရည်အသွေးပြည့်မီစေရန်အတွက် မည်ကဲ့သို့စီမံချက် များထည့်သွင်းရေးဆွဲထားမှုနှင့် စစ်ဆေးမှုအပိုင်းကို မည်ကဲ့သို့ ခွင့်ပြုထားသည်ကို သိရှိလိုပါသည် ဆိုသောမေးခွန်းကို ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန (၀၄၀၂)၊ (၀၄၀၉) နှင့် အခြားခေါင်းစဉ်များအောက်မှ ပြင်ဆင်ဆောက်လုပ်ရန်အတွက် ကုမ္ပဏီ/ လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပြည်နယ်ပညာရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး (၅)ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၁)ဦး၊ အဖွဲ့ဝင် (၇)ဦးတို့ပါဝင်သော ပြည်နယ်ပညာရေးအလုပ်အမှုဆောင်အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ရန် ဆောက်လုပ်ရေးကုမ္ပဏီ/ လုပ်ငန်းရှင်များကို အောက်ပါစည်းကမ်းသတ်မှတ်ချက်များဖြင့် စိစစ်ရွေးချယ်၍ လုပ်ငန်းစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်-

(၁) တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက် (၇)ချက်။

(၂) ကျွမ်းကျင်မှုဆိုင်ရာအတွက် ပါဝင်ရမည့် အချက်များ (၄)ချက်။

(၃) ကျောင်းအဆောက်အဦများ ဆောက်လုပ်ရာတွင် လိုက်နာရမည့်သတ်မှတ်ချက် (၁၁)ချက်။

၏ ရွာငံမြို့နယ်၊ ကျောက်ပုံကျေးရွာအထိ ကျောက်ချောလမ်း (၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာငံ- ကျောက်ပုံလမ်းသည် ကတ္တရာလမ်း (၃)ဖာလုံ၊ ကျောက်ချောလမ်း (၁မိုင် /၁. ၂ဖာလုံ)၊ မြေသားလမ်း (၁မိုင်/ ၃. ၈ဖာလုံ)ရှိသော လမ်းအဆင့်အတန်း (Class A) ဒုတိယဦးစားပေးလမ်းအနေနဲ့ သတ်မှတ်ထားပါတယ်။ ကျေးရွာ (၃)ရွာ၊ အိမ်ခြေ (၅၅၈)အိမ်၊ လူဦးရေ (၂၅၁၇)ဦးကို အကျိုးပြုတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် (၁၂)လ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျောက်မှကတ္တရာလမ်း (၁မိုင်/ ၁. ၂ဖာလုံ)၊ မြေမှ ကတ္တရာ (၁မိုင်/ ၃. ၈ဖာလုံ)ခင်းခြင်းလုပ်ငန်းအား ထည့်သွင်းလျာထားပြီး ဘဏ္ဍာရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ၊ တပ်မတော်သား ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ

D/real(wide) (7

(၄) Structure နှင့် QCဆိုင်ရာ လိုက်နာရန်အချက် (၁၁)ချက်။

(၅) Workmanship ဆိုင်ရာ လိုက်နာရန်စည်းကမ်းချက် (၈)ချက်။

(၆) လုပ်ငန်းခွင်ထားရှိရန်နှင့် ရုံးလုပ်ငန်းဆောင်ရွက်ရန် (၅)ချက်။

လုပ်ငန်းဆောင်ရွက်ရာတွင်လည်း လုပ်ငန်းဆောင်ရွက်ရန် အလုပ်သမားများဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းအတွေ့အကြုံနှင့် ယခင်ဌင်းတို့ဆောင်ရွက်ခဲ့သည့် ဌာနအကြီးအကဲများ၏ထောက်ခံချက်၊ လုပ်ငန်းဆောင်ရွက်မည့်အချိန်ဇယား၊ လုပ်ငန်းအာမခံတင်သွင်းမှု၊ လုပ်ငန်းကို အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပါမည်ဟု ကတိခံဝန်ချက်၊ လုပ်ငန်းရှင်သည် မိမိဆောင်ရွက်ရမည့် ပြင်/ထိန်းလုပ်ငန်းအတွက် ခွဲဝေချထားပေးသည့် ငွေပမာဏနှင့် ကိုက်ညီသော အင်ဂျင်နီယာတွက်ချက်မှုနှင့်အညီ ဆောင်ရွက်စေရေးအတွက် မြို့နယ်ပညာရေးမှူး (ဥက္ကဋ္ဌ)၊ ဒုတိယမြို့နယ်ပညာရေးမှူး (အဖွဲ့ဝင်)၊ လက်ထောက်မြို့နယ်ပညာရေးမှူး (အဖွဲ့ဝင်)၊ သက်ဆိုင်ရာ ကျောင်းအုပ်စုခေါင်းဆောင်မှ ကျောင်းအုပ်ကြီးတစ်ဦး (အဖွဲ့ဝင်)၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး (အတွင်းရေးမှူး)၊ စုစုပေါင်း (၅)ဦး ဖြင့်ဖွဲ့စည်းထားသော မြို့နယ်ဆောက်လုပ်ရေး ကြီးကြပ်ရေး ကော်မတီက တွက်ချက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှု ကိုက်ညီရေးနှင့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်နေတဲ့ ကျောင်းရဲ့ ကျောင်းအုပ်ကြီးမှ အတွင်းရေးမှူးအဖြစ် အနီးကပ်စစ်ဆေးကြီးကြပ်ပါတယ်။ လုပ်ငန်းရှင်သည် လုပ်ငန်းတန်ဖိုး၏ (၃%)ကို လုပ်ငန်းအာမခံကြေး တင်ထားရပြီး လုပ်ငန်းများအား စာရင်းစစ်မှစစ်ပြီး ကျေနပ်မှုရှိမှသာ

ဥက္ကဋ္ဌ။ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခွန်ဒီဂေါလ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရွေးကောက်ခံပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံးနှင့် လေ့လာသူ ဧည့်သည်တော်များအားလုံးမင်္ဂလာနံနက်ခင်းပါလို့ လေးစားစွာ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းကတော့ လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ် နိုင်ငံ သို့မဟုတ် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်းသည် လမ်းပန်း ဆက်သွယ်ရေးအပေါ်မှာ များစွာမှီတင်းနေပါတယ်။ နောက်ပြီး လမ်းပန်းဆက်သွယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဒဂိုးပြား တစ်ပြားရဲ့ ခေါင်းနဲ့ပန်းလို အမြဲဒွန်တွဲလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါက ဒေသ၏စီးပွားရေး၊ လူမှုရေးအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းပါက ဖွံ့ဖြိုးတိုးတက်ရေးမှာလဲ နောက်ကျကျန်ခဲ့မှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခြင်းသည် ရှမ်းပြည်နယ်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက် မှန်ကန်သော ရင်းနှီးမြှုပ်နှံမှုဖြစ်ပါတယ်။ လက်ရှိရင်းနှီးမြှုပ်နှံသည့် ပမာဏကို ထောက်ရှု၍ ကျွန်တော်တို့ ရှမ်းပြည်နယ်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို ကြိုတင်မှန်းဆတွက်ချက်နိုင်မှာ ဖြစ်ပါတယ်။

D/real(wide) (7

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိမြို့နယ် (၅၅)ခုအနက် ဖွံ့ဖြိုးမှုနောက်ကျသော မြို့နယ်များတွင် ကျွန်တော်တို့ လွှဲငင်လင်မြို့နယ်ပါဝင်ပါတယ်။ ပထဝီမြေအနေအထားအရ တောင်ကုန်း၊ တောင်တန်းပေါများသော ဒေသဖြစ်ပါတယ်။ တောင်ပေါ်ဒေသတွင် လက်ဖက်၊ ကော်ဖီနှင့် သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်နိုင်သော မြေဧရိယာ ဧကပေါင်းများစွာတည်ရှိပါလျက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် စီးပွားဖြစ်မထုတ်လုပ်နိုင်ပါ။

ပင်လုံ-ကျူဇော်-ပွန်ချောင်းကူး ဖက်နမ်တံတားထိ ကျဉ်းမြောင်းသော မြေသားလမ်း စုစုပေါင်း (၂၁)မိုင်ခန့်ရှိပြီး၊ ပင်လုံမြို့အထွက်မှ ကျူဇော်ကိုးနဝင်းစေတီတော်အထိ (၅. ၅)မိုင်ကို နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေနှင့် ရပ်ရွာလူထု ပူးပေါင်းပြီး စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ကျန်ရှိသည့် မြေသားလမ်း (၁၅. ၅)မိုင်ကို စံချိန်စံညွှန်းနှင့်အညီ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေး၍ ဆက်လက်ဖောက်လုပ်ပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါသည်။

ဖောက်လုပ်ပြီးစီးပါက ပင်လုံမြို့၊ ပန်မုန့်ကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စု၊ ဆနင်းကျေးရွာအုပ်စု၊ ဆဟောင်းကျေးရွာအုပ်စုများအပြင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ် ဘော်ကုန်းကျေးရွာအုပ်စု စသည့် ကျယ်ပြန့်သည့်ဒေသနှင့် လူဦးရေအမြောက်အများကို အကျိုးပြုစေမှာဖြစ်ပါတယ်။ နောက်ပြီး မိတ္ထီလာ- တောင်ကြီး- ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပိုင်းဖြစ်သည့် ထမ်ဆမ်းလိုဏ်ဂူနှင့် လွှဲငင်လင်မြို့ကြားတွင် မိုးရာသီကာလ ၌ ရေကြီးရေလျှံခြင်း၊ တောင်ပြိုခြင်းများ မကြာခဏဖြစ်ပေါ်ပြီး ယာဉ်ကြောပိတ်ဆို့ကာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု

D/real(wide) (7

ပြန်လည်ထုတ်ယူခွင့်ပြုကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတရုံးမှ ကျပ်(၁၀)သန်း ထက်မကျော်သော ပြင်ဆင်ထိန်းသိမ်းရေးကဏ္ဍကို ကျောင်းကော်မတီ အဖွဲ့အဆင့်ဆင့်ပြုလုပ်ပြီး ဆောင်ရွက်ခွင့်ပြုထားပါတယ်။ ၂၀၁၈-၂၀၁၉ (Mini Budget) တွင် ပညာရေးဦးစီးဌာနမှ ကော်မတီအဆင့်ဆင့်ဆောင်ရွက်ခွင့်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းလည်း ထပ်ဆင့်မေးလိုပါတယ်။ ကုမ္ပဏီကိုမပေးဘဲ ကော်မတီအဖွဲ့ဖွဲ့ပြီး ဆောင်ရွက်ခွင့်ပြုနိုင်ခြင်းရှိ/မရှိသိလိုပါတယ်။ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မေးခွန်းများကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။ မေးခွန်းပါအချက်အလက်များကို ပြည့်စုံစွာ တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။ ထပ်ဆင့်မေးခွန်းနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားပေးရန် အစီအစဉ်ရှိပါက ဖြေကြားပေးစေလိုပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြင်ဆင်ထိန်းသိမ်းစရိတ်နှင့်ပတ်သက်ပြီး လက်ရှိထိ ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်ပေါ်မှာပဲ ရှမ်းပြည်နယ် အစိုးရအနေဖြင့် ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ လာမည့် ဘဏ္ဍာရေးနှစ်တွင် (၀၄၀၂)၊ (၀၄၀၉)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ကော်မတီကို ပေးခွင့်ရှိ/မရှိ ပြည်ထောင်စုဝန်ကြီးရုံးကို မေးမြန်းပြီး ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။

ပင်လုံမှ ကိုးနဝင်းစေတီတော်သို့ (၁၀/၀)မိုင်အား မြေသားလမ်း အဖြစ် ဆက်လက်ဖောက်လုပ် ပြီးဖြစ်ရာ ပွန်ချောင်းကူးဖက်နမ်အထိ ကျန်ရှိသည့် (၁၆)မိုင်အား မြေသားလမ်းအဖြစ် ဆက်လက်ဖောက် လုပ်ပေးမည်ဆိုပါက ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံမြို့နယ်၊ ကျောက်တန်း ကျေးရွာမှတစ်ဆင့် တောင်ကြီးမြို့သို့ အလွယ်တကူ ကူးသန်းသွား လာနိုင်မည်ဖြစ်ပါသည်။ ပင်လုံ-ကျူဇော်- ပွန်ချောင်းကူး ဖက်နမ်တံတားအထိ (၂၁/၀)မိုင်အနက် ကျန်ရှိသည့် လမ်းပိုင်း (၁၆/၀)မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်နိုင်ရေးအတွက် မြို့နယ်အလိုက် ဘဏ္ဍာငွေအချို့ကျခွဲ ဝေရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးဆောင်ရွက်ပေး ရန် တင်ပြချက်အပေါ် မူတည်၍လည်းကောင်း၊ ရန်ပုံငွေထည့်သွင်း လျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရဲကင်းရဲစခန်း အဆင့်မှ နယ်မြေရဲကင်းစခန်းအဆင့်သို့ ဖွဲ့စည်းပုံတိုးမြှင့်

များဖြစ်ပေါ် ပါတယ်။ ဤကဲ့သို့ ဖြစ်ပေါ် လာပါ ဟိုပုံး-ထမ်ဆမ်းဂူ၊ ကျောက်တန်း၊ ပွန်ချောင်းကူး ဖက်နမ်တံတားကို ဖြတ်ပြီး ပင်လုံမြို့ မှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)သို့ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် ဒီလမ်းဟာအရေးကြီးပြီး အကျိုးရှိသော လမ်းတစ်လမ်းဖြစ်သည့် အတွက် ကျွန်တော့်ရဲ့တင်ပြချက်ကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိ ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ် ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ လွှိုင်လင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဦးခွန်ဒီဂေါလ် မေးမြန်းလာတဲ့ ပင်လုံ -ကျူဇော်- ပွန်ချောင်းကူး ဖက်နမ် တံတားအထိ ကျဉ်းမြောင်းသော မြေသားလမ်းစုစုပေါင်း (၂၁)မိုင်ခန့်ရှိပြီး ပင်လုံမြို့အထွက်မှ ကျူဇော် ကိုးနဝင်းစေတီအထိ (၅. ၅)မိုင်ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေနှင့် ရပ်ရွာလူထုမှ ပူးပေါင်းပြီး စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ပြီးဖြစ်ရာ ကျန်ရှိသည့် မြေသားလမ်း (၁၅. ၅)မိုင်ကို စံချိန်စံညွှန်းနှင့်အညီ ရှမ်းပြည်နယ် ရန်ပုံငွေဖြင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေး၍

D/real(wide) (7

ချထားပေးရန်နှင့် စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဘော်ဆိုင်းကျေးရွာအုပ်စုသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့တွင် တည်ရှိပြီး ကလောမြို့၏အရှေ့မြောက်ဘက် (၄၁)မိုင်၊ ဟဲဟိုးမြို့၏ မြောက်ဘက် (၁၉)မိုင်ခန့်အကွာတွင် တည်ရှိပြီး ပင်းတယမြို့နယ်၊ ရပ်စောက်မြို့နယ်၊ တောင်ကြီးမြို့နယ်တို့နှင့် နယ်နိမိတ်ခြင်းထိစပ်လျက်ရှိတဲ့ဒေသလည်း ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ (၄၃၄၇)ပေအထက်တွင် တည်ရှိပြီး နယ်မြေအကျယ်အဝန်းအားဖြင့်ဧရိယာစတုရန်းမိုင်ပေါင်း (၄၈)မိုင်၊ ဧရိယာအကျယ်အဝန်းအားဖြင့် (၃၀၈၆၅)ဧကခန့် ရှိပါတယ်။ ဘော်ဆိုင်းကျေးရွာအုပ်စုသည် ရပ်ကွက် (၉)ရပ်ကွက်၊ ကျေးရွာ (၁၆)ရွာတို့နဲ့ဖွဲ့စည်းထားသော ကျေးရွာအုပ်စုဖြစ်ပါတယ်။ ဘော်ဆိုင်းကျေးရွာအုပ်စုအား အိမ်ခြေ (၂၈၀၀)ကျော်၊ အိမ်ထောင်စု (၃၀၀၀)ကျော်နှင့် လူဦးရေ (၁၄၀၀၀)ကျော် မှီတင်း နေထိုင်လျက်ရှိပြီး ဓနုတိုင်းရင်းသားအများစုသာမက ဗမာ၊ ပအိုဝ်း၊တောင်ရိုးအစရှိသော တိုင်းရင်းသားပေါင်းစုံများလည်း နေထိုင်ရာဒေသတစ်ခုလည်းဖြစ်ပါတယ်။ ရှေးယခင်ကာလများက ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဘော်အများဆုံးထွက်ရာမှ ထင်ရှား ကျော်ကြားတဲ့ဒေသတစ်ခုလည်းဖြစ်ခဲ့သလို လက်ဖက်ခြောက်နှင့် သနပ်ဖက်များလည်း အဓိကထွက်ရှိရာဒေသလည်းဖြစ်ပြီး၊ ယခု လက်ရှိအချိန်ထိ သတ္တုတူးဖော်ရေး၊ သန့်စင်ရေးလုပ်ငန်းများကို ပြည်တွင်းသာမက ပြည်ပမှလုပ်ငန်းရှင်များပါ နိုင်ငံတော်နှင့် အကျိုးတူလုပ်ငန်းဆောင်ရွက်နေသော ဒေသတစ်ခုဖြစ်သည့်အပြင် နိုင်ငံတော်၏ အစိုးရအတွက် အခွန်အခများလည်း ရရှိနေတဲ့ ဒေသလည်း ဖြစ်ပါတယ်။ ယခုအချိန်ခါမှာ ဘော်ဆိုင်းဒေသဟာ တိုင်းရင်းသားပေါင်းစုံ

ဆက်လက်ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ သိလိုပါတယ်ဆိုတဲ့မေးခွန်းကို ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ဖြေကြားခွင့်ပြုပါခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် လမ်းပိုင်းသည် လွိုင်လင်မြို့နယ်၊ ပင်လုံမြို့အထွက်မှ ကျူဇော်-ပွန်ချောင်း ဖက်နမ်တံတားအထိ (၂၁)မိုင်ခန့်ကွာဝေးသည့် လမ်းကြောင်းဖြစ်ပါသည်။ ပင်လုံမြို့၊ ပါမုန့်ကျေးရွာအုပ်စု၊ ကိုးနဝင်းစေတီသို့သွားသော လမ်းပိုင်း (၁၀/၀)မိုင်အနက် (၆/၀)မိုင်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်းဖောက် လုပ်ပေးလျက်ရှိပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း ၎င်းလမ်းပေါ်တွင် (၃)ပေ ရေပြွန် (၇)စင်း တည်ဆောက်နိုင်ရန် ရန်ပုံငွေလျာထားတင်ပြထားရှိပါသည်။ ပွန်ချောင်းကူး ဖက်နမ်တံတားအထိ လမ်းပိုင်းသည် (၁၆)မိုင်ကျန်ရှိပြီး အဆိုပါ လမ်းပိုင်းမှာ ဒေသမှကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့် တစ်ကြောင်းထိုးမြေသားလမ်းဖြစ်ရာ မြေသားလမ်းအဆင့်မီအောင် ဆောင်ရွက်ရန်လိုအပ်ပြီး မြေသားလမ်းဖောက်လုပ်မည်ဆိုပါက ၎င်းလမ်းပိုင်းပေါ်တွင် (၂၀)ပေကွန်ကရစ်တံတား (၁)စင်း၊ (၁၅)ပေ ကွန်ကရစ်တံတား (၁)စင်း၊ (၅)ပေ Box Culvert (၅)စင်းနှင့် ကွန်ကရစ်ရေပြွန် (၁၀)စင်း ထည့်သွင်းတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါသည်။ အဆိုပါလမ်းပိုင်း (၁၆)မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးမည်ဆိုပါက ပန်မုန့်ကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စုနှင့် ဆဟောင်းကျေးရွာအုပ်စု (၃)ခုရှိ ကျေးရွာ ပေါင်း(၂၃)ရွာ၊ အိမ်ခြေပေါင်း (၁၃၁၈)အိမ်၊ အိမ်ထောင်စုပေါင်း (၁၃၂၅)စုနှင့် လူဦးရေပေါင်း (၇၁၄၈)ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ အဆိုပါလမ်းပိုင်းတွင်

D/real(wide) (7

မှီတင်းနေထိုင်ကြရုံမကဘဲ ပြည်တွင်းပြည်ပမှ ခဲ၊ သတ္တုတူး ဖော်သန့်စင်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပမှ လာရောက် ရင်းနှီးလုပ်ကိုင်လာမှုများဟာ တွင်ကျယ်လာပြီး ဒေသတွင်း လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးရေး စသည့်ကဏ္ဍများ လျင်မြန်စွာဖွံ့ဖြိုး တိုးတက်လာသည်နှင့် အညီ အုပ်ချုပ်ရေးယန္တရားများ အဆင့်မြှင့်တင် ဖို့နှင့် တရားဥပဒေစိုးမိုးရေး အားကောင်းမှု လိုအပ် လာပြီဖြစ်ပါတယ်။ သို့ပါသောကြောင့် ဘော်ဆိုင်းကျေးရွာ အုပ်စု၊ ရဲကင်းစခန်းအား နယ်မြေရဲကင်းစခန်းအဆင့်သို့ တိုးမြှင့်ပေး မည်ဆိုပါက ဘော်ဆိုင်းဒေသအတွက်သာမက နယ်မြေခြင်း ထိစပ်လျက်ရှိသော မြို့နယ်များအတွက် တရားဥပဒေစိုးမိုးရေး အားကောင်းလာမည်ဖြစ်ပြီး နိုင်ငံတော်မှ ရရှိသင့်သည့် အခွန်အခများလည်း ပြည့်မီစွာ ရရှိလာမည်ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရဲကင်းရဲစခန်း အဆင့်မှ နယ်မြေရဲကင်း စခန်းအဆင့်သို့ ဖွဲ့စည်းပုံတိုးမြှင့် ချထားပေးရန် အစီအစဉ် ရှိ/ မရှိ နှင့်စပ်လျဉ်း၍ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသောပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာ ရှိုင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွှမ်းပြည်နယ်လွှတ်တော်

ဘော်ဆိုင်းကျေးရွာ တောင်ဘက်(၁)မိုင်ခန့်အကွာ သိမ်ကုန်းနေရာ တွင် ဆောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။

လက်ရှိဘော်ဆိုင်းရဲကင်း ရဲစခန်းတွင် ရဲအုပ်လှ ရွှေဦးစီး (၁+၄)ဦးတို့မှ တာဝန်ထမ်းဆောင်လျက်ရှိပြီး၊ ရဲကင်းအဆောက် အဦအနေဖြင့် သွပ်မိုးသွပ်ကာ လူပျိုဆောင်(၁)လုံး၊ သွပ်မိုး/ ထရံကာ လူနေအိမ် (လုံးချင်း)(၁)လုံး၊ သွပ်မိုး/ ပျဉ်ကာစခန်းရုံး (၁)လုံးနှင့် သွပ်မိုး/ အုတ်ကာ ကြိုးမဲ့ကြေးနန်းဆက်သွယ် ရေးရုံးဟောင်းအား စခန်းမှူးနေအိမ်အဖြစ် အသုံးပြုနေပြီး တရားခံချုပ်ထားရန် အချုပ်ခန်းမရှိသေးပါ။ ဘော်ဆိုင်းရဲကင်း စခန်းပိုင် နယ်မြေတွင် ဘော်ဆိုင်း ကျေးရွာအုပ်စု (၁)စု၊ ကျေးရွာ (၂၅)ရွာရှိပြီး လူဦးရေ (၁၄၁၈၂)ဦး နေထိုင်လျက်ရှိပါတယ်။ ဘော်ဆိုင်းကျေးရွာ မြောက်ဘက်၊ သာစည်ကျေးရွာမှ ဘော်ဆိုင်းကျေးရွာတောင်ဘက် ဟဲဟိုးမြို့အထိ ကတ္တရာ လမ်းအရှည် (၂၂)မိုင်ရှိပြီး နယ်မြေအတွင်း သတ္တုတူးဖော်ရေးကုမ္ပဏီ (၁)ခုမှ သတ္တုတူးဖော်ခြင်းလုပ်ငန်းများ အခြေချလုပ်ကိုင်ဆောင်ရွက် နေပြီး၊ (၁၆)ခုတင်ဆံ့ဆေးရုံ (၁)ရုံ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့စခန်း (၁)၊ အခြေခံပညာအထက်တန်း ကျောင်း (၁)ကျောင်းနှင့် စာစစ် ဌာနတို့လည်း တည်ရှိနေပြီးဖြစ်၍ ဖွံ့ဖြိုးတိုးတက်လာသော ဒေသ အခြေအနေများရှိသော်လည်း မှုခင်းဖြစ်ပွားမှုအနေဖြင့် ဘော်ဆိုင်း ကျေးရွာအုပ်စုအတွင်း၌ ၂၀၁၅ ခုနှစ်တွင် အခြားအမှု (၃)မှု၊ ၂၀၁၆ ခုနှစ်တွင် အခြားအမှု (၁)မှု၊ ၂၀၁၇ခုနှစ်တွင် အခြားအမှု (၂)မှု၊ ကြိုတင်ကာကွယ်မှု (၁)မှုတို့သာ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရ ပါတယ်။

သို့ဖြစ်ပါ၍ဘော်ဆိုင်းရဲကင်းရဲစခန်းအဆင့်မှ ဘော်ဆိုင်း နယ်မြေရဲစခန်းအဆင့်သို့ ဖွဲ့စည်းပုံ တိုးမြှင့်ချထားနိုင်ရန်လက်ရှိ လူဦးရေနှင့် မှုခင်းဖြစ်ပွားမှုနှုန်းအရ ရဲကင်းစခန်းအဆင့်ဖြင့်

D/real(wide) (7

ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်းကြောင့်လတ်တလောဖွဲ့စည်းပုံတိုးမြှင့်ရန်အစီအစဉ်မရှိပါကြောင်းနှင့် ဘော်ဆိုင်းရဲကင်းစခန်းအား တပ်ဖွဲ့ဝင် အင်အားထပ်မံဖြည့်တင်း၍ ရပ်ရွာအေးချမ်းသာယာရေး၊တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်စေမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းအောင်မျိုးကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လင်းခေးမြို့နယ်၊ မြောက်ပိုင်းကျေးရွာအုပ်စုများသို့ အဓိကဆက်သွယ်သွားလာနေရသော ကျောက်ချောလမ်း (၅)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လင်းခေးမြို့နယ်၊ မြောက်ပိုင်းမှာရှိတဲ့ ဒါးဆိပ်ကျေးရွာအုပ်စု၊

D/real(wide) (8

ကိုယ်စားလှယ်၊ ဦးသန်းထိုက်မှ မေးမြန်းလာတဲ့ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စု၊ ရဲကင်းရဲစခန်းအဆင့်မှ နယ်မြေရဲကင်းစခန်းအဆင့်သို့ ဖွဲ့စည်းပုံ တိုးမြှင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုပါသည်ဆိုသည့် မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာရှိ ဘော်ဆိုင်းရဲကင်းရဲစခန်းသည် ကံဦးရပ်ကွက်၊ မြို့မကွင်းအမှတ်(၈၃)၊ အကွက်အမှတ်(၁၈)တွင် တည်ရှိ၍ မြေအမျိုးအစား ရွာမြေအမျိုးအစားဖြစ်ပြီး ဧရိယာ (၃.၂၆)ဧက ကျယ်ဝန်းပါတယ်။ ၁၉၆၈ ခုနှစ်ခန့်က ဘော်ဆိုင်းရဲကင်းရဲစခန်းအား ယခုရဲကင်းမြေနေရာတွင် စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၁၉၇၄ ခုနှစ်တွင် အမှတ် (၁) သတ္တုတွင်းလုပ်ငန်းမှ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးရုံး အုတ်တိုက် (၁)လုံး၊ ယမ်း(၅၀)ကီလို ဂရမ်ဆန့် ယမ်းတိုက် (၂)လုံး၊ ဆက်သွယ်ရေးဧရိယာ တိုင်အမြင့် (၃၀) ပေတို့အား နယ်မြေလုံခြုံရေး အခြေအနေအရ ရဲကင်းစခန်းဝန်းအတွင်း ဆောက်လုပ်၍ အသုံးပြုခဲ့ကြပါတယ်။

ဘော်ဆိုင်းရဲကင်းစခန်း မြေနေရာတွင် အမှတ် (၁)သတ္တုတွင်းလုပ်ငန်းဌာနခွဲ (ဘော်ဆိုင်း)ကြေးနန်းဆက်သွယ်ရေးရုံးနှင့် ယမ်းတိုက် (၂)လုံးထားရှိ၍ လုပ်ငန်းဆောင်ရွက်မှုကြောင့် သတ္တုတွင်းဝန်ကြီးဌာနပိုင်မြေဟု ထင်မှတ်ကာ ခေတ်အဆက်ဆက် ရဲကင်းရဲစခန်းမြေနေရာအား ရဲတပ်ဖွဲ့ပိုင်မြေအဖြစ် ရရှိရေးတင်ပြလျှောက်ထားခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။ ယခုအခါ ကြေးနန်းဆက်သွယ်ရေးရုံးမှ အသုံးပြုမှုမရှိတော့ဘဲ ယမ်းတိုက် (၂)လုံး အတွင်းဖြူးစ် (၁၀၀၀၀)နှင့် လျှပ်စစ်ဒီတိုနေတာ (၁၅၀၀၀)တို့ အား Top Ten Star ကုမ္ပဏီမှ သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သိုလှောင်ထားရှိခဲ့ပါတယ်။ Top Ten Star ကုမ္ပဏီပိုင် ယမ်းတိုက်အား

နောင်လုံကျေးရွာအုပ်စု၊ ဝမ်စစ်ကျေးရွာအုပ်စု၊ ဟိုက်ကွေ့ကျေးရွာအုပ်စုချင်းဆက် ကျောက်ချောလမ်း (၁၂)မိုင်ဟာ နယ်မြေပိုင်းခြားမှုအရ ယခုအခါ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(နတလ)၏ ဖွံ့ဖြိုးရေးဧရိယာတွင်ပါဝင်သော လုပ်ငန်းဖြစ်ပါတယ်။ လက်ရှိလမ်းသည် နွေရာသီတွင်သာ သွားလာရလွယ်ကူပြီး မိုးရာသီတွင် သွားလာရ အင်မတန်ခက်ခဲလျက်ရှိပါတယ်။ အဆိုပါလမ်းပေါ်တွင် ယခင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်း (၀/၂.၄)မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်း (၃/၀)မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်း (၆/၀)မိုင်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်း (၂/၀)မိုင်၊ စုစုပေါင်း (၁၁/၂.၄)မိုင်အား ကျောက်ချောလမ်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းအပြင် ဒေသခံပြည်သူများမှလည်း စုပေါင်း၍ ကျောက်ချောလမ်း(၂၆၅၀) ပေနှင့် အရှည်(၁၀၀)ပေကျော်ရှိ ကွန်ကရစ် တံတား(၁)စင်းကိုလည်း ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောင်ရွက် နိုင်ခဲ့ပါတယ်။

၎င်းလမ်းသည် ကျေးရွာအုပ်စု (၄)အုပ်စုရှိ ကျေးရွာပေါင်း (၂၄)ရွာ၊ အိမ်ခြေ (၁၄၅၅)၊ လူဦးရေ(၇၈၂၃)ဦးခန့်တို့သည် ပညာရေး၊ ကျန်းမာရေးနှင့် လယ်ယာကုန်ထုတ်ပစ္စည်းများကို သယ်ဆောင်ရာတွင် အဓိကအသုံးပြုသော ကျေးရွာအုပ်စုချင်းဆက် လမ်းမကြီးဖြစ်ပါသည်။ ဤဒေသမှ လယ်ယာလုပ်ငန်းများအပြင် ကွမ်းသီး၊ အုန်း၊ ကြံ၊ လိမ္မော်၊ ရှောက်၊ ငှက်ပျောစသည်တို့ကိုလည်း စီးပွားဖြစ်စိုက်ပျိုး လုပ်ကိုင် လျက်ရှိကြောင်း တွေ့ရှိရပြီး၊ သီးနှံပေါ်ချိန်တွင် စျေးကွက်အတွင်း သီးနှံများကို အမြန်ဆုံးရောက်ရှိ ပို့ဆောင်ရန် အဆိုပါ လမ်းမကြီးအား

ဟိုက်ကွေ့လမ်း ကျောက်ချောလမ်း (၁၂)မိုင်ရှိသည့်အနက် လင်းခေး- မိုင်းပန် ပြည်ထောင်စုလမ်းမကြီးမှ အဆိုပါကျေးရွာအုပ်စုများသို့ ဆက်သွယ်သော ကျောက်ချောလမ်း(၅)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုကိုယ်စားမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းအောင်မျိုးကျော်မှ မေးမြန်းလာတဲ့ လင်းခေးမြို့နယ်၊မြောက်ပိုင်း ကျေးရွာအုပ်စုများသို့ အဓိကဆက်သွယ်သွားလာနေရသော ဒါးဆိပ်-နောင်လုံ- ဝမ်ဆစ်-ဟိုက်ကွေ့လမ်း ကျောက်ချောလမ်း (၁၂/၀)မိုင် အနက်မှ လင်းခေး-မိုင်းပန် ပြည်ထောင်စုလမ်းမကြီးမှ အဆိုပါကျေးရွာများသို့ ဆက်သွယ်သော ကျောက်ချောလမ်း (၅/၀)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိလိုသည့် မေးခွန်းကို ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။

အဆိုပါလမ်းပိုင်းသည် လင်းခေးမြို့နယ်၊ မြောက်ပိုင်း

D/real(wide) (8

အဓိကထားဆက်သွယ်သွားလာနေရသော လမ်းမကြီးလည်းဖြစ်ပါတယ်။ ထို့ကြောင့်အဆိုပါလမ်းအား (၁၂)ရာသီပတ်လုံးသွားလာရေးကောင်းမွန်သည့် လမ်းဖြစ်စေရေး ပြည်သူများမှလည်း မျှော်လင့်နေကြပါတယ်။

(၁၀-၇-၂၀၁၇) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ခရီးစဉ်တွင် လည်းကောင်း၊ (၂၁-၉-၂၀၁၇) ရက်နေ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ခရီးစဉ်တွင် လည်းကောင်း လင်းခေးမြို့၊ နွယ်ဝတီခန်းမ၌ လူထုတွေ့ဆုံပွဲတွင် အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် ပြည်သူများမှ တင်ပြခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာရန်ပုံငွေရရှိမှုပေါ် မူတည်၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်းဖြေကြားခဲ့ပါတယ်။

ထို့အပြင် (၂၃-၁၂-၂၀၁၇)ရက်နေ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးတို့သည် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် လင်းခေးမြို့၊ နွယ်ဝတီခန်းမ အကြီးစားပြုပြင်ဆောင်ရွက်နေမှု အခြေအနေအား လာရောက် ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်တွင်လည်း အဆိုပါလင်းခေး-မိုင်းပန် ပြည်ထောင်စု လမ်းမကြီးမှ ဒါးဆိပ်-နောင်လုံ-ဝမ်စစ်-ဟိုက်ကွေ့လမ်း (၁၂)မိုင်အား လမ်းအခြေအနေကို သိရှိနိုင်ရန် မြေပြင်ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ အဆိုပါလင်းခေးမြို့နယ်၊ မြောက်ပိုင်းကျေးရွာအုပ်စုများသို့ အဓိကဆက်သွယ်သွားလာနေရသော ဒါးဆိပ်-နောင်လုံ-ဝမ်စစ်-

ကျေးရွာအုပ်စုများသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းဖြစ်ပြီး (၁၂/၀)မိုင်ရှိသည့် လမ်းကြောင်းဖြစ်ပါတယ်။ လမ်းပိုင်း(၁၂/၀)မိုင်အား ဒေသမှကိုယ်ထူကိုယ်ထစနစ်ဖြင့် (၂၆၅၀)ပေ၊ ကျေးလက်ဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် (၀/၂, ၄)မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၃/၀)မိုင်၊ နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၆/၀)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၂/၀)မိုင်၊ စုစုပေါင်း(၁၂/၀)မိုင်အား ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ၎င်းလမ်း (၁၂/၀)မိုင်အား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးမည်ဆိုပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာအုပ်စု(၄)ခုမှ ကျေးရွာပေါင်း(၂၄)ရွာ၊ အိမ်ခြေ (၁၂၈၅)အိမ်၊ လူဦးရေ (၇၉၀၈)ဦးတို့၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမှာ ဖြစ်ပါတယ်။ အဆိုပါ ဒါးဆိပ်-နောင်လုံ- ဝမ်စစ်-ဟိုက်ကွေ့လမ်း(၁၂/၀)မိုင်အနက် (၁/၀)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ဒုတိယ (၁၂)လပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ကျန်ရှိသည့် လမ်းပိုင်း (၁၁/၀)မိုင်ကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်အလိုက် ဘဏ္ဍာငွေအချိုးကျ ခွဲဝေရရှိမှုအပေါ် မူတည်၍ လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် မူတည်၍လည်းကောင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (8

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန္နီမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်မကတော့ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းမဲ့ မေးခွန်းကတော့ သိန္နီမြို့နယ်၊ နောင်ဆိုင်-မိုင်းပါးလမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ ကြွယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

သိန္နီမြို့နယ်၊ နောင်ဆိုင်-မိုင်းပါးလမ်းမှာ နောင်ဆိုင်-မိုင်းပါး-ကောင်းအိုင်-ကောင်းမူးဖိတ်လမ်းပေါ်တွင် တည်ရှိပြီး စုစုပေါင်း(၁၃)မိုင်ခန့်ရှည်လျားပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် (၂)မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၁)မိုင်၊ စုစုပေါင်း (၃)မိုင်ကို ကတ္တရာလမ်းခင်းပြီး ဖြစ်ပါတယ်။ အဆိုပါလမ်းသည် မောက်စလီကျေးရွာအုပ်စု၊ ကုန်းညောင်ရွာအထိသာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတင်ပြရတဲ့အကြောင်းရင်းကတော့ မိုင်းပါးကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ဝမ်လုံရွာသည် ရွာမကြီး တစ်ရွာဖြစ်ပြီး အမက(မူလွန်)၊ ဆေးပေးခန်း၊ စျေးနှင့် တပ်စခန်း တို့ရှိတဲ့ရွာပဲဖြစ်ပါတယ်။ မိုင်းပါးကျေးရွာအုပ်စု၊

ပေါ်ရှိ နောင်ဆိုင်ကျေးရွာမှ မောက်စလီကျေးရွာအုပ်စု၊ မိုင်းပါးကျေးရွာအုပ်စု၊ ကောင်းအိုင်ကျေးရွာအုပ်စုနှင့် ကောင်းမူးဖိတ်ကျေးရွာအုပ်စုများမှတစ်ဆင့် ကျောက်မဲခရိုင်၊နမ့မတူမြို့နယ်ရှိ မုံးရင်ကျေးရွာသို့ ဆက်သွယ်ထားသော လမ်းဖြစ်ပါတယ်။

အဆိုပါလမ်းမှာ လမ်းအဆင့်အတန်း Class A ဦးစားပေးအဆင့် (၁)အမျိုးအစားဖြစ်ပြီး အကျိုးပြုကျေးရွာ (၁၀)ရွာ၊ အကျိုးပြုအိမ်ခြေ (၃၉၉)အိမ်၊ အကျိုးပြုလူဦးရေ (၁၅၉၁)ဦးဖြစ်ပါတယ်။ နောင်ဆိုင်ကျေးရွာမှ ကောင်းမူးဖိတ်ကျေးရွာအုပ်စုအထိ စုစုပေါင်း (၁၃)မိုင် ရှိပြီး ယခင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၁)မိုင်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း (၂)မိုင်၊ စုစုပေါင်း (၃)မိုင်အား မောက်စလီကျေးရွာအုပ်စု၊ ကုန်းညောင်ကျေးရွာအထိ ဆောင်ရွက် ပေးခဲ့ပြီး ကျန်အပိုင်းမှာ မြေသားလမ်းဖြစ်ပါတယ်။

လက်ရှိ ၂၀၁၈-၂၀၁၉ (၆)လ ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများသည် မိုးရာသီကာလနှင့်ကိုက်ညီတဲ့ လုပ်ငန်းများကိုသာ လျာထားဆောင်ရွက်သည့်အတွက် ယခု လုပ်ငန်းသည် ပါရှိခြင်းမရှိသေးပါ။ အဆိုပါလမ်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(၁၂)လ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် မြေမှကတ္တရာခင်းခြင်း (၂)မိုင် (၄)ဖာလုံအား လျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ပထမမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (8

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ကျွန်တော် တင်ပြဆွေးနွေးသွား မှာကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်ဒေသအဆင့်များဖြစ်သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံကိန်းဦးစီးမှူးရုံး၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မြို့နယ်အဆင့်ရုံးမှ တွဲဖက်ဆောင်ရွက်ပါသည်)၊ ဒေသမြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးမှုဦးစီးဌာန၊ ဒေသရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ဒေသရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတို့ ဖွင့်လှစ်ထားခြင်းဖြစ်ပါတယ်။ မြို့နယ်အဆင့်မှ ခရိုင်သို့ သွားရန် မလိုအပ်တော့ဘဲ ဒေသအဆင့်သို့ သွားရောက်ရမည့် အတွက် ရုံးလုပ်ငန်းများလျင်မြန်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထက်ပါရုံးများအနက် မြို့နယ်ကျန်းမာရေးဦးစီးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဒေါက်တာသန်းမင်းထွဋ်အား (၂၇-၉-၂၀၁၇)ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးမှ ပင်းတယမြို့နယ်သို့ လာရောက်သည့်ခရီးစဉ်တွင် ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် ဆေးရုံအုပ်ရာထူးအားတိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အောက်ပါရုံးများကို ဒေသအဆင့်ဖွင့်လှစ်ထားရှိခြင်းဖြင့် အကျိုးများစွာဖြစ်ထွန်းမည့်အတွက် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်-

မိုင်းပါးကျေးလက်စျေးအထိရောက်ရှိရန် (၂)မိုင် (၅)ဖာလုံခန့် ကျန်ရှိနေပါတယ်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် စာအမှတ်၊ ဝ၁၉/ လတကရ/ ၂၀၁၇ ဖြင့် ဝန်ကြီးချုပ်ထံ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ပထမ (၆)လတွင်လည်း ထည့်သွင်း ရေးဆွဲထားခြင်း မရှိသေးသည်ကို သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ဒုတိယ(၆)လတွင် ထည့်သွင်းရေးဆွဲပေးပါရန်နှင့် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ မေးမြန်းထားတဲ့ သိန္နီမြို့နယ်၊ နောင်ဆိုင်- မိုင်းပါးလမ်းတွင် မိုင်းပါးကျေးရွာအုပ်စု၊ မိုင်းပါးကျေးလက်စျေးအထိ (၂)မိုင်၊ (၅)ဖာလုံခန့်အား ကတ္တရာလမ်းခင်းပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၏ ဒုတိယ ၆ လတွင် ထည့်သွင်းရေးဆွဲပေးပါရန်နှင့် ခွင့်ပြုပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော်ဦးခွန်ရဲထွေးမှ ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ သိန္နီမြို့နယ်၊ နောင်ဆိုင်- မိုင်းပါး-ကောင်းအိုင်လမ်းသည် လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး

D/real(wide) (8

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် ဒေသရဲတပ်ဖွဲ့မှူးဦးစီးဌာန၊ ဒေသဥပဒေရုံး၊ ဒေသစာရင်းစစ်ရုံး၊ ဒေသစိုက်ပျိုးရေးဦးစီးဌာန၊ ဒေသလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဒေသသစ်တောဦးစီးဌာန၊ ဒေသကျန်းမာရေးဦးစီးဌာန၊ ဒေသအားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒေသပညာရေးမှူးရုံး၊ ဒေသအခွန်ဦးစီးဌာန၊ ဒေသမီးသတ်ဦးစီးဌာန၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးညီညီ(ခ)ဦးညီလေးချမ်းမှ မေးမြန်းထားတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် ဒေသရဲတပ်ဖွဲ့မှူးရုံး၊ ဒေသဥပဒေရုံး၊ ဒေသစာရင်းစစ်ရုံး၊ ဒေသစိုက်ပျိုးရေးဦးစီးဌာန၊ ဒေသ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဒေသသစ်တော ဦးစီးဌာန၊ ဒေသပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသအားကစားနှင့် ကာယပညာဦးစီးဌာန၊ ဒေသပညာရေးမှူးရုံး၊ ဒေသပြည်တွင်း အခွန်များဦးစီးဌာန၊ ဒေသမီးသတ်ဦးစီးဌာန၊

တည်ဆဲဥပဒေ၊ ခွင့်ပြုဝန်ထမ်းအင်အားဖွဲ့စည်းပုံနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး၊ ခွင့်ပြုဖွဲ့စည်းပုံမရှိပါက သက်ဆိုင်ရာဦးစီးဌာနများမှ လုပ်ငန်းလိုအပ်ချက်နှင့် ခွင့်ပြုဘဏ္ဍာငွေရရှိမှုတို့အပေါ် ရုံးဌာနအသစ်ဖွဲ့စည်းခွင့်ရရှိရေးနှင့် ဝန်ထမ်းလိုအပ်ချက်များ ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ပါတယ်။

၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၅)ခုတို့ရှိပြီး၊ ရှမ်းပြည်နယ်အတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၁)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၄)ခုရှိသဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့် ဦးစီးရုံးများဖွင့်လှစ်မည်ဆိုပါကလည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုတည်း၌သာမဟုတ်ဘဲ ကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၌ပါ အလားတူ ရုံးဌာနများအား တစ်ပြေးညီဖွင့်လှစ်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ကျန်ရုံးဌာန (၁၁)ခုအနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများ၌ တိုင်း၊ ဒေသ အဆင့်ရုံးများဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/ မရှိအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းပြန်ကြားချက်ရရှိပါက အနီးစပ်ဆုံး ပြည်နယ်လွှတ်တော်အစည်းအဝေး၌ ထပ်မံဖြေကြားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (8

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ဒုတိယမေးခွန်းကို ကျွန်တော်ဆက်လက်တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ပေါ်တွင် တန်ခိုးကြီးရွှေဥမင်ဘုရား၊ ဘုန်းကြီးကျောင်းပေါင်း (၂၀)ခန့်၊ အစိုးရအထက်တန်းကျောင်း (၂)ကျောင်း၊ အ. မ. က ကျောင်း(၅)ကျောင်း၊ မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်တွင် အိမ်ခြေပေါင်း (၁၈၂၅)အိမ်၊ ဟိုတယ်(၅)လုံး၊ အရပ်ဘက်ဘော်ဒါ(၅)ကျောင်း၊ တည်းခိုခန်း (၂)လုံး၊ စားသောက်ဆိုင်များ ဆယ်ဂဏန်းခန့်နှင့် မြို့မစွေးကြီးများ အပါအဝင် အိမ်သာအသီးသီးတို့မှ အနံ့ဆိုးများ လေထုအတွင်း ပျံ့နှံ့ခြင်းမရှိစေရန်အတွက် မိလ္လာသယ်မော်တော်ယာဉ် တစ်စီးကူညီပံ့ပိုးပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား အများပြည်သူကိုယ်စား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ် ပါတယ်။

ဦးစိုင်းစွံဆိုင်း၊စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး၊ ဦးစိုင်းစွံဆိုင်းဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ဆွေးနွေးဖြေကြားသွားမှာဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများကို တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပြုပြင်ထိန်းသိမ်းရေးဇုန်၊ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၊ ညောင်ရွှေယဉ်ကျေးမှုပြတိုက်တို့ရှိပြီး၊ စည်ပင်သာယာရေးဌာနသည်လည်း မြို့နယ်အဆင့်ရုံးနှင့် ပြည်နယ်အဆင့်ရုံးဟူ၍ ရုံးဌာန (၂)မျိုးသာ ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး၊ ကျန်(၃)ဌာနအနေဖြင့်လည်း လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးအခြေအနေအရ ရုံးဌာနများတိုးချဲ့ဆောင်ရွက်ရန် လိုအပ်မှုမရှိသေးကြောင်း တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသော ရုံးဌာန (၁၂)ခုအား ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် ဒေသအဆင့်ရုံးများအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ဒေသဥပဒေရုံးသည် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် ၂ ပုဒ်မခွဲငယ်စိတ် (ခခ) အရ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥပဒေရုံး" အဖြစ် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဥပဒေရုံးကို (၄-၁၂-၂၀၁၇) ရက်နေ့မှစတင်ပြီး ပင်းတယမြို့နယ် ဥပဒေရုံးအဆောက်အဦတွင် ပူးတွဲဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံးဆောက်လုပ်ရန် မြေနေရာရရှိထားပြီးဖြစ်ကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး ဆောက်လုပ်ရန် ရန်ပုံငွေတောင်းခံထားပြီးဖြစ်ပါတယ်။

ကျန်ရုံးဌာန (၁၁)ခုသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ၎င်းတို့၏

D/real(wide) (8

မြေကွက်ပိုင်ရှင်တွေဟာ ဂရန်သက်တမ်းတိုးဖို့အတွက် ငွေကျပ်သိန်းချီကုန်ကျနေတာကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအစိုးရသစ်ကာလတွင် လူနေအိမ်မြေကွက် ဂရန်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းကိစ္စရပ်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း မေးမြန်းအပ်ပါတယ်-

(က) ဂရန်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းအတွက် အမှန်တကယ်ကုန်ကျစရိတ်၊

(ခ) ကျောက်မဲမြို့နယ်အတွင်း ဂရန်အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းလျှောက်ထားမှုအရေအတွက်၊

(ဂ) ကျောက်မဲမြို့နယ်အတွင်း ဂရန်သစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း လျှောက်ထားမှုများဆောင်ရွက်ပြီးစီးမှုအရေအတွက်။

စသည်တို့ကိုသိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့မေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ပေါ်တွင် တန်ခိုးကြီးရွှေဥမင်ဘုရား၊ ဘုန်းကြီးကျောင်းပေါင်း(၂၀)ခန့်၊ အစိုးရအထက်တန်းကျောင်း (၂)ကျောင်း၊ အ. မ. က ကျောင်း(၅)ကျောင်း၊ မြို့ပေါ်ရပ်ကွက်(၁၂)ရပ်ကွက်တွင် အိမ်ခြေပေါင်း(၁၈၂၅)အိမ်၊ ဟိုတယ် (၅)လုံး၊ အရပ်ဘက်ဘော်ဒါ (၅)ကျောင်း၊ တည်းခိုခန်း (၂)လုံး၊ စားသောက်ဆိုင်များ ဆယ်ဂဏန်းခန့်နှင့် မြို့မဈေးကြီးများ အပါအဝင် အိမ်သာအသီးသီးတို့မှ အနှံ့ဆိုးများ လေထုအတွင်းပျံ့နှံ့ခြင်း မရှိစေရန်အတွက် မိလ္လာသယ် မော်တော်ယာဉ် (၁)စီး ကူညီပံ့ပိုးပေးနိုင်ရန်အစီအစဉ် ရှိ/မရှိကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီး အောက်ပါအတိုင်းဖြေကြားအပ်ပါတယ်-

ပင်းတယမြို့နယ် စည်ပင်သာယာရေးဌာန၏ (၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ) အပိုင်း-၁တွင် ဝင်ငွေလျှာထားချက်မှာ ကျပ်(၆၄၈)သိန်းဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်(၂၇၆)သိန်းဖြင့် ရေပေးရေးလုပ်ငန်း (၂)ခု၊ ကုန်ကျငွေကျပ် (၁၇၈)သိန်း၊ တံတား (၁)စင်း၊ ကုန်ကျငွေကျပ် (၁၁. ၁)သိန်း၊ အခြားလုပ်ငန်း (၄)ခု၊ ကုန်ကျငွေ ကျပ်(၈၆. ၉)သိန်းဖြင့် လျှာထားပြီး ပင်းတယမြို့အတွက် လိုအပ်သော မိလ္လာယာဉ်အား ဝယ်ယူမည်ဆိုပါက ငွေကျပ် (၃၀၀) သိန်းခန့် ကုန်ကျမည်ဖြစ်၍ ရန်ပုံငွေလုံလောက်မှုမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်(အပိုင်း-၁)တွင် ထည့်သွင်းလျှာထားနိုင်ခြင်းမရှိပါ။ သို့ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့တွင် လိုအပ်လျက်ရှိသော မိလ္လာယာဉ်(၁)စီးအား ပင်းတယမြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် (အပိုင်း-၂)တွင် ဝင်ငွေရရှိမှုပေါ်မူတည်၍သော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ထောက်ပံ့ငွေဖြင့်သော်လည်းကောင်း၊ ထည့်သွင်းလျှာထားရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

D/real(wide) (8

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျောက်မဲမြို့နယ်အတွင်း အစိုးရသစ်ကာလတွင် လူနေအိမ်မြေကွက် ဂရန်အသစ် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းကိစ္စရပ်များနှင့်ပတ်သက်ပြီး အချက် (၃)ချက်မေးမြန်းထားတာကို တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အောက်ပါအတိုင်း ပြန်လည် ဖြေကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်-

မေးခွန်း(က)နဲ့ပတ်သက်ပြီး ကျောက်မဲမြို့နယ်အတွင်း လူနေအိမ်မြေများအား သက်တမ်းတိုး/ဦးပိုင်ခွဲ/ အမည်ပြောင်း မြေဌားဂရန်များ လျှောက်ထားရာတွင် လျှောက်ထားသူများအနေဖြင့် ကုန်ကျစရိတ် တစ်စုံတစ်ရာပေးသွင်းရခြင်းမရှိဘဲ မြေဌားဂရန် လျှောက်လွှာတွင် ကပ်ရန် တံဆိပ်ခေါင်းခွန်(၁၀၀)ကျပ်၊ မြေဌားဂရန်(စာချုပ်)၌ ကပ်ရမည့် တံဆိပ်ခေါင်းခွန် (အထူးကပ်ခေါင်း) (၃၀၀)ကျပ်တို့အား ကာယကံရှင်ကိုယ်တိုင် အခွန်ဦးစီးဌာန၌ သွားရောက်ဝယ်ယူ၍ လျှောက်ထားရမည်ဖြစ်ပြီး မြေဌားဂရန်ခွင့်ပြုထုတ်ပေးပြီးသည့်အချိန်မှသာ အောက်မြန်မာပြည်မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေ ၁၇အရ နိုင်ငံတော်သို့ ကျသင့်သည့် မြေဌားခွန်များအား ပေးသွင်းရမည်ဖြစ်ပါတယ်။

မြေခွန်နှုန်းသတ်မှတ်ကောက်ခံရာတွင် ၁၃-၂-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၃)၊ ဆုံးဖြတ်ချက်အပိုဒ် ၉(ခ)အရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များ၌ မြေအတန်းအစားအား ပထမတန်းစား၊ ဒုတိယတန်းစား၊ တတိယတန်းစား အလိုက် ကောက်ခံရန် မြေခွန်နှုန်းထားကို အတည်ပြုသတ်မှတ်

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုးထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေကြောင်း ပထမဦးစွာ ဆုတောင်းမေတ္တာ ပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ နေအိမ်မြေကွက်၊ ဂရန်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်ကာလတွင် နေအိမ်မြေကွက် ဂရန်သက်တမ်းတိုးခြင်း၊ အသစ်လျှောက်ထားခြင်းတို့နှင့်ပတ်သက်ပြီး အချက်အလက်ပြည့်စုံပါက (၄၅)ရက်အတွင်း ဆောင်ရွက်ပေးရန် ညွှန်ကြားထားသည်ကို ကြားသိရပါတယ်။ ထို့အပြင် မြို့ပေါ်ရပ်ကွက်များအတွက် ဂရန်မရှိသေးသော လူနေအိမ်မြေကွက်များ၊ ဂရန်သက်တမ်းကုန်ဆုံးနေသော မြေကွက်များ၊ သက်တမ်းတိုးဖို့လိုအပ်နေသော လူနေအိမ်မြေကွက်များကို စာရင်းဇယားများကောက်ယူပြီး စီမံချက်တစ်ရပ်ဖြင့် ဆောင်ရွက်နေသည်ဟု ကြားသိရပါတယ်။

သို့သော် လက်ရှိမြေပြင်ပေါ်မှာတော့ ကျောက်မဲမြို့နယ်အတွင်း လူနေအိမ်မြေကွက်များ ဂရန်သစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများကို နှစ်နဲ့ချီကြာမြင့်နေတာကိုလည်း တိုင်ကြားသူများရှိနေပါတယ်ခင်ဗျား။ အချို့သော လူနေအိမ်

D/real(wide) (8

ပေးခဲ့ပြီးဖြစ်သဖြင့် ၎င်းသတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ပေးသွင်းစေလျက်ရှိပါတယ်။

မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လဲလှယ်ခြင်း မပြုဘဲ တရားမဝင်နေထိုင်အသုံးပြုသူအား ဂရန်ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါက အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၁နှင့် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၁၉အရ ပျက်ကွက်မှုအတွက် အောက်မြန်မာ နိုင်ငံတွင် ကျသင့်သောမြေခွန်၏ ၅ ဆကိုလည်းကောင်း၊ အထက်မြန်မာနိုင်ငံတွင် ကျသင့်မြေခွန်၏ ၃ ဆကိုလည်းကောင်း၊ ပျက်ကွက်သည့် ကာလအတွက် ပေးဆောင်ရန် ပြဋ္ဌာန်းထားရှိပါတယ်။ ဂရန်သစ်လျှောက် ထားရာတွင် နေထိုင်ခဲ့သည့် နှစ်ကာလအပေါ် အခွန်ပေးဆောင်ရခြင်း၊ သက်တမ်းတိုးလျှောက်ထားရာတွင် သက်တမ်းကုန်ဆုံးသည့်နှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ သတ်မှတ်ထားသော မြေခွန်နှုန်းဖြင့် တွက်ချက်ပြီး မြေအမျိုးအစားအလိုက် မြေဧရိယာအပေါ်မူတည်၍ နှစ်လွန်ဒဏ်ကြေးငွေ၊ တစ်နှစ်လျှင် ကျသင့်ငွေ၏သုံးဆပေးဆောင် ရမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်သို့ ချလံဖြင့် ကိုယ်တိုင်သွား ရောက်ပေးသွင်းရမည်ဖြစ်ပါတယ်။ မြေအမျိုးအစား အကျယ်အဝန်းနှင့် နေထိုင်ခဲ့သည့်ကာလအလိုက်ကျသင့်သည့် အခွန်ငွေကွာခြားမှုရှိနိုင်ပါတယ်။

မေးခွန်း(ခ)နဲ့ပတ်သက်ပြီး အစိုးရသစ်ကာလ ကျောက်မဲမြို့နယ် အတွင်း မြေငှားဂရန် အသစ်/အမည်ပြောင်း/သက်တမ်းတိုး/ခွဲစိတ်လျှောက်ထားမှုအရေအတွက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် (၁၁၂)ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (၁၁၃)ခု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၁၁၅)ခု၊ စုစုပေါင်း (၃၄၀)ခု လျှောက်ထားခဲ့ပါတယ်။

(၁) သက်သေခံမြေစာရင်းပုံစံ (၁၀၅၊ ၁၀၆) (၃)စုံ၊

(၂) မြေပိုင်ဆိုင်မှုအထောက်အထား၊

(၃) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်၊

(၄) လျှောက်ထားသည့်မြေပေါ်တွင် ဆောက်လုပ်ထားသည့် သို့မဟုတ် ဆောက်လုပ်မည့် အဆောက်အဦပုံစံ ရှေ့မြင်/ဘေးမြင် ပုံစံ(၂)စုံ၊

(၅) လျှောက်ထားသူ၏အိမ်ထောင်စုဇယားမိတ္တူ။ မှတ်ပုံတင်မိတ္တူ။

(၆) လျှောက်ထားမြေသည် လယ်ယာမြေသို့မဟုတ် ဥယျာဉ်ခြံမြေဖြစ်ပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ အရ အခြားနည်းအသုံးပြုခွင့်အမိန့်၊

(၈) အထက်ပါ လျှောက်လွှာရရှိပါက မြေယာစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ပြီး ကန့်ကွက်လွှာခေါ်ယူခြင်း (ကန့်ကွက်ခြင်းများ ရှိပါက ကန့်ကွက်သူများအား ခေါ်ယူစစ်ဆေးခြင်း၊ လျှောက်ထားမြေ နေရာသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ပတ်ဝန်းကျင်နေထိုင်သူများ၏ ထွက်ဆိုချက်ရယူ ဆောင်ရွက်ခြင်းများ ပြုလုပ်၍ အမှုတွဲပြည့်စုံပါက လျှောက်ထားမြေ (၁)ဧကအောက်အား သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ (၁)ဧကမှ(၅)ဧကအထိအား ပြည်နယ်အုပ်ချုပ်

D/real(wide) (8

ရေးမှူး၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း၊ (၅)ကေအထက်အား ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူ၍လည်းကောင်း မြေဌားဂရန်ထုတ်ပေးရေးဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအားကိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအားကို ၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတင်ပြလိုတဲ့ မေးခွန်းကတော့ မိုင်းဖြတ်မြို့နယ်၊ ဆားလို့ကျေးရွာအုပ်စု၊ဆားလို့အောက်ကျေးရွာနဲ့ ဆားလို့ပေါ်ကျေးရွာများကို ဆက်သွယ်မည့် မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းဖြတ်မြို့နယ်၊ ဆားလို့ကျေးရွာအုပ်စုသည် မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်ကားလမ်းဘေးမှာ တည်ရှိသောအုပ်စုတစ်ခုဖြစ်ပါတယ်။ ဆားလို့ကျေးရွာအုပ်စုတွင် ရွာ(၄)ရွာရှိပါတယ်။ ရွာ(၂)ရွာမှာ ကားလမ်းနှင့် နီးသော်လည်း ဆားလို့အောက်ကျေးရွာနှင့် ဆားလို့ပေါ်ကျေးရွာမှာ ကားလမ်းနဲ့ ကွာဝေးလျက်ရှိပါတယ်။ ထို့အပြင် ဆားလို့အောက်ကျေးရွာမှာ အခြေခံ

D/real(wide) (9

မေးခွန်း(၈)နဲ့ပတ်သက်ပြီး အစိုးရသစ်ကာလ ကျောက်မဲမြို့နယ်အတွင်းမြေဌားဂရန်အသစ်အမည်ပြောင်း/ သက်တမ်းတိုး/ ခွဲစိတ်ဆောင်ရွက်ပြီးစီးမှုအရေအတွက်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း (၁၁၀)ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အတွင်း (၄၉)ခု ထုတ်ပေးနိုင်ခဲ့ပြီး ဌာနဆိုင်ရာမြေလွှဲလျှောက်ထားရန်အတွက် အမှုတွဲ (၂၄)တွဲအား ပိတ်သိမ်းခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် (၈၄)ခု ထုတ်ပေးနိုင်ခဲ့ပြီး လျှောက်ထားသူ ကွယ်လွန်ခြင်း၊ အမည်ဖြည့်စွက်၍ ပြန်လည်လျှောက်ထားလိုခြင်းအတွက် ကာယကံရှင်၏ ဆန္ဒအရ အမှုတွဲ(၁၃)ခုကို ပိတ်သိမ်း ဆောင်ရွက်ခဲ့ပါတယ်။ အစိုးရသစ်ကာလအတွင်း ကျောက်မဲမြို့နယ်၏ မြေဌားဂရန်ထုတ်ပေးမှုအရေအတွက်မှာ စုစုပေါင်း (၂၄၃)ခု ဖြစ်ပြီး၊ ပိတ်သိမ်းခဲ့သည့် အမှုတွဲစုစုပေါင်းမှာ (၃၇)ခုဖြစ်ပါတယ်။ ထုတ်ပေးရန် ကျန်ရှိသည့် အမှုတွဲ (၆၀)အား မြေဌားဂရန်ဆက်လက်ထုတ်ပေးနိုင်ရေး မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြေဌားဂရန်များ လျှောက်ထားဆောင်ရွက်ရာတွင် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများပူးတွဲ၍ ခရိုင်ရုံး ရုံးစိုက်ရာမြို့ဖြစ်ပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ အခြားမြို့နယ်များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း လိပ်မူလျှောက်ထားရပါမယ်-

(က) ကာယကံရှင်လျှောက်လွှာ (အသုံးပြုလိုသည့် မြေဧရိယာ၊ တည်နေရာ အလား(၄)ရပ်၊ အသုံးပြုမည့် ရည်ရွယ်ချက်ပါရှိရပါမည်။)

(ခ) လျှောက်လွှာနှင့်အတူ အောက်ပါအချက်များ ပူးတွဲတင်ပြရပါမည်-

ပညာမူလတန်းကျောင်း ဖွင့်လှစ်ပညာသင်ကြား လျက်ရှိပါတယ်။ မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်ကားလမ်းမှ ဆားလို့ပေါ်ကျေးရွာအထိ(၃)မိုင်ကွာဝေးကြောင်း သိရှိရပါတယ်။ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးသည် အဓိကကျသော အချက်တစ်ချက်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်ကားလမ်းမှ ဆားလို့ပေါ်ကျေးရွာအထိ (၃)မိုင် ကွာဝေးသော လမ်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်ဝင်လျာထားမည်ကို သိရှိလိုပါသဖြင့် ကျေးလက်နေပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို မေးမြန်းတဲ့ မိုင်းဆတ်-မိုင်းခုတ်-မိုင်းဖြတ်ကားလမ်းမှ ဆားလို့ပေါ် ကျေးရွာအထိ (၃)မိုင်ကွာဝေးသောလမ်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေး နှစ်တွင် ထည့်ဝင်လျာထားမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးနေသော ပတ္တမြားကျောင်းဆောင် ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက် ခွင့်ပြုမည်ကို သိရှိလိုသည့်ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းရှိ ပတ္တမြားကျောင်းဆောင်ကို ၁၉၉၄ ခုနှစ်တွင် မိဘပြည်သူထည့်ဝင်ငွေ ကျပ်၁၃၀၀၀၀၀/-ဖြင့် နှစ်ထပ်ဆောင် (၂)ခန်းတွဲ ဆောက်လုပ်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်၊ မေလတွင် နိုင်ငံတော်အကြီးအကဲ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေခရီးစဉ်တွင် ဆောက်လုပ်ဆဲ ကျောင်းဆောင်ကို မြင်တွေ့သောအခါ ရန်ပုံငွေ ကျပ်၂၀၀၀၀၀၀/-ဖြင့် နောက်ထပ် နှစ်ခန်းတွဲ (၂)ထပ် တိုးချဲ့ ဆောက်လုပ်ခဲ့ပါတယ်။ ထိုပတ္တမြားကျောင်းဆောင်သည် ၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် ပတ္တမြားဆောင်၊ မြစိမ်းဆောင်၊ ငွေပုလဲဆောင် စသည့်ကျောင်းဆောင်(၃)ဆောင်သာ ရှိပါတယ်။ ကျောင်းဝန်းအကျယ်အဝန်းမှာ (၆.၉၉)ဧက ရှိပါတယ်။ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ(၁၀၅)လည်း ပညာရေးဌာနပိုင်မြေအဖြစ် ရရှိထားပြီးဖြစ်ပါတယ်။ စာသင်ခန်း

D/real(wide) (9

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းဖြတ်မြို့နယ်၊ ဆားလို့ကျေးရွာအုပ်စု၊ မိုင်းဆတ်-မိုင်းခုတ်- မိုင်းဖြတ်ကားလမ်းမှ ဆားလို့တောင်ကျေးရွာသို့ ဖောက်လုပ်မည့်လမ်းသည် ဆားလို့ကျေးရွာနှင့် ဆားလို့တောင်ကျေးရွာ(၂)ရွာ အား အကျိုးပြုမည်ဖြစ်ပြီး အိမ်ခြေ(၃၃)အိမ်၊ လူဦးရေ(၁၇၆)ဦး နေထိုင်လျက်ရှိပါတယ်။ လမ်းအဆင့်အတန်းသတ်မှတ်ချက်အရ Class A အမျိုးအစား၊ ဒုတိယဦးစားပေးအဆင့် သတ်မှတ်ထားသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းမှာ အရှည်(၃)မိုင်ရှိ၍ အတက်အဆင်းမတ်စောက်သည့် အပိုင်းများ (၂၅%)ခန့် ပါဝင်နေပါတယ်။ လမ်းဖောက်လုပ်မည်ဆိုပါက အတက်အဆင်းပြေပြစ်အောင်လမ်းအူကြောင်းအသစ်ရှာပြီး ဖောက်ရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ ကျပ် (၇၅. ၀၀) သန်းဖြစ်ပါတယ်။ မိုင်းဖြတ်မြို့နယ်အနေဖြင့် ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင် ဆောင်ရွက်ရန် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ကျပ် (၂၀၀. ၀၀)သန်းခန့် လျာထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဆိုပါလမ်းသည် အကျိုးပြု လူဦးရေနည်းပါးသော်လည်း မြေသားလမ်းဖောက်လုပ်ပြီးသည့် အခါ အခြားလမ်းများသို့ ကွန်ရက်သဖွယ် ဆက်သွယ်ပေးပါက ပိုမိုဖွံ့ဖြိုးလာနိုင်ခြင်းကြောင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် (၁၂)လ ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်မဲဆန္ဒနယ် အမှတ် (၁)မှ ဦးမောင်ညိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

အရေအတွက်နှင့် ကျောင်းဆောင်မှာလည်း ပတ္တမြားကျောင်းဆောင်ပျက်စီးနေသောကြောင့် မျှတမှုမရှိပါ။ ထို့ကြောင့် မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးနေသောပတ္တမြားကျောင်းဆောင် ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက်ပေးမှု အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက်ခွင့်ပြုမည်ကို သိလိုး၍ လူထုကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ပျက်စီးနေသော ပတ္တမြားကျောင်းဆောင် ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက်ပေးမည့် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဖျက်သိမ်းခွင့်ပြုပြီး အသစ်တည်ဆောက် ခွင့်ပြုမည်ကို သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုရေးဝန်ကြီး၊ ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အထက (မဘိမ်း)၌ Steel Structure (၉၀×၃၀)ပေ ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာ (၁)ထပ်ဆောက်လုပ်ရန်အတွက်ခွင့်ပြုရန်ပုံငွေကျပ် (၆၀. ၇၅)သန်း လျာထားတင်ပြထားပါတယ်။ အထက (မဘိမ်း)တွင် ပျက်စီး

D/real(wide) (9

နေသော ပတ္တမြားကျောင်းဆောင်နှင့်ပတ်သက်၍ ပြီးခဲ့သည့် စက်တင်ဘာလက ကျွန်တော့်ရဲ့ မိုးမိတ်-မဘိမ်းခရီးစဉ်အတွင်း မဘိမ်းမြို့နယ် လွတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ အန္တရာယ်ကျောင်းဆောင်အဖြစ် လျာထားတင်ပြရန် မြို့နယ်ပညာရေးဦးစီးဌာနသို့ မှာကြားခဲ့သော်လည်း မြို့နယ်မှအမှုတွဲအား အချိန်မီတင်ပြလာခြင်း မရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အန္တရာယ်ကျောင်းဆောင်အဖြစ် လျာထားတင်ပြနိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အန္တရာယ်ကျောင်းဆောင်အဖြစ် လျာထားနိုင်ရန် အတွက် ရှမ်းပြည်နယ်ပညာရေးရုံးခွဲ၊ လားရှိုးမြို့မှတစ်ဆင့် အခြေခံ ပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်လွတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော် ဥက္ကဋ္ဌကြီး

တကွ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်းမှမေးမြန်းထားတဲ့ မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်တောင်ကျေးရွာမှ ဆယ်မ တောင်ကျေးရွာသို့ လမ်းအရှည်(၃)မိုင်အား မြေသားလမ်းခဲ့ခြင်းနှင့် ကျောက်ရောမြေ ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ကျွန်တော် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ဖြေကြားခွင့်ပြုပါခင်ဗျား။

မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်တောင်-ဆယ်မတောင်ကျေးရွာ ချင်းဆက်လမ်း (၃/၀)မိုင်လမ်းပိုင်းသည် ကျေးရွာ (၇)ရွာ၊ အိမ်ခြေ (၁၇၉)အိမ်နှင့် လူဦးရေ (၅၈၈)ဦးအား အကျိုးပြုနိုင်မည့်လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်းပိုင်း (၃/၀)မိုင်အား မြေသားလမ်းခဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွင် ထည့်သွင်းလျာထားပြီး မြို့နယ်အလိုက် ဘဏ္ဍာငွေ အချိုးကျခွဲဝေရရှိမှုအပေါ်မူတည်၍ လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးတင်ပြမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း နှင့် ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

D/real(wide) (9

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းဝေး (ပထမနေ့) (၂၆-၃-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့သည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်းရှေးဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လွှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးခွန်ဒီဂေါလ်ဖြစ်ပါတယ်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

ခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်၊ ယန်းတောင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အားနယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရမည်ဟု တာဝန်ခွဲဝေပေးထားပါတယ်။ ၎င်းအုပ်စုအတွင်းရှိ ဝမ်ယုတ်တောင် ကျေးရွာမှ ဆယ်မတောင်ကျေးရွာသို့ သွားသည့်လမ်းအား ဒေသခံပြည်သူများမှ မြေသားလမ်းအား လမ်းခဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းကို ဆောင်ရွက်ပေးစေလိုကြပါတယ်။ ၎င်းလမ်းသည် ဆယ်မတောင်၊ ဆယ်မလယ်၊ ဆယ်မမိုင်၊ ကျူလောဝမ်၊ ဝမ်မဟီး၊ ဝမ်နောင်လေး၊ ဝမ်နောင်ကြီးကျေးရွာများ အသုံးပြုနေသော လမ်းလည်းဖြစ်ပါ တယ်။ ကုန်ထုတ်လမ်းဖြစ်ပြီး လူဦးရေ (၅၀၀၀)ကျော်ကို အကျိုးပြုနေသည့် လမ်းလည်းဖြစ် ပါတယ်။ ၎င်းလမ်းသည် တောင်ပေါ်လမ်းလည်းဖြစ်ပြီး ဒေသခံ အာခါတိုင်းရင်းသား တို့မှလည်း မြေသားလမ်းခဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေး စေလိုပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝမ်ယုတ်တောင်ကျေးရွာမှ ဆယ်မတောင်ကျေးရွာသို့သွားသည့် လမ်းအရှည်(၃)မိုင်အား မြေသားလမ်းခဲ့ခြင်းနှင့် ကျောက်ရော မြေခင်းပေးရန်အစီအစဉ် ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံ ပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှိသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်

D/real(wide) (9

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ပထမနေ့) (၂၆-၃-၂၀၁၈)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပို့ လာပါသဖြင့် နည်းဥပဒေ ၆၅နှင့်အညီ (၂၅-၃-၂၀၁၈) ရက်နေ့ ကော်မတီအစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာ ကော်မတီဝင်များမှ စိစစ်သုံးသပ်ညှိနှိုင်း ဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြ ခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေး (၂၆-၃-၂၀၁၈)ရက် (ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ဥပဒေကြမ်းတွင် အပိုင်း (၅)ပိုင်း၊ အခန်းပေါင်း (၃)ခန်း၊ ပုဒ်မပေါင်း (၁၆)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ အခြားသာမန်ရငွေတွင် ပြည်နယ်အစိုးရအဖွဲ့ ငွေကျပ် ၂၈၇၂. ၅၄၉ သန်း၊ ပြည်နယ်လွှတ်တော်ငွေကျပ်၀. ၇၀၀သန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှုန် ငွေကျပ် ၇၇. ၂၃၅ သန်း၊ ပြည်နယ်

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေတွင် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အခြားသာမန်ရငွေမှာ ငွေကျပ် ၂၉. ၂၃၉ သန်းနှင့် စည်ပင်သာယာရေးအဖွဲ့များ အခြားသာမန် ရငွေတွင် ငွေကျပ် ၇၅၄၀. ၁၃၄ သန်းရရှိရန် လျာထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အစိုးရအဖွဲ့ သာမန်သုံးငွေကျပ် ၆၇၃၀. ၆၃၁သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၁၇၄၃၀. ၂၉၆ သန်း၊ ပေါင်းကျပ် ၂၄၁၆၀. ၉၂၇သန်း၊ ပြည်နယ်လွှတ်တော် သာမန်သုံးငွေကျပ် ၅၁၁. ၈၈၃ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၅၆. ၀၁၀ သန်း၊ ပေါင်းကျပ် ၅၆၇. ၈၉၃ သန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှုန် သာမန်သုံးငွေကျပ် ၃၃. ၄၀၀သန်း၊ ပြည်နယ် ဥပဒေချုပ်နှုန် သာမန်သုံးငွေကျပ် ၄၅၀. ၂၄၇ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၃. ၀၀၀ သန်း၊ ပေါင်းကျပ် ၄၅၃. ၂၄၇ သန်း၊ ပြည်နယ် စာရင်းစစ်ချုပ်နှုန်းသာမန် သုံးငွေကျပ် ၉၆၄. ၇၆၉ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၉၆. ၃၁၈ သန်း၊ ပေါင်းကျပ် ၁၀၆၁. ၀၈၇ သန်းဖြစ်ပြီး အဖွဲ့အစည်း (၅)ခု၏ သာမန်သုံးငွေကျပ် ၈၆၉၀. ၉၃၀ သန်း၊ ငွေလုံးငွေရင်းသုံး ငွေကျပ် ၁၇၅၈၅. ၆၂၄ သန်း၊ စုစုပေါင်းကျပ် ၂၆၂၇၆. ၅၅၄ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ သုံးစွဲမှုတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေ ကျပ် ၉၉၉၇. ၇၁၅ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၅၇၆. ၅၈၈ သန်း၊ ပေါင်းကျပ် ၁၀၅၇၇. ၃၁၃ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာန(၅)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၇၃၆၀. ၁၂၅သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၃၄၉. ၈၇၅ သန်း၊ ပေါင်းကျပ် ၇၇၁၀. ၀၀၀သန်း၊ သယံဇာတနှင့်

D/real(wide) (9

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အောက်ရှိဌာန (၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေ ကျပ် ၁၅၄၃. ၀၇၂ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၅၅၈. ၀၅၉သန်း၊ ပေါင်းကျပ် ၂၁၀၁. ၁၃၁ သန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၁၁၃၆. ၀၇၂သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၄၃၉၆. ၃၀၅သန်း၊ ပေါင်းကျပ် ၅၅၃၂. ၃၇၇ သန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၉၆၂. ၄၂၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၇၈. ၃၇၀ သန်း၊ ပေါင်းကျပ် ၁၀၄၀. ၇၉၀ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခုသုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၁၂၈၇. ၇၅၃သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၂၃၄၅. ၀၅၁သန်း၊ ပေါင်းကျပ် ၃၆၃၃၇. ၈၀၄ သန်း၊ ကုန်တင် ကုန်ချကော်မတီရုံး၏ သုံးစွဲမှုမှာ သာမန်သုံးငွေကျပ် ၈. ၅၄၉ သန်းဖြစ်ပြီး ဝန်ကြီးဌာန (၆)ခုနှင့် ကော်မတီ (၁)ခု၏ သာမန်သုံး ငွေကျပ် ၃၃၈၈၀. ၇၀၆သန်း၊ ငွေလုံးငွေရင်း ငွေကျပ် ၂၉၄၂၄. ၂၅၈ သန်း၊ စုစုပေါင်းကျပ် ၆၃၃၀၄. ၉၆၄ သန်း သုံးစွဲရန်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ သုံးစွဲမှုတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သာမန်သုံးငွေကျပ် ၁၃. ၀၀၀ သန်း၊ ငွေလုံးငွေရင်းသုံးငွေ ကျပ် ၁၇၉၁၆. ၂၃၉ သန်း၊ စုစုပေါင်း ၁၇၉၂၉. ၂၃၉ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသည်။

စည်ပင်သာယာရေးအဖွဲ့မှသုံးစွဲမှုတွင် သာမန်သုံးငွေကျပ် ၃၇၆၅. ၈၅၇ သန်း၊ ငွေလုံးငွေရင်း သုံးငွေကျပ် ၆၁၈၈. ၄၈၂ သန်း၊ စုစုပေါင်း ကျပ် ၉၉၅၄. ၃၃၉ သန်း သုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ဥပဒေချုပ် ငွေကျပ် ၀. ၄၈၀ သန်း၊ ပြည်နယ်စာရင်းစစ်ချုပ် ငွေကျပ် ၀. ၂၈၆ သန်း၊ စုစုပေါင်း ငွေကျပ် ၂၉၅၁. ၂၅၀သန်း ရရှိရန်လျာထားသည်ကို တွေ့ရှိရပါသည်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အကောက်မှာ ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် ငွေကျပ် ၄၉၅. ၃၀၆ သန်း၊ နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် ငွေကျပ် ၃၅၃. ၆၅၇ သန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့်အခွန် ငွေကျပ် ၅၇၈. ၈၉၆ သန်း၊ စုစုပေါင်း ငွေကျပ် ၁၄၂၇. ၈၅၉သန်း ကောက်ခံရန်လျာထားသည်ကိုတွေ့ရှိရပါသည်။

ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၁၅. ၇၃၉ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိဌာန (၅)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၃၆. ၄၃၂ သန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၃)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၆. ၇၁၄ သန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးအောက်ရှိ ဌာန(၁)ခု၏ အခြားသာမန်ရငွေမှာ ငွေကျပ် ၄၆. ၁၀၂ သန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၂)ခု၏ အခြားသာမန်ရငွေ မှာ ငွေကျပ် ၀. ၅၀၀ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေမှာ ကျပ် ၁၀၅၃၆၉. ၃၁၈ သန်း၊ ပေါင်းငွေကျပ် ၁၀၅၃၆၉. ၃၁၈ သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာန (၁)ခု၏ အခြားသာမန်ရငွေမှာ ကျပ် ၄၁. ၈၀၉သန်း၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၏ စုစုပေါင်း အခြားသာမန်ရငွေ ကျပ်၁၄၇. ၂၉၆ သန်း၊ ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ ကျပ် ၁၀၅၃၆၉. ၃၁၈ သန်းရရှိရန် လျာထားသည်ကို တွေ့ရှိရပါသည်။

D/real(wide) (9

အခမ်းအနားမျှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်း အစည်းအဝေးကို နေ့လည် (၁)နာရီ (၃၀)မိနစ်အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

တင်ပြချက်

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ အစိုးရအဖွဲ့အပါအဝင် အဖွဲ့အစည်း (၅)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ (၁၅)ခု၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း (၁)ခု၊ စည်ပင်သာယာရေးအဖွဲ့များ (၁)ခုတို့၏ ရင်ဆိုင်ရမှာ ငွေကျပ် ၁၁၇၄၆၅၅၊ ဝ၉၆ သန်းရရှိရန် လျာထားပြီး အဖွဲ့အစည်း (၅)ခု၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၇)ခု၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်း(၁)ခုနှင့် စည်ပင်သာယာရေးအဖွဲ့များ (၁)ခုတို့၏ သာမန်သုံးငွေကျပ် ၄၆၃၅၅၀၊ ၄၉၃ သန်း၊ ငွေလုံးငွေရင်းသုံးငွေကျပ် ၇၁၁၁၄၊ ၆၀၃ သန်း၊ စုစုပေါင်းကျပ် ၁၁၇၄၆၅၅၊ ဝ၉၆ သန်းသုံးစွဲရန် တင်ပြထားသည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြု ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက လွှတ်တော်သို့ တင်ပြဖို့ ဖြစ်ပါတယ်။

D/real(wide) (9

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(ဒုတိယနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
၂၀၁၈ ခုနှစ်၊ မတ် လ ၂၈ ရက်
[အင်္ဂါနေ့]
နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

D/real(wide) (9

ဦးစိုင်းရွှဲန်တစ်လုံး၊ ဘဏ္ဍာရေးဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းသည် ၂၀၁၈ခုနှစ်၊ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် အခြေပြု၍ ရေးဆွဲထားခြင်းဖြစ်သောကြောင့် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးကို (၁)နာရီ (၃၀)မိနစ် ရပ်နားမှာဖြစ်ပါတယ်။

၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလထိ ၆ လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလထိ ၆ လ၊ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းပေးပို့ထားသည့် ကိုယ်စားလှယ်မရှိသည့်အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း) အစီရင်ခံစာအား ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

လယ်ယာကဏ္ဍ ၂.၃ ရာခိုင်နှုန်း၊ သားငါးကဏ္ဍ၄.၇ ရာခိုင်နှုန်း၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ ၂.၇ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍ ၇.၉ ရာခိုင်နှုန်း၊ လျှပ်စစ်ဓါတ်အားကဏ္ဍ ၅.၂ ရာခိုင်နှုန်း၊ ဆောက်လုပ်မှု ကဏ္ဍ ၃.၃ ရာခိုင်နှုန်း၊ ပို့ဆောင်ရေးကဏ္ဍ ၈.၆ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍ ၉.၂ရာခိုင်နှုန်း၊ ငွေရေးကြေးရေးကဏ္ဍ ၁၁.၁ရာခိုင်နှုန်း၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ၃.၄ရာခိုင်နှုန်း၊ ဌာနဆိုင်ရာ အခြားဝန်ဆောင်မှုကဏ္ဍ ၁၁.၇ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍ ၇.၉ရာခိုင်နှုန်း တိုးတက်ရန် လျာထားပြီး သစ်တောကဏ္ဍ ၆၂.၈ လျော့နည်းရန် လျာထားပါသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသအလိုက် ပုံမှန်ဈေးနှုန်းများအရ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂၄.၉ ရာခိုင်နှုန်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄.၁ရာခိုင်နှုန်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၂.၁ ရာခိုင်နှုန်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄.၉ ရာခိုင်နှုန်း၊ ဝ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၇.၀ ရာခိုင်နှုန်း တိုးတက်ရန်လျာထားပါတယ်။

လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို နှစ်အလိုက် ဈေးနှုန်းအရ ၃၇.၁ရာခိုင်နှုန်း မှ ၃၅.၇ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၇.၉ရာခိုင်နှုန်းမှ ၁၈.၂ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၅.၀ရာခိုင်နှုန်းမှ ၄၆.၁ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် လျာထားပါတယ်။

ပုံမှန်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂.၅ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၅.၁ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၈.၇ရာခိုင်နှုန်း အသီးသီးဖြစ်ပေါ်ရန် လျာထားပါတယ်။

D/real(wide) (9

နှစ်အလိုက်စျေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပြောင်းလဲမှုနှုန်းကို ၆.၁ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပြောင်းလဲမှုနှုန်းကို ၁၁.၆ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပြောင်းလဲမှုနှုန်းကို ၁၃.၀ရာခိုင်နှုန်းအသီးသီး ဖြစ်ပေါ်ရန် လျာထားပါသည်။

ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၇၁,၁၁၄.၆၀၃ သန်း (ကျပ် ၇၁.၁၁၄ ဘီလီယံ) ရင်းနှီးမြှုပ်နှံရန် လျာထားပါသည်။

အကြံပြုချက်

ဥပဒေကြမ်းအပေါ် အကြံပြုချက်မှာ ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံပိုလျှံစေရန်၊ စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်းများဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားစေရေး အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပံ့ပိုးကူညီရန်၊ စီးပွားရေးလုပ်ငန်းများကို လွယ်လင့်စွာလုပ်ကိုင်ခွင့်ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရန်တို့ကို အကောင်အထည်ဖော် နိုင်ရေးအတွက် စီမံကိန်းရေးဆွဲထားသည့် ဥပဒေ(မူကြမ်း) ဖြစ်သည်ကို တွေ့ရှိရပါသဖြင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း အစီရင်ခံစာတင်ပြအပ်ပါတယ် ခင်ဗျား။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့) (၂၆.၃.၂၀၁၈) ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)အပေါ် ပြည်နယ်လွှတ်တော်က နည်းဥပဒေ ၁၃၆(ခ) (၃)အရ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲအပ်ပေးပို့လာ သဖြင့် နည်းဥပဒေ ၆၅နှင့်အညီ (၂၅.၃.၂၀၁၈)ရက်နေ့ ကော်မတီအစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေး ဆိုင်ရာကောမတီဝင်များနှင့် ရှမ်းပြည်နယ်စီမံကိန်းဦးစီးရုံးတို့မှ စိစစ်သုံးသပ်ညှိနှိုင်းဆွေးနွေးကြပြီး ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်

ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၆.၃.၂၀၁၈)ရက်(ပထမနေ့)၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့ပါသည်။

ဥပဒေကြမ်းတွင် အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၈)ခု ပါဝင်ပြီး ဤကော်မတီ၏ စိစစ်တွေ့ရှိချက်အရ ကဏ္ဍကြီး(၃)ခု၏ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို ပုံမှန်စျေးနှုန်းအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန်လျာထားပါတယ်။

D/real(wide) (1

၂၀၁စခုနှစ် ဧပြီလမှစက်တင်ဘာလထိ ၆ လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈စခုနှစ် ဧပြီလမှစက်တင်ဘာလအထိ (၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး အတည်ပြုပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက လွှတ်တော်သို့ တင်ပြရန်ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မဂ်လာအပေါင်းနှင့်ပြည့်စုံကြပါစေ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏ သာယာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝပြုလိုက်ရ ပါတယ်။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ပထမနေ့)တွင် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ (ခ)အရ တင်သွင်းခဲ့သော ၂၀၁၈စခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့်အတူ နောက်ဆက်တွဲ ၁၊ ၂၊ ၃ တို့အား ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

သတ်မှတ်ပေးရန်” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးဖို့စာရင်းများပေးသွင်းထားပါတယ်။

ပထမဦးစွာ ညောင်ရွှေ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကိုဆွေးနွေး ဖို့ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်မိုးဖြစ်ပါတယ်။ ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသော “ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာ အုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီး ကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်” အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ကြီးကျေးရွာသည် ရွာငံမြို့နယ်နှင့်(၃၁)မိုင်ခန့် အလှမ်းကွာဝေးနေသည်ကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါသောကြောင့် ဒေသခံများသည် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုများ အင်မတန်နည်းသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့်လူမှုရေး၊ စီးပွားရေးနှောင့်နှေးနေပါတယ်။ မြို့ကြီးကျေးရွာအုပ်စုသည် သဘာဝသယံဇာတ ပေါကြွယ်သောဒေသဖြစ်သလို အလှမ်းကွာဝေးမှုများကြောင့် ထိန်းချုပ်နိုင်မှု အားနည်းတာကိုလည်း တွေ့ရှိရပါတယ်။ အကယ်၍ မြို့ဖြစ်မည်ဆိုပါက သယံဇာတ ထွက်ကုန်များကိုလည်း ထိန်းချုပ်

D/real(wide) (1

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ပထမနေ့)တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)ကို အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသည့် အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ဦးအေးမင်းစိုး ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီး ကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ်**

နိုင်မည် ဖြစ်ပါတယ်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော (၉၉၂၀၉) ဧက ကိုလည်း ထိန်းသိမ်း နိုင်မည်ဖြစ်ပါတယ်။ မြို့ကြီးဆည်ကို အမှီပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေးများကိုလည်း များစွာ လုပ်ကိုင်နိုင်တာ တွေ့ရှိရပါတယ်။ မြို့ကြီးကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးမည်ဆိုပါက အုပ်ချုပ်ရေးပိုင်းများ လွယ်ကူစွာ အုပ်ချုပ်နိုင်မည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ခရီးသွားပြည်သူ များ၏ သွားလာမှုများလွယ်ကူလာခြင်းကြောင့် စီးပွားရေး လမ်းကြောင်းများ ပွင့်လာမည်ဖြစ်ပါတယ်။ ဆည်ရှိခြင်း၊ သယံဇာတ ပေါကြွယ်ဝခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းများလည်း တိုးချဲ့ လုပ်ကိုင်နိုင်မည်ဖြစ်ပါတယ်။ လူဦးရေအနေဖြင့်လည်း (၇၀၀၀) ကျော်ရှိတာကိုလည်း တွေ့ရှိရပါတယ်။ မြို့ဖြစ်မည်ဆိုပါက လူဦးရေ ထပ်မံတိုးလာမှာကိုလည်း တွေ့ရှိရပါတယ်။ အထက်မြန်မာပြည်နှင့် ထိစပ်မှုများကြောင့် မြို့ဖြစ်လာမည်ဆိုပါက ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး အလျင်အမြန်တိုးတက် လာဖွယ်ရှိသောကြောင့် ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းသော "ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်"အဆိုအား လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်မေရီနျို့က အဆိုကိုဆွေးနွေးမှာဖြစ်ပါတယ်။

D/real(wide) (1

ဒေါ်မေရီရှိုး ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီရှိုးဖြစ် ပါတယ်ရှင်။ ကျွန်မအနေဖြင့် ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး၏ **"ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာ အုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအားမြို့ကြီးမြို့အဖြစ်သတ်မှတ်ပေးရန်"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာသည် အထက်မြန်မာပြည် မြို့တော်၊ မန္တလေးတိုင်းနှင့် ထိစပ်လျက်ရှိပြီး ရွာငံ-မန္တလေး သွားကားလမ်းပေါ်တွင် တည်ရှိသောကျေးရွာဖြစ်ပါတယ်။ ၎င်းအပြင် ရန်ကုန်- မန္တလေး High- way လမ်းနှင့်လည်း (၁၂)မိုင် သာကွာဝေးပါတယ်။ မြို့ကြီးကျေးရွာသည် မြို့ကြီးဆည် တည်ရှိ သည့်အတွက် ၎င်းဆည်မှ စိုက်ပျိုးရေးများကိုလည်း အဓိက ထားလုပ်ကိုင်နိုင်တာ တွေ့ရှိရသလို ဆည်မှရရှိသော လျှပ်စစ်မီး များကိုလည်း လုံလောက်စွာသုံးစွဲနိုင်သည်ကို တွေ့ရှိရပါတယ်။ ပညာရေးတွင်လည်း အ. ထ. က(၂)ကျောင်း၊ အ. လ. က(၂) ကျောင်း၊ အ. မ. က (၁)ကျောင်းနှင့် ကျေးရွာစာကြည့်တိုက်(၃)ခု တည်ရှိသည်ကို တွေ့ရှိရပါတယ်ရှင်။ ကျန်းမာရေးကဏ္ဍတွင်လည်း (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန (၁)ခုနှင့် တည်ရှိသည့်အပြင် ကလေးများအပန်းဖြေရန် ဥယျာဉ်၊

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ရွာငံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဦးအေးမင်းစိုးမှ အဆို တင်သွင်းသည့် **"ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာ အုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအားမြို့ကြီးမြို့အဖြစ်သတ်မှတ်ပေးရန်"** အဆိုကို ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တင်ပြချက်များကို Power Point ဖြင့် ဖြေကြား ခွင့်ပြုပါ ခင်ဗျား။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ မြို့ကြီး ကျေးရွာအုပ်စုသည် ရွာငံမြို့၏မြောက်ဘက် ၃၁မိုင် ၆ဖာလုံအကွာ မန္တလေး-ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်း-တောင်ကြီး ပြည်ထောင်စုလမ်းမပေါ်တွင်တည်ရှိပြီး ကျေးရွာ ၅ ရွာ ပါဝင်ဖွဲ့စည်း လျက်ရှိကာ အိမ်ခြေ ၈၈၈ ခု၊ အိမ်ထောင်စု ၈၉၉ စု၊ လူဦးရေ ၃၆၁၀ ဦး အခြေချနေထိုင်လျက်ရှိသော ကျေးရွာအုပ်စုတစ်ခုဖြစ် ပါသည်။

ကျေးရွာအုပ်စုအတွင်း အုပ်ချုပ်ရေးမှူးရုံး ၁ ရုံး၊ ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံ ၁ ရုံ၊ လုံခြုံရေးရဲကင်း ၁ ခု၊ အခြေခံပညာ အထက်တန်းကျောင်း ၁ ကျောင်း၊ မူလတန်းကျောင်း ၁ ကျောင်း၊ ဆက်သွယ်ရေးစာတိုက်ခွဲ ၁ ခု၊ မြို့ကြီးဆည်နှင့် ထိန်းသိမ်းရေးရုံး ၁ ရုံး၊ မြို့ကြီးဆည်ရေအားလျှပ်စစ်ထုတ်လုပ်ရေးရုံး ၁ ရုံးနှင့် မြို့ကြီးတိုက်နယ်သစ်တောကင်းစခန်း ၁ ခုတို့ တည်ရှိနေပါတယ်။

မြေအသုံးချမှုအနေဖြင့် မြို့ဧရိယာသတ်မှတ်မည့် အကျယ်

D/real(wide) (1

အဝန်း ၂၄၅ ဧက၊ စိုက်ပျိုးမြေ ၅၆၆ ဧက၊ မြေရိုင်း ၁၅၃၆ ဧက၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော ၂၈၀၀ ဧက၊ အခြားမြေဧရိယာ ၅၇၅၃ဧက၊ စုစုပေါင်း ၁၀၉၀၀ ဧက ရှိပါသည်။ ထို့အပြင် မြို့ကြီးကျေးရွာအုပ်စုတွင် စျေးအဖြစ်အသုံးပြုရန် ၂. ၅ဧက၊ ကျေးရွာစာကြည့်တိုက်၊ ကလေးကစားကွင်းနှင့် အပန်းဖြေဥယျာဉ် နေရာအတွက် ၁. ၅ဧက၊ အမှိုက်စွန့်ပစ်ရန်အတွက် ၂. ၅ ဧက၊ မိလ္လာစွန့်ရန်တူးမြောင်းမြေ ၂ဧက၊ သုသာန်မြေ ၂ ဧကတို့အား သတ်မှတ်ထားရှိပြီးဖြစ်ပါတယ်။

မြို့ကြီးမြို့အဖြစ် တိုးမြှင့်သတ်မှတ်ဖွဲ့စည်းမည်ဆိုပါက လုပ်ငန်းရှင်များလာရောက် ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်းများရရှိလာသည့်အတွက် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်လာနိုင်သည့်အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး မိသားစုဝင်ငွေများ တိုးတက်ရနိုင်မည်ဖြစ်ပါတယ်။

ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စုကို မြို့ကြီးမြို့အဖြစ် အဆင့်တိုးမြှင့်ဖွဲ့စည်းလိုပါက မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ၎င်းတို့၏ သဘောထားမှတ်ချက်များ၊ ဒေသခံများ၏ သဘောထားတို့နှင့်အတူ မြို့/ရပ်ကွက်/ကျေးရွာပြင်ဆင်ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲပြည့်စုံစွာတည်ဆောက်၍ ခရိုင်/ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ရပါမယ်။

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့/ရပ်ကွက်/ကျေးရွာပြင်ဆင်ဖွဲ့စည်းရေး အမှုတွဲအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီစိစစ်၍ ပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲနှင့်အတူ

ကစားကွင်းမြေနေရာလည်း တည်ရှိသည်ကို တွေ့ရှိရပါတယ်။ ဌာနဆိုင်ရာများလည်း ထိုက်သင့်သလောက် တည်ရှိသည်ကို တွေ့ရှိရပါတယ်။ သို့သော် အုပ်ချုပ်ရေးနှင့် အလွန်ကွာဝေးနေသောကြောင့် ဒေသခံပြည်သူများမှာ အခက်အခဲများစွာ ကြုံတွေ့နေရသည်ကို တွေ့ရှိပါတယ်ရှင်။ အကယ်၍ မြို့ကြီးမြို့အဖြစ် အတည်ပြုမည်ဆိုပါက ဒေသခံပြည်သူများ ကူးသန်းရောင်းဝယ်ဖောက်ကားမှု၊ ခရီးသွားလာမှုများ လွယ်ကူမြန်ဆန်လာပြီး စီးပွားရေး၊ လူမှုရေး မြင့်မားလာသည်သာမက အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်သို့ ဆက်သွယ်ထားသော ကားလမ်းမပေါ်တွင် တည်ရှိနေသောကြောင့် ရှမ်းပြည်နယ်၏ စီးပွားရေး၊ လူမှုရေးများကိုပါ အကျိုးသက်ရောက်မှုရှိမှာ သေချာပါတယ်ရှင်။ သို့ဖြစ်ပါသောကြောင့် ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး တင်သွင်းသည့် မြို့ကြီးကျေးရွာ၊ ကျွန်းကြီးကျေးရွာ၊ ဆည်ရွာကျေးရွာ ကျေးရွာ(၃)ရွာပေါင်း၍ မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန်အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅(က)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

တင်ပြလာမှုအပေါ် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးချုပ်၏ ထောက်ခံချက်၊ အစည်းအဝေးမှတ်တမ်း၊ အမှုတွဲတို့နှင့်အတူ နိုင်ငံတော်သမ္မတနုံးသို့ ဆက်လက်အဆိုပြု တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်အနေဖြင့် ပြန်လည်ရှင်းလင်းရာမှာ ဒီအဆိုကို အတည်ပြုဖို့ သဘောတူတယ်လို့ပဲ ကျွန်တော်က မှတ်ယူရမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို အတည်ပြုရန် သဘောတူသည့်အတွက် ရှာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းစိုး တင်သွင်းတဲ့အဆိုကို အတည်ပြုဖို့ လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ဦးအေးမင်းစိုး တင်သွင်းသည့်အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်က သဘောတူသည့်အတွက် ဦးအေးမင်းစိုး တင်သွင်းသည့်အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

လုပ်ငန်းများဖော်ဆောင်ရန်အတွက် လုပ်ငန်းအပ်နှံရပါသည်။ လုပ်ငန်းလက်ခံသော ကုမ္ပဏီများမှလည်း သက်ဆိုင်ရာဌာနများနှင့် စာချုပ်ချုပ်ဆိုထားသော စာချုပ်ပါ အရည်အသွေးများအတိုင်း လုပ်ငန်းများဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဌာနများမှတစ်ဆင့် ကုမ္ပဏီများအား အပ်နှံထားသော လုပ်ငန်းများအရည်အသွေးပြည့်မီစွာ လုပ်ငန်းဆောင်ရွက်ပေးခြင်းရှိ/မရှိ အလေးထားကြပ်မတ်ပေးရန် လိုအပ်ပါသည်။

သို့မှသာ ပြည်သူများမှ ပေးဆောင်ရသော အခွန်များ၏ တန်ဖိုးပမာဏနှင့် ပြည်သူ့အတွက် ပြန်လည်လုပ်ဆောင်ပေးသော လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တန်ဖိုးပမာဏချင်း မျှတသည်ဟု ပြည်သူလူထု ယုံကြည်လက်ခံမှသာ ပြည်သူနှင့်အစိုးရကြားယုံကြည်မှု၊ လေးစားမှု ပိုမိုခိုင်မာလာမည်ဖြစ်ပါသည်။ အစိုးရအပေါ် ယုံကြည်မှု၊ လေးစားမှု ခိုင်မာလာလျှင် ပြည်သူများမှ နိုင်ငံတော်သို့ ပေးဆောင်ရသော အခွန်တန်ဖိုးပမာဏများလည်း ပိုမိုလာမည်ဟု ယုံကြည်ပါသည်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ပြည်သူ့ဘဏ္ဍာငွေများ ပိုမိုရရှိလာလျှင် ပြည်သူများ၏ လိုအပ်ချက်များဖြစ်သော လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့်ပြည်သူလူထုနှင့် အစိုးရအကြား ယုံကြည်မှု၊ လေးစားမှု ပိုမိုခိုင်မာလာစေရန်အတွက် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသော **"ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုအား ထောက်ခံဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေက အဆိုကိုဆွေးနွေးမှာ ဖြစ်ပါတယ်။

D/real(wide) (1

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ် တင်သွင်းသည့် **"ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၇၅(ဆ)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၂၅(ခ)အရ ထောက်ခံ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလိုထောက်ခံဆွေးနွေးရခြင်းက မြို့နယ်အသီးသီးမှာ ဆောင်ရွက်နေတဲ့ ပြည်ထောင်စု/ပြည်နယ်အဆင့် လုပ်ငန်းကဏ္ဍအသီးသီးက ပြည်သူ့ဘဏ္ဍာငွေဖြင့် တင်ဒါအောင်မြင်ဆောင်ရွက်နေကြတဲ့ အခြားဒေသက လုပ်ငန်းရှင် ကုမ္ပဏီအချို့ရဲ့ အားနည်းချက်အချို့ကို ယေဘုယျအားဖြင့် နှိုင်းယှဉ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာလည်း မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း တင်သွင်း ခဲ့တဲ့ ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အသီးသီးဖြင့် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါအောင်မြင်သော ကုမ္ပဏီများအနေဖြင့် လုပ်ငန်းမစတင်မီ သက်ဆိုင်ရာမြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များကို BP -BQ Estimate နှင့် အစိုးရနှင့်

D/real(wide) (1

ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရေး" အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ်၏ **" ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရေး"**အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေး ဖို့ စာရင်းပေးထားပါတယ်။

ပထမဦးစွာ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလှိုင်ခမ်းဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသည့် **"ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **"ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုသည် ပြည်သူလူထုအတွက် အရေးကြီးသော အဆိုဖြစ်ပါတယ်။ ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည့်ပြည့်ဝဝ ဖော်ဆောင်ရွက်ပေးရမည့် တာဝန်သည် လွှတ်တော်နှင့် အစိုးရ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးရမည့် တာဝန်ဖြစ်ပါသည်။

ပြည်သူအတွက် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးရာတွင် သက်ဆိုင်ရာဌာနများမှတစ်ဆင့် ကုမ္ပဏီများထံသို့

ပြည်သူလူထုရဲ့ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် လုပ်ငန်းရပ်မျိုးစုံက ကာယ၊ ဉာဏခွန်အားကနေ ရရှိလာခဲ့တဲ့ ဝင်ငွေအသီးသီးက ပေးဆောင်နေရတဲ့ အခွန်ထမ်းပြည်သူများ၏ ဘဏ္ဍာငွေကို မှန်ကန်တဲ့သဘောထားနဲ့ အပြုသဘောဆောင်တဲ့ ထိန်းကျောင်းကြပ်မတ်မှုနဲ့ အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ ဝန်ထမ်းအသီးသီးက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူ့ဘဏ္ဍာငွေ အလေအလွင့် အဖိတ်အစင် မရှိစေရေး သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် တာဝန်ရှိသူအသီးသီးက အထူးအလေးထားကြပ်မတ်ထိန်းကျောင်း ဆောင်ရွက်ပေးပါရန်နှင့် ဌာနေကုမ္ပဏီများတင်ဒါအောင်မြင်ရရှိလာပါကလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးက ဒေသခံပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများ တစ်ဘက်တစ်လမ်းက တိုးတက်ရရှိလာမည်ဖြစ်သကဲ့သို့ ဒေသ၏ လိုအပ်ချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဖက်ဖက်က အကျိုးရှိစွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသဖြင့် ဌာနေကုမ္ပဏီများကိုလည်း သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဌာနအသီးသီး၏ ပြည်သူ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်း အသီးသီးတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်အညီ စိစစ်ချမှတ်ပေးရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်းနှင့် မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးပါကြောင်း ရှိသေလေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ချုပ်ဆိုသော စာချုပ်မိတ္တူများကို Check and Balance ပြုလုပ်နိုင်ရေး ကြိုတင်ပေးပို့ရေးအဆိုကလည်း အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါ အဆိုကို အတည်ပြုခဲ့ကြောင်း မှတ်တမ်းကိုလည်း ရှမ်းပြည်နယ်လွှတ်တော်နှင့် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိကဝတ်များနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီမှာ အထင်အရှားမှတ်တမ်း ဝင်ရောက်ခဲ့ပြီးဖြစ်၍ သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဌာနဆိုင်ရာအသီးသီးနှင့် တာဝန်ရှိသူများအပြင် ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အသီးသီးမှာလည်း အလေးထားဆောင်ရွက်ရမည့် တာဝန်တစ်ခုဖြစ်လာခဲ့ပြီဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေပြုခြင်း ၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ထိန်းမတ်ခြင်းဆိုတဲ့ တာဝန်ကို အုပ်ချုပ်ရေးယန္တရားကို ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးခြင်း မရှိစေဘဲ ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပြုခြင်း၊ ထောက်ပြဆွေးနွေးခြင်းများ ဆောင်ရွက်နေကြသူများဖြစ်ပါတယ်။ ပြည်သူလူထု၏ အခွန်အတုတ်များမှ ရရှိတဲ့ပြည်သူ့ဘဏ္ဍာငွေတွေ အဖိတ်အစင်၊ အလေအလွင့်မရှိစေရေး တည့်မတ်ထိန်းကျောင်း ထောက်ပြပေးဖို့ တာဝန်ရှိတဲ့ ပြည်သူတွေ တာဝန်ပေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်များဖြစ်တဲ့အတွက် ပြည်သူ့အသံ၊ လွှတ်တော်အသံအဖြစ် ပြည်သူ့ရှေ့က ရပ်တည်တင်ပြဆွေးနွေးရခြင်းဖြစ်ပါတယ်။

စောစောကတင်ပြခဲ့တဲ့ မိုင်းပန်မြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ရဲ့ အဆိုအောင်မြင်မှုကို သက်ဆိုင်ရာရှမ်းပြည်နယ်အစိုးရအဖွဲ့က ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ပေးသော်လည်း အချို့ တင်ဒါအောင် ကုမ္ပဏီတွေဟာ ယနေ့အထိ လိုက်နာခြင်း၊ သတ်မှတ်ပါ BP -BQ Estimate အချက်အလက်များကို လုပ်ငန်း မစတင်မီ အချိန်မီပေးပို့နိုင်မှုမရှိခြင်း၊ အချို့ကလုပ်ငန်းစတင်ချိန်တွင်ပင် သက်ဆိုင်ရာကိုယ်စားလှယ်၊ သက်ဆိုင်ရာမြို့နယ်

D/real(wide) (1

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ။ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၅(ငါ)အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ရွှင်လန်းကြပါစေလို့ ပဏာမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဒါဝိဒ်၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုကို ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း တင်ဒါရွေးချယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက် အမှတ်(၁/၂၀၁၇)နှင့်အညီ တင်ဒါကော်မတီ၊ ကြမ်းခင်းစျေးတွက်ချက်ရေးကော်မတီ၊ တင်ဒါ လက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေး ကော်မတီ စသည့်ကော်မတီ(၄)ရပ်အား ဖွဲ့စည်းဆောင်ရွက်လျက် ရှိသည့်အပြင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁-၆-၂၀၁၇) ရက်စွဲပါ စာအမှတ်၊ ၆၁၇၉/၇-၃၁၁/အစရ(ရှမ်း)အရ တည်ဆောက်ရေး/ ဝယ်ယူရေးလုပ်ငန်းများ၏ ကျပ်(၁၀)သန်းအောက် လုပ်ငန်းများအား သက်ဆိုင်ရာဌာနများမှ တာဝန်ယူဆောင်ရွက်ရန်၊ ကျပ်(၁၀)သန်းမှ

စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်တည်ဆောက်ရေး ကော်မတီများကို သတင်းပို့ခြင်းမရှိခြင်း၊ လုပ်ငန်းတစ်ဝက်ခန့် ပြီးစီးခါနီးအချိန်မှသာ အသိပေးခြင်း၊ အစစ်ဆေးခံသည့်အချိန်တွင် သတ်မှတ်စာရွက်၊ စာတမ်း၊ BP- BQ စာချုပ်မပါရှိခြင်း၊ ဒေသခံ ကုမ္ပဏီမဟုတ်သည့် အတွက် လုပ်ငန်းများအပေါ်တွင် အလေးထားအာရုံစိုက်မှု အားနည်းခြင်း၊ BP -BQ စာချုပ်ပါ အချက်များနှင့် မကိုက်ညီခြင်း များ တွေ့ရှိနေရလို့ အချို့မြို့နယ်တွေမှာ လွှတ်တော်ကိုယ်စားလှယ် တွေ၊ မြို့နယ် တည်/ကော်နှင့် စီ/ခန့်အဖွဲ့တွေက တွေ့ရှိချက် တင်ပြလို့ ပြည်နယ်တည်/ကော်နှင့် Third Party အဖွဲ့တွေက ပြန်လည်ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်စေခြင်း၊ ရပ်ဆိုင်းစေခြင်း၊ မလိုလားအပ်သော ကြန့်ကြာစေခြင်း၊ ဘဏ္ဍာငွေအလေအလွင့် များ ဖြစ်ပေါ်စေခြင်း၊ မလိုလားအပ်ဘဲ အဆင့်ဆင့်သော တာဝန်ရှိ သူများအလုပ်ပိုစေခြင်း၊ ပြည်သူလူထု၏ ငြိုငြင်မှု၊ စိတ်ကသိ ကအောက်ဖြစ်မှုများ တွေ့ကြုံနေကြရပါတယ်။ ဒီလို တွေ့ မကြာခဏဖြစ်ပေါ်နေလို့လဲ မြို့နယ်အချို့က ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေဟာ ယခုလိုရှမ်းပြည်နယ်လွှတ်တော်အတွင်းမှ မေးခွန်းတွေ၊ အဆိုတွေနဲ့ ကဏ္ဍအသီးသီးက ဌာနအသီးသီးရဲ့ တာဝန်ရှိသူ အစိုးရအဖွဲ့ဝင်တွေကို ပြည်သူ့ရှေ့ကရပ်တည်ပြီး မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းများ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ ထည့်ဝင်တဲ့ အခွန်ကဏ္ဍကရရှိတဲ့ ပြည်သူ့ ဘဏ္ဍာဖြင့် ဆောင်ရွက်နေတဲ့ လုပ်ငန်းရပ်အသီးသီးမှာ သတ်မှတ် ချက်နှင့်အညီ လွှတ်တော်၊ အစိုးရ၊ ပြည်သူ ဟန်ချက်ညီညီနဲ့ ထိန်းကျောင်းကြပ်မတ် ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေ ဖြင့် အထူးဂရုစိုက် အလေးထားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

D/real(wide) (1

ကျပ်သန်း(၁၀၀)အထိ လုပ်ငန်းများအား သက်ဆိုင်ရာဝန်ကြီးဦးဆောင်သော တင်ဒါကော်မတီမှ စိစစ်ရွေးချယ်ဆောင်ရွက်ရန်၊ ကျပ်သန်း(၁၀၀)အထက်အား သက်ဆိုင်ရာဝန်ကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီး(၂)ဦးပါသော တင်ဒါကော်မတီမှ သတ်မှတ်စည်းမျဉ်း စည်းကမ်းချက်များ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရန်စသည့် ညွှန်ကြားချက်များနှင့်အညီ စိစစ်ရွေးချယ်ဆောင်ရွက် လျက်ရှိပါသည်။

ထိုသို့စိစစ်ရွေးချယ်ရာတွင် တင်ဒါတင်သွင်းသော ကုမ္ပဏီများအား Detail of Measurement, Detail Design & Drawing, Company Profile အရည်အချင်းနှင့်အတွေ့အကြုံ၊ ဆောင်ရွက်မည့်အစီအစဉ်၊ လုပ်ငန်းခွင်လေ့လာကြောင်း ဌာန၏ထောက်ခံချက်မှတ်တမ်း ဓါတ်ပုံများ၊ စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုအင်ဂျင်နီယာစုဖွဲ့မှု စသည့်အချက်များ ပါဝင်သော နည်းပညာအဆိုပြုလွှာ (Technical Proposal) စိစစ်မှုရမှတ်(၆၀) မှတ်အား တင်သွင်းစေပြီး၊ ၎င်းနည်းပညာဆိုင်ရာ အဆိုပြုလွှာ အောင်မြင်သည့် ကုမ္ပဏီအား Bill of Quantity, Abstract of Cost, Builder's Estimate စျေးနှုန်းတင်သွင်းလွှာစသည့် အင်ဂျင်နီယာဆိုင်ရာတွက်ချက်မှုများ ပါဝင်သည့် စျေးနှုန်းအဆိုပြုလွှာ (Price Proposal) စိစစ်မှုရမှတ်(၄၀)မှတ်အား တင်သွင်းစေပါတယ်။

နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်အမှတ်(၁/၂၀၁၇)နှင့် အညီတည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းများအတွက် တင်ဒါဖွင့်ဖောက်ချိန်၌ တင်ဒါတင်သွင်းသူများအား စိစစ်အကဲဖြတ်ရာတွင်-

(က) စာရွက်စာတမ်းပြည့်စုံမှု၊
(ခ) တင်ဒါအာမခံကြေး၊
(ဂ) သတ်မှတ်အရည်အချင်းပြည့်မီမှု၊

ဌာနကုမ္ပဏီ(၄)ခုအနက် သုံးယွင်းဟွားကုမ္ပဏီသည်နည်းပညာ အဆိုပြုလွှာစိစစ်မှုတွင် ပြည့်စုံမှုမရှိ၍ ပယ်ခဲ့ပါတယ်။ ရွှေရှမ်းဟန်ကုမ္ပဏီသည် ဘဏ္ဍာရေးဆိုင်ရာ အဆိုပြုလွှာတွင်အောင်မြင်မှုမရှိခဲ့သဖြင့် ကျန်ရှိသည့် အိမ်မက်ရွာနှင့်ရွှေနန်းမြို့ကုမ္ပဏီအနက် အမှတ်ပေးစည်းမျဉ်းအရ တာချီလိတ်အခြေစိုက် အိမ်မက်ရွာကုမ္ပဏီကို ရွေးချယ်ခဲ့ပါသည်။

(ဂ) မိုင်းဆတ်ခရိုင်၊ မိုင်းတွမ်း၊ မိုင်းခုတ်နှင့် ပုံပါကျင်မြို့(၃)မြို့၌ နယ်မြေမီးသတ်စန်း(၁)ထပ်စီ (၄၅×၃၉×၁၅)ပေ တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တင်ဒါအဆိုပြုလျှောက်ထားသူကုမ္ပဏီ(၅)ခုရှိပြီး ကုမ္ပဏီများမှာ မိုင်းဆတ်အခြေစိုက် ရွှေရှမ်းဟန်၊ သုံးယွင်းဟွားနှင့် TA Capitalကုမ္ပဏီ၊ မိုင်းတုံအခြေစိုက် ရွှေမြို့နှင့် ရန်ကုန်အခြေစိုက် မြတ်အိမ်မွန် ကုမ္ပဏီတို့ဖြစ်ကြပါသည်။ ၎င်းကုမ္ပဏီ(၅)ခုအနက် သုံးယွင်းဟွားနှင့်မြတ်အိမ်မွန် ကုမ္ပဏီ(၂)ခုသည် နည်းပညာဆိုင်ရာ အဆိုပြုလွှာ စိစစ်မှုတွင် ပြည့်စုံမှုမရှိသဖြင့် ပယ်ခဲ့ရပါတယ်။ ရွှေရှမ်းဟန်ကုမ္ပဏီသည် စျေးနှုန်းလွှာတွင် အောင်မြင်မှုမရှိခဲ့သဖြင့် ကျန်ရှိသည့် ရွှေနန်းမြို့နှင့် TA Capital တို့အနက် အမှတ်ပေးစည်းမျဉ်းအရ မိုင်းတုံအခြေစိုက် ရွှေနန်းမြို့ကုမ္ပဏီကို ရွေးချယ်ခဲ့ပါတယ်။

(ဃ) သက်ဆိုင်ရာဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီတို့သည် သက်ဆိုင်ရာမြို့နယ်များရှိ လွတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲ

D/real(wide) (1

ရေးကော်မတီများထံ တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်သည့် Design & Drawing များ BQ, Cost နှင့် Estimate များ ပေးပို့တင်ပြခြင်း၊ အဆောက်အဦများ စတင်ဆောက်လုပ်သည့် အချိန်မှစ၍ သက်ဆိုင်ရာဒေသရှိ ဌာန၊ အဖွဲ့အစည်းများ ပါဝင်ပူးပေါင်းကြီးကြပ်မှုဖြင့် အဆောက်အဦ ဆောက်လုပ်နေမှုအခြေအနေ၊ ပြီးစီးမှု ရာခိုင်နှုန်းနှင့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရေး စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်စေပါတယ်။

(ဂ) မိုင်းဆတ်မြို့နယ်ရှိ တည်ဆောက်ရေးလုပ်ငန်းများအား(၆-၁၁-၂၀၁၇)ရက်နေ့တွင် မိုင်းဆတ်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယနှင့် ခရိုင်/မြို့နယ်တည်ဆောက်ရေးအရည်အသွေးစိစစ်ရေး ကော်မတီများမှ လည်းကောင်း၊ (၁၅-၁၁-၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်မင်းမှလည်းကောင်း၊ (၃၁-၁-၂၀၁၈) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်တို့မှစစ်ဆေးခဲ့သည့်အပြင် ခရိုင်/မြို့နယ်တည်ဆောက်ရေးလုပ်ငန်း အရည်အသွေး စိစစ်ရေးကော်မတီ ပူးပေါင်းအဖွဲ့မှ (၆)ကြိမ် စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များအား သက်ဆိုင်ရာဌာန၏ ကြီးကြပ်မှုဖြင့် လိုက်နာဆောင်ရွက်စေပြီး ဆောင်ရွက်

(ဃ) လိုအပ်ပါကထုတ်လုပ်သူ၏ခွင့်ပြုချက်၊
(င) တင်ဒါတင်သွင်းသူများ၏ အတွေ့အကြုံ
(စ) စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု
(ဆ) လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များနှင့်ကိုက်ညီမှုစသည့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော၊ အရည်အသွေးပြည့်မီသော ကုမ္ပဏီအား ကော်မတီ(၄)ရပ်မှ တင်ဒါအောင်မြင်သူအဖြစ် စိစစ်ရွေးချယ်ပြီး စာချုပ်ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်စေပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဆတ်ခရိုင်အတွင်း မီးသတ်စခန်းနှင့် ဝန်ထမ်းနေအိမ်ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါစိစစ်ရွေးချယ်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ခြင်းကို အောက်ပါအတိုင်း စီမံဆောင်ရွက်ခဲ့ပါသည်-

(က) တင်ဒါရွေးချယ်ရာတွင် လုပ်ငန်းတစ်ခုချင်း(Lot) အလိုက်နည်းပညာဆိုင်ရာ အဆိုပြုလွှာနှင့် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းများကို တင်ဒါလျှောက်ထားသူများ၏ ရှေ့မှောက်မှာပင် ဆောင်ရွက်ခဲ့ပါသည်။
(ခ) မိုင်းဆတ်မြို့နယ်မီးသတ်စခန်း ဝန်ထမ်းနေအိမ် ၆ ခန်းတွဲ ၂ ထပ် တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တင်ဒါအဆိုပြုလျှောက်ထားသူ ကုမ္ပဏီ(၄)ခုရှိပြီး ၎င်းကုမ္ပဏီများမှာ မိုင်းဆတ်အခြေစိုက် ရွှေရှမ်းဟန်နှင့် သုံးယွင်းဟွားကုမ္ပဏီ၊ မိုင်းတုံအခြေစိုက် ရွှေနန်းမဏ္ဍူနှင့် တာချီလိတ် အခြေစိုက်အိမ်မက်ရွာကုမ္ပဏီတို့ဖြစ်ကြပါတယ်။

D/real(wide) (1

ပြီးစီးမှုအားအဆင့်ဆင့် တင်ပြစေခြင်းဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

မိုင်းဆတ်မြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ (၂၉၇)သန်း ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသော မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ (၁၅၀'×၄၀') RC (၂)ထပ်၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေသည့် အိမ်မက်ရွာကုမ္ပဏီနှင့် မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့ မီးသတ်စခန်း ကျပ် (၄၂. ၉၉၇)သန်း RC (၁)ထပ်၊ ဆောက်လုပ်နေသည့် ရွှေနန်းမြဝတီ ကုမ္ပဏီတို့၏ ဆောက်လုပ်ခြင်းလုပ်ငန်းများမှာ အရည်အသွေးမပြည့်မီခြင်းအား ၎င်းတို့ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခရိုင်/မြို့နယ် တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီများနှင့် ထပ်မံစစ်ဆေးစိစစ်ပြီး စံချိန်စံနှုန်းများအတိုင်း အရည်အသွေး ပြည့်မီသည်အထိ ဆောင်ရွက်စေမှာဖြစ်ပါတယ်။ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ခြင်းမရှိပါက စာချုပ်ပါ စည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးပါကလည်း မြို့နယ်/ ခရိုင်/ ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများဖြင့် အသေးစိတ်စစ်ဆေးပြီး အတည်ပြုကောင်းမွန်မှသာ သက်ဆိုင်ရာဌာနမှ လက်ခံစေရေး ဆောင်ရွက်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုရှင်၏ ပြည်သူ့ဘဏ္ဍာများဆုံးရှုံးနစ်နာမှုမဖြစ်ပေါ်စေရေးအတွက်အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရန် တင်ပြချက်အပေါ် အတည်ပြုပါကြောင်းနှင့် တင်ဒါရွေးချယ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် အညီ ရွေးချယ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြည့်စွက်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တယ်။ ဒါကြောင့် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသည့် အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်၏ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဒါဝိဒ် တင်သွင်းသည့်အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင် မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကသဘောတူသည့်အတွက် မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဒါဝိဒ်၏ **"ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ် လွှတ်တော်သို့ပေးပို့လာပါတယ်။ ဒါကြောင့် အစီရင်ခံစာအား ဖတ်ကြားတင်ပြပေးပါရန် ရှမ်းပြည်နယ် လွှတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

D/real(wide) (1

ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း မေတ္တာပို့သရင်း ဂါရဝပြုနူတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို တိုင်ကြားစာများစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ကိုယ်စားလွှတ်တော်သို့ တင်ပြဆွေးနွေးမည့် တိုင်ကြားစာများစိစစ်ရေးကော်မတီ အတွင်းရေးမှူးတာဝန် ပေးအပ်ခြင်းခံရတဲ့ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွတ်တော်ကိုယ်စားလှယ်ဦးအားကို ဖြစ်ပါတယ်။

နိဒါန်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅-၃-၂၀၁၆) (ပဉ္စမနေ့)တွင် ရှမ်းပြည်နယ်လွတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီကို (၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အောက်ပါအတိုင်းကော်မတီဝင်အစားထိုးတာဝန်ပေးအပ်ခဲ့ပါသည်-

(က)	ဦးစိုင်းမျိုးမြင့်	မိုးနဲ-၂	ဥက္ကဋ္ဌ
(ခ)	ဦးအားကို	မိုင်းဖြတ်-၂	အတွင်းရေးမှူး
(ဂ)	ဦးစိုင်းဆန်စိန်	တန့်ယန်း-၁	အဖွဲ့ဝင်
(ဃ)	ဒေါ်နန်းဖွေးဟွမ်ဦး	မောက်မယ်-၁	အဖွဲ့ဝင်
(င)	ဦးဆန်းဝင်းအောင်	မိုင်းတုံ-၂	အဖွဲ့ဝင်
(စ)	ဦးခွန်လှဆန်း	ပင်လောင်း-၁	အဖွဲ့ဝင်
(ဆ)	ဗိုလ်ကြီးမြင့်ထွန်းနိုင်	ကြည်း-၃၁၆၅၆	အဖွဲ့ဝင်

D/real(wide) (1

ဥက္ကဋ္ဌ။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဖြည့်စွက်ဆွေးနွေး ဖို့ဖြစ်ပါတယ်။

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လုံ/နယ် ဝန်ကြီး ဖြေကြားချက်မှာ ပြီးပြည့်စုံသည့်အတွက် ကျွန်တော့် အနေဖြင့် ဖြည့်စွက်ဖြေကြားရန်မရှိပါ။ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေးအဆိုကို အတည်ပြုပါတယ်။ သို့သော် လုံ/နယ် ဝန်ကြီး၏ပြောကြားချက်အရ တင်ဒါစည်းမျဉ်း၊ စည်းကမ်း နှင့် ပတ်သက်သည့်နေရာတွင် ဒေသခံများကို ဦးစားပေးရန် အချက်အလက် ထည့်သွင်းထားသည့်အတွက် နိုင်ငံတော်သမ္မတ ရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။ **"ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှုမရှိစေရေး"** အဆိုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးအနေနဲ့ အတည်ပြုပါတယ်။

ဥက္ကဋ္ဌ။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်လို့ တင်ဒါစည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရန်ဖြစ်သလို ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှုမရှိစေရေးအဆိုကို အတည်ပြုဖို့ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က ဒီအဆိုနှင့်ပတ်သက်ပြီး (၂) ပိုင်း ရှင်းလင်း သွားပါတယ်။ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှုမရှိစေရေးနှင့်ပတ်သက်ပြီး အဆိုကို အတည်ပြုတယ်လို့ မှတ်ယူပါ

ကွင်းဆင်းစိစစ်ခြင်းဆောင်ရွက်ထားရှိမှု

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်သက်တမ်းတွင် တိုင်ကြားစာများစိစစ်ရေးကော်မတီမှ မြို့နယ် (၁၅)မြို့နယ်၊ အမှုတွဲ (၄၆)တွဲအား ကွင်းဆင်းစိစစ်ခြင်း (၅)ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကော်မတီ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များကို အစီရင်ခံစာနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံသို့ တင်ပြခဲ့ပါသည်။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲများ လွှဲပြောင်းပေးပို့ခဲ့ရာ (၂၂-၂-၂၀၁၈)ရက်နေ့အထိ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အမှုတွဲ (၁၁)တွဲနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေကို အောက်ပါအတိုင်း ပြန်ကြားခဲ့ပါသည်-

(က) ကလောမြို့၊ ပြည်ထောင်စုလမ်းမနှင့် ကလောချောင်းကြား၊ ဒေါ်ခိုင်ဟေမာကို၏ မြေ(၀.၅၀)ဧကကိစ္စနှင့်ပတ်သက်၍ လမ်းမြေဧရိယာအတွင်းနှင့် ကလောချောင်း ဆက်စပ်ဧရိယာအား ပိုင်ဆိုင်မှုတစ်ရပ်အနေဖြင့် မတင်ပြသင့်ကြောင်းဟုလည်းကောင်း၊

(ခ) မိုင်းပွန်- လွိုင်လင် ကားလမ်း လက်ဝဲဘက်ရှိ မြေ(၅)ဧကာ ကိစ္စနှင့်ပတ်သက်၍ တရားပြိုင်မှ အယူခံအဆင့်ဆင့်ဝင်ရောက်လျက်ရှိသဖြင့်တရားရုံးတွင် အမှုပြီးပြတ်မှသာ ဦးဝင်းသန်းမှ မြေလွတ်၊ မြေရိုင်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထားခြင်း ဆောင်ရွက်သွားရန်ဟုလည်းကောင်း၊

(ဂ) မိုးနဲမြို့နယ်၊ နမ့်မော်ဆွန့်ကျေးရွာ ခြံမြေကိစ္စနှင့်ပတ်သက်၍ ဦးစိုင်းဝမ်းဆိုင်မှ ဦးဆောနားသို့ လူမှုရေးအရကျပ်သိန်း(၂၀)ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာ

(စ) လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ဟဲနန်းကျေးရွာအုပ်စု၊ ဝမ်မိုင်ရွာ၊ ဝမ်မိုင်ဘုန်းကြီးကျောင်းမြောက်ဘက်ရှိ မိမိတို့ပိုင်ဆိုင်သော ခြံမြေယာ (၅၉.၉၂)ဧကအား ၂၀၁၀ ခုနှစ်တွင်၊ မတရားသိမ်းဆည်းခံရသဖြင့် ပြန်လည်ရရှိရေးဆောင်ရွက်ပေးပါရန် ဦးစိုင်းဆောနစိန်ပါတောင်သူ (၂၇)ဦးမှ တင်ပြလာမှုနှင့် ပတ်သက်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ လျှောက်ထားစေသင့်ပါကြောင်း အကြံပြုချက်တင်ပြလာမှုအပေါ် အကြံပြုချက်ပါအတိုင်း ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီး ဖြစ်ပါကြောင်းဟုလည်းကောင်း၊

(ဆ) လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ ရပ်ကွက် (၅)ရှိ ဦးလုံးတာ ပိုင်ဆိုင်သော မြေကွက်အမှတ်(N /၆၅)အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ နေအိမ်များ ဝင်ရောက်ဆောက်လုပ်နေထိုင်သူ (၃)အိမ်ထောင်ကို ဖယ်ရှားပေးပါရန် ဦးစိုင်းရွှေဟန်မှ တင်ပြလာမှုအပေါ် သက်ဆိုင်ရာဌာနများက ဖြေရှင်းဆောင်ရွက်ခဲ့ပြီး ကာယကံရှင်များအနေဖြင့်လည်း ကျေနပ်လက်ခံကြသော ပြီးပြတ်ပြီးသည့် ကိစ္စဖြစ်သဖြင့် ယခု တိုင်ကြားစာအား ဆက်လက်အရေးယူဆောင်ရွက်ရန်မလိုအပ်တော့ပါသဖြင့်ပိတ်သိမ်းသင့်ပါကြောင်းဟုလည်းကောင်း၊

(ဇ) တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အောင်ပန်းမြို့၊ သာမိုင်းခမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၄၈)၊

D/real(wide) (1

ဦးပိုင်အမှတ် (၁၂၄)၊ မြေဧရိယာ (၆.၉၄)ဧကကို အမှတ်(၃)ပညာရေးတပ်မှ သိမ်းယူခဲ့ခြင်းအတွက် မူလပိုင်ရှင် ဦးချစ်လှိုင်မှ ပြန်လည်တောင်းခံခြင်း ကိစ္စနှင့်ပတ်သက်၍ အဆိုပါမြေနေရာအားတပ်ပိုင် မြေသိမ်းဆည်းကာလတွင် သက်ဆိုင်သည့် လျော်ကြေးများအား ပေးချေထားပြီး ဖြစ်ပါသဖြင့် လျော်ကြေးထပ်မံပေးချေနိုင်ခြင်း မရှိကြောင်းကို ကာယကံရှင်အား အသိပေးရှင်းလင်း ဆောင်ရွက်သွားရန် ခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ၊ တောင်ကြီးမြို့သို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်းဟုလည်းကောင်း၊

(ဈ) တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ နောင်လှိုင်ကျေးရွာအုပ်စု၊ကွမ်လုံကျေးရွာ ဖယ်ခုံ-လွိုင်ကော်သွားလမ်း၊ အနောက်ဘက် ကွင်းအမှတ် (၁၂၅)ရှိ ဦးပိတာပေး ပါ(၃)ဦးတို့၏ ယာမြေကိစ္စအငြင်းပွားမှုအား ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တောင်ကြီးမြို့၏ စိစစ်တွေ့ရှိချက်တွင် ကာလစည်းကမ်းသတ်မှတ်ချက်အရ အယူခံကာလ ရက်ပေါင်း (၃၀)ကျော်လွန်နေသဖြင့် လယ်ယာမြေ နည်းဥပဒေ ၆၀(ဂ) အရ စစ်ဆေးဆောင်ရွက်ပေးရန် မရနိုင်ပါသဖြင့် ကာယကံရှင်များအား ခေါ်ယူချပြရှင်းလင်းပြီးစီးပြီးဖြစ်ပါကြောင်းဟုလည်းကောင်း၊

(ည) တောင်ကြီးခရိုင်၊ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်ကျေးရွာတွင် အားကစားကွင်းရှိသော်လည်း နစ်နာကြေးမပေးဘဲ သိမ်းဆည်းထားသော ယာမြေ(၂၃)ဧကနှင့်ပတ်သက်၍ ဒေါ်နန်းအုပ်ပါ (၅)ဦးမှ

မြေယာစီမံခန့်ခွဲမှု အဆင့်ဆင့်မှလည်း ဖြေရှင်းပြီးဖြစ်သဖြင့် တိုင်ကြားမှုကိစ္စအား ပိတ်သိမ်းသင့်ပါကြောင်း၊ ကျေနပ်မှုမရှိပါက ဥပဒေကြောင်းအရ ဆောင်ရွက်သွားစေရန် တိုင်ကြားသူအား ခေါ်ယူအသိပေးရှင်းလင်းရန် ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့(၇-၉-၂၀၁၆)ရက်နေ့တွင်အကြောင်းကြားထားပြီးဖြစ်သည်ဟုလည်းကောင်း၊

(ဃ) နမ့်စန်-ခိုလမ် ကားလမ်းမဘေး ခြံမြေနေရာကိစ္စတွင် ဗိုလ်မှူးချစ်သန်း(ငြိမ်း)အနေဖြင့် လုပ်ကိုင်နိုင်မည့် မြေကိုသာလည်းကောင်း၊ ဒေါ်နန်းနွမ်းပါ(၈)ဦး အနေဖြင့် စိုက်ပျိုးလုပ်ကိုင်နေသော မြေဧရိယာကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထား ဆောင်ရွက်သွားစေရန်ဟုလည်းကောင်း၊

(င) လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ပင်လုံ-လဲချား ကားလမ်းမဘေးရှိ မွေတော်ဟိုနားစေတီအနီး ခင်ပွန်းအမည်ဖြင့် လုပ်ကိုင်ခွင့်ရသော ဒေါ်နန်းမွန်း၏ မြေ(၀.၂၁)ဧကကို သစ်တောဦးစီးဌာနမှ ပျိုးပင်များဝင်ရောက်စိုက်ပျိုးပြီး မြေစာရင်းပုံစံ(၁၀၅)ရယူထားသည်ကို ပြန်လည်တောင်းဆိုသောကိစ္စတွင် အဆိုပါမြေနေရာသည် လွိုင်လင်-ပန်ကေတု-သီပေါကားလမ်းမ ဧရိယာတွင်းကျရောက်နေသဖြင့် တိုင်ကြားသူဒေါ်နန်းမွန်းထံသို့ ပြန်လည်ပေးအပ်ရန်မသင့်ကြောင်းနှင့် ပြည်ထောင်စုလမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းမပြုမီ ကာလအတွင်းသစ်တောပျိုးဥယျာဉ်အဖြစ် ယာယီအသုံးပြုခွင့်ပြုရန်သင့်ပါသည်ဟုလည်းကောင်း၊

D/real(wide) (1

စပ်လျဉ်း၍ သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးရမည်ဟု ပြဋ္ဌာန်း ပါရှိပါသည်။

ပုံစံ-(၇)ရသူအချို့မှ လက်ဝယ်ပိုင်ဆိုင်ခွင့်အရ လယ်ယာမြေအငြင်းပွားမှုတွင် မည်သူ့ကို မျှ ဂရုစိုက်စရာမလိုသည့် သဘောဖြင့် ခြံတွင်းဝင်ရောက်စိုက်ပျိုးသော ဒေသခံတောင်သူများကိုပင် တရားစွဲဆိုမှုများရှိလာပါသည်။ သို့ဖြစ်ပါ၍ မြေယာအငြင်းပွားမှုရှိသည့် အချင်းဖြစ်မြေယာများ၏ ပုံစံ-(၇) ထုတ်ယူရရှိမှုများကိုလည်း စိစစ်ရန်လိုအပ်ပါသည်ဟု ယူဆပါသည်။

မြေယာအငြင်းပွားမှုများကို ကွင်းဆင်းစိစစ်ခဲ့သော ရှုမ်းပြည်နယ်လွတ်တော် တိုင်ကြားစာများစိစစ်ရေးကော်မတီ ပြန်သွားသည်နှင့် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ကို မည်သည့်နည်းဖြင့် ရသည်မသိရဘဲ အခိုင်အမာအဆောက်အဦများ၊ ကားရပ်နား စခန်းများ၊ ခါတ်ဆီပန့်များ အလျှိုလျှိုပေါ်ပေါက်လာသည်ကို တွေ့ရှိရပါသည်။ မည်သည့်ဟန့်တားမှုမျှ မပြုလုပ်ကြပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများပြောနေသည့် တရားဥပဒေစိုးမိုးရေး အဆင့်သို့ ရောက်ရန်ဦးစွာလိုအပ်နေပါကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။

တိုင်ကြားစာများစိစစ်ရေးကော်မတီသို့ ရောက်ရှိလာသည့် တိုင်ကြားစာများမှာ တပ်မြေအတွက် လယ်ယာမြေသိမ်းဆည်းမှုများ အပါအဝင် အမှုပေါင်း (၁၈၀)ကျော် ရှိနေပြီး ကော်မတီမှ မြို့နယ်ပေါင်း (၁၅)မြို့အထိ ကွင်းဆင်းခဲ့ရာ အမှုပေါင်း (၄၆)မှုခန့် စိစစ်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ တိုင်ကြားစာများစိစစ်ရေးကော်မတီဝင် (၇)ဦးသာ ရှိပြီး ရှုမ်းပြည်အနှံ့ကွင်းဆင်းနေရသဖြင့် ဝန်နှင့်အားမမျှပါ

တင်ပြလာမှုအပေါ် ပိုင်ဆိုင်မှုအထောက်အထားပြသနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစီအစဉ်ဖြင့် သိမ်းယူခဲ့၍ အားကစားမြေနေရာအား ပြန်လည်လွှဲပြောင်းပေးအပ်မည်ဆိုပါက မြေယာပြဿနာများ ပိုမိုရှုပ်ထွေးလာနိုင်ခြင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဌာနပိုင် မြေလွှဲမိန့်ရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြောင်းအရင်းခိုင်မာသဖြင့် ပြန်လည်စွန့်လွှတ် ပေးနိုင်ခြင်းမရှိကြောင်း ကာယကံရှင်အား အသိပေးရှင်းလင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်းဟုလည်းကောင်း၊

(၄) ဦးဖေပါ (၁၀)ဦးတင်ပြသည့် ဆိုက်ခေါင်စျေး၊ နမ့်ပါမူးရေကန်မြေနေရာတို့သည် အများပိုင်အဖြစ် အသုံးပြုလျက်ရှိပြီး၊ ဘောလုံးကွင်းဟောင်းမြေနေရာမှာလည်း ယခင်ကတည်းက တိုက်နယ်ဆေးရုံမြေနေရာနှင့် ရပ်ရွာအစီအစဉ်ဖြင့် လဲလှယ်အသုံးပြုခဲ့ပြီးဖြစ်ခြင်း တို့ကြောင့် ဦးဖေပါ (၁၀)ဦး၏တင်ပြစာအား အရေး ယူဆောင်ရွက်ရန်မသင့်ကြောင်းနှင့် ဖြားတန်နန်းဩ သည် ပအိုဝ်းအမျိုးသားခေါင်းဆောင် (၁)ဦးဖြစ်ပြီး ဖြားတန်နန်းဩကို ဂုဏ်ပြု၍ အမည်ပေးခဲ့ဖူးသည်မှာ မှန်ကန်မှုရှိသော်လည်း ရပ်ရွာအတွင်းရှိနေရာတစ်ခုအား ဂုဏ်ပြုအမည်ပေးခြင်းနှင့် ပတ်သက်၍ ရပ်ရွာနေပြည်သူများ၏ ဆန္ဒဖြင့် ညှိနှိုင်းဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်းဟုလည်းကောင်း။

D/real(wide) (1

သောကြောင့် ကော်မတီဝင်အင်အားကို ထပ်မံဖြည့်စွက်ပေးရန် လိုအပ်လျက်ရှိပြီး ကွင်းဆင်းစိစစ်ရာတွင် ကော်မတီဝင်များ ဒေသအလိုက်ခွဲ၍ ကွင်းဆင်းစိစစ်နိုင်ပါက ပြည်သူများ၏ တိုင်ကြားစာများအပေါ် ပို၍အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီများ၏ လုပ်ငန်းများဆောင်ရွက်ရန် ကော်မတီ (၁)ခုလျှင်မော်တော်ယာဉ်(၁)စီးစီ သုံးစွဲနိုင်ခွင့်ရရှိပါက သွားလာရေး အဆင်ပြေမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် ရှမ်းပြည်နယ်လွှတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

D/real(wide) (1

တိုင်ကြားစာများစိစစ်ရေးကော်မတီအနေဖြင့် ကွင်းဆင်းစိစစ်တွေ့ရှိချက်အစီရင်ခံစာပါ အမှုတွဲများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့သော်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ဆုံးဖြတ်မှုများသည် နှောင့်နှေးကြန့်ကြာနေပါသဖြင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ယခင်က ပြည်သူများအနေဖြင့် တွေ့ဆုံပွဲများတွင် ပြည်သူ၏ တင်ပြတိုင်ကြားစာများအပေါ် တိုင်ကြားစာများစိစစ်ရေး ကော်မတီ၏ပြန်ကြားချက်များကို သိလိုကြပါသည်။ နောက်ပိုင်းကာလတွင် ပြည်သူလူထုအတွက် ရှမ်းပြည်နယ်အစိုးရမှ ဆုံးဖြတ်တုံ့ပြန်မှုမှာ နှောင့်နှေးကြန့်ကြာနေပါသဖြင့် ကော်မတီအပေါ် လူထု၏ ယုံကြည်အားကိုးမျှော်လင့်မှု လျော့နည်းလာပါသည်။ လယ်ယာပြဿနာများကို စိစစ်ဆုံးဖြတ်ပေးရသော ခရိုင်/ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အနေဖြင့် ကြားနာပွဲများတွင် ဒေသခံ တောင်သူများကို စာရွက်စာတမ်း၊ အထောက်အထား ပုံစံ(၇)၊ ပုံစံ(၁၀၅)ရှိ/မရှိ မေးခွန်းမေးမြန်းပြီး ပုံစံ(၇)ရရှိမှသာ အနိုင်ရမည်ဖြစ်ရာ ဘိုးဘွားစဉ်ဆက်နေထိုင်ပိုင်ဆိုင်ခဲ့သော်လည်း ပုံစံ(၇)လက်ဝယ်မရှိသဖြင့် လက်ရှိ၊ လက်ငုတ်မှ ပိုင်ဆိုင်ခွင့်မရသည့် တောင်သူများ၏ ဘဝဖြစ်ခဲ့ရပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ ကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ ပုဒ်မ ၅တွင် မြို့နယ်ဦးစီးဌာနရုံးသည် ပုဒ်မ ၄အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်ဟုလည်းကောင်း ပုဒ်မ ၆တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေများနှင့်

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ “ လွတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်၊အမှုတွဲများအပေါ် အစိုးရအဖွဲ့မှအလေးထားပြီးဆောင်ရွက်ပေးရန်နှင့် လွတ်တော်အစည်းအဝေးကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန်သင့်/မသင့်အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်က အဆိုတစ်ရပ်အား လွတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **“လွတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီးဆောင်ရွက်ပေးရန်နှင့် လွတ်တော်အစည်း အဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်”** အဆို ဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းဉာဏ်က အဆိုကိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ နှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်

လွှတ်တော်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထုများ၊ ဧည့်သည်များ၊ သတင်းမီဒီယာများ၊ ဝန်ထမ်းများ၊ ဆက်သွယ်ရေးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဆက်သွယ်ရေးဌာနမှ ဝန်ထမ်းများ၊ ဝန်ထမ်းအဖွဲ့အစည်းများ၊ ပြည်သူလူထုများ၊ ဧည့်သည်များ၊ သတင်းမီဒီယာများ၊

တိုင်ကြားချက်တွေကို ဖြေရှင်းနိုင်မယ်လို့ယုံကြည်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကိုယ်စား ရေးရာကော်မတီများမှာ ပြည်သူလူထုများ တင်ပြချက်၊ တိုင်ကြားချက်ကိစ္စရပ်များကို ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များအပေါ် အစိုးရအဖွဲ့မှ အရေးတယူဆောင်ရွက်ပေးရန် လုံးဝတာဝန်ရှိတယ်လို့ယူဆပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ရေးရာကော်မတီများမှ ပေးပို့ထားသော သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များပါဝင်သော အမှုတွဲများကို အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လက်ခံရရှိသော အမှုတွဲ အရေအတွက်၊ အစိုးရအဖွဲ့မှ ဆောင်ရွက်ပြီးစီးမှု အမှုတွဲအရေအတွက်နှင့် အခြေအနေများ၊ ဆောင်ရွက်ရန်ကျန်ရှိသော အမှုတွဲအရေအတွက်နှင့် အခြေအနေများကို လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်တိုင်းတွင် ရှင်းလင်းတင်ပြရန် လိုအပ်ကြောင်း အဆိုတင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

ဥက္ကဋ္ဌ။ အဆိုကိုထောက်ခံမည့်ကိုယ်စားလှယ် တင်ပြဖို့ဖြစ် ပါတယ်။

ဦးစိုင်းမွန်းလိန်၊ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာသော လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ ပဏာမ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းမွန်းလိန်ဖြစ်ပါတယ်။ ယခု ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းလာသော **"လွှတ်တော်ရေးရာ**

D/real(wide) (1

လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမဲ့အဆိုကတော့ **"လွှတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာ ကြားနာပြီးသုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေးကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်"** အဆိုဖြစ်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ ပြဋ္ဌာန်းချက်နှင့်အညီ ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးရပ်နားချိန်များတွင် ပြည်သူလူထုမှ လွှတ်တော်ရေးရာကော်မတီ အသီးသီးသို့ တင်ပြလာသော၊ တိုင်ကြားလာသော ကိစ္စရပ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရေးရာကော်မတီများမှ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များနှင့်အတူ အမှုတွဲများကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်အစိုးရအဖွဲ့သို့ ပေးပို့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်ကော်မတီသို့ တိုင်ကြားလာသော ပြည်သူလူထုများ၏ နောက်ဆုံးရွေးချယ်မှုသာဖြစ်ပါတယ်။ ဆိုလိုရင်းကတော့ သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ ပြဿနာဖြေရှင်းရန် တင်ပြလာသည့်အခါ အောက်ခြေမှာတွေ့ကြုံနေရသည်မှာ ယခင်ဌာနမှူးအဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်မှုအနေအထားများကို လက်ရှိဌာနမှူးများက အမှုမှန်သည့် တိုင်အောင်ပြောင်းလဲဆုံးဖြတ်ရန် အလွန်ခက်ခဲပြီး ရှုပ်ထွေးပါတယ်။ အမှုမှန်သည့်တိုင် ယခင်ဆောင်ရွက်ခဲ့သည့်အတိုင်း ဆုံးဖြတ်ခဲ့သည်ကို များစွာတွေ့ရှိရပါတယ်။ ဒုတိယဦးစားပေးအနေဖြင့် သက်ဆိုင်ရာ တရားရုံးများကိုလည်း မိမိတို့၏နစ်နာချက်များကို တင်ပြလာတာကိုလည်း တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ အစိုးရဌာနများ၊ တရားရုံးများ၏ ဆုံးဖြတ်ချက်များအပြင် နောက်ဆုံးလူထု၏

ကော်မတီများ ကွင်းဆင်းလေ့လာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီးဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေးကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်” အဆိုကို လေးလေး နက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

အဆိုကိုပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းထွန်းဥာဏ် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးကထောက်ခံသွားပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူသည့် ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းထွန်းဥာဏ်

လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင်သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း” အဆိုဖြစ်ပါတယ်။ ယခု ဦးခိုင်ညီညီကျော်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပြီး **“ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင်မရရှိသဖြင့်ဥပဒေတွင်သတ်မှတ်ထားသောကာလအတွင်းအမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသွားမှာဖြစ်ပါ တယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံ၏ လူဦးရေ(၇၀)ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသနေပြည်သူ များဖြစ်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ တစ်နည်းအားဖြင့် တောင်သူဦးကြီးများမှာ အခြေခံလူတန်းစားများ ဖြစ်ကြပါ

D/real(wide) (1

တယ်။ အဆိုပါလူတန်းစားများ၏ ဘဝအခြေခိုင်မာရန် အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။ တောင်သူများ၏ လယ်ယာမြေများကို ဥပဒေပါ အခွင့်အရေးများအတိုင်း အမြန်ရရှိစေရေးကို ရည်ရွယ်၍ ယခုအဆိုကို တင်သွင်းရကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ ကျွန်တော့်အနေဖြင့် မိမိမဲဆန္ဒနယ်အတွင်းသို့ ကွင်းဆင်းဆောင်ရွက်သည့်အခါတိုင်းတွင် တောင်သူလယ်သမား အများစုသည် လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)မရရှိသေးကြောင်း တင်ပြသည်ကို မကြာခဏတွေ့ကြုံရပါတယ်။ သက်ဆိုင်ရာ လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကို မေးမြန်းရာတွင် ဌာနတွင် ကွင်းအမှတ်၊ ဦးပိုင်အမှတ်များရှိပြီး တောင်သူလယ်သမား များသည်လည်း မြေခွန်၊ ယာခွန်ဆောင်၍ ဥပဒေနှင့်အညီ လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ပုံစံ(၇)ရရှိရန် အတွက် သက်ဆိုင်ရာလယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနသို့ ပုံစံ(၁)လျှောက်ထားရာတွင် နှစ်ချီ၍ကြာ နေကြောင်း၊ မည်သည့်အဆင့်တွင် မည်သို့ကြန့်ကြာနေသည်ကို မသိရသည့် အတွက် လွှတ်တော်ကိုယ်စားလှယ်များထံသို့ တင်ပြမှုများ မကြာခဏမြင်တွေ့ရပါတယ်။ ကျွန်တော်၏ မြို့နယ်ကဲ့သို့ အခြား မြို့နယ်ရှိ တောင်သူများသည်လည်း လယ်ယာမြေလုပ်ကိုင်ခွင့်ပုံစံ (၇)မရရှိကြကြောင်း၊ အခက်အခဲများစွာ တွေ့နေရကြောင်းကိုလည်း ကြားသိနေရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စိုက်ပျိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးလျက်ရှိသော စိုက်ပျိုး စရိတ်ချေးငွေသည် ပုံစံ(၇)ရရှိသည့် တောင်သူများကိုသာ ထုတ်ချေး လျက်ရှိပြီး ပုံစံ(၇)မရရှိသည့် တောင်သူများကိုမပေးသည့်အတွက် အခွင့်အရေး ဆုံးရှုံးလျက်ရှိပြီး အသေးစားလုပ်ငန်းဖြစ်သော SME ချေးငွေများကိုလည်း ပုံစံ(၇)ရရှိမှသာ ထုတ်ချေးသည့်အတွက်

D/real(wide) (1

ရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က တင်သွင်းတဲ့အဆိုကို ၂၀၁၈ခုနှစ်၊ မတ်လ ၂၉ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၏ "ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမား များ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ်လယ်ယာမြေဥပဒေ နှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်းအမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက် ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း"အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန်သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍**

အခွင့်အရေးများ ဆုံးရှုံးနေရကြောင်းကို တွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ အခန်း(၂)၊ ပုဒ်မ ၄ တွင် လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ကိုင်ခွင့်ရရှိရန် သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေခန့်ခွဲရေးအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟုပြဋ္ဌာန်းထားပါတယ်။ လယ်ယာမြေနည်းဥပဒေ အခန်း(၂)၊ အပိုဒ်(၅)တွင် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သည် နည်းဥပဒေ (၃)သို့မဟုတ် (၄)အရ လျှောက်ထားလာသော လယ်ယာ မြေလုပ်ပိုင်ခွင့် လျှောက်လွှာများကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ်ထောက်ခံချက် ပေးရပါတယ်။ နည်းဥပဒေအပိုဒ်(၆) အပိုဒ်ခွဲ(က)တွင် မြို့နယ်ဦးစီးဌာနရုံးသည် လက်ခံရရှိသည့်နေ့မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာ လယ်ယာမြေလုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်ရန် ပုံစံ(၂)ဖြင့်ကြော်ငြာရမှာဖြစ်ပါတယ်။ ယင်းအပိုဒ်၏ အပိုဒ်ခွဲငယ်(ဂ)အရ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြရပါမယ်။ နည်းဥပဒေအပိုဒ်(၈)၊ အပိုဒ်ခွဲငယ်(ဃ)မှာ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်အရ ကန့်ကွက်ချက် တစ်စုံတစ်ရာရရှိလျှင် မြို့နယ်ဦးစီးရုံးသည် ယင်းကန့်ကွက်ချက် ရရှိသည့်နေ့မှစ၍ သာမန်အားဖြင့်(၇)ရက် အတွင်း ကျေးရွာအုပ်စု လယ်ယာမြေခန့်ခွဲမှုအဖွဲ့သို့ စုံစမ်းစစ်ဆေးတင်ပြရန် အကြောင်းကြားရမှာ ဖြစ်ပါတယ်။ အပိုဒ်ခွဲငယ်(ခ)တွင် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အကြောင်းကြားစာရရှိသည့်နေ့မှ (၇)ရက်အတွင်း စုံစမ်းတွေ့ရှိချက်ကို တင်ပြရမှာဖြစ်ပါတယ်။ နည်းဥပဒေအပိုဒ် (၁၁)အရ

အစရှိသဖြင့် အပြီးဆောင်ရွက်ရမည်ဖြစ်သောကြောင့် ရက်ပေါင်း(၁၄၁)ရက်၊ လပေါင်း(၃)လနှင့်(၂၁)ရက်သာ အများဆုံး ကြာမြင့်မှာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော်လည်း မဲဆန္ဒရှင် တောင်သူများ၏ တင်ပြချက်အရ တောင်သူများသည် ပုံစံ(၇) လျှောက်ထားရာတွင် (၂)နှစ်၊ (၃)နှစ်ကြာပြီဖြစ်သော်လည်း ယခုထိ မရရှိသေးသည်ကို တင်ပြလာကြပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်။ ၂ ဖြင့် ပြဋ္ဌာန်းပြီး ဖြစ်သည့် နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ အခန်း(၂)၊ ပုဒ်မ ၂ တွင် " နိုင်ငံသားတိုင်းသည် အခြေခံ ဥပဒေပါ အခွင့်အရေးများကိုလည်းကောင်း၊ ရှိရင်းစွဲဥပဒေများပါ အခွင့်အရေး များကိုလည်းကောင်း အပြည့်အဝ ရရှိစေရမည်။"

အခန်း(၄)၊ ပုဒ်မ ၁၁ တွင် " ယင်းဥပဒေ၏ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်သည် မိမိ၏လုပ်ပိုင်ခွင့် ဘောင်အတွင်း နိုင်ငံသားတိုင်း၏ တရားဝင်ခံစားခွင့်ရှိသော အခွင့်အရေးများ ထိခိုက်ဆုံးရှုံးမှုမရှိစေရန် စောင့်ရှောက်ပေးရမည်" ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်။ ၃၂ တွင် ပြဋ္ဌာန်းထားသည့် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၃(က)တွင် "အရင်းအနှီးရရှိစေရန် တောင်သူလယ်သမားများအား သင့်တင့်သော ချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူ ပြုရန်"၊ ပုဒ်မ ၅ (ည)တွင် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရေးတို့နှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် အကာအကွယ်ပေးရမည်" စသည်ဖြင့် ၎င်းတို့၏

D/real(wide) (1

အကျိုးစီးပွားအတွက် ပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၈)၊ ပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"ဟုပြဋ္ဌာန်းပါရှိသည့် အတွက် ကျွန်တော်၏**"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အားတိုက်တွန်းကြောင်း"**အဆိုကိုလွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်ဇေယျ (ခ)စိုင်းယဉ်၊ လဲချားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ "ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း

D/real(wide) (1

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု တင်ပြလာသည့် လယ်ယာမြေလုပ်ကိုင်ခွင့်စာတွဲကို လက်ခံရရှိသည့်နေ့မှ (၇)ရက်အတွင်း သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြရမှာ ဖြစ်ပါတယ်။ နည်းဥပဒေ(၁၂)အရ ခရိုင်မြေယာစီမံခန့်ခွဲမှုအဖွဲ့သည် တင်ပြလာသည့် လယ်ယာမြေလုပ်ပိုင်ခွင့်စာတွဲကို လက်ခံရရှိသည့် အခါ ထပ်ဆင့်စိစစ်၍ လယ်ယာမြေ လုပ်ကိုင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုကြောင်း(သို့မဟုတ်) ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး မြို့နယ်ဦးစီးဌာနရုံးသို့ (၁၅)ရက်အတွင်း ဆောင်ရွက်ရမည်ဟု အဆင့်ဆင့် ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇)ရရှိရန် လျှောက်ထားချက်များကို အကျဉ်းချုပ်တင်ပြရလျှင်-

(က) ကျေးရွာအုပ်စုလယ်/စီအဖွဲ့တွင် လျှောက်ထားသည့်နေ့မှ ရက်ပေါင်း(၃၀)ရက်၊

(ခ) မြို့နယ်ဦးစီးဌာနရုံးတွင် လက်ခံရရှိပြီး(၁၅)ရက်၊

(ဂ) မြို့နယ်ဦးစီးဌာနရုံးတွင်ကန့်ကွက်လွှာ ခေါ်ရမည့် ရက် (၃၀)ရက်၊

(ဃ) ကန့်ကွက်လွှာရရှိပါက ကျေးရွာအုပ်စု လယ်/စီသို့ စိစစ်ရန်(၇)ရက်၊

(င) ကျေးရွာအုပ်စု လယ်/စီမှ စိစစ်ပြီး မြို့နယ်ဦးစီးဌာနသို့ပို့ရန်(၇)ရက်၊

(စ) မြို့နယ်ဦးစီးဌာနမှ မြို့နယ်လယ်/စီသို့ စိစစ်ရန် (၃၀)ရက်၊

(ဆ) မြို့နယ်လယ်/စီအဖွဲ့မှ ခရိုင်လယ်/စီအဖွဲ့ သို့ တင်ပြရန်(၇)ရက်၊

(ဇ) ခရိုင်လယ်စီမှ မြို့နယ်လယ်စီသို့ စိစစ်ပြီး အကြောင်းကြားရန်(၁၅)ရက်၊

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်း ကြောင်း" အဆိုကို ကျွန်တော် လေးချားမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ဦးစိုင်းကျော်ဇေယျ (ခ)စိုင်းယဉ်မှ လက်ခံဆွေးနွေးရန် သင့် ပါကြောင်း ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

အဆိုကိုပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း(သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးခိုင်ညီညီကျော် တင်သွင်းသောအဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကို ရယူပါ မယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

ဥက္ကဋ္ဌ။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူ သည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို

D/real(wide) (1

ရှမ်းပြည်နယ် ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)မှတ်တမ်း

၁၃၇၉ ခုနှစ်၊ တန်ဆူးလဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ မတ် လ ၂၉ ရက်

[ကြာသပတေးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင် ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော်အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

လက်ခံဆွေးနွေးရန် သဘောမတူတဲ့ ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခိုင်ညီညီကျော်ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်တင်သွင်းတဲ့အဆိုကို ၂၀၁၈ ခုနှစ်၊ မတ် လ ၂၉ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီနောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(တတိယနေ့)ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

D/real(wide) (1

၂၅၉
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီ ရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်)

အားလုံးထိုင်နိုင်ပါပြီရှင်။

၂၅၁
အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(က)အရ ယနေ့ အစည်းအဝေးသို့မတက်ရောက်နိုင်တဲ့ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေး ကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၂၉-၃-၂၀၁၈ ရက် (တတိယနေ့)မှာ အစည်းအဝေးသို့တက်ရောက်နိုင် ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ခွင့်ယူနှုတ်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစုဝ်အောင်မြတ်၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

D/real(wide) (1

(၂) ဦးဝေစန်း၊ ကုန်းကြမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၃) ဦးစိုင်းလင်းမြတ်၊ မိုင်းရှုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးမြင့်လွင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၅) ဦးစံလွင်၊ ဟိုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၂)ရက်။

(၆) ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထွန်း၊ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၃)ဦး ရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၉)ဦးအား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်များအားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့်

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးရှိသည့် အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ်စုစုပေါင်း၏ (၈၆.၇၁)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်း အဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး (တတိယနေ့) အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

D/real(wide) (1

ခွင့်ပြုထားသူ (၁၃) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၁၉) ဦးရှိပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများကိုမေးမြန်းခြင်းနှင့် ဖြေကြားခြင်း

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်များက ကဏ္ဍအလိုက် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးကြွယ်ကြွယ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်။
လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ အစိုးရအဖွဲ့ဝင်များ၊လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်မေးမြန်းလာသည့် မေးခွန်းနှင့်စပ်လျဉ်းပြီးရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်ကျန်တော် ဦးကြွယ်ကြွယ်အနေနဲ့ ရှမ်းပြည်နယ်တရားရုံး အနေအထားအရ ဘဏ္ဍာသိမ်းဆည်းထားသော မော်တော်ယာဉ်များအနေအထားကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လက်ရှိတွင် ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးမှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၀၉၅)စီးရှိပြီး၊ လိုင်စင်မဲ့မော်တော်ယာဉ်(၅၆၄) စီး၊ လိုင်စင်ရှိ မော်တော်ယာဉ် (၅၄)စီးရှိပါတယ်။

လိုင်စင်မရှိသော မော်တော်ယာဉ်များနှင့် လိုင်စင်ရှိပြီး သက်တမ်းလွန်နေသော မော်တော်ယာဉ်များနှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရပါတယ်။ နောက်ပိုင်းမှာ ညွှန်ကြားချက်များအရ လိုင်စင်မရှိသော မော်တော်ယာဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိစဉ်ကပင် ကနဦးစစ်ဆေးချက်မှတ်တမ်းနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီး

D/real(wide) (1

ဌာနသို့ လွှဲပြောင်းပေးရပါတယ်။ တရားရုံးကို စာရင်းတင်ပါတယ်။

သို့သော်လည်း တရားရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များမှ လွှဲပြောင်းသော မော်တော်ယာဉ်(၇၄)စီးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရသော်လည်း(၁၀)စီးကိုသာလက်ခံ၍ ကျန်မော်တော်ယာဉ်များကို သက်ဆိုင်ရာတရားရုံးများတွင်သာ ပြန်လည်အပ်နှံခဲ့ပါတယ်။

သို့ဖြစ်၍ တရားရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လွှဲပြောင်းသော မော်တော်ယာဉ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက ဆောလျင်စွာ လက်ခံပြီးစီမံခန့်ခွဲဖို့ လိုအပ်ကြောင်းတင်ပြပါတယ်။ ထို့အပြင် သက်သေခံ မော်တော်ယာဉ်များကို တရားရုံးတွင် ထိန်းသိမ်းရာ၌နေရာ အခက်အခဲနှင့် ယာဉ်သိုလှောင်သည့် အဆောက်အဦများဆောက်လုပ်ရန်အတွက် ဘဏ္ဍာရန်ပုံငွေရရှိရန် အခက်အခဲများရှိနေပါတယ်။ ထိုအခက်အခဲများ ပြေလည်အောင် ဆောင်ရွက်နိုင်ပါမှ မော်တော်ယာဉ်များ အလဟဿ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်။

ဦးစိုးညွှန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့် မေးမြန်းလာသည့် မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရ

အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးက မေးမြန်းထားသည့်မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ မိုးနဲ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမျိုးမြင့်က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းမျိုးမြင့်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။

အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြတဲ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့် ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ တရားရုံးတွေမှာ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဉ်၊ မော်တော်ကားတွေနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ် တရားရုံးတွေမှာ အမှုဖြစ်ပြီးဘဏ္ဍာတော်အဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဉ်၊ မော်တော်ကားတွေဟာဆိုရင် တော်တော်များများဟာ ထားစရာနေရာမရှိလောက်အောင် ဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့ သိရှိရပါတယ်။ ကာလကြာရှည်စွာ မိုးထဲလေထဲ ပစ်ထားတဲ့ မော်တော်ယာဉ်၊ မော်တော်ကားတွေ အလဟဿပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

အဖွဲ့ဝင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်က ဖြေကြားမှာဖြစ်ပါတယ်။

လက်ရှိတွင် ရှမ်းပြည်နယ်အတွင်းရှိ တရားရုံးအသီးသီးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၀၉၅)စီးရှိပြီး၊ လိုင်စင်မဲ့မော်တော်ယာဉ်(၅၆၄)စီးနှင့် လိုင်စင်ရှိမော်တော်ယာဉ်(၅၄)စီးရှိပါတယ်။

လိုင်စင်မရှိသော မော်တော်ယာဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိစဉ်ကပင် ကနဦးစစ်ဆေးချက်မှတ်တမ်းနှင့်အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရပါတယ်။

တရားရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များမှ လွှဲပြောင်းသော မော်တော်ယာဉ်(၇၄)စီးကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးရသော်လည်း (၁၀)စီးကိုသာ လက်ခံ၍ ကျန်မော်တော်ယာဉ်များကို သက်ဆိုင်ရာ တရားရုံးများတွင်သာ ပြန်လည်အပ်နှံခဲ့ပါတယ်။

တရားရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လွှဲပြောင်းသော မော်တော်ယာဉ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက ဆောလျင်စွာ လက်ခံရန် လိုအပ်ပါတယ်။ ထို့အပြင် သက်သေခံမော်တော်ယာဉ်များကို တရားရုံးတွင် ထိန်းသိမ်းရာ၌နေရာအခက်အခဲနှင့်ယာဉ်သိုလှောင်သည့် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ဘဏ္ဍာရန်ပုံငွေရရှိရန် အခက်အခဲများရှိနေပါတယ်။ ထိုအခက်အခဲများ ပြေလည်အောင် ဆောင်ရွက်နိုင်ပါမှ မော်တော်ယာဉ်များ အလဟဿ ပျက်စီးဆုံးရှုံးမှုမရှိစေရန်

မြေလမ်းဖြစ်သဖြင့် ရွံ့ဗွက်များသည် ပြည်သူလူထုအတွက် များစွာအခက်အခဲရှိပါတယ်။

အဆိုပါလမ်းကို ကျောက်ချောလမ်းအဖြစ် ခင်းပေးနိုင်ပါကအကျိုးပြုမှုမှာ စယ်နေကျေးရွာအုပ်စုမှ ကျေးရွာပေါင်း(၃)ရွာ၊ တွန့်ဟုန်း ကျေးရွာအုပ်စုမှ ကျေးရွာပေါင်း(၂)ရွာ၊ စုစုပေါင်းကျေးရွာ(၅)ရွာ၊ အိမ်ခြေပေါင်း(၄၃၆)အိမ်နှင့် လူဦးရေပေါင်း(၂၁၈၈)ဦးအကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

၎င်းတောင်ပေါ်ရွာများတွင် နေထိုင်ကြသည့် ပလောင်၊ ခိုလုံလီရှော၊ ကချင်တိုင်းရင်းသားများအတွက် မိမိတို့၏ဒေသထွက်ကုန်ဖြစ်သော လက်ဖက်ခြောက်၊ ပြောင်းဖူးလုပ်ငန်းများကို လည်းတွင်ကျယ်စွာ လုပ်ကိုင်နိုင်မှာဖြစ်ပြီး၊ မိမိဒေသအတွင်း စားသောက်ကုန်များကို ရာသီမရွေးလွယ်ကူစွာ သယ်ယူရောင်းချနိုင်မည် ဖြစ်ပါတယ်။

တောင်ပေါ်တိုင်းရင်းသားများအတွက် စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်းများလည်း အထူးတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါတယ်။ ထို့ကြောင့် တောင်ပေါ်တိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေးသည် အလွန်အလိုအပ်ဆုံးဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းများ ကျောက်ချောလမ်းအဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့် ဘတ်ဂျက်၊ မည်သည့်ခုနှစ်တွင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

D/real(wide) (1

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်မှ မေးမြန်းလာတဲ့ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာအုပ်စု၊ စယ်နေကျေးရွာအုပ်စုနှင့် တွန့်ဟုန်းကျေးရွာအုပ်စု၊ အုပ်စုချင်းဆက်လမ်းများဖြစ်ကြသည့် မိုင်းဝီးကျေးရွာအုပ်စုမှ စယ်နေကျေးရွာအုပ်စု၊ဖာပြန့်ကျေးရွာအထိ(၇မိုင်၃ဖာလုံ)နှင့် စယ်နေကျေးရွာအုပ်စု၊ ပန်ဟန်ကြီးကျေးရွာမှ တွန့်ဟုန်းကျေးရွာ(ပလောင်)အထိ (၄မိုင်၄ဖာလုံ) ခန့်လမ်းများအား ကျောက်ချောလမ်းအဖြစ် တိုးချဲ့ခင်းပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ ရှိပါက မည်သည့်ဘတ်ဂျက်၊ မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသည်ဆိုသည့်မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နမ့်ခမ်းမြို့နယ်၊မိုင်းဝီးကျေးရွာအုပ်စုမှ စယ်နေကျေးရွာအုပ်စု၊ ဖာပြန့်ကျေးရွာအထိ (၇မိုင်၃ဖာလုံ)အား ဖောက်လုပ်ပေးခြင်းဖြင့် ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၄၇၄)အိမ်၊ လူဦးရေ(၃၇၅၃)ဦးကို အကျိုးပြုမည်ဖြစ်ပါတယ်။ စယ်နေကျေးရွာအုပ်စု၊ ပန်ဟန်ကြီးကျေးရွာမှ တွန့်ဟုန်း ကျေးရွာအုပ်စု၊ တွန့်ဟုန်း(ပလောင်)အထိ (၄မိုင်၄ဖာလုံ)ခန့်အား ဖောက်လုပ်ပေးခြင်းဖြင့် ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၇၇၂)အိမ်၊ လူဦးရေ(၃၇၀၀)ဦးတို့အား အကျိုးပြုမည်ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ လမ်းပိုင်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ မြို့နယ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုနှင့် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီ၏

ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ ဆက်လက်တင်ပြပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်ဝန်ကြီးများ၊လွှတ်တော်ကိုယ်စားလှယ်များ၊တပ်မတော်သားကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ နမ့်ခမ်းမြို့နယ်အတွင်းရှိ မိုင်းဝီးကျေးရွာအုပ်စုနှင့် စယ်နေ ကျေးရွာအုပ်စု၊ စယ်နေကျေးရွာအုပ်စုနှင့် တွန့်ဟုန်း(ပလောင်)ကျေးရွာအုပ်စု၊ အုပ်စုချင်းဆက်လမ်းကျောက်ချောလမ်းအဖြစ် ခင်းပေးရေးကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီးကျေးရွာ အုပ်စုမှ စယ်နေ ကျေးရွာအုပ်စု၊ ဖာပြန့်ကျေးရွာအထိ(၇မိုင်၃ဖာလုံ) ရှိပါတယ်။ စယ်နေကျေးရွာအုပ်စု၊ ပန်ဟန်ကြီးကျေးရွာမှ တွန့်ဟုန်း ကျေးရွာအုပ်စု၊တွန့်ဟုန်းကျေးရွာ(ပလောင်)အထိ(၄မိုင်၄ဖာလုံ) ခန့်ရှည်လျားပါတယ်။ကိုယ်ထူကိုယ်ထမြေသားလမ်းများဖြစ်ပြီး နွေရာသီတွင်သာ အသုံးပြုနိုင်သော လမ်းဖြစ်ပါတယ်။ အဆိုပါ ဒေသသည် ဖွံ့ဖြိုးရေး အလွန်အားနည်းသော ဒေသဖြစ်ပါတယ်။ မိုးတွင်းကာလတွင်

D/real(wide) (1

ဦးစားပေးဆောင်ရွက်ပေးရန် တင်ပြချက်အပေါ် မူတည်၍ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် အပိုင်းလိုက် ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တန့်ယန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းခမ်းမြတ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းမြတ်၊ တန့်ယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ဆွေးနွေးတင်ပြမယ့် မေးခွန်းကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ မိုင်းလင်းကျေးရွာ ရွှေတူးဖော်ကုမ္ပဏီစွန့်ပစ်မြေစာကြောင့် ဒေသခံတောင်သူလယ်သမားများ၏ ပျက်စီးခဲ့သော လယ်ယာမြေကိစ္စနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဤပြဿနာသည် ယခင် အစိုးရလက်ထက်ကစပြီးတော့ ပြေလည်အောင် မဖြေရှင်းသည့်အတွက် လက်ရှိအစိုးရအထိ ဒေသခံတောင်သူများ ဒုက္ခနဲ့ကြုံတွေ့ခဲ့ရပါတယ်။ ရွှေတူးဖော်ကုမ္ပဏီ၏ စွန့်ပစ်မြေစာကြောင့် ဒေသခံပိုင်လယ်မြေ၈က (၃၇၀)ကျော် ပျက်စီးခဲ့သည်ကိုလည်း ဝန်ကြီးများကိုယ်တိုင် ကွင်းဆင်းတွေ့မြင်ခဲ့ရပါတယ်။ ထို့ပြင်ကုမ္ပဏီကလည်း တောင်သူများအတွက် နစ်နာကြေး နှစ်စဉ်ထိုင်းဘတ်ငွေ (၁၂၀၀၀)ကျော်နှင့် ဖြေရှင်းပေးခဲ့တာတွေလည်း တွေ့ရပါတယ်။ သို့သော်လည်း ထောက်ပံ့ငွေ (၁၀၀၀၀)ကျော်ဟာ တောင်သူမိသားစုရဲ့ ရေရှည်ဘဝ ဖူလုံရေးအတွက် အာမခံချက်မပေးနိုင်ဘူးလို့လည်း လေ့လာသုံးသပ်မိပါတယ်။ ထို့ကြောင့် မိုင်းလုံတောင်သူများရဲ့ တောင်းဆိုချက်အရ

အဖွဲ့ရဲ့ကိုယ်စား ကျွန်တော် ဒေါက်တာညီညီအောင်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ဖြေကြားတဲ့နေရာမှာ အထောက်အကူဖြစ်စေဖို့အတွက် Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့မေးခွန်းမှာ တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲအတွင်းမှာရှိတဲ့ မိုင်းလင်းကျေးရွာအုပ်စု၊ နားဟိုင်းလုံကျေးရွာမှာ ရွှေတူးဖော်တဲ့ ကုမ္ပဏီတွေရဲ့ စွန့်ပစ်မြေစာတွေကြောင့် တောင်သူလယ်သမားတွေက တောင်းဆိုချက်အပေါ်မှာ အခြေခံပြီး မေးမြန်းခြင်းဖြစ်ပါတယ်။ တောင်းဆိုတဲ့အချက်တွေကတော့ လက်ရှိတူးဖော်နေတဲ့ ရွှေကုမ္ပဏီတွေချက်ချင်းရပ်ဆိုင်းပေးဖို့နဲ့ ပြန်လည်ဖော်ထုတ်ပေးဖို့၊ ပျက်စီးဆုံးရှုံးသွားတဲ့ လယ်ယာမြေ (၃၇၀)ဧကကို ပြန်လည်ဖော်ထုတ်ပေးဖို့နဲ့ ပြန်လည်ဖော်ထုတ်ပေးစဉ် ကြားကာလမှာ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှု၊ လျော်ကြေးငွေရရှိရေးအတွက် ဆောင်ရွက်ပေးဖို့ တောင်းဆိုခြင်းဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့စတင်တာဝန်ယူစဉ် ၂၀၁၆ ခုနှစ်ကတည်းက အာရုံစိုက်ပြီးတော့ လုပ်ဆောင်ခဲ့တဲ့ကိစ္စဖြစ်ပြီး ရှမ်းပြည်နယ်လွှတ်တော်ထဲမှာ မေးခွန်းမေးမြန်းခြင်းမရှိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဒီနေ့အချိန်မှာ ဒီကိစ္စကိုတင်ပြခွင့်ရတဲ့အတွက် မေးခွန်းမေးမြန်းတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စားအထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီဒေသကို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဖြစ်ပါတယ်။ တာချီလိတ်မြို့နယ်၊ နားဟိုင်းလုံကျေးရွာတွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်အရ ကုမ္ပဏီပေါင်း (၇)ခု ရှိပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ (နေပြည်တော်)မှ အောက်ပါအတိုင်း ခွင့်ပြုမိန့်ထုတ်ပေးထားပါသည်-

D/real(wide) (1

တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သော ကုမ္ပဏီများဖြစ်စေ၊ ယခုလက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီများကို ချက်ချင်းရပ်ဆိုင်းပေးရန်နှင့် လယ်ယာမြေများ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် တဲများ ပြန်လည်ဖော်ထုတ်ပေးရန်၊ ပျက်စီးတဲ့ လယ်မြေများကို ထိုက်တန်တဲ့ နစ်နာကြေးငွေများ ညှိနှိုင်းပေးပါရန်၊ စွန့်ပစ်မြေစာကြောင့် နောင်ဖြစ်လာမည့် ဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ပေးရန် ဆိုပြီးတော့ အချက်(၄)ချက်နှင့် တင်ပြ တောင်း ဆိုခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းလုံ ဒေသခံတောင်သူများရဲ့ ပြဿနာကို ကျွန်တော်တို့ရဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ကွင်းဆင်းလေ့လာပြီး တွေ့ရှိတဲ့အပေါ် မှာ စိစစ်ခြုံငုံသုံးသပ်မိရင်တော့ လွန်ခဲ့တဲ့ အစိုးရလက်ထက်ကတည်းက စလုပ်သင့်တာဖြစ်တဲ့အတွက် ယခုအခါ ပိုပြီးတော့ ပြဿနာဆိုးရွား ခံစားရတာကိုတွေ့ရပါတယ်။ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လက်ရှိအစိုးရကို တောင်သူများအတွက် မည်သို့မည်ပုံ အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာညီညီအောင်၊သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသူအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ တန့်ယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းမြတ်ရဲ့ မေးခွန်းကို ရှမ်းပြည်နယ်အစိုးရ

(၁)	ကုမ္ပဏီအမည်	လွယ်ခမ်းလုံ
	ခွင့်ပြုမိန့်အမှတ်	ဝ၁၉၂/၂၀၁၅(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၇. ၁၀. ၂၀၁၇မှ ၆. ၁၀. ၂၀၁၇ထိ
(၂)	ကုမ္ပဏီအမည်	မြင့်ဦးအောင်
	ခွင့်ပြုမိန့်အမှတ်	ဝ၀၅၃/၂၀၁၅(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၄. ၂. ၂၀၁၇မှ၃. ၂. ၂၀၁၈ထိ (သက်တမ်းတိုးရန်ရွှေပေးသွင်းပြီး)
(၃)	ကုမ္ပဏီအမည်	နောင်တုံနဂါး
	ခွင့်ပြုမိန့်အမှတ်	ဝ၀၂၄/၂၀၁၆(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၁. ၃. ၂၀၁၇မှ၂၈. ၂. ၂၀၁၈ထိ (သက်တမ်းတိုးရန်ရွှေပေးသွင်းပြီး)
(၄)	ကုမ္ပဏီအမည်	စိုင်းစိုက်ပျိုးရေး
	ခွင့်ပြုမိန့်အမှတ်	ဝ၁၄၅/၂၀၁၅(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၈. ၇. ၂၀၁၇မှ၇. ၇. ၂၀၁၈ထိ
(၅)	ကုမ္ပဏီအမည်	အောင်ရွှင်လီ
	ခွင့်ပြုမိန့်အမှတ်	ဝ၁၈၃/၂၀၁၅(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၁၆. ၉. ၂၀၁၇မှ၁၅. ၉. ၂၀၁၈ထိ
(၆)	ကုမ္ပဏီအမည်	တာချီလိတ်ရွှေတောင်
	ခွင့်ပြုမိန့်အမှတ်	ဝ၂၂၆/၂၀၁၅(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၁၀. ၁၂. ၂၀၁၇မှ၉. ၁၂. ၂၀၁၈ထိ
(၇)	ကုမ္ပဏီအမည်	လင်းလျှံထက်
	ခွင့်ပြုမိန့်အမှတ်	ဝ၁၀၈/၂၀၁၂(သက်တမ်းတိုး)
	ခွင့်ပြုသက်တမ်း	၂၂. ၅. ၂၀၁၆မှ၂၁. ၅. ၂၀၁၇ထိ (သက်တမ်းတိုး ၄ ကြိမ်ပြည့်သဖြင့် လုပ်ကွက်သစ်အနေဖြင့်အသစ် ပြန်လည်လျှောက်ထားပြီး)

အဆိုပါ ကုမ္ပဏီ(၇)ခုသည် ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (နေပြည်တော်)နှင့် ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားသောစနစ်ဖြင့် ရွှေသတ္တု (အသေးစား) တူးဖော်မှု

D/real(wide) (1

လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများဖြစ်ပြီး စာချုပ်ပါ စည်းကမ်းအရ စာချုပ်ချုပ်ဆိုစဉ်ကပင် မြေဧရိယာ (၂၀)ဧကလျှင် ရွှေ(၃၀)ကျပ်သားနှုန်း ပေးသွင်းချုပ်ဆိုခဲ့သော ကုမ္ပဏီများဖြစ်ပြီး ပြည်ထောင်စုအဆင့်မှ တရားဝင်ခွင့်ပြုမိန့်ထုတ်ပေးထားသော ကုမ္ပဏီများဖြစ်ပါတယ်။ ပျက်စီးဆုံးရှုံးခဲ့သော လယ်ယာမြေ(၃၇၀) ဧကဟု ဖော်ပြထားသော်လည်း ဌာနဆိုင်ရာအစုံဖြင့် ကွင်းဆင်းစစ်ဆေးသည့်အခါ ရေနက် စိုက်ကွင်း(၆၀)ဧကခန့်မှာ ယခင်ကပင် အမြဲရေ ဖုံးလွှမ်းလျက်ရှိခြင်း၊ ဖော်ထုတ်ကုန်းမြင့် လယ်ယာ(၆၉)ဧကခန့်မှာ ပျက်စီးမှုမရှိခြင်းတို့ကြောင့် အမှန်တကယ် ပျက်စီးဆုံးရှုံးခဲ့သော လယ်ယာမြေ (၂၄၁)ဧကခန့်သာဖြစ်ကြောင်း တိုင်းတာတွေ့ရှိရပါတယ်။ ၎င်းပျက်စီးဆုံးရှုံးခဲ့သော လယ်ယာမြေ(၂၄၁)ဧကခန့်အား ကုမ္ပဏီများမှ စိုက်ပျိုးမြေအဖြစ် ပြန်လည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ပျက်စီးလယ်ယာမြေ (၃၇၀) ဧကမရှိသော်လည်း (၅. ၃. ၂၀၁၇)ရက်စွဲပါစာချုပ်ဖြင့် ရွှေသတ္တုကုမ္ပဏီ (၉) ခုမှ တာဝန်ရှိသူ(၉)ဦး၊ နားဟိုင်းလုံကျေးရွာ ရပ်မိရပ်ဖ(၅)ဦးတို့ဖြင့် ထိခိုက်ပျက်စီး လယ်ယာမြေများနှင့် စပါးသီးနှံ လျော်ကြေးငွေများအတွက် နှစ်စဉ် ထိုင်းဘတ်ငွေ (၄၀၀၀၀၀၀) (ဘတ်သိန်းလေးဆယ်) ပေးဆောင်ရမည့်အပြင် ချောင်းမြောင်းများအတွင်း သဲနုန်းမြေများ ထပ်မံမကျစေရေးအတွက် မြေထိန်းနံရံများ၊ ဆည်များ၊ နုန်းစုကန်များ၊ တမံများကို သင့်လျော်သလို ပြုလုပ်ပေးရန်နှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ပေးရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားပြီးဖြစ်ပါတယ်။ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများ စုပေါင်း၍ ကျေးရွာအတွင်း ဒေသခံနေအိမ်များ သောက်သုံးရေရရှိရေး ရေပိုက်တပ်ဆင်ဆောင်ရွက်ပေးခြင်း၊ ဂါလံ(၃၇၅၀)ဆံ့ ရေကန်တစ်ကန် တည်ဆောက်ပေးခြင်း၊ ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်

ကွင်းဆင်းတိုင်းတာရေးနှင့် ကျန်ရှိလုပ်ငန်းများအား ၂၀၁၈ခုနှစ် ပွင့်လင်းရာသီတွင် ဆက်လက်ဆောင်ရွက်၍ စစ်ဆေးတွေ့ရှိချက်များတင်ပြရေး၊ သချိုင်းမြေ ရေဖုံးလွှမ်းခြင်းကြောင့် နာရေးကိစ္စအဆင်ပြေစေရန် စီစဉ်ပေးရေး၊ နမ့်မဲဟန်ချောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းရှမ်း(ရှေ့)သတ္တုလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်(၂)ဦး၊ ကုမ္ပဏီ(၉)ခုမှ ကိုယ်စားလှယ်တစ်ဦးစီ၊ နားဟိုင်းလုံရွာအုပ်စု(၃)ခုမှ ကိုယ်စားလှယ်(၂)ဦးစီ စုစုပေါင်း (၆)ဦး၊ တာလေမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်က ရွေးချယ်ပေးသော ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းက ရွေးချယ်ပေးသော ကိုယ်စားလှယ်တစ်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်က ရွေးချယ်ပေးသော ကိုယ်စားလှယ်တစ်ဦးဖြင့် ကော်မတီဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ လုပ်ငန်းစီမံချက်များတင်ပြရန်၊ ရှမ်း(ရှေ့)သတ္တုလုပ်ငန်းရှင်များ အသင်းတာချီလိတ်မြို့နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ၊ တာချီလိတ်မြို့သို့ (၁၆. ၁. ၂၀၁၈)ရက်စွဲပါစာအမှတ် (၆၆၀)/ ၇-၁၇၁/အစရ(ရှမ်း)ဖြင့် အကြောင်းကြားထားပြီး (၂၀. ၁. ၂၀၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ တာချီလိတ်မြို့နယ်၊ တာလေမြို့၊ နားယောင်းကျေးရွာအုပ်စု၊ နားဟိုင်းလုံကျေးရွာအနီး နမ့်မဲဟန်ချောင်းအား လာရောက်စစ်ဆေးသည့် ခရီးစဉ်တွင် နမ့်မဲဟန်ချောင်းအတွင်း သဲနုန်းမြေစာများ တူးဖော်ရှင်းလင်းခြင်းနှင့်

D/real(wide) (1

သဲနုန်းဖမ်းတမံတည်ဆောက်ခြင်း လုပ်ငန်းများကို(၈.၂.၂၀၁၈) ရက်နေ့တွင် စတင်လုပ်ဆောင်ရန် လမ်းညွှန်ခဲ့ရာ (၂၅.၁.၂၀၁၈) ရက်နေ့မှစ၍ ဆည်မြောင်းဦးစီးဌာနမှ ချောင်းအားအသေးစိတ် တိုင်းတာမှု (Survey) ပြုလုပ်လျက်ရှိပါတယ်။ တိုင်းတာခြင်း လုပ်ငန်းအား ဇူလိုင်လ ဒုတိယပတ်အထိ ဆောင်ရွက်မည်ဖြစ်ပြီး လုပ်ငန်း ပမာဏ ၅.၂ မိုင်တွင် ၄.၅ မိုင် လုပ်ငန်းပြီးစီးပြီးဖြစ်ပါတယ်။ (၂၅.၁.၂၀၁၈) ရက်နေ့မှစ၍ နမ့်မဲဟန်ချောင်းအကျယ် (၁၀၀)ပေ၊အနက်(၆)ပေ ရေစီးရေလာ ကောင်းမွန်စေရေး၊ သဲတူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပမာဏ (၂)မိုင် တွင် (၃၅၀၀)ပေ လုပ်ငန်းပြီးစီးပြီးဖြစ်ပါတယ်။ (၂၀.၃.၂၀၁၈) ရက်နေ့မှစတင်၍ နားဟိုင်းလုံကျေးရွာအနီး နုန်းဖယ်ရှား ရှင်းလင်းခြင်းနှင့် ရေလမ်းကြောင်းတူးဖော်ခြင်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပမာဏ(၁.၂)မိုင်တွင် (၁၅၀)ပေ လုပ်ငန်းပြီးစီးပြီး ဧပြီလ(၁၂)ရက်နေ့တွင် လုပ်ငန်းပြီးစီးမည်ဟု လျာထားပါတယ်။ (၅.၄.၂၀၁၈)ရက်နေ့မှ စတင်၍ နမ့်မဲဟန်ချောင်း ရေစီးရေလာကောင်းမွန်စေရေး ချောင်းလမ်းကြောင်း စတင်တူးဖော်ခြင်းနှင့် (၁၉.၄.၂၀၁၈)ရက်နေ့တွင် နုန်းဖမ်းတာ (၁)ခု တည်ဆောက်မည်ဖြစ်ပြီး ၎င်းလုပ်ငန်းများအား ဇူလိုင်လ ဒုတိယပတ်အတွင်း ပြီးစီးရန် လျာထားပါတယ်။

ကုမ္ပဏီ (၉)ခုသည် နားဟိုင်းလုံကျေးရွာ ထိခိုက်/ပျက်စီးလယ်ယာမြေများအတွက် စပါးသီးနှံလျော်ကြေးပေးရန် သဘောတူညီမှုစာချုပ်တွင် ပါဝင်လက်မှတ် ရေးထိုး၊ လျော်ကြေးငွေပေးလျော်ခဲ့သော်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခါတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့်ရပြီး ရွှေသတ္တုတူးဖော်ထုတ်လုပ်နေသော ကုမ္ပဏီ(၇)ခုသာ ဖော်ပြပါရှိသည့် အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်

D/real(wide) (1

ပေးခြင်း၊ ကျေးရွာကျန်းမာရေးအတွက် ယင်လုံအိမ်သာ (၁၈)လုံး တည်ဆောက်ပေးခြင်းစသည့် လုပ်ငန်းများကို ထိုင်းဘတ်ငွေ (၂၃) သိန်းခန့် အကုန်ကျခံ၍ ဆောင်ရွက်ပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ လျော်ကြေးပေးချေမှုအနေဖြင့် ၂၀၁၄ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ကုမ္ပဏီတာဝန်ခံများမှ အကြိမ်ကြိမ် ကွင်းဆင်းစစ်ဆေး၍ လျော်ကြေးများပေးအပ်ခဲ့ပြီး လည်းဖြစ်ပါတယ်။ (၆.၁.၂၀၁၈) ရက်နေ့မှ (၉.၁.၂၀၁၈)ရက်နေ့အထိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ရှမ်းပြည်နယ်အရှေ့ပိုင်းခရီးစဉ် တွင် တာချီလိတ်မြို့၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ နမ့်မဲဟန်ချောင်း ကိစ္စအား ဌာနဆိုင်ရာများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ရေစီးရေလာကောင်းမွန်မှုန်ကန်ရေး ၊ ချောင်းလမ်းကြောင်း တူးဖော်ခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၁၈၂၉.၈၀)သန်း နှင့် နုန်းဖမ်းဆည် သစ်ရိုက်၊ သစ်မာတန်းကာ၊ ကျောက်ဖြည့်တည်ဆောက်ခြင်းလုပ်ငန်း (၃)ခုအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၄၄၂.၈၀)သန်း၊ စုစုပေါင်း ကျပ်သန်း (၂၂၇၂.၆၀)သန်း ကုန်ကျမည်ဖြစ်ပြီး ကုန်ကျစရိတ်များကို ရှမ်း(ရှေ့) သတ္တုလုပ်ငန်းရှင်များအသင်းမှ ကုန်ကျခံရန်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ကျေးရွာကိုယ်စားလှယ်များ၊ ပြည်ထောင်စုနှင့် ပြည်နယ်လွှတ်တော်အဆင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီး ကြီးကြပ်ဖို့ စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ စီမံကိန်းကာလအနေဖြင့် ပျက်စီးမှုတန်ဖိုးများသဖြင့် (၃)နှစ်ကြာမြင့်မည်ဖြစ်ကြောင်း အစီရင်ခံတင်ပြလာသည်ကို သိရှိရပါတယ်။

ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ကျေးရွာနှင့် လုပ်ငန်းရှင်များ လျော်ကြေးကိစ္စ အငြင်းပွားမှု စိစစ်ရေး၊ ချောင်းဖျား

ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ခါတ်သတ္တု အသေးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် မရရှိသေးသော ခါတ်သတ္တု အသေးစားထုတ်လုပ်ရန် အဆိုပြုထားသော ကုမ္ပဏီ(၂)ခုဖြစ်သည့် ဟို့(စ်)မြန်မာ့ကုမ္ပဏီလီမိတက်နှင့် မြန်မာ့ယုယီ ကုမ္ပဏီလီမိတက်တို့အား လျော်ကြေးပေးလျော်ရမည့်စာရင်းမှ ပယ်ဖျက်ခဲ့ပြီး ဖြစ်ကြောင်း၊ ရွှေသတ္တု တူးဖော်ထုတ်လုပ်မှုကြောင့် နားဟိုင်းလုံကျေးရွာတွင် ပျက်စီးဆုံးရှုံးခဲ့သောလယ်ယာမြေများ လျော်ကြေးငွေကိစ္စနှင့် ပတ်သက်၍ ၂၀၁၄ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ ပေးလျော်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ကုမ္ပဏီများ သက်တမ်းတိုး ဆောင်ရွက်ခြင်းအား ရှုမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်မပြုခဲ့သဖြင့် လျော်ကြေးငွေ ပေးလျော်ခဲ့ခြင်းမရှိပါ။

ရွှေသတ္တုကုမ္ပဏီများရပ်ဆိုင်းရေးကိစ္စ၊ သက်တမ်းမတိုးပေးရေးကိစ္စရပ်များနှင့် ပတ်သက်၍ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်း ဥပဒေများ အခန်း(၁၁)၊ နည်းဥပဒေ ၉၈ အရ "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစိုးရအား မေးမြန်းသော မေးခွန်းတစ်ရပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဆောင်ရွက်ရသော အများပြည်သူကိစ္စများနှင့် စပ်လျဉ်းစေရမည် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက တာဝန်ခံထားသော အုပ်ချုပ်မှု တစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည်ဟု" ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ယခုမေးခွန်းကို ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနကို လှမ်း၍ အဖြေတောင်းခံသည့် အခါတွင်လည်း ကျွန်တော်တို့ကို အဖြေအပြည့်အစုံမပေးဘဲ သယံဇာတကိစ္စမေးတိုင်းမှာ နည်းဥပဒေ ၉၈ သာဆောင်ရွက်ပါဟု ပြန်ကြားလေ့ရှိပါတယ်။ လက်ရှိကျွန်တော်ဖြေကြားသည့် အဖြေကလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာရှိတဲ့ အချက်အလက်များကို စုဆောင်းပြီး ဖြေကြားခြင်းဖြစ်ပါတယ်။ အဆိုပါ

ပတ်ဝန်းကျင်ကိစ္စတွေဆောင်ရွက်နိုင်ဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျန်းမာရေးကိစ္စတွေစိစစ်နိုင်ဖို့အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြေကိစ္စတွေစိစစ်နိုင်ဖို့အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘူမိဗေဒနှင့် ခါတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန စသည့် ဆက်စပ်ဌာနများဖြင့် ဖွဲ့စည်းထားပါတယ်။

ဒီကော်မတီရဲ့ အဓိက တာဝန်ယူဆောင်ရွက် ရတဲ့လုပ်ငန်းတာဝန်တွေကတော့ နေပြည်တော်မှ တောင်းခံလာ သည့် သဘောထားမှတ်ချက်၊ ပြန်ကြားချက်တွေကို စီမံခန့်ခွဲပြန်ကြားခြင်း၊ အဖွဲ့ဝင်ဌာနများမှ ကွင်းဆင်းစစ်ဆေးခြင်း၊ အစီရင်ခံစာများ ပြုစုရေးသားခြင်း၊ ကြုံတင်ညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ သတ္တုကဏ္ဍဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာ ၂၀၁၆ ခုနှစ်တွင် လုပ်ကိုင်ဆောင်ရွက်နေတဲ့ လုပ်ကွက်ပေါင်း (၄၆၅)ခု ရှိပါတယ်။ ၂၀၁၇ ခုနှစ်တွင် လုပ်ကွက် (၄၁၉)ကွက်ရှိပြီး၊ ၂၀၁၈ ဖေဖော်ဝါရီလအထိ နောက်ဆုံး ရရှိသည့် စာရင်းအရ လုပ်ကွက်ပေါင်း (၃၄၁)ခုရှိပါတယ်။ လုပ်ကွက်များနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့်လည်း အင်တာနက်စာမျက်နှာတွင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖော်ပြထားတာရှိတဲ့အတွက် လေ့လာကြည့်ရှုနိုင်ကြောင်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာ့ကျောက်မျက် ရတနာလုပ်ကွက်စာရင်းများကိုလည်း တင်ပြအစီရင်ခံ အပ်ပါတယ်။ ၂၀၁၆ ခုနှစ်နှစ်ကုန်ပိုင်းအထိ လုပ်ကွက်ပေါင်း (၄၅၁)ခု၊ ၂၀၁၇ ခုနှစ်တွင်

D/real(wide) (1

လုပ်ကွက်ပေါင်း (၄၄၉)ခု၊ ၂၀၁၈ ခုနှစ်တွင် ဖေဖော်ဝါရီလကုန်အထိ (၁၀၄)ခုရှိတာကို တင်ပြအစီရင်ခံအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း သာမက တစ်နိုင်ငံလုံးဆိုင်ရာ အတိုင်းအတာအနေဖြင့် အားနည်းချက်ကတော့ နည်းပညာပိုင်းဆိုင်ရာ အားနည်းတာကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ထိုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာအကူအညီနဲ့ နည်းပညာအကူအညီရယူရေး အစီအမံတွေကို ပြည်ထောင်စုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်တွင် ဂျာမနီအစိုးရ၏ Federal Institute or Geo-sciences and Natural Resources(FGR) အဖွဲ့မှ ဌာနဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း (၅)ကြိမ် ဖွင့်လှစ်ပို့ချခဲ့ပြီး၊ ဒီသင်တန်းတွင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ဝန်ကြီးကိုယ်တိုင် အနီးကပ် ပါဝင် ကြီးကြပ်ပေးခဲ့တဲ့ အကြောင်းကိုလည်း တင်ပြအစီရင်ခံ အပ်ပါတယ်။ လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် သတ္တုတွင်းသင်တန်းဆင်း အင်ဂျင်နီယာ Mine Inspector (၇)ဦးမွေးထုတ်ပေးနိုင်ခဲ့ပြီး၊ ရှမ်းပြည်နယ်အတွင်း (၂)ဦးရှိပါတယ် ခင်ဗျား။ သို့သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လုပ်ကွက်ပေါင်း (၁၀၀၀)ကျော်သည် အလွန်များပြားသည်ဖြစ်ရာ Mine Inspector (၇)ဦးဖြင့် မနိုင်နင်းသည့်အတွက် လက်ရှိရထားသည့် နည်းပညာကိုပြန့်ပွားရေးအတွက် ဆင့်ပွားသင်တန်းများ ဆောင်ရွက်ရန် စီမံချက်များရေးဆွဲလျက်ရှိကြောင်း နေပြည်တော်မှ သိရှိရမှုကို တင်ပြအစီရင်ခံအပ်ပါတယ် ခင်ဗျား။ အခုလို တင်ပြခွင့်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ခါတ်သတ္တုရှာဖွေရန်၊ စမ်းသပ်တိုင်းတာရန်၊ ခါတ်သတ္တု အကြီးစား၊ အသေးစားထုတ်လုပ်ရန် လုပ်ငန်းများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ သဘောထားမှတ်ချက်ပြုခြင်းသာ ဆောင်ရွက်ခွင့် ရပြီး ခွင့်ပြုမိန့်များအား သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှသာ ဆောင်ရွက်ခြင်းဖြစ်သဖြင့် သက်ဆိုင်ရာ လွှတ်တော်များမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ မေးမြန်းဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ဖြေကြားပြီး တစ်ဆက်တည်း ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ လုပ်ကိုင်နေတဲ့ ကိစ္စများကို အကျဉ်းချုံးတင်ပြခွင့်ပြုပါခင်ဗျား။ တစ်နိုင်ငံလုံးအနေဖြင့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားတာရှိပါတယ်။ ထိုကော်မတီရဲ့ အောက်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင်လည်း တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းထားပြီး ရှမ်းပြည်နယ်တွင်လည်း ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ဒီကော်မတီရဲ့အောက်မှာ လုပ်ငန်းကော်မတီ(၁)ခုအနေနဲ့ ရှမ်းပြည်နယ် သဘာဝသယံဇာတစီမံခန့်ခွဲမှု ကြီးကြပ်ရေးလုပ်ငန်း ကော်မတီကို ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ကော်မတီတွင်အဖွဲ့ဝင် (၁၅)ဦးပါရှိပြီး ပြည်နယ်ဝန်ကြီးက ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်သတ္တုတွင်း ဦးစီးဌာနက အတွင်းရေးမှူး၊ ရှမ်းပြည်နယ်သစ်တောဦးစီးဌာနက အတွင်းရေးမှူး-၂ အဖြစ် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီထဲမှာတော့ အထွေထွေကိစ္စတွေဆောင်ရွက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခွန်ကိစ္စများကြီးကြပ်နိုင်ရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊

D/real(wide) (1

နောက်ဖြစ်စဉ်တစ်ခုမှာ တောင်ကြီးခရိုင်၊ စိမံခန့်ခွဲရေးကော်မတီမှ ရှုမ်းပြည်နယ် အစိုးရအဖွဲ့၊ တောင်ကြီးမြို့၏ (၂၀. ၇. ၂၀၁၇) ရက်စွဲပါစာအမှတ်ဖြင့် ကလောမြို့နယ်၊ စီမံခန့်ခွဲရေးအဖွဲ့ကို ဘော်ဆိုင်းဒေသမှာ ခဲ၊ သတ္တုသန့်စင် ရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုရန် အဆိုပြုတင်ပြ လာခြင်းအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သဘောထား မှတ်ချက် ပြန်ကြားပေးရန်နှင့် ပတ်သက်၍ အောက်ပါအချက်များ စိစစ်ရန်ဆိုပြီး အကြောင်းကြားလာပါတယ်-

(၁) ဖော်ပြပါ စိစစ်ရမည့်အချက်များမှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့် သို့မဟုတ် လက်ရှိ မြို့ပြစီမံကိန်းကို ထိခိုက်ခြင်း ရှိ/မရှိ၊

(၂) ဖော်ပြပါနေရာအား အဆိုပါ လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံလူမှုစီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အရ လက်ခံနိုင်ခြင်း ရှိ/မရှိ၊

(၃) လုပ်ငန်းဆောင်ရွက်မှုမြေနေရာ ဟုတ်/ မဟုတ်၊

(၄) မြို့နယ်ဒေသအတွက် အလုပ်အကိုင် အခွင့်အလမ်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူ ရှိ/ မရှိ၊

စသည့် အချက်များကို စိစစ်ဖို့အကြောင်းကြားလာပါတယ်။ ဒါကိုဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများတို့ဟာ မြေပြင်ကို ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ အဆိုပါ မြေနေရာမှာပုံစံ-၇ သာရှိပြီး အခြားနည်းသုံးစွဲခွင့် လျှောက်ထားခြင်းမရှိသည့်အပြင် ၎င်းမြေပေါ်တွင် သန့်စင်စက်ရုံ တည်ဆောက်ပြီးစီးရေး၊ စက်များသန့်စင်ရေးလုပ်ငန်းများကို

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။
လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။
ကျွန်တော်ကတော့ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ ကျွန်တော် အနေဖြင့် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ထားခြင်းကိစ္စ၊လယ်ယာမြေ ဥပဒေနည်းလမ်း အရမဟုတ်သောလုပ်ငန်းဆောင်ရွက်မှုများတွေ့ရှိနေရပါသောကြောင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်သွားရန်အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့်စပ်လျဉ်းပြီးမှ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရ ခြင်းဖြစ်ပါတယ်။

ယခုလိုမေးမြန်းရခြင်းနှင့်ပတ်သက်၍ မဲဆန္ဒရှင်ပြည်သူများ၏အကျိုးစီးပွားများ၊ပြည်နယ်တိုးတက်ရေးအကျိုးစီးပွားကိုရှေးရှုပြီးမှ ပြည်သူများမှသိရှိလိုတဲ့တင်ပြစာများကိုယခုလိုမေးမြန်းရခြင်းဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။မိမိတို့နိုင်ငံဟာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံဖြစ်တာနဲ့အညီ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက်ဘက်ပေါင်းစုံမှဖြည့်ဆည်းပေးနေသလိုစိုက်ပျိုးရေးထုတ်ကုန်များ၏ အဓိကအရင်းအမြစ်ဖြစ်တဲ့ လယ်ယာမြေဖော်ထုတ်ပေးခြင်း၊ မိမိတို့၏လယ်ယာမြေများကိုလယ်ယာမြေလုပ်ပိုင်ခွင့်များ ခွင့်ပြုပေးပြီး ၎င်းလယ်ယာမြေများကိုအာမခံထား၍စိုက်ပျိုးစရိတ်အရင်းအနှီးများ၊စိုက်ပျိုးရေးသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့်ယခင်က ထက်ထုတ်ချေးပေးနေတဲ့အချိန်လည်းဖြစ်ပါတယ်။ သို့သော်လည်း တောင်သူ အများစုဟာထုတ်ကုန်သီးနှံစျေးကွက်မတည်ငြိမ်မှုများကြောင့် လယ်ယာမြေများကိုစွန့်ခွာလာကြပြီး လယ်ယာလုပ်ငန်းစားသောက်၍နည်းပါးသည့်ဝင်ငွေအစားလယ်ယာမြေများကိုရောင်းချခြင်း ဖြင့် လတ်တလော ရငွေမြင့်မြင့်မားမားရရှိခြင်းတို့အပေါ်

D/real(wide) (1

ဆောင်ရွက်နေသည့် အခြေအနေများကို တွေ့ရှိရခြင်း၊ ဖော်ပြပါ မြေနေရာအား ယခုလို လုပ်ငန်းဆောင်ရွက်မည့်အပေါ် ဒေသခံများ အပြင် မြို့နယ်မှာ တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းသည့် အခါမှ သိရှိရခြင်း၊ ဖော်ပြပါမြေနေရာအပြင် ကပ်လျက်ခြံကို ထပ်မံဝယ်ယူပြီး မြေပိုင်ဆိုင်မှု လျှောက်ထားခြင်းမရှိဘဲ သတ္တုသန့်စင်ရန်အတွက် ရေလှောင်ကန်များကိုပင် တူးဖော်ထားရှိသည်ကို တွေ့ရှိရပြီး ဖော်ပြပါစစ်ဆေးရန်အချက်များနှင့် ကွဲလွဲစွာဆောင်ရွက်နေတာကိုလည်း တွေ့ရှိရပါတယ်။

အဆိုပါဖြစ်စဉ်(၂)ခုကို ကြည့်ခြင်းအားဖြင့် လယ်ယာမြေပေါ်မှာ လုပ်ချင်သည့် လုပ်ငန်းများလုပ်ပြီး စစ်ဆေးတွေ့ရှိသည့် အခါမှ လယ်ယာမြေကို အခြားနည်းသုံးစွဲခြင်းများ၊ လျှောက်ထားခြင်းများကို ခွင့်ပြုခဲ့မည်ဆိုလျှင် လယ်ယာမြေအခြားနည်းများအသုံးချခြင်းများ၊ ဥပဒေ၊လုပ်ထုံးလုပ်နည်းများအတိုင်း လျှောက်ထားပြီး ဆောင်ရွက်နေသော လုပ်ငန်းရှင်များအတွက်သာမကဘဲ ဆက်လက်ပြီး ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်လိုသူများအတွက် မြေယာစီမံခန့်ခွဲမှုများအပေါ် မေးခွန်းထုတ်စရာ အဟန့်အတား၊ အတားအဆီးများ လည်း ကြုံတွေ့လာနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေယာစီမံခန့်ခွဲမှု မှန်ကန်ရေးဟာ မိမိတို့နိုင်ငံ၊ ပြည်နယ်အတွက်များစွာအရေးကြီးပြီး မြေယာစီမံခန့်ခွဲမှုကို လက်တွေ့ဆောင်ရွက်နေသူများအနေဖြင့် မှန်ကန်သော မြေယာစီမံခန့်ခွဲမှုကို ဆောင်ရွက်နိုင်မှသာလျှင် နိုင်ငံ၏တိုးတက်ရာတိုးတက်ကြောင်းကိုလည်းကောင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကိုလည်းကောင်း၊ အထောက်အကူပြုနိုင်မည်ဟုလည်း ယုံကြည်ပါတယ်။ သို့ဖြစ်ပါသောကြောင့် မြေယာစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်မှ မြေယာ

အာရုံပြုလာကြသလိုဌင်းလယ်ယာစျေးကွက်ကိုအကြောင်းပြုပြီးလယ်ယာစျေးကွက်မကျွမ်းကျင်ဘဲ စျေးကစားလိုသည့် ပုဂ္ဂိုလ်များဝင်ရောက်နေရာယူပြီး ၎င်းတို့လက်ထဲလယ်ယာမြေများရောက်ရှိသွားခြင်းဟာ နေရာဒေသအသီးသီးမှာ လယ်ယာမြေအားလုံးကို အသုံးချမှုမရှိဘဲသံ၊ သွပ်ဆူးကြိုးများဖြင့် ကာရံထားခြင်းကို မြင်တွေ့နေရခြင်းများဖြစ်ပြီး ဒေသန္တရထုတ်လုပ်မှုရဲ့ တန်ဖိုးကျဆင်းလာတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေကို လေ့လာကြည့်မယ်ဆိုရင် လယ်ယာမြေဥပဒေပုဒ်မ ၃(က) လယ်ယာမြေဆိုသည်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃(ဃ) လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍လည်းကောင်း၊ပုဒ်မ၁၆(က)လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်ကိုလည်းကောင်း၊ ပုဒ်မ ၂၈ လယ်ယာမြေအသုံးချခြင်း၊ ပုဒ်မ၃၀ လယ်ယာမြေအခြားနည်းအသုံးချခြင်း အစရှိသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြဋ္ဌာန်းထားသော်လည်း ဤဥပဒေနှင့်အညီလုပ်ငန်းဆောင်ရွက်လာမှုများလည်းတွေ့ရှိရပါတယ်။ အဆိုပါ ဆောင်ရွက်လာမှုများထဲမှ ဖြစ်စဉ်အနည်းငယ်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အနည်းငယ်တင်ပြခွင့်ပြုပါခင်ဗျား။

လယ်ယာမြေပေါ်မှာပထမလူနေအဆောက်အဦဆောက်လုပ်ပြီးနောက်ထပ်ဖူဆယ်ဘောလုံးကွင်းထပ်မံတည်ဆောက်ကာဖူဆယ်ဘောလုံးကွင်း ဖွင့်လှစ်ခြင်းဆောင်ရွက်ခဲ့ပြီး (၂)ပတ်ခန့်ကြာသည့် အခါမှ မြို့နယ် စီမံခန့်ခွဲရေးအစည်းအဝေး ပြုလုပ် သည့်အခါ အဆိုပါ ဘောလုံးကွင်း တည်ဆောက်ထားသောနေရာဟာ မြေပိုင်ဆိုင်မှု အထောက်အထားမရှိဘဲ ဆောင်ရွက်ထားခြင်းကို တွေ့ရှိခဲ့ရပါတယ်။

သို့သော်လည်း ရည်ရွယ်ချက်ကောင်းများဖြင့် ဖွင့်လှစ်ထားခြင်းများကို ငဲ့ညှာပြီး လုပ်ငန်းရှင်အားခေါ်ယူ၍ မြေအခြားနည်းသုံးစွဲခွင့် လျှောက်ထားခြင်းများဖြင့် ဆောင်ရွက်စေခဲ့ပါတယ်။

D/real(wide) (1

စီမံခန့်ခွဲမှုကိစ္စရပ်များကို ပြည်နယ်အစိုးရအနေဖြင့် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သင့်ပါကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အကြံပြုတင်ပြရင်း အောက်ပါကြယ်ပွင့်ပြမေးခွန်းအားမေးမြန်းအပ်ပါတယ်-

လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ထားခြင်း၊ လယ်ယာမြေဥပဒေ နည်းလမ်းအရ မဟုတ်သော လုပ်ငန်းဆောင်ရွက်မှုများတွေ့ရှိနေရပါသောကြောင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့်တကွ တက်ရောက်လာကြတဲ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး တာဝန်ယူထားတဲ့ ဦးစိုင်းလုံကျော်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မေးမြန်းသည့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ထားခြင်း၊ လယ်ယာမြေဥပဒေနည်းလမ်းအရ မဟုတ်သော လုပ်ငန်းဆောင်ရွက်မှုများတွေ့ရှိနေရပါသောကြောင့်

တရားဝင်ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရ။

(ဇ) လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(စ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာ မြေကို လှပ်ထားခြင်းမပြုရ။

(ည) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း(သို့မဟုတ်) လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းမပြုရစေသည်ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာမြေဥပဒေပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းအပေါ် လယ်ယာမြေဥပဒေပုဒ်မ ၁၉ တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိထားပါတယ်-

ပုဒ်မ၁၉။ ဤဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကို ဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာခန့်အပ်သည့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ

D/real(wide) (1

စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်ပါတယ်-

(က) သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကိုဆောင်ရွက်စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူကို နှင်ထုတ်ခြင်း၊

(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုခြင်းမရှိဘဲ ဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားခြင်း။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏(၂၀-၁၀-၂၀၁၆)ရက်စွဲပါ စာဖြင့်လည်း လယ်ယာမြေကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းဖြင့် သုံးစွဲခြင်း ကိစ္စရပ်များအတွက် အရေးယူဆောင်ရွက်သွားရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါစည်းကမ်းချက် အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကို ဖြစ်စေလိုက်နာရန် ပျက်ကွက်လျှင် ပုဒ်မ၁၉၊ပုဒ်မခွဲ(က)အရသတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်ရန် အမိန့်ချမှတ်နိုင်ပြီး၊ ၎င်းအမိန့်ကို လိုက်နာခြင်းမရှိပါက လယ်ယာမြေဥပဒေပုဒ်မ၃၅တွင် "မည်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူမဆို ပုဒ်မ၁၉အရ ချမှတ်သော အမိန့်ကို ဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သောအမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုချမှတ်သောအမိန့် (သို့မဟုတ်)ဆုံးဖြတ်ချက်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၆)လမှအများဆုံး (၂) နှစ်အထိ

သက်ဆိုင်ရာမှအရေးယူဆောင်ရွက်သွားရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ အနေဖြင့်လယ်ယာမြေဥပဒေပုဒ်မ၂၂တွင်အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

ပုဒ်မ၁၂။(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက စည်းကြပ်သော မြေအခွန်နှုန်း အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနကသတ်မှတ်သည့် တံဆိပ်ခေါင်း အခွန်နှုန်းစာချုပ်စာတမ်း၊ မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီသက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ်(သို့မဟုတ်)အစိုးရအသိအမှတ်ပြုသော ဘဏ်တွင်သာပေါင်နှံရမည်။

(စ) သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က

ထောင်ဒဏ်ချမှတ်ရမည့်အပြင်အနည်းဆုံးကျပ်သုံးသိန်းမှအများဆုံးကျပ်ငါးသိန်း ဒဏ်ငွေချမှတ်နိုင်သည်"ဟု ပြဋ္ဌာန်းထားရှိပါပြီးဖြစ်ပါတယ်။

ယင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေပါ စည်းကမ်းချက်များအပေါ် လိုက်နာရန်ပျက်ကွက်သူများအား စိစစ်ပြီး လယ်ယာမြေပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်မရှိဘဲ အဆောက်အဦများ ဆောက်လုပ်ခြင်းများအပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအားလုံး ကိုယ်စိတ်နှလုံး ရွှင်ပြုံး ကျန်းမာချမ်းသာပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်အမှတ်(၁)မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်

လိုင်စင်မဲ့ယာဉ်တွေလဲပါပါတယ်။ လုပ်ငန်းလိုင်စင်မရှိဘဲနဲ့ ကုန်တင်တာတို့၊ လူစီးယာဉ်တွေ ပြေးဆွဲ တာတို့ လုပ်ငန်းလိုင်စင်မဲ့ယာဉ်တွေလည်း ပါပါတယ်။ သတ်မှတ် ယာဉ်မောင်းလိုင်စင်မရှိတဲ့ ယာဉ်မောင်းများဆိုတာ တချို့ကယာဉ်မောင်းလိုင်စင်လုံးဝမရှိဘဲ မောင်းနှင်တာလည်းရှိပါတယ်။ တချို့က ကိုယ်ပိုင်ယာဉ်မောင်းလိုင်စင်သာရှိပြီးတော့ ကုန်တင်ယာဉ်တွေ၊ အဌားလူစီးယာဉ်တွေမှာ မောင်းနှင်သွားလာနေတာကို ကျွန်တော်တို့ မြင်တွေ့နေရပါတဲ့အတွက် အောက်ပါမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်-

(က) တစ်နှစ်အတွင်း လမ်းမကြီးဥပဒေအရ တန်ပိုယာဉ်အစီးရေ မည်မျှအရေးယူခဲ့ပါသနည်း။ အရေးယူမှုကြောင့် နိုင်ငံတော် ဘဏ္ဍာငွေမည်မျှရရှိသနည်း။

(ခ) သတ်မှတ်ယာဉ် လိုင်စင်ပြည့်စုံမှုမရှိသည့် ယာဉ်အစီးရေ မည်မျှအရေးယူဆောင်ရွက်ခဲ့ပါသနည်း။ အရေးယူမှုကြောင့် နိုင်ငံဘဏ္ဍာငွေ မည်မျှရရှိပါသနည်း။

(ဂ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပြည့်စုံမှုမရှိသည့် ယာဉ်မောင်းဦးရေ မည်မျှအရေးယူဆောင်ရွက်ခဲ့ပါသနည်း။ အရေးယူမှုကြောင့် နိုင်ငံဘဏ္ဍာငွေ မည်မျှရရှိပါသနည်း။

ဆိုသည့်မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ကိုယ်စားလှယ်၊ ဦးစိုင်းကျော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မေးခွန်းမေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကူးသန်းရောင်းဝယ်ရေးမှာ အရေးပါတဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း လမ်းလို့ ခေါ်တဲ့ မန္တလေး-လားရှိုး-မူဆယ်လမ်း လုံခြုံချောမွေ့စေရေးကို ရည်ရွယ်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

အဲ့ဒီမေးခွန်းဖြစ်ပေါ်ရတဲ့ အကြောင်းရင်းကလည်း ၂၀၁၇နှစ်ကုန်ပိုင်း၊ ၂၀၁၈ခုနှစ်အကူးမှာ ဂုတ်တွင်းလမ်းကြီး (၃)ရက် လောက်ပိတ်ဆို့ပြီးတော့ လူတွေ၊ ကားတွေ တော်တော်များများဒုက္ခ ရောက်တဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းခြင်းဖြစ်ပါတယ်။ဒီမေးခွန်းပေါ်မူတည်ပြီးတော့ ၂၀၁၇ ခုနှစ် မတ်လ(၂၁)ရက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး(ဒုတိယနေ့)က ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ ဖြေကြားချက်အရ ရှမ်းပြည်နယ် မြောက်ပိုင်းလမ်းဖြစ်သည့် မန္တလေး- လားရှိုး- မူဆယ်လမ်းကို ၁-၄-၂၀၁၇ မှ လမ်းမကြီးများဥပဒေအရ တန်ပိုယာဉ်များ အရေးယူခြင်း၊ သတ်မှတ်လိုင်စင် ပြည့်စုံမှုမရှိသည့် မော်တော်ယာဉ်များ၊ ယာဉ်မောင်းများစစ်ဆေးပြီး အရေးယူနိုင်ရန်အတွက် Mobile တရားရုံး ဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု ဖြေကြားခဲ့တဲ့အတွက် ကြောင့် ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းဆိုတာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အစိုးရမှာလည်း ဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့် လိုက်နာသော ယာဉ်တွေ ၊မော်တော်ယာဉ်များကို အကာကွယ်ပေးရမှာဖြစ်သလို ဥပဒေမဲ့၊ စည်းကမ်းမဲ့ယာဉ်နှင့် ယာဉ်မောင်းများကိုလည်း ထိရောက်စွာအရေးယူသွားမှာဖြစ်ပါ တယ်။ သတ်မှတ်ယာဉ်လိုင်စင် ပြည့်စုံမှုမရှိတဲ့ယာဉ်ဆိုတာက ကျွန်တော့်အနေနဲ့ ရှင်းလင်းလိုပါတယ်။ လုံးဝ လိုင်စင်မရှိတဲ့

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ မူဆယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းမေးမြန်းတဲ့ ရှမ်းပြည် မြောက်ပိုင်းလမ်းဖြစ်သည့် မန္တလေး- လားရှိုး- မူဆယ်လမ်းကို ၁-၄-၂၀၁၇ မှလမ်းမကြီးများဥပဒေအရအရေးယူဆောင်ရွက်ရာတွင် တစ်နှစ်တာကာလအတွင်း အရေးယူဆောင်ရွက်မှုများကို အောက်ပါအတိုင်း သိရှိလိုပါတယ်-

(က) တစ်နှစ်အတွင်း လမ်းမကြီးဥပဒေအရ တန်ပိုယာဉ် အစီးရေ မည်မျှအရေးယူခဲ့ပါသနည်း။ အရေးယူမှုကြောင့် နိုင်ငံတော် ဘဏ္ဍာငွေမည်မျှရရှိသနည်း။

(ခ) သတ်မှတ်ယာဉ် လိုင်စင်ပြည့်စုံမှုမရှိသည့် ယာဉ် အစီးရေ မည်မျှအရေးယူဆောင်ရွက်ခဲ့ပါသနည်း။ အရေးယူမှုကြောင့် နိုင်ငံဘဏ္ဍာငွေ မည်မျှရရှိပါသနည်း။

(ဂ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပြည့်စုံမှုမရှိသည့် ယာဉ်မောင်းဦးရေ မည်မျှအရေးယူဆောင်ရွက်ခဲ့ပါသနည်း။ အရေးယူမှုကြောင့် နိုင်ငံဘဏ္ဍာငွေ မည်မျှရရှိပါသနည်း။

စသည့်မေးခွန်းများနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မန္တလေး-လားရှိုး-မူဆယ်လမ်းမပေါ်တွင် ကုန်တင်ယာဉ်များ တန်ပိုတင်ဆောင်၍ ဖြတ်သန်းမှုမရှိစေရေးအတွက် B.O.T Toll-Gate များတွင် ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အရ

D/real(wide) (1

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်း/တံတားပေါ်တွင် တန်ပိုတင်ဆောင်ဖြတ်သန်းခွင့်မပြု အသိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ ၁-၄-၂၀၁၇ ရက်နေ့မှစ၍ ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍ သော်လည်းကောင်း မရသောပစ္စည်းများ(ဥပမာ-စက်ပစ္စည်းများ၊ Transformer ကြီးများအပါ)အခြားကုန်တင်ယာဉ်များအား တန်ပိုတင်ဆောင်၍ ဖြတ်သန်းသွားလာခွင့်မပြုကြောင်း အသိပေးကြေညာခြင်းများ ဆောင်ရွက်ခဲ့ပြီး၊ လက်ရှိခွင့်ပြုပေးလျက်ရှိသော ယာဉ်အမျိုးအစားအလိုက် (ယာဉ်+ကုန်)တန်ချိန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုပေးလျက်ရှိပါတယ်။ တန်ပိုတင်ဆောင်လာပါက လမ်းမကြီးများဥပဒေအရ လမ်းမကြီးများဥပဒေ အခန်း(၅) ပြစ်မှုနှင့် ပြစ်ဒဏ်ပုဒ်မ ၈(ခ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပါတယ်။

ခွဲခြား၍သော်လည်းကောင်း၊ ဖြတ်တောက်၍ သော်လည်းကောင်းမရသော ပစ္စည်းများသယ်ဆောင်ရန်ရှိပါက သယ်ဆောင်လိုသည့် ဝန်ကြီးဌာနများမှ ဆောက်လုပ်ရေးဝန်ကြီးသို့ သဘောတူညီချက်တောင်းခံရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိမှသာ တန်ပိုအတွက် တင်ဆောင်ဖြတ်သန်းခွင့်ရှိပါတယ်။ အဆိုပါ ယာဉ်ကြီးများအတွက် လမ်း/တံတားအသုံးပြုခမျာအပြင်ပိုမိုတင်ဆောင်လာသောတန်များအတွက် ၁တန်/၁မိုင်လျှင် အခြေခံနှုန်း၏၁၀ဆဖြစ်သည့် ၄၀၀ ကျပ်နှုန်းဖြင့်တွက်ချက်၍ ဒဏ်ကြေးအဖြစ်ထပ်မံပေါင်းထည့်ကောက်ခံသွားရပါတယ်။

လမ်း/တံတားအသုံးပြုခ ကောက်ခံရရှိငွေများနှင့် တန်ပိုဒဏ်ကြေးရရှိငွေများကို လမ်းဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်ရှိ လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲမှနှစ်စဉ် B.O.T ကုမ္ပဏီများသို့ သွားရောက်စစ်ဆေး၍ အခွန်စည်းကြပ်ကောက်ခံလျက်ရှိပါတယ်။ B.O.T ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ကာလအတွင်း ကောက်ခံရန် သတ်မှတ်ထားသော ရာခိုင်နှုန်းအတိုင်းလမ်းပိုင်းအလိုက် ကောက်ခံ

လမ်းဦးစီးဌာန(ရုံးချုပ်)၊ လမ်းအခွန်ထိန်းသိမ်းရေးဌာနခွဲမှ နှစ်စဉ် ဧပြီလမှ မေလအတွင်း ကွင်းဆင်းအခွန် စည်းကြပ် ပြီးမှသာ ပေးသွင်းရမည်ဖြစ် ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။လမ်းပိတ်ဆို့မှု ဖြစ်စဉ်များစတင်ဖြစ်ပေါ်စေသည့် အချက်များအနက် အခြားအဓိကအကြောင်းအရင်းများမှ သတ်မှတ်လိုင်စင်ပြည့်စုံမှုမရှိသည့် မော်တော်ယာဉ်များ၊ ယာဉ်မောင်းများကို စစ်ဆေးပြီးအရေးယူနိုင်ရေးအတွက် ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လများအတွင်း ပူးပေါင်းအဖွဲ့များဖြင့် ကျောက်မဲမြို့နယ် တွင် ယာဉ် ၃၇၇ စီး၊ နောင်ချိုမြို့နယ်တွင် ယာဉ် ၃၁၉ စီး စစ်ဆေး နိုင်ခဲ့သော်လည်း စစ်ဆေးတွေ့ရှိမှုနှင့် ပတ်သက်၍ တစ်ပါတည်း အပြစ်ပေးအရေးယူပြီး လုပ်ငန်းမြန်ဆန်ထိရောက်စေရန် ရည်ရွယ်ကာ ရွှေ့ပြောင်းတရားရုံး Mobile Court စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်ကြိုးပမ်းခဲ့ပါတယ်။ ရွှေ့ပြောင်းတရားရုံးMobile Court များဖွင့်လှစ်ဆောင်ရွက်ရန်မှာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအရ မဖြစ်နိုင်ကြောင်း ရှုမ်းပြည်နယ်တရားလွှတ်တော်မှ ပြန်ကြားလာခဲ့ပါသဖြင့် ရွှေ့ပြောင်းတရားရုံးဖြင့်ဆောင်ရွက်နိုင်ခြင်း မရှိနေစကာမူ ကြိုတင်ကာကွယ်ရေးအဖွဲ့ Task Force ဖွဲ့စည်းတာဝန်ပေးအပ် စစ်ဆေးခဲ့ရာ ၂၀၁၇ခုနှစ် ဇွန်လမှ အောက်တိုဘာလအတွင်း-

- ယာဉ်မောင်းလိုင်စင်မပါရှိခြင်း အကြိမ် ၂၀၊
- သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်မှုမပြုခြင်း၄၄ကြိမ်၊
- ယာဉ်သက်တမ်းလွန်ခြင်း ၁ကြိမ်၊
- ကြွံခိုင်မှုမရှိသော ယာဉ်ကိုမောင်းနှင်ခြင်း ၁ ကြိမ်၊
- ယာဉ်နောက်လိုက် လိုင်စင်မပါရှိခြင်း ၁ ကြိမ်တို့ကို

စစ်ဆေး တွေ့ရှိခဲ့ရပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဦးစီးဌာနသည်

D/real(wide) (1

သယ်ယူပို့ဆောင်ရေးကို စီးပွားရေးလုပ်ငန်းအဖြစ်လုပ်ကိုင်သော ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ လုပ်ငန်းလိုင်စင်ရရှိခြင်း ရှိ/မရှိ နှင့် လိုင်စင်ပါစည်းကမ်းချက်များ လိုက်နာခြင်း ရှိ/မရှိ ကြီးကြပ်ဆောင်ရွက်ခဲ့ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧပြီလမှ ဖေဖော်ဝါရီလထိ ယာဉ်ပေါင်း ၇၉၇၁၁ စီးကို စစ်ဆေးဆောင်ရွက်ခဲ့ပြီး စည်းကမ်းနှင့်မညီသည့် ယာဉ် ၁၂၀၅၉ စီးအား အရေးယူဆောင်ရွက်ခဲ့မှုအတွက် ငွေကျပ် ၈၂,၄၁၅,၀၀၀ ကောက်ခံရရှိပြီး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်း သတ်မှတ်ယာဉ်မောင်း လိုင်စင်ပြည့်စုံမှုမရှိသော ယာဉ်မောင်း ၁၆၀ ဦးကို အရေးယူခဲ့ပြီး နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသို့ ငွေကျပ် ၁,၆၀၀,၀၀၀ကျပ် ပေးသွင်းဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကကြီးခင်ဗျား။ နောင်ခါမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ်တို့ကို တည်ဆောက်ခွင့်ရရှိပါက လမ်းပိတ်ဆို့မှုဖြစ်စဉ်များ လွန်စွာနည်းပါးသွားမည်ဖြစ်ပါတယ်။ လတ်တလောတွင်လည်း မလွဲမရှောင်သာဖြစ်ပွားလာနိုင်သေးသည့် ဖြစ်စဉ်များလျော့နည်းစေရေးနှင့်ဖြစ်ပွားလာပါကအမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် စီမံချက်မူကြမ်းအပေါ် ဆက်စပ်သက်ဆိုင်သူများထံမှ အကြံပြုချက်ရယူပေါင်းစပ်ပြီး စီမံဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုများကို ရှင်းလင်းပေးရာတွင် အဓိကကြုံတွေ့နေရသော အခက်အခဲမှာ စည်းကမ်းမဲ့စွာဖြင့် တစ်ဖက်မျက်နှာချင်းဆိုင် ယာဉ်ကြောအတွင်းသို့ ဝင်ရောက်ကာ အလုအယက် ကျော်တက်ကြသောယာဉ်များကြောင့် လိုအပ်သည်ထက် ခက်ခဲကြာမြင့်ရခြင်းဖြစ်ပါတယ်။ သက်ဆိုင်ဆက်စပ်သူအားလုံးက အသိတရားဖြင့် စည်းကမ်းရှိစွာ ဝိုင်းဝန်းပါဝင်ကူညီ ဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်စဉ်များ အရေအတွက်လျော့နည်း၊ ပိတ်ဆို့ချိန် နည်းပါးသွားမည်ဖြစ်ကြောင်း

စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

Oriental Highway Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မန္တလေး-လားရှိုး-မူဆယ်လမ်း၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဝက်ဝံ Toll-Gate မှ မူဆယ် Toll-Gate အထိ စုစုပေါင်းဂိတ် ၁၁ ခု ရှိပါတယ်။ ဝက်ဝံ၊ နောင်ချို၊ ကျောက်မဲ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မိုင်းယု Toll-Gate တို့တွင် ၂၀၁၇ခုနှစ်၊ ဧပြီလ မှ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလအထိ စုစုပေါင်းတန်ပိုယာဉ် ၄၃၇၂ စီးတွင် တန်ပိုပေါင်း ၁၇၈၇၂ တန်ဖြတ်သန်းသွားခဲ့ပါတယ်။ တန်ပိုဒဏ်ကြေး ငွေကျပ် ၁၇၃,၆၅၇,၅၅၀ကောက်ခံရရှိခဲ့ပြီးအဆိုပါ Toll-Gate များသည် B.O.T ပဋိညာဉ်စာချုပ်အရ နိုင်ငံတော် ဘဏ္ဍာသို့ ၁၀% အခွန်စည်းကြပ်ပေးသွင်းရမည်ဖြစ်သဖြင့် ကျပ် ၁၇,၃၆၅,၇၅၅ကို ပေးသွင်းရမှာဖြစ်ပါတယ်။

လားရှိုးမြို့ရှောင်၊ သီပေါ၊ ခေးနင်းနှင့် မူဆယ် Toll-Gate တို့တွင် အထက်ပါကာလအတွင်း တန်ပိုယာဉ် ၂၆၇၆ စီးတွင် တန်ပိုပေါင်း ၁၁၈၀၈ တန်ဖြတ်သန်းသွားခဲ့ပါတယ်။ တန်ပိုဒဏ်ကြေးငွေကျပ် ၉၇,၁၂၄,၂၀၀ကောက်ခံရရှိခဲ့ပြီး အဆိုပါ Toll-Gate များသည် B.O.T ပဋိညာဉ်စာချုပ်အရ နိုင်ငံတော်ဘဏ္ဍာသို့ ၅% အခွန်စည်းကြပ်ပေးသွင်းရမည်ဖြစ်ပါသဖြင့် ငွေကျပ် ၄,၈၅၆,၂၀၀ကို ပေးသွင်းရမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တန်ပိုယာဉ် ၇၀၄၈ စီးဖြတ်သန်းသွားလာခဲ့ပြီး တန်ပေါင်း ၂၉၆၈၀တန် တင်ဆောင်လာခဲ့ပါတယ်။ တန်ပိုဒဏ်ကြေးရငွေစုစုပေါင်းငွေကျပ် ၂၇၀,၇၈၁,၇၅၀ ကောက်ခံရရှိခဲ့ပြီး ၁၀%နှင့် ၅%အခွန်စည်းကြပ် ကောက်ခံသော Toll-Gate ၁၁ ဂိတ်၏ နိုင်ငံတော်ဘဏ္ဍာသို့ အခွန်စည်းကြပ်ငွေ စုစုပေါင်းကျပ် ၂၂,၂၂၁,၉၆၅ ကို ပေးသွင်းရမည်ဖြစ်ပြီး နေပြည်တော်ရှိ

D/real(wide) (1

ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဂုတ်တွင်းလမ်းပိုင်းကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်။ မေးမြန်းခြင်းရည်ရွယ်ချက်မှာ ဂုတ်တွင်းလမ်းပိုင်းဟာ နိုင်ငံကျော်လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ ထိုလမ်းပိုင်းမှာ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှုကြုံတွေ့နေရတာကိုလဲအားလုံး သိရှိပြီးဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်၍ ပထမအကြိမ် လွှတ်တော်သက်တမ်း အစည်းအဝေးများမှာလည်း မေးမြန်းခဲ့တဲ့ အနေအထားရှိပါတယ်။ သက်ဆိုင်ရာအစိုးရအဖွဲ့ကလည်း ဖြေရှင်းဆောင်ရွက်ပေးပါ့မယ်လို့ အဖြေပေးခဲ့ပါတယ်။ သို့သော်လည်းဘဲ ကနေ့ထိလမ်းကြောပိတ်ဆို့မှုဟာ ဖြစ်မြဲအတိုင်းဖြစ်နေတာကိုတွေ့ရတဲ့အတွက် ဒီဒုတိယအကြိမ်မှာ မေးခွန်းပြန်လည်မေးမြန်းရခြင်းဖြစ်ပါတယ်။

အတွက် နာမည်ကြီးလှပါတယ်။ ဂုတ်ထိပ်တံတားသည် (၁၉၀၁) ခုနှစ်တွင် တည်ဆောက်ခြင်းဖြစ်သဖြင့် နှစ်(၁၀၀) ကျော်ရှိပြီးဖြစ်ပါတယ်။ တံတားသံတိုင်မှာ ပေ(၃၂၀)မြင့်ပြီး တံတားအရှည်မှာ ပေ(၂၂၆၀)ရှိပါတယ်။ တချို့ဆိုရင် ၎င်းနေရာကို တကူးတကသွားရောက်ပြီး သဘာဝအလှတရားကို ခံစားလျက်ရှိပါတယ်။

ယခုအခါ ထိုဂုတ်တွင်းလမ်းပိုင်းဟာ မကြာခဏ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားလျက်ရှိပါတယ်။ နှစ်အားဖြင့်ပြောရရင် လွန်ခဲ့တဲ့ (၄)နှစ်လောက်က (၂၂)ဘီးခေါ် တွဲယာဉ်များသွားလာလှုပ်ရှားတဲ့ အချိန်ကစပြီး ယာဉ်ကြောတွေပိတ်ဆို့မှု ဖြစ်ပွားနေပါတယ်။ အဲ့ဒီယာဉ်ကြောပိတ်ဆို့မှုကို ယနေ့အချိန်ထိ ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပါ။ Oriental Highway ကုမ္ပဏီက လမ်းပိုင်းတွေချဲ့ထားပေမဲ့ ပိတ်ဆို့မြဲ ပိတ်ဆို့လျက်ရှိပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ် အပိုင်းမှာ အဆိုးဆုံးဖြစ်ပါတယ်။ (၄/၅)ရက် တစ်ကြိမ်မျှ ဖြစ်ပွားလျက်ရှိပါတယ်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးသွားနိုင်သလိုအရေးပေါ် လူနာများ၊အရေးကြီးကိစ္စရပ်များဖြင့်သွားလာရတဲ့ခရီးသည်တွေအတွက် အခက်အခဲတွေတွေ့ကြုံရပါတယ်။

မိမိရဲ့ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပြောပြရရင် လွန်ခဲ့တဲ့ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်မှာ ကိုယ်တွေ့ကြုံခဲ့ရပြီး ဖြစ်ပါတယ်။ မိမိမဲဆန္ဒနယ်မြေမှအပြန် မန္တလေးကိုသွားရာ ညနေ (၆း၃၀) နာရီမှ ဂုတ်တွင်းကိုရောက်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုကြောင့် မည်သို့မျှ သွားလာလို့မရတော့ဘဲ နောက်တစ်ရက် နံနက် (၄)နာရီမှ လွတ်မြောက်ခဲ့ရပါတယ်။

ယခုဆိုရင် ယာဉ်ကြောပိတ်ဆို့မှုရဲ့ သတင်းကြောင့် ဧည့်သည်များကို ဂုတ်တွင်းရဲ့သဘာဝအလှကို လာရောက်ကြည့်ရှုဖို့ နေနေသာသာ ဂုတ်တွင်းရောက်မှာကို ကြောက်နေရပါတယ်။

D/real(wide) (1

ခရီးသွားများကလည်း ဂုတ်တွင်းကျော်မှ သက်ပြင်းချရတဲ့ အနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူလူထုရဲ့ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ စိတ်အေးချမ်းသာအဆင်ပြေစွာ သွားလာနိုင်ရေး ဆောင်ရွက်ပေးရမည့်တာဝန်ဟာ အစိုးရတစ်ရပ်ရဲ့ တာဝန်ဖြစ်ပါတယ်။ အခြေခံဥပဒေမှာလည်း မူအားဖြင့် ပြဋ္ဌာန်းပြီးလဲဖြစ်ပါတယ်။

ဒါကြောင့် လတ်တလော ရှမ်းပြည်နယ်မြောက်ပိုင်းလမ်းဂုတ်တွင်းလမ်းပိုင်းမှာ ကြုံတွေ့နေရတဲ့ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးဖို့အတွက် ရှမ်းပြည်နယ်အစိုးရက မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ဆိုတာကို သိရှိလိုပါ၍ လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။

လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းမေးမြန်းသည့်ရှမ်းပြည်နယ်မြောက်ပိုင်းဂုတ်တွင်းလမ်းပိုင်းကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို ပြေလည်အောင်ဖြေရှင်းပေးနိုင်ရေးအတွက်ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေခွန်းနှင့်ပတ်သက်ပြီး ဆက်လက် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးသည် အာရှလမ်းမကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဆက်သွယ်ထားသော အဓိကအားထားရာ လမ်းမကြီးတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် မြန်မာနိုင်ငံမှ ထွက်ကုန်များကို တရုတ်နိုင်ငံသို့ ကုန်းလမ်းဖြင့်တင်ပို့ပေးသော လမ်းဖြစ်သလို တရုတ်နိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို မြန်မာနိုင်ငံသို့ပြန်လည်တင်ပို့လာသော စီးပွားရေးကုန်သွယ်သည့်လမ်း ဖြစ်ပါတယ်။

၎င်းလမ်းမကြီးကို Asia World Co.,Ltd နှင့် မြန်မာနိုင်ငံအစိုးရတို့ ၁၉၉၇ခုနှစ်မှစ၍ နှစ်(၄၀) သက်တမ်း BOT စနစ်ဖြင့် လုပ်ကိုင်စေရန် စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ နောက်ပိုင်းတွင် Asia World Co.,Ltd မှ Oriental Highway ဟု အမည်ပြောင်းလဲ ပြင်ဆင်ခဲ့ပါတယ်။ ပထမ(၁၀)နှစ်ကို အခွန်(၅%)ဖြင့်လည်းကောင်း၊ ဒုတိယ(၁၀)နှစ်ကိုအခွန်(၁၀%)ဖြင့်လည်းကောင်း၊တတိယ(၁၀)နှစ်ကို အခွန်(၁၅%)ဖြင့်လည်းကောင်း၊ စတုတ္ထ(၁၀)နှစ်ကို အခွန်(၂၀%)ဖြင့်လည်းကောင်း နိုင်ငံတော်အစိုးရထံသို့ ပေးသွင်းလျက်ရှိ ကြောင်းသိရပါတယ်။ အဆိုပါလမ်းကို ယာဉ်ကြိုး/ယာဉ်ငယ်ပေါင်း (၅၀၀၀)ကျော် နေ့စဉ်ဖြတ်သန်း အသုံးပြုလျက်ရှိပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမန္တလေး-လားရှိုး- မူဆယ်လမ်းပိုင်း နောင်ချို့မြို့နယ်မှ ကျောက်မဲမြို့နယ်ကြား အရှည်အားဖြင့် (၈)မိုင်ခန့်သာရှိသော မြွေလိမ်မြွေကောက်လို ကွေ့ကောက်ပေါင်း (၃၀)ကျော် ရှိသော ဂုတ်တွင်းလမ်းပိုင်းရှိပါတယ်။ ယခင်က အဲ့ဒီဂုတ်တွင်းလမ်းပိုင်းနဲ့ ဂုတ်ထိပ်ရထားတံတားဟာ သဘာဝ တောတောင်နှင့် စိမ့်စမ်းရေတို့၏ နောက်ခံအလှနှင့် အင်မတန်သာယာလှပတဲ့ နေရာဖြစ်တဲ့

D/real(wide) (1

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဂုတ်တွင်းလမ်းပိုင်း၌ ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားလာပါက အမြန် ပြေလည်အောင် ဖြေရှင်းပေးနိုင်ရေးအတွက် ကြိုတင်ကာကွယ် စီမံခြင်း၊ အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်တားမြစ်အရေးယူခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားလာချိန် ဖြေရှင်းဆောင်ရွက်ခြင်း စသည့် အပိုင်းကြီး (၄)ပိုင်းဖြင့် နယ်မြေခံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စီမံကိန်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ Oriental Highway Co.,Ltd ကုမ္ပဏီမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

(က) ကြိုတင်စီမံကာကွယ်ရေး

နောင်ချို(မိုင် ၇၉/၀) ကျောက်မဲ(မိုင် ၁၁၀/၅-၆) Toll-Gate များတွင် LED Board များ စိုက်ထူထားရှိပြီး ဂုတ်တွင်းလမ်းပိုင်းများတွင် စနစ်တကျ၊ စည်းကမ်းတကျ ဖြတ်သန်းမောင်းနှင်ရန်နှင့် ဂုတ်တွင်းလမ်းပိုင်း အခြေအနေအား သိရှိရန်အတွက် အချိန်နှင့်တစ်ပြေးညီ ဖော်ပြခြင်း၊ ဂုတ်တွင်းလမ်းပိုင်းအတွင်း အဖြစ်များသောနေရာများ၌ ကြီးကြပ်ကွပ်ကဲရေးတဲငယ် ၁၀ လုံးအား မိုင်/တည်နေရာအလိုက် နံပါတ်စဉ်သတ်မှတ်တည်ဆောက်ခြင်း၊ အကွေ့ထိပ်များတွင် မှန်ခုံးများ၊ သတိပေးစာသားပါ Vinyl များစိုက်ထူပြီးသတိပေးခြင်း၊ ဖြစ်စဉ်ဖြစ်ပွား သည်နှင့် ရှင်းလင်းနိုင်ရန် တန်(၅၀)ကရိန်း(၁)စီးအား မိုင်တိုင်(၈၄/၀) ဂုတ်တွင်း တံတားထိပ်တွင် Stand By ထားရှိခြင်း၊ ဂုတ်တွင်းအပိုင်း မိုင်(၈၂/၀-၈၇/၀) အတွင်း နှစ်ထပ်ကွေ့များမှအပ ဆောင်ရွက်နိုင် မည့် အပိုင်းများတွင် လမ်းခဲ့ခြင်း၊ ယခင်ဖြစ်စဉ်ကဲ့သို့

(၈) အသိပညာပေးခြင်းနှင့် အရေးယူခြင်း။

အသိပေးခြင်း၊ သတိပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာ၍ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကို ပုဒ်မများနှင့်တကွ Toll Gate များတွင် လက်ကမ်းစာစောင်များအား ဘာသာစကား ၃မျိုး (မြန်မာ၊ ရှမ်း၊ တရုတ်) တို့ဖြင့် ဖော်ပြပြီး ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ဂုတ်တွင်းလမ်းပိုင်းတွင် ယာဉ်တစ်စီးနှင့်တစ်စီး ကျော်မတက်စေရေး နှိုးဆော်သတိပေးခြင်း၊ Online Media မှ နေ့စဉ်အချိန်နှင့်တစ်ပြေးညီ ဂုတ်တွင်းအနေအထားအား သတိပေးခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ဃ) အချိန်နှင့် တစ်ပြေးညီဖြေရှင်းနိုင်ရေး။

လမ်းဦးစီးဌာနနှင့် Oriental Highway ကုမ္ပဏီတို့ ပူးပေါင်းဖွဲ့စည်းထားသော ဂုတ်တွင်းလမ်းပိုင်း ပိတ်ဆို့မှုဖြေရှင်းရေးကြီးကြပ်အဖွဲ့ဝင်များသည် သိသာထင်ရှားသည့် ရောင်ပြန်တူညီဝတ်စုံများဝတ်ဆင်၍ မိမိနေရာအလိုက်ဖြစ်စဉ်ဖြစ်ပွားသည်နှင့် သိရှိအောင်ပြုလုပ်ခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် မိမိဌာနအကြီးအကဲတို့အား ဖြစ်စဉ်ဖြစ်ပွားသည်နှင့် အချိန်နှင့်တစ်ပြေးညီ ချက်ချင်းသတင်းပို့ခြင်း၊ ဖြစ်စဉ်ပေါ်မူတည်၍ ကြန့်ကြာနိုင်မှုအချိန်အား ခန့်မှန်းကာ ယာဉ်များတားဆီးထားရန် လိုအပ်ပါက ကျောက်မဲဘက်ခြမ်းတွင် မိုင်၉၂/၀ မိုးမြင့်သာတွင်လည်းကောင်း၊ နောင်ချိုဘက်ခြမ်း ၇၉/၀၌ ယာယီတားဆီးမည်ဖြစ်ပြီး နောင်ချိုမြို့တွင်း၌ ရပ်နားမှုများပြားလာပါက မိုင် ၆၅/၀ အုမ္မသီးတွင်လည်းကောင်း ခေတ္တတားဆီးထားရန်၊ မိုင် ၈၄/၀ရှိ တန်၅၀ ကရိန်းဖြင့် အလျင်အမြန်ဖယ်ရှားရှင်းလင်းခြင်း၊ ဖြစ်ပွားပါက ကားများအဝင်/အထွက် သတ်မှတ်သည့် နေရာများတွင် လမ်းတားများဖြင့် အခိုင်အမာ

D/real(wide) (1

ခေတ္တတားဆီးစေခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဂုတ်တွင်းယာဉ်ကြော ပိတ်ဆို့မှုဖြစ်စဉ်ဖြစ်ပွားသည့် နေရာအများစုသည် နှစ်ထပ်ကွေ့များဖြစ်သဖြင့် ထပ်မံခွဲ၍မရနိုင်သော နေရာများဖြစ်သောကြောင့် လမ်းအူကြောင်းအသစ် လိုအပ်လျက်ရှိရာ နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်ထိပ်တံတားအသစ် စီမံကိန်းအမြန်စတင် ဆောင်ရွက်နိုင်ရေးအတွက် (၁၀/၂၀၁၇)လတွင် မြေယာလျော်ကြေးပေးချေရန်၊ (၁၁/၂၀၁၇)လတွင် တစ်ကြောင်းထိုးလမ်းစတင်ရန်၊ (၁၂/၂၀၁၇)လတွင် တံတားအသစ်တည်ဆောက်ရေးလုပ်ငန်းစတင်နိုင်ရန် လျာထားသော်လည်း မြေယာနှင့်သီးနှံ လျော်ကြေးပေးချေရေး ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် ခက်ခဲကြန့်ကြာ နေသည့်အတွက် စီမံကိန်းစတင်ရန် နှောင့်နှေး လျက်ရှိပါတယ်။ လျော်ကြေးများ ပေးချေပြီးပါက စီမံကိန်းလုပ်ငန်းများ အမြန်စတင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

စီမံကိန်းမစတင်မီ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာများ ပြေလည်အောင် ဖြေရှင်းနိုင်ရေးအတွက် ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးတို့မှ ဦးဆောင်၍ ဂုတ်တွင်းလမ်းပိုင်းနှင့် ကွတ်ခိုင်လမ်းပိုင်း ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်ရေး စီမံချက်မူကြမ်းရေးဆွဲခဲ့ပါတယ်။

စီမံချက်မူကြမ်းနှင့် ပတ်သက်ပြီး ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူးက ခရီးစဉ်များတွင် နောင်ချိုမြို့တွင်လည်းကောင်း၊ ကျောက်မဲနှင့် မူဆယ်ခရိုင်တို့တွင် လည်းကောင်း၊ ဌာနဆိုင်ရာများ၊ မော်တော်ယာဉ် အသင်းများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် သတင်းမီဒီယာများကို သီခြားတွေ့ဆုံ၍လည်းကောင်း စီမံချက်ကို ချပြရှင်းလင်းပြီး အကြံဉာဏ်များတောင်းခံ၍ စီမံချက်အတည်ပြုနိုင်ရေးကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

D/real(wide) (1

ဂုတ်တွင်း လမ်းပိုင်းအတွင်း ယာဉ်များ မျက်နှာချင်းဆိုင်အနေအထား ပိတ်မိပါက ၎င်းကားများအား အနီးစပ်ဆုံးနေရာများ သို့ ရွှေ့ပြောင်းနိုင်ရန် မိုင် (၈၅/၀-၈၇/၀)အတွင်း ယာဉ်(၂၀)စီးခန့် ရပ်နားနိုင်မည့်နေရာ အတွက် လမ်းချဲ့ပေးခြင်း၊ ဂုတ်တွင်းလမ်းပိုင်း ပိတ်ဆို့မှု ဖြေရှင်းရေး ကြီးကြပ်မှုအဖွဲ့အား လမ်းဦးစီးဌာနနှင့် Oriental Highway ကုမ္ပဏီမှ ဝန်ထမ်းများဖွဲ့စည်းထားခြင်း၊ Road Sign Guard Rail ၊ Guard Post စသည့်အရန်အတားများကို လိုအပ်သည့် နေရာများတွင် ထည့်သွင်းစိုက်ထူတည်ဆောက်ခြင်း၊ ပျက်စီးနေသည့် Road Sign များ၊ Guard Rail များ၊ Guard Post များပြင်ဆင်ခြင်းတို့ကို လမ်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Oriental Highway ကုမ္ပဏီမှ ဆောင်ရွက်လျက် ရှိပါတယ်။

(ခ) စစ်ဆေးကြပ်မတ်အရေးယူခြင်း။

ကုန်တင်ယာဉ်များ၊ (၂၂)ဘီးတွဲကားများ၊ ခရီးသည်တင်ယာဉ်ကြီးများ၏ ကြံ့ခိုင်မှုအား နောင်ချို/ကျောက်မဲ Toll-Gate များ၏ အနီးတွင် ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ၎င်းယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် မူးယစ်သောက်စားထားခြင်း ရှိ/မရှိ စစ်ဆေးကြပ်မတ်ခြင်း၊ တန်ပိုတင်ဆောင်ခြင်း မရှိစေရန် စစ်ဆေး ကြပ်မတ်ခြင်း၊ ယာဉ်မောင်းများ၏ ကျွမ်းကျင်မှု ရှိ/မရှိအား ယာဉ်/ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ မော်တော်ယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီး ဌာနမှ ခွင့်ပြုထားသော စံသတ်မှတ်ချက်အတိုင်း တည်ဆောက်ထားခြင်း ရှိ/ မရှိ စစ်ဆေးခြင်း စသည့်လုပ်ငန်းစဉ်များကို Check Point များထားရှိ၍ စစ်ဆေးရေးအဖွဲ့များမှ အင်အားဖြန့်ခွဲ၍ သွားရောက်စစ်ဆေးခြင်းတို့ကို သက်ဆိုင်ရာအဖွဲ့များဖြင့် အခါအားလျော်စွာ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

စီမံချက်အား မွမ်းမံပြင်ဆင်ပြီးပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လမ်းညွှန်မှုခံယူကာ စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မရှောင်လွှဲနိုင်သည့် လတ်တလော ခေတ္တပိတ်ဆို့မှုများကိုလည်း အချိန်တိုအတွင်း ဖြေရှင်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ခရီးသွားပြည်သူများ ကားလမ်းတွင် နှောင့်နှေးကြန့်ကြာမှု ရှိပါကလည်း အရန်အဖြစ် မြန်မာ့မီးရထားဖြင့် သွားလာနိုင်ရေး ကြိုးပမ်းစီစဉ်လျက်ရှိပါကြောင်း ရှမ်းပြည်နယ်မြောက်ပိုင်း၏ ယာဉ်ကြောပိတ်ဆို့မှု (၇၀%)သည် ဂုတ်တွင်းလမ်းပိုင်းမှာ ဖြစ်တာတွေ့ရှိရပါတယ်။ ထိုဖြစ်စဉ်များနှင့် အလားတူပဲ ဖြစ်ရခြင်းအကြောင်းရင်းမှာ အဆမတန်ကုန်တင်လာတဲ့ (၂၂)ဘီးကုန်တင်ယာဉ်များကြောင့် ဖြစ်ပွားတာဖြစ်ပါတယ်။ သို့သော်လည်း ပိတ်ဆို့မှုများကို ဖြေရှင်းတဲ့နေရာမှာ တင်ပြခဲ့တဲ့အတိုင်း ယာဉ်မောင်းအများစု၏ မိမိဆန္ဒကိုသာ ရှေ့တန်းတင်ပြီး အသိတရားမဲ့စွာ၊ စည်းကမ်းမဲ့စွာဖြင့် တစ်ဖက်မျက်နှာချင်းဆိုင် ယာဉ်ကြောကို ရုတ်တရက်ကျော်တက်ပြီးတော့ သွားရောက်တဲ့အတွက်ကြောင့် ဖြေရှင်းရာတွင် လိုအပ်သည်ထက် ခက်ခဲရခြင်း၊ ကြန့်ကြာရခြင်းများကို တွေ့ရှိရမှာဖြစ်ပါတယ်။ရေရှည်အနေနဲ့ ကျွန်တော်တို့ နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်ထိပ်တံတားသစ်ကို တည်ဆောက်ခွင့်ရရှိရေး ကြိုးပမ်းဆောက်ရွက်လျက်ရှိပါတယ်။ လတ်တလောအနေနဲ့ တင်ပြခဲ့တဲ့အတိုင်း စီမံချက်ရေးဆွဲ၍ ဖြေရှင်းဆောင်ရွက်လျက် ရှိပါတယ်။အဓိက တင်ပြလိုတာကတော့ ဖြစ်စဉ်များဖြစ်ပွားလာလျှင် အသိတရားရှိရှိ၊ စည်းကမ်းရှိရှိနဲ့ အားလုံးကဝိုင်းဝန်း ကူညီဆောင်ရွက်ကြမှသာ ယာဉ်ကြောပိတ်ဆို့မှု အဆင်ပြေသွားမှာဖြစ်ပြီး အားလုံးက အသိတရားရှိစွာနဲ့ ပါဝင်ဆောင်ရွက်ဖို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နှင့် တီတောက်ကုန်းကျေးရွာ အနီးမှာတစ်ဘက်ရပ် လက်ရိုက်ဆည်တို့ အား ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိအား လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခိုင်ညီညီကျော်မေးမြန်းတဲ့ ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုတွင် တည်ရှိသော သနပ်တောင်လက်ရိုက်ဆည်နှင့် တီတောက်ကုန်းရွာအနီးတစ်ဘက်ရပ် လက်ရိုက်ဆည်သည် စပါးစိုက်ပျိုးသူတောင်သူများ အဓိကအားထားနေရသောဆည် ဖြစ်ပါသဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာအုပ်စုတွင် တည်ရှိသော သနပ်တောင်လက်ရိုက်ဆည်နှင့် တီတောက်ကုန်းကျေးရွာအနီးရှိ တစ်ဘက်ရပ်လက်ရိုက်ဆည်များအား ပြင်ဆင်ပေးနိုင်ရန်အတွက် အသေးစိတ် မြေပြင်တိုင်းတာမှုများလိုပါတယ်။ လိုအပ်ပါက ဘူမိဗေဒ စမ်းသပ်တိုင်းတာမှုများနှင့် ဒီဇိုင်းပုံထုတ်တွက်

D/real(wide) (1

ချက်ခြင်းများပြုလုပ်ပေးရန် လိုအပ်ပါသောကြောင့် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရ၏ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်မရှိသေးပါကြောင်း၊ လိုအပ်ပါက လိုအပ်သော မြေပြင်တိုင်းတာမှုများ ပြီးစီးမှသာလျှင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်နယ်အတွင်း ဦးစားပေးအစီအစဉ်များအရ ရန်ပုံငွေလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအာကာလင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအာကာလင်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာကာလင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် တောင်ရိုးတိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦး ခန့်အပ်ပေးနိုင်ရေးနှင့်ပတ်သက်၍ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၇ အရ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အထက်ပါ အကြောင်းအရာကိစ္စနှင့်ပတ်သက်၍ တောင်ရိုးတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ပေးပို့လာသော

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးရွာအုပ်စုများကနေပြီးတော့ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ ဆည်မြောင်းတာတမံနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရပ်စောက်မြို့နယ်အတွင်းမှာရှိတဲ့ သနပ်တောင်ဆည်ဟာဆိုရင် မကျီးကုန်းကျေးရွာအနီးမှာ ရှိပြီးတော့ ဇော်ဂျီချောင်းကိုပိတ်၍ အလျား(၂၄၀)ပေ၊ အကျယ်(၉၉)ပေ၊ အမြင့်(၁၆)ပေဖြင့် တည်ဆောက်ထားသော ကိုယ်ထူကိုယ်ထ ဆည်တစ်ခုဖြစ်ပါတယ်။ဒေသခံများအတွက် အကျိုးပြုဆည်ကြီး ၏ ရေသောက်ဧရိယာမှာ(၄၁၂၁)ဧကဖြစ်ပါတယ်။ အဆိုပါဆည်နှင့် စပ်ဆက်လျက်ရှိသော တီတောက်ကုန်းကျေးရွာအနီးမှာလည်း တစ်ဘက်ရပ် လက်ရိုက်ဆည်တစ်ခုကို တည်ဆောက်ပြီး လယ်မြေများစိုက်ပျိုးရေရရှိရန်အတွက် နှစ်စဉ်ရွာသူ/ရွာသားများဟာသစ်၊ ဝါးများကို အသုံးပြုလျက် ကိုယ်ထူကိုယ်ထ ပြုပြင်ဆောင်ရွက်နေရသည်မှာ နှစ်စဉ်နှစ်တိုင်းဖြစ်ပါတယ်။ ထို့ကြောင့် ဒေသခံပြည်သူများ စိုက်ပျိုးရေးအဆင်ပြေစေရန်အတွက် ရပ်စောက်မြို့နယ်၊ မကျီးကုန်းကျေးရွာမှာရှိတဲ့ သနပ်တောင် လက်ရိုက်ဆည်

D/real(wide) (1

စာရင်းများအရ ရှမ်းပြည်နယ်တောင်ပိုင်းဒေသရှိ ပင်းတယ၊ ကလော၊ ပင်လောင်း၊ ညောင်ရွှေ၊ ရပ်စောက်၊ တောင်ကြီး၊ လွိုင်လင်၊ ပင်လုံမြို့နယ်များရှိ ကျေးရွာများတွင် တောင်ရိုးတိုင်းရင်းသား များ ပျံ့နှံ့ နေထိုင်ကြလျက်ရှိကြပြီး၊ တောင်ယာများစိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် တောင်တန်းလွင်ပြင်ဒေသ များတွင် အေးချမ်းစွာ နေထိုင်လျက်ရှိကြပါတယ်။ လူဦးရေ အနေဖြင့် ပင်းတယမြို့နယ်တွင် ကျေးရွာ (၂၈)ရွာ၊ လူဦးရေ (၁၄၀၀၀)ကျော်၊ ကလောမြို့နယ်တွင် ကျေးရွာ (၅၄)ရွာ၌ လူဦးရေ (၃၉၀၀၀)ကျော်၊ ပင်လောင်းမြို့နယ်တွင် ကျေးရွာ (၂၆)ရွာ၌ လူဦးရေ (၁၃၀၀၀)ကျော်၊ ညောင်ရွှေမြို့နယ်တွင် ကျေးရွာ (၁၂)ရွာ၌ လူဦးရေ (၆၉၀၀)ကျော်၊ ရပ်စောက်မြို့နယ်တွင် ကျေးရွာ (၃)ရွာ၌ လူဦးရေ (၁၀၀၀)ကျော်၊ တောင်ကြီးမြို့နယ်တွင် ကျေးရွာ (၁၀)ရွာတွင် လူဦးရေ (၄၉၀၀)ကျော်၊ လွိုင်လင်နှင့် ပင်လုံမြို့နယ်များတွင် ကျေးရွာ (၄)ရွာတွင် လူဦးရေ (၂၁၀၀)ကျော်၊ အခြားနေရာဒေသ များတွင်လည်း ပျံ့နှံ့နေထိုင်လျက်ရှိပြီး၊ စုစုပေါင်း လူဦးရေ (၈၂၀၀၀) ကျော် ရှိကြောင်း သိရှိရပါတယ်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပင်းတယမြို့နယ်တွင် တောင်ရိုးတိုင်းရင်းသား လူဦးရေမှာ ကျေးရွာ(၂၈)ရွာတွင် (၁၄၅၀၅)ဦးရှိသည့်အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆ အပိုဒ်(ဇ) အပိုဒ်ခွဲငယ်(၁)အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုး များအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေ အနည်းဆုံး (၁)သောင်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက

လူဦးရေ (၈၂၀၀၀)ဦးကျော် ရှိနေပြီဖြစ်သည့်အတွက် တောင်ရိုး တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရ အဖွဲ့တွင် တောင်ရိုးတိုင်းရင်းသားရိုးရာဝန်ကြီး တစ်ဦး ခန့်အပ်ထားပေးနိုင်ရေး တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ရိုးတိုင်းရင်းသားများ၏ ရေးရာအရပ်ရပ်ကို ဆောင်ရွက်ပေး နိုင်ရန်အတွက် တောင်ရိုးတိုင်းရင်းသားရိုးရာဝန်ကြီးအား ပြည်နယ်လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရန် အကြောင်း အမျိုးမျိုးကြောင့် လက်ရှိခွင့်ပြု ပေးနိုင်ခြင်း မရှိသေးပါက ၂၀၂၀ခုနှစ် ပါကီစုံရွေးကောက်ပွဲတွင် ပြည့်မီလာမည့် တောင်ရိုးတိုင်းရင်း သားလူဦးရေကိုတွက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် တောင်ရိုး တိုင်းရင်းသားရေးရာဝန်ကြီး ခန့်အပ်ထားပေးနိုင်ပါရန်အတွက် အစီအစဉ် ရှိ/ မရှိသိရှိလိုပါ၍ တောင်ရိုးတိုင်းရင်းသားများရဲ့ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောကာလင်း မေးမြန်းတဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်

D/real(wide) (1

သတ်မှတ်သည့် တိုင်းရင်းသားလူမျိုများရှိလျှင် ယင်းတိုင်းရင်းသား လူမျိုးများအတွက် ကိုယ်စားလှယ်တစ်ဦးကျစီကို ဦးစီးအဖွဲ့ဝင်အဖြစ် ရွေးချယ်ခန့်အပ်ထားရမည်ဖြစ်တဲ့အတွက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တွင် တောင်ရိုးတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ခန့်ထားခဲ့ပြီး ဒေသဦးစီးအဖွဲ့တွင်လည်းလုပ်ငန်းတာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။

တောင်ရိုးတိုင်းရင်းသား ကိုယ်စားလှယ်သည် တောင်ရိုး တိုင်းရင်းသားတစ်ရပ်လုံးကို ကိုယ်စားမပြုဘဲ သက်ဆိုင်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ရှိ တောင်ရိုးတိုင်းရင်းသား ကိုယ်စားလှယ်သည် မိမိမြို့နယ်အတွင်းရှိ တောင်ရိုးတိုင်းရင်းသား များ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်း များသာ ဆောင်ရွက်ပေးနိုင်သော်လည်း ကျန်မြို့နယ်ရှိ တောင်ရိုး တိုင်းရင်းသားရေးရာ ကိစ္စရပ်များအား ဆောင်ရွက်ပေးနိုင်စွမ်း မရှိကြောင်း တွေ့ရပါသဖြင့် ကျန်ဒေသရှိ တောင်ရိုးတိုင်းရင်းသား များအတွက် ဦးဆောင်ဦးရွက် ဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂိုလ် လိုအပ်လျက်ရှိကြောင်း တွေ့ရပါတယ်။

ဒုံအပြင်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၁၆၁(ဂ)တွင် ထိုပြည်နယ် များတွင်ပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုရရှိပြီးသောတိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ် သော လူဦးရေ ဖြစ်သည့်နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏သုညဒသမတစ်ရာခိုင်နှုန်း နှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသား လူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင်တစ်ဦးကျစီ ရွေးကောက် တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဟုလည်း ဖော်ပြပြဋ္ဌာန်းထားရှိပါသည်။ ထို့အတွက် ဒေသအသီးသီးရှိ တောင်ရိုးတိုင်းရင်းသားဦးရေမှာ တင်ပြပါအချိန်အထိ စုစုပေါင်း

ခွင့်ရဒေသ၊ ပင်းတယမြို့နယ်တွင် တောင်ရိုးတိုင်းရင်းသား ကိစ္စရပ် များကို ဆောင်ရွက်ပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် တောင်ရိုးတိုင်းရင်းသားရေးရာဝန်ကြီးတစ်ဦး ခန့်ထားပေးနိုင်ရေး အစီအစဉ် ရှိ/ မရှိ မေးခွန်းကို လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီး နိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ဃ)မှာ ပြည်နယ်များတွင် ပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု ရရှိပြီးသော တိုင်းရင်းသား လူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန် သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေ စုစုပေါင်း၏သုညဒသမ တစ်ရာခိုင်နှုန်းနှင့်အထက်ရှိကြောင်းကော်မရှင်က သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်စု အတွက် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ ဟု ပြဋ္ဌာန်းထားရှိပါတယ်။ ဥပဒေပြဋ္ဌာန်းချက်အရ တောင်ရိုးတိုင်းရင်း သားရေးရာဝန်ကြီးတစ်ဦး ခန့်ထားပေးနိုင်ပါရန် နိုင်ငံတော်မှာရှိတဲ့ လူဦးရေ စုစုပေါင်း၏သုညဒသမတစ်ရာခိုင်နှုန်းနှင့်အထက်ရှိရမှာ ဖြစ်ပါတယ်။လူဦးရေမှန်ကန်တယ်ဆိုတာကိုလည်းဘဲ သက်ဆိုင်ရာ ရွေးကောက် ပွဲကော်မရှင်အဆင့်အလိုက်သတ်မှတ် အတည်ပြုရမှာ ဖြစ်ပါတယ်။ ဒီလိုဆိုရင်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွေမှာတောင်ရိုးတိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ၏ ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ပိုင်ခွင့်ရရှိမှာဖြစ်ပါတယ်။ အဓိက အကျဆုံးအချက်အနေနဲ့ကတော့ ရှမ်းပြည်နယ်အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လူဦးရေ စာရင်းအရ တောင်ရိုးတိုင်းရင်းသား လူဦးရေဟာ (၄၇၆၇၁)ဦး

D/real(wide) (1

(၂)မိုင်အား မြေသားလမ်းခဲ့ထွင်ပေးရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယန်းမြို့နယ်၊ ယန်းတောင်ကျေးရွာအုပ်စုအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူသည့် ရေပူစမ်းမှ ဟုတ်ပုံကျေးရွာသို့ သွားသည့်တောင်တက်လမ်း (၂)မိုင်ခွဲသည် တောင်ပေါ်အာခါတိုင်းရင်းသားများ၊ တောင်ပေါ် ရှမ်းတိုင်းရင်းသားများ အသုံးပြုနေရသည့် ကုန်ထုတ်လမ်းဖြစ်ပြီး လူဦးရေ(၅၀၀၀)ကျော်ကို အကျိုးကျေးဇူးပြုနေသည့်လမ်းဖြစ်ပါတယ်။ ဒေသခံမဲဆန္ဒရှင် ပြည်သူများအနေဖြင့် ၎င်းလမ်းတစ်ခုတည်းကိုသာ အားကိုးအားထား ပြုနေရသည့်အတွက် လမ်းခဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးစေလိုကြပါတယ်။

သို့ဖြစ်ပါ၍ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရေပူစမ်းမှ ဟုတ်ပုံကျေးရွာသို့သွားသည့် တောင်တက်လမ်း(၂)မိုင်ခွဲအား မြေသား လမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ကိုယ်စားရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း (၁၊၂) ကို တစ်ဆက်တည်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သ

ခန့်သာ တွေ့ရှိရတာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၇၆ ကိုယ်ပိုင်အုပ်ချုပ်ခွင့် တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း၊ ပုဒ်မ ခွဲ(ဇ)၊ ပုဒ်မခွဲငယ်(၁)ပါ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းသို့မဟုတ် သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာ နေထိုင်တဲ့ သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် သက်ဆိုင်ရာကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန် တိုင်းရင်းသားလူမျိုးများအတွက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် လူဦးရေအနည်းဆုံး (၁၀၀၀၀)နှင့်အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သည့် တိုင်းရင်းသားလူမျိုးများသည် ယင်းတိုင်းရင်းသားလူမျိုးကိုယ်စားလှယ် တစ်ဦးကျစီ ဦးစီးအဖွဲ့ဝင်ဖြင့် ရွေးချယ်ခန့်ထားရမှာဖြစ်ပါတယ်။ ထိုရွေးချယ် ခန့်ထားခြင်းခံရတဲ့ ဦးစီးအဖွဲ့ဝင်ဟာ ပုဒ်မ ၁၆၉ ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနှင့် ပြည့်စုံရမည်ဟု ပြဋ္ဌာန်းပါရှိပါသဖြင့် အထက်ပါဥပဒေပြဋ္ဌာန်းချက်များနှင့်အညီသာ လိုက်နာဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးတင်ဝင်းက မေးခွန်း(၁၊၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စား

D/real(wide) (1

ဂါရဝပြုအပ်ပါတယ်။ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း မေးမြန်းသည့် ပထမမေးခွန်းဖြစ်သော မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်မိုင်ကျေးရွာမှ နမ့်ခေးမိုင်-နမ့်ခေးတောင်ကျေးရွာ၊ ကျေးရွာချင်းဆက်လမ်း (၂)မိုင်(၄)ဖာလုံမြေသားလမ်းအား မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးခြင်းအား ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် မရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသည်မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် ဝိုလ်မှူးကြီးနိုင်ဝင်းအောင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်မိုင်ကျေးရွာမှ နမ့်ခေးမိုင်-နမ့်ခေးတောင်ကျေးရွာချင်းဆက်လမ်း (၂/၄)မိုင်လမ်းပိုင်းသည် ကျေးရွာ(၈)ရွာ၊ အိမ်ခြေ(၂၂၉)အိမ်နှင့် လူဦးရေ(၆၄၈)ဦးအား အကျိုးပြုနိုင်မည့်လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း (၂/၄)မိုင်အားမြေသားလမ်းခဲ့ခြင်းနှင့် ကျောက်ရောမြေခင်းပေးခြင်း ဆောင်ရွက်နိုင်ရန် အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး မြို့နယ်အလိုက် ဘဏ္ဍာငွေအချိုးကျခွဲဝေရရှိမှုအပေါ်မူတည်၍လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးတင်ပြမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ယန်းတောင်ကျေးရွာအုပ်စုရှိ ရေပူစမ်းမှ ဟုတ်ပုံကျေးရွာသို့သွားသည့် တောင်တက်လမ်း (၂)မိုင်အား မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရော မြေခင်းပေးရန် အစီအစဉ်ရှိ/ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသည် မေးခွန်းနှင့် ပတ်သက်ပြီး

လှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်မိုင်ကျေးရွာမှ နမ့်ခေးတောင်ကျေးရွာ၊ ကျေးရွာချင်းဆက်လမ်း(၂)မိုင်ခွဲအား မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းပေးရန် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယန်းမြို့နယ်၊ ဝမ်ယုတ်မိုင်ကျေးရွာမှ နမ့်ခေးမိုင်-နမ့်ခေးတောင်ကျေးရွာ ချင်းဆက်လမ်း(၂) မိုင်ခွဲ မြေသားလမ်းခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းကို ဒေသခံ အာခါတိုင်းရင်းသားများက ဆောင်ရွက်ပေးစေလိုကြပါတယ်။ ၎င်းလမ်းသည် ကုန်ထုတ်လမ်းဖြစ်ပြီး ဒေသခံပြည်သူ(၂၀၀၀) ကျော်ကို အကျိုးပြုကျေးဇူးပြုပါတယ်။

သို့ဖြစ်ပါ၍ ဝမ်ယုတ်မိုင်ကျေးရွာမှ နမ့်ခေးမိုင်-နမ့်ခေးတောင်ကျေးရွာ ချင်းဆက်လမ်း(၂) မိုင်ခွဲ မြေသားလမ်းအား မြေသားလမ်း ခဲ့ထွင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နှင့် မရှိပါကလည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာမေးမြန်းအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးခွန်း(၂)ကိုဆက်လက် မေးမြန်းသွားမှာဖြစ်ပါတယ်။ မိုင်းယန်းမြို့နယ်၊ ယန်းတောင်ကျေးရွာအုပ်စုရှိ ရေပူစမ်းမှ ဟုတ်ပုံကျေးရွာသို့သွားသည့် တောင်တက်လမ်း

D/real(wide) (1

အဆိုပါလမ်းပိုင်းအား ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ရန်ပုံငွေထည့်သွင်းလျာထားပေးနိုင်ရေး တင်ပြထားရှိပြီးဖြစ်ပါတယ်။ မြို့နယ်အလိုက် ဘဏ္ဍာငွေအချိုးကျခွဲဝေရရှိမှု အပေါ်မူတည်၍ လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ၏ ဦးစားပေးတင်ပြမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက် ပေးသွားမည် ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးအားကိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတဲ့ အကြောင်းကတော့ မိုင်းဖြတ်မြို့နယ် အိုက်ငို့ကျေးရွာအုပ်စုနဲ့ အိုက်လုံကျေးရွာ အုပ်စုချင်းဆက်လမ်းအား ကျောက်ချောခင်း ပေးနိုင်ရန်နှင့် ဖောက်လုပ်ရန်ကျန်ရှိသော မြေသားလမ်းကို ဖောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စား

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို၏ မေးမြန်းထားတဲ့ မိုင်းဖြတ်မြို့နယ်၊ အိုက်ငို့ကျေးရွာ အုပ်စုနှင့် အိုက်လုံကျေးရွာအုပ်စုချင်းဆက်လမ်းတွင် ဖောက်လုပ်ပြီး မြေသားလမ်း ၃ မိုင် ၆ ဖာလုံအား ကျောက်ချောလမ်းအဆင့် တိုးမြှင့်ခင်းပေးရန်၊ ဖောက်လုပ်ရန် ကျန်ရှိသော ၃ မိုင် ၄ ဖာလုံအား မြေသားလမ်းဖောက်လုပ်ပေးရန်နှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားသော သစ်သားတံတား (၂)စင်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေး နှစ်တွင် လျာထားပေးမည်ကို သိရှိလိုပါသည်မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဦးခွန်ရဲထွေးမှ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းဖြတ်မြို့နယ်၊ အိုက်ငို့ကျေးရွာအုပ်စုနှင့် အိုက်လုံကျေးရွာအုပ်စုချင်းဆက်လမ်းတွင် ဟကြားဒီပ(အောက်)ရွာ၊ ဟကြားမနိုရွာ၊ ဟကြားဟုန်ကောင်ရွာနှင့် ဟကြားဟုန်မိုင်ရွာ ရွာ ၅ ရွာရှိ၍ အိမ်ခြေပေါင်း ၁၅၀ အိမ်၊လူဦးရေပေါင်း ၇၄၉ ဦး အသုံးပြုလျက်ရှိပါတယ်။ ကျိုင်းတုံ-တာချီလိတ်လမ်းမကြီးနှင့် ဆက်စပ်လျက်ရှိသော လမ်းဖြစ်ပြီးလမ်းအဆင့်အတန်းမှာ Class A အဆင့်ဖြစ်၍ ဒုတိယဦးစားပေးအဆင့် သတ်မှတ်ထားပါတယ်။ လမ်းအရှည်စုစုပေါင်းမှာ ၇ မိုင် ၂ ဖာလုံရှိသည့်အနက် ၃ မိုင် ၆ ဖာလုံအား မြေသားလမ်းအဖြစ် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့ပါတယ်။ ဖောက်လုပ်ပြီးမြေသားလမ်းပေါ်တွင် ခန်းဖွင့်ပေ၂၀ရှိ သစ်သားတံတား ၃ စင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတား ၂ စင်းမှာ ပျက်စီးခဲ့ရပါတယ်။

D/real(wide) (1

မြေသားလမ်း ၃ မိုင် ၆ ဖာလုံအား ကျောက်ချောလမ်းခင်းရန် ခန့်မှန်းကုန်ကျငွေ ကျပ် ၄၉၅. ၀၀ သန်းဖြစ်ပြီး ကျန်ရှိသော ၃ မိုင် ၄ ဖာလုံအား မြေသားလမ်းဖောက်လုပ်ရန် ခန့်မှန်းကုန်ကျငွေ ကျပ် ၈၇. ၅သန်းနှင့် ပျက်စီးသွားသော သစ်သားတံတား ၂ စင်းအား ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၁၀၈သန်း၊ စုစုပေါင်းခန့်မှန်းကုန်ကျငွေ ကျပ် ၆၀၃. ၀၀သန်း ခန့်ကုန်ကျမည်ဖြစ်ပါတယ်။

အဆိုပါလမ်းသည် နမ့်ပိန်းချောင်းတစ်လျှောက် လယ်ကွက်များအနီးတွင် ဖြတ်သန်းသွားခြင်း၊ ကျိုင်းတုံ-တာချီလိတ် လမ်းပေါ်ရှိ ဆိုက်ခေါင်၊ ဆွပ်ပန်းစသည့် ရွာများမှ ရွာသူရွာသားများလည်း လယ်ယာသွားရောက်လုပ်ကိုင်သည့် လမ်းဖြစ်ခြင်း၊ မိုင်းဖြတ်မြို့နယ်၊ တာလေမြို့နယ်၊ တာချီလိတ်မြို့နယ် ၃ မြို့နယ်အဆုံတွင် တည်ရှိသဖြင့် မြို့နယ်ချင်းဆက် ကျေးလက်လမ်းအဖြစ်လည်း အသုံးပြုနေသော လမ်းဖြစ်သောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် လျာထားတင်ပြ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် တက္ကရှုမ်းပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရှုမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေကြောင်း

လှယ်များ ခင်ဗျား။ မိုင်းဖြတ်မြို့နယ် အိုက်ငို့ကျေးရွာအုပ်စုနဲ့ အိုက်လုံကျေးရွာချင်းဆက်လမ်းဟာ (၇)မိုင်(၂) ဖာလုံရှည်လျားတဲ့လမ်း တစ်ခုဖြစ်ပါတယ်။ အဆိုပါလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် (၃)မိုင်(၆) ဖာလုံဖောက်လုပ်ပေးခဲ့ပါတယ်။ ဆက်လက်ဖောက်လုပ်ရန် (၃)မိုင်(၄)ဖာလုံကျန်ရှိနေသေးကြောင်း သိရှိရပါတယ်။ တင်ပြပါမြေသားလမ်းဖောက်လုပ်ပြီး လမ်းပေါ်မှာ သစ်သားတံတား(၃)စင်းရှိရာ တံတား(၂)စင်းမှာ ၂၆. ၁၀. ၂၀၁၇ ရက်နေ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းကပ်ခုံ ပျက်စီးပြီး သွားလာရန်ခက်ခဲလျက်ရှိပါတယ်။ တံတားများကိုပြင်ဆင်နိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနပြည်နယ်ရုံးသို့ တင်ပြထားရှိကြောင်းသိရှိပါသော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ဘတ်ဂျက်ခွဲဝေလျာထားရာ၌ ပါဝင်မှုမရှိကြောင်းတွေ့ရှိရပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးခဲ့သော မြေသားလမ်းဟာ မိုးတွင်းမှာသွားရန် ခက်ခဲပါသဖြင့် ရာသီမရွေးလွယ်ကူစွာသွားလာနိုင်ရေးအတွက် ကျောက်ချောလမ်းအဆင့်တိုးမြှင့်ပေးရန်၊ ဖောက်လုပ် ပေးရန်ကျန်ရှိနေသေးသော (၃)မိုင် (၄) ဖာလုံအား မြေသားလမ်းဖောက်လုပ်ပေးရန်နှင့် ၂၆. ၁၀. ၂၀၁၇ ရက်နေ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော သစ်သားတံတား (၂)စင်းအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ခွင့်ပြုထားသော ပြည်တွင်း ရောင်းပြေစာများ အထောက်အထားပြု၍ ခွဲစိတ် ဆောင်ရွက်လျက်ရှိပါတယ်။

သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ မှတ်ပုံတင် ထုတ်ပေးသည့် (၁၈ လက်မ) လွှဝိုင်းများ အား သစ်တောဦးစီးဌာနမှ သစ်အခြေခံအိမ်တွင်း စက်မှုလက်မှု လုပ်ငန်းမှတ်ပုံတင်စာရင်း ရေးသွင်းပြီး ဆောင်ရွက်လျက်ရှိရာ ကျောက်မဲမြို့နယ်တွင် (၆)လုံးရှိပြီး၊ ထိုသစ်အခြေခံ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများသည်လည်း သစ်တောဦးစီးဌာနမှ ရောင်းချပေး ထားသော ဘီလ်ပြေစာ အထောက်အထားများနှင့် မြန်မာ့သစ် လုပ်ငန်းမှ ရောင်းချခွင့်ပြုထားသော ပြည်တွင်းရောင်း ပြေစာများ အထောက်အထားပြု၍ ခွဲစိတ်ဆောင်ရွက်လျက်ရှိပါတယ်။

အဆိုပါ သစ်အရောင်းဆိုင်များနှင့် သစ်အခြေခံ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများမှ သစ်စက်များသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျောက်မဲခရိုင်အတွင်း ဖမ်းဆီးရမိ ပုံစံ (၈)သစ် လေလံ (၃)ကြိမ်၊ ကျွန်း၊ သစ်မာ၊ အခြား (သစ်လုံး/ခွဲသား) (၂၃၂. ၉၈၅)တန်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောက်မဲခရိုင် အတွင်း ဖမ်းဆီးရမိ ပုံစံ (၈) သစ် လေလံ (၂)ကြိမ်၊ ကျွန်း/သစ်မာ/ အခြား (သစ်လုံး/ခွဲသား)(၁၀၇. ၄၇၀၇)တန်၊ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းပြေစာဖြင့် ရောက်ရှိသည့် သစ်မာ၊ သစ်လုံး (၅၃. ၈၉၀)တန်တို့ကို အထောက်အထားပြု၍ ကျောက်မဲမြို့ပေါ် နှင့်ပတ်ဝန်းကျင်ဒေသများသို့ ခွဲစိတ်ဖြန့်ဖြူး ရောင်းချ ဆောင်ရွက် ပေးလျက်ရှိပါတယ်။

မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ ၂၀၁၅-၂၀၁၆ ခုနှစ်၌ ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနမှ ဖမ်းဆီးသစ် (၁၆၄၆)လုံး (၂၉. ၅၁၆၃)တန် အပါအဝင် ဖမ်းဆီးသစ် စုစုပေါင်း (၇၄၀၄၂)လုံး/ချောင်း၊ တန်ချိန်ပေါင်း (၆၇၈၃. ၇၇၅၆) တန်အား

ဆုတောင်းမေတ္တာပို့သ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတဲ့ အကြောင်းကတော့ ကျောက်မဲ မြို့နယ်၊ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများမှ လားရှိုး၊ မူဆယ်ဘက်သို့ သစ်ကားများ ဖြတ်သန်းသွားလာရောင်းဝယ်မှုများ ရှိနေသည်ကို တွေ့ရပါတယ်။ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများ တရားဝင်ရောင်းချခွင့်ပြုပေးထားသော သစ်များ မည်ကဲ့သို့ ခွင့်ပြု စီမံဆောင်ရွက်နေကြောင်းနှင့် အခြားဒေသများသို့ တရားမဝင်သစ် များ ရောင်းဝယ်ဖောက်ကားနေမှုနှင့် ပတ်သက်၍ မည်ကဲ့သို့ စီမံ ဆောင်ရွက်နေသည်ကို သိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့သည် နောင်ချိုနှင့် မိုးမိတ်ဘက်မှလာသည့် လမ်းဆုံ တစ်နေရာ ကျတဲ့မြို့ဖြစ်ပါတယ်။ ကျောက်မဲမြို့နှင့် ပတ်ဝန်းကျင် ဒေသများတွင် လားရှိုး-မူဆယ်ဘက်သို့ သစ်ကားများ နေ့ကော ညပါဖြတ်သန်းသွားလာနေသည်ကို တွေ့ရှိရပါတယ်။ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများတွင် တရားဝင်ရောင်းချခွင့်ပြုပေးထားသော သစ်များကိုမည်ကဲ့သို့ စီမံခန့်ခွဲနေကြောင်းနှင့် အခြားဒေသသို့ တရားမဝင်သစ်များ ရောင်းဝယ်ဖောက်ကားနေမှုနှင့် ပတ်သက်၍ မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ ရှိသေ လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

သစ်တော ဦးစီးဌာနမှ လွှဲအပ်၍ ရရှိခဲ့ပါတယ်။

ယင်းကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနမှ လွှဲအပ်သည့် (၂၉. ၅၁၆၃)တန်အနက် ပြည်တွင်းရောင်းရန်ချုပ်၏ အိတ်ဖွင့်လေလံဖြင့် (၃၉၂)လုံး/ ချောင်း၊ တန်ချိန်ပေါင်း(၉၅. ၉၆၃၈)တန် အား ရောင်းချခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနမှ ဖမ်းဆီးသစ် ကျွန်း/ သစ်မာ (၂၂၄)လုံး/ ချောင်း၊ တန်ချိန်ပေါင်း (၃၂. ၃၆၉၄)တန် အပါအဝင်၊ ဖမ်းဆီးသစ် စုစုပေါင်း (၃၅၅၆၄)လုံး/ချောင်း၊ တန်ချိန်ပေါင်း (၂၀၁. ၁၆၅၇) တန်အား သစ်တောဦးစီး ဌာနမှ လွှဲအပ်၍ ရရှိခဲ့ပါသည်။

ယင်းကျောက်မဲမြို့နယ်သစ်တောဦးစီးဌာနမှ လွှဲအပ်သည့် (၃၂. ၃၆၉၄)တန်အနက် ဒေသအိတ်ဖွင့်လေလံဖြင့် (၃၅၄)လုံး/ ချောင်း၊ တန်ချိန်ပေါင်း (၃. ၄၂၂၀)တန် ရောင်းချခဲ့ပါတယ်။ ကျန်ရှိ (၁၂. ၄၉၉၉) တန်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းရောင်းချခဲ့ပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်မဲမြို့နယ် သစ်တော ဦးစီးဌာနမှ ဖမ်းဆီးသစ် ကျွန်း/သစ်မာ (၂၇) လုံး/ချောင်း၊ တန်ချိန်ပေါင်း (၁၈. ၂၇၆၂)တန် အပါအဝင် ဖမ်းဆီးသစ် စုစုပေါင်း (၇၇၁၈၄)လုံး/ ချောင်း၊ တန်ချိန်ပေါင်း (၂၄၇၆. ၀၄၂၃)တန်အား သစ်တောဦးစီးဌာနမှ လွှဲအပ်၍ ရရှိခဲ့ပါတယ်။

ယင်း ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနမှ လွှဲအပ်သည့် (၁၈. ၂၇၆၂) တန်အနက် ပြည်တွင်းရောင်းရန်ချုပ်နှင့်ဒေသ အိတ်ဖွင့်လေလံတွင် (၁၇၇)လုံး / ချောင်း၊ တန်ချိန်ပေါင်း (၂၈. ၄၁၄၆)တန် ရောင်းချခဲ့ပါတယ်။ ကျန်ရှိသည့် (၂. ၃၅၉၇)တန်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆက်လက်၍ လေလံတင်ရောင်းချသွားမည် ဖြစ်ပါတယ်။

D/real(wide) (1

ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်တဲ့ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ကြွရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဉာဏ်ရဲ့ မေးခွန်းကို ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ကျွန်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဒေါက်တာညီညီအောင်မှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

သစ်တောဦးစီးဌာနအနေဖြင့် ကျောက်မဲမြို့နယ်ရှိ မြို့ပေါ်နှင့် ပတ်ဝန်းကျင်ဒေသများတွင် လိုအပ်သောသစ်များ ရောင်းချပေးနိုင်ရန်အတွက် သစ်ခွဲသားအရောင်းဆိုင်များ၊ ပရိဘောဂဆိုင်များ တည်ထောင်လုပ်ကိုင်ရန် လျှောက်ထားခြင်းအပေါ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ မှန်ကန်ပါက ဘဏ္ဍာနှစ်အလိုက် တည်ထောင်လုပ်ကိုင်ရောင်းချခွင့်လိုင်စင်များကို သက်တမ်း (၁)နှစ် သတ်မှတ်ကာ ခွင့်ပြုပေးလျက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် သစ်ခွဲသား အရောင်းဆိုင် (၄)ဆိုင်၊ ပရိဘောဂအရောင်းဆိုင်(၅)ဆိုင် ခွင့်ပြု ထားပြီး သစ်တောဦးစီးဌာနမှ ရောင်းချခွင့်ပေးထားသော ဘီလ်ပြေစာ အထောက်အထားများနှင့် မြန်မာ့သစ်လုပ်ငန်းမှ ရောင်းချခွင့်ပြုထားသော ပြည်တွင်း ရောင်းပြေစာများ အထောက်အထားပြု၍ ရောင်းချလျက်ရှိပါတယ်။

ထို့ပြင် ကျောက်မဲမြို့ပေါ်တွင် သစ်တောဥပဒေပုဒ်မ ၃၀ အရ တရားဝင် ခွင့်ပြုထားသော လိုင်စင်အမှတ် (၁/၁၅-၁၆)ဖြင့် သစ်စက်(၁)လုံးရှိပြီး၊ သစ်စက်လိုင်စင် သက်တမ်းကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ သက်တမ်းတိုးဆောင်ရွက်ခွင့်ပေးလျက်ရှိပါတယ်။ ထိုသစ်စက်သည် သစ်တောဦးစီးဌာနမှ ရောင်းချခွင့် ပေးထားသော ဘီလ်ပြေစာ အထောက်အထားများနှင့် မြန်မာ့သစ်လုပ်ငန်းမှ ရောင်းချ

အခြားဒေသများသို့တရားမဝင်သစ်များ ရောင်းဝယ်ဖောက်ကားနေမှုများနှင့် တစ်ဖက်နိုင်ငံသို့ တရားမဝင်သစ် ခိုးထုတ်နေမှုများကို သတင်းစုံစမ်း ဖော်ထုတ်ဖမ်းဆီးခြင်း ၊ ပိတ်ဆို့ဖမ်းဆီးခြင်း၊ ရှောင်တခင်စစ်ဆေးဖမ်းဆီးခြင်း၊ စစ်ကြောင်းအသွင်ဖြင့် နယ်မြေရှင်းလင်း ဖမ်းဆီးခြင်းစသည့် နည်းလမ်းများဖြင့် လစဉ်စီမံချက် ချမှတ်၍ ဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာန အနေဖြင့် ၂၀၁၆ခုနှစ် ဧပြီလ (၁)ရက်နေ့မှ ၂၀၁၇ခုနှစ်၊ မတ်လကုန် အထိ တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီးရမိမှု ကျွန်း/သစ်မာ/အခြား သစ်လုံ/ခွဲသား(၃၂. ၀၂၆၄)တန်၊ မော်တော်ယာဉ် (၆)စီး၊ တရားခံ (၂၁)ဦး၊ ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၇ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလကုန်ထိ တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီး ရမိမှုမှာ ကျွန်း/သစ်မာ/အခြားသစ်လုံး/ခွဲသား (၆၉. ၄၈၅၉)တန်၊ မော်တော်ယာဉ် (၁၈)စီး၊ ဆိုင်ကယ် (၁)စီး၊ တရားခံ (၂၇)ဦး၊ ဖမ်းဆီး ရမိခဲ့ပါတယ်။

ကျောက်မဲခရိုင်အတွင်း ၂၀၁၆ခုနှစ် ဧပြီလ (၁)ရက်နေ့မှ ၂၀၁၇ခုနှစ်၊ မတ်လကုန်အထိ တရားမဝင်သစ်ဖော်ထုတ်ဖမ်းဆီးရမိမှု ကျွန်း/သစ်မာ/ အခြားသစ်လုံး/ ခွဲသား (၂၅၄. ၉၉၄၆)တန်၊ မော်တော်ယာဉ် (၈၆)စီး၊ ဆိုင်ကယ် (၁၁)စီး၊ တရားခံ (၁၅၉)ဦး ဖမ်းဆီးရမိခဲ့ပါတယ်။

၂၀၁၇ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ အကုန်အထိ တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီးရမိမှုမှာ ကျွန်း/သစ်မာ/ အခြားသစ်လုံး/ခွဲသား (၁၈၇၅. ၉၇၈၈)တန်၊ မော်တော်ယာဉ် (၁၀၁)စီး၊ တရားခံ (၁၃၈)ဦး၊ ဆိုင်ကယ် (၁၃)စီး၊ ထော်လော်ကျီ (၃)စီး၊ စက်လှေ (၁)စီး၊ ချိန်းဆော (၂)လက်၊ တရားမဝင်သစ်စက် (၆)လုံးနှင့် ဆက်စပ်ပစ္စည်းများ သစ်အချောထည်စက် (၁)လုံးတို့အား ဖမ်းဆီးရမိခဲ့ပါကြောင်းနှင့်

ဒီ Hot Line နံပါတ်များကို ပြည်သူများ သိရှိစေရန် ကူညီဆောင်ရွက်ပေးလိုစေပါကြောင်း အကူအညီတောင်းအပ်ပါတယ်။ တရားမဝင်သစ်ဖမ်းဆီးရမိမှုအခြေအနေမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စုစုပေါင်းတန် (၄၃၈၅. ၅၇၄၀)ကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်းတန် (၁၅၉၉. ၇၈၇၁)ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ တရားမဝင်သစ်ဟုတ်/မဟုတ် စစ်ဆေးခြင်းနည်းလမ်း (၂)နည်းရှိပါတယ်ခင်ဗျား။ ၎င်းတို့မှာ သစ်လုံး သို့မဟုတ် ခွဲသားများပေါ်တွင် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ သတ်မှတ်ထားသည့် တံဆိပ်တုံး ရိုက်နှိပ်ထားခြင်း ရှိ/မရှိ၊ မော်တော်ယာဉ်နှင့်အတူ သစ်တောဦးစီးဌာနမှ ထုတ်ပေးထားသည့် ဘီလ်ပြေစာ၊ အတိုင်းစာရင်း၊ မျှောစာများနှင့် မြန်မာ့သစ်လုပ်ငန်းမှ ထုတ်ပေးထားသည့် ကားတိုက်ပြေစာ ပါရှိခြင်း ရှိ/မရှိ တို့ဖြစ်ပါတယ်။

ဆက်လက်ပြီး ပြည်နယ်သစ်တောဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို တင်ပြမှာဖြစ်ပါတယ်။ ခေါင်းစဉ် (၈)ခုနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်သဘာဝသစ်တောဖုံးလွှမ်းမှုအခြေအနေနှင့် ကာကွယ်မှုအခြေအနေအရ ၂၀၁၀ ခုနှစ်တွင် သစ်တော်ဖုံးလွှမ်းမှု (၅၀. ၉၉)ရာခိုင်နှုန်းရှိပြီး၊ ၂၀၁၅ ခုနှစ်တွင် (၃၈. ၆၅)ရာခိုင်နှုန်းသာ ကျန်တော့သည့်အတွက် လျော့နည်းလာသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး၏ သစ်တောဖုံးလွှမ်းမှုမှာ (၄၂. ၉၄)ရာခိုင်နှုန်း ရှိပါတယ်။

ရှမ်းပြည်နယ်သစ်တောဦးစီးဌာန၏ လက်ရှိကြိုးဝိုင်းတော (၁၃၀)ခုနှင့် ကြိုးပြင်ကာကွယ်တော (၄၂)ခု၊ သဘာဝနယ်မြေ (၆)ခုရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောတိုးချဲ့ဖွဲ့စည်းလျာထားချက်များအပေါ် မြို့နယ်အလိုက်ဆောင်ရွက်

D/real(wide) (1

နေမှု အခြေအနေအရ မြို့နယ် (၁၆)မြို့နယ်ပါဝင်ပြီး ဧရိယာပေါင်း (၁၇၆၁၀၆. ၁၀)ဧကဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော တိုးချဲ့ဖွဲ့စည်းလျာထားချက်များ အပေါ် မြို့နယ်အလိုက်ဆောင်ရွက်နေမှု အခြေအနေအရ မြို့နယ် (၁၇)မြို့နယ်ပါဝင်ပြီး ဧရိယာပေါင်း (၂၀၀၁၄၃)ဧကဖြစ်ပါတယ်။

ဝန်ထမ်းအင်အားအနေဖြင့် ခွင့်ပြု (၁၄၉၂)ဦး၊ ခန့်ထား (၈၁၇)ဦး ခန့်ထားသဖြင့် (၅၄. ၇၆)ရာခိုင်နှုန်းခန့်ထားနိုင်ပါတယ်။ ကွင်းဆင်းဝန်ထမ်းနှင့် ဌာနသစ်တော ဧရိယာအချိုးကတော့ (၁း၁၂၄၁၇) ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နှိုင်းယှဉ်မည်ဆိုရင် ရှမ်းပြည်နယ်အနေနဲ့ ဧရိယာများပြားသဖြင့် ဝန်ထမ်းများအနေနဲ့ မနိုင်ဝန်ထမ်းနေရသလိုဖြစ်နေကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်ပိုင်စိုက်ခင်းတည်ထောင်မှုအခြေအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက(၇၀၀)၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ဧက (၉၀၀)ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးပင်စားပင်များ ဖြန့်ဝေစိုက်ပျိုးပြီးအခြေအနေအရ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပျိုးပင် (၈၀၀၀၀၀)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ပျိုးပင် (၂၀၀၀၀၀)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပျိုးပင် (၁၀၀၀၀၀) ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် သစ်တောသစ်ပင်နှင့် နှစ်ရှည်သီးပင်စားပင်များ ဖြန့်ဝေစိုက်ပျိုးပြီး အခြေအနေအရ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပျိုးပင်(၉၅၆၆၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပျိုးပင် (၁၆၁၄၀၀)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ပျိုးပင် (၁၂၀၀၀၀၀)အသီးသီး ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးရန်လျာထားချက် အရ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပျိုးပင် (၅၀၀၀၀၀)၊ ရှမ်းပြည်နယ်

ဆက်လက်၍လည်း တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီးရေးကို အထူးအလေး ထား ကြပ်မတ်ဆောင်ရွက် လျက်ရှိပါတယ်။

ကျောက်မဲမြို့နယ်အတွင်းမှ အခြားဒေသများသို့ လည်းကောင်း၊ အခြားဒေသများမှ ကျောက်မဲမြို့နယ်အတွင်း ဖြတ်သန်းသွားလာသော တရားမဝင်သစ်များ သယ်ဆောင်/ရောင်းဝယ် ဖောက်ကားမှုမရှိစေရေးအတွက် ကျောက်မဲမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျောက်မဲမြို့ Oriental Highway Toll-Gateနှင့် မန္တလေး- လားရှိုး ပြည်ထောင်စု လမ်းမကြီးပေါ်တွင် အခါ အားလျော်စွာ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဦးစိုင်းထွန်းဥာဏ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ဖြည့်စွက်ရှင်းလင်းမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသည့် သစ်စက်ပေါင်း (၁၈၇)ခုရှိပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ် သစ်စက်များ၏ သစ်ခွဲစိတ်ပြီးစီးမှု အခြေအနေမှာ တန်ချိန်ပေါင်း(၄၉၉၆. ၂၀၂၉)တန်ဖြစ်ပါတယ်။ တရားမဝင်သစ်ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းနည်းလမ်းများအနက် ကျွန်တော့်အနေဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အရ သတင်းပေးတိုင်ကြားမှုအပေါ် ဖမ်းဆီးခြင်းနည်းလမ်းကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ နိုင်ငံပိုင်သတင်းစာများတွင်သာမက လူမှုကွန်ယက်များ(မီဒီယာ၊ ဌာနဆိုင်ရာများ၏ ကြော်ငြာသင်ပုန်းများ)တွင်လည်း သတင်းပေး တိုင်ကြားနိုင်သည့် Hot Line နံပါတ်များကို ကျယ်ကျယ်ပြန့်ပြန့်၊ ကြော်ငြာပေးလျက်ရှိနေပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း

D/real(wide) (1

(မြောက်ပိုင်း)တွင် ပျိုးပင် (၂၀၉၅၀၀)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ပျိုးပင်(၃၃၀၀၀၀) ဖြန့်ဝေရန်ဖြစ်ပါတယ်။ ဒါကတော့ ပြည်ထောင်စု အစီအစဉ်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအစီအစဉ်ဖြင့် နှစ်ရှည်စားသုံးသီးပင် နှင့် သစ်တောသစ်ပင်များ ဖြန့်ဝေစိုက်ပျိုးရန် လျာထားချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပျိုးပင် (၆၀၀၀၀၀)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပျိုးပင် (၁၃၀၀၀၀)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ပျိုးပင် (၇၀၀၀၀) ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

၁၉၉၆-၁၉၉၇ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ မှာ အသုံးပြုသူအဖွဲ့ (၅၈၈)ခု၊ အဖွဲ့ဝင်ဦးရေ (၂၆၆၀၅)ဦး၊ ဧရိယာ (၁၁၅၀၈၃. ၄၄)ဧက ဖြစ်ကြောင်းတင်ပြ အပ်ပါတယ်။ မြန်မာ့ သစ်တော ပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်း (၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ) ဆောင်ရွက်မည့် လုပ်ငန်းများ ကိုလည်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်သူများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးထူးချွန်ဆု (တတိယအဆင့်) ဂုဏ်ပြုချီးမြှင့်အပ်နှင်းခဲ့ရာ ညောင်ရွှေမြို့နယ်မှ ဦးစံထွန်းနှင့် ပင်းတယမြို့နယ်မှ ဦးမျိုးထွဋ်တို့ကို ပြီးခဲ့သည့် ရှမ်းပြည်နယ်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။ သစ်တောများ ပြုစုပျိုးထောင်ခြင်းသည် လူထုရဲ့ အကူအညီအများကြီး လိုအပ်တဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများအား ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရာတွင် ဝိုင်းဝန်းပါဝင်ပေးရေး ရှင်းလင်းပြောကြားပေးရန် အကူအညီတောင်းခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(တတိယနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ဆူးလဆန်း ၁၃ ရက်
၂၀၁၈ ခုနှစ်၊ မတ် လ ၂၉ ရက်
[ကြာသပတေးနေ့]
နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များရှင်။ မကြာမီ အချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခု ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက မေးခွန်း(၁၊၂) ကို တစ်ဆက်တည်းမေးမြန်းဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဥက္ကဋ္ဌ။ ဝန်ကြီးအနေနဲ့ သစ်တောဦးစီးဌာနရဲ့ စီမံဆောင်ရွက်နေမှုအားလုံးကို ရှင်းလင်းတင်ပြတယ်လို့ ကျွန်တော့် အနေနဲ့ သဘောပေါက်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေးကို (၁)နာရီ (၃၀)မိနစ် ရပ်နားပါမယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်(၁)နာရီ (၃၅)မိနစ် အချိန်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတာကတော့ ၂၀၁၈-၂၀၁၉ခုနှစ်၊ ရှမ်းပြည်နယ်အတွင်း၌ ဝမ်းပျက်-ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန်နှင့် ၎င်းရောဂါနှင့် ပတ်သက်ပြီး သေဆုံးမှုမရှိစေရေး အရေးပေါ်ဆေးကုသရန်အတွက် ကြိုတင်ကာကွယ် ပညာပေးများအားမည်သို့စီစဉ်ဆောင်ရွက်ထားကြောင်းကို အများပြည်သူများသိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်း ရခြင်းဖြစ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ရှမ်းပြည်နယ်အတွင်းတွင် ဆင်ခြေထောက်ရောဂါဖြစ်ပွားခြင်း ရှိ/မရှိနှင့် ဆင်ခြေထောက်ရောဂါသည်မည်သည့်အကြောင်းကြောင့်ဖြစ်ပွားရခြင်းကို မြို့မှ ကျေးရွာများအထိ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ အများ ပြည်သူများသိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးက မေးခွန်း(၁၊၂)ကို တစ်ဆက်တည်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းရဲ့ မေးခွန်း(၂)ခုကို ကျွန်တော် ဒေါက်တာမျိုးထွန်းမှ ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းနဲ့ ပတ်သက်ပြီး ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါပိုး (ရိုတာဗိုင်းရပ်)သည် တစ်နှစ်အောက် ကလေးများနှင့် ကလေးငယ်များတွင် ပြင်းထန်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်စေသော အဓိကအကြောင်းအရင်း တစ်ခုဖြစ်ပါတယ်။ ရိုတာ ဗိုင်းရပ်ပိုးသည် မစင်မှတစ်ဆင့်ပါးစပ်သို့ ဝင်ရောက်သော နည်းလမ်းဖြင့် ကူးစက်ပျံ့နှံ့ပါတယ်။ ပတ်ဝန်းကျင်တွင် ကာလကြာရှည်ရှင်သန်နိုင်ပါတယ်။

ရောဂါပြင်းထန်သောအခါ ထိရောက်သော ကုသမှုများ လျင်မြန်စွာ မပြုနိုင်ပါက သွေးလန့်ခြင်းနှင့် သေဆုံးခြင်းဖြစ်နိုင်ပါတယ်။ ရိုတာဗိုင်းရပ်ပိုး ကာကွယ်ဆေးတိုက်ခြင်းဖြင့် ရိုတာဗိုင်းရပ်ပိုးကြောင့်ဖြစ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ထိရောက် စွာကာကွယ်နိုင်ပါတယ်။

၂၀၁၈ခုနှစ် နောက်ပိုင်းတွင် ရိုတာဗိုင်းရပ်ပိုးကာကွယ်ဆေးကို အသက်(၂)လနှင့် (၄)လတွင် နှစ်ကြိမ်တိုက်ကျွေးခြင်းဖြင့် ပုံမှန် ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်း အစီအစဉ်တွင်စတင် ထည့်သွင်း သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်း ဆင်ခြေထောက်ရောဂါဖြစ်ပွားခြင်းမရှိပါ။ ဆင်ခြေထောက်ရောဂါကို ရေမြောင်း၊ မိလ္လာကျင်း (ရေပုတ်ရေဆိုး) နေရာများမှ ပေါက်ဖွားသောခြင်မှတစ်ဆင့် ကူးစက်သောကြောင့် ခြင်အကိုက်မခံရအောင်

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အပါ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လိုအပ်ချက်များကြောင့် တောင်သူများထံမှ နိုင်ငံတော်၊ တပ်မတော်နှင့် အချို့သော ဌာနဆိုင်ရာများမှ ကြက်ဆူပင်များ၊ နှစ်ရှည်ပင်များ၊ ရာသီသီးနှံများကို စိုက်ပျိုး၍ ငှင်းလယ်ယာမြေများကို သိမ်းဆည်းခဲ့ကြပါတယ်။

ယခုအချိန်တွင် တောင်သူများထံသို့ အတန်အသင့် ပြန်လည်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်သော်လည်း အားလုံး ပြန်လည်စွန့်လွှတ်ခြင်း မရှိသေးပါ။ မူလစိုက်ပျိုးလုပ်ကိုင် စားသောက်နေသော တောင်သူများထံမှ သိမ်းယူစဉ်ကလည်း မြေလွတ်၊ မြေရိုင်းအဖြစ် သိမ်းယူခဲ့ပါတယ်။ သို့သော် မြေပြင်အခြေအနေတွင် တောင်သူများစိုက်ပျိုးလုပ်ကိုင်နေသော မြေဖြစ်သောကြောင့် တောင်သူများ နစ်နာဆုံးရှုံးခဲ့ရပါတယ်။

ယခုပြန်လည်စွန့်လွှတ်သည့်အချိန်တွင် မြေလွတ်၊ မြေရိုင်းအနေဖြင့်သာ ပြန်လည်စွန့်လွှတ်စေခဲ့ပါတယ်။ ထို့ကြောင့် နစ်နာသောတောင်သူများ၏ အကျိုးစီးပွားကို ထောက်ရှုခြင်းအားဖြင့် ပြန်လည်စွန့်လွှတ်ပေးသော လယ်ယာမြေများကို ပုံစံ(၃)မှ တစ်ဆင့် ပုံစံ(၇)ပြန်လည်လျှောက်ယူရာတွင် လုပ်ငန်းများရပ်တန့်နေသည်ကို သိရှိရပါတယ်။

သို့ဖြစ်ပါ၍ ပြန်လည်စွန့်လွှတ်ပေးသောလယ်ယာမြေများကို ပုံစံ(၇)ထုတ်ပေးရန် တောင်သူများကိုယ်စား တင်ပြတောင်းခံ၍ ငှင်းပုံစံ(၇) ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ မရှိပါက အဘယ်ကြောင့်နည်း စသည်တို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း ဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော့်အနေနဲ့ သိန်နီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ မေးမြန်းတဲ့ ပြန်လည်စွန့်လွှတ်ပြီးသော သိမ်းဆည်းခံလယ်ယာမြေ များကို ပုံစံ(၇)ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၊ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေနှင့် အခြားမြေသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ အဆင့်ဆင့်ကို (၉-၆-၂၀၁၆) ရက်စွဲဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ၎င်းဖွဲ့စည်းပုံအရ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီများတွင် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းပေးထားပြီးဖြစ်ပါတယ်။

မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ချမှတ်ထားသော မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် ညွှန်ကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်

ကာကွယ်ရမည်။ ရေမြောင်းများရှင်းခြင်း၊ ဗွက် ရေအိုင်များ မြေဖို့ရန် လိုအပ်ပါတယ်။

ဆင်ခြေထောက်ရောဂါ လက္ခဏာများမှာ ချမ်းတုံဖျားခြင်း၊ ခန္ဓာကိုယ်တစ်နေရာတွင် နီရဲပူလောင်ယောင်ရမ်း၍ နာကျင်ခြင်း၊ အကြိတ်များရောင်ခြင်း၊ ဆီးသွားသည့်အခါ အဖြူရောင်ပြစ်ခွဲခွဲဖြစ်နေခြင်း၊ အင်ပြင်ထွက်ခြင်း၊ ပန်းနာရင်ကြပ်ရောဂါကဲ့သို့ ရင်ကြပ်ခြင်း၊ ဘောရောင်ခြင်း၊ ဘောကြီးခြင်း(ရေမုတ္တ)စသည့် ရောဂါလက္ခဏာများကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဆင်ခြေထောက်ရောက်ဂါကုထုံးနည်းအရ Albendazole 400mg နှင့် DEC(Diethyl Carbamazine) တွဲတိုက်ရမည် ဖြစ်ပါကြောင်းနှင့် ခြင်ကြောင့်ဖြစ်ပွားသောရောဂါများအကြောင်း ပညာပေးဟောပြောပွဲများကို ထည့်သွင်းဟောပြောခြင်းများ ဆောင်ရွက်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခင်ထားရီက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန်နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ သိန်နီမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့အကြောင်းအရာကတော့ ပြန်လည်စွန့်လွှတ်ပြီးသော သိမ်းဆည်းခံလယ်ယာမြေများကို ပုံစံ(၇)ထုတ်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

D/real(wide) (1

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂)၏ "လွတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန် နှင့် လွတ်တော်အစည်းအဝေးကျင်းပ အကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုကို လွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၏ **"လွတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာ ကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက် ပေးရန်နှင့် လွတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်"** အဆိုနှင့်စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးဖို့ စာရင်းပေးထားပါတယ်။ ပထမဦးစွာ မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားကိုက အဆိုကို ဆွေးနွေး ဖို့ဖြစ်ပါတယ်။

ဦးအားကို၊ မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုစုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ (၂၈၊ ၃၊ ၂၀၁၈)ရက်နေ့တွင် ဦးစိုင်းထွန်းဉာဏ်၊

ပတ်သက်၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ မြေကိစ္စများကို အမြန်ဆုံးဖြေရှင်း ပြီးပြတ်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေး ကော်မတီ အဆင့်ဆင့်တို့မှ သိမ်းဆည်းမြေများနှင့် စပ်လျဉ်းပြီး လိုက်နာဆောင်ရွက်ရန် ချမှတ်ထားသော မူဝါဒ(၅)ရပ်၊ တပ်မြေ သိမ်းဆည်းမှုနှင့်စပ်လျဉ်းပြီး ချမှတ်ထားသော မူဝါဒ(၃)ရပ်နှင့် သိမ်းဆည်းခဲ့သည့် စွန့်လွှတ်သည့်မြေများအား သက်ဆိုင်သူများ လက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေရေးလုပ်ငန်းစဉ် (၈)ရပ်တို့ကို (၁၀-၆-၂၀၁၆) ရက်စွဲဖြင့် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း သိမ်းဆည်းမြေများ ပြန်လည် စွန့်လွှတ်မှုနှင့်ပတ်သက်၍ လယ်ယာမြေများအနေဖြင့် တောင်သူ ပေါင်း(၃၁၈၃)ဦး၊ ဦးပိုင်ပေါင်း(၃၂၄၆)၊ ဧရိယာပေါင်း (၁၁၂၆၄) ဧကရှိပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေး ပြီးစီးမှု ပမာဏမှာ တောင်သူပေါင်း (၁၆၂၈)ဦး၊ ဦးပိုင်ပေါင်း(၁၇၀၉)၊ ဧရိယာ ပေါင်း(၆၂၃၆)ဧကဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၅၃) ရာခိုင်နှုန်း ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ဧရိယာများမှာ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးနိုင်ရေး သက်ဆိုင်ရာ လယ်ယာ မြေစီမံခန့်ခွဲမှုအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်လျက်ရှိပါ တယ်။

ပြန်လည်စွန့်လွှတ်မြေများ၊ မူလသိမ်းဆည်းစဉ်က မြေလွတ် မြေရိုင်းများ ဖြစ်ပါက တောင်သူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး၊ ဥပဒေ၊ နည်းဥပဒေနှင့်အညီ လျှောက်ထား ရမည်ဖြစ်ပြီး၊ မိမိလုပ်ကိုင်သော (သို့မဟုတ်) အသုံးပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဧရိယာအားလုံးကို သတ်မှတ် ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖော်ထုတ် စိုက်ပျိုးပြီးပါက ၂၀၁၂ခုနှစ်၌ အတည်ပြု ပြဋ္ဌာန်းထားရှိပြီး ဖြစ်သည့်

D/real(wide) (1

ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုကို ဆွေးနွေးတင်ပြမည့် မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ တိုင်ကြားစာများစိစစ်ရေးကော်မတီ အတွင်းရေးမှူး တာဝန်ပေးအပ်ခြင်းခံရသူ ဦးအားကိုဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တိုင်ကြားစာများစိစစ်ရေးကော်မတီကို ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၅ ခု ၂၀၁၆) ရက်နေ့မှာ အဖွဲ့ဝင်(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ တာဝန်ပေးချက်အရ တိုင်ကြားစာများစိစစ်ရေးကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကိုစိစစ်ရန် မြို့နယ်များအထိ သွားရောက်စိစစ်ခဲ့ရာ ၂၀၁၆ခုနှစ်တွင် အမှုတွဲ(၁၁)ခု၊ ၂၀၁၇ ခုနှစ်တွင် အမှုတွဲ(၃၀)ခု၊ ၂၀၁၈ခုနှစ်တွင် အမှုတွဲ(၅)ခု၊ စုစုပေါင်း အမှုတွဲ(၄၆)တွဲကို ကွင်းဆင်းစိစစ်နိုင်ခဲ့ပါတယ်။ ကွင်းဆင်းစိစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များကို အစီရင်ခံစာနှင့်အတူ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အမှုတွဲများလွှဲပြောင်းပေးပို့ခဲ့ရာ အမှုတွဲ(၁၁)တွဲသာ ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြန်ကြားလာခဲ့ကြောင်း၊ (၂၃ ခု ၂၀၁၈)ရက်နေ့ တိုင်ကြားစာများစိစစ်ရေးကော်မတီ ၏ အစီရင်ခံစာတင်ပြရာတွင် ကျွန်တော်မှ ဖတ်ကြားတင်ပြပြီးဖြစ်ပါတယ်။

လွှတ်တော်ရေးရာကော်မတီများဟာ လွှတ်တော်ရုံးကြီးတစ်ခုလုံးရှိ ပုံရိပ်ကို အကောင်အထည်ဖော်ပေးနေတဲ့ လွှတ်တော်

D/real(wide) (1

လယ်ယာမြေနည်းဥပဒေအပိုဒ်(၃၅)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ် ပေးရန် လျှောက်လွှာပုံစံ(၁၀)ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားရမှာ ဖြစ်ပါတယ်။ လယ်ယာမြေနည်းဥပဒေအပိုဒ်(၃၇)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်(သို့မဟုတ်)အသုံးပြုခွင့်ရရှိသူ၏ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် တင်ပြလျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုကြောင်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီ (သို့မဟုတ်) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားပြီးနောက် နည်းဥပဒေအပိုဒ် (၃၈၊၃၉)များနှင့်အညီ စိစစ်ဆောင်ရွက်ပြီး၊ နည်းဥပဒေ အပိုဒ်(၄၀) အရ လျှောက်ထားသူအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ(၇)ထုတ်ပေးရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး၏ "ပြန်လည်စွန့်လွှတ်ပေးသောလယ်ယာမြေများကို ပုံစံ(၇)ထုတ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက အဘယ်ကြောင့်နည်း" ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီး မူလသိမ်းဆည်းစဉ်က လယ်ယာမြေဖြစ်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လျှောက်ထားရမည်ဖြစ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေ နှင့်အညီ လျှောက်ထားရမည်ဖြစ်ပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေ နှင့်အညီ ပုံစံ(၇) ထုတ်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

စေရန်၊ လွတ်တော်ကိုယ်စားလှယ်များမှ ဆောင်ရွက်ရန် အဓိက တာဝန်ရှိပါတယ်။ ပြည်သူလူထုအနေဖြင့် နောက်ဆုံးရွေးချယ်ရာ၊ အားကိုးရာအဖြစ် လွတ်တော်ရေးရာကော်မတီကို တင်ပြတိုင်ကြား လာခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အောက်ခြေအစိုးရ ဌာနအဖွဲ့အစည်း အဆင့်ဆင့်၏ စီမံဆုံးဖြတ်မှုများကို မယုံကြည်၍ အစိုးရအဖွဲ့နှင့် ဘေးတိုက်ထိန်းကျောင်းနေသော ရေးရာကော်မတီ များကို ဖြစ်စဉ်များနှင့် ပတ်သက်၍ ကွင်းဆင်းလေ့လာသုံးသပ်၊ အကြံပြုချက်များဖြင့် ထိပ်ပိုင်းအစိုးရ အဖွဲ့အစည်းများကို သိသာ မြင်သာရှိစေခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးစေခြင်းသာဖြစ်ပါတယ်။

လွတ်တော်ရေးရာကော်မတီများမှလည်း လွတ်တော်ဥက္ကဋ္ဌ ၏စီမံမှုဖြင့် အချိန်၊ ငွေ၊ လုပ်အားများစွာဖြင့် ကွင်းဆင်းစိစစ်လေ့လာ ကြားနာပြီး၊ သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများ သည် လက်လွတ်စပယ် ဆောင်ရွက်ခဲ့ခြင်းမဟုတ်၊ ထူးခြားဖြစ်စဉ် အမှုတွဲများ ဖြစ်နေပါတယ်။ လွတ်လပ်စွာ၊ ဘက်လိုက်မှုကင်းစွာ၊ လေ့လာသုံးသပ် အကြံပြုထားခြင်း ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှလည်း ပြည်သူမှ တင်ပြ/တိုင်တန်းလာမှုအပေါ် လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၄)ကြိမ်မြောက် ကွင်းဆင်းစိစစ်ရာ တွင် ပထမအကြိမ်အဖြစ် ၂၀၁၆ ခုနှစ်၊ (၁၀)လပိုင်း၌ အမှု(၃)မှု၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ခုနှစ်၊ (၅)လပိုင်း၌ (၆)မှု၊ တတိယ အကြိမ်အဖြစ် ၂၀၁၇ ခုနှစ်၊ (၁၀)လပိုင်း၌ (၁၅)မှု၊ စတုတ္ထအကြိမ် အဖြစ် ၂၀၁၈ ခုနှစ်၊ (၁)ပိုင်း၌ (၅)မှု၊ အစီရင်ခံစာ စုစုပေါင်း(၂၉)မှု တင်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ရေးရာကော်မတီသို့ အမှု (၄)မှုသာ လွတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြန်လည်ဖြေရှင်းခဲ့ပါတယ်။ ပြန်ကြား ရှင်းလင်းခဲ့သော အမှုတစ်ခုအား သာဓကအနေဖြင့် ၂၀၁၇ ခုနှစ်၊ (၅)လပိုင်း၌ အစီရင်ခံစာ(၁)စောင်၊ အမှုတစ်စောင်အား ၂၀၁၇

အသေးစားများဖြစ်သည်နှင့်အညီ လွတ်တော်ရေးရာကော်မတီများ သက်ဝင်လှုပ်ရှားမှုသာ ရှုမ်းပြည်နယ်လွတ်တော်ကြီးပုံရိပ် မြင့်မား လာမှာဖြစ်ပါတယ်။

ကျွန်တော်တို့ လွတ်တော်ကိုယ်စားလှယ်များဟာ ဆုံးဖြတ် ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်မရှိဘဲ လေ့လာတင်ပြခွင့်သာ ရှိပါတယ်။ ဒါ့ကြောင့် ဆုံးဖြတ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်ရှိသော အစိုးရမှ လွတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်၊ အထူးသဖြင့် လွတ်တော်ရေးရာကော်မတီများ၏ ကွင်းဆင်းစိစစ်တွေ့ရှိချက်များ ကို အလေးထားပြီး ဆောင်ရွက်ပေးနိုင်မှသာ "ပြည်သူ့အသံ-လွတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ-လွတ်တော်ဆန္ဒ"၊ "ပြည်သူ့ လိုအပ်ချက်-လွတ်တော်ကဖော်ဆောင်ရွက်" ဆိုတဲ့ လွတ်တော် ဆောင်ပုဒ်ကို အကောင်အထည် ဖော်နိုင်မှာဖြစ်ပါတယ်။ တိုင်ကြားစာများစိစစ်ရေးကော်မတီဟာ ပြည်သူများ၏အသံကို ကွင်းဆင်းလေ့လာ တင်ပြနေတဲ့ ကော်မတီဖြစ်တာကြောင့် ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုဟာ ကျွန်တော်တို့ကော်မတီနဲ့များစွာ ပတ်သက်နေပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွတ်တော်ကြီး ပုံရိပ်မြင့်မား လာရေးအတွက် (၂၈-၃-၂၀၁၈)ရက်နေ့ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "လွတ်တော်ရေးရာ ကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြု ချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွတ်တော်အစည်းအဝေး ကျင်းပအကြိမ် အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုအား လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

D/real(wide) (1

ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပိုင်းမှ ဆောင်ရွက်ထားရှိမှု အခြေအနေအား ပြန်ကြားစာပေးပို့ပြီး နောက်ပိုင်းကျန်ရှိ အစီရင်ခံစာ ထပ်မံပေးပို့လာခြင်း မရှိတော့ပါ။

ပြည်နယ်အစိုးရအနေဖြင့် ယခင်ကာလဖြစ်ပျက်မှုများကို ရေးရာကော်မတီများ၏ လေ့လာတွေ့ရှိချက်များအပြင် ပြည်နယ် အဆင့်၌ အလေးထားပြီး ဆက်လက်ဆောင်ရွက်သင့်ပါတယ်။ အမှုတွဲတစ်ခုချင်းစီအလိုက် မည်ကဲ့သို့ဆက်လက် ဆောင်ရွက် နေကြောင်း လွှတ်တော်အစည်းအဝေးများတွင် ရှင်းလင်းပေးသင့် ပါတယ်။ သို့မှသာ လွှတ်တော်အစိုးရ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ခံစားနေရသော (ထူးခြားပြဿနာကိစ္စများ) ဖြေရှင်း ဆောင်ရွက်ခြင်းအားဖြင့် အစိုးရဂုဏ်သိက္ခာ၊ ပြည်သူလူထု ယုံကြည်မှု၊ အားကိုးမှု တိုးတက်လာမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြ ပေးရန်" အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းထိုက်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းလုံက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြ ပေးရန်" အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသည့်အတိုင်း လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ရှိသည့် ဥပဒေပြုခြင်း၊ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်ထိန်းကျောင်းခြင်း ဆိုသည်နှင့်အညီ ပြည်သူတို့၏ လိုအပ်ချက်အပေါ် ပြည်နယ်အစိုးရ၏ ဆောင်ရွက် ပေးနေမှု အခြေအနေ၊ ဆောင်ရွက်ပေးသည့် ကတိကဝတ်များကို ပြည်သူများထံ ပြန်လည်အသိပေးသင့်ပါတယ်။

တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းရန်၊ ဘဏ္ဍာရေး တာဝန် ခံမှုနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အား တာဝန်ခံမှုရှိစေရန် အုပ်ချုပ်ရေး လုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုနှင့် ရိုးသားမှုရှိကြောင်း၊ သေချာ စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ စောင့်ကြည့် လေ့လာခြင်းဖြင့် လွှတ်တော်၏ပုံရိပ်အခန်း ကဏ္ဍပိုမိုထင်ရှား ပေါ်လွင်နိုင်ရန် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုများ တိုးပွားလာ

D/real(wide) (1

တင်ပြလာသော အမှုတွဲများအပေါ် အလေးထားဆောင်ရွက်ပေးဖို့ လိုအပ်မှာလည်း ဖြစ်ပါတယ်။

မိမိတို့ရေးရာကော်မတီများသည် ကွင်းဆင်းဆောင်ရွက်ခြင်းများ ဖော်ဆောင်ရာတွင်လည်း ဘက်မလိုက်ဘဲ မျှတမှုနှင့်ကန်စွာဖြင့် အမှုတွဲနှင့်ပတ်သက်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို တွေ့ဆုံကြားနာ၊ မြေပြင်ကွင်းဆင်းပြီးမှ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များကို အစီရင်ခံစာပြုစုပြီး လွှတ်တော် ဥက္ကဋ္ဌမှ တစ်ဆင့် ပြည်နယ်အစိုးရကို ပေးပို့ခြင်းလည်းဖြစ်ပါတယ်။ သို့ပါသောကြောင့် ကော်မတီမှ ပေးပို့လာသော အမှုတွဲများအပေါ် ပြည်နယ်အစိုးရအနေဖြင့် အောက်ခြေမှတင်ပြချက်များအတိုင်း မဆောင်ရွက်သင့်ပါ။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ တိုင်ကြားစာများစိစစ်ရေးကော်မတီ အစီရင်ခံစာတွင် ကော်မတီ၏အစီရင်ခံစာအပေါ် ပြည်နယ်အစိုးရမှ ဖြေရှင်းဆောင်ရွက်ချက်များကို ကြည့်လျှင် ယခင်စိစစ်တင်ပြချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေးရာကော်မတီ၏ အစီရင်ခံစာနှင့် ကွဲလွဲမှုများရှိနေသည်ကို တွေ့ရှိရပါတယ်။

သာဓကအနေဖြင့် ကလောမြို့နယ်အတွင်း သာမိုင်းခမ်းကျေးရွာအုပ်စု၊ ဦးချစ်လှိုင်၏ တပ်သိမ်းမြေကိစ္စနှင့် စပ်လျဉ်း၍ နစ်နာကြေး/လျော်ကြေးပေးအပ်ရန် အစီအစဉ်မရှိဟု၊ အမှန်တကယ်မှာ မိမိတို့ကလောမြို့နယ် လယ်မြေယာနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို ကြည့်လျှင် ခရိုင်မှ အသိပေးအကြောင်းကြားရန် ဟုပြောကြားထားသည်ကိုတွေ့ရှိရပြီး ကော်မတီအနေဖြင့်တိုင်ကြားသူသည် အမှန်တကယ် နစ်နာကြေး/လျော်ကြေး မရရှိခဲ့ခြင်းကြောင့် ထိုက်သင့်သော လျော်ကြေးပေးရန် သင့်ပါကြောင်း သဘောထား

မေတ္တာပို့သရင်း ဂါရဝပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျာ။ ဦးစိုင်းထွန်းဥာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာ ကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော် အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုနှင့်စပ်လျဉ်း၍ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသန်းထိုက်က ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄ နှင့် နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းထားသော ရေးရာကော်မတီအသီးသီးတို့ တာဝန်ပေးအပ်ခဲ့ချိန်မှစပြီး သက်ဆိုင်ရာ ကော်မတီအသီးသီးထံသို့ အကြောင်းအမျိုးမျိုးဖြင့် တင်ပြ/တိုင်ကြားလာသော အမှုတွဲအရေအတွက်ကို ကြည့်ခြင်းအားဖြင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အပေါ် ပြည်သူများ ယုံကြည်အားကိုးမှု မည်မျှရှိသည်ကို သိရှိနိုင်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆောင်ပုဒ်ဖြစ်တဲ့ "ပြည်သူ့အသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်-လွှတ်တော်ကဖော်ဆောင်ရွက်" ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဖော်ဆောင်ရမှာဖြစ်သလို၊ လိုအပ်ချက်များကို ဖြည့်ဆည်း

D/real(wide) (1

မှတ်ချက်ပေးပို့ ထားပြီးလည်း ဖြစ်ပါတယ်။ အမှုတွဲကို ကြည့်ခြင်း အားဖြင့် ယခင်စီစစ်တွေ့ရှိချက်အတိုင်း ပြောကြားဆောင်ရွက်ခြင်း ဖြစ်ကြောင်း ထင်ရှားနေပါတယ်။

ထို့ကြောင့် ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများ အပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော် အစည်းအဝေး ကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်" အဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။

တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီမှ (၂၇-၁-၂၀၁၇)ရက်နေ့မှ (၃-၂-၂၀၁၇)ရက်နေ့အထိ အမှုတွဲ (၁၀)ခုအား ကွင်းဆင်းစီစစ်ခြင်းဆောင်ရွက်ခဲ့ပြီး စီစစ် တွေ့ရှိချက်အပေါ် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ပြည်နယ် အစိုးရထံသို့ ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခဲ့ရာ ယခု ၂၀၁၈ ခုနှစ်ရောက်ချိန်အထိ အမှုတွဲ(၁၀)ခုထဲမှ (၂)ခုကိုသာ ဖြေရှင်း ဆောင်ရွက်ထားမှုကို ပေးပို့လာပါတယ်။ ဒါဟာ မိမိတို့ ကော်မတီ (၁)ခုထဲသာမကပဲ အခြားကော်မတီများလည်း အတူတူပဲ ဖြစ်ပါ တယ်။ ကော်မတီများမှ ပေးပို့ထားသော အစီရင်ခံစာများအပေါ် ပြည်နယ်အစိုးရအနေဖြင့် ဖြေရှင်းဆောင်ရွက်မှုသည် အင်မတန်မှ နည်းပါးနေပြီး ပြည်သူများမှ ယုံကြည်အားကိုးစွာဖြင့် တင်ပြ တိုင်ကြားလာမှုများကို လွှတ်တော်မှ ဖော်ဆောင်မှုများ အပေါ် တွင် လည်း မေးခွန်းထုတ်လာကြပြီ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ပေးနိုင်ရန်အတွက်လည်း လွှတ်တော်မှ ရေးရာကော်မတီများကို ဖွဲ့စည်း တာဝန်ပေးအပ်ထားခြင်းလည်း ဖြစ်ပါတယ်။

ဒါကြောင့် မိမိတို့ ရေးရာကော်မတီအသီးသီးမှလည်း လွှတ်တော်မှ တာဝန်ပေးချက်အရ ဖွဲ့စည်းထားသော ကော်မတီများ ဖြစ်သည်နှင့်အညီ ကော်မတီလုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို လွှတ်တော် ဥက္ကဋ္ဌလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နေကြ သူများက ရေးရာကော်မတီအားကောင်းမှ လွှတ်တော်အားကောင်း လာမည်ဖြစ်ပြီး လွှတ်တော်အပေါ် ပြည်သူများ၏ ယုံကြည်မှုများ ရရှိလာမည်ဟူသော ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသော လွှတ်တော်အငယ်စားလည်းဖြစ်ပါတယ်။

ရေးရာကော်မတီအသီးသီးထံသို့ ရောက်ရှိလာသော တင်ပြ/တိုင်ကြားစာအမှုတွဲများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ အကြံပြုတင်ပြချက်အတိုင်း သက်ဆိုင်ရာကော်မတီများအလိုက် အစည်းအဝေးများပြုလုပ်ပြီး တိုင်ကြားစာပါအချက်အလက်များ၏ အမှုတွဲတစ်ခုချင်းကိုလေ့လာ၍ အမှုနှင့်သက်ဆိုင်သည့် ရေးရာ ကော်မတီများထံသို့ လွှဲပြောင်းပေးခြင်း၊ မဖြစ်မနေဆောင်ရွက် ပေးသင့်သည့် ဦးစားပေးအဆင့်၊ သာမန်အဆင့် (သို့မဟုတ်) မှတ်တမ်းတင်ထားပြီး၊ နောက်မှဆောင်ရွက်ရန် စသည့် စနစ်တကျ စီစဉ်ထားရှိပြီး၊ ထိုအမှုတွဲများအထဲမှ မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များကို ကော်မတီအစည်းအဝေးပြုလုပ်၍ အစည်းအဝေး ဆုံးဖြတ်ချက်များအရ မြေပြင်ကွင်းဆင်းစီမံချက်များရေးဆွဲပြီး လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာ မြေပြင်ကွင်းဆင်း ဆောင်ရွက်ခြင်းများ လုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ဆိုလိုရင်း ကတော့ ရေးရာကော်မတီများသည် ရောက်ရှိလာသော အမှုတွဲများ ကို စနစ်တကျစီစစ်ပြီးမှ ဆောင်ရွက်ကြခြင်းဖြစ်သောကြောင့် ရှုမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ရေးရာကော်မတီများမှ

D/real(wide) (1

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ၏ **"လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာ ကြားနာပြီးသုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်အမှုတွဲများအပေါ် အစိုးရအဖွဲ့မှအလေးထားပြီးဆောင်ရွက်ပေးရန်နှင့်လွှတ်တော် အစည်းအဝေးကျင်းပအကြိမ်အတိုင်း ရှင်းလင်းတင်ပြပေးရန်"** အဆိုနဲ့စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးတာဝန်ယူ ထားတဲ့ ကျွန်တော် ဦးစိုင်းလုံကျော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်အစည်းအဝေးရပ်နားချိန်များတွင် ပြည်သူလူထုမှ လွှတ်တော်ရေးရာကော်မတီများသို့ တင်ပြလာသော တိုင်ကြားလာသော ကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရေးရာကော်မတီများမှ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက်များနှင့်အတူ အမှုတွဲများကို

ရှိပါတယ်။ အထက်ပါ လွှတ်တော်ရေးရာကော်မတီများမှ အစိုးရအဖွဲ့သို့ ပေးပို့ထားသော ကွင်းဆင်းလေ့လာကြားနာပြီးသည့် အမှုတွဲများနှင့် ပတ်သက်ပြီး ဆောင်ရွက်ပြီးသည့် အမှုတွဲများကို ရှင်းလင်းတင်ပြနိုင်ရေးအတွက် လွှတ်တော်ဥက္ကဋ္ဌမှ ပြည်နယ်ဝန်ကြီးချုပ်သို့ ညှိနှိုင်းလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ရေးရာကော်မတီများသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား စေလွှတ်ပြီး ရှင်းလင်းတင်ပြစေမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြသောအဆိုသည် မှန်ကန်သင့်လျော်သောအဆိုဖြစ်သဖြင့် လွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းတင်ပြခြင်းအစား သက်ဆိုင်ရာရေးရာကော်မတီများသို့ တာဝန်ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ လာရောက်ရှင်းလင်းတင်ပြစေသင့်ပါကြောင်း ပြောင်းလဲအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က ဒီအဆိုနှင့်ပတ်သက်ပြီး လွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းတင်ပြခြင်းအစား သက်ဆိုင်ရာရေးရာကော်မတီများသို့ တာဝန်ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ လာရောက်ရှင်းလင်းတင်ပြစေသင့်ပါကြောင်း ပြောင်းလဲအတည်ပြုပေးနိုင်ပါရန်နှင့် အဆိုကို အတည်ပြုကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်၏ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသည့် အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

D/real(wide) (1

(သုံးကြိမ်တိုင် မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကသဘောတူသည့်အတွက် ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေ ဥပဒေနှင့်အညီလျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသော ကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏အကျိုးစီးပွားကိုမျှော်ကိုးလယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို၂၀၁၂ခုနှစ်၊လယ်ယာမြေဥပဒေနှင့်အညီလျှောက်ထားရာတွင်မရရှိသဖြင့်ဥပဒေတွင်သတ်မှတ်ထားသော ကာလအတွင်း အမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍ အကောင်**

လွှတ်တော် ဥက္ကဋ္ဌသို့ ပေးပို့ပြီး ထိုမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ပေးပို့လာပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တိုင်ကြားစာများ စိစစ်ရေးကော်မတီမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးသည့် အမှုတွဲစုစုပေါင်း (၄၁)တွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာသည့်အနက် ရှမ်းပြည်နယ်လွှတ်တော်သို့ အမှုတွဲ (၁၆)တွဲပြန်ကြားပြီး အမှုတွဲ(၂၅)တွဲအား ပြန်ကြားရန်စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီမှ ကွင်းဆင်းစိစစ် ဆောင်ရွက်ပြီးသည့် အမှုတွဲ စုစုပေါင်း(၂၅)တွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာသည့်အနက် ရှမ်းပြည်နယ်လွှတ်တော်သို့ အမှုတွဲ (၉)တွဲပြန်ကြားပြီးဖြစ်ပါကြောင်းနှင့် အမှုတွဲ(၁၆)တွဲအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပြန်ကြားနိုင်ရေးအတွက် စိစစ် ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးသည့် အမှုတွဲစုစုပေါင်း (၁၀)တွဲအား ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့လာသည့်အနက် ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ရှမ်းပြည်နယ်လွှတ်တော်သို့ အမှုတွဲ(၂)တွဲ ပြန်ကြားပြီးဖြစ်ပြီး အမှုတွဲ(၈)တွဲအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပြန်ကြားနိုင်ရေး စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီမှ ကွင်းဆင်းစိစစ်ဆောင်ရွက်ပြီးသည့် အမှုတွဲစုစုပေါင်း(၃)တွဲအား ရှမ်းပြည်နယ်လွှတ်တော်သို့ ပြန်ကြားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်

D/real(wide) (1

နှုန်းဖြင့် ချေးယူပြီး လုပ်ကိုင်ဆောင်ရွက်နေရဆဲ အကြွေးသံသရာ လည်ပတ်နေရဆဲ ဖြစ်နေကြပါတယ်။

အကယ်၍ နိုင်ငံတော်အစိုးရက တောင်သူအကျိုးစီးပွားကို မျှော်ကိုးပြီး အကောင်းဆုံးဆောင်ရွက်ပေးခဲ့နိုင်ပါက တောင်သူ တစ်ဦးချင်းစီ၏ ဝင်ငွေများတိုးပွားလာပြီး ၎င်းတို့၏ဘဝ သာယာ လှပလာမည်ဖြစ်ပါတယ်။ အချို့သော ဒေသများတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလျဉ်းသင့်သူတစ်ချို့သည် အမှန်တကယ် လယ်ယာမြေလုပ်ကိုင်ခြင်းမရှိဘဲ ပုံစံ(၇)ရယူထားကြ ပြီး စိုက်ပျိုး စရိတ် ချေးငွေများ ထုတ်ယူလျက်ရှိနေသည်ကို တွေ့မြင်သိကြားရ ပါတယ်။ အမှန်တကယ် လယ်ယာမြေလုပ်ကိုင်သော တောင်သူ အများစုသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇)ရရှိရန် ဆောင်ရွက် ရာတွင် နှောင့်နှေးကြန့်ကြာ မှုများ မကြာသင့်ပါဘဲ ကြန့်ကြာနေကြ သည်လည်းရှိပါတယ်။ ထို့ကြောင့် နိုင်ငံသားများ၏ တန်းတူ အခွင့်အရေး ဆုံးရှုံးနေရခြင်း များသည် စိတ်မကောင်းဖွယ်ရာ များပင်ဖြစ်တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရှင် ဤလိုဖြစ်စဉ်များ ရှုမ်းပြည်နယ်အတွင်းရှိ အခြားသောမြို့နယ်များတွင်လည်း ဖြစ်နေလိမ့်မည်ဟု ယူဆမိပါ တယ်။ တောင်သူလယ်သမားများအတွက် အထက်ဖော်ပြပါဖြစ် စဉ်၊ ဖြစ်ရပ်များ နောင်မဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ရပ်စောက် မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် တင်သွင်းသော "ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက်

အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း"အဆိုနှင့်စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးဖို့ အမည်စာရင်း ပေးထားပါတယ်။

ပထမဦးစွာ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီဝင်း ကအဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာ ခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သရင်း ဂါရဝပြုနူတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မ ကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ဤအဆိုသည် ရှမ်းပြည်နယ် အတွင်းရှိ (၇၀%)ခန့်သော အခြေခံလူတန်းစားများဖြစ်သည့် တောင်သူလယ်သမားတို့၏ ဘဝမြှင့်တင်နိုင်ရေး၊ အကျိုးစီးပွားရှိလာ စေရေးအတွက် အလွန်ပင်အရေးကြီးလှသော အဆိုတစ်ခုဖြစ် ပါတယ်။ တောင်သူလယ်သမားတို့၏ ဘဝမြင့်မားလာစေရန် ခေတ်အဆက်ဆက်အစိုးရများက ကြိုးစားလုပ်ဆောင်ပေးမည်ဟု ကြွေးကြော်နေခဲ့ပါသော်လည်း လက်တွေ့တွင် အထင်နှင့်အမြင် လွဲချော်မှုများစွာ ရှိနေသည်မှာ အမှန်တကယ်ပင်ဖြစ်ပါတယ်။

၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကိုဖိုးရှမ်းဆိုသော တောင်သူတစ်ဦး လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ရရှိလိုသောကြောင့် လိုက်ပါကူညီဆောင်ရွက်ပေးခဲ့ဖူးသော်လည်း (၁)နှစ်ကြာသည်အထိ မရရှိသေးကြောင်း၊ မိမိ လွှတ်တော် အစည်းအဝေးလာခါနီးတွင်မှ သိရှိခဲ့ရပါတယ်။ လွှတ်တော်

D/real(wide) (1

ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဒေါ်မေရီနို့က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဒေါ်မေရီနို့၊ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနို့ ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေဖြင့် ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်၏ "ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေးကို စီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို မိမိတို့မြို့နယ်၏ အခြေအနေနှင့် နှိုင်းယှဉ်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

D/real(wide) (1

ကိုယ်စားလှယ်ကိုယ်တိုင် ကူညီဆောင်ရွက်ပေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးနှင့် ဆင်ခြေပေးကာ ရှောင်လွှဲနေကြသည်မှာ စိတ်မချမ်းမြေ့စရာပင်ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့၏ မိုးမိတ်မြို့နယ်၌ မြို့ပေါ်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း(၂၈)ခုနှင့် ဖွဲ့စည်းထားပြီး ဧရိယာအကျယ်အဝန်းမှာ (၆၆၂၃၇)ဧကရှိကြောင်း၊ စိုက်ပျိုးမြေ (၃၆၁၈၇)ဧကရှိကြောင်း သိရှိရပါတယ်။ မြို့နယ်၏ အကျယ်ဆုံး အုပ်စုမှာ သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုဖြစ်ပြီး ကျေးရွာခွဲပေါင်း (၁၀) ရွာပါဝင်ပါတယ်။ ၎င်းတို့ထဲမှ ဝဲပေါင်းရွာတွင် စိုက်ပျိုးမြေ ဧရိယာ(၁၀၀၀၀)ကျော်ခန့်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ၎င်းဒေသရှိ တောင်သူများသည် ကြံ၊ ပဲပုတ်၊ ပဲကြီး၊ နှမ်းစသည့် သီးနှံများကို စိုက်ပျိုးကြပြီး၊ ပဲပုတ်သီးနှံကို အဓိက စိုက်ပျိုးကာ မန္တလေးမြို့မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ကုန်အဖြစ် တင်ပို့နေကြကြောင်းလည်း မြင်တွေ့ရပါတယ်။

ဝဲပေါင်းရွာရှိ စိုက်ကွင်းများမှာ ရေအေးကွင်း၊ သာလည်းတောကွင်း၊ ငှက်ပျောတော၊ သရက်ပင်ကျိုးကွင်း၊ ပြောင်းကောက်၊ မိညိုတောင်၊ ပင်းဟတ်များနှင့် ကျစ်ဖြူ စသည့်ကွင်းများစွာ ရှိကြောင်းလည်း သိရှိရပါတယ်။ မိုးမိတ်မြို့နယ် လက်ရှိစိုက်ပျိုးမြေအားလုံး၏ (၃ပုံ၁ပုံ)ခန့်သည် ဝဲပေါင်းရွာတွင် ရှိနေကြောင်း ထင်ရှားစွာမြင်တွေ့ရပါတယ်။ ၎င်းဒေသရှိ တောင်သူများသည် လွန်ခဲ့သော နှစ်များစွာကတည်းက စိုက်ပျိုးထွန်ယက်စားသောက်နေထိုင်လာခဲ့ကြသော်လည်း ယခုအချိန်အထိ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇)ရရှိထားသော ဧက(၂၆၀၀နှင့် ၃၀၀၀)ထက် မပိုသေးကြောင်း ကျေးရွာတာဝန်ခံက ပြောကြားခဲ့ပါတယ်။ တောင်သူလယ်သမားများသည် ပုံစံ(၇) မရရှိနိုင်သောကြောင့် စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ပြင်ပမှ ငွေတိုး(၁၀/-)အတိုး

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဖယ်ခုံမြို့နယ်တွင် နေထိုင်ကြသော ပြည်သူလူထုအများစုမှာ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြသော တောင်သူများဖြစ်ပါတယ်ရှင်။ ဖယ်ခုံမြို့နယ်အတွင်း မြေအမျိုးအစားအလိုက် အသုံးချမှုအခြေအနေနှင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးမှုအခြေအနေတင်ပြရမည် ဆိုလျှင် မြို့နယ်မြေဧရိယာစုစုပေါင်း (၅၁၃၃၈၃)ဧကတွင် မြေရိုင်း၊ တောရိုင်းမြေ၊ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော၊ ကျန်အခြားမြေများကို ချန်လှပ်ထားပြီး၊ စိုက်ပျိုးမြေများကို တင်ပြရမည်ဆိုလျှင် ဥယျာဉ်မြေ(၂၁၀၁)ဧက၊ တောင်ယာမြေ(၁၄၁၂) ဧက၊ လယ်မြေ (၁၀၈၇၂)ဧက၊ ယာမြေ (၂၉၀၀၇)ဧက ရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ (၇) ထုတ်ပေးမှုအခြေအနေများမှာ တောင်သူပေါင်း (၁၆၂၄၉)ဦး အတွက် လျာထားဧရိယာမှာ (၄၈၈၉၀)ဧက၊ တောင်သူပေါင်း (၆၁၁၂)ဦးအတွက် ထုတ်ပေးပြီး ဧရိယာမှာ (၁၄၀၆၆)ဧက၊ တောင်သူပေါင်း(၇၅၈)ဦးအတွက် ဆောင်ရွက်ဆဲ ဧရိယာမှာ (၁၆၆၁) ဧကနှင့် တောင်သူပေါင်း (၉၃၇၉)ဦး အတွက် ထုတ်ပေးရန် ကျန်ရှိသော ဧရိယာမှာ(၃၄၈၂၄)ဧက ဖြစ်ပါတယ်ရှင်။

ဖယ်ခုံမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးမှု ရာခိုင်နှုန်းမှာ (၂၈%)ကျော်သာ ရှိပါတယ်ရှင်။ လျာထားချက်ကို မပြည့်မီသော်လည်း ယခုထုတ်ပေးထားသော အရေအတွက်ထက် (၃)ဆ ပိုမိုထုတ်ပေးနိုင်ပါက အမှန်တကယ် စိုက်ပျိုးတောင်သူများ ပိုမိုအကျိုးရှိစေမှာ ဖြစ်ပါတယ်။ ယခုလက်ရှိ တောင်သူများမှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားလိုသော်လည်း ဖယ်ခုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာမှု မပြုလုပ်နိုင်ခြင်းနှင့် အချိန်ကြာမြင့်ခြင်းတို့ကြောင့် စိုက်ပျိုးရေးဘဏ်မှ နှစ်စဉ်

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကအခြေခံကာ ရပ်တည်နေရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးလှပါတယ်။ ခေတ်အဆက်ဆက် တောင်သူလယ်သမားများရဲ့ ဘဝဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇)ကို ရရှိထားသူ နည်းပါးနေတာကို ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေတွင် ပုံစံ(၇)ထုတ်ယူရန် အဆင့်ဆင့်ကို သတ်မှတ်ထားသော်လည်း အမှန်တကယ် ဆောင်ရွက်ရာဝယ် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေသည်ကို နေရာတော်တော် များများမှာ တွေ့ရှိနေရပါတယ်။

နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးစားစရိတ် ထုတ်ချေးပေးရာတွင်လည်း ပုံစံ(၇)ရှိသူများမှသာ ရရှိသည့်အတွက် ပုံစံ(၇) မရှိသော တောင်သူများမှာ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးနေရလို့ ဖြစ်နေသည်ဟု တောင်သူများထံမှ ခံစားနေရသည်ကို သိရှိရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၈)လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ပြုလုပ်ရာတွင် တစ်နေရာနှင့် တစ်နေရာ ဆောင်ရွက်ရတာမတူတာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်နှင့် နီးစပ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာနယ်မှ တောင်သူများမှာ ပုံစံ(၇)ရရှိမြန်ဆန်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်ဘက်တွင် လုပ်ဆောင်ရာ သူတို့လောက် မမြန်တာကို တွေ့ရှိရပါတယ်။ နယ်မြေဒေသအကွာအဝေးချင်း မတူညီတာကို နားလည်နိုင်သော်လည်း ဌာနဆိုင်ရာ တာဝန်ရှိသူများရဲ့ ခေတ်အဆက်ဆက် အားနည်းခဲ့တာဟာလည်း တစ်စိတ်တစ်ဒေသ ပါဝင်ပါတယ်။ တစ်ချို့သောသူများမှာလည်း လယ်ယာမြေအမှန် တကယ်မလုပ်ဆောင်ဘဲ ပုံစံ(၇)ရရှိထားပြီး အမှန်တကယ်

D/real(wide) (1

ထုတ်ချေးလျက်ရှိသော စိုက်ပျိုးစရိတ်ချေးငွေသည် ပုံစံ(၇)မရရှိသော တောင်သူများကို ချေးငွေမပေးသည့်အတွက် တောင်သူများမှာ များစွာ အခွင့်အရေးဆုံးရှုံးနေသည်ကို တွေ့ရှိရပါတယ်။ ဖယ်ခုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ဝန်ထမ်း အင်အားမှာလည်း ရုံးဖွဲ့စည်းပုံမပြည့်သည်ကို တွေ့ရှိရပါတယ်။ ဝန်ထမ်းဖွဲ့စည်းပုံမှာ (၂၇)ဦးဖြစ်ပြီး လက်ရှိခန့်ထားဦးရေမှာ (၁၆)ဦး သာရှိပြီး လစ်လပ်(၁၁) ဦးဖြစ်ပါတယ်။ လစ်လပ်နေသော ဝန်ထမ်း နေရာများကိုလည်း ဖြည့်စွက်ခန့်ထားပေးနိုင်ရန် တစ်ပါတည်း ဆွေးနွေးတင်ပြလိုပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို ပိုမိုထုတ် ပေးနိုင်ပါက အမှန်တကယ် စိုက်ပျိုးသူ တောင်သူများနှင့်ငင်းတို့ကို မှီခိုနေသော မိသားစုဝင်များ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက် သော သွင်းအားစုလုပ်ငန်းရှင်များလည်း များစွာအကျိုးရှိ မှာဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းမှလည်း ဒေသဖွံ့ဖြိုးမှုကို များစွာ အထောက်အကူ ဖြစ်သောကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်၏အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဦးမင်းမင်းသိန်းက အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးမင်းမင်းသိန်း၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၂) မှ ဦးမင်းမင်းသိန်း ဖြစ်ပါတယ်။

လုပ်ဆောင်သူများမှာ ပုံစံ(၇) လျှောက်ထားသော်လည်း ရရှိဖို့ လပေါင်းများစွာ ကြာသည်အထိ မရရှိဘဲ ဖြစ်နေတာတွေ တွေ့ရှိရ ပါတယ်။

သို့ဖြစ်ပါ၍ "ရှမ်းပြည်နယ်အတွင်း တောင်သူ လယ်သမား များ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထား ရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်း အမြန်ရရှိရေး စီမံချက်ရေးဆွဲ၍ အကောင်အထည် ဖော်ဆောင်ရွက် ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကိုဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက် ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံမှာ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ် ကူးပြောင်းနေချိန်ဖြစ်သလို တောင်သူလယ်သမားများ အကျိုး စီးပွားမြှင့်တင်ကာကွယ်ရေး ဥပဒေများကိုလည်း ပြန်လည်ပြင်ဆင်သည့် ဥပဒေများ ပြဋ္ဌာန်းပြီး ဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်။

D/real(wide) (1

၃၅၃

အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်စိုးရအဖွဲ့ဝင် ဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလုံကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ ဦးခိုင်ညီညီကျော် တင်သွင်းလာတဲ့ အဆိုနှင့်စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းနှင့် ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် စတင်လျှောက်ထားသည်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသည်အထိ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်အနေဖြင့်အောက်ပါအတိုင်း အဆင့်ဆင့် စိစစ်ဆောင်ရွက်ပေး လျက်ရှိပါတယ်-

(က) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိလိုသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာ(ပုံစံ-၁)ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ လျှောက်ထားခြင်း၊

(ခ) ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လျှောက်လွှာကိုစိစစ်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း

၃၅၄

ဒါ့အပြင် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ် အရင်းအနှီးများဖြစ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်ကထက် တိုးမြှင့်ပေးခြင်း၊ လယ်ယာလုပ်သားရှားပါးမှုများအတွက် လုပ်ငန်းသုံးစက်ကိရိယာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးနေသလို ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကမြန်မာ့လယ်ယာမြေဖွံ့ဖြိုးဘဏ်နှင့် ပူးပေါင်း၍ နှစ်စဉ်ချေးငွေစီမံကိန်း (JICA Two Step Loan) အစီအစဉ်များ ပြန်လည်ဆောင်ရွက်ပေးနေခြိန်လည်းဖြစ်ပြီး တောင်သူလယ်သမားများမှ မိမိတို့လုပ်ကိုင်နေသော လယ်ယာမြေများနှင့် စပ်လျဉ်း၍ လယ်ယာမြေဥပဒေပါ အခွင့်အရေးများကို သဘောပေါက်လာပြီး လယ်ယာမြေလုပ်ပိုင်ခွင့်များရရှိရန် လျှောက်ထားလာကြပြီလည်း ဖြစ်ပါတယ်။

သို့သော်လည်း တောင်သူလယ်သမားများ အဆိုပါအခွင့်အရေးများ ရရှိပါရန် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိမှသာ အဆိုပါအခွင့်အရေးများလည်း ရရှိမှာဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)လျှောက်ထားမှုများ ပိုမိုများပြားလာပြီး ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒနှင့်အညီ ဆောင်ရွက်ရာတွင်လည်း မှတ်ပုံတင်ကြေးကျပ်(၅၀၀)သာ ကုန်ကျခြင်းများကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရေးအတွက် ပိုမိုလျှောက်ထားလာခြင်းလည်း ဖြစ်ပါတယ်။

ထိုသို့လျှောက်ထားရာတွင် လယ်ယာမြေဥပဒေ သတ်မှတ်ချက်နှင့်အညီ သတ်မှတ်ရက်အတွင်း ဆောင်ရွက်ပေးရမည်ဟု ညွှန်ကြားထားကိုလည်း သိရှိရပါတယ်။ ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ပြဋ္ဌာန်းထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခြင်းများအပေါ် ယခုလို အဆိုပေါ် ပေါက်လာတယ်လို့ မြင်မိပါတယ်။

D/real(wide) (1

ဦးစီးဌာနရုံးသို့ ထောက်ခံချက်ဖြင့် ပေးပို့ခြင်း၊

(ဂ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသည် လျှောက်လွှာအား ပြည့်စုံမှု ရှိ/မရှိစိစစ်၍ ပြည့်စုံမှုမရှိသော လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်လွှာ(ပုံစံ-၁)များကို ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပြန်လည် ပေးအပ်၍ ပြည့်စုံအောင် ဆောင်ရွက်စေခြင်း၊ ပြည့်စုံပြီးဖြစ်သော လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများကိုမှတ်ပုံတင်စာရင်း (ပုံစံ-၃) တွင် စနစ်တကျမှတ်တမ်းရေးသွင်းခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲဖွင့်လှစ်၍ လယ်ယာ မြေလုပ်ပိုင်ခွင့် လျှောက်ထားမှုအပေါ် ကန့်ကွက်နိုင်ကြောင်းကို ကန့်ကွက်လွှာ ခေါ်ယူခြင်း၊

(ဃ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသည် ကန့်ကွက်ချက် တစ်စုံတစ်ရာ ရရှိလျှင် ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ စိစစ်တင်ပြရန် အကြောင်းကြားခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကန့်ကွက်ချက်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ ပြန်လည်တင်ပြခြင်း၊

(င) မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးသည် ယင်းကန့်ကွက်ချက် အပေါ် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်အား ကျိုးကြောင်းဆီလျော်မှု

၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားလာသောမြေဟာ စာရင်းမြေပုံမြေယာများ စီမံခန့်ခွဲမှု ပြုလုပ်ရာတွင် စာရင်းမြေပုံရှိသော မြေနေရာကိုသာ စီမံခန့်ခွဲရခြင်းဖြစ်ပြီး စာရင်းမြေပုံမရှိသော မြေဧရိယာကို စီမံခန့်ခွဲမရကြောင်း သိရှိရပါတယ်။

မြေယာစီမံခန့်ခွဲမှုကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသူများမှာလည်း သက်ဆိုင်ရာ ဌာနအသီးသီးမှ ဝန်ထမ်းများဖြစ်ပါတယ်။ ဝန်ထမ်းဆိုသည်မှာ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာရသူများဖြစ်ပါတယ်။

မြေစာရင်းမြေပုံယူဆောင်လာခြင်း လုပ်ငန်းကိုလည်း ဦးစားပေးကိစ္စအဖြစ် သတ်မှတ်ပြီး အဆိုပါလုပ်ငန်းများအတွက် ဘတ်ဂျက်များကို နှစ်စဉ်အလိုက် စနစ်တကျ တိုးမြှင့်သုံးစွဲပြီး ဆောင်ရွက်ခဲ့ပါတယ်။

ထုတ်ပေးထားပြီးဖြစ်သည့် ပုံစံ(၇) များကိုလည်း မြေယာဥပဒေအတိုင်း လုပ်ကိုင်နေခြင်းရှိ/မရှိ စိစစ်ဖို့လိုအပ်ပြီး ဗဟိုမှ မည်မျှပင် ဥပဒေအတိုင်းမဆောင်ရွက်ပါက အရေးယူ ဆောင်ရွက်ရန် ညွှန်ကြားလျက်ရှိသော်လည်း အောက်ခြေ အဆင့်ဆင့်တွင် ထိုသို့လုပ်ဆောင်မှု မရှိကြောင်းကို နေရာအနှံ့ အပြားတွင် လယ်ယာမြေများအပေါ် ဥပဒေမဲ့ဆောင်ရွက်နေခြင်း များကို တစ်နေ့တစ်ခြား ပိုမိုတွေ့ရှိလာရခြင်း ဖြစ်ပါတယ်။ ထို့ကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဦးခိုင်ညီညီကျော်၏ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (1

မြေဥပဒေ၊ နည်းဥပဒေ ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်၍ အသိပညာပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ထုတ်ပေးရန် ကျန်ရှိသည့်လုပ်ငန်းပမာဏအနက် မြေမတိုင်းတာရသေးခြင်းကြောင့် ပုံစံ(၇)ထုတ်ပေးနိုင်ခြင်း မရှိသည့်အပေါ် တိုင်းတာဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးများသို့ ပုံစံ-၁ များ ဖြန့်ဝေခြင်းနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းပမာဏအပေါ် လအလိုက်စီမံချက်များရေးဆွဲ၍ အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် ကြုံတွေ့ရသည့် အခက်အခဲများမှာ-

(က) ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များအနေဖြင့် နယ်မြေဒေသ လုံခြုံရေးကောင်းမွန်သော နေရာဒေသအားလုံးနီးပါးတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်သော်လည်း နယ်မြေ ဒေသလုံခြုံရေးအခြေအနေကောင်းမွန်မှုမရှိသောဒေသများသို့ ကွင်းဆင်းဆောင်ရွက်နိုင်မှုမရှိသဖြင့် ကျန်နေခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိသူများအနေဖြင့် လယ်ယာမြေဥပဒေပုဒ်မ၉၊ ပုဒ်မခွဲ(ခ) ပါအခွင့်အရေးများ အပြည့်အဝမရှိသေးသည့်အတွက် ဆက်လက်လျှောက်ထားမည့်တောင်သူများမှ စိတ်ပါဝင်စားမှု မရှိခြင်း။

(ဂ) ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးရာတွင် ဘာသာစကား အခက်အခဲကြောင့် စာရင်းကောက်ယူရန် ခက်ခဲခြင်း၊

ရှိ/မရှိ စိစစ်ခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုသင့်သူ / ငြင်းပယ်သင့်သူတို့ကို သဘောထားမှတ်ချက်နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲအား မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(စ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို စိစစ်၍ သဘောထား မှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေ လုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲကို ထပ်ဆင့်စိစစ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း(သို့မဟုတ်) ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနသို့ အကြောင်းကြားခြင်း၊

(ဇ) မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို ဦးပိုင်လုပ်ကွက်တစ်ခုအတွက် မှတ်ပုံတင်ကြေး (၅၀၀)ကျပ်ကို မြို့နယ် မြန်မာ့စီးပွား ရေးဘဏ်ခွဲသို့ ပေးသွင်းစေပြီး လုပ်ငန်းစာတွဲအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြဆောင် ရွက်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခံရသူကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း၊

(ဈ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်း၊

D/real(wide) (1

(ဃ) ဒေသတောင်သူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရန်အတွက် အုပ်စုတာဝန်ခံ မြေတိုင်းစာရေးများ ကွင်းဆင်း၍ စာရင်းကောက်ယူသော်လည်း တောင်သူများမှ စိတ်ပါဝင်စားမှုမရှိခြင်းကြောင့် ပုံစံ(၁)ဖြင့် လျှောက်ထားလာမှုမရှိခြင်း၊

(င) မူလတောင်သူပိုင်ရှင်မဟုတ်ဘဲ အငှားချထားသောတောင်သူများမှ လာရောက်လျှောက်ထားလာသဖြင့် ပြန်လည်စိစစ်ဆောင်ရွက်နေရခြင်းနှင့် မြေတိုင်းစာရေးတစ်ဦးလျှင် ကျေးရွာ အုပ်စု(၃) အုပ်စု၊ (၄)အုပ်စု ပူးတွဲတာဝန်ယူ၍ စာရင်းတောင်းခံနေရခြင်း၊

သို့ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ အဆိုနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ညွှန်ကြားချက်များနှင့် အညီ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ရာနှုန်းပြည့် ရရှိစေရေးအတွက် စီမံချက်များရေးဆွဲပြီး အထူးအလေးထား ဆောင်ရွက်လာပါကြောင်းနှင့် အဆိုကိုလည်း အတည်ပြုပေးသင့်ပါတယ်။ မြို့နယ်အသီးသီးတွင် ပုံစံ(၇)များ ထုတ်ပေးရန် ကျန်ရှိသည့်ဧရိယာများရှိပါက အမြန်ဆုံးထုတ်ပေးနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်ကြီးများမှလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း တိုက်တွန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခံရသူကို ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းများ ဆောင်ရွက်ရပါတယ်။

ရှမ်းပြည်နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းပမာဏမှာ တောင်သူ (၆၉၈၃၁၄) ဦး၊ ဦးပိုင်(၈၈၃၄၄၅)ဦးပိုင်၊ ဧရိယာ(၂၇၉၃၅၂၆)ဧက ရှိပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးပြီးစီးမှုမှာ တောင်သူ(၃၂၂၆၆၀)ဦး၊ ဦးပိုင်(၄၁၈၃၅၀) ဦးပိုင်၊ ဧရိယာ(၁၀၇၈၀၃၁)ဧက ထုတ်ပေးခဲ့ပြီး တောင်သူ(၃၇၅၆၅၄) ဦး၊ ဦးပိုင်(၄၆၅၀၉၅)ဦးပိုင်၊ ဧရိယာ(၁၇၁၅၄၉၅)ဧက ဆောင်ရွက်ရန် ကျန်ရှိ၍ ရာခိုင်နှုန်းအားဖြင့် (၄၇%) ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ ရာနှုန်းပြည့်ပြီးစီးရေးအတွက် ရှမ်းပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်အနေဖြင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက် ရှိပါကြောင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးပြီးစီးမှုအပေါ် ပြန်လည်စိစစ်ခြင်းလုပ်ငန်းများကိုလည်း စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနများအနေဖြင့် ဒေသခံတောင်သူများလက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ အမြန်ထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)တို့၏ လုပ်ငန်းညွှန်ကြားချက်များနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် ၂၀၁၂ခုနှစ် လယ်ယာ

D/real(wide) (1

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုနှင့်ပတ်သက်ပြီး အတည်ပြုသင့်ပါကြောင်း တင်ပြလာပါတယ်။ ဒါကြောင့် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းသည့်အဆိုကို အတည်ပြုရန်အတွက် လွှတ်တော်၏ ဆန္ဒကို ရယူမှာဖြစ်ပါတယ်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော် တင်သွင်းသည့် အဆိုကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

လွှတ်တော်ကသဘောတူသည့်အတွက် ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခိုင်ညီညီကျော်၏ အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာ ဖတ်ကြား တင်ပြပေးရန်ဖိတ်ခေါ်ပါတယ်။

ရသုံးမှန်းခြေ ငွေစာရင်းအကောင်အထည်ဖော်မှုအခြေအနေ

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှု အခြေအနေအရ ရငွေပေါင်းချုပ်တွင် ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၂၄၉၆၇၉. ၅၆၀ သန်း၊ အမှန်ရငွေ ကျပ်သန်းပေါင်း ၂၄၆၆၈၈. ၇၂၆ သန်း၊ ပို(လျော့)ရငွေ ကျပ်သန်းပေါင်း ၂၉၉၀. ၈၃၄ သန်းဖြစ်ပြီး၊ အခွန်ရငွေ ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၃၇၈၃. ၉၈၁ သန်း၊ အမှန်ရငွေ ကျပ်သန်းပေါင်း ၄၆၁၇. ၉၅၃ သန်း၊ ပို(လျော့)ရငွေ ကျပ်သန်းပေါင်း ၈၃၃. ၉၇၂ သန်း၊ သာမန်ရငွေကျပ် ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၂၃၉၈၃. ၀၂၂ သန်း၊ အမှန်ရငွေ ကျပ်သန်းပေါင်း ၂၃၃၂၄. ၀၉၄ သန်း၊ လျော့ရငွေ ကျပ်သန်းပေါင်း ၆၅၈. ၉၂၈ သန်း၊ ငွေလုံးငွေရင်းရငွေ ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၄. ၅၅၇ သန်း၊ အမှန်ရငွေ ကျပ်သန်းပေါင်း ၂၈. ၄၀၇ သန်း၊ ပို(လျော့)ရငွေ ကျပ်သန်းပေါင်း ၂၃. ၈၅၀ သန်း၊ ထောက်ပံ့ငွေ ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၅၅၀၀. ၀၀၀ သန်း၊ အမှန်ရငွေ ကျပ်သန်းပေါင်း ၅၀၀၀. ၀၀၀ သန်း၊ လျော့ရငွေ ကျပ်သန်းပေါင်း ၅၀၀. ၀၀၀ သန်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၂၁၆၄၀၈. ၀၀၀ သန်း၊ အမှန်ရငွေ ကျပ်သန်းပေါင်း ၂၁၃၇၁၈. ၂၇၂ သန်း၊ လျော့ရငွေ ကျပ်သန်းပေါင်း ၂၆၈၉. ၇၂၈ သန်း တို့ဖြစ်ပါတယ်။

သုံးငွေစာရင်းချုပ်တွင် ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၂၅၂၇၃၂. ၃၆၁ သန်း၊ အမှန်သုံးငွေ ကျပ်သန်းပေါင်း ၂၅၂၅၉၂. ၂၄၅ သန်း၊ ပို(လျှံ)ငွေ ကျပ်သန်းပေါင်း ၁၄၀. ၁၁၆ သန်းဖြစ်ပြီး၊ သာမန်အသုံးစရိတ် ခန့်မှန်းခြေ ကျပ်သန်းပေါင်း ၉၂၇၂၆. ၉၄၂ သန်း၊ အမှန်သုံးငွေ ကျပ်သန်းပေါင်း ၉၂၇၂၀. ၁၃၈ သန်း၊ ပို(လျှံ)ငွေ ကျပ်သန်းပေါင်း ၆. ၈၀၄ သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ခန့်မှန်းခြေ ကျပ်သန်းပေါင်း

D/real(wide) (1

၁၆၀၀၀၅၊ ၄၁၉ သန်း၊ အမှန်သုံးငွေ ကျပ်သန်းပေါင်း ၁၅၉၈၇၂၊ ၁၀၇ သန်း၊ ပိုလျှံငွေ ကျပ်သန်းပေါင်း ၁၃၃၊ ၃၁၂ သန်း တို့ဖြစ်ပါတယ်။

ရှင်းလင်းချက်

(က) အခွန်ရငွေလျာထားချက်အတွက် ကျပ်သန်း ၈၃၃၊ ၉၇၂ ပိုမိုခြင်းမှာ ယစ်မျိုးခွန်၊ ဓာတ်သတ္တုခွန်နှင့် သစ်တောခွန် ပိုမိုရရှိခြင်း၊ အခွန်ထမ်းသစ်များ ရှာဖွေဖော်ထုတ် စည်းကြပ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ခ) သာမန်ရငွေလျာထားချက် ကျပ်သန်း ၆၅၈၊ ၉၂၈ လျော့နည်းခြင်းမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရငွေမျှမြေအသုံးချမှုပရိမိယံကြေး၊ အင်းဇုန်ဝင်ခွင့်နှင့် ဝင်ငွေခွန်များလျော့နည်းရရှိ၍ ဖြစ်ပါသည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေလျာထားချက်ထက် ကျပ်သန်း ၅၀၀ လျော့နည်းခြင်းမှာ မိုင်းနား၊ နားဖန်၊ ပန်ဆိုင်း၊ ပန်ဝိုင်၊ မိုင်းမောမြို့နယ် ၅ ခုတွင် ရွေးကောက်ပွဲ ကျင်းပနိုင်မှုမရှိ၍ နယ်မြေဒေသဖွံ့ဖြိုရေးလုပ်ငန်းဆောင်ရွက်ရန် မလိုအပ်ခြင်းကြောင့် ဖြစ်ပါသည်။

(ဃ) သာမန်အသုံးစရိတ် အပြီးသတ်ခွင့်ပြုငွေ ကျပ်သန်း ၉၂၇၂၆၊ ၉၄၂ တွင် သုံးစွဲငွေ ကျပ်သန်း ၉၂၇၂၀၊ ၁၃၈ ဖြစ်၍ ကျပ်သန်း ၆၊ ၈၀၄ ပိုလျှံပြီး ငွေလုံးငွေရင်းအသုံးစရိတ် အပြီးသတ် ခွင့်ပြုငွေကျပ်သန်း ၁၆၀၀၀၅၊ ၄၁၉ တွင် သုံးစွဲငွေ ကျပ်သန်း ၁၅၉၈၇၂၊ ၁၀၇ ဖြစ်၍ ကျပ်သန်း ၁၃၃၊ ၃၁၂ ပိုလျှံကြောင်း တွေ့ရပါသည်။

ဒေါ်နန်းဝိုဟိန်း၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး သို့ တက်ရောက် လာကြသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ စာရင်းစစ်ချုပ် ဒေါ်နန်းဝိုဟိန်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်ချက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

နိဒါန်း

ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေအခန်း(၄)၊ ပုဒ်မ ၂၅နှင့် ၂၆ပါ ပြည်နယ် စာရင်းစစ်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ရှမ်းပြည်နယ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ခန့်မှန်းခြေစာရင်းပါ ရငွေများ ပြည့်ဝစွာရှိစေရန် ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် သုံးစွဲခွင့် ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု/ မပြု စစ်ဆေးခြင်း၊ ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၏ ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည် ဖော် ဆောင်ရွက်မှုကို စစ်ဆေးခြင်း၊ ငွေစာရင်းနှင့် ပစ္စည်းစာရင်းများ စစ်ဆေးခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည့် အခြားတာဝန်များ ထမ်းဆောင်ခြင်းနှင့် မိမိ၏ ဆောင်ရွက်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် ပြည်နယ် လွှတ်တော်သို့ အစီရင်ခံတင်ပြရခြင်းဖြစ်ပါသည်။

D/real(wide) (1

ပေးသွင်းပြီး ကျပ်သန်းပေါင်း ၈၃၊ ၃၃၉၊ စုစုပေါင်း ပေးသွင်းပြီးငွေ ကျပ်သန်းပေါင်း ၈၇၊ ၅၅၉ ဖြစ်ပါတယ်။ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ပြန်လည် ပေးသွင်းရမည့် ငွေစုစုပေါင်း ကျပ်သန်း ၈၇၊ ၅၅၉ ကို ဌာနအဖွဲ့အစည်းများ၏ ငွေထုတ်စာရင်းများသို့ အားလုံးပြန်လည်ပေးသွင်းပြီးဖြစ်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ တာဝန်ပေးချက်အရ စစ်ဆေးမှု ၅၀ ခုရှိပြီး အစီရင်ခံစာများ တင်ပြခဲ့ပြီးဖြစ်ပါသည်။ တာဝန်ပေး စစ်ဆေးမှုတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများ ကောက်ခံခြင်း၊ သုံးစွဲခြင်းများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များ တွေ့ရှိရပါသည်-

(က) ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခေတ္တစိုက် ထုတ်ပေးငွေ ကျပ်သန်း ၂၃၆၊ ၀၅၄ မှ ကျပ်သန်း ၂၀၂၊ ၅၃၀ ပြန်လည်ရရှိပြီးဖြစ်သဖြင့် ကျပ်သန်း ၃၃၊ ၂၅၄ ပြန်လည်ပေးသွင်းရန် ကျန်ရှိနေသေးခြင်း၊

(ခ) အင်းလေးဒေသဇုန်ဝင်ခွင့် ကောက်ခံခြင်းလုပ်ငန်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် လေလံအောင်မြင်သူထံမှ စာချုပ်စည်းကမ်းအရ ပေးသွင်းရန်ပျက်ကွက်ခြင်းနှင့် အပြည့်အဝမပေးသွင်းခြင်းအတွက် ဒဏ်ကြေးငွေ ကျပ်သန်း ၀၊ ၉၉၀ကို ကောက်ခံပေးသွင်းရန် လိုအပ်ခြင်း၊

(ဂ) အင်းလေးဒေသဟိုတယ်ဇုန်စီမံကိန်း ဆောင်ရွက်ရန် ရောင်းချပြီးသည့်မြေ ၂၉၉၊ ၇၄၀ ဧကအတွက် မြေအသုံးချမှု ပရီမီယံကြေး ကျပ်သန်း ၈၉၉၊ ၂၂၀ ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း (MD) သို့သက်ဆိုင်ရာ စာရင်းရှင်မှ ထုတ်ယူပေး

(ဃ) သာမန်အသုံးစရိတ် ကျပ်သန်း ၆၊ ၈၀၄နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်း ၁၃၃၊ ၃၁၂ ပိုလျှံငွေဖြစ်ပေါ်ရခြင်းမှာ ကိန်းဂဏာန်းများ မှားယွင်းစွာရေးသားမိခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပေးသွင်းငွေအား သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အောက်တွင် အနုတ်အသုံးစရိတ်စာရင်းပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။

ပိုလျှံငွေပြန်လည်အပ်နှံမှု

၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်း မှ ဌာန၊ အဖွဲ့အစည်းများ၏ ပိုလျှံငွေပြန်လည်အပ်နှံမှုကို အောက်တွင် ဖော်ပြပါသည်-

(က) သာမန်အသုံးစရိတ် မူလခွင့်ပြုငွေ ကျပ်သန်း ၉၅၀၈၉၊ ၂၃၄ မှ ပိုလျှံငွေ ကျပ်သန်း ၄၂၃၁၊ ၇၁၆ (၄၊ ၄၅%)နှင့် ငွေလုံးငွေရင်းအသုံး စရိတ်မူလခွင့်ပြုငွေ ကျပ်သန်း ၁၅၄၆၁၁၊ ၉၂၇မှ ကျပ်သန်း ၁၅၅၄၊ ၈၆၂ (၁၊ ၀၁%)တို့အား ပြန်လည်အပ်နှံထားကြောင်း တွေ့ရပါသည်။

(ခ) မူလခွင့်ပြုငွေမှ ပြန်လည်အပ်နှံခဲ့ရခြင်းမှာ သာမန်အသုံးစရိတ်တွင် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးတို့တွင် တိုးချဲ့ဖွဲ့စည်းပုံ အရ ခွင့်ပြုဝန်ထမ်းအင်အား၊ လစ်လပ်ဝန်ထမ်းအင်အားများ ခန့်ထားနိုင်မှုမရှိခဲ့ခြင်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ စီမံသုတေသနစရိတ် ခန့်မှန်းသည်ထက်လျော့နည်းခြင်းကြောင့်ဖြစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်တွင်

D/real(wide) (1

သွင်းရန် လိုအပ်ခြင်း။

(ဃ) ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ကုမ္ပဏီ(၃)ခုသို့ ချေးငွေများထုတ်ပေးမှုနှင့်စပ်လျဉ်း၍ ချေးငွေ(အရင်း) ကျပ်သန်း ၅၆၀၀. ၀၀၀နှင့် (အတိုး) ကျပ်သန်း ၁၃၆၁. ၃၁၁ အပါအဝင် စုစုပေါင်း ကျပ်သန်း ၆၉၆၁. ၃၁၁ ကို စစ်ဆေးချိန် ၃၁. ၇. ၂၀၁၇ ရက်နေ့အထိ ပေးဆပ်မှုမရှိသေးသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ငွေထုတ်စာရင်း (MD)သို့ ပြန်လည်ကောက်ခံပေးသွင်းရန် လိုအပ်ခြင်း၊

(င) အလတ်စားနှင့် အသေးစား လျှပ်စစ်ဖော်ထုတ်ခြင်းဆိုင်ရာစီမံကိန်းများဆောင်ရွက်ရန် မြေဌားရမ်းသည့် သဘောတူစာချုပ် ဆောင်ရွက်သည့် လုပ်ငန်း(၉)ခုအတွက် ကုမ္ပဏီ(၇)ခုထံမှ မြေဌားရမ်းခ ကျပ်သန်း ၇. ၆၂၀ ကို စာချုပ်စည်းကမ်းနှင့်အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ငွေထုတ်စာရင်း (MD)သို့ ပေးသွင်းမှုမရှိသေးသဖြင့် ကောက်ခံပေးသွင်းရန်နှင့် ကုမ္ပဏီ(၂)ခုထံမှ မြေအသုံးချမှုပရီမီယံကြေး ကျပ်သန်း ၆၆. ၅၀၀ ကောက်ခံပေးသွင်းရန် လိုအပ်ခြင်း၊

(စ) ရှမ်းပြည်နယ်အစိုးရအဖွဲ့အဟောင်းမှ အစိုးရအဖွဲ့အသစ်သို့ ၂၇. ၄. ၂၀၁၆ရက်နေ့တွင် လုပ်ငန်းလွှဲပြောင်းခဲ့ပြီး လွှဲပြောင်းရာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေစာရင်း (၇)ခုမှ လက်ကျန် ကျပ်သန်း ၄၈. ၇၂၆ ပါဝင်ခြင်းမရှိကြောင်း တွေ့ရှိရခြင်း၊

အထက်ဖော်ပြပါ အပိုဒ်ခွဲ (က)မှ (စ)အထိ ပြန်လည်ကောက်ခံပေးသွင်းရမည့်ငွေ စုစုပေါင်း ကျပ်သန်း ၈၀၁၇. ၈၀၁

ပြည်နယ်လွှတ်တော်မှ ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းတစ်ခုလုံး ပြီးစီးအောင် ဆောင်ရွက်ရန် အချိန်လုံလောက်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၈) သာမန်အသုံးစရိတ်ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၂၂၉၅. ၈၁၃ မှ ပိုလျှံငွေ ကျပ်သန်း ၄၂၆. ၃၈၉ (၁၈. ၅၇%)နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ဖြည့်စွက်ခွင့်ပြုငွေ ကျပ်သန်း ၅၂၅၄. ၆၆၉ မှ ကျပ်သန်း ၀. ၆၅၀ (၀. ၀၁%)တို့အား ပြန်လည်အပ်နှံထားကြောင်းတွေ့ရပါသည်။

(ဃ) ဖြည့်စွက်ခွင့်ပြုငွေမှ ပြန်လည်အပ်နှံခဲ့ရခြင်းမှာ သာမန်အသုံးစရိတ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရှမ်းပြည်နယ်အုပ်ချုပ်ရေးမှူးရုံး)နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရှမ်းပြည်နယ်ရုံး)တို့မှ ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားများကို အပြည့်မခန့်ထားနိုင်ခဲ့ခြင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (ရှမ်းပြည်နယ်ရုံး)မှ ရုံးသုံးပရိဘောဂနှင့် စက်ပစ္စည်းများ ရောင်းချခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်မှ မှားယွင်းတွက်ချက်လျာထားမိ၍ ပိုငွေဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်သို့ပြန်လည်ပေးသွင်းမှုမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ပြည်နယ်ဘဏ္ဍာရန်ပုံငွေ) လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းမှုကို တင်ပြလိုပါတယ်။ ဗဟိုအဖွဲ့အစည်းနှင့်ဝန်ကြီးဌာန(၂)ခုအတွက် ပေးသွင်းပြီးငွေကျပ်သန်းပေါင်း ၄. ၂၂၀ သန်းနှင့် ဝန်ကြီးဌာန(၈)ခုအတွက်

D/real(wide) (1

ကို ရရှိရေးအတွက် ရှုမ်းပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ကြိုးကြပ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(တတိယနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်စာရင်းစစ်ချုပ်မှ တင်ပြသည့် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈ (စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ "ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းလုံက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** အဆိုဖြစ်ပါတယ်။ ယခု ဦးစိုင်းလုံက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်းဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလုံတင်သွင်းတဲ့ " ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး" အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းလုံတင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။

အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒရယူပါမယ်။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

D/real(wide) (1

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ ကိုယ်စားလှယ်မရှိတဲ့အတွက် ဦးစိုင်းလုံရဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာပါတယ်။

မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံက တင်သွင်းတဲ့အဆိုကို ၂၀၁၈ခုနှစ်၊ မတ်လ ၃၀ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ ညနေ(၅)နာရီနောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်္ဂေ/သုံးင်္ဂေ ပွင့်လင်းမြင်သာမှုဆိုင်ရာ" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။အဆိုမှာ**"ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်္ဂေ/သုံးင်္ဂေ ပွင့်လင်းမြင်သာမှုဆိုင်ရာ"** အဆိုဖြစ်ပါတယ်။ ယခုဦးစိုင်းထွန်းဉာဏ်က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းလုံဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၇)ရက်နေ့သည် မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှ လွတ်မြောက်၍ လွတ်လပ်ရေးရရှိရန်အတွက်သော်လည်းကောင်း၊ တောင်တန်းပြည်မပူးပေါင်း၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အဖြစ် ပေါ်ထွန်းစေရန်အတွက်လည်းကောင်း စတင်မွေးဖွားပေးသော နေ့ဖြစ်ပါတယ်။ ထို့ကြောင့် ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံသူ/နိုင်ငံသားများမှ မမေ့သင့်၊ မမေ့ထိုက်သော နေ့တစ်နေ့ဖြစ်သည်နှင့်အညီ အဆိုပါနေ့အား ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများနှင့် အများပြည်သူရုံးများ၊ စာသင်ကျောင်းများ၊ အလုပ်ရုံစက်ရုံများကို တရားဝင် ရုံးပိတ်ရက်အဖြစ် ရှမ်းပြည်နယ်အစိုးရမှ သတ်မှတ်ပေးနိုင်ပါရန် အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဝင်း(ခ) စိုင်းနော်ခမ်း၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်

D/real(wide) (1

မှုဆိုင်ရာ” အဆိုနှင့်စပ်လျဉ်း၍ လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံ ဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်းတင်သွင်း နိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

ဥက္ကဋ္ဌ။ ဦးစိုင်းထွန်းဉာဏ် တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁)ဦးက ထောက်ခံသွားပါတယ်။

အဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ဆန္ဒရယူပါမယ်။ဂင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်သဘောတူကြောင်း ကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သ ဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ **“ ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်္ဂေ/ သုံးငွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ”** အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါ အတိုင်း ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ ရည်ရွယ်ချက် (ဃ)တွင် အများပြည်သူများထံမှ ရရှိသည့် အခွန်အခများသည် အများပြည်သူအကျိုးအတွက်သာဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်ရန်ဟု ဖော်ပြထားပါတယ်။

ပြည်သူများအနေဖြင့် ၎င်းတို့ထည့်ဝင်သော အကောက်ခွန်၊ အခွန်၊အခများဖြင့် မည်သည့်နေရာ၊ မည်သည့် ပမာဏ၊ မည်သည့်အရေအတွက်ဖြင့် ပြန်လည်ဆောင်ရွက်ပေးသည်ကို သိရှိသင့်ပါတယ်။ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်္ဂေ/သုံးငွေနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆိုတင်သွင်း အပ်ပါတယ်-

(က) ရပ်ကွက်အလိုက် ကောက်ခံရရှိသော အခွန်အရပ်ရပ် ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက် ပြန်လည်ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏ အခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာ ကပ်ထားရန်။

D/real(wide) (1

ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှဦးစိုင်းထွန်းဘာဏ်က တင်သွင်းတဲ့အဆိုကို ၂၀၁၈ခုနှစ်၊ မတ်လ ၃၀ ရက် (သောကြာနေ့)မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေ(၅)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်၊ (သောကြာနေ့) နံနက် (၁၀) နာရီ အချိန်မှာဆက်လက် ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

(ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ် ကောက်ခံရရှိငွေပမာဏစာရင်းနှင့် မြို့နယ်အတွင်း ပြန်လည်ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏတို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများပြည်သူသက်ဆိုင်သော စျေး၊ စုပေါင်းကားဂိတ်နေရာများတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်။

(ဂ) မြို့နယ်စည်ပင်သာယာရေး ရင်ွေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူလေ့လာ ကြည့်ရှုနိုင်အောင် ဆောင်ရွက်ပေးရန် တို့ဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်တင်ပြဖို့ ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်ရီရီဝင်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဘာဏ်ရဲ့ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်ွေ/သုံးငွေ ပွင့်လင်းမြင်သာ**

D/real(wide) (1

၃၇၇
ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(စတုတ္ထနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
၂၀၁၈ ခုနှစ်၊ မတ် လ ၃၀ ရက်
[သောကြာနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက် (၁၀း၀၀) နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အခမ်းအနားမှူးအဖြစ် ဒေါ်နန်းမိုခမ်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ဟန်သီဦး၊ လက်ထောက်ညွှန်ကြားရေးမှူးကလည်းကောင်း ဆောင်ရွက်ပါသည်။

၃၇၉
ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့်
စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၃) ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို(၁၂၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၉၂)%ရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေသည် သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့
အစီအစဉ် ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ)အရ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

D/real(wide) (1

၃၈၀
အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄၄(က)အရ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

ဦးလင်းအောင်ဆွေ၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၃၀. ၃. ၂၀၁၈) ရက်နေ့ (စတုတ္ထနေ့)သို့ တက်ရောက်နိုင်ခြင်းမရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နမ့်စန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော်ဦးလင်းအောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဒေါက်တာညီညီအောင်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက်ခွင့်(၁)ရက်။

၃၇၈
ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း

အခမ်းအနားမှူး။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင် ။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်)

အားလုံးထိုင်နိုင်ပါပြီရှင်။

D/real(wide) (1

(၂) ဦးစိုင်းလှိုင်ခမ်း၊ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

(၃) ဦးစိုင်းနောင့်၊မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁)ရက်။

(၄) ဦးဂူဆာ၊လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက်ခွင့်(၁) ရက်။

(၅) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

(၆) ဦးဝင်းကျော်(ခ)ဦးအိုက်မိန်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၊ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့် (၁) ရက်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၇)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(၂၃)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ ရိုသေလေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံး ကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားချက်အားလုံးကိုခွင့်ပြုပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန် အစည်းအဝေး(စတုတ္ထနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရေမှာ (၁၄၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၇)ဦး၊ ယနေ့

မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အားလုံး ရွှင်လန်းချမ်းမြေ့ကြစေပါရှင်။ ကျွန်မကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မိုးမိတ်မြို့နယ်၊ ဟော်နန်းရပ်ကွက်တွင်ရှိသော စော်ဘွားတရားစီရင်ရေးရုံးကို ပြန်လည်ပြင်ဆင်ထိန်းသိမ်း စောင့်ရှောက်မည့် အစီအစဉ်ရှိ/မရှိ နှင့်ပတ်သက်သည့်မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ "သမိုင်းသည် လူရှေ့ဆောင်၊ သမိုင်းကို သိအောင်ကြိုးစားပါ" ဆိုတဲ့ ပညာရှိစကားအတိုင်း မိုးမိတ်မြို့ သမိုင်းကို အနည်းငယ် တင်ပြခွင့်ပြုပါရှင်။ မိုးမိတ်မြို့၏ သမိုင်းဝင် အကြောင်းအရာတွေမှန်ကန်ရန်အတွက် သာသနာနှစ်(၂၄၈၁)ခု မြန်မာသက္ကရာဇ် (၁၂၉၉)ခုတွင် စီစဉ်ရေးသားခဲ့သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရှ မိုးမိတ်-မိုးလှိုင်း(၂)ဂိုဏ်းချုပ်ဆရာတော် ပုဗ္ဗာရုံကျောင်းတိုက် ဦးခေမိန္ဒ ရေးသားပြုစုခဲ့သော မိုးမိတ်ရာဇဝင်တော်ကြီးစာအုပ်ကို ကိုးကားမှီငြမ်းပြီး တင်ပြထားပါတယ်ရှင်။ မိုးမိတ်မြို့နယ်ဖြစ်ပေါ်ရန် ခေတ် (၂)ခေတ်ရှိပါတယ်။ကျိုင်းဟုံခေတ်နှင့် မိုးမိတ်ခေတ် ဖြစ်ပါတယ်။ ကျိုင်းဟုံအစ သာကီယ၊ မိုးမိတ်အစ ကျိုင်းဟုံကဆိုတဲ့အတိုင်း ဂေါတမမြတ်စွာဘုရား မပွင့်တော်မူခင် သာသနာနှစ်မပေါ်မီ(၄၄၈)ခုမှ သာသနာနှစ်(၅၈)ထိ သာကီဝင်မင်း

D/real(wide) (1

"သုဗ္ဘာဟု"ဘွဲ့တော် "မဟာဝံသရာဇာ" ကစ၍ "ကျိုင်းဟုံရွှေနန်းရှင်" အထိမင်းဆက်(၄၂)ဆက် ၊မင်းဆက်အသက်အနှစ်(၅၀၀)ကျော်ကို ကျိုင်းဟုံခေတ် ဟူ၍လည်းကောင်း၊ မိုးမိတ်ခေတ်တွင်-

(၁) ဆေဖိတ်-မင်းဆက်
(၂) ဧရာ-မင်းဆက်
(၃) ဆေယိုင်-မင်းဆက်
(၄) ဆေစွန်-မင်းဆက်
(၅) ခွန်-မင်းဆက်စော်ဘွားဟူ၍(၅)ဆက်ရှိပါတယ်။

ဆေဖိတ်-မင်းဆက်နှင့် ဧရာ-မင်းဆက်တို့သည် သရေခေတ္တရာပြည် နှင့် ဆေယိုင်-မင်းဆက်သည် ပုဂံခေတ်၊ ဆေစွန်-မင်းဆက်သည် ဟံသာဝတီနှင့် အင်းဝခေတ်၊ ခွန်-မင်းဆက်သည် အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၌ အင်္ဂလိပ်အစိုးရတို့နှင့် ခေတ်ပြိုင်ရှိခဲ့ကြောင်း မှတ်သားရပါတယ်။ နောက်ဆုံးမင်းဆက်ဖြစ်သည့် ခွန်-မင်းဆက်၏ (၂၄)ဆက်မြောက်ဖြစ်သည့် စော်ဘွားစဝ်ခွန်မွန်ကို သက္ကရာဇ် (၁၂၄၅) တွင် မွေးဖွားပြီး သက္ကရာဇ် (၁၂၆၈)တွင် နန်းတက်ခဲ့ပါတယ်။ စဝ်ခွန်မွန်သည် စော်ဘွားမဖြစ်မီ သက္ကရာဇ် (၁၂၅၆)ခုတွင် ရန်ကုန်မြို့ Baptist ကောလိပ်တွင် ပညာသင်ကြား၍ အစိုးရ စာမေးပွဲအရပ်ရပ်တို့ကို အောင်မြင်သည့်အပြင် ဥပဒေစာမေးပွဲ၊ မြေတိုင်းဘာသာနှင့် ကျေးတိုင်ဆက်ဆိုင်ရာ စာမေးပွဲများကိုလည်း အောင်မြင်ခဲ့ပါတယ်။ မြန်မာသက္ကရာဇ် (၁၂၇၁)ခုတွင် ဟော်နန်းဖွင့်ပွဲ၊ ဟော်နန်းသိမ်းပွဲ ကျင်းပခဲ့ပါတယ်။ မြန်မာသက္ကရာဇ် (၁၃၀၆)ခု နတ်တော်လဆန်း(၁၃)ရက်တွင် မဟာမိတ်လေတပ်က ကြဲချလိုက်သည့် ဗုံးဒဏ်ကြောင့် မိုးမိတ်မြို့တစ်မြို့လုံး မီးဟုန်းဟုန်းတောက်လောင်ပြီး ပြာကျခဲ့ရပါတယ်။ ဟော်နန်းကြီးသည်လည်း မီးသင့်ပျက်စီးခဲ့ရသည်ဟု လူကြီးမိဘများ ပြောကြားခဲ့သည်ကို တစ်ဆင့် ကြားသိခဲ့ရပါတယ်။

ခွင့်ပြုထားသူ(၆)ဦး၊ စုစုပေါင်းခွင့်ပြုထားသူ(၂၃)ဦးရှိပြီးခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကိုပြည်နယ်လွှတ်တော်၏အတည်ပြုချက်ရယူပါမယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (စတုတ္ထနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါ တယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက မေးမြန်းသည့်

D/real(wide) (1

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှင်။ ယခုကျန်ရှိနေခဲ့သည့် အဆောက်အဦသည် သမိုင်းဝင် မိုးမိတ်စော်ဘွား၏ အဓိက မဏ္ဍိုင်တစ်ခုဖြစ်သည့် တရားစီရင်ရေးမဏ္ဍိုင်ဖြစ်သော တရားစီရင်ရေး အဆောက်အဦတစ်ခုဖြစ်သည်ဟု သိရှိရပါတယ်။ ထိုရှေးဟောင်းသမိုင်းဝင် အဆောက်အဦကို ပြန်လည်ပြင်ဆင်ထိန်းသိမ်းပြီး ပုဗ္ဗာရုံကျောင်းတိုက်အတွင်း သုတ္တန္တဟိတ-ကာရီကျောင်း၌ ကျန်ရှိသော စော်ဘွားအသုံးအဆောင် ပစ္စည်းများကို စနစ်တကျမှတ်တမ်းထားရှိပြီး နောင်လာနောက်သားများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်လျက် မိုးမိတ်မြို့ဟော်နန်းရပ်ကွက်တွင်ရှိသော စော်ဘွားတရားစီရင်ရေး အဆောက်အဦကို ပြန်လည်ပြင်ဆင် ထိန်းသိမ်းစောင့်ရှောက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တစ်ကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ ပဏာမနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်ဖြစ်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်း၏

D/real(wide) (1

လျက်ရှိရာညောင်လွှေမြို့နယ်ရှိညောင်လွှေဟော်ပြတိုက်တွင်စော်ဘွားကြီးများ၏ ဝတ်စုံများထိန်းသိမ်းခြင်းနှင့် ဝတ်စုံများ သိမ်းဆည်းရန် ဗီရိုများပြုလုပ်ခြင်းအတွက်ငွေကျပ် (၁၀၂၃၆၂၇၅၀/-)(ကျပ်တစ်ရာနှစ်သန်းသုံးသိန်းခြောက်သောင်းနှစ်ထောင်ခုနှစ်ရာငါးဆယ်တိတိ) အကုန်အကျခံ ဆောင်ရွက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေမှ ချမှတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မိုးမိတ်စော်ဘွားတရားစီရင်ရေးရုံးကိုလည်း ထိန်းသိမ်းရေးဆောင်ရွက်ရန် လိုအပ်ချက်များနှင့်အညီ လာမည့်ဘဏ္ဍာနှစ်များတွင် လျာထားဆောင်ရွက်သွားနိုင်ရေး လိုအပ်ချက်များအားတောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သီပေါမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးစိုင်းခမ်းအောင်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းခမ်းအောင်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ဒုတိယအကြိမ် ပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ခညောင်းပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နယ်ရှိ နမ့်လန်ကျေးရွာအုပ်စုနှင့် မိုင်းခေး

ကျေးရွာအုပ်စုတို့အကြား ဆက်သွယ်ပေးသော ကျေးရွာချင်းဆက်လမ်းမကြီးအား အဆင့်မြှင့်တင်လျက် ကျောက်ချောလမ်း အဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုနှင့် မိုင်းခေးကျေးရွာအုပ်စုတို့အကြား ဆက်သွယ်ပေးသော ကျေးရွာချင်းဆက်လမ်းမကြီးသည် နမ့်လန်၊ ကုန်းဆာ၊ ကုန်းစုံ၊ နားလေ(ခေး)၊ မိုင်းခေးစသည့် ကျေးရွာအုပ်စု (၅)အုပ်စုတို့အား ဖြတ်သန်းသွားသည့် လမ်းမကြီးဖြစ်ပါတယ်။ ဤလမ်းမကြီးသည် နှစ်ပေါင်းများစွာကပင် ဒေသခံတောင်သူများ၏ ကုန်ထုတ်လမ်းနှင့် ဒေသခံပြည်သူများ၏ လူမှုဘဝအတွက် နေ့စဉ် အသုံးပြုနေသည့်လမ်းဖြစ်ပါတယ်။ ဤလမ်းကို နှစ်ပေါင်းများစွာ ပြုပြင်မှုမရှိသည့်အတွက် မိုးရာသီကာလများတွင် အလွန်ခက်ခဲစွာ သွားလာနေရပါတယ်။ ဤလမ်းမကြီးအား ရာသီမရွေးအလွယ်တကူသွားလာနိုင်သည့် လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါက ကျေးရွာအုပ်စု(၅)အုပ်စုရှိ အိမ်ထောင်စုပေါင်း (၅၇၂၁)စု၊ လူဦးရေပေါင်း(၂၇၃၄၃)ဦးတို့အတွက် အကျိုးပြုနိုင်သည့် လမ်းမကြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သီပေါမြို့နယ်ရှိ နမ့်လန်ကျေးရွာအုပ်စုနှင့် မိုင်းခေးကျေးရွာအုပ်စုတို့အကြား ဆက်သွယ်ပေးသော ကျေးရွာချင်းဆက်လမ်းမကြီးအား အဆင့်မြှင့်တင်လျက် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (1

မေးခွန်းကိုဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်၊ မိုးမိတ်ဟော်နန်းရပ်ကွက်တွင်ရှိသော စော်ဘွားတရားစီရင်ရေးရုံးသည် မြန်မာသက္ကရာဇ် (၁၂၇၁)ခုနှစ်တွင် မိုးမိတ်စော်ဘွားကြီး စဝ်ခွန်မွန်တည်ဆောက်ခဲ့သည့် အထင်ကရရုံးတစ်ခုဖြစ်ပြီး စော်ဘွားများအစဉ်အဆက် အုပ်ချုပ်ခဲ့သော မြို့တစ်မြို့ဖြစ်သည့်အတွက် စော်ဘွားနန်းတည်အုပ်ချုပ်ခဲ့သော အမှတ်အသားတစ်ခု ဖြစ်ပါသည်။

ယခင်က အဆိုပါ အဆောက်အဦပြုပြင်ရန်အတွက် မိုးမိတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ၏ ထောက်ပံ့ငွေများဖြင့် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခဲ့ပါတယ်။

မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ ဟော်နန်းရပ်ကွက်တွင် ရှိသော စော်ဘွားတရားစီရင်ရေးရုံးအဆောက်အဦသည် ဦးလှမောင် (ဥက္ကဋ္ဌ) ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အမည်ဖြင့် ဦးပိုင်အမှတ်(၂)၊ အကွက်အမှတ်(၁၈)၊ ဟော်ကုန်းရပ်၊ ဧရိယာဧက (၁. ၅၆၉)ဧကဖြင့် (၂၉. ၁၀. ၂၀၀၁) ရက်နေ့တွင် ပုံစံ(၁၀၅)ရရှိခဲ့ပြီး ဂရန်ရရှိရေး အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ယခု တရားစီရင်ရေးရုံးကို မိုးမိတ်မြို့နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ယူထိန်းသိမ်းလျက်ရှိပါတယ်။ တရားစီရင်ရေးရုံး ခြံစည်းရိုးကာရံခြင်း၊ အဆောက်အဦအမိုးကို ပြန်လည်ပြုပြင်မွမ်းမံခြင်းတို့ကိုလည်း (၂၀၁၇)ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်၍ အဆောက်အဦရှိ ကွဲနေသောပြတင်းပေါက်မှန်များ အသစ်လဲလှယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်ရှိ စော်ဘွားများ၏ ဟော်နန်းများနှင့် ပတ်သက်၍ ထိန်းသိမ်းမွမ်းမံဆောင်ရွက်

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေ လို့ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ သီပေါမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းအောင် မေးမြန်းလာသော သီပေါမြို့နယ်ရှိ နမ့်လန်ကျေးရွာအုပ်စုနှင့် မိုင်းခေး ကျေးရွာအုပ်စုတို့အကြား ဆက်သွယ်ပေးသော ကျေးရွာချင်းဆက် လမ်းမကြီးအား အဆင့်မြှင့်တင်လျက် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့်ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနိုင်ဝင်းအောင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသော လမ်းပိုင်းသည် (၁၆)မိုင်ခန့်ရှိပြီး ကျေးရွာပေါင်း(၂၅)ရွာ၊ အိမ်ထောင်စုပေါင်း(၁၂၅၀)ကျော်၊လူဦးရေပေါင်း(၅၂၀၀)ကျော် အသုံးပြုနေသောလမ်းပိုင်းဖြစ်ပါတယ်။ ဤလမ်းပိုင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် အဆိုပြု လျာထားခဲ့သော်လည်း ရန်ပုံငွေခွဲဝေရှိမှုနှင့် ဦးစားပေးအစီအစဉ်အပေါ် မူတည်၍ ပါဝင်ခွဲခြင်းမရှိသေးပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ မြို့နယ်အလိုက် ဘဏ္ဍာငွေအချိုးကျခွဲဝေရရှိမှုအပေါ် မူတည်၍ လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးဆောင်ရွက်ရန်တင်ပြချက်အပေါ် မူတည်၍လည်းကောင်း၊ ပြည်ထောင်စု/ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းများတွင် ထည့်သွင်းလျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။အားလုံးကိုကျေးဇူးတင်ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းတံတားအား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည့် အစီအစဉ်များအား သိရှိလိုပါတယ်။ စီမံထားခြင်းရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ စီမံထားမှုမရှိသေးပါကလည်း အဘယ်ကြောင့်ဖြစ်သည်ကို ပြည်သူများ၏ ကိုယ်စားလှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခင်မောင်ဝင်း၏ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ညောင်ရွှေ၊ ကန်တော်၊ ကုန်းဆုံ၊ လွယ်ခေါ် လမ်းပိုင်းတွင်ရှိသည့် တံတားအမှတ် (၁/၁)အား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့်ရှိပါက မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မရှိသေးပါက အဘယ်ကြောင့်ဖြစ်သည်ကိုသိလိုသည်နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ ကျွန်တော် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ညောင်ရွှေမြို့နယ်အတွင်းရှိ ကန်တော်-လွယ်ခေါ်လမ်း လမ်းအဆင့်အတန်း Class A ၊ ဦးစားပေးအဆင့်(၁) လမ်းပေါ်တွင်ရှိသော အလျား(၁၀) ပေရှိ တံတားအမှတ် (၁/၁)သည် လက်ရှိအခြေအနေတွင် သစ်သားကြမ်းခင်းများ ယိုယွင်းပျက်စီးလျက်ရှိသော်လည်း အောက်ခံမြေကာနံရံများ ကောင်းမွန်လျက်ရှိပါတယ်။

D/real(wide) (1

သို့ဖြစ်ပါ၍ သံဘောင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်းအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာနှစ်၊ ၁၂ လ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေစာရင်းတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါ်နန်းကောင်ခမ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါ်နန်းကောင်ခမ်း၊ မိုင်းရှုံးမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ ရွှင်လန်းကြပါစေကြောင်း ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မိုင်းရှုံးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းကောင်ခမ်း ဖြစ်ပါတယ်။ ပြည်သူ လူထုကိုယ်စား ကျွန်မ မေးမြန်းသွားမည့် မေးခွန်းကတော့ မိုင်းရှုံးမြို့နယ်ရှိ လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီ လိုအပ်လျက်ရှိသော ပညာရေးဝန်ထမ်းအဆင့်ဆင့် စုစုပေါင်း (၁၉၂)ဦး၏ လစ်လပ်နေသော နေရာများအတွက် ပညာရေးဝန်ကြီးဌာနက မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိကြောင်းနှင့် မည်သို့ ဖြည့်ဆည်းခန့်အပ် ပေးသွားမည်ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၇-၂၀၁၈ခု ပညာသင်နှစ်အတွက် မိုင်းရှုံးမြို့နယ်အတွင်းရှိ အစိုးရအခြေခံပညာကျောင်းပေါင်း (၄၇)ကျောင်းအနက် အချို့သော စာသင်ကျောင်းများ၌ သင်ကြားရေးဆရာ၊ ဆရာမများ၊

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်သို့လာရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ညောင်ရွှေ၊ ကန်တော်၊ ကုန်းဆုံ၊ လွယ်ခေါ့ လမ်းပိုင်းတွင်ရှိသည့် တံတားအမှတ် (၁/၁) သည် ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ ၎င်းတံတားသည် ညောင်ရွှေမှ ကန်တော်၊ ညောင်ဖြူ၊ ကန်တော်ရွာသစ်(တောင်)၊ လွယ်ကင်၊ ကုန်းဆုံ(တောင်)၊ ကုန်းဆုံ(မြောက်)၊ လွယ်ခေါ့၊ ကျောင်းနား၊ လွယ်ခေါ့(လယ်)၊ အင်းသားရွာ၊ ပုံတယ်၊ အင်းနီ စသဖြင့် ကျေးရွာပေါင်း အများအပြား အသုံးပြုလျက်ရှိပါတယ်။ ၎င်းတံတားကို နေ့စဉ် ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီးများ ဥဒဟို အသုံးပြုနေကြပြီး တံတားဟာ အေးသာယာ၊ ညောင်ရွှေ၊ မိုင်းသောက်၊ နန်းပန် တံတားနှင့်ဆက်စပ်လျက်ရှိပါတယ်။ ၎င်းတံတား မှာ အချိန်မရွေး ကျိုးကျပျက်စီးနိုင်ပြီး ပြည်သူများ၏ အသက်အန္တရာယ်နှင့် ကြုံတွေ့ရနိုင်ကာ ယာဉ်များလည်း ပျက်စီးနိုင်ပါတယ်။

D/real(wide) (1

ရာထူးစုံတိုး/ပြောင်း လျှောက်လွှာများအား ခေါ်ယူခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်းရှိမြို့နယ်၊ ခရိုင်၊ ပြည်နယ်အဆင့်လိုက် လျှောက်လွှာများအားစိစစ်၍ အပြောင်း/ အတိုး လျှောက်ထားသည့် ဆရာ၊ ဆရာမ များ၏ လုပ်သက်တန်းစီ ဇယား၊ ထက်၊ လယ်၊ မူ၊ ခွဲဝေ၊ ခန့်ထား၊ လစ်လပ်စာရင်းများ၊ ရာထူးစုံစာရင်းများရေးဆွဲပြုစုပြီး (၃၀. ၃. ၂၀၁၈) အရောက်ပေးပို့ရန် ညွှန်ကြားချက်အရ အခြေခံပညာဦးစီးဌာန၊ ရုံးချုပ်သို့တင်ပြရန် ဆောင်ရွက်လျက်ရှိပါတယ်။ လစ်လပ်နေသောမူလတန်းပြ(၁၂၅)ဦးနေရာတွင်ပညာရေးကောလိပ် သင်တန်းဆင်း ဆရာ/ဆရာမများအား မြို့နယ်အလိုက် ခွဲဝေ၊ ခန့်အပ်၊ ဖြည့်စွက်သွားမှာဖြစ်ပါတယ်။မူအုပ်၊ လယ်/ပြ၊ ထက်/ပြ လစ်လပ်နေရာများကို မိုင်းရှားမြို့နယ်သို့ ရာထူး တိုး/ပြောင်း ဆန္ဒပြု သူများ၊ ဒေသမရွေးလျှောက်ထားသူ ပြည်နယ်တွင်း/ပြည်နယ်ခြား များကို ဖြည့်ဆည်းခန့်ထားပေးနိုင်ရေး ပညာရေးဝန်ကြီးဌာနသို့ တင်ပြ ၍ ပညာရေးဝန်ကြီးဌာနမှ အတည်ပြုမိန့်ရပါက ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံတင်ပြ၍ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ ကျောင်းဖွင့် အမီ ခန့်ထားပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၂) မှ ဦးသန်းထိုက်က ပထမ မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့

ကျောင်းအုပ်များ လစ်လပ်လျက်ရှိပြီး အစားထိုးခန့်အပ်ပေးရန် လိုအပ်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံး၏ စာရင်းဇယားအရ လည်းကောင်း၊ ကွင်းဆင်းစစ်ဆေးမှုအရ လည်းကောင်း တွေ့ရှိရပါတယ်။ မြေပြင်ကွင်းဆင်းစစ်ဆေးမှုအရ သိရှိရသည်မှာ အချို့သော စာသင်ကျောင်းများတွင် စာသင်တစ်နှစ်ပတ်လုံး ကျောင်းအုပ် မရှိဘဲ လက်ထောက် ဆရာ/ဆရာမဖြင့်သာ သင်ကြားနေကြရသလို၊ အချို့ကျောင်းများမှာ ကျောင်းအုပ်သာရှိပြီး လက်ထောက် ဆရာ/ဆရာမများ မရှိဘဲ သင်ကြားနေရသည့် အပြင်၊ အချို့ကျောင်းများမှာ ဆရာနှင့်ကျောင်းသားဦးရေအချိုး လုံလောက် မျှတမှုမရှိသည်ကို တွေ့ရှိရပါတယ်။ မိုင်းရှားမြို့နယ် အတွင်းရှိ အစိုးရအခြေခံပညာကျောင်းများတွင် ဖြစ်ပေါ်နေသော ကျောင်းအုပ်များနှင့် သင်ကြားရေးဆရာ/ဆရာမများ အချိန်ကာလ ကြာမြင့်စွာ လစ်လပ်လျက်ရှိနေခြင်း၊ ကျောင်းသားကျောင်းသူ အင်အားနှင့် သင်ကြားရေး ဆရာ/ဆရာမအင်အား လုံလောက် မျှတမှုမရှိခြင်းတို့ကြောင့် ပညာသင်ယူရာတွင် ထိရောက်မှု နည်းပါးပြီး အခက်အခဲများစွာ ပေါ်ပေါက်နေသည့်အပြင် မြို့နယ်၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းများမှာလည်း ဆက်တိုက် ကျဆင်းနေသည်ကို စိုးရိမ်ဖွယ် မြင်တွေ့နေရပါတယ်။ မိုင်းရှားမြို့နယ် အတွင်းရှိ အစိုးရအခြေခံပညာ ကျောင်းများ၌ လစ်လပ်နေသော သင်ကြားရေးအတွက် ပညာရေးဝန်ထမ်းများမှာ

(က)	ထက်/ပြ	(၁၁) ဦး
(ခ)	ထက်/ပြ (ကာယ)	(၃) ဦး
(ဂ)	လယ်/အုပ်	(၂) ဦး
(ဃ)	လယ်/ပြ (၁)	(၁၅) ဦး
(င)	လယ်/ပြ (၂)	(၁၅) ဦး
(စ)	လယ်/ပြ (ကာယ)	(၃) ဦး

D/real(wide) (1

ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းများလျာထားဆောင်ရွက်ရာတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများနှင့် မည်ကဲ့သို့ညှိနှိုင်း ပေါင်းစပ်ခြင်း ရှိ/မရှိနှင့် ဌာနခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ တင်ဒါခေါ်ယူရာတွင် မည်ကဲ့သို့ သတ်မှတ်ဆောင်ရွက်ခြင်းနှင့် တင်ဒါရကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အရည်အသွေးပြည့်မီရေးအတွက် မည်ကဲ့သို့ ကြီးကြပ် ဆောင်ရွက်သည်ကို သိရှိလိုပါသဖြင့် အောက်ပါ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ မြန်မာနိုင်ငံဟာရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်သည့် စီမံကိန်းများကို အကောင်အထည်ဖော်ရေးအစီအစဉ်များ စတင်တော့မည်ဖြစ်ပြီး လာမည့်ဘတ်ဂျက်ကာလများမှစ၍ Bottom - Up ပုံစံဖြင့် စတင်တော့မည် ဖြစ်ရာ စီမံကိန်းရေးဆွဲခြင်းကို ဒေသအလိုက် ဦးစားပေးခွင့်ပြုရေး လုပ်ငန်းများကို မဟာဗျူဟာကျကျ ရေးဆွဲတင်ပြနိုင်ရန် သက်ဆိုင်ရာ မြို့နယ်စီမံကိန်းရေးဆွဲရေးဌာနနှင့် ဒေသစီမံကိန်းများကို လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပြီးရေးဆွဲရန် လိုအပ်လာပြီဖြစ်ပါတယ်။

သို့ပါသောကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စီမံကိန်းရေးဆွဲထားရာ၌ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ပူးပေါင်းရေးဆွဲခြင်းများ ဆောင်ရွက်နေပြီဖြစ်သလို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုး

(ဆ) မူ/အုပ် (၁၈) ဦး
(ဇ) မူ/ပြ (၁၂၅)ဦး

သို့ဖြစ်ပါ၍ လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီ အထက်ပါ လိုအပ်လျက်ရှိသော ပညာရေးဝန်ထမ်းအဆင့်ဆင့် စုစုပေါင်း (၁၉၂)ဦး၏ လစ်လပ်နေသော နေရာများအတွက် ပညာရေးဝန်ကြီးဌာနက မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိကြောင်းနှင့် မည်သို့ ဖြည့်ဆည်းခန့်အပ်ပေးသွားမည်ကို သိရှိလိုပါသဖြင့် ပြည်သူလူထုများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရှူးမြို့နယ်အတွင်း ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီ လိုအပ်လျက်ရှိသော ပညာရေးဝန်ထမ်းအဆင့်ဆင့် စုစုပေါင်း(၁၉၂)ဦး၏ လစ်လပ်နေသောနေရာများအတွက် ပညာရေးဝန်ကြီးဌာနက မည်ကဲ့သို့စီမံဆောင်ရွက်ထားရှိကြောင်းနှင့် မည်သို့ဖြည့်ဆည်းခန့်အပ်ပေးသွားမည်ကို သိရှိလိုသည်နှင့် စပ်လျဉ်း၍ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်အတွင်း လစ်လပ်လျက်ရှိသော ရာထူးအဆင့်အလိုက် ပညာရေး ဝန်ထမ်း (၁၉၂)ဦးအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အမီခန့်ထားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အတွင်း

D/real(wide) (1

များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခြိတ်ဆက်မှု အားနည်းနေပြီး မိမိတို့ဒေသမှာရှိသည့် လိုအပ်သောစီမံကိန်းများကို အဆိုပါဌာနသို့ပေးပို့ခြင်းဖြင့်သာ ဆောင်ရွက်နေသည်ကိုလည်းတွေ့ရှိရပါတယ်။ ဒါဟာဒေသရဲ့ အမှန်တကယ်လိုအပ်သော စီမံကိန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချမှတ်ထားသော အကောင်အထည်ဖော်ရေးစီမံကိန်းများ ရရှိရန်ခက်ခဲမှာ ဖြစ်ပါတယ်။

ယခုနဝမပုံမှန်အစည်းအဝေးသို့ တက်ရောက်နေသော လွှတ်တော်ကိုယ်စားလှယ်များမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြတောင်းဆိုရာတွင် သက်ဆိုင်ရာဝန်ကြီးများမှ ဖြေကြားသည့် အချက်တွင်မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးသတ်မှတ်ချက် အပေါ်မူတည်ပြီးမှ လျာထားဆောင်ရွက်ပေးမည်ဟု ဖြေကြားထားသည်ကို တွေ့ရှိရပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများကိုလည်း စည်းကမ်းချက်များ၊ တင်ဒါခေါ်ယူရာတွင် စည်းကမ်းသတ်မှတ်ချက်များကိုလည်း မည်ကဲ့သို့ဆောင် ရွက်နေသည်ကို လွှတ်တော် ကိုယ်စားလှယ်များသိရှိရန်လိုအပ်မှာဖြစ်ပြီး၊ တင်ဒါခေါ်ယူရေး၊ တင်ဒါရွေးချယ်ရေး လုပ်ငန်းများတွင်လည်း ပွင့်လင်းမြင်သာစွာ ရှိဖို့လိုအပ်ပါတယ်။ ဌာနခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်ခွင့်ရရှိသည့် ကုမ္ပဏီများမှာ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ အတည်ပြုထားသည့် အဆိုဖြစ်ပြီး၊ ပြည်နယ်အစိုးရမှ လည်း(၁၃ ၊ ၁၀ ၊ ၂၀၁၇)ရက်စွဲဖြင့် ပြည်ထောင်စု၊ပြည်နယ် ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက်

ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေးအတွက် မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်သည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးသန်းထိုက် မေးမြန်းလာသော နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းများ လျာထား ဆောင်ရွက်ရာတွင် မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများနှင့် မည်ကဲ့သို့ ညှိနှိုင်းပေါင်းစပ်ခြင်းရှိ/မရှိ၊ ဌာနခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများတင်ဒါ ခေါ်ယူရာတွင် မည်ကဲ့သို့သတ်မှတ် ဆောင်ရွက်ခြင်းနှင့် တင်ဒါရကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေးအတွက် မည်ကဲ့သို့ကြီးကြပ်ဆောင်ရွက်သည်ကို သိရှိလိုသည့်ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းများ ရေးဆွဲရာတွင် သက်ဆိုင်ရာ

D/real(wide) (1

ခရိုင်/ မြို့နယ်ရုံးများမှ ခရိုင်/မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေး သတ်မှတ်ချက်များအတိုင်း ပြုစုတင်ပြစေပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ မြို့နယ်အလိုက် လျာထားဆောင်ရွက် ပေးလျက်ရှိပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါခေါ်ယူရာတွင် နိုင်ငံတော်သမ္မတရုံး၏ (၁၀. ၄. ၂၀၁၇)ရက်စွဲပါစာအမှတ်၊ ၁၅၈(၁)/၈/သမ္မတရုံး၊ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)နှင့်အညီ ပြည်နယ်အစိုးရမှ သတ်မှတ်ပေးသည့် စည်းကမ်းချက်များအတိုင်း ကုမ္ပဏီများသို့ ဖြန့်ဝေအသိပေး၍ကုမ္ပဏီများရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးပြီး ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီစေရန် ဌာနမှသတ်မှတ်ထားသည့် အတိုင်းအတာ၊ စံချိန်စံညွှန်းများနှင့် တွက်ချက်မှုများ၊ စာချုပ်မိတ္တူများကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ဖြန့်ဝေအသိပေးခြင်း ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် ကျေးရွာများတွင် ကော်မတီ ဖွဲ့စည်း၍ ကြီးကြပ်ခြင်း၊ ဌာနမှတာဝန်ရှိသူများမှ သွားရောက်စစ်ဆေးခြင်းများ ဆောင်ရွက်ပါတယ်။စံချိန်စံညွှန်း ကိုက်ညီမှုရှိ/မရှိကို ကျေးရွာများတွင် ကော်မတီဖွဲ့စည်းခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရန်ပုံငွေ(၂၅%) ထုတ်ယူချိန်တိုင်းတွင် အရည်အသွေးနှင့် လုပ်ငန်းပြီးစီးမှုများအား စိစစ်ရန် မြို့နယ်/ခရိုင်/ပြည်နယ် တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေး ကော်မတီအဖွဲ့များဖြင့် စစ်ဆေးစေပြီး ရန်ပုံငွေထုတ်ပေးခြင်းများ ဆောင်ရွက်စေလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

သက်ဆိုင်ရာ ဌာနများနှင့် လွှတ်တော် ကိုယ်စားလှယ်များထံသို့ စာချုပ်မိတ္တူများနှင့် BP-BQ မိတ္တူများ ပေးပို့ထားရှိရန် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား ညွှန်ကြားထားရှိပြီး ဖြစ်သော်လည်း အဆိုပါဌာနမှ လိုက်နာဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ သာဓကတစ်ခု အနေဖြင့် မိမိမဲဆန္ဒနယ်၊ ကလောမြို့နယ်အတွင်းမှာ ဌာနခွင့်ပြု ရန်ပုံငွေဖြင့် လုပ်ငန်းများ လာရောက်လုပ်ကိုင်နေသည်ကို မသိရှိဘဲ ကုမ္ပဏီမှ တင်ဒါစည်းကမ်းအရ ခွင့်ပြုရန် ပုံငွေ လာရောက်ထုတ်ယူခဲ့ရှိမှသိရှိရခြင်း၊ လုပ်ငန်းပြီးစီးကြောင်း အကြောင်းကြားမှသိရှိရခြင်း၊ အချို့လုပ်ငန်းများမှာ ပြဿနာဖြစ်ပေါ်ပြီးမှ သိရှိရခြင်းစသည့် အချက်များဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များမှာ နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများသည် အရည်အသွေးပြည့်မီသည့် လုပ်ငန်းများ ဖြစ်ပေါ်ရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် အဓိက စောင့်ကြည့်ရမည့် တာဝန်များရှိသကဲ့သို့ လုပ်ငန်းအဆင်ပြေချောမွေ့စေရေးအတွက်လည်း ညှိနှိုင်းပေါင်းစပ်ပေးရမည့်သူများလည်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များကို တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

သို့ပါသောကြောင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းများလျာထားဆောင်ရွက်ရာတွင် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီများနှင့် မည်ကဲ့သို့ညှိနှိုင်း ပေါင်းစပ်ခြင်း ရှိ/မရှိ၊ ဌာနခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ တင်ဒါခေါ်ယူရာတွင် မည်ကဲ့သို့ သတ်မှတ်ဆောင်ရွက်ခြင်းနှင့် တင်ဒါရ

D/real(wide) (2

ဦးသန်းထိုက်၊ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော် မေးမြန်းသော မေးခွန်းဟာ မြို့နယ်စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေး ကော်မတီမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် နဝမပုံမှန်အစည်းအဝေးမှာ သက်ဆိုင်ရာဝန်ကြီးက ဖြေကြားသွားသည့်အချက်တွင် မြို့နယ်စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီ၏ လျာထားချက်အပေါ် မူတည်ပြီး ဆောင်ရွက်ပေးမည်ဟူသော အချက်ပါရှိသည်နှင့်အညီ သက်ဆိုင်ရာ မြို့နယ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ရုံးစိုက်ခြင်း မရှိသည့်အပြင် စီမံကိန်းရေးဆွဲပြီးမှပေးပို့သည်များကိုသာ လျာထားခြင်းများဖြစ်တယ်လို့ နားလည်ပါတယ်။ ကျွန်တော်တို့ ဆိုလိုရင်းက သက်ဆိုင်ရာဌာန/အဖွဲ့အစည်းက ညှိနှိုင်းမှုရှိရန်(ဥပမာ-ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ခြင်းမရှိတာကို တွေ့ရပါတယ်။ လာမည့်ဘဏ္ဍာနှစ်များတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မည်သို့ပူးပေါင်းဆောင်ရွက်မည်ကို တစ်ဆက်တည်း သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မေးမြန်းတဲ့နေရာမှာ ချန်ပြီးတော့မေးမြန်းခြင်းမပြုရန်နှင့်အချက်အလက်များကို ပြည့်စုံစွာမေးမြန်းခြင်းများကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ချန်ပြီးတော့မမေးစေချင်တာဖြစ်ပါတယ်။ဒါကြောင့်နောက်ထပ်ထပ်ဆင့်မေးမြန်းသော မေးခွန်းများကို သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်း

ပေးမည်ဟုပြဋ္ဌာန်းထားသလို၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ ကာကွယ်စောင့်ရှောက်သည့် ဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းအတည်ပြုပြီးဖြစ်၍ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးဌာနများလည်း ဖွဲ့စည်းပြီး တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ရည်မှန်းချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အချိန်လည်းဖြစ်သလို ရှမ်းပြည်နယ်အတွင်း နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးစုများ၏ ဒေသဆိုင်ရာ အချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များလည်း သိရှိရန်လိုအပ်မည်ဖြစ်ပြီး အများပြည်သူများလည်း သိရှိရန်လိုအပ်မှာဖြစ်ပါတယ်။ သို့ပါသောကြောင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသော တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့်ယဉ်ကျေးမှု အမွေအနှစ်များ အခွန့်ရှည်တည်တံ့စေရန်နှင့် တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်နှီးမှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရန် ကောင်းမွန်သည့် ရည်ရွယ်ချက်များနှင့် ကျင်းပခဲ့သော ပွဲတော်တွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် တိုင်းရင်းသားလူမျိုးစုများ၏ အချက်အလက်များကို အများပြည်သူသိရှိစေရန်အတွက် ရှမ်းပြည်နယ်အတွင်း ကျင်းပခဲ့သည့် တိုင်းရင်းသားလူမျိုးစုများ စာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့် စျေးရောင်းပွဲတော်တို့တွင် ပါဝင်ဆင်နွှဲခဲ့သည့် ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးစု(၂၇)စုတို့၏ အမည်များ၊ အများစုနေထိုင်ရာဒေသများနှင့် လူဦးရေစာရင်းများ သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

D/real(wide) (2

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်ဖြစ်ပြီး ကလောမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းထိုက်၏ ရှမ်းပြည်နယ်အတွင်း ကျင်းပမည့် တိုင်းရင်းသားလူမျိုးစုများ စာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့် စျေးရောင်းပွဲတော်တို့တွင် ပါဝင်ဆင်နွှဲမည့် ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုးစု (၂၇)စုတို့၏ အမည်များ အများစုနေထိုင်ရာ ဒေသများနှင့် လူဦးရေစာရင်းများသိရှိလိုခြင်းနှင့် စပ်လျဉ်း၍ မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းကျင်းပသည့် တိုင်းရင်းသားလူမျိုးစု စာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့် စျေးရောင်းပွဲတော်တို့တွင် ပါဝင်ဆင်နွှဲမည့် ရှမ်းပြည်နယ်မှ တိုင်းရင်းသားလူမျိုးစု (၂၇)စုတို့၏ အမည်များ အများစုနေထိုင်ရာ ဒေသများနှင့် လူဦးရေစာရင်းများမှာ တိုင်းလုံ(ရှမ်းကြီး)လူမျိုးများသည် ရှမ်း(တောင်)၊ တောင်ကြီး၊ သိန္နီ၊ တန့်ယန်း၊ လားရှိုးမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၂၅၀၀)ဦးခန့်ရှိပါတယ်။ ဂုံရှမ်းတိုင်းရင်းသားလူမျိုးများသည် ရှမ်း(ရှေ့)၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းယန်းမြို့များ တွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၂၃၇၅၃၈)ခန့်ရှိပါတယ်။ မောရှမ်းတိုင်းရင်းသားလူမျိုးများသည် ရှမ်း(မြောက်)၊မူဆယ်၊ နမ့်ခမ်းမြို့

D/real(wide) (2

ဝင်က ဖြေကြားနိုင်ဖို့ဖြစ်ပါတယ်။ အကယ်၍ လောလောဆယ် ဖြေကြားနိုင်ခြင်းမရှိဘူးဆိုရင် သီးခြားဖြေကြားသွားဖို့ပဲ ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ကတော့ စီမံကိန်းရေးဆွဲတဲ့အခါမှာ သက်ဆိုင်ရာ မြို့နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များခေါ်ယူပြီးမှ စီမံကိန်းရေးဆွဲရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလောမြို့နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဦးသန်းထိုက်က ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့တက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကလောမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရှမ်းပြည်နယ်အတွင်းကျင်းပခဲ့သည့် တိုင်းရင်းသား လူမျိုး စုများ စာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့် စျေးရောင်းပွဲတော် တို့တွင် ပါဝင်ဆင်နွှဲခဲ့သည့် ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးစု (၂၇)စုတို့၏ အမည်များ၊ အများဆုံးနေထိုင်ရာဒေသများနှင့် လူဦးရေစာရင်းများ သိရှိလိုသဖြင့် အောက်ပါ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍ ကဏ္ဍပေါင်းစုံအတွက် ကူညီဆောင်ရွက်

တိုင်းလွယ်(ရှမ်း) ကျိုင်းတုံ၊ တာချီလိတ်မြို့များတွင် အများဆုံး နေထိုင်ပြီး လူဦးရေ (၄၆၇၂၂)ဦးခန့် ရှိပါတယ်။ မြောင်ဇီး တိုင်းရင်းသားလူမျိုးများသည် နမ့်ခမ်း၊ လောက်ကိုင်၊ ကွမ်းလုံ မြို့များ တွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၆၃၁၄)ဦးခန့် ရှိပါတယ်။ ယွန်းရှမ်း တိုင်းရင်းသားလူမျိုးများသည် မိုးညှင်း၊ တာချီလိတ် မြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၅၅)ဦးခန့် ရှိပါတယ်။ တရဲ/တိုင်းလှိုင်း တိုင်းရင်းသားလူမျိုးသည် ပင်းတယ၊ ကျိုးကျေးရွာ တွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၉၂)ဦးခန့် ရှိပါတယ်။

အထက်ဖော်ပြပါ တိုင်းရင်းသားလူမျိုးစုစာရင်းများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ နောက်ဆုံးရယူထားသော စာရင်းများဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွှိုင်လင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ဒီဂေါလ်ကမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခွန်ဒီဂေါလ်၊ လွှိုင်လင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။ ယနေ့ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာကြသော လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ လွှိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ် ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးခွန်းမေးမြန်းတင်ပြခွင့်ရတဲ့အတွက်များစွာဝမ်းသာ

များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၄၇၉၄၈)ဦး ခန့်ရှိပါတယ်။ တိုင်းခမ်းတီ(ရှမ်း)တိုင်းရင်းသားလူမျိုးများသည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ စစ်ကိုင်းတိုင်း၊ ခန္တီးမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၄၇၅)ဦး ခန့်ရှိပါတယ်။ တိုင်းဆာ(ခ)မိုင်းတာ (ရှမ်း) တိုင်းရင်းသားလူမျိုးများသည် ဗန်းမော်ခရိုင်၊ ဗန်းမော်၊ မြစ်ကြီးနား၊ မိုးကောင်းမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၅၈)ဦး ခန့်ရှိပါတယ်။ တိုင်းလိုင်(ရှမ်း) တိုင်းရင်းသား လူမျိုးများသည် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဖားကန့်၊ စစ်ကိုင်း၊ ကသာခရိုင်၊ အင်းတော်ကြီးဒေသ (ကချင်)မြို့များတွင် အများဆုံး နေထိုင်ပြီး လူဦးရေ(၆၅)ဦးခန့် ရှိပါတယ်။ တိုင်းနေ(ရှမ်း) တိုင်းရင်းသား လူမျိုးများသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မြစ်ကြီးနား၊ ဝိုင်းမော်မြို့၊ တောင်ကြီး၊ မူဆယ်၊ နမ့်ခမ်း၊ မိုင်းကိုင်၊ ဟက်ကယ်၊ မိုးနဲမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၄၇၉၄၈)ဦးခန့် ရှိပါတယ်။ "ဝ" တိုင်းရင်းသားလူမျိုးများသည် ရှမ်း(မြောက်)၊ ဟိုပန်၊ ပန်လုံ၊ ရှမ်း(အရှေ့)၊ ပန်ဆန်း၊ မိုင်းခတ်၊ ပန်လုံ၊ မိုင်းမော မြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၁၁၆၅၅၅)ဦးခန့်ရှိပါတယ်။ ပအိုဝ်းတိုင်းရင်းသားလူမျိုးများသည် ရှမ်း(တောင်)၊ ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်၊ မွန်ပြည်နယ်၊ သထုံခရိုင် မြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၆၁၉၉၉၇)ဦးခန့် ရှိပါတယ်။ ကိုးကန့် တိုင်းရင်းသားလူမျိုးများသည် ချင်းရွှေဟော်၊ ကုန်ကြမ်း၊ လောက်ကိုင်၊ ကွမ်းလုံ၊ မော်ထိုက်၊ လားရှိုးမြို့များတွင် အများဆုံး နေထိုင်ပြီး လူဦးရေ (၂၆၇၇၃၂)ဦးခန့် ရှိပါတယ်။ တအာင်း (ပလောင်) တိုင်းရင်းသားလူမျိုးများသည် ကျောက်မဲ၊ နမ့်ဆန်၊ နမ့်ခမ်း၊ မိုးမိတ်မြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၃၃၇၇၆၉)ဦးခန့် ရှိပါတယ်။ ဓနုတိုင်းရင်းသားလူမျိုးများသည် ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ နောင်ချိုမြို့များတွင်

D/real(wide) (2

အများဆုံးနေထိုင်ပြီး လူဦးရေ (၂၉၅၉၄၇)ဦးခန့်ရှိပါတယ်။ အင်းတိုင်းရင်းသားလူမျိုးများသည် ညောင်လွှေမြို့တွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၁၅၀၆၇၂)ဦး ခန့်ရှိပါတယ်။ ကယန်းတိုင်းရင်းသားလူမျိုးများသည် ဖယ်ခုံ၊ (ကယားပြည်နယ်) မိုးပြဲမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၈၆၈၇၆)ဦးခန့် ရှိပါတယ်။ တောင်ရိုးတိုင်းရင်းသားလူမျိုးများသည် ပင်လောင်း၊ တီကျစ်၊ နောင်တရား၊ ကလော၊ ဟဲဟိုး၊ ဘော်နင်း၊ ပင်းတယမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၄၇၆၇၁)ဦးခန့် ရှိပါတယ်။ အာခါတိုင်းရင်းသားလူမျိုးများသည် မိုင်းလား၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ မိုင်းယောင်း မြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၁၁၇၉၈၈)ဦးခန့် ရှိပါတယ်။ လားဟူ တိုင်းရင်းသားလူမျိုးများသည် တာချီလိတ်၊ ကျိုင်းတုံ၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ မိုင်းပျဉ်း၊ လားရှိုး၊ သိန္နီ၊ တန့်ယန်းမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၁၈၄၄၁၃)ဦးခန့်ရှိပါတယ်။ ကချင် တိုင်းရင်းသားလူမျိုးများသည် ကွတ်ခိုင်၊ မိုးမိတ်၊ မြစ်ကြီးနားမြို့များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၁၆၁၅၂၅)ဦးခန့်ရှိပါတယ်။ လီဆူတိုင်းရင်းသားလူမျိုးများသည် လားရှိုး၊ လောက်ကိုင်၊ နမ့်ခမ်းမြို့ များတွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၂၉၇၆၆)ဦးခန့် ရှိပါတယ်။ ယင်းနက် တိုင်းရင်းသားလူမျိုးများသည် မက်မွန်းမုန်းကျေးရွာ၊ နမ့်စန်မြို့တွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၃၄၄၇)ဦးခန့် ရှိပါ တယ်။ ယင်းကြား တိုင်းရင်းသားလူမျိုးများသည် နမ့်လစ်ကျေးရွာ အုပ်စု၊ နမ့်စန်၊ ပင်လုံမြို့ ကျေးရွာများတွင် အများဆုံးနေထိုင်ပြီး လူဦးရေ(၁၁၁၃)ဦးခန့် ရှိပါတယ်။ ထနော့ တိုင်းရင်းသားလူမျိုးသည် အောင်ပန်း၊ နောင်အင်း၊ တောင်ကြီးမြို့များတွင် အများဆုံးနေထိုင် ပြီး လူဦးရေ (၁၇၅၅)ဦးခန့် ရှိပါတယ်။ "အဲန်" တိုင်းရင်းသားလူမျိုးသည် ကျိုင်းတုံမြို့တွင် အများဆုံးနေထိုင်ပြီး လူဦးရေ (၃၄၂၅)ဦးခန့် ရှိပါတယ်။

မိပါတယ်။ ကျွန်တော်ရဲ့မေးခွန်းကတော့ နိုင်ငံတကာ အထောက်အပံ့နဲ့စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံများနဲ့ အခြားကဏ္ဍများ တည်ဆောက်မြှင့်တင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှလည်းကောင်း၊ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှလည်းကောင်း၊ ပြည်တွင်းမှစေတနာရှင်၊ အလှူရှင်များမှလည်းကောင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း အသီးသီးမှလည်းကောင်း၊ ပြည်ပနိုင်ငံများမှလည်းကောင်း၊ ဝိုင်းဝန်း၍ ကူညီထောက်ပံ့လုပ်ဆောင်အကောင်အထည်ဖော်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်သည့် နေရာတွင် ပြည်ထောင်စုနှင့်ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ လုပ်ဆောင်နေသော လုပ်ငန်းများကိုသာ ကိုယ်စားလှယ်များ သိရှိကြပြီး၊ ပြည်ပနိုင်ငံနှင့် နိုင်ငံတကာအဆင့်အဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီလုပ်ဆောင်နေမှုများကို သိရှိနိုင်ရန် ခဲယဉ်းပါတယ်။

သို့ဖြစ်ပါ၍ ယနေ့ပြုလုပ်သော အစည်းအဝေးမှ မေးမြန်းသိရှိလိုသည်မှာ ရှမ်းပြည်နယ် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် မည်သည့်နိုင်ငံ၊ မည်သည့်နိုင်ငံတကာ အဆင့်ရှိ အဖွဲ့အစည်းများက ရှမ်းပြည်နယ်၏ မည်သည့်မြို့နယ်၊ မည်သည့်လုပ်ငန်းများတွင် ငွေကြေးပမာဏမည်မျှဖြင့် ကူညီထောက်ပံ့လုပ်ဆောင်လျက်ရှိကြောင်းကို ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အားလုံးရဲ့ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (2

ဦးစိုးညွှန့်လွင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ နှလုံး၏သာယာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုအပ်ပါတယ်။ လွှိုင်လင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၏ ရှမ်းပြည်နယ် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် မည်သည့်နိုင်ငံ၊ မည်သည့်နိုင်ငံ တကာအဆင့်ရှိ အဖွဲ့အစည်းများက ရှမ်းပြည်နယ်၏ မည်သည့် မြို့နယ်၊ မည်သည့်လုပ်ငန်းများတွင် ငွေကြေးပမာဏာ မည်မျှဖြင့် ကူညီ ထောက်ပံ့လုပ်ဆောင်လျက် ရှိကြောင်းသိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးစိုးညွှန့်လွင်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဂျာမဏီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (GIZ)၏ ကူညီပံ့ပိုးမှုဖြင့် ရှမ်းပြည်နယ်အတွင်း Capacity Building များတိုးတက်လာစေရန် လက်ဖက်လုပ်ငန်းရှင်များအသင်းအဖွဲ့၊ သရက်လုပ်ငန်းရှင်များ အသင်းအဖွဲ့နှင့် ကော်ဖီလုပ်ငန်းရှင်များအသင်းအဖွဲ့တို့အား “Private Sector Development ” “ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ သင်တန်း” နှင့် “မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား”များ ရှင်းလင်းပို့ချဆွေးနွေးခဲ့ပါတယ်။ ထို့အပြင် Japan International Corporation Agency (JICA) ၏ ကူညီပံ့ပိုးမှုဖြင့် စီးပွားရေးလုပ်ငန်းရှင်များ ဖိတ်ကြားကာ Shan State Investment Fair

(Education For Peace and Development-EPD) စီမံကိန်းကို ဆောင်ရွက်လျက်ရှိရာ (၁. ၆. ၂၀၀၂ မှ ၃၁. ၅. ၂၀၀၇)အတွင်း စီမံကိန်းအဆင့်(၁)အတွက် ခွင့်ပြု ငွေ အမေရိကန်ဒေါ်လာ (၅)သိန်း၊ (၁. ၆. ၂၀၀၇ မှ ၃၁. ၁၂. ၂၀၁၂) အတွင်း စီမံကိန်းအဆင့်(၂)အတွက် ခွင့်ပြုငွေ အမေရိကန်ဒေါ်လာ (၅)သိန်း၊ (၁. ၁. ၂၀၁၃ မှ ၃၁. ၁၂. ၂၀၁၇) အတွင်း စီမံကိန်းအဆင့်(၃)အတွက် ခွင့်ပြုငွေ အမေရိကန်ဒေါ်လာ (၅)သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။

EPD စီမံကိန်းကာလ (၁၂၂)တွင် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ ဆောက်လုပ်ခဲ့သော စာသင်ကျောင်းများမှာ ရှမ်းပြည်နယ် တောင်ပိုင်းတွင်(၁၆၁)ကျောင်း၊ရှမ်းပြည်နယ်မြောက်ပိုင်းတွင်(၁၄၁)ကျောင်းစုစုပေါင်း(၃၀၂)ကျောင်းဆောက်လုပ်ပေးခဲ့ပါတယ်။

အသေးစားစီမံကိန်း(Mini Project)စေတနာအဖွဲ့၏ EPD စီမံကိန်းဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကျောင်းဆောင်များ ပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ ရပ်ရွာရန်ပုံငွေဖြင့် မလုပ်ဆောင်နိုင်၍ ရပ်နားထားသည့် ကျောင်းများအပြီးသတ် လုပ်ဆောင်ပေးခြင်းတို့ကို စီမံကိန်းအဆင့် (၁၂၂)တွင် ရှမ်းပြည်နယ်-တောင်ပိုင်း၌ (၅၈)ကျောင်း၊ မြောက်ပိုင်း၌ (၃၃)ကျောင်း၊ စုစုပေါင်း (၉၁)ကျောင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ စီမံကိန်းအဆင့်(၃)တွင် ရှမ်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်းတွင်သာမက ကယားပြည်နယ်တွင်လည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ရှမ်းပြည်နယ်တောင်ပိုင်းတွင် (၅၀) ကျောင်း၊ မြောက်ပိုင်းတွင်(၅၀)ကျောင်း၊ ကယားပြည်နယ်တွင်(၂၀)ကျောင်း၊ စုစုပေါင်းကျောင်းပေါင်း(၁၂၀)ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စီမံကိန်းအဆင့်(၃)ကို(၁. ၁. ၂၀၁၈)မှ (၃၁. ၁၂. ၂၀၂၂)အထိ ဆောင်ရွက်သွားရန်နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ

D/real(wide) (2

ရေးထိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍတွင် ကျေးလက်ဒေသရေရရှိရေးလုပ်ငန်းများအနေဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ယူနီဆက် ထောက်ပံ့ငွေကျပ်(၇၈)သန်းဖြင့် ညောင်ရွှေ၊ လဲချား၊ မိုင်းယောင်း၊ မိုင်းဆတ်၊ ပင်လောင်းနှင့် ရွာငံမြို့နယ်များအတွင်း ရှိကျေးရွာ(၁၁)ရွာတွင် လုပ်ငန်း(၇)ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်မီးလင်းရေးလုပ်ငန်းများအနေဖြင့် အမျိုးသားလျှပ်စစ် ဓါတ်အားရရှိရေးစီမံကိန်း (NEP) အရ မဟာဓါတ်အားလိုင်းမှ (၁၀/၀)မိုင်အထက် ဝေးကွာသော ကျေးရွာများတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(KFW)နှင့် ပူးပေါင်း၍ ထောက်ပံ့ငွေယူရို (၉)သန်းဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့နယ်များမှ ကျေးရွာများတွင် ၂၀၁၈-၂၀၁၉မှ ၂၀၂၀-၂၀၂၁ ထိ (၃)နှစ်တာကာလအတွင်း ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ထို့ပြင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း၍ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သန်း(၉၀)ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)ရှိ မြို့နယ်များမှ ကျေးရွာများတွင် (၂၀၁၆-၂၀၁၇မှ ၂၀၂၀-၂၀၂၁ အထိ) (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အသေးစားလျှပ်စစ်ဓါတ်အားလိုင်းစနစ် (Mini Grid) ဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၄-၂၀၁၅မှ ၂၀၁၆-၂၀၁၇ထိ (၃)နှစ်တာ ကာလအတွင်း တောင်ကြီး၊ လွိုင်လင်၊ လင်းခေး၊ မိုင်းပန်၊ လားရှိုး၊ သိန္နီ၊ မိုင်းရယ်၊ ကျောက်မဲ၊ မိုးမိတ်၊ ကျိုင်းတုံ၊ မိုင်းတုံ၊ မိုင်းပျဉ်းနှင့် မိုင်းယောင်းမြို့နယ်များအတွင်းရှိ ကျေးရွာ(၁၉)ရွာတွင်

ကျင်းပပြုလုပ်ခဲ့ပါတယ်။ လျှပ်စစ်ကဏ္ဍတွင် JICA ODA Loan အစီအစဉ်ဖြင့် လတ်တလောတွင် ၄၀၀ ဗို့ ဓါတ်အားလိုင်းအား ဟိုပုံးမြို့နယ်၊ ကျောက်တန်းမြို့၊ ထီတခေါကျေးရွာတွင် ၁. ၅မိုင်၊ ရွာငံမြို့၊ လက်ပံပင်ကျေးရွာတွင် ၁မိုင်၊ ဝမ်စလောင်းမြို့ ဝမ်စလောင်းကျေးရွာတွင် ၁မိုင်၊ ပင်လုံမြို့၊ ဝမ်ကျောင်းကျေးရွာတွင် ၁မိုင်၊ စုစုပေါင်း ၄၀၀ဗို့ ဓါတ်အားလိုင်း ၄. ၅ မိုင်အား ကျပ်သန်း (၁၅၇. ၃၉၆)ဖြင့် ကျခံဆောင်ရွက်ပေးခဲ့ရာ (၁၀. ၂. ၂၀၁၈)ရက်နေ့ တွင် လုပ်ငန်းများ ၁၀၀% ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ ထပ်မံ၍ JICA ODA Loan အစီအစဉ်ဖြင့် ဟဲဟိုးမြို့တွင် ၆၆/၁၁ ကေဗွီ ဓါတ်အားလိုင်း ၃မိုင်နှင့် ၆၆/၁၁ကေဗွီ ၅အမ်ဗွီအေ ခွဲရုံ(၁)ရုံ တည်ဆောက်ခြင်း လုပ်ငန်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ရုံးချုပ် (နေပြည်တော်)တွင် တင်ဒါခေါ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် ရှမ်းပြည်နယ်အတွင်း ကျေးရွာပေါင်း ၄၈၃ ရွာ လျှပ်စစ်ဓါတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ် ချေးငွေဖြင့် အမျိုးသား လျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်း(NEP) ၁၁ကေဗွီ ဓါတ်အားလိုင်း(၂)မိုင်အတွင်း ပထမဦးစားပေးအဆင့်တွင် ၁၁ ကေဗွီ ဓါတ်အားလိုင်းနှင့် ၁၁/၀. ၄ကေဗွီထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရုံးချုပ် (နေပြည်တော်)တွင် ပစ္စည်းများတင်ဒါစနစ်ဖြင့်ဝယ်ယူပြီး ဖြစ်ပါ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍတွင် ဂျပန်နိုင်ငံတွင် နီပွန်ဖောင်ဒေးရှင်း (The Nippon Foundation)စေတနာအဖွဲ့၏ ထောက်ပံ့မှုအစီအစဉ် ဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း စီမံကိန်း

D/real(wide) (2

ညောင်ရွှေ၊ ဟိုပုံး၊ နောင်တရား၊ ကျောက်တလုံး၊ ဆီဆိုင်၊ပင်လောင်းမြို့နယ်များတွင်လည်းကောင်း၊

(ခ) နီပွန်ဖောင်ဒေးရှင်း (The Nippon Foundation) (စေတနာ)အဖွဲ့မှ အမေရိကန်ဒေါ်လာ (၅)သန်း ဖြင့် ၂၀၁၃ခုနှစ် ဩဂုတ်လမှ ၂၀၁၈ခုနှစ် ဩဂုတ် လအထိ စီမံချက်ကာလအတွင်း တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ရပ်စောက်၊ ပင်းတယ၊ ရွာငံ၊ ပင်လုံ၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်၊ လားရှိုး၊ သိန္နီ၊ သီပေါ၊ တန့်ယန်း၊ မူဆယ်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ နမ့်ခမ်း၊ နောင်ချို၊ နမ့်ဆန် မြို့နယ်များတွင် လည်းကောင်း၊

(ဂ) ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇလန်ဖောင်ဒေးရှင်း (SWISSAID) အဖွဲ့မှ အမေရိကန်ဒေါ်လာ (၁.၁၇)သန်းဖြင့် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလအထိ စီမံချက် ကာလအတွင်း တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်းတယ၊ ဖယ်ခုံ၊ ကွတ်ခိုင်၊ လားရှိုး မြို့နယ်များတွင် လည်းကောင်း၊

(ဃ) Japan International Cooperation Agency ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက် ရေးအေဂျင်စီ (JICA) အဖွဲ့မှ အမေရိကန်ဒေါ်လာ (၆.၁၄)သန်းဖြင့် ၂၀၁၄ခုနှစ် မေလမှ ၂၀၁၉ခုနှစ် မေလအထိ လောက်ကိုင်ခရိုင် (ရှင်ပင်ကိုင်း၊ မန်လော်)၊ မူဆယ်ခရိုင် (ပန်ဆေး၊ မုံးပေါ၊ ကောင်းခါး) ကျောက်မဲခရိုင် (ဘုရားကြီး၊ မြို့သစ်) (ခါးသျှိ၊ နမ့်ထန်မ၊ နားဖွတ်၊ ပါချီး၊ ပိန်းလုံ၊

ထောက်ပံ့ငွေ ဒေါ်လာ (၃.၉၃)သန်းဖြင့် (၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ အထိ) (၃)နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။

ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေ ဒေါ်လာသန်း(၈၀)၊ ကမ္ဘာ့ဘဏ် ချေးငွေ ဒေါ်လာသန်း(၄၀၀)၊ အီတလီအစိုးရချေးငွေ ယူရိုသန်း (၂၀)နှင့် နိုင်ငံတော် အစိုးရထည့်ဝင်ငွေ ဒေါ်လာသန်း(၃၀)တို့ဖြင့် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း (၆၃)မြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း (CDD)ကို စီမံကိန်းစက်ဝန်း(၄)ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိရာ ရှမ်းပြည်နယ်အတွင်းရှိ နမ့်ဆန်မြို့နယ်နှင့် ဆီဆိုင်မြို့နယ်များတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပြီး မောက်မယ်မြို့နယ်၊ မဘိမ်းမြို့နယ်၊ မိုင်းခတ်မြို့နယ် များတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ထောက်ပံ့ငွေ ဒေါ်လာ (၁၂)သန်း၊ ထောက်ပံ့ငွေဒေါ်လာ (၁.၃၁)သန်းဖြင့် နိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း(၃)မြို့နယ်တွင် ကျေးလက် အသက် မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်း(ERLIP)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် ရွာငံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၂၈)အုပ်စု၊ ကျေးရွာ (၁၂၅)ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ (Luxembourg) ထောက်ပံ့ငွေယူရို (၁၀)သန်းဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်နှင့် ကျိုင်းလပ်မြို့နယ် ခွဲများ အတွင်းရှိ ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် သွားမည်ဖြစ်ရာ ကျိုင်းတုံမြို့နယ် တောင်ပေါ်(၅)အုပ်စု အတွင်းရှိ ကျေးရွာ(၆၅)ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ စတင်

D/real(wide) (2

ဖက်ထုပ်)တို့တွင် လည်းကောင်း၊

(ဂ) Malteser Internation လူထုကျန်းမာရေး၊ အဟာရပြည့်ဝရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးစီမံကိန်းမှ အမေရိကန်ဒေါ်လာ(၅၊ ၇)သန်းဖြင့် ၂၀၁၇ခုနှစ် ဇူလိုင်လမှ ၂၀၂၀ခုနှစ် ဇူလိုင်လအထိ စီမံချက်ကာလ အတွင်း ကျိုင်းတုံ၊ မိုင်းယောင်း၊ မိုင်းပျဉ်း၊ မိုင်းဖြတ်၊ တာချီလိတ်၊ ပန်ခန်း၊ မိုင်းလား၊ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းခတ်၊ မိုင်းယန်းမြို့တို့တွင် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးတားဆီး ကာကွယ်ရေး၊ ယဉ်ကျေးမှုနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရေးသ၊ နမ့်ဆန်

D/real(wide) (2

ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းများ ဆောင်ရွက်၍ စီမံကိန်းလျာထားချက်များ စတင်ရေးဆွဲလျက်ရှိပါတယ်။

ထို့ပြင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ တောင်ကြီး၊ ကလော၊ ရပ်စောက်၊ ဖယ်ခုံ၊ ပင်လောင်း၊ နောင်တရား၊ ပင်းတယနှင့် ရွာငံမြို့များ၏ မြို့ရေပေးရေးလုပ်ငန်းများအား JICA (ODA)ချေးငွေ ကျပ် (၄၁၀၄၊ ၀၃၉၆) သန်းဖြင့် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ Focal လုပ်ပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှုဖလှယ်ရေးစသည့် ရှမ်းပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့လူသားအဖွဲ့အစည်း (TPA)၊ နီပွန်ဖောင်ဒေးရှင်း (စေတနာ)အဖွဲ့၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ဆွစ်ဇလန်နိုင်ငံမှ အစိုးရမဟုတ်သည့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွစ်ဇလန်ဖောင်ဒေးရှင်း (SWISSAID)၊ ဂျာမနီနိုင်ငံအခြေစိုက် အစိုးရအဖွဲ့မဟုတ်သည့် Malteser Internation စသည့် အဖွဲ့အစည်းများဖြင့် (MOU) လက်မှတ်ရေးထိုးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဖွဲ့အစည်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပေးမှုအနေဖြင့် -

(က) ကမ္ဘာ့လူသားအဖွဲ့အစည်း Terra People Association (TPA) အဖွဲ့မှ အမေရိကန်ဒေါ်လာ (၁၊ ၉၅)သန်းဖြင့် ၂၀၁၅ခုနှစ်မေလမှ ၂၀၁၈ခုနှစ် မေလအထိ စီမံချက်ကာလအတွင်း တောင်ကြီး၊

မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူသည့်အခါ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများ ပါဝင်ခွင့်ရှိ/မရှိနှင့် ပြဿနာရှိခဲ့ဖူးသော ကုမ္ပဏီများအား ထပ်မံ၍ တင်ဒါဆွဲယူခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိဟူသည့် ကိစ္စနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေဖြင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် အတွက် စာသင်ကျောင်းဆောင် ပေ(၆၀×၃၀)ရှိ စာသင်ဆောင်(၃)ဆောင်၊ တစ်ဆောင်လျှင် ကျပ်သိန်း(၂၇၀)နှုန်းဖြင့် ဆောက်လုပ်ရန် ခွင့်ပြုရန်ပုံငွေ ရရှိထားပါတယ်။ ၎င်းတို့မှာ အာရမ်းကျေးရွာအုပ်စု၊ ပန်မကြုံကျေးရွာ မူလတန်းကျောင်း၊ အနောက်ကင်းကျေးရွာအုပ်စု၊ ဟိုနမ့် မူလတန်းကျောင်းနှင့် မန်လွန်ကျေးရွာအုပ်စု၊ အထက်မန်လွန် မူလတန်းကျောင်းတို့ ဖြစ်ပါတယ်။ ၎င်းကျောင်းဆောင်(၃)ဆောင်ကို ဆောက်လုပ်ရန် တင်ဒါရရှိတဲ့ ကုမ္ပဏီကတော့ နမ့်ဆန်မြို့ အခြေစိုက် (Royal Namh San)ဖြစ်ပါတယ်။ အဲဒီကုမ္ပဏီက ၎င်းကျောင်းဆောင် (၃)ဆောင်ကို ဆောက်လုပ်ရာမှာ လက်ရှိတွင် သတ်မှတ်ချက် အတိုင်း ဆောင်ရွက်ခြင်းမရှိကြောင်း၊ အရည်အသွေး ပြည့်မီခြင်းမရှိကြောင်း၊ သက်ဆိုင်ရာ ကျောင်းအုပ်များမှ တင်ပြလာတာ တွေ့ရှိရပါတယ်။ အဲဒီတင်ပြချက်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံ စာဖြင့် တင်ပြထားပြီး ဖြစ်ပါတယ်။ မနှစ်က ၎င်းကုမ္ပဏီ တာဝန်ယူ ဆောက်လုပ်နေခဲ့တဲ့ အာရမ်းကျေးရွာ၊ အလယ်တန်းကျောင်း ပေ(၁၀၀×၃၀)နှစ်ထပ် (Steel Structure) လည်း ပြဿနာဖြစ်ခဲ့လို့

အခါ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများ ပါဝင်ခွင့်ရှိ/မရှိ နှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန ငွေလုံးငွေရင်းဖြင့် ကျောင်းဆောင်များဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူသည့် အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တင်ဒါခေါ်ယူခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန် အတွက် ၂၅. ၅. ၂၀၁၇ ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်သော အစည်းအဝေးမှ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ရန် တင်ဒါခေါ်ယူရေးအဖွဲ့ကို အောက်ပါလုပ်ငန်းကြီးကြပ်ရေး ကော်မတီများဖြင့် ဖွဲ့စည်းခဲ့ပါတယ်-

(က) တင်ဒါရွေးချယ်ရေးကော်မတီ၊
(ခ) တင်ဒါလက်ခံရေးကော်မတီ၊
(ဂ) တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ (အရည်အသွေးစစ်ဆေးရေးနှင့်လက်ခံရေး ကော်မတီ)၊
(ဃ) ကြမ်းခင်းဧရိယာကော်မတီတို့ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုပ်ငန်းကြီးကြပ်ရေး ကော်မတီတွင် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဦးဆောင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း၊ အရှေ့ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူးများ အပါအဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ပါတယ်။ တင်ဒါကော်မတီတွင် မြို့နယ် ပညာရေးမှူးများ ပါဝင်ဖွဲ့စည်း ဆောင်ရွက်ထားခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြဿနာရှိခဲ့ဖူးသော ကော်မတီအား ထပ်မံ၍ တင်ဒါဆွဲယူခွင့်

D/real(wide) (2

ရှိ/မရှိနှင့် စပ်လျဉ်း၍ (Black List) ကြော်ငြာခံရသော ကုမ္ပဏီများအား ထပ်မံ၍ တင်ဒါဆွဲယူခွင့်မရှိကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရပ်စောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခိုင်ညီညီကျော်က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခိုင်ညီညီကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်မှာ လူဦးရေတိုးတက်များပြားလာတာဖြစ်တဲ့အတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ထားသော ဟိုပင်စက်ပစ်ကွင်း(၁၃၄၇)ဧကနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရပ်စောက်မြို့နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ထားသော ဟိုပင်စက်ပစ်ကွင်း(၁၃၄၇)ဧကရှိပါတယ်။ အဆိုပါ မြေနေရာအားသိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ဥက္ကဋ္ဌဖြစ်သူ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက (၁၄.၃.၂၀၁၈)ရက်နေ့တွင်တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ပြန်လည်စွန့်လွှတ်မြေများ ပေးအပ်ပွဲအခမ်းအနား

ကျွန်တော်ပြည်နယ်အစိုးရထံ စာတင်ပြခဲ့ပြီး ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်ဖြင့် ပြည်နယ်ပညာရေးမှူး ရုံးမှ လာရောက်စစ်ဆေးတဲ့အခြေအနေ ဖြစ်ခဲ့ပါတယ်။ ဒီနှစ်လည်း အဲဒီကုမ္ပဏီက ဘယ်လိုကနေဘယ်လိုတင်ဒါ ထပ်ရလာတယ် ဆိုတာ မသိရှိရပါ။ လားရှိုးမြို့နယ်တွင် တင်ဒါဖွင့်တဲ့နေရာမှာ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူး၊ ဒေသခံများလည်းမပါပါဘူး။ ပြည်နယ်ခွဲက တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ကုမ္ပဏီတွေပဲပါ ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက အဲဒီလို သက်ဆိုင်ရာကာယကံရှင် မြို့နယ်ပညာရေးမှူးမပါခြင်းဟာ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ ယူဆရမှာဖြစ်ပါတယ်။ တကယ်လို့ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးသာပါရင် ဘယ်ကုမ္ပဏီကို ပေးသင့်တယ် ဆိုတာသိမှာဖြစ်ပါတယ်။ အဲဒီလို ပြဿနာရှိခဲ့ဘူးတဲ့ ကုမ္ပဏီကို ထပ်ပြီး တာဝန်ပေးမှာ မဟုတ်ပါဘူး။ အခုလိုလည်း ပြဿနာ ထပ်ဖြစ်လာစရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူတဲ့အခါ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများ ပါဝင်ခွင့် ရှိ/မရှိနဲ့ ယခင်နှစ်များတွင် ပြဿနာရှိခဲ့ဖူး သော ကုမ္ပဏီများအား ထပ်မံ၍ တင်ဒါဆွဲယူခွင့် ပြုပေးနိုင်ခြင်း ရှိ/မရှိ သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လူထုကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လူမှုရေးဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်များ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူသည့်

D/real(wide) (2

ပေးရန် အကြောင်းကြားခဲ့ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်လည် အပ်နှံသွားမည့်အပေါ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီမှ စ၊ ၁၂၊ ၂၀၁၇ ရက်စွဲပါ စာအမှတ် ၂၂၃၂/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၇ ဖြင့် အပ်နှံခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါအပ်နှံမြေ (၁၃၄၇) ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာ အမှတ် (၉၉/၂၀၁၈)ဖြင့် နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်ခဲ့ပြီး ၁၄၊ ၃၊ ၂၀၁၈ ရက်နေ့တွင် လယ်ယာမြေ နှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်သော အခမ်းအနားတွင် ဗထူးတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး နေလင်းစိုးက လွှဲပြောင်းပေးအပ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဦးကျော်အံ့မောင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ လက်ခံ ရယူခဲ့ပါကြောင်း၊ အဆိုပါ အပ်နှံမြေ (၁၃၄၇)ဧကအနက် အသုံးမပြုနိုင်သော ကျောက်တောင်/လျှုမြောင် မြေခန့်မှန်း ၁၀၈၀ဧကနှင့် အသုံးပြုနိုင်သော ခန့်မှန်းဧရိယာ (၂၆၇၊ ၀၁၅) ဧကခန့် ရှိပြီး လူနေအိမ်၊ လမ်းမြေ၊ ပန်းခြံမြေ၊ စျေးမြေ၊ ကားကွင်းမြေ၊ ဌာနဆိုင်ရာရုံးမြေ၊ ဝန်ထမ်းအိမ်ရာမြေ၊ စာသင်ကျောင်းမြေနှင့် စိမ်းလန်းဇုန်မြေများအတွက် အသုံးပြုရန် အကြမ်းဖျင်း လျာထားပါကြောင်းနှင့် ၎င်းဧရိယာနှင့် တစ်ဆက် တည်းမရှိသော မြေပြန့် သာသနာမြေအဖြစ် အသုံးပြုထားသော မြေနှင့် လက်ရှိနေအိမ် အဆောက်အဦ အသုံးပြုထားသောမြေ စုစုပေါင်း ၁၀၉၊ ၆၂၈ ဧကခန့် ရှိနေပါကြောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြန်လည် စွန့်လွှတ် အပ်နှံထားသော မြေနေရာများအား အများပြည်သူ အကျိုးအတွက် အသုံးပြုနိုင်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း

တွင်ပါဝင်ပြီး ဒေသခံပြည်သူများအား ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနမှလည်း အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေအဖြစ် (State Land)ကြော်ငြာခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ရပ်စောက်မြို့နယ်တွင် မြို့နယ်နိမိတ်အဖြစ် တောင်ကွက်သစ်ရပ်ကွက်၊ မြို့ကုန်းရပ်ကွက်၊ ဥတ္တံတားရပ်ကွက်၊ စျေးတန်းရပ်ကွက်၊ မြောက်ကွက်သစ်ရပ်ကွက် ၊ဇော်ဂျီရပ်ကွက်နှင့် မြို့ဦးရပ်ကွက်ဟူ၍ မြို့ပေါ်ရပ်ကွက်(၇) ရပ်ကွက်ရှိပါတယ်။ ဧရိယာအားဖြင့် ဧက(၁၀၀၀)ကျော် ကျယ်ဝန်းပါတယ်။ ယခုအခါမှာ လူဦးရေတိုးတက်မှုများပြားလာသည့်အတွက် တပ်မတော်ပိုင်ဧရိယာများမှ ကျူးကျော်ဝင်ရောက်ခြင်း၊လယ်မြေနှင့် ဥယျာဉ်ခြံမြေများတွင် အိမ်ယာများ တည်ဆောက်နေထိုင်ခြင်းတို့ကြောင့် ဥပဒေနှင့် မညီညွတ်သော နေထိုင်ခြင်းများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ရပ်စောက်မြို့နယ်တွင် နေထိုင်ကြသော လူဦးရေပေါင်းမှာ (၁၄၅၀၀၀)ကျော် ဖြစ်သည့်အတွက် နေထိုင်ရာမြေဧရိယာနှင့် လူဦးရေအချိုးမှာ မမျှမတဖြစ်ပေါ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ် မြို့တိုးချဲ့ရေးဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ထားသော ဟိုပင်စက်ပစ်ကွင်း (၁၃၄၇)ဧကကို မည်သည့်အချိန် မည်သည့်ပုံစံဖြင့် ရပ်စောက်မြို့နေပြည်သူများအတွက် လူနေထိုင်ရန်မြေကွက်များ ဖော်ဆောင်ပေးရန် မည်သို့စီမံဆောင်ရွက်ထားရှိသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

D/real(wide) (2

ဦးစိုးညွန့်လွင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးခိုင်ညီညီကျော်၏ ရပ်စောက် မြို့နယ် မြို့တိုးခဲ့ရေးဆောင်ရွက်ရန် ကာကွယ်ရေးဝန်ကြီးဌာနမှ စွန့်လွှတ်ထားသော ဟိုပင်စက်ပစ်ကွင်း (၁၃၄၇)ဧကကို မည်သည့် အချိန်၊ မည်သည့်ပုံစံဖြင့် ရပ်စောက်မြို့နယ် ပြည်သူများအတွက် လူနေထိုင်ရန် မြေကွက်များဖော်ဆောင်ပေးရန် မည်သို့ စီမံဆောင်ရွက်ထား ရှိသည်ကို ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းနှင့် ပတ်သက်၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စီမံကိန်း နှင့် စီးပွားရေးဝန်ကြီးမှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ လွယ်ကိုး ကျေးရွာအုပ်စု၊ ကွင်းအမှတ်၊ ကွင်းအမည်၊ မြေဧရိယာ (၁၄၀၀)ဧက အားပြည်ထဲရေးဝန်ကြီးဌာန၏ ၂၅. ၈. ၁၉၉၂ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ ဗဟိုးတပ်မြို့စည်ပင်သာယာရေးအဖွဲ့တပ်မြေအတွက် အခမဲ့လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ၎င်းမြေ(၁၄၀၀)ဧကအနက်မှ အသုံးပြုရန် မလိုအပ်သည့် (၁၃၄၇)ဧကအား ရပ်စောက်မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်၅. ၄. ၂၀၁၇ရက်နေ့တွင်ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၄/၂၀၁၇) ဆုံးဖြတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၁၁. ၄. ၂၀၁၇ ရက်စွဲပါစာအမှတ် ၄၅၅၂/၆-၆၃၃/အစရ(ရှမ်း)ဖြင့်စွန့်လွှတ်ပေးနိုင်ပါရန် တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ၁၂. ၉. ၂၀၁၇ ရက်စွဲပါစာအမှတ် ၁၂၆၆/ ၂၁၆-မြေ၁-၁/အဖရ/၂၀၁၇ဖြင့်သဘောထားပြန်ကြား

ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းယန်းမြို့နယ်၊မဲဆန္ဒနယ်အမှတ် (၂) မှ ဦးတင်ဝင်းက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးတင်ဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းယန်းမြို့နယ်၊ နောင်ဟိုင်ကျေးရွာသို့သွားသည့် လမ်းပေါ်ရှိ အရှည်(၃၅)ပေ၊အကျယ်(၁၄)ပေ ရှိသစ်သား ချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုင်းယန်းမြို့နယ်၊ နောင်ဟိုင်ကျေးရွာသို့သွားသည့်လမ်းပေါ်ရှိ ချောင်းကူးတံတားအရှည် (၃၅)ပေ၊အကျယ် (၁၄)ပေ သစ်သားတံတားအား ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်ပေးခဲ့သော်လည်း ချောင်းရေကြီးခြင်းကြောင့် တံတားအောက်ခြေနှင့် တံတားအခင်းပျက်စီးနေသည့်အတွက် ကျေးရွာနေ တောင်သူလယ်သမားများလယ်ယာထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်

D/real(wide) (2

အတွင်းရှိ ငါးအိုး-မဘိမ်း ကားလမ်းမကြီးနှင့် ချိတ်ဆက်သော ရမ်းဘိုရွာချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်း မှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ငါးအိုး-မဘိမ်း ကားလမ်းမကြီးနှင့် ချိတ်ဆက်သော ရမ်းဘိုလမ်း ရှိပါတယ်။ ထို ချိတ်ဆက်လမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူတည် ဆောက်ခဲ့ပါတယ်။ ထိုလမ်းသည် အောက်ရမ်းဘိုရွာ၊ အထက်ရမ်း ဘိုရွာနှင့် ခေါတောကျေးရွာတို့နှင့် ဆက်သွယ်ထားပါတယ်။ ထိုလမ်းသည် ယခုအခါ သဘာဝဘေးဒဏ်ကြောင့်ပျက်စီးမှုများ ရှိနေပါတယ်။ မိုင်အရှည်အား ဖြင့် (၁၀)မိုင်ရှိပါတယ်။ ရွာလူထုများ သွားလာရေးခက်ခဲနေသော ကြောင့် မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်ရှိ ငါးအိုး-မဘိမ်းကားလမ်းနှင့် ဆက်သွယ်ထားသော ရမ်းဘိုရွာချင်း ချိတ်ဆက်လမ်းအား ပြုပြင် ထိန်းသိမ်းရန် ရန်ပုံငွေချထားမှုအပေါ် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ရှိသည်ကို သိလိုပါ၍ လူထုကိုယ်စား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ် ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို မေးမြန်းထားတဲ့ ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ ငါးအိုး-မဘိမ်း

ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေကြရပါတယ်။

သို့ဖြစ်ပါ၍ နောင်တွင်ကျေးရွာသို့သွားသည့် လမ်းပေါ်ရှိ အရှည် (၃၅)ပေ၊ အနံ(၁၄)ပေ သစ်သားချောင်းကူးတံတားအား သံကူကွန်ရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စားရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးခွန်ရဲထွေး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးတင်ဝင်း မေးမြန်းထားသည့် မိုင်းယန်းမြို့နယ်၊ နောင်တွင်ကျေးရွာသို့သွားသည့် လမ်းပေါ်ရှိ အရှည်(၃၅×၁၄)ပေရှိ သစ်သားချောင်းကူးတံတားအား သံကူကွန် ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ၊ရှိပါ ကမည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင် မည်ကို သိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ကျွန်တော်ဦးခွန်ရဲထွေးမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ နောင်တွင်ကျေးရွာ သို့သွားသည့်လမ်းသည် လမ်းအဆင့်အတန်းအရ Class A အဆင့်ဖြစ်ပြီး ဒုတိယဦးစားပေး သတ်မှတ်ထားပါတယ်။ အဆိုပါ

D/real(wide) (2

ကားလမ်းမကြီးနှင့် ချိတ်ဆက်သော ရမ်းဘိုရွာချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းရန် ရန်ပုံငွေချထားမှု အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းခြင်းနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ကျွန်တော် ဦးခွန်ရဲထွေးက ဖြေကြား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ် ငါးအိုး-မဘိမ်းကားလမ်းနှင့် ချိတ်ဆက်ထားသော ရမ်းဘိုရွာချင်းချိတ်ဆက်လမ်း (၁၀)မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲထားသောလမ်းဖြစ်ပြီး အကျိုးပြု အိမ်ခြေ (၂၅၆)အိမ်နှင့် အကျိုးပြုလူဦးရေ (၁၁၅၀)ဦး ဖြစ်ပါတယ်။ အဆိုပါလမ်းမှာ လမ်းအဆင့်အတန်း Class A ၊ တတိယ ဦးစားပေးအဆင့် သတ်မှတ်ထားပါတယ်။ သတ်မှတ်ချက်အရ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေမှ ဆောင်ရွက်ရသောလမ်းဖြစ်ပြီး ယခုဆောင်ရွက်ရန် တောင်းဆိုသော ငါးအိုး-မဘိမ်းကားလမ်းနှင့် ရမ်းဘိုရွာချင်းချိတ် ဆက်လမ်း ၁၀ မိုင်အား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ၁၂ လ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းထွန်းဉာဏ်က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊

လမ်းပေါ်ရှိ နောင်ဟွိုင်သစ်သားတံတား ပေ(၃၅×၁၄×၁၀) အား ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းတန်ဖိုး ကျပ် ၁၀.၅၀ သန်းဖြင့် ဆောင်ရွက်ခဲ့ပါသော်လည်း ချောင်းရေကြီး၍ ရေတိုက်စားခံရမှုကြောင့် တံတားအောက်ခြေများပျက်စီးခြင်း၊ တံတားအခင်းနှင့် လက်ရမ်းတိုင်များ ပျက်စီးနေခဲ့ပါသည်။

အဆိုပါ တံတားအား သံကူကွန်ကရစ်တံတား ပေ (၃၅×၁၄×၁၀)အဖြစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၁၀၈.၀၀ သန်းကုန်ကျမှာ ဖြစ်ပါတယ်။ သံကူကွန်ကရစ်တံတား ပေ(၃၅×၁၄×၁၀) တည်ဆောက်ပြီးစီးပါက ကျေးရွာနေတောင်သူလယ်သမားများ၊ လယ်ယာထွက်ကုန်သီးနှံများ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း၊ ကျေးရွာနေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းတို့ကြောင့် ၂၀၁၈-၂၀၁၉ခု ဘဏ္ဍာရေးနှစ် ၁၂ လ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထား၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးမောင်ညိုက မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမောင်ညို၊ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်

D/real(wide) (2

ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါက အောက်မြန်မာနိုင်ငံ မြေနှင့်အခွန် အက်ဥပဒေပုဒ်မ ၃၈(က)နှင့် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် စည်းမျဉ်း ဥပဒေပုဒ်မ ၃၁(၁)(၂) တို့အရ တူးဖော်ထုတ်ယူလိုသူမှ သက်ဆိုင်ရာခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ လျှောက်ထားရန်လိုအပ်ပြီး ခရိုင်/မြို့နယ်များမှ အမှုတွဲဖွင့်လှစ် ဆောင်ရွက်၍ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)၏ ကြီးကြပ်မှုဖြင့် လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။

ထိုသို့ လိုင်စင်များ ခွင့်ပြုထုတ်ပေးရာတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (နုံးချုပ်)၏ ညွှန်ကြားချက်နှင့်အညီ “ ဓါတ်သတ္တုထုတ်လုပ်ခွင့် လိုင်စင် လျှောက်ထားလာမှုများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီအမှုတွဲပြုစု၍ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ထောက်ခံချက်နှင့်အတူ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမှုတွဲပေးပို့ပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အတည်ပြုချက်ရရှိပြီးမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုင်စင်ထုတ်ပေးရေး ဆောင်ရွက်သွားရန်” ခရိုင်များသို့ ညွှန်ကြားထားပြီး၊ သက်ဆိုင်ရာ ခရိုင်များမှ စိစစ်ထောက်ခံ၍ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အတည်ပြုချက်ရယူရန် တင်ပြလာသော ဓါတ်သတ္တုတူးဖော်ခွင့် လိုင်စင်အမှုတွဲများအား ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးသို့ တင်ပြဆွေးနွေး၍ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဓါတ်သတ္တုတူးဖော်ခွင့်လိုင်စင်များအား သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိတ္တော်အရာရှိ)များမှ ခွင့်ပြုချထားပေးလျက်ရှိပါတယ်။

ထို့အပြင် ဓါတ်သတ္တုတူးဖော်ထုတ်ယူခြင်းများအား ဒေသ

ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဦးစိုင်းထွန်းဉာဏ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအတွက် သဲ၊ ဖြုန်း၊ ကျောက်နှင့် ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်း၊ မြို့တိုင်းလိုလိုပင် တည်ဆောက်ရေးလုပ်ငန်းများ အတွက် မရှိမဖြစ်လိုအပ်သော သဲ၊ ဖြုန်း၊ ကျောက်များကို မြို့ပတ်ဝန်းကျင်များတွင် အဆင်ပြေသလို ထုတ်ယူအသုံးပြုနေသည်ကို တွေ့ရပါတယ်။ အဆိုပါ သဲ၊ ဖြုန်း၊ ကျောက် ထုတ်လုပ်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ငန်းပမာဏအလိုက် အခွန်များ ကောက်ခံပြီး စီမံခန့်ခွဲနေသည်ဟု ကြားသိရပါတယ်။ အချို့မြို့နယ်များတွင် မြို့အလှအပများကို ပျက်စီးစေခြင်း၊ သဘာဝပတ်ဝန်းကျင်များ ထိခိုက်စေခြင်း၊ ဒေသခံများ ကန့်ကွက်ခြင်း စသော ပြဿနာများဖြစ်ပေါ်လျက် ရှိနေပါတယ်။သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ သဲ၊ ဖြုန်း၊ ကျောက်ထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အခွန်အခများ ရရှိမှုအနေအထား၊ အခြေအနေနှင့် မည်ကဲ့သို့ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်နေသည် ကိုသိရှိလိုကြောင်း လွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရသို့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။အားလုံး ကိုကျေးဇူးတင်ပါတယ်။

D/real(wide) (2

တွင်း အသုံးပြုရန်အတွက်သာ ခွင့်ပြုရန်၊ ပြည်ပသို့ တင်ပို့ရောင်းချ ခွင့်မပြုရန်နှင့် ယင်းလုပ်ငန်းများ၏ သဘောသဘာဝအရ မြေပျက်စီး ဆုံးရှုံးမှုများ ရှိနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုင်စင်ထုတ်ပေးရေး ထောက်ခံတင်ပြ ရာတွင် နိုင်ငံတော်မှရရှိမည့် အခွန်ပမာဏနှင့် မြေဆုံးရှုံးပျက်စီးမှု ပမာဏအား ထည့်သွင်းစဉ်းစား သုံးသပ်သွားရန်အတွက်လည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဓါတ်သတ္တုတူး ဖော်ခွင့်လိုင်စင်ထုတ်ပေးမှုများနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန (နှုန်းချုပ်)၏ ညွှန်ကြားချက်နှင့်အညီ ဓါတ်သတ္တုလိုင်စင် ခွင့်ပြုထုတ်ပေးခြင်းများအား ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းကြောင့် “ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဓါတ်သတ္တုခွန် ၂၂,၉၁၁,၇၀၀/-သာ ကောက်ခံရရှိခဲ့သော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၅၃,၉၁၇,၉၅၀/-၊ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင်၁၄,၈၂၉,၉၄၀/-၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၃၃၅,၈၉၆,၆၄၅/-နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၇၁၄,၈၄၃,၆၂၄/-အထိ တိုးတက် ကောက်ခံရရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်များတွင် တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ မရှိမဖြစ်လိုအပ်သော သဲ၊ ဖြုန်း၊ ကျောက်(ဓါတ်သတ္တု)တူးဖော်ခွင့်လုပ်ငန်းလိုင်စင်များ ခွင့်ပြုချထား ပေးခြင်းနှင့်ပတ်သက်၍ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် အခါအားလျော်စွာ ညွှန်ကြားချက်များထုတ်ပြန်၍ တရား မဝင်ဓါတ်သတ္တုများ တူးဖော်ထုတ်ယူမှုမရှိစေရေး၊ နိုင်ငံတော် အတွက် ရသင့်ရထိုက်သော အခွန်ငွေများ လျော့နည်းဆုံးရှုံးမှု မရှိ စေဘဲ အပြည့်အဝရရှိစေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းရွှန်တစ်လုံ၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း မြို့နယ်တိုင်းလိုလို တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ်လိုအပ်သော သဲ၊ ဖြုန်း၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အခွန်အခများရရှိမှုအခြေအနေနှင့် မည်ကဲ့သို့ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီးက ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဓါတ်သတ္တုတူးဖော်လုပ်ကိုင်ခြင်းများ အား တရားဝင်ထုတ်လုပ်ခွင့် လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ဆောင်ရွက်မှုများမရှိစေရေးနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက် သော အခွန်ငွေများ လေလွင့်နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အတွက် လမ်းခင်းရန်၊ တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲရန် ကျောက်၊ ကျောက်စရစ်၊ သဲ ထုတ်ယူခြင်း၊ ဂဝံကျောက်နှင့် မြေစေးများ ထုတ်ယူသုံးစွဲခြင်းများအပေါ် ဓါတ်သတ္တုထုတ်ယူခွင့်လိုင်စင် လျှောက်ထားရယူရန်နှင့် တရားဝင်လိုင်စင်ရယူခြင်းမရှိဘဲ ထုတ်ယူသုံးစွဲပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ ဓါတ်သတ္တုတူးဖော်ထုတ်

D/real(wide) (2

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ) ဦးညီလေးချမ်းက ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ) ဦးညီလေးချမ်း၊ ပင်းတယမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးညီညီ (ခ)ဦးညီလေးချမ်းဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့၊ ဒီဇင်ဘာလ (၁၁) ရက်နေ့မှာ ပြောကြားသွားတဲ့ အကြောင်းအရာများကို ကျွန်တော် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ မိမိတို့ရဲ့ တာဝန်ဖြစ်တဲ့ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတွေကို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့လို့မဆိုနိုင်သော်လည်း နိုင်ငံသားများ၏ လူ့အခွင့်အရေးအသိပညာတိုးရေးနှင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ကဏ္ဍတွေမှာ ကော်မရှင်က စွမ်းအားရှိသမျှ ဆောင်ရွက်နေကြောင်း အကျယ်တဝင့် ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ၂၀၁၄ခုနှစ်မှ ၂၀၁၇ခုနှစ် စက်တင်ဘာလအထိ ကော်မရှင်သို့ တိုင်ကြားသည့် အမှုပေါင်းမှာ (၄၁၀၀) ကျော်ရှိပြီး အဲ့ဒီထဲမှာ မြေယာ

(သို့မဟုတ်) လူဝုဏ်သိက္ခာကို ညှိုးနွမ်းစေသည့် ပြုမူဆက်ဆံမှု (သို့မဟုတ်) ဆန့်ကျင်သော အပြည်ပြည်ဆိုင်ရာ သဘောတူချက်များကို မြို့မှ ကျေးရွာများ၊ စာသင်ကျောင်းများထိ ဖြန့်ဝေပညာပေးဟောပြောပွဲများကို နေ့စဉ်ပြုလုပ်ပေးပါမှ လူ့အခွင့်အရေးဆိုတာဘာလဲ ပြည်သူတွေ သဘောပေါက်နားလည်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်ခါ တစ်ခါ လူ့အခွင့်အရေးချိုး ဖောက်မှုသည် မန္တလေးမြို့နှင့်ရန်ကုန်မြို့ မှာဆိုလျှင် အိမ်ဖော်တွေ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့အတွက်များစွာ ဆုံးရှုံးနစ်နစ်မှုတွေ ဖြစ်ပေါ်နေပါတယ်။ဒါကြောင့်ဒီလို လူ့အခွင့်အရေး ဆုံးရှုံးမှုတွေကို ကာကွယ်နိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် အောက်ပါကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် လူ့အခွင့်အရေးစံနှုန်းစံထားများ၏ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၂၀၁၅ခုနှစ်မှ ယနေ့အထိ လူ့အခွင့်အရေးချိုးဖောက်မှုများရှိပါက မည်သည့်မြို့နယ်များ ဖြစ်ခဲ့သည်၊ အမှုများရှိပါက မည်သည့်မြို့နယ်များတွင်ဖြစ်ပြီးနှင့် မည်သည့်နေရာသို့ တိုင်ကြားရမည်ကို အများပြည်သူ သိရှိနိုင်ရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ် အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာအောင်သန်းမောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်

D/real(wide) (2

အစိုးရအဖွဲ့ဝင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါက်တာ အောင်သန်းမောင် ဖြစ်ပါတယ်။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ မေးမြန်းသည့် မေးခွန်းဖြစ်သော ရှမ်းပြည်နယ် အတွင်းရှိ မြို့နယ်အသီးသီးတွင် လူ့အခွင့်အရေးစံနှုန်းစံထားများ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ၂၀၁၅ခုနှစ်မှ ယနေ့အထိ လူ့အခွင့်အရေးချိုးဖောက်မှုများရှိပါက မည်သည့်မြို့နယ်များဖြစ်ခဲ့သည်၊ အမှုများရှိပါက မည်သည့် မြို့နယ်များတွင်ဖြစ်ပြီးနှင့် မည်သည့် နေရာသို့ တိုင်ကြားရမည်ကို သိလိုခြင်းနှင့်ပတ်သက်သည့် မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အနေဖြင့် ကလေးသူငယ်အခွင့်ရေးများ ဆိုင်ရာကော်မတီ၊ အမျိုးသမီးများ အခွင့်အရေး ဆိုင်ရာကော်မတီ၊ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းထား ရှိပြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီများဖွဲ့စည်းရန် စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းကော်မတီများအား ပြည်နယ် အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်အထိ ဖွဲ့စည်းဆောင်ရွက် ထားပါတယ်။ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ခုနှစ်အထိ UNICEF၊ ရတနာ့မေတ္တာအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ People In Need အဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့တို့ဖြင့် ပူးပေါင်း၍ ရပ်ရွာအတွင်း ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု (Case Management System) စီမံချက်ဖြင့် ကလေးသူငယ်ပြစ်မှုများကို ကလေး သူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ကာကွယ် စောင့်ရှောက်ပေးလျက်ရှိခြင်း၊ အသက်အရွယ်အားဖြင့်

သိမ်းဆည်းခံရတဲ့အမှုဟာ (၁၉၀၀)ကျော်၊ တရားစီရင်ရေးနှင့် ပတ်သက်သည့် အမှုပေါင်း (၄၀၀)ကျော် ထုတ်ပြန်တင်ပြထားတာ ကိုလည်းတွေ့ရှိရပါတယ်။ မြေယာသိမ်းဆည်းမှုနှင့်ပတ်သက်ပြီး ၂၀၁၄ ခုနှစ်မှာ၉၄၄ မှု၊၂၀၁၅ ခုနှစ်မှာ ၆၂၆ မှု၊၂၀၁၆ခုနှစ်မှာ ၂၇၄ မှု၊ ၂၀၁၇ ခုနှစ်မှာ ၁၀၃ မှုစုစုပေါင်း ၁၉၄၇ တရားရေးတွင်၂၀၁၄ ခုနှစ်မှာ ၁၆၆ မှု၊၂၀၁၅ ခုနှစ်မှာ ၁၄၁ မှု၊၂၀၁၆ ခုနှစ်မှာ ၈၀ မှု၊ ၂၀၁၇ ခုနှစ်မှာ ၂၈ မှု ၊ စုစုပေါင်း ၄၁၅ မှု ဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရဲတပ်ဖွဲ့နှင့်ဆိုင်တဲ့ အမှုပေါင်း ၂၆၀ မှု၊ ဝန်ထမ်းနှင့် ပတ်သက်သည့် အမှုပေါင်း ၂၈၀ မှု၊ မြို့နယ်ရပ်ကျေးအုပ်ချုပ်ရေးမှူး နှင့်ဆိုင်သည့် အမှုပေါင်း ၁၈၀ မှု၊ ငွေကြေးဆိုင်ရာနှင့် ပတ်သက်သည့် အမှု ၁၁၃ မှု၊ စည်ပင်နှင့်ဆိုင်သည့်အမှု ၁၀၉ မှု၊ အမျိုးသမီး၊ အလုပ်သမား ပြဿနာ၊ ဘာသာရေးဆိုင်ရာ အကြမ်းဖက်မှု၊ လူကုန်ကူးနှင့် ပတ်သက်တဲ့ အမှုပေါင်း ၆၄ မှုရှိကြောင်း တွေ့ရှိရပါ တယ်။ အဲ့ဒီထဲမှာ ရှမ်းပြည်နယ်အတွင်းဖြစ်တဲ့ အမှုပေါင်း မည်မျှရှိတယ်ဆိုတာ အများပြည်သူသိရှိဖို့ လိုအပ်လာပါတယ်။ မြေယာကိစ္စဟာ အများဆုံးဖြစ်တဲ့အတွက် လူ့အခွင့်အရေး အများဆုံးဖိနှိပ် တာတွေ့ရပါတယ်။ ယခုရှမ်းပြည်နယ်လွှတ်တော်မှာပဲ စီစစ်ရေး ကော်မတီမှ တင်ပြသည့် အစီရင်ခံစာ၊ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးမှာ တင်ပြသည့် ကြယ်ပွင့်ပြမေးခွန်းတွေ၊ အဆိုတွေဟာ မြေယာကိစ္စနှင့်ပတ်သက်သည်ဆိုတာ မီးမောင်းထိုးပြလျက်ရှိပါတယ်။

တရားဥပဒေစိုးမိုးမှုမရှိလျှင် လူ့အခွင့်အရေးချိုးဖောက်မှုတွေ များပြားလာမှာဖြစ်ပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေး သည် များစွာအရေးကြီးကြောင်းကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း အမြဲသတိပေးပြောကြား လျက်ရှိပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအခွင့်အရေး ကြော်ငြာစာတမ်း၊ ညှင်းပန်းနှိပ်စက်မှုနှင့် အခြားနှိပ်စက်သော လူသားမဆန်သော

D/real(wide) (2

ငယ်ရွယ်သော အမျိုးသမီးငယ်ကလေးများ သက်ငယ်မှုဒဏ်မှ ပြုကျင့်ခြင်းခံရလျှင် ပြုကျင့်သူအား သက်ဆိုင်ရာ တရားဥပဒေ အလျောက် အရေးယူဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ပြုကျင့်ခံရသူအား စောင့်ရှောက်မှုလိုအပ်ပါက လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်းကျောင်းများတွင် ယာယီစောင့်ရှောက်ပေးလျက်ရှိပြီး အမျိုးသမီးများ အခွင့်အရေးအနေဖြင့် Hot Line မှတိုင်ကြားလာသော အမျိုးသမီးကိစ္စရပ်များအား ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လူကုန်ကူးခံရသော အမျိုးသမီးများအား မိဘရပ်ထံ ပြန်လည်ပေါင်းစည်းပေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နောက်ဆက်တွဲ စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ခရိုင်/မြို့နယ်များအလိုက် မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မှုဒဏ်မှုများ လျော့နည်းကျဆင်းရေး အစရှိသည့် ပညာရေးဟောပြောပွဲများအား လစဉ်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုများကို ကာကွယ်ရေးဥပဒေအား ထည့်သွင်းဟောပြောစေခြင်းအပြင် လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပွားခဲ့ခြင်း၊ လူ့အခွင့်အရေး စံနှုန်းစံထားများ၏ ပညာပေးခြင်းနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူ့အခွင့်အရေးကော်မရှင်တို့နှင့် ပူးပေါင်း၍ လူ့အခွင့်အရေး ကြော်ငြာစာတမ်းပါအပိုဒ် (၃၃)ပိုဒ်မှ သင့်လျော်ကိုက်ညီသည့် အချက်များအား အခြေအနေပေးသည့် မြို့နယ်/ သင်တန်းများတွင် ထည့်သွင်းဟောပြောဆောင်ရွက်လျက်ရှိပြီး၊ တိုင်ကြားချက်အမှုများ အပေါ်မူတည်၍ ငြိစွန်းသော ဥပဒေပုဒ်မဖြင့် အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၅ခုနှစ်မှ ယနေ့အချိန်ထိ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်၍

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နွားဘန်းကြီးရွာမှ ဦးမောင်ဝိုင်း၊ ဒေါ်ဝင်းနု၏ သမီးအသက်(၂၅)နှစ် ခန့်ရှိ မနန်းမေဇင်ဦးသည် အိမ်ဖော်သွားလုပ်ကိုင်ရာမှ အိမ်ရှင်တစ်ဦး၏ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရ၍ မျက်လုံးတစ်ဖက် ပျက်စီးခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ခန္ဓာကိုယ်အရေပြားများ ပျက်စီးခံရကြောင်းကို (၁၁. ၃. ၂၀၁၇)ရက်နေ့တွင် ကျွန်တော် ကိုယ်တိုင်သွားရောက်လေ့လာတွေ့ရှိခဲ့ရပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီး ညှဉ်းပန်းနှိပ်စက်ခံရတဲ့ အမျိုးသမီးဟာ ဆေးဝါးကုသရန်အတွက် လည်းကောင်း၊ အနာဂတ်ဘဝသာယာလှပရေးအတွက်လည်းကောင်း ငွေကြေးအခက်အခဲများစွာရှိနေပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြောကြားလိုတာက အခင်းဖြစ်ပွားတဲ့နေရာနှင့် တရားခံတွေရဲ့ အမည်ကို မဖော်ပြခြင်းမှာ တစ်မြို့နှင့်တစ်မြို့ ပဋိပက္ခများမဖြစ်ပွားစေရန် မဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါအတိုင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နွားဘန်းကြီးရွာမှ ဦးမောင်ဝိုင်း၊ ဒေါ်ဝင်းနု၏ သမီးအသက်(၂၅)နှစ်ခန့်ရှိ မနန်းမေဇင်ဦးသည် အိမ်ဖော်သွားလုပ်ကိုင်ရာမှ အိမ်ရှင်တစ်ဦး၏ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရ၍ မျက်လုံးတစ်ဖက် ကွယ်ခြင်း၊ ခန္ဓာကိုယ်အရေပြားအက်ဆစ် အပက်ခံရ၍ အရေပြားများပျက်စီးခံရခြင်း၊ ၎င်း၏ မိဘများမှလည်း ငွေကြေးအခက်အခဲရှိခြင်း၊ အနာဂတ်ဘဝသာယာလှပရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ထို့အတူ ဤကိစ္စမျိုး ထပ်မံမဖြစ်ပွားရအောင် မည်သို့ပညာပေးဟောပြောခြင်း၊ ကြိုတင် ကာကွယ်ခြင်း

D/real(wide) (2

များ မည်သို့စီမံပြုလုပ်ပေးမည်ကို အများပြည်သူသိရှိရန်အတွက် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမြေးမြန်းသည့် ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နွားဘန်းကြီးရွာမှ ဦးမောင်ဝိုင်း၊ ဒေါ်ဝင်းနု၏သမီး အသက်(၂၅)နှစ်ခန့်ရှိ မနန်းမေဇင်ဦးသည် အိမ်ဖော်သွားလုပ်ကိုင်ရာမှ အိမ်ရှင်တစ်ဦး၏ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရ၍ မျက်လုံးတစ်ဖက်ကွယ်ခြင်း၊ ခန္ဓာကိုယ်အရေပြား အက်ဆစ်အပက်ခံရ၍ အရေပြားများပျက်စီးခြင်းခံခဲ့ရပါတယ်။ ၎င်း၏မိဘများမှလည်း ဆေးကုသရန် ငွေကြေး အခက်အခဲရှိတဲ့အတွက် အနာဂတ်ဘဝသာယာလှပရေး မည်သို့စီမံဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ထို့အတူ ဤကိစ္စမျိုး ထပ်မံမဖြစ်ပွားရအောင် မည်သို့ပညာပေးဟောပြောခြင်း၊ ကြိုတင်ကာကွယ်ခြင်းများ မည်သို့စီမံပြုလုပ်ပေးမည်နှင့်စပ်လျဉ်း၍ ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး နိုင်ဝင်းအောင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

D/real(wide) (2

နိုင်ငံသားများပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုများကို ကာကွယ်ရေးဥပဒေ အရ ၂၀၁၇ ခုနှစ်တွင် တောင်ကြီးခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်း တောင်ကြီးမြို့တွင် (၁)မှု၊ ပင်းတယမြို့တွင် (၁)မှု၊ စုစုပေါင်း(၂)မှု ရေးဖွင့် အရေးယူခဲ့ပြီး ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ တောင်ကြီးမြို့တွင် (၃)မှု ဖြစ်ပွားအရေးယူခဲ့ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုများရှိလာပါက နစ်နာသူကာယကံရှင်များအနေဖြင့်-

(က) လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော် (၀၆၇-၄၀၄၆၆၆၊၀၆၇-၄၀၄၇၇၇)၊

(ခ) မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး (၀၁-၆၅၄၆၇၃)၊

(ဂ) ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ဒေါက်တာ အောင်သန်းမောင်၊ (၀၉-၄၅၉၀၀၇၀၁၅)၊

(ဃ) ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ အမှတ်(၄၀)၊ အုတ်ဖိုလမ်း၊ မြို့မရပ်ကွက်(၀၈၁-၂၁၂၁၁၆)၊

(င) ဦးထွန်းဦး၊ (ညွှန်ကြားရေးမှူး) (၀၉-၉၇၉၄၇၈၅၇၇၊ ၀၉-၄၉၂၃၄၃၃၇)၊ ဖုန်းနံပါတ်များ၊ သက်ဆိုင်ရာရဲစခန်းများသို့ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက ဒုတိယမေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

ရွာငံမြို့နယ်၊နွားဘန်းကြီးကျေးရွာနေ ဦးမောင်ဝိုင်း၊ ဒေါ်ဝင်းနု တို့၏ သမီးဖြစ်သူ မနန်းမေဇင်ဦးသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာရပ်ကွက်၊ A နှင့် B လမ်းကြား၌ ဒေါ်မိုးမိုး၏နေအိမ်တွင် အိမ်ဖော်အဖြစ်သွားရောက်လုပ်ကိုင်နေခဲ့ရာ အိမ်ရှင် ဒေါ်မိုးမိုးနှင့် ခွေးမဖြစ်သူ မနီနီနုနွယ်တို့၏ ညှဉ်းပန်းနှိပ်စက်ခဲ့ရသဖြင့် ခန္ဓာကိုယ်အရေပြားများပျက်စီးခဲ့ခြင်းအတွက် ခန္ဓာကိုယ် အစိတ်အပိုင်းတွေပျက်စီးခဲ့ရသဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့ကြသူ ဒေါ်မိုးမိုးနှင့် မနီနီနုနွယ်တို့အား ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်နယ်မြေရဲစခန်းတွင် (ပ)၁၀၁/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂နှင့် (ပ)၁၀၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆/၃၄၄/၁၁၄တို့ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

အမှုမှ ညှဉ်းပန်းနှိပ်စက်ခံရသူ မနန်းမေဇင်ဦးအား ယခုအခါ မန္တလေးတိုင်းဒေသကြီး၊ အမျိုးသမီးရေးရာအဖွဲ့မှ ထိန်းသိမ်းစောင့်ရှောက်ထားရှိပြီး၊ လူကုန်ကူးမှုတားဆီးနှိမ်နှင်းရေးအဖွဲ့၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ မနန်းမေဇင်ဦး၏ မျက်နှာနှင့်ခန္ဓာကိုယ်ပေါ်ရှိဒဏ်ရာများအား ခွဲစိတ်ကုသမှု ခံယူစေခဲ့ရာ ယခုအခါဆေးရုံမှဆင်းခွင့်ရပြီဖြစ်ပါတယ်။ မနန်းမေဇင်ဦး၏ ကျန်းမာရေးအတွက် ဆေးကုသမှုကိစ္စရပ်များတွင် သုံးစွဲနိုင်ရန် စေတနာရှင်များမှ လျှဒါန်းငွေ(၅၃၁၃၀၀၀/-) (ကျပ်ငါးဆယ့်သုံးသိန်းတစ်သောင်းသုံးထောင်တိတိ)လက်ခံ ရှိထားပြီးဖြစ်ပါတယ်။

ထို့အပြင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ ရွာငံမြို့နယ်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ စေတနာရှင်လူမှုရေးအသင်းအဖွဲ့များမှလည်း ရွာငံမြို့နယ်ရှိ မနန်းမေဇင်ဦး၏ မိဘများနေအိမ်သို့သွားရောက်၍ အားပေးနှစ်သိမ့်ခြင်း၊

D/real(wide) (2

ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ (မူကြမ်း)အား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ဥပဒေကြမ်းအား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တင်သွင်းသွားမည့် ဥပဒေကြမ်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရှမ်းပြည်နယ်လွှတ်တော်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)ကို ၂၀၁၈ခုနှစ်၊ မတ်လ ၃၀ ရက်စွဲဖြင့် လွှတ်တော်သို့တင်သွင်းသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ (မူကြမ်း)မှာ

အခန်းပေါင်း(၁၁)ခန်းနှင့် အခန်း(၁)မှာ အမည်နှင့် အဓိပါယ် ဖော်ပြချက်၊ အခန်း(၂)မှာ ရည်ရွယ်ချက်များ၊ အခန်း(၃) ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ၊ အခန်း(၄)မှာ ကြက်မွေးမြူရေးဇုန်ထူထောင် ခြင်း၊ အခန်း(၅) ကြက်မွေးမြူရေးခြံ ပိုင်ရှင်၏လုပ်ငန်းတာဝန်များ၊ အခန်း(၆) မှတ်ပုံတင်ခြင်း၊ အခန်း (၇) စီမံခန့်ခွဲခြင်းနှင့်အရေးယူခြင်း၊ အခန်း(၈) အယူခံခြင်း၊ အခန်း(၉) တားမြစ်ချက်များ၊ အခန်း(၁၀) ပြစ်ဒဏ်များနှင့် အခန်း(၁၁) အထွေထွေဟူ၍ ပါရှိပါတယ်။

အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်တွင် ပုဒ်မ (၂)ခုနှင့် ပုဒ်မခွဲ (၁၀)ခုပါဝင်ပါတယ်။

အခန်း(၂) ရည်ရွယ်ချက်များတွင် ပုဒ်မ ၃ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကြက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျ စီမံခန့်ခွဲ နိုင်ရန်။

(ခ) ကြက်မွေးမြူရေးဇုန်များ စနစ်တကျ အကောင် အထည်ဖော်နိုင်ရန်။

(ဂ) ကြက်မွေးမြူရေးလုပ်ငန်းများ လွတ်လပ်စွာ ဖွံ့ဖြိုး တိုးတက်စေရန်။

(ဃ) ကြက်မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသော အနံ့ အသက်ဆိုးနှင့် ကူးစက်ရောဂါများ ပြည်သူလူထု သို့အလွယ်တကူ ကူးစက်ခြင်းမှကာကွယ်ရန်။

(င) ကြက်မွေးမြူရေးလုပ်ငန်းများ လုံခြုံမှုရှိစေရန်။

ဆိုပြီးတော့ ပုဒ်မ၃မှာ ပုဒ်မခွဲ(၅)ခုဖြင့် ဖော်ပြထား တာကိုတွေ့ရပါတယ်။

အခန်း(၃)မှာတော့ ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ လုပ်ငန်းတာဝန်များကို ဖော်ပြထားတာကိုတွေ့ရှိရမှာ ဖြစ်ပါတယ်။

လိုအပ်သည့် အကူအညီများပေးခြင်း၊ ထောက်ပံ့ပေးမှုများ ဆောင်ရွက်ပေးခြင်း တို့ကိုပြုလုပ်ပေးလျက်ရှိပါတယ်။ အလားတူ ညှဉ်းပန်းနှိပ်စက်မှု ကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာများ၊ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ ရပ်ကွက်/ကျေးရွာများ၊ အခြေခံပညာကျောင်းများတွင် သက်ငယ်မုဒိန်းမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှု၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်း စသည့် မှုခင်းအသိပညာပေး ဟောပြောဆွေးနွေးခြင်းများပြုလုပ် ပေးခြင်း၊ ရပ်ဝေးရပ်နီးရှိဆွေမျိုးအသိ မိတ်ဆွေများထံသို့ သွားရောက် အလုပ်လုပ်ကိုင်လိုသူများ၊ ရပ်ဝေးရပ်နီးမှ လာရောက်အလုပ်လုပ်ကိုင် လိုသူများအား ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပေါင်းစပ်တွေ့ဆုံ၍ မှုခင်းအသိပညာပေးဆွေးနွေးဟောပြောခြင်း များအား အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဒီကနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်း ခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

D/real(wide) (2

၄၄၁

ရှမ်းပြည်နယ်
ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
နဝမပုံမှန်အစည်းအဝေး
(စတုတ္ထနေ့)မှတ်တမ်း
၁၃၇၉ ခုနှစ်၊ တန်ဆူးလဆန်း ၁၄ ရက်
၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်
[သောကြာနေ့]
နေ့လည်ပိုင်း

အခမ်းအနားမှူး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ မကြာမီအချိန်အတွင်း ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လည်ပိုင်းအစီအစဉ်အား ဆက်လက်ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြား အပ်ပါ တယ်ရှင်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)

အားလုံးထိုင်နိုင်ပါပြီရှင်။

၄၄၅

ကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ကော်မတီဖွဲ့စည်းသည့် ကိစ္စနှင့်ပတ်သက်၍ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆ ဖြင့်ဖွဲ့စည်းထားပြီးတော့ ပုဒ်မ၆ မှာဆိုလျှင် ကော်မတီရဲ့ လုပ်ငန်းတာဝန်ကို ပုဒ်မခွဲ (က)မှ(ဇ)ထိ ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

အခန်း(၄)မှာဆိုရင်လည်း ကြက်မွေးမြူရေးဇုန်ထူထောင်ခြင်းနှင့်ပတ်သက်၍ ပုဒ်မ၇ ၊ ပုဒ်မ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ဆိုပြီး ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။

အခန်း(၅) ကြက်မွေးမြူရေးခြံပိုင်ရှင်၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်ပြီး ပုဒ်မ၁၃၊ ပုဒ်မ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ဆိုပြီး ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။

အခန်း(၆) မှတ်ပုံတင်ခြင်း ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ စသည်ဖြင့် ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ ပုဒ်မ(၁၈)မှာဆိုလျှင်လည်း ပုဒ်မခွဲ(က)၊(ခ)၊(ဂ)ဆိုပြီး ထည့်သွင်းရေးဆွဲထားတွေ့ရပါတယ်။ ပုဒ်မ(၁၉)မှာဆိုလျှင်လည်း ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) ဟူ၍ ခွဲခြားဖော်ပြထားကို တွေ့ရပါတယ်။

အခန်း(၇) စီမံခန့်ခွဲခြင်းနှင့်အရေးယူခြင်းတွင်လည်း ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ စသည်ဖြင့် ထည့်သွင်းဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ ပုဒ်မ(၂၂)မှာဆိုလျှင် ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)ဆိုပြီး ခွဲခြားထားတာကိုလည်းတွေ့ရပါတယ်။

အခန်း(၈) အယူခံခြင်းများမှာလည်း ပုဒ်မ၂၃၊ပုဒ်မ၂၄၊ ပုဒ်မ၂၅၊ ပုဒ်မ၂၆ဆိုပြီးပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါတယ်။

အခန်း(၉)တားမြစ်ချက်များမှာလည်း ပုဒ်မ၂၇၊ပုဒ်မ၂၈၊ ပုဒ်မ၂၉၊ ပုဒ်မ၃၀ ဆိုပြီးပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါတယ်။

အခန်း(၁၀) ပြစ်ဒဏ်များမှာလည်း ပုဒ်မ၃၁၊ပုဒ်မ၃၂ ၊ ပုဒ်မ ၃၃ ဆိုပြီးပြဋ္ဌာန်းထားတာကိုလည်း တွေ့ရှိရပါတယ်။

D/real(wide) (2

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ “ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ် အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ် ရက်အဖြစ် သတ်မှတ်ပေးရေး” အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းလုံ၏ **“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး”** အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ် (၆)ဦးက ဆွေးနွေးဖို့ အမည်စာရင်းပေးပို့ထားပါတယ်။ ဆွေးနွေးမည့်ကိုယ်စားလှယ်များအနေနဲ့ ပေးထားသည့်အချိန်မှာ လိုရင်းကိုရောက်အောင် ဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ **“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး”** ဆိုတဲ့ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က ဦးစိုင်းလုံ၏အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

D/real(wide) (2

အခန်း(၁၁)အထွေထွေ ကဏ္ဍဖြစ်ပြီး ပုဒ်မ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ထိ ပြဋ္ဌာန်းထားသည်ကို တွေ့ရပါတယ်။

နောက်ဆုံးမှာဆိုလျှင် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။ (ပုံ) ဒေါက်တာလင်းထွဋ်၊ ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဟု ဖော်ပြထားသော ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ(မူကြမ်း)ကို လွှတ်တော်မှအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၆(က)အရ ဤဥပဒေကြမ်းကို စိစစ်ရန် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်ပြီး အနီးကပ်ဆုံး ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပါမယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဤဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန်ရှိပါက ဆွေးနွေးမည့် အချက်များကို ပြည်နယ်လွှတ်တော်ရုံးသို့ (၃၀ ၄ ၂၀၁၈)ရက်နေ့အရောက်ပေးပို့ကြပါရန် အသိပေးပြောကြားလိုပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို(၁)နာရီ (၃၀)မိနစ်ခန့်ရပ်နားမှာဖြစ်ပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီရှင်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ နေ့လည်ပိုင်းအစည်းအဝေးကို နေ့လည်ပိုင်း(၁)နာရီ (၃၀)မိနစ်မှာ ပြန်လည်စတင်မှာဖြစ်ပါတယ်ရှင်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် လူမျိုးပေါင်း (၁၃၅)ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် အဓိကလူမျိုးကြီး(၈)မျိုးရှိပါတယ်။ ၎င်းတို့မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့်ရှမ်းဟူ၍ ဖြစ်ပါတယ်။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဖွဲ့စည်းရာ၌ လူမျိုးစုဖြစ်တဲ့ ဗမာလူမျိုးကို တိုင်းဒေသကြီးအဖြစ် ဖွဲ့စည်းပြီး ကျန်တိုင်းရင်းသား လူမျိုးစု(၇)မျိုးကို ပြည်နယ်များအဖြစ် ဖွဲ့စည်းထားရှိပါတယ်။ ပြည်နယ်များအနက် ရှမ်းပြည်နယ်မှာ အကျယ်ဝန်းဆုံးဖြစ်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း (၆၀၁၅၅. ၁၇၆)မိုင် ရှိပါတယ်။ ခရိုင်ပေါင်း (၁၃)ခရိုင်၊ မြို့နယ်ပေါင်း (၅၅)မြို့နယ်၊ မြို့(၈၅)မြို့၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ(၄)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း(၁)ခု ပါဝင်ပါတယ်။ ရှမ်းပြည်နယ်ထဲမှာ တိုင်းရင်းသားပေါင်း(၃၀) ကျော်ခန့် နေထိုင်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းကို အနည်းငယ် တင်ပြခွင့်ပြုပေးပါခင်ဗျား။ ရှမ်းပြည်နယ်ကို ရှေးယခင်အခါက ကမ္ဘောဇတိုင်းလို့ခေါ်ပါတယ်။ သမိုင်းတင်စကာလ ပျူခေတ်အတွင်း အေဒီ(၇)ရာစုမှစ၍ ပြည်ထောင်စုနိုင်ငံနယ်နိမိတ်၌ ဖွဲ့စည်းပါဝင် လာခဲ့ပါတယ်။ ပြည်ထောင်စုနိုင်ငံသည် ပုဂံမင်းတို့အင်အား ကျဆင်းလာသည့်အချိန်တွင် ပြိုကွဲလာသဖြင့် ရှမ်းညီနောင်(၃)ဦးတို့က ကျောက်ဆည်ဒေသကို အခြေစိုက်၍ မြန်မာတို့ကို စည်းရုံးကာ "ပင်းယခေတ်"ကို တည်ထောင်ခဲ့သည်ဟု သမိုင်းမှာ ဆိုထားပါတယ်။

အင်္ဂလိပ်တို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် အုပ်ချုပ်ရေးပုံစံများကို တစ်ပြေးညီမထားပဲ ရှမ်းပြည်နယ်နှင့် တောင်တန်းဒေသများ၌ ယခင်ကရှိခဲ့သော ပဒေသရာဇ်စနစ်

တောင်ပိုင်းတို့၏ အလယ် တွင်ရှိသော မိုင်းကိုင်မြို့၌ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့တွင် စုဝေးကြရန် သဘောတူကြပါတယ်။

မိုင်းကိုင်မြို့ အစည်းအဝေးတွင် ရှမ်းပြည်စဝ်ဖများ ကောင်စီခေါ် စော်ဘွားများ အသင်းဖွဲ့စည်းရန်၊ မူဝါဒရေးရာ ဆောင်ရွက်ရန်၊ စဝ်ဖများ ကောင်စီအလုပ်အမှုဆောင် ကော်မတီကို အာဏာကုန်လွှဲအပ်ရန် ဆွေးနွေးခဲ့ကြပါတယ်။ ပထမအကြိမ် ပင်လုံအစည်းအဝေးကို ၁၉၄၆ခုနှစ်၊ မတ်လ(၂၆)ရက်မှ (၂၈)ရက်ထိ ကျင်းပခဲ့ပြီး ရှမ်းပြည်နယ်၏ အနာဂတ်အရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါတယ်။ ရှမ်းပြည်နယ်၏ အနာဂတ်အရေးအတွက် လှုပ်ရှားနေကြချိန်တွင် မြေပြန့်ဒေသ၌ လွတ်လပ်ရေးတိုက်ပွဲသည် အရှိန်အဟုန်မြင့်လျက်ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့တွင် အင်္ဂလိပ်အစိုးရ၏ ဖိတ်ကြားချက်အရ ဆွေးနွေးပွဲတက်ရောက်ရန် လန်ဒန်သို့ သွားရောက်ခဲ့ပါတယ်။ လန်ဒန်တွင် ရှိနေစဉ် ရှမ်းပြည်စဝ်ဖများကောင်စီ၏ အလုပ်အမှုဆောင်ကော်မတီက ဗိုလ်ချုပ်အောင်ဆန်းသည် စော်ဘွားများ၏ ကိုယ်စားလှယ်မဟုတ်သဖြင့် တောင်တန်းနယ်များကိစ္စကို ဆွေးနွေးရန် စော်ဘွားများအား သီးခြားဖိတ်ခေါ်ပါဟု ဘုရင်ခံထံ ကြေးနန်းရိုက်အကြောင်းကြားလိုက်ပါတယ်။

ဒုတိယအကြိမ် ပင်လုံညီလာခံကို ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့မှစ၍ (၁၃)ရက်နေ့ထိ ကျင်းပခဲ့ပါတယ်။ လူထုနှင့် စော်ဘွားများ ပူးပေါင်းရေး၊ မြေပြန့်ဒေသနှင့်ပူးပေါင်း၍ လွတ်လပ်ရေးရယူရေးစသည်တို့ကို ဆောင်ရွက်ကြရာ၌ ၁၉၂၂ ခုနှစ်က ဖွဲ့စည်းခဲ့သော ပဒေသရာဇ်ကောင်စီသည် ကြီးမားသော အဟန့်အတားတစ်ရပ်ဖြစ်သောကြောင့် ရှမ်းပြည် လူထုခေါင်းဆောင်တစ်ဦးဖြစ်သော "လင်းခေးဦးထွန်းမြင့်"က ပဒေသရာဇ်ကောင်စီအား လူထုနည်းဖြင့် ဖျက်သိမ်းရန်အဆိုကို

D/real(wide) (2

ဖေဖော်ဝါရီလ(၇)ရက် နေ့တွင် တင်သွင်းခဲ့ပါတယ်။ ထို့နောက် လူထုကိုယ်စားလှယ်(၇)ဦး၊ စော်ဘွားများကိုယ်စားလှယ်(၇)ဦး၊ ပေါင်း(၁၄)ဦးတို့ ပါဝင်သော ရှမ်းပြည်ကောင်စီ အမှုဆောင်အဖွဲ့ကို အောင်မြင်စွာ ဖွဲ့စည်းကာ ဘုရင်ခံအား ပဒေသရာဇ်ကောင်စီ ဖျက်သိမ်းကြောင်း ကြေညာပေးပါဟူသော စော်ဘွားများ၏ တောင်းဆိုချက်ကို ဘုရင်ခံထံ ကြေးနန်းပေးပို့ခဲ့ပါတယ်။ အင်္ဂလိပ်တို့ အုပ်ချုပ်နေစဉ်အတွင်း ဘုရင်ခံကို အံတုဖက်ပြိုင်၍ ပထမအကြိမ် အရေးဆိုခဲ့သော ဖေဖော်ဝါရီလ(၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ပင်လုံညီလာခံအတွင်း ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ပြုလုပ်သော အစည်းအဝေးကြီး၌ သတ်မှတ်ခဲ့ပါတယ်။ ရှမ်းအမျိုးသား နေ့အဖြစ် သတ်မှတ်ကြေညာချက်ကို ထိုအချိန်တွင် ရှမ်းပြည် စော်ဘွားများကောင်စီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သော တောင်ပိုင်း စော်ဘွား (နမ့်ဆန်-ပလောင်) စော်ဘွားကြီးက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ကြောင်း သမိုင်းအထောက်အထား အရ သိရှိရပါတယ်။ ထိုတောင်ပိုင်း (ပလောင်)စော်ဘွားကြီး၊ စဝ်ခွန်ပန်းစိန်သည် ပင်လုံညီလာခံ၌ သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်းလည်း သိရှိရပါတယ်။

၁၉၄၇ ခုနှစ်မှစ၍ ဖေဖော်ဝါရီလ(၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့လို့ သတ်မှတ်ရာမှ ရှမ်းပြည်နယ်သည် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြသော ပြည်နယ်တစ်ခုဖြစ်သည့်အလျောက် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးစုအားလုံး ကိုယ်စားပြုနိုင်စေရန် အတွက် ၁၉၆၀ ခုနှစ်မှစ၍ ရှမ်းပြည်နယ်နေ့ဟု ပြောင်းလဲခေါ်ဝေါ်ရာ ယနေ့ထိတိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကဲ့သို့ သမိုင်းအစဉ်အလာကြီးမားသော လွတ်လပ်ရေး၏ အခြေခံလို့ ပြောလို့ရသော ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်

ဟောင်းအတိုင်း စော်ဘွားများ၊ မြို့စားများ၊ ငွေခွန်မျူးများစသော အကြီးအကဲများ၊ ဒူဝါးများ၊ တောအုပ်များ၊ သူကြီးများကို ပြန်လည် အုပ်ချုပ်ခွင့်ပေး၍ တစ်ဆင့်ခံအုပ်ချုပ်စေခဲ့ပါတယ်။ ယင်းအုပ်ချုပ်မှုစနစ်သည် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို တစ်သီး တစ်ခြားစီ ဖြစ်စေရန် ခွဲခြားခြင်းပင် ဖြစ်ပါတယ်။ တစ်နည်းပြောရရင် သွေးခွဲအုပ်ချုပ်ရေးစနစ်ပင်ဖြစ်ပါတယ်။ အင်္ဂလိပ်တို့သည် မြေပြန့်ဒေသကိုသာ လွတ်လပ်ရေးပေးရန် အစီအစဉ်ရှိပြီး တောင်တန်းဒေသကို အင်္ဂလိပ်တို့၏ လက်အောက်တွင်သာ ဆက်လက်ထားရှိလိုသည့်အတွက် ပြည်နယ်/ပြည်မ ခွဲခြား၍ အုပ်ချုပ်စေခြင်းဖြစ်ပါတယ်။

ယင်းရည်ရွယ်ချက်ကိုသိတဲ့ ရန်ကုန်တက္ကသိုလ်မှ ရှမ်းကျောင်းသားများက ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားပေါင်း စုံပါဝင်သော ရှမ်းပြည်နယ်ကျောင်းသားများအသင်းကို (၁၉၃၄) ခုနှစ်တွင် စတင်ဖွဲ့စည်းလှုပ်ရှားလာခဲ့ပါတယ်။ ယင်းတက္ကသိုလ် ကျောင်းသားများ အသင်းသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂနှင့် လျှို့ဝှက်စွာဆက်သွယ်ကြပါတယ်။ ရှမ်းပြည်နယ်တွင်လည်း အာရှလူငယ်များ အစည်းအရုံးကို ဒေသ အနှံ့ ဖွဲ့စည်းလှုပ်ရှားလာခဲ့ကြပါတယ်။ ယင်းလှုပ်ရှားမှုသည် ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်များ၊ စော်ဘွားများထိ ပြန့်နှံ့လာ ခဲ့ပါတယ်။ ရှမ်းပြည်နယ်၏ အရေးအရာကိစ္စရပ်များကို သတ်မှတ်ဆုံးဖြတ်ရာတွင် နယ်ရှင် ပဒေသရာဇ် စော်ဘွားများ၏ သဘောထားသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ပါတယ်။ (၁၉၄၅)ခုနှစ် အကုန်ပိုင်းတွင် မိုင်းပွန်စော်ဘွားကြီး၏ မဟာဒေဝီ စျာပနဥ္စ စော်ဘွားများ စုမိကြပြီး ရှမ်းပြည်နယ်၏ အရေးအရာကိစ္စရပ်များကို ဆွေးနွေးရန်လမ်းစပေါ်လာပါတယ်။ ထို့နောက် စော်ဘွားများအားလုံး အစည်းအဝေးပြုလုပ်ရန် လိုအပ်သည်ဟု ယူဆသဖြင့် ရှမ်းပြည်နယ်၏ မြောက်ပိုင်းနှင့်

D/real(wide) (2

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်၊ ပင်လုံ ပြည်ထောင်စုစာချုပ် ချုပ်ဆိုနိုင်ရန် အရေးကြီးသော အထင်ကရ အစပြုရာ၊ သန္ဓေတည်ရာ၊ အမြုတေရာ နေ့ရက်၊ သမိုင်း၊ မှတ်တမ်းဝင်နေ့ရက် ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး နေမဝင်အင်ပါယာ ဗြိတိသျှကိုလိုနီလက်အောက်မှ ရုန်းကန်လှုပ်ရှား လွတ်လပ်ရေး တောင်းဆိုကြသော လက်အောက်ခံနိုင်ငံများထဲတွင် ကျွန်တော်တို့ နိုင်ငံသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ကိုလိုနီဘဝတွင် အင်္ဂလိပ်အစိုးရက ပြည်မနှင့် တောင်တန်းခွဲခြားအုပ်ချုပ်ခဲ့သည်ကိုလည်း အများအသိပင် ဖြစ်ပါတယ်။ ကချင်အုပ်ချုပ်ရေး ဥပဒေ၊ ချင်းတောင်တန်းအုပ်ချုပ်ရေးဥပဒေ၊ ရှမ်းတောင်တန်းအုပ်ချုပ်ရေးဥပဒေစသည်ဖြင့် ခွဲခြားအုပ်ချုပ်ပြီး ကျွန်ုပ်တို့၏ ရှမ်းပြည်တွင် ဗြိတိသျှကော်မရှင်နာဝန်ကြီးက ဖွဲ့စည်းပေးထားသော စော်ဘွားများသာ ပါဝင်သည့် ရှမ်းအကြီးအကဲများကောင်စီ ဖက်ဒရယ်(Federal Council Of Shan Chief)ကို ဖွဲ့စည်းအုပ်ချုပ်ခဲ့ပါသည်။ ပြည်မတွင် ဒို့ဗမာအစည်းအရုံး၊ ဖဆပလ အစည်းအရုံးမှစ၍ နိုင်ငံရေးအဖွဲ့အစည်းများပေါ်ပေါက် သကဲ့သို့ ကျွန်ုပ်တို့၏ ရှမ်းဒေသတွင်လည်း အာရှလူငယ်မှစ၍ (ရပလ) ရှမ်းပြည်နယ် လွတ်မြောက်အဖွဲ့အထိ နိုင်ငံရေးအဖွဲ့အစည်းများပေါ်ပေါက်ခဲ့ပါသည်။ ပြည်မတွင် ကိုလိုနီတို့၏ အလိုတော်ရိများနှင့် လွတ်လပ်ရေးကြိုးပမ်းသူများအကြား ပဋိပက္ခလည်း ရှိခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်ထောင်စုလွတ်လပ်ရေးကြိုးပမ်းမှုမှာ လွယ်လွယ်ကူကူ အဆင်ပြေချောမွေ့ခဲ့သည့် ပန်းခင်းသောလမ်းဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်မဟုတ်ပါ။ ကိုလိုနီ

အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးသင့်ကြောင်း မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ၏အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညီညီ(ခ)ဦးညီလေးချမ်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ကျွန်တော်ကတော့ ပင်းတယမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးညီညီ(ခ) ဦးညီလေးချမ်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်ဆွေးနွေးတင်ပြသွားမှာကတော့ ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက်ကို ရှမ်းပြည်နယ် အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင် ရုံးပိတ်ရက်ရက်အဖြစ် သတ်မှတ်ပေးရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ်ထဲကို နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက်ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးပါက ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားအတိုင်းမသိ ထောက်ခံမှုကိုရယူနိုင်ခြင်း၊ အမျိုးသားရင်ကြားစေ့ရေးကို အထောက်အကူပြုစေခြင်းနှင့် ၂၁ရာစုပင်လုံ

D/real(wide) (2

နယ်ချဲ့အရာရှိ ဘော်တွန်လေနှင့် နယ်ချဲ့အလိုတော်ကြီး ဦးစောကဲ့သို့ သော ပုဂ္ဂိုလ်များက ဗိုလ်ချုပ်အောင်ဆန်းထက် စောစီးစွာကြုံတင်၍ ရှမ်းပြည်နယ်သို့ ရောက်ရှိလာပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်မပူးပေါင်းရေး၊ ပြည်မနှင့် မပူးပေါင်းရေး ဗြိတိသျှလက်အောက်တွင် နေထိုင်၍ အဆင့်တိုးမြှင့်သော အုပ်ချုပ်ရေးဖြင့်နေထိုင်ရန် သွေးဆောင်ဖြားယောင်းခဲ့သည်မှာလည်း အများအသိပင် ဖြစ်သည်။ နားထောင်ယုံကြည်ခဲ့ကြသည့် ပုဂ္ဂိုလ်များရှိခဲ့သည်ကိုလည်း အများအသိပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် စိတ်ဓာတ်ကျဆင်း၍ ပြည်ထောင်စုအတွက် မျှော်မှန်းချက် မှေးမှိန်ခဲ့ရသဖြင့် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်နှင့် (ရပလ) ခေါင်းဆောင် ဦးတင်ဇေတို့က ညောင်ရွှေဟော်သို့ တစ်ညအိပ်ခရီး၊ အင်းလေးသို့ အပန်းဖြေ ခေါ်ဆောင်ကာ ပုဂ္ဂိုလ်ရေး ရင်းနှီးမှု နှင့် အပြန်အလှန် ယုံကြည်မှုတို့ တည်ဆောက်ခဲ့ကြသည်ကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ကျွန်ုပ်တို့ ရှမ်းဒေသတွင် မူလရှိနေသောFederal Council Of Shan Chief အဖွဲ့ဝင်များနှင့် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ (ရပလ)၊ လူထုခေါင်းဆောင်များအကြား ပဋိပက္ခမှာ ကြီးပင်ကြီးနေငြားသော်လည်း ပြည်မနှင့်တကွ လွတ်လပ်ရေးရယူရေးမှာ ထိပ်တန်းအရေးကြီးကိစ္စဖြစ်လာသဖြင့် အမျှော်အမြင်ရှိသော ရှမ်းခေါင်းဆောင်များက အရေးကြီးပြီ သွေးနီးကြစို့ဟူသော ဥပမာဖြင့် ဤ ၁၉၄၇ ခုနှစ်၊ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပူးတွဲ၍ အတူတကွ လွတ်လပ်ရေး ရယူကြမည်ဟူသော သဘောတူညီမှု ရရှိနိုင်ခဲ့ပါသည်။ ရှမ်းစော်ဘွားများကကိုလိုနီ ဗြိတိသျှတို့ ဖွဲ့စည်းပေးခဲ့သော မိမိတို့သာပါဝင်ပြီး ရှမ်းစော်ဘွား(၇)ဦးနှင့် ရပလခေါင်းဆောင်(၇)ဦး စီပါဝင်သော Shan State Chief ကို ရဲရင့်ခိုင်မာသော သတ္တိ၊ ဆုံးဖြတ်ချက် သံန္ဒိဋ္ဌါန်ချ၍

ငြိမ်းချမ်းရေးညီလာခံကို အထောက် အကူပြုနိုင်ခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး အတွက်လည်း အထောက်အကူပြုစေခြင်းကြောင့် လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါသည်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီ(၁၂)ရက်နေ့ ပင်လုံစာချုပ်တွင် ခရုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့မှ ခရုတိုင်းရင်းသားဦးခွန်စောကလည်း အများပြည်သူကိုယ်စား ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အတွက် ယခုလည်း ဖေဖော်ဝါရီလ(၇)ရက်ကို ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်သတ်မှတ်ပါက ခရုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုင်းရင်းသားပြည်သူများကလည်း လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြရင်းနှီးဂုဏ်ချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းဇော်မိုးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးသိန်းဇော်မိုး၊ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်သော ရှမ်းပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွတ်တော်ကိုယ်စားလှယ်များအားလုံး ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွတ်တော်သို့ လေ့လာတက်ရောက်လာသူများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ရှမ်းပြည်နယ်၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းလုံတင်သွင်းသော “ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး” အဆိုကို ကျွန်တော်

D/real(wide) (2

၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ(၇)ရက်တွင် ဖွဲ့စည်း၍ ရှမ်းပြည်နယ် အနာဂတ်ကို ဖန်တီးကာ ဖေဖော်ဝါရီ(၁၂)ရက် ပြည်ထောင်စု ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ Shan State Chief တွင် စော်ဘွားများဘက်မှ ပါဝင်သူများမှာ-

(၁) တောင်ပိုင်းစော်ဘွားကြီး စဝ်ခွန်ပန်းစိန် (ပလောင်လူမျိုး)
(၂) ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် (ရှမ်း၊ အင်း)
(၃) သိန္နီစော်ဘွားစဝ်ဟုံဖ(ရှမ်း)
(၄) မိုးမိတ်စော်ဘွားစဝ်ခွန်ချို(ရှမ်း)
(၅) မိုင်းပွန်စော်ဘွားစဝ်စံထွန်း(ရှမ်း)
(၆) သထုံဆီဆိုင်စော်ဘွားစဝ်ခွန်ကြည်(ပအိုဝ်း)
(၇) သာမခမ်းစော်ဘွား စဝ်ထွန်းအေး (ဓနု)တို့ ဖြစ်ကြပြီး၊

ရပလခေါင်းဆောင်(၇)ဦးမှာ-

(၁) ဦးတင်အေး(အင်း/ရှမ်း)(တောင်ကြီး)
(၂) ဦးထွန်းမြင့်(ရှမ်း)(လင်းခေး)
(၃) ဦးခွန်စော(ဓနု)ပင်လုံ
(၄) ဦးခွန်ထီး(ရှမ်း)ပင်လုံ
(၅) ဦးကြာပု(ရှမ်း)သီပေါ
(၆) စဝ်ယိပ်ဖ(ရှမ်း)သိန္နီ
(၇) ခွန်ဖုံး(ရှမ်း)သိန္နီ စသည့်လူမျိုးပေါင်းစုံ ရှမ်းခေါင်းဆောင်များ ဖြစ်ကြပါသည်။ ထို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ(၇)ရက် ရှမ်းခေါင်းဆောင်များညီညွတ်ရေးမှ ထိုနေ့ကို ရှမ်းအမျိုးသား နေ့အဖြစ် သိန္နီစော်ဘွားစဝ်ဟုံဖက အစပျိုးကျင်းပခဲ့ပြီး ကျယ်ပြန့်စေရန် မိုးမိတ်စော်ဘွားစဝ်ခွန်ချိုက ရှမ်းပြည်နယ်နေ့ အဖြစ် ကျင်းပခဲ့ပါသည်။ ၁၉၄၇ ပြည်ထောင်စုပင်လုံစာချုပ်

တက်ရောက်လာကြသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်အားလုံး မဂ်လာပါလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖက်ဒရယ်ပြည်ထောင်စုကို သွားနေသည့် အတိတ်ပြည်ထောင်စုနိုင်ငံတော် ပေါ်ပေါက်လာ ရခြင်း၏ နောက်ခံသမိုင်း၊ မှတ်တမ်းအချက်အလက်များကို ပြန်ပြီး လေ့လာဆန်းစစ်ရမည်ဆိုပါက ဖေဖော်ဝါရီလ ၇ ရက်နေ့၊ ရှမ်း အမျိုးသားနေ့ဟုဆိုဆို၊ ရှမ်းပြည်နယ်နေ့ ဟုသတ်မှတ်သတ်မှတ် ၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့သည် တောင်တန်း နှင့်ပြည်မ လွတ်လပ်ရေးကို အတူတကွရယူကြရန်အတွက် ရှမ်းပြည်နယ်မှ နယ်ပိုင်စော်ဘွားနှင့် တိုင်းရင်းသားလူထုခေါင်းဆောင်များက အတွေးသစ် အမြင်သစ်တစ်ခုရရှိပြီး၊ ရှမ်းပြည်နယ်အတွက် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလိုလားသည့် ရှမ်းပြည်နယ်လူထု၏ တောင်းဆို ချက်ကို ဗြိတိသျှအစိုးရမှ ငြင်းပယ်သည့်တိုင် အကျိုးဆက်အားဖြင့် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီ(၁၂)ရက်နေ့တွင် ရှမ်းပြည်ထောင်စု (Federal Shan State) ကချင်တောင်တန်းဒေသ၊ ချင်းတောင် တန်းဒေသ၊ မြန်မာပြည်မမှ ကိုယ်စားလှယ်များက လွတ်လပ်ရေးကို အတူတကွ ရယူကြရန်အတွက် သဘောတူညီမှုပင်လုံစာချုပ် လက်မှတ် ရေးထိုးခဲ့ကြသည်ကို သမိုင်းကြောင်းအရ သိရှိခဲ့ရ ပါတယ်။ ထိုနေ့ကို အစွဲပြု၍ ပြည်ထောင်စုနေ့ဟု သတ်မှတ် ခဲ့ကြပါတယ်။ ထို့ကြောင့် ပြည်ထောင်စုနေ့အဖြစ် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့ မတိုင်မီ ဖေဖော်ဝါရီလ(၇)ရက်နေ့ကို ရှမ်းပြည်ထောင်စု (Federal Shan State) နယ်ပိုင်စော်ဘွားများ ဖြစ်ကြသော ရှမ်းစော်ဘွားများ၊ တအာင်း၊ ပလောင်၊ ဓနု၊ ပအိုဝ်၊ အင်း စသည်နှင့် ရှမ်းပြည် နိုင်ငံရေးလှုပ်ရှားမှု လူထုခေါင်းဆောင် များ ဦးဆောင်ပါဝင်ပြီး ရှမ်းအမျိုးသားနေ့ (Shan National Day)

D/real(wide) (2

၊ ယခုအခေါ် ရှမ်းပြည်နယ်နေ့အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်ကိုယ်စားပြု ရှမ်းပြည်နယ်အလံကိုလည်းကောင်း သတ်မှတ်နိုင်ခဲ့သော ရှမ်းပြည်နယ်အတွက် အရေးပါသည့်အပြင် ပြည်ထောင်စုသမိုင်းအတွက် အရေးပါသည့် နေ့တစ်နေ့လည်းဖြစ်ပါသည်။

ထို့ကြောင့် လွန်ခဲ့သည့် ဆယ်စုနှစ်များတွင် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ရှမ်းအမျိုးသားနေ့၊ ယခုအခေါ် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်ပွဲများအဖြစ် အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများနှင့် နှစ်စဉ်ကျင်းပခဲ့ကြပြီး ဥပမာ မှတ်သားမိသည်မှာ ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ ရှမ်းပြည်နယ်နေ့ အခမ်းအနားများကို မကျင်းပနိုင်ခဲ့သည်မှာလည်း ဝမ်းနည်းဖွယ်တွေ့ရှိရပါသည်။သမိုင်းစာမျက်နှာမှာလည်း ကွယ်ပျောက် လုနီးပါး ဖြစ်နေပါတယ်။ ဤကဲ့သို့ သမိုင်းဝင် နေ့ထူးနေ့မြတ် အကြောင်းကို နောင်လာမျိုးဆက်သစ် လူငယ်များအတွက် သယ်ဆောင်မပေးနိုင်သည့်အပြင် ရှမ်းပြည်နယ်နေ့ဆိုသည့် သမိုင်းဝင်နေ့တစ်နေ့ကိုပင် အောက်မေ့သတိရခြင်း မရှိတော့သည့်အဖြစ်သို့ ရောက်ရှိကြပြီဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယခု ၂၀၁၇-၂၀၁၈ စာသင်နှစ်အတန်းတင် စာမေးပွဲကို ဖေဖော်ဝါရီလ (၇)ရက်နေ့တွင် သတ်မှတ်ဖြေဆိုခဲ့သည်အထိ သမိုင်းဝင်နေ့ရက်ကို မေ့ပျောက်နေကြပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ဖက်ဒရယ်ပြည်ထောင်စုသို့သွားရာတွင် နောင်လာနောက်သားလူငယ်များ၊ အနာဂတ်တိုင်းပြည်၏အရေးကို ပခုံးပြောင်းလွဲပြောင်းရယူမည့်သူများ ဖြစ်သည့်အတွက် မိမိတို့၏ သမိုင်းဝင်နေ့ရက်ကို ပြန်လည်သိရှိနိုင်ရန်အတွက် ရှမ်းအမျိုးသားနေ့၊ ယခုအခေါ် ရှမ်းပြည်နယ်နေ့ကို သမိုင်းဝင်နေ့ရက်အဖြစ်မှ မကွယ်ပျောက်ရေးအတွက် ဦးစိုင်းလုံတင်သွင်းသော **“ရှမ်းပြည်နယ်အတွက်နှစ်စဉ်ဖေဖော်ဝါရီလ(၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်း**

D/real(wide) (2

ချုပ်ဆိုရာတွင်လည်း Shan State Council တွင်ပါဝင်သော ရှမ်းခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး၊ Gentleman Agreement လူကြီးလူကောင်းတို့၏ သဘောတူညီချက်ကိုလည်း ချမှတ်ခဲ့ပါသည်။ ထို့ကြောင့် ပြည်ထောင်စုပင်လုံစာချုပ်၏ သန္ဓေတည်ရာ၊ ရှမ်း ခေါင်းဆောင်များ၊ ဗိုလ်ချုပ်အောင်ဆန်းပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် တောင်တန်းပြည်မညီညွတ်ရေး သန္ဓေတည်ရာ ဤဖေဖော်ဝါရီလ (၇)ရက်ကို ရှမ်းပြည်နယ်ခေါင်းဆောင်များ ညီညွတ်ရေး၊ ပြည်ထောင်စုခေါင်းဆောင်များ ညီညွတ်ရေးနမူနာအဖြစ် အစဉ်အောက်မေ့ရမည့်နေ့ရက်ဖြစ်သဖြင့် ရှမ်းပြည်နယ်အတွက် အထွတ်အထိပ်နေ့ထူးနေ့မြတ်အဖြစ်၊ အသိအမှတ်ပြုပိတ်ရက်အဖြစ် သတ်မှတ်ခြင်း၊ အောက်မေ့ဖွယ် အခမ်းအနားကျင်းပခြင်း၊ သမိုင်းဖြစ်စဉ်များဟောပြောခြင်း၊ ခေါင်းဆောင်ကြီးများကို အောက်မေ့အလေးပြုခြင်း စသည်တို့ကို ပြုလုပ်ကျင်းပသင့်သဖြင့် မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်အမတ် ဦးစိုင်းလုံ၏ **“ရှမ်းပြည်နယ်အတွက် နှစ်စဉ်ဖေဖော်ဝါရီလ (၇)ရက်၊ ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး”** အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းအောင်ကျော်ဦးက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ကျော်ဦး၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့

ပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး” အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး သိန်ဇီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းခင်ထားရီက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခင်ထားရီ၊ သိန်ဇီမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်သားကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။**“ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ(၇)ရက်၊ ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး”** မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံ လွှတ်တော်သို့ တင်သွင်းလာသော အဆိုကို ကျွန်မ သိန်ဇီမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီမှ ဤအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လွန်ခဲ့သော နှစ်ပေါင်း(၇၁) အတိအကျပြောရရင် (၇၊ ၂၊ ၁၉၄၇)တွင် ရှမ်းလူမျိုးအတွက်သာမက ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ သမိုင်းကြောင်းတစ်ခုပင်လုံမြို့မှာ စတင်သန္ဓေတည်ခဲ့တယ်ဆိုတာကို ဘယ်သူမှ ငြင်းချက်ထုတ်နိုင်မှာ မဟုတ်ပါဘူး။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ဖေဖော်ဝါရီလ (၇)ရက်နေ့ကို ရှမ်းအမျိုးသားနေ့လို့ အစွဲပြုခေါ်ဝေါ် ခဲ့ပေမဲ့ အဲဒီခေတ်ကာလ အခြေအနေအရ အနှစ်သာရနဲ့ ဦးတည်ချက် ကတော့ လူမျိုးပေါင်းစုံ ရှမ်းပြည်သူပြည်သားများ

(၁၃) ဒူဝါဖော်ရစ် (ကချင်ကိုယ်စားလှယ်မြစ်ကြီးနား)
(၁၄) ဦးခွန်ထီး (လူထုကိုယ်စားလှယ်ပင်လုံ)
(၁၅) ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်မောက်မယ်)
(၁၆) ဦးခွန်စော (လူထုကိုယ်စားလှယ်ပင်းတယ)
(၁၇) ဦးဖြူ (ဆီဆိုင်စော်ဘွားကိုယ်စားလှယ်)
(၁၈) ဦးစိန်ရတန် (ကချင်ကိုယ်စားလှယ်မြစ်ကြီးနား)
(၁၉) ဒူဝါဇော်လွန်း (ကချင်ကိုယ်စားလှယ်ဗန်းမော်)
(၂၀) ဦးလဘန်းဂရောင်း (ကချင်ကိုယ်စားလှယ် ဗန်းမော်)
(၂၁) ဦးလှျမူန် (ချင်းကိုယ်စားလှယ်ဖလမ်း)
(၂၂) ဦးသောင်ဇာနုတ် (ချင်းကိုယ်စားလှယ်တီးတိန်)
(၂၃) ဦးကီးယိုမာန် (ချင်းကိုယ်စားလှယ်ဟားခါး)

တို့ဖြစ်ကြပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ဗမာကိုယ်စားလှယ်(၁)ဦး၊ ရှမ်းကိုယ်စားလှယ်(၁၄)ဦး၊ ကချင်ကိုယ်စားလှယ်(၅)ဦး၊ ချင်းကိုယ်စားလှယ်(၃)ဦး၊ စုစုပေါင်း(၂၃)ဦး တက်ရောက်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ရှမ်းပြည်နယ်နေ့ ဖေဖော်ဝါရီ(၇)ရက်နေ့ကို ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်သော လူမျိုးပေါင်းစုံ ရှမ်းပြည်သူပြည်သားများကိုသာ ကိုယ်စားပြုသည့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးတွင်း မှီတင်းနေထိုင်သော ရှမ်းလူမျိုးများတို့နှင့် သက်ဆိုင်ခြင်း မရှိပါ။ ယခုကျွန်မတို့ တိုင်းရင်းသားအားလုံး တက်ရောက်သော လွှတ်တော်သည် ရှမ်းပြည်နယ်လွှတ်တော် ဖြစ်သလို ကျွန်မတို့ နေထိုင်သော ပြည်နယ်သည်လည်း ရှမ်းပြည်နယ်သာ ဖြစ်သည်။ ရှမ်းပြည်နယ်နေ့ကို တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် အဆိုသည်လည်း တစ်နိုင်ငံလုံးကို လွှမ်းခြုံစရာမလိုပဲ ရှမ်းပြည်နယ်အတွက်သာ သတ်မှတ်ပေးရန် ဖြစ်ပါတယ်။

D/real(wide) (2

တစ်ရပ်လုံးကို ကိုယ်စားပြုရန် ရည်ညွှန်းခဲ့ခြင်း ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ပင်လုံစာချုပ်ချုပ်ဆိုတဲ့နေ့ တစ်နေ့လည်း ဖြစ်ပါတယ်။ ပင်လုံညီလာခံ ကို ရှမ်း၊ ကချင်၊ ချင်းတောင်တန်း ဒေသမှ ညီအစ်ကိုများက မြေပြန့်ဒေသ ဗမာတွေနဲ့ လွတ်လပ်ရေးယူဖို့ သဘောတူခဲ့ကြပါတယ်။ ပင်လုံစာချုပ်ကို ဖေဖော်ဝါရီလ(၁၂) ရက်နေ့၊ ၁၉၄၇ခုနှစ် ပင်လုံမြို့မှာ ချုပ်ဆိုခဲ့ကြပြီး ၎င်းနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။

ပင်လုံစာချုပ်ဆိုတာ ရှမ်းမရှိရင်ဖြစ်လာမှာ မဟုတ်သလို ယခု ကျွန်မတို့ တိုင်းရင်းသားအားလုံးမှီတင်းနေထိုင်လျက်ရှိတဲ့ ပြည်ထောင်စုဆိုတာ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် ပြည်ထောင်စုရဲ့ အဓိကဗဟိုကတော့ ရှမ်းဖြစ်တယ်ဆိုတာကို သမိုင်းမှာ အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့သော ကိုယ်စားလှယ်ကြီးများမှာ-

(၁) ဗိုလ်ချုပ်အောင်ဆန်း (ဗမာပြည်ခေါင်းဆောင်)
(၂) စဝ်ခွန်ပန်းစိန် (တောင်ပိုင်းစော်ဘွား)
(၃) စဝ်ရွှေသိုက် (ညောင်ရွှေစော်ဘွား)
(၄) စဝ်ဟုံဖ (မြောက်ပိုင်းသိန္နီစော်ဘွား)
(၅) စဝ်နွံ (လဲချားသိန္နီစော်ဘွား)
(၆) စဝ်စံထွန်း (မိုင်းပွန်သိန္နီစော်ဘွား)
(၇) စဝ်စောထွန်းအေး ဆာသာမိုင်းခမ်း (အောင်ပန်း)
(၈) ခွန်ဖုန်း (လူထုကိုယ်စားလှယ်တော်ကြီး)
(၉) ဦးတင်အေး (လူထုကိုယ်စားလှယ်တော်ကြီး)
(၁၀) ဦးကြာပု (လူထုကိုယ်စားလှယ်သီပေါ)
(၁၁) စဝ်ယိဖေ (လူထုကိုယ်စားလှယ်)
(၁၂) ဆမားဒူဝါဆင်ဝါနောင် (ကချင်ကိုယ်စားလှယ် မြစ်ကြီးနား)

ပြက္ခဒိန်ထဲတွင် ထည့်သွင်းရေးသားရန် မလိုပါ။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အကောင်ထည်ဖော်ဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။ ကျန်တဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများလည်း ဒီအဆိုကို ထောက်ခံမယ် လို့လည်း ယုံကြည်မျှော်လင့်မိပါတယ်။

ကျွန်မတို့ ကျောင်းသူဘဝနဲ့ ကျွန်မဝန်ထမ်းဘဝမှာတုန်းက ဆိုရင် ရှမ်းပြည်နယ်နေ့အကြို (၆)ရက်နေ့ညမှာတောင် ဂုဏ်ပြုညစာစားပွဲတည်ခင်း ဧည့်ခံခဲ့တာတွေလည်း အမှတ်ရနေဆဲပါ။ ဖေဖော်ဝါရီလ(၇)ရက်နေ့ဆိုရင် အခမ်းအနားတွေ ကျင်းပပြီး ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ကြပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လွတ်လပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်အောင် မွေးထုတ်ပေးခဲ့တဲ့ နေ့ထူးနေ့မြတ်ရက် ဖြစ်သလို ကျွန်မတို့နိုင်ငံရဲ့ အမေနေ့ဆိုလဲ မမှားပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ (၂၈၊ ၃၊ ၂၀၁၈)ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ချင်းပြည်နယ်လွှတ်တော်မှာလည်း ဖေဖော်ဝါရီလ (၂၀)ရက် ချင်းအမျိုးသားနေ့ကို ချင်းပြည်နယ် နယ်နိမိတ်အတွင်း တရားဝင်အစိုးရ ရုံးပိတ်ရက်အဖြစ် သတ်မှတ်အတည်ပြုသွားတာကိုလည်း Social Media များကနေတစ်ဆင့် သိရပါတယ်။ ဒါကြောင့် မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံတင်သွင်းသော **"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ် အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** အဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှုးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းလင်းမြတ်က အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

D/real(wide) (2

ဦးစိုင်းလင်းမြတ်၊ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလင်းမြတ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းကိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အတွင်း အစိုးရ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးသို့ တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခြားလွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားပြီးဖြစ်တာကိုလည်း တွေ့ရပါတယ်။ ကျွန်တော်အနေနဲ့ အကျဉ်းချုပ်သာ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ သမိုင်းကြောင်းကို အနည်းငယ် ပြန်လည်ဖော်ညွှန်းတင်ပြရမယ်ဆိုရင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ဗြိတိသျှအစိုးရရဲ့ ကိုယ်စားလှယ်၊ ဘော်တွမ်လေဟာ ဗြိတိသျှဘုရင်ခံရဲ့ အမှုဆောင် (ဝန်ကြီး) အဖွဲ့ဝင်များ ဖြစ်ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွဋ်၊ စောဘဦးကြီး၊ မန်းဘခိုင်တို့နဲ့ တွေ့ဆုံပြီး တောင်တန်းဒေသအရေးကို ရန်ကုန်မြို့မှာ ဆွေးနွေးခဲ့ကြတဲ့နေ့ရက်ဖြစ်သလို အဲဒီနေ့ရက်မှာပဲ ရှမ်း၊ ကချင်၊ ချင်း၊ အင်းသား၊ ဓနု၊ ပလောင်၊ ပအိုဝ်း ခေါင်းဆောင်ကြီးများဟာ ပင်လုံမြို့မှာ မိမိတို့ တိုင်းရင်းသားအလိုက် ဆွေးနွေးခြင်း၊ တိုင်းရင်းသားကိုယ်စားလှယ်များ စုပေါင်း၍ ဆွေးနွေးခြင်းစသည်ဖြင့် မြန်မာနိုင်ငံကြီး လွတ်လပ်ရေးရဖို့အတွက် အကြိတ်အနယ် ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဲဒီလို တိုင်းပြည်လွတ်လပ်ရေးရဖို့အတွက် ဆွေးနွေးခဲ့ကြတဲ့အထဲမှာ ကချင် ခေါင်းဆောင်ကြီး

ဗိုလ်ချုပ်မှူးကြီး စောမောင်ရဲ့ ဆွေးနွေးညှိနှိုင်းကြားမှုနဲ့ ထုတ်ဝေခဲ့တဲ့ သမိုင်းဖြစ်ရပ်မှန်များကို ပြုစုထားတဲ့ တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ခုနှစ် အခြေခံဥပဒေစာအုပ်မှ သမိုင်းအထောက်အထားတစ်ချို့ကို ကောက်နှုတ်ကိုးကားတင်ပြရခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လက်ရှိ မြန်မာနိုင်ငံမှာ ကရင်နှစ်သစ်ကူးကဲ့သို့သောနေ့မျိုးကိုတောင် နိုင်ငံတော်အစိုးရမှ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြဋ္ဌာန်း ပေးထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီလ(၇)ရက်နေ့ဟာ ဆိုရင်လဲ မိမိတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝ မြန်မာ့ဆိုရှယ်လမ်းစဉ်ပါတီခေတ်မှာလဲ အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့တာကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသလို သမိုင်းအထောက်အထားများအရလည်း သိရှိရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၈. ၃. ၂၀၁၈ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ချင်းပြည်နယ်လွှတ်တော်မှာ ချင်းအမျိုးသားနေ့ ကို ချင်းပြည်နယ် နယ်နိမိတ်အတွင်း အစိုးရ ရုံးပိတ်ရက်ဖြစ်သတ်မှတ်အတည်ပြုနိုင်ခဲ့တာကို ပြည်တွင်းသတင်း များအရ သိရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ သမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့ ဖေဖော်ဝါရီလ (၇)ရက်နေ့ကို ရှမ်းပြည်နယ် နယ်နိမိတ်အတွင်း အစိုးရရုံးပိတ်ရက် အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးရန် တင်သွင်းလာတဲ့ မိုင်းကိုင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံရဲ့ အဆိုအပေါ် မိမိအနေနဲ့ အပြည့်အဝ လေးလေးနက်နက် ထောက်ခံပါကြောင်းနှင့် ယခု လွှတ်တော်သို့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးမှလည်း ယုံကြည်လက်ခံပြီး သဘောတူထောက်ခံကြလိမ့်မယ်လို့ ယုံကြည်ရင်းဆွေးနွေးမှုကို ဒီမှာပဲ ရပ်နားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

D/real(wide) (2

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလုံတင်သွင်းသော အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၆)ဦးက အသီးသီး ထောက်ခံဆွေးနွေးသွားတာဖြစ်ပါတယ်။ဒါကြောင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅၊ နည်းဥပဒေခွဲ(၈) အရ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က သဘောထားမှတ်ချက် နှင့်တကွ ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်အဆုံးအဖြတ်ရယူခြင်း။

ဗိုလ်မှူးကြီးနိုင်ဝင်းအောင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ပဏာမဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံတင်သွင်းသည့် **"ရှမ်းပြည်နယ် အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် ရှမ်းပြည်နယ်နေ့ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေးအဆို"**နှင့် စပ်လျဉ်း၍ ကျွန်တော် ဗိုလ်မှူးကြီးနိုင်ဝင်းအောင်မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏

များဖြစ်ကြတဲ့ ဆမားဒူးဝါး ဆင်ဝါးနောင်၊ ဒူဝါဇော်ရစ်၊ ဦးဒိန်ရတန်၊ ဒူဝါဇော်လ၊ ဒူဝါဇော်လွန်း၊ ဦးရဘန် ဂရောင်၊ ချင်းတိုင်းရင်းသား ခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ဦးလျှာမှုန်း၊ ဦးတောင်ဇာခုပ်၊ ဦးကီယိုမန်း၊ ဦးဝမ်ကိုဟောတို့အပြင် ရှမ်းပြည်နယ်မှ ရှမ်းတိုင်းရင်းသားခေါင်းဆောင် စော်ဘွားကြီးများ ဖြစ်ကြတဲ့ စဝ်ရွှေသိုက်၊ စဝ်စံထွန်း၊ စဝ်ဟုံဖ၊ စဝ်ယိပ်ဖ၊ စဝ်နွံ၊ စဝ်ထွန်း၈၊ ဦးခွန်ထီးတို့ ပါဝင်ခဲ့ကြသလို ဓနုတိုင်းရင်းသား ခေါင်းဆောင်ကြီး ဖြစ်တဲ့ ပင်းတယ ဦးခွန်စော၊ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင်ကြီး ဦးဖြူ၊ ပလောင်တိုင်းရင်းသားခေါင်းဆောင်ကြီး တောင်ပိုင်းစော်ဘွား စဝ်ခွန်ပန်းစိန်၊ အင်းတိုင်းရင်းသားခေါင်းဆောင်ကြီးဖြစ်တဲ့ ဦးတင်၈၊ မွန်မြန်မာလူမျိုးဖြစ်တဲ့ ခေါင်းဆောင်ကြီး လင်းခေး ဦးထွန်းမြင့်တို့ ပါဝင်ခဲ့ကြပါတယ်။ ဒီနေ့မှာပဲ မြန်မာပြည် ပြည်မနှင့် မနှေးအမြန် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လွတ်လပ်ရေးကို အတူရယူကြမည်ဆိုတဲ့ သဘောတူ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့တဲ့ နေ့ရက်ဖြစ်ခဲ့ပါတယ်။

၁၉၄၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ရက်နေ့မှာ ကျင်းပသော ပင်လုံညီလာခံမှာ အားလုံးသဘောတူတညီတညွတ်တည်း ဆုံးဖြတ်ကြရာမှာ လွတ်လပ်ရေးကို အတူတကွ ပူးပေါင်းရယူကြမယ်လို့ ဆုံးဖြတ်ခဲ့တဲ့ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းအမျိုးသားနေ့၊ ယခု ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကြောင်းကို တောင်ပိုင်း စော်ဘွားကြီး စဝ်ခွန်ပန်းစိန် (စော်ဘွားများ အစည်းအရုံး ဥက္ကဋ္ဌ) မှ ၁၁၊ ၂၊ ၁၉၄၇ရက်စွဲနဲ့ လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။ ယနေ့အချိန်မှာ ဖြစ်ပေါ်တည်ရှိနေတဲ့ ပြည်ထောင်စုနေ့ကြီးရဲ့ သန္ဓေတည်စတင်ရာ လွတ်လပ်ရေးရဲ့ ရောင်ခြည်တန်းဖြစ်ခဲ့ပြီး မင်္ဂလာရှိသော နေ့ထူးနေ့မြတ်တစ်ရက် ဖြစ်ခဲ့ကြောင်းကို ၁၉၉၀ပြည့်နှစ် ကနိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး

D/real(wide) (2

အလုပ်ပိတ်ရက်များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ် သတ်မှတ်ကြေညာ ပေးလျက်ရှိပါတယ်။ ၂၀၁၈ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့်လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ ဥပဒေ ပုဒ်မ ၂၅ အရ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၃-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၃/၂၀၁၇ ဖြင့် အများပြည်သူတို့၏ အလုပ်ပိတ်ရက်များအား ၂၅ ရက် သတ်မှတ်ကြေညာပေးခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်အထိမ်းအမှတ် ပွဲတော်များကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၂-၁၂-၂၀၁၂ ရက်စွဲပါ စာအမှတ် ၁၆/ဧ၄၈-အထွေထွေ/အဖရ(၂၀၁၂)ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းဒေသကြီး ၇ခု၊ ပြည်နယ် ၇ခုဖြင့် ဖွဲ့စည်းထားရှိပြီး မိမိတို့၏ပြည်နယ်အလိုက် ပြည်နယ်နေ့များကို သတ်မှတ်ထားရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းများလျင်မြန်သွက်လက်စွာဆောင်ရွက်နိုင်ရေး၊ တရားဝင်ရုံးပိတ်ရက်များ ပိုမိုများပြားလာမှု မဖြစ်ပေါ်စေရေးအတွက် မည်သည့်နေ့ကိုမျှ တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားခြင်းမရှိသော်လည်း မိမိဒေသ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် အခမ်းအနားများကို ကျင်းပသွားရန် ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်၍ နှစ်စဉ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သည့် ရှမ်းပြည်နယ်နေ့ကို ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး အဆိုပါနေ့အား ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနများ၊ အများပြည်သူရုံးများ၊ စာသင်ကျောင်းများနှင့် အလုပ်ရုံစက်ရုံများကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေးအဆို တင်သွင်းခြင်း နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ

လွှတ်တော် အစည်းအဝေးမှာ အတည်ပြုရေး/မပြုရေး၊ မှတ်တမ်းတင်ရေး/ မတင်ရေးဆိုတဲ့ ကိစ္စနှင့် ပတ်သက်လို့ ကျွန်တော်တို့ တိကျစွာဆောင်ရွက်ဖို့ရှိပါတယ်။ အဲ့ဒါကြောင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ(ဆ) အရ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကျွန်တော် တင်သွင်းတဲ့ အဆိုဟာ ရှမ်းလူမျိုးတစ်မျိုးတည်း၏ အကျိုးအတွက်သာဖြစ်သည်ဟု အပေါ်ယံကသာ မြင်ကြပါတယ်။ ဒီအဆိုကိုမှတ်တမ်းတင်သင့်ကြောင်း ကျွန်တော်မငြင်းလိုပါ။သို့သော် ဤကဲ့သို့ မဟုတ်ဘဲ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်ရင်းသားများအားလုံး၏ သွေးစည်းညီညွတ်ခြင်းကို ကမ္ဘာကသိအောင်ကြေညာနိုင်သောနေ့၊ ထိုမှတစ်ဆင့် ပြည်ထောင်စုစိတ်ဓါတ်သည် တိုင်းရင်းသားများအားလုံး၏ တူညီသောဘုံစိတ်ဓါတ်ဖြစ်ကြောင်း တိုင်းရင်းသား အချင်းချင်းမှ ရဲရင့်စွာစတင်ရင်ဖွင့်ကြသောနေ့၊ တိုင်းရင်းသားများအတွက် လွတ်လပ်ရေးကို မွေးဖွားပေးသောနေ့၊ လွတ်လပ်ပြီး တိုင်းရင်းသားများ အားလုံးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် တောင်တန်း-ပြည်မပူးပေါင်းရေးကျောက်တိုင် စိုက်ထူနိုင်သောတိုင်းရင်းသားများစတင်သဘောတူစေသောနေ့ စသည်တို့ အားလုံးသည် မိမိရှမ်းလူမျိုးတစ်မျိုးအတွက် အဓိကမထားဘဲ တိုင်းရင်းသားအားလုံး၏အရေးကိုရှေ့တန်းတင်သောနေ့ ဖြစ်ကြောင်းကို မိမိရှမ်းလူမျိုးသာမက ရှမ်းပြည်အတွင်းနေထိုင်ကြသော တိုင်းရင်းသားများမှ အထူးဂုဏ်ယူလိုသော စိတ်ဆန္ဒဖြင့် တင်ပြတောင်းဆိုရခြင်းဖြစ်

D/real(wide) (2

ပါသောကြောင့် မှတ်တမ်းတင်ခြင်းမပြုဘဲ ချက်ချင်းပွင့်လင်းစွာ သိလိုပါသဖြင့် မဲစနစ်ဖြင့် ဆုံးဖြတ်ပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းက ဒီအဆိုကို ပြည်ထောင်စုအဆင့်သို့ ပေးပို့ပြီးတင်ပြသွားတာရှိသလို အဆိုတင်သွင်းတဲ့ကိုယ်စားလှယ်အနေနဲ့ ၎င်းအဆိုကို အတည်ပြု ပေးနိုင်ဖို့အတွက် လွှတ်တော်ရဲ့ဆန္ဒကိုခံယူလိုကြောင်း တင်ပြလာတာ ကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့ အစည်းအဝေး (ပထမနေ့)မှာ ဆန္ဒမဲရေတွက်ရာတွင် စက်ခလုတ်သုံးစွဲပြီး ဆောင်ရွက်ဖို့ အစီအစဉ်ရှိကြောင်း တင်ပြခဲ့ပါတယ်။ ကျွန်တော် တင်ပြခဲ့တဲ့အတိုင်း စက်ပိုင်းဆိုင်ရာ တိကျမှု(Accuracy)၊ နည်းပညာ ပိုင်းဆိုင်ရာအမှား(Error) မရှိမှုနှင့် ကိုယ်စားလှယ်များရဲ့ လေ့ကျင့်မှု (Practise) ပေါ်မူတည်၍ စက်ခလုတ်ကို အသုံးပြုဖို့ အစီအစဉ် ရှိကြောင်း တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် အစည်း အဝေးမှာ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲရေတွက်ဖို့အတွက် ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေမှာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်အနေနဲ့ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ ဆန္ဒမဲများကို စက်ခလုတ်သုံးပြီး ရေတွက်ခြင်း မပါရှိသေးသည့်အတွက် ဆန္ဒမဲများကို စက်ခလုတ်သုံးပြီး ရေတွက်မည်ဆိုပါက ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာ အစားထိုး ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဒီလို နည်းဥပဒေကို အစားထိုးပြင်ဆင်နိုင်ဖို့အတွက် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေကိုပြင်ဆင်သည့် နည်းဥပဒေများကို လွှတ်တော်ကိုယ်စားလှယ်များထံ ဒီကနေ့

ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေး၍ မရပါကြောင်း၊ ရုံးများ၏ပိတ်ရက်နှင့် အများပြည်သူတို့၏ အလုပ်ပိတ်ရက်များအား ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ် သတ်မှတ်ကြေညာပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှလည်း မည်သည့် ပြည်နယ်နေ့ကိုမျှ တရားဝင် ရုံးပိတ်ရက်အဖြစ် သတ်မှတ်ထားခြင်း မရှိသော်လည်း မိမိဒေသ၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် အခမ်းအနားများကို ကျင်းပသွားရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆(ခ)တွင် "ရှမ်းပြည်နယ်အဆင့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စရပ်များ"ကို အဆိုတင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါတယ်။ ယခုတင်ပြသောအဆိုသည် ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်သော ကိစ္စမဟုတ်ဘဲ ပြည်ထောင်စုအဆင့်ကသာ ဆောင်ရွက်ပေးနိုင်သော ကိစ္စဖြစ်သဖြင့် ယခု အဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေးပြီး ကောင်းမွန်သောလုပ်ငန်းကိစ္စရပ်များဖြစ်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒီအဆိုကို ပြည်ထောင်စုအစိုးရသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မိမိရဲ့ ပြည်နယ်လုပ်ပိုင်ခွင့်မူဘောင်အတွင်းမှာ မရှိတဲ့အတွက် ပြည်ထောင်စုအစိုးရထံ ဆက်လက်တင်ပြဆောင်ရွက်မည့် အစီအစဉ်ဖြစ်ပါတယ်။သို့သော်လည်းပဲ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ယခုတင်သွင်းတဲ့အဆိုကို ကျွန်တော်တို့ ပြည်နယ်

D/real(wide) (2

ထောက်ခံမဲ အရေအတွက် (၅၈)မဲ ဖြစ်ပြီး၊ ကြားနေမရှိဘဲ ကန့်ကွက်မဲ အရေအတွက် (၅၉)မဲဖြစ်ပါတယ်။အဆိုကို အတည်ပြုရန် ဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ်၊ ကြားနေ လွှတ်တော်ကိုယ်စားလှယ်နဲ့ ကန့်ကွက်သည့် လွှတ်တော် ကိုယ်စားလှယ်ကို ရေတွက်သည့်အခါမှာ ထောက်ခံသူ (၅၈)ဦး၊ ကြားနေမရှိ၊ကန့်ကွက်သူ (၅၉)ဦးရှိပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အဆိုကို အတည်ပြုရန်ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေသည်များသဖြင့် ၎င်းအဆိုအား မှတ်တမ်းတင်ကြောင်းကြေညာပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "ရှမ်းပြည်နယ်စည်ပင်သာယာရေး လုပ်ငန်းစဉ်များရင်ွေ/သုံးငွေပွင့်လင်း မြင်သာမှုဆိုင်ရာ"အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များရင်ွေ/သုံးငွေပွင့်လင်းမြင်သာမှုဆိုင်ရာ"** အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးဖို့စာရင်းပေးထားပါတယ်။ ပထမဦးစွာ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းကျော်သိန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

(၃၀.၃.၂၀၁၈) ရက်နေ့တွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသည့်ရက်မှ စတင်၍ရက်ပေါင်း(၉၀)အတွင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ရန်မရှိပါက အစားထိုးသည့် နည်းဥပဒေဟာ အတည်ဖြစ်ပြီး စက်ခလုတ် အသုံးပြုခြင်းကို ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့တဲ့အခါမှာ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ယခုလိုပဲ ဖြေကြားသွားတဲ့ အဖြေမျိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ ဒီအဆိုဟာ အတည်ပြုသည်ဖြစ်စေ၊ မှတ်တမ်းတင်သည်ဖြစ်စေ ပြည်ထောင်စုအစိုးရရဲ့ ဆောင်ရွက်နိုင်ခွင့် ရှိတာဖြစ်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအနေနဲ့ ဒီအဆိုကို လစ်လျူရှုထားဖို့ တော့မဟုတ်ပါဘူး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရကို လိုအပ်သလို တင်ပြပြီး လမ်းညွှန်မှုခံယူဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ တစ်ဆက်တည်းမှာပဲ အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်အနေနဲ့လည်းပဲ မိမိကိုယ်စားလှယ်ထဲက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကို ညှိနှိုင်းပြီးတော့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွေမှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ထပ်မံတင်ပြဖို့ အကြံပြုလိုပါတယ်။ တစ်ဖက်ကလည်းပဲ ကျွန်တော်အနေနဲ့ ဒီအဆိုနှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ကို ပါဝင်ဖွဲ့စည်းထားတဲ့ (MPU)လို့ခေါ်တဲ့ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့မှာ ကျွန်တော့် အနေနဲ့ တင်ပြဖို့ အစီအစဉ်ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့

D/real(wide) (2

ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဖြစ်ပြီးတော့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တို့၏ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်ဆိုင်/သုံးဆောင် ပွင့်လင်းမြင်သာမှုဆိုင်ရာ"** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးမည့် နိုင်ငံတစ်နိုင်ငံသည် ပွင့်လင်းမြင်သာမှုရှိဖို့လိုအပ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိမှသာ ယုံကြည်မှုရှိလာပြီး ယုံကြည်မှုရှိမှလည်း လုပ်ငန်းအောင်မြင်မှု တွေ့ရလာနိုင်ပါတယ်။ အစိုးရနှင့် ပြည်သူ ပူးပေါင်းပါမှအင်အားတွေဖြစ်ပေါ်လာပြီး နိုင်ငံတည်ဆောက်ရာမှာ မိမိတို့လျှောက်လှမ်းချင်သော ပန်းတိုင်ကို ရောက်ရှိမှာဖြစ်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့နိုင်ငံတည်ဆောက်ရာမှာလည်း ပွင့်လင်းမြင်သာမှုကို အခြေခံပြီး အစိုးရနှင့် ပြည်သူများ ပူးပေါင်းလာလျှင် ကျွန်တော်တို့လျှောက်လှမ်းချင်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံဟာလည်း မဝေးတော့ဘူးလို့ယူဆပါတယ်။ ပွင့်လင်းမြင်သာမှုဆိုတာလည်း ရပ်/ရွာ မြို့နယ်ကနေ အခြေခံပြီး ရပ်/ရွာက ပြည်သူကို ချပြနိုင်ပြီး ၎င်းတို့၏ အကြံထောက်ပြဝေဖန်မှု၊ ပူးပေါင်းပါဝင်မှုကို ရယူနိုင်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်မှုရရှိနိုင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာရေးဌာန၏ ရသုံးမှန်ခြေငွေသည် အခြားအစိုးရဌာနများနှင့် တူညီမှုမရှိဘဲမြို့နယ်ရှိ အခွန်ထမ်းပြည်သူထံမှ တိုက်ရိုက်ကောက်ခံပြီး ၎င်းမြို့နယ်မှာပဲ

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့မှာ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ နှင့် တိုင်းနှင့်ပြည်နယ် ဥက္ကဋ္ဌတွေပါဝင်တာဖြစ်သည့်အတွက် (MPU) အစည်းအဝေးမှာတင်ပြသွားမှာဖြစ်ကြောင်း ကျွန်တော်အနေနဲ့ ပြောကြားလိုပါတယ်။

ယခု အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဆန္ဒအရ လွှတ်တော်ရဲ့ဆန္ဒခံယူမှုဖြစ်ပါတယ်။အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်က ၎င်းအဆိုကို အတည်ပြုပေးဖို့ လွှတ်တော်ရဲ့ဆန္ဒကိုခံယူလိုကြောင်း တင်ပြလာတာဖြစ်သည့် အတွက် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇(က)အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ဒီကနေ့ ညနေပိုင်းမှာ အစည်းအဝေးတက်ရောက်တဲ့ ကိုယ်စားလှယ်များမှာ ကျွန်တော် အပါအဝင် (၁၁၈)ဦး ရှိတာတွေ့ရှိရပါတယ်။ဆန္ဒမဲပေးသည့်နေရာမှာ ဥက္ကဋ္ဌမပါဘဲ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကိုယ်စားလှယ်အနေနဲ့ ဆိုရင် (၁၁၇)ဦးရှိမှာဖြစ်ပါတယ်။ ယခု အဆိုကိုအတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာတွင် မတ်တပ်ရပ်၍ဆန္ဒပြုရန်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ရုံးအဖွဲ့မှ အပိုင်းလိုက်သေချာ ရေတွက်ပေးရန် ဖြစ်ပါတယ်။

အားလုံးထိုင်နိုင်ပါပြီ။ ကြားနေမတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။ ကြားနေမရှိတဲ့အတွက်ကျန်တာတွေက ကန့်ကွက်တဲ့အနေအထား ဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်ဟာ(၁၁၈)ဦး ရှိပြီး၊ ကျွန်တော့်ကို နုတ်လိုက် မည်ဆိုရင် (၁၁၇)ဦးရှိမှာဖြစ်ပါတယ်။ မတ်တပ်ရပ်သောနည်းနဲ့ ဆန္ဒပြုတဲ့အခါမှာ

D/real(wide) (2

ပြန်သုံးတဲ့ဌာနဖြစ်ပါတယ်။ အဲဒီလို ဌာနမျိုးက ပိုပြီးတော့တောင် ပွင့်လင်း မြင်သာမှု ရှိဖို့လိုအပ်ပါတယ်။ မြို့နယ်ကလူတွေကလည်း မိမိတို့ မြို့နယ်က အခွန်အခ ဘယ်လောက်ကောက်ခံရရှိပြီး ဘယ်လို လုပ်ငန်းမှာ ဘယ်လိုသုံးသွားတယ်ဆိုတာ သိချင်တာ အမှန်ပါပဲ ။ကျွန်တော်တို့ မြို့နယ်မှာဆိုလျှင် ပြည်သူတွေက စည်ပင်က ဘယ်လောက် ကောက်ခံရရှိလို့ ဘာတွေသုံးနေလဲဆိုပြီး ကျွန်တော် တို့လည်း မကြာခဏ အမေးခံနေရပါတယ်။ အဆိုရှင် တင်သွင်းသလို ရင်ွေ/သုံးငွေ စာရင်း ဇယားတွေသာ အများပြည်သူ စုံုးသော ဌာနများ၊ နေရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးရုံးများ၌သာ ကြော်ငြာကပ်ပေးနိုင်ပါက ရပ်ကွက်နေပြည်သူများက လာရောက်ကြည့်ရှုနိုင်ပြီး မိမိမြို့နယ်၏ ရငွေအခြေအနေ၊ သုံးငွေနှင့် လုပ်ငန်းလုပ်ကိုင်မှု အခြေအနေကို သိရှိပြီး အစိုးရအပေါ်မှာလည်း ယုံကြည်မှု ပိုရှိလာနိုင်ပါတယ်။ လုပ်ငန်း၌ အမှန်တကယ်သုံးတာဖြစ်တဲ့အတွက်ကြောင့် မိမိမြို့ စည်ပင်ဖွံ့ဖြိုးဖို့လည်း အခွန်ရှောင်မှုတွေ ကင်းလာပြီး အခွန်ပိုမိုပေးဆောင်ချင်တဲ့ စိတ်လည်းဖြစ်ပေါ်လာနိုင်ပါတယ်။ ထို့အပြင် ဝန်ထမ်းများ၏ အဂတိလိုက်စားမှုလည်း နည်းပါးသွားပြီးတော့ အခွန်ထမ်းပြည်သူများ၏ ယုံကြည်မှုတွေ ပိုမိုရလာနိုင်ပြီး စည်ပင်လုပ်ငန်းလည်း ပိုမိုအောင်မြင်လာနိုင်ပါတယ်။ထို့ကြောင့် ကျော်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ"** အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအေးမောင်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ရရှိရန် အရေးကြီးလှပါတယ်။ဒါကြောင့် မြို့နေလူထုများ စည်ပင်အခွန်ကို လိုလိုလားလားပေးဆောင်လိုစိတ်ရှိအောင် စည်းရုံး လုပ်ဆောင်ရသကဲ့သို့ရရှိလာသည့် ဝင်ငွေများကိုလည်း ပွင့်လင်း မြင်သာစွာဖြင့် လူထုကိုချပြရန်အထူးလိုအပ်ပါတယ်။ လူထုအနေဖြင့် ကောက်ခံရရှိငွေကို မည်သည့်နေရာတွင် သုံးစွဲသည်၊ လူထုအတွက် မည်သို့ဆောင်ရွက်ပေးထားသည်ကို ပါရှိပါမှ စည်ပင် သာယာကို ကူညီရန်၊ အခွန်ဆောင်ရန် စိတ်ဝင်စားလာမှာ ဖြစ်သလို စည်ပင်ကော်မတီနှင့် ပူးပေါင်းလိုစိတ်ရှိလာမှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာစွာလူထုနှင့်ပူးပေါင်းခြင်း၊စည်းရုံးခြင်း၊ ဝင်ငွေ/ထွက်ငွေ များကို ချပြရှင်းလင်းခြင်း၊ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းများ ချပြခြင်းများပြုလုပ်သင့်ပါတယ်။

၂၀၁၇-၂၀၁၈ခုနှစ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေစာရင်းတောင်းဆိုမှု ရှိခဲ့ပါတယ်။ပေးမည်ဟု ဝန်ခံထားသော်လည်း ယနေ့တိုင်ထိ မရရှိသေးသည်ကို ဝမ်းနည်းစွာ ခံစားမိပါတယ်။ သို့ဖြစ်ပါ၍ ကျော်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ"** အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက်က အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးသန်းထိုက်၊ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက္ခ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်

D/real(wide) (2

ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပြီး ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ **"ရှမ်းပြည်နယ်စည်ပင်သာယာရေး လုပ်ငန်းစဉ်များ ရင်္ဘေ/သုံးဆွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ"** အဆိုနှင့်ပတ်သက်ပြီး သုံးသပ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။အဆိုရဲ့ရည်ရွယ်ချက်ကို လေ့လာကြည့်မည်ဆိုလျှင် ပွင့်လင်းမြင်သာမှုရှိတာနှင့်အညီ အင်မတန်မှကောင်းမွန်တာကို လေ့လာတွေ့ရှိရပါတယ်။ အဆိုရဲ့အဓိကရည်ရွယ်ချက်သုံးရပ်ဖြစ်တဲ့ အချက်တွေကို သုံးသပ်ရမည်ဆိုလျှင်-

(က) ရပ်ကွက်အလိုက်ကောက်ခံရရှိသော အခွန်အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက်ပြန်လည်ဆောင်ရွက်ပေးသောလုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်၊

(ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ် အတွင်း ပြန်လည်းဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက် သုံးစွဲငွေပမာဏတို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများ ပြည်သူနှင့် သက်ဆိုင်သောဈေး၊ စုပေါင်းကားဂိတ်နေရာများတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်၊

(ဂ) မြို့နယ်စည်ပင်သာယာရေး ရင်္ဘေ/သုံးဆွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူ

ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက္ခရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်ခရိုင်၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးအေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ **"ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်္ဘေ/သုံးဆွေ ပွင့်လင်းမြင်သာမှုဆိုင်ရာ"**အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ/မြို့နယ်စည်ပင်သာယာရေးဌာနဟူ၍အသီးသီးရှိကြပါတယ်။ စည်ပင်နယ်နိမိတ်အတွင်းရှိ ဈေးဆိုင်များ၊ ပုံကျဈေးဆိုင်များ၊ ယာဉ်ရပ်နားခွန်၊ဘီးခွန်၊ သားသတ်ခွန်၊ ကူးတို့ဆိပ်ခွန် အသီးသီးရှိကြပါတယ်။ ၎င်းအခွန်အရပ်ရပ်တို့ကို မြို့နယ်စည်ပင်မှ ကောက်ခံရရှိခြင်း ဖြစ်ပါတယ်။ မြို့တစ်မြို့သာယာလှပရေး မြို့နေလူထုစိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ရေး၊ ကလေးသူငယ်များ ပျော်ရွှင်ရေးအတွက် အဓိက ဆောင်ရွက်ရမည့်ဌာနသည် စည်ပင်သာယာရေးဌာနပင်ဖြစ်ပါတယ်။ စည်ပင်သာယာရေးဌာန၏ စွမ်းဆောင်ရည်ကောင်းလေ၊ မြို့ဖွံ့ဖြိုးတိုးတက်သာယာလှပလေဖြစ်ပါတယ်။ စည်ပင်သာယာရေးဌာနသည် နာမည်နှင့်လျော်ညီစွာ မြို့စည်ပင်သာယာဝပြောရေး၊ သာယာလှပရေးအတွက် အဓိကထားဆောင်ရွက်ရမည်ဖြစ်ပြီး စည်ပင်သာယာရေးဌာနသည် ကိုယ်ပိုင်ရန်ပုံငွေဖြင့် ရပ်တည်ရတဲ့အတွက် စည်ပင်သာယာ ရန်ပုံငွေ

D/real(wide) (2

ကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်၊ ဆိုပြီးပါရှိတာကိုလည်း တွေ့ရှိရပါတယ်။

အဆိုရဲ့ရည်ရွယ်ချက်သုံးရပ်မှာ ပထမဆုံးတစ်ရပ်ကို မဆွေးနွေးခင် ဒုတိယနှင့်တတိယကို ဆွေးနွေးလိုခြင်းမှာ စည်ပင်သာယာရေးဥပဒေအခန်း(၂) ရည်ရွယ်ချက်များမှ -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) အများပြည်သူထံမှအခွန်အခများသည် အများပြည်သူအကျိုးအတွက်သာ ဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့်ဆောင်ရွက်စေရန်၊

အဓိကကတော့ ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသမှာ ကောက်ခံရရှိတဲ့အခွန်ကို ကိုယ်မြို့၊ ကိုယ့်ဒေသအတွက် သုံးစွဲခြင်းဟာ ပြည့်ပြည့်ဝဝ သုံးစွဲခွင့်ရစေတယ်လို့သုံးသပ်မိပါတယ်။

နောက်ပြီး စည်ပင်သာယာရေးဥပဒေ အခန်း(၁၄)၊ ဘဏ္ဍာရေးကဏ္ဍတွင် ပုဒ်မ၅၇မှာ -

(က) မြို့နယ်ကော်မတီသည် မြို့နယ် စည်ပင်သာယာရေး ဌာနများက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကောက်ခံရရှိသော အခွန်အခ အကောက်များအား ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရန် ကြီးကြပ်ရမည်။

(ခ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးဌာနများက သတ်မှတ်လျာထားသော အသုံးစရိတ်အား ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေအရ တည်ဆဲဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်းကို ကြီးကြပ်ရမည်ဟု ပါရှိပါတယ်။

ရှိသော်လည်း ဌာနခွဲ(၁၃)ခုသာမြို့နယ်ရဲ့အခွန် အကောက်နဲ့သုံးစွဲနိုင်တာကိုလည်း တွေ့ရှိရပြီး၊ ကျိုင်းတုံဌာနခွဲ အနေနဲ့ဌာနခွဲပေါင်း(၁၈)ခုရှိပြီး (၄)မြို့နယ်သာ ကိုယ်တိုင် ရပ်တည်နိုင်တာတွေ့ရှိရပါတယ်။ အဆိုရဲ့ရည်ရွယ်ချက်(ခ)နှင့် (ဂ)မှာ အင်မတန်မှကောင်းမွန်သင့်လျော်သက်ရောက်ပြီး (က)မှာ ဒေသတစ်ခုရဲ့ကောက်ခံငွေတိုင်းကိုဒေသက ပြန်လည်သုံးစွဲသွား မည်ဆိုပါက ကျွန်တော်တို့ကလောမြို့နယ်လို ဝင်ငွေခွန်များများ ရသောမြို့နယ်အတွက် ကောင်းမွန်သော ရည်ရွယ်ချက်ဖြစ်သလို ဥပဒေမှာပြဋ္ဌာန်းထားတဲ့အတိုင်း ဝင်ငွေခွန်များများ မရနိုင်သေး တဲ့မြို့နယ်တွေကို ပြန်ကြည့်ဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ဥပမာ-မနေ့က အဆိုရှင် ဆွေးနွေးသွားတဲ့အထဲမှာ ရပ်ကွက်တစ်ခုမှာ သိန်းတစ်ရာကောက်ခံရရှိသည်ဆိုပါက ဌာနဝန်ထမ်းတွေရဲ့ အသုံးစရိတ်က (၃၀%)ထက်မပိုဟု ပြဋ္ဌာန်းထားတာနဲ့အညီ ကျန်သော (၇၀%)ကိုထိရောက်သော လုပ်ငန်းများ တွင်သုံးစွဲဖို့ ဆိုလိုတာ ဖြစ်ပါတယ်။ ဒါပေမဲ့ရှမ်းပြည်နယ်အတွင်းရှိသော (၅၅)မြို့နယ်မှာ (၄၈)မြို့နယ်မှာ ပုံမှန်အတိုင်း ရပ်တည်နိုင်ပြီး ဝင်ငွေခွန်လုံးဝမရသေးတဲ့ မြို့နယ်အနေနဲ့လည်းကောင်း၊ ဝင်ငွေခွန် နည်းပါးသောမြို့နယ်များကိုလည်း ပြန်ပြီးတော့ ကြည့်ပေးဖို့ လိုအပ်ပါတယ်။ ဥပဒေရဲ့ရည်ရွယ်ချက်မှာ ကျေးလက်၊ မြို့၊ ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလို့ပါရှိပြီး အခွန်အခ မရသည့် မြို့နယ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ခွဲဝေသုံးစွဲရမယ်လို့ ပါရှိပါတယ်။သာဓကတစ်ခုအနေနဲ့တောင်ကြီးမြို့နယ်မှာဆိုရင် ဝင်ငွေလျာထားချက်အနေဖြင့် ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင့် နှစ်ရာ့ငါးဆယ်ဖြစ်ပြီး၊ သာမန်အသုံးစရိတ်ငွေမှာ ကျပ်သိန်းပေါင်း ငါးထောင်၊ ငွေလုံးငွေရင်းမှာ ကျပ်သိန်းပေါင်းတစ်သောင်း ခြောက်ရာလေးဆယ့်နှစ်သိန်း၊ ပိုလျှံငွေ ကျပ်သိန်းပေါင်း လေးထောင်ကိုးရာ လေးဆယ့်

D/real(wide) (2

ပုဒ်မ-၆၀မှာ ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးဌာန၊ ပြည်နယ် စည်ပင်သာယာရေး ဌာနခွဲများနှင့် မိမိ ဝင်ငွေဖြင့် ရပ်တည်နိုင်ခြင်း မရှိသော မြို့နယ်/ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ အသုံးစရိတ်များကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရေးကို စီမံဆောင်ရွက်ပေးရမည်။

ဒါ့အပြင် အခန်း(၁၆) ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ စာရင်း စစ်ဆေးခြင်းကဏ္ဍ ပုဒ်မ ၆၇ မှာ ညွှန်ကြားရေးမှူး၊ဌာနခွဲတာဝန်ခံ၊ အမှုဆောင်အရာရှိနှင့် မြို့နယ်ခွဲတာဝန်ခံတို့သည် မိမိတို့ ထိန်းသိမ်းထားရှိသော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းပြုစုထား ရှိရမည်ဖြစ်ပြီး ၎င်းဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ယင်းလက်အောက်ရှိ စာရင်းစစ်ရုံးများ၊ စာရင်းစစ်အဖွဲ့များ၏ စစ်ဆေးခြင်းကို ခံယူရမည်ဟု ပြဋ္ဌာန်းထား တာကိုလည်း တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ ခြုံငုံပြီးသုံးသပ်တင်ပြရမည်ဆိုလျှင် လက်ရှိ (က)ပါအချက်အလက်တွင် ရပ်ကွက်တွင်း ကောက်ခံရရှိသော အခွန်အရပ်ရပ်အပေါ်မှာ ယင်းရပ်ကွက်အတွက်ပြန်လည် သုံးစွဲရမည် ဆိုတဲ့နေရာမှာ ဒီလိုသာသုံးစွဲခဲ့မည်ဆိုလျှင် ရှမ်းပြည်နယ်စည်ပင် သာယာရေးဌာနရဲ့ ဖွဲ့စည်းပုံအရ လားရှိုးဌာန၊ တာချီလိတ်ဌာန၊ ကျိုင်းတုံဌာန၊ တောင်ကြီးဌာနဆိုပြီး စည်ပင်သာယာရေးမှာ ဖွဲ့စည်းထားတာကိုလည်းတွေ့ရှိရတဲ့အတွက် တောင်ကြီးဌာနမှာ ဆိုလျှင် ဌာနခွဲပေါင်း(၃၂)ခုရှိပြီးတော့ မိမိကိုယ်ပိုင်ရပ်တည်ငွေနှင့် ရပ်တည်နိုင်သော ဌာနခွဲမှာ(၁၂)ဌာနရှိပြီး၊ ကျန်သောဌာနခွဲ များမှာ သာမန်နှင့်ငွေလုံး တန်းတူညီမျှရှိတာကို လေ့လာတွေ့ရှိရမှာဖြစ် ပါတယ်။ ဌာနခွဲ(လားရှိုး)အနေဖြင့် ဌာနခွဲအားလုံးပေါင်း (၃၀)

နှစ်သိန်းလို့ ဆိုလိုလို့ရပါတယ်။ ဒီလိုသာဆိုရင် တောင်ကြီးမြို့နယ် အတွက် ပိုပြီးတော့ဖိဖိစီးစီး သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ အခြားမြို့နယ်မှ အခွန်အခနဲ့ ရငွေသုံးငွေ လုံးဝမရှိသေးသည့် မြို့နယ်များအတွက် ပြည်နယ်ရန်ပုံငွေကို စိစစ်သွားတာဖြစ်သည့်အတွက် အခွန်အခ လုံးဝကောက်မရတဲ့ နေရာတွေနဲ့ နည်းပါးတဲ့နေရာတွေမှာ ပြည်နယ် ဘဏ္ဍာငွေကိုခွဲဝေ သုံးစွဲရတာဖြစ်သည့်အတွက် သက်ဆိုင်ရာ ရပ်ကွက်အလိုက် ကောက်ခံရရှိတဲ့ ငွေပမာဏ အတိုင်းသာ သုံးစွဲ မည်ဆိုပါက အခွန်အခ လုံးဝကောက်မရတဲ့နေရာတွေနဲ့ နည်းပါး တဲ့နေရာတွေမှာ ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေနဲ့ ဆောင်ရွက်ရာတွင် နည်းနည်း အခက်အခဲရှိနိုင်မယ်လို့ မြင်မိပါတယ်။ မနေ့က သာဓကတစ်ခုအနေနဲ့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးညီလေးချမ်းအနေနဲ့ မိလ္လာကားဝယ်ယူဖို့ ကြွယ်ပွင့်ပြမေးခွန်း မေးမြန်းပါတယ်။ ပင်းတယမြို့နယ်ရဲ့ဝင်ငွေ လျာထားချက်မှာ ကျပ်သိန်းပေါင်းခုနှစ်ရာ နှစ်ဆယ်ဖြစ်ပြီး၊ သာမန်အသုံးစရိတ်မှာ ကျပ် သုံးရာခုနှစ်ဆယ့် နှစ်သိန်း၊ ငွေလုံး ကျပ်နှစ်ရာခုနှစ်ဆယ့် ခြောက်သိန်းကို ကြည့်မယ်ဆိုလျှင် သာမန်အသုံးစရိတ်က ငွေလုံး ငွေရင်းအသုံးစရိတ်ထက် ပိုမိုသုံးစွဲထားသည်ကို လေ့လာ တွေ့ရှိရပြီး၊ ဒီလိုလိုအပ်ချက်များကို အခြားမြို့နယ်များတွင်လည်း ရှမ်းပြည်နယ် အစိုးရခွင့်ပြုချက်နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ယခင်နှစ်များမှာလည်း ရပ်စောက်မြို့နယ်၊ ရွာငံမြို့နယ်၊ မိုင်းဖြတ်မြို့နယ် တို့မှာလိုအပ်သော လုပ်ငန်းသုံးစက်ကိရိယာများ ကိုလည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ဖြည်းဆည်း ဆောင်ရွက်ပေးတယ်လို့ ထင်မိပါတယ်။ ကျွန်တော့် အနေနဲ့ ဦးစိုင်းထွန်းဉာဏ်တင်ပြသော အဆိုနှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရငွေ/သုံးငွေ ပွင့်လင်းမြင်သာမှုအဆိုနှင့် ပတ်သက်ပြီး သုံးသပ်အကြံပြုတင်ပြရင်း

D/real(wide) (2

ကျွန်တော်တို့ ရှမ်းအရှေ့မှာ ခရိုင်(၄)ခု ရှိပြီး စည်ပင်သာယာရေးဌာန အနေနဲ့ ပြည်နယ်ခွဲ၊ မြို့နယ်၊ မြို့နယ်ခွဲ စုစုပေါင်း(၁၈)ခုရှိရာ မိမိမြို့ဝင်ငွေနဲ့ ရပ်တည်နိုင်တာ (၈)မြို့နယ်ပဲရှိပါတယ်။ ကျန်တဲ့ (၁၀)မြို့နယ်ဟာ မိမိတို့မြို့ဝင်ငွေပေါ်မှာ ရပ်တည် နိုင်တာမတွေ့ရပါဘူး။ ဥပမာအနေနဲ့ ဌာနခွဲ၊ မိုင်းခတ်၊ မိုင်းတုံ၊ မိုင်းယန်း၊ မက်မန်း၊ ကျိုင်းလပ်၊ မုံးထ၊ မိုင်းခုတ်၊ မိုင်းယု၊ ပုံပါကျင်စတဲ့ မြို့နယ်များဖြစ်ပါတယ်ခင်ဗျား။ အဲဒါကြောင့် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုဟာ ပြည်သူများသိရှိလေ့လာနိုင်ရန်ဆိုတာ သင့်မြတ်ပေမယ့် မြို့လူထုရဲ့ ဝင်ငွေနဲ့ ရပ်တည်ရတဲ့ စည်ပင်သာယာရေးအဖွဲ့အများစုဟာ ဝန်ထုပ်ဝန်ပိုးဖြစ်စေမှာဖြစ်မယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဝင်ငွေများတဲ့ မြို့ကြီးများမှာ မသိသာနိုင်ပေမယ့် ခုနက ကျွန်တော်တင်ပြခဲ့သလို ဝင်ငွေနည်းတဲ့ မြို့နယ်/မြို့နယ်ခွဲများမှာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေနိုင်ပါတယ်။ တစ်နည်းအားဖြင့် မြို့နယ်အသီးသီးတွင် နယ်မြေခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူလူထုများတွေ့ဆုံပြီး ချပြရှင်းလင်းရင် ပိုမိုသင့်တော်ပါကြောင်း ဆွေးနွေးလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

အဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက သုံးသပ်တင်ပြထားတာကို တွေ့ရှိရပါတယ်။ ယခုအဆိုနှင့် စပ်လျဉ်းပြီး

နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးအများကြီးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးမိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားမဲက အဆိုကို ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးအားမဲ၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးအားမဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်ရဲ့အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းများ ရင်ဆိုင်/သုံးဆောင်ရ ပွင့်လင်းမြင်သာမှုဆိုင်ရာ အဆိုနှင့်ပတ်သက်ပြီး

(က) ရပ်ကွက်အလိုက်ကောက်ခံရရှိသော အခွန်အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက်ပြန်လည်ဆောင်ရွက်ပေးသောလုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်၊

(ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ်အတွင်း ပြန်လည်ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက် သုံးစွဲငွေပမာဏတို့ကို စည်ပင်

D/real(wide) (2

ပြည်နယ်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

ဦးစိုင်းစွဲဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်၊ စည်ပင်သာယာရေးဝန်ကြီး၊ ဦးစိုင်းစွဲဆိုင်းဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းဉာဏ်တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စည်ပင်သာယာရေးရင်္ဂေ/သုံးငွေနှင့်ပတ်သက်ပြီး

(က) ရပ်ကွက်အလိုက်ကောက်ခံရရှိသော အခွန်အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက်ပြန်လည်ဆောင်ရွက်ပေးသောလုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်၊

(ခ) သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ် အတွင်း ပြန်လည် ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက် သုံးစွဲငွေပမာဏတို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများ ပြည်သူနှင့် သက်ဆိုင်သောဈေး၊ စုပေါင်းကားဂိတ်နေရာများတွင် လည်းကောင်း ကြော်ငြာကပ်ထားရန်၊

(ဂ) မြို့နယ်စည်ပင်သာယာရေး ရင်္ဂေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်

သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများပြည်သူ နှင့် သက်ဆိုင်သောဈေး၊ စုပေါင်းကားဂိတ်နေရာများတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်၊

(ဂ) မြို့နယ်စည်ပင်သာယာရေး ရင်္ဂေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်နှင့် ပတ်သက်ပြီးတင်ပြဆွေးနွေးလိုပါတယ်။

အချက်(က)နှင့်စပ်လျဉ်း၍ စည်ပင်သာယာရေး အဖွဲ့များ၏ ရင်္ဂေ/သုံးငွေ၊ ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ်များအလိုက် ကျွန်တော်တို့ မြို့နယ်မှာလည်း ကိုယ်စားလှယ်များကို သိရှိအကြံပြုဆွေးနွေးလို့ရန် အလို့ငှာ ဝေငှထားပြီးလည်းဖြစ်ပါတယ်။

ဒါကြောင့် အချက်(ခ)နှင့် ပတ်သက်ပြီး သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်သာယာရဲ့ အခွန်အရပ်ရပ်နှင့် သုံးစွဲငွေ ပမာဏကိုလည်း လေ့လာသိရှိနိုင်ပြီး ဖြစ်ပါတယ်။

အချက်(ဂ)တွင် မြို့နယ် စည်ပင်သာယာရေး ရင်္ဂေ/သုံးငွေ အသေးစိတ်ကို Online Page ဖွင့်ပြီး အများပြည်သူများ သိရှိလေ့လာနိုင်အောင် ဆောင်ရွက်ပေးရန်နှင့်ပတ်သက်၍ အချက်(ခ)မှာလည်း စည်ပင်သာယာရေးရုံးရှေ့တွင် လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သောဈေး၊ စုပေါင်းဂိတ်များတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်ဆိုတဲ့ အချက်နှင့် ပတ်သက်ပြီး အနည်းငယ် ဆွေးနွေးလိုပါတယ်။ စည်ပင်သာယာရေးအဖွဲ့များဟာ မိမိမြို့နယ်ရဲ့ ဝင်ငွေအပေါ်မှာမူတည်ပြီး အသုံးစရိတ်များ သုံးစွဲကြတာ တွေ့ရှိရပါတယ်။ ဝင်ငွေရဲ့ (၃၀%)ထက် မကျော်လွန်ဘဲ ဝန်ထမ်းလစာကိုရေးဆွဲရပြီး ငွေလုံးအသုံးစရိတ် (၅၀%) ဝန်းကျင် လျာထားရေးဆွဲရတယ်ဆိုတာကိုလည်း လေ့လာသိရှိရပါတယ်။ ဥပမာအနေနဲ့

D/real(wide) (2

နှင့်ပတ်သက်ပြီးအောက်ပါအတိုင်းတင်ပြလိုပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးဌာနများအနေဖြင့် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ရငွေ(အခွန်နှင့်သာမန်ရငွေ) များအား သက်ဆိုင်ရာ မြို့နယ်အလိုက် ကောက်ခံရရှိနိုင်မည့် အခွန်ရငွေများကို လျာထားရေးဆွဲပြီး အသုံးစရိတ်များအား ဌာန၏ လိုအပ်ချက်များအပေါ် မူတည်၍ သက်ဆိုင်ရာ မြို့နယ်များ အလိုက် မြို့မိမြို့ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များကို အခြေခံ၍ သက်ဆိုင်ရာ မြို့နယ်၏ ရငွေအပေါ် မူတည်ပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီများ၏ စိစစ်ချက်ဖြင့် ဘတ်ဂျက်(ရငွေ/သုံးငွေ)အား စိစစ်လျာထားရေးဆွဲကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်လျက်ရှိပါတယ်။

နှစ်စဉ်ကောက်ခံရရှိသော ရငွေ (အခွန်နှင့်သာမန်ရငွေ)နှင့် အသုံးစရိတ်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးများတွင် အသေးစိတ်ကြော်ငြာကပ်ထားခြင်း၊ မြို့နယ် အသီးသီးရှိ စည်ပင်သာယာရေးရုံးများ အရှေ့တွင် လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သောစျေး၊ စုပေါင်းကားဂိတ်နေရာများတွင်လည်းကောင်း ကြော်ငြာကပ်ထားရန်နှင့် Online Page များဖွင့်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် ဆောင်ရွက်ပေးခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးဌာနမှ ကောက်ခံရရှိသော စားသောက်ဆိုင်လိုင်စင်နှုန်းထားများ၊ ဘီးခွန်နှုန်းထားများ၊ စျေးကောက်နှုန်းထားများ၊ အဆောက်အဦစစ်ဆေးခ၊ ကြီးကြပ်ခနှုန်းထားများ ကောက်ခံရမည့်လုပ်ငန်းစာရင်းများ

သဘောထားဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို အမြင်သဘောထားကွဲလွဲနေတာကို အချိန်အနည်းငယ်ယူပြီး ပြောပြချင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။အဆိုရဲ့ ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီး ဌာနတစ်ခုအနေနဲ့ ရငွေ/ သုံးငွေကို ပွင့်လင်းမြင်သာစွာချပြပေးဖို့ပဲဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းတဲ့ အဓိကသုံးချက်ဖြစ်တဲ့ ရပ်ကွက် အလိုက် ကောက်ခံရရှိသော အခွန်အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက် အတွက် ပြန်လည် ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေ ပမာဏအခြေအနေများကို သက်ဆိုင်ရာ ရပ်ကွက်ရုံးတွင် အသေးစိတ်ကြော်ငြာကပ်ထားရန်ဆိုတာ ဌာနအတွက်ခက်ခဲတဲ့ အရာလည်း မဟုတ်ပါဘူး။ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ဆွေးနွေးသလိုပဲ အခက်အခဲရှိနိုင်ပါတယ်။ ကျောက်မဲမြို့နယ်နဲ့ ထောက်ပြချင်တာတော့ ၂၀၁၇-၂၀၁၈ လျာထားသော စည်ပင်ဘဏ္ဍာရေးဘတ်ဂျက်မှာဆိုရင် အဓိက အချက်လေးချက်ဖြစ်သည့် အဆောက်အဦ၊ လမ်းမှရတဲ့ငွေက (၈၆. ၃၃၄)သန်း လျာထားပြီး အားလုံးပါဝင်မှု အချိုးရဲ့ (၁၆. ၁၃)ပဲပါပါတယ်။ ရပ်ကွက်တစ်ခုချင်းစီကရတဲ့ အိမ်ခွန်တို့ ဆိုတာက ဘာမှမပြောပလောက်ပါဘူး။ အဲ့ဒါကို ထောက်ပြချင်တာပါ။ရပ်ကွက်တစ်ခု၊မြို့နယ်တစ်ခုချင်းစီရဲ့ အဓိကဝင်ငွေက နံပါတ်(၃)ဖြစ်တဲ့ ပစ္စည်းများရောင်းရငွေနှင့် ဆောင်ရွက်ပေးမှုရငွေကသာ အဓိကကျပါတယ် ။အဲ့ဒါက ဘာတွေပါသလဲဆိုတော့ လေလံအိမ်စစ်ဆေးခ၊ လိုင်စင်ထုတ်ပေး ခြင်း၊ နေ့စဉ်သားသတ်ရတဲ့ငွေဖြစ်ပါတယ်။ အဲ့ဒါက အချိုးပါဝင်မှု ရာခိုင်နှုန်းအနေနဲ့ (၈၂. ၀၀)ပါပါတယ်။ဆိုလိုရင်းကတော့ ရပ်ကွက်အလိုက်ရတဲ့ငွေက ဘာမှမပြောပလောက်ပါဘူး။တစ်မြို့နယ်လုံးနဲ့ ခြံုပြီးရတဲ့ငွေနဲ့ဆိုရင် ရာခိုင်နှုန်း(၈၀)ကျော်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အခြားမြို့နယ်တွင်လည်း ကျောက်မဲမြို့နယ်နဲ့ကွဲလွဲမှု

D/real(wide) (2

အစရှိသည်တို့ကို အများပြည်သူ သိရှိနိုင်စေရန် အတွက် လည်းကောင်း၊ သတ်မှတ်နှုန်းထား ထက်ပိုကောက်ခံခြင်းမပြုပါ ကြောင်း ဝန်ထမ်းများ ဖောက်ဖျက်ပါက တိုင်တန်းနိုင်ပါကြောင်းကို သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံးများတွင် လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့ပေါ် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး နေရာများတွင်လည်းကောင်း အများပြည်သူများ သိရှိနိုင်ရေး စာဖြင့်ရေးသားကြော်ငြာ ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ အများပြည်သူ များကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် နည်းလမ်းများ ထပ်မံရှာဖွေပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။ ယခု ဦးစိုင်းထွန်းဉာဏ်ရဲ့ အဆိုကို မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ အဆိုကိုသက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်း ဝင်က မှတ်တမ်းတင်သင့်ကြောင်းသုံးသပ်တင်ပြသွားတာရှိပါတယ်။ အဲ့ဒါကြောင့် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅(စ)နှင့်(ဆ)အရ အဆိုတင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်က နောက်တစ်ကြိမ် ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းထွန်းဉာဏ်၊ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)။ လေးစားရပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး၊ လွှတ်တော် ကိုယ်စားလှယ် များအားလုံး၊ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာကြပါ စေကြောင်း ပဏာမဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနဲ့ပတ်သက် ပြီးတော့ ဆွေးနွေးပေးတဲ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမြင်

မရှိလောက်ဘူးလို့ရှုမြင်သုံးသပ်ပါတယ်။အဓိကထောက်ပြချင်တာ က ဦးသန်းထိုက်ဆွေးနွေးသွားတဲ့ နံပါတ်(က)နဲ့ ပတ်သက်ပြီး ထောက်ပြသွားခြင်းပဲ ဖြစ်ပါတယ်။ ရပ်ကွက်အလိုက် ကောက်ခံ ရရှိသော အခွန် အရပ်ရပ်ငွေပမာဏနှင့် ယင်းရပ်ကွက်အတွက် ပြန်လည် ဆောင်ရွက်ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေ ပမာဏ အခြေအနေများကိုပဲ အသေးစိတ်ကြော်ငြာ ကပ်ထားစေ လိုခြင်း ဖြစ်ပါတယ်။ ကောက်ခံရရှိတဲ့ငွေကို ရသလောက်ပြန်သုံး ပေးရမယ်လို့ အဆိုတင်သွင်းထားခြင်း မဟုတ်ပါဘူး။ တစ်ရာရတဲ့ ငွေကို (၃၀)ရာခိုင်နှုန်းပဲသုံးသုံး၊ (၄၀) ရာခိုင်နှုန်းပဲသုံးသုံး ပွင့်လင်းမြင်သာမှုကို အဓိကလိုချင်တာ ဖြစ်ပါတယ်။ ရှုမြင်တဲ့ အနေအထားကွဲလွဲနေတာကို ထောက်ပြလိုတာဖြစ်ပါတယ်။ သက်ဆိုင်ရာ မြို့နယ်အလိုက် စည်ပင်အခွန်အရပ်ရပ်ကောက်ခံ ရရှိငွေ ပမာဏစာရင်းနှင့် မြို့နယ်အတွင်း ပြန်လည်ဆောင်ရွက် ပေးသော လုပ်ငန်းအရေအတွက်၊ သုံးစွဲငွေပမာဏတို့ကို စည်ပင်သာယာရေးရုံးရှေ့တွင်လည်းကောင်း၊ အများ ပြည်သူ နှင့် သက်ဆိုင်သောဈေး စုပေါင်းကားဂိတ်နေရာများတွင် လည်းကောင်း ကြော်ငြာကပ်ထားရန် ဆိုတာလည်း ပွင့်လင်းမြင်သာမှု ကို အဓိက ထားပြောချင်တာဖြစ်ပါတယ်။ မြို့နယ်မှာကောက်ခံရရှိတဲ့ စည်ပင် ငွေရဲ့ ရာခိုင်နှုန်းမည်မျှပြန်သုံးရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ဦးအားမဲ ဆွေးနွေးသွားသလို မြို့နယ်ငယ်များအတွက် အခက်အခဲရှိနိုင်တယ် ဆိုတာ ကျွန်တော် နားလည်ပါတယ်။ သေးငယ်သောမြို့နယ်များကို ပြန်လည်ခွဲဝေသုံးစွဲတာကို မကန့်ကွက်ပါဘူး။ ယခင်အတိုင်းခွဲဝေလို့ ရပါတယ်။ ဒီအဆိုဟာလည်းပဲ ခွဲဝေခွင့်ပြုထားပါတယ်။ တားမြစ် ထားခြင်းမရှိပါဘူး။ ဒါကြောင့် မြို့နယ်ငယ်တွေကလည်း မြို့ကြီးနဲ့ အတူ ယခင်အစိုးရ ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့တဲ့ အတိုင်း ဆက်လက် ဆောင်ရွက်ထောက်ပံ့ပေးလို့ရပါတယ်။ အဓိက

D/real(wide) (2

ကတော့ ရင်္ဂေ/သုံးဌေကို အဂတိတရားကင်းရှင်းစွာနဲ့ ပြည်သူလူထုကိုချပြဖို့ပဲဖြစ်ပါတယ်။

လေးစားရပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ဒါကြောင့် မို့လို့ အစိုးရခေတ်အဆက်ဆက်မှ ပွင့်လင်းမြင်သာသောအစိုးရ၊ ကောင်းမွန်သောအစိုးရဆိုတာ အပြောလွယ်သလောက် လုပ်ကိုင်တဲ့ နေရာမှာအများကြီး အခက်အခဲရှိနေတာကို ကျွန်တော့်အဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးနေတဲ့ အနေအထားကိုကြည့်ခြင်းဖြင့် သုံးသပ်ရပါတယ်။ဒီလိုမျိုးခက်ခဲတဲ့ အနေအထားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံများက တွေ့ကြုံခဲ့ဖူးပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအနေအထားကနေ ပွင့်လင်းမြင်သာတဲ့ အနေအထားကိုသွားဖို့ဆိုတာ အစိုးရအဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ရှေ့ဆက်သွားဖို့ စမ်းသပ်တဲ့အဆိုတစ်ခုပဲဖြစ်ပါတယ်။နောက်ဆုံးအနေနဲ့ အစိုးရဌာနတစ်ခုအနေနဲ့ အခက်အခဲရှိနေတာကို ကျွန်တော်လက်ခံပါတယ်။ အမှန်လည်းဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တို့လိုက်လုပ်ဖို့ခက်ခဲတဲ့ အရာလည်းမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ကင်ဆာလိုဖြစ်နေတဲ့အရာတစ်ခုကို ဒီအတိုင်းဘဲ ဆက်ထိုင်ပြီးတော့ ကြည့်သွားမလား၊ အားလုံးလက်တွဲပြီး ဆောင်ရွက်မလားဆိုတာ ပွင့်လင်းမြင်သာမှုရှိအောင် ဆန္ဒပြုမှုကိုခံယူလိုပါကြောင်း ထပ်ဆင့်ရှင်းလင်းပြီး နိဂုံးချုပ်အပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်က ဒီအဆိုကို မှတ်တမ်းတင်သင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်က အဆိုကိုအတည်ပြုပေးရန် လွှတ်တော်ရဲ့ဆန္ဒခံယူလိုပါကြောင်း တင်ပြလာတဲ့အတွက်

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ရေးရာကော်မတီ(၁၀)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ရေးရာကော်မတီ(၉)ခုနှင့် သတ္တမပုံမှန် အစည်းအဝေးတွင် ရေးရာကော်မတီ(၁)ခု၊ စုစုပေါင်း (၁၀)ခုတို့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇ (ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၅၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ (ဂ)တွင် လွှတ်တော်သည် ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီသို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်ဟု ဖော်ပြပါရှိသည့်အတိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်ဟု ဖော်ပြထားပါတယ်။ ဒါကြောင့် ရေးရာကော်မတီများ၏ သက်တမ်းသည် (၁)နှစ်ပြည့်ပြီဖြစ်သောကြောင့် ကော်မတီများ၏သက်တမ်း တိုးမြှင့်သတ်မှတ်ခြင်းကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်-

(၁) ဥပဒေပြုရေးဆိုင်ရာကော်မတီ၊
(၂) တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊
(၃) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ၊

D/real(wide) (2

(၄) ဒေသန္တရစီမံကိန်းနှင့်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ ၊

(၅) တိုင်ကြားစာများစိစစ်ရေးကော်မတီ၊

(၆) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊

(၇) ပညာရေး၊ ကျန်းမာရေးနှင့် အမျိုးသမီး၊ ကလေးဆိုင်ရာ မြှင့်တင်မှုကော်မတီ၊

(၈) တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကော်မတီ၊

(၉) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၊

(၁၀) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ ၊

ယင်းကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

(သုံးကြိမ်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)

လွှတ်တော်က သဘောတူတဲ့အတွက် ဖော်ပြပါ ကော်မတီ ၁၀ခု၏ သက်တမ်းတိုးမြှင့်ကြောင်း ကြေညာပါတယ်။

ယခုအဆို တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ဆန္ဒအရ လွှတ်တော်ရဲ့ ဆန္ဒခံယူမှာ ဖြစ်ပါတယ်။ ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၇(က) အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ယခု အဆိုကိုအတည်ပြုရန် သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာတွင် မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ်ပါတယ်။

အားလုံးထိုင်နိုင်ပါပြီ။ ဆက်လက်ပြီးတော့ ကြားနေမတ်တပ်ရပ်၍ဆန္ဒပြုစေလိုပါတယ်။ မတ်တပ်ရပ်၍ဆန္ဒပြုသောနည်းလမ်းဖြင့်ဆန္ဒယူတဲ့အခါမှာ အဆိုကိုအတည်ပြုရန် ထောက်ခံတဲ့ဦးရေ(၄၃)ဦး၊ ကန့်ကွက်လူဦးရေ(၇၄)ဦးနှင့် ကြားနေမရှိပါ။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။အဆိုကိုအတည်ပြုရန် ကန့်ကွက်သည့် ကိုယ်စားလှယ်ဦးရေသည်များ သဖြင့် ဦးစိုင်းထွန်းဘဏ် တင်သွင်းသည့် အဆိုကို ပြည်နယ်အဖွဲ့အစည်းဝင်မှ တင်ပြသည့်အတိုင်း မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

D/real(wide) (2

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များ ခင်ဗျား။ ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးဟာ ဒီကနေ့ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော် ကိုယ်စားလှယ် (၂၈)ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၆၀)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆိုအနေနဲ့ (၆)ခုတင်သွင်းရာမှာ အဆို(၄)ခု ကို အတည်ပြုနိုင်ခဲ့ပြီး အဆို(၂)ခုအား မှတ်တမ်းတင်ခဲ့ပါတယ်။ ဥပဒေကြမ်းအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေးရဲ့ ပထမနေ့မှာ တင်သွင်းခဲ့တဲ့ ၂၀၁၈ခု၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ ၆လ၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေ(မူကြမ်း)တို့ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ရှမ်းပြည်နယ်၏ ၂၀၁၈ခုနှစ်၊ အသေးစား ချေးငွေလုပ်ငန်း ဥပဒေ (မူကြမ်း)ကို လည်းကောင်း၊ ဥပဒေပြုရေး ဆိုင်ရာကော်မတီက ရှမ်းပြည်နယ် ကြက်မွေးမြူရေးဥပဒေ (မူကြမ်း)ကို လည်းကောင်း ဒီအစည်းအဝေးမှာ တင်သွင်းခဲ့ပြီး နောင်လာမဲ့ အစည်းအဝေးမှာ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

လွှတ်တော်ကို တိုင်ကြားစာ စိစစ်ရေးကော်မတီရဲ့ လုပ်ငန်း

စီစဉ်ထားပြီးလည်းဖြစ်ပါတယ်။ လွှတ်တော်အဆောက်အဦ သစ်ကြီး၊ ဧည့်ရိပ်သာနဲ့ မူလအဆောက်အဦ (ကျားခေါင်းခန်းမ) တို့ဟာ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးနဲ့ သက်ဆိုင်တဲ့ အဆောက်အဦများ ဖြစ်ပါတယ်။ မိမိတို့ လွှတ်တော်တာဝန်ယူ နေရတဲ့အချိန်မှာ ဒီအဆောက်အဦတွေ ရေရှည်တည်တံ့ ခိုင်မြဲ အောင် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အကြံအား၊ ဉာဏ်အားနဲ့ ပူးပေါင်းဆောင်ရွက်မှုအားတို့ဖြင့် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေး၊ စောင့်ကြည့် ထိန်းကျောင်းရေးနှင့် ပြည်သူတို့အားကိုယ်စားပြုရေးတို့ကို ဆောင်ရွက်ရာမှာ ဥပဒေပြုရေးကဏ္ဍကိုလည်း အလေးပေး ဆောင်ရွက်ဖို့ လိုအပ်ကြောင်း ထပ်မံပြောကြားလိုပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များဟာ ဥပဒေပြုခြင်းနှင့် ဆက်စပ်နေသူ များ ဖြစ်ကြတဲ့အတွက် တည်ဆဲဥပဒေများအား လေ့လာ သုံးသပ်ပြီး ပြည်နယ်အတွက် အကျိုးမဖော်ဆောင်နိုင်သော ဥပဒေ၊ ပြည်သူများ အား အကာအကွယ်မပေးနိုင်သော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။ လွှတ်တော်ခိုင်မာရေးအတွက် လွှတ်တော် ကိုယ်စားလှယ်များ၏ စိတ်ဓာတ်ကောင်းမွန်မှုနှင့်ကန့်ရေး၊ အရည် အချင်း၊ အရည်အသွေးရှိအောင် တည်ဆောက်ကြရေးနှင့် ဒီမို ကရေစီကျင့်စဉ်များ ရှင်သန်ခိုင်မာအောင် ကျင့်သုံးဆောင်ရွက် ကြရမှာ ဖြစ်သလို ပြည်သူများအတွက် မားမားမတ်မတ်ရပ်တည် ဆောင်ရွက်ပေးနိုင်သော ပြည်သူ့ကိုယ်စားလှယ်များဖြစ်အောင် အစဉ်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး ထာဝရ ရရှိရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးတို့အတွက်

D/real(wide) (2

ဆောင်ရွက်ချက်အစီရင်ခံစာနဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်ပြနိုင်ခဲ့ပြီး မှတ်တမ်းတင်ထားနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ဖွဲ့စည်းထားသော လွှတ်တော်ရေးရာကော်မတီ (၁၀)ခု၏ သက်တမ်းနှင့်စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်ပါ လုပ်ပိုင်ခွင့်နှင့်အညီ သက်တမ်းထပ်မံတိုး အတည်ပြု ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးနိုင်ရေးအတွက် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေကို ပြင်ဆင်သည့် နည်းဥပဒေ၊ ဆားနှင့်ဆားထွက် ပစ္စည်းနည်းဥပဒေများကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ရာ၊ ဖြန့်ဝေသည့်ရက်မှ ရက်ပေါင်း (၉၀)အတွင်း ကိုယ်စားလှယ်များက ပြင်ဆင်ဖြည့်စွက်ရန်မရှိပါက အတည်ဖြစ်ပြီး ဆန္ဒမဲပေးရာ၌ စက်ခလုတ်အသုံးပြုနိုင်မည့် အစီအစဉ်ကို လွှတ်တော်သို့ တင်ပြဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နဝမ ပုံမှန်အစည်းအဝေးမှာ အစည်းအဝေးပိုင်းဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆက်စပ်ပြီး လွှတ်တော်လုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ဆက်လက် တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦသစ်ကြီးကို မတ်လ(၂၃)ရက်နေ့မှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးသစ်ကြီးနဲ့အတူ တစ်ရက်တည်း စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့ရာ လွှတ်တော်နှင့်အစိုးရတို့၏ပူးပေါင်းဆောင်ရွက်မှုပုံရိပ်ကို မြင့်တင်ပေးနိုင်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးကာလမှာသော်လည်းကောင်း၊ လွှတ်တော်တာဝန်ဖြင့်သော်လည်းကောင်း တောင်ကြီးမြို့သို့ ရောက်ရှိတဲ့အခါ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရန်၊ အခန်းပေါင်း (၅၁)ခန်း ပါသည့် လွှတ်တော်ဧည့်ရိပ်သာအမှတ်(၁)နှင့် အခန်း(၈)ခန်းပါ ဧည့်ရိပ်သာအမှတ်(၂)ကို တည်ဆောက်လျက်ရှိပါတယ်။ နောက်တစ်ကြိမ် လွှတ်တော်အစည်းအဝေး ကျင်းပတဲ့အခါ စတင်အသုံးပြုနိုင်ဖို့

ဆောင်ရွက်ခြင်း နောက်တစ်ကြိမ်ကျင်းပမည့် အစည်းအဝေးမှာ ကျန်းမာရွှင်လန်းစွာဖြင့် စုံစုံညီညီပြန်လည်ဆုံတွေ့ကြပါစို့လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ် ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီရှင်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

D/real(wide) (2

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ်

၅၉-၂/၂၀၁၈။ **"ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၏ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊ မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန် အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၂)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးအေးမင်းစိုး၊ ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ဆည်ရွာကျေးရွာအုပ်စုများမှ မြို့ကြီးကျေးရွာအုပ်စု၊မြို့ကြီးကျေးရွာအား မြို့ကြီးမြို့အဖြစ် သတ်မှတ်ပေးရန် "** အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး

ဆုံးဖြတ်ခြင်း

ဆုံးဖြတ်ခြင်းအမှတ်

၅၇-၂/၂၀၁၈။ **"ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော ၂၀၁၈ခုနှစ်၊ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှတင်သွင်းခဲ့သော **"၂၀၁၈ခုနှစ်၊ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

ဆုံးဖြတ်ခြင်းအမှတ်

၅၀-၂/၂၀၁၈။ **"ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးလစ်ဟင်းမှု မရှိစေရေးအဆို အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ဦးဒါဝိဒ်၊ မိုင်းဆတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ပြည်သူ့ဘဏ္ဍာများဆုံးရှုံးလစ်ဟင်းမှု မရှိစေရေး"** အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ်

၅၈ -၂/၂၀၁၈။ **"၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ အထိ ၆လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ (မူကြမ်း)အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော **"၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလ အထိ ၆ လ၊ ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

D/real(wide) (2

ဆုံးဖြတ်ခြင်းအမှတ်

၆၁-၂ / ၂၀၁၈။ **"ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ လွှတ်တော်ရေးရာကော်မတီများကွင်းဆင်း လေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်းရှင်းလင်းတင်ပြပေးရန် အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"လွှတ်တော်ရေးရာကော်မတီများ ကွင်းဆင်းလေ့လာကြားနာပြီး သုံးသပ်ချက်၊ အကြံပြုချက်၊ တင်ပြချက် အမှုတွဲများအပေါ် အစိုးရအဖွဲ့မှ အလေးထားပြီး ဆောင်ရွက်ပေးရန်နှင့် လွှတ်တော်အစည်းအဝေး ကျင်းပအကြိမ်အတိုင်းရှင်းလင်းတင်ပြပေးရန် အဆို"** အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အားတိုက်တွန်းကြောင်းအဆို"အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းအမှတ်

၈၃-၂ / ၂၀၁၈။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၄၃)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၇) ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

ဆုံးဖြတ်ခြင်းအမှတ်

၆၂-၂/၂၀၀၈။ **"ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ရှမ်းပြည်နယ် အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို မျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ လျှောက်ထားရာတွင် မရရှိသဖြင့် ဥပဒေတွင် သတ်မှတ်ထားသောကာလ အတွင်း အမြန်ရရှိရေးကို စီမံချက် ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်မှ အတည်ပြု ကြောင်း ဆုံးဖြတ်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်(၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)၌ ဦးခိုင်ညီညီကျော်၊ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **"ရှမ်းပြည်နယ်အတွင်း တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုမျှော်ကိုး၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ကို ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားရာတွင်မရရှိသဖြင့် ဥပဒေတွင်သတ်မှတ်ထား သောကာလအတွင်းအမြန်ရရှိရေးကို စီမံချက်ရေးဆွဲ၍**

မှတ်တမ်းတင်ခြင်းအမှတ်

၈၄-၂/၂၀၁၈။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၀)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၆ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ပထမနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

မှတ်တမ်းတင်ခြင်းအမှတ်

၈၈-၂/၂၀၁၈။ **"ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး(တတိယနေ့)၌ **"ရှမ်းပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ တင်ပြသည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၈၅-၂/၂၀၁၈။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ဆူးလဆန်း(၁၂) ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်နဝမပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ **"အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

မှတ်တမ်းတင်ခြင်းအမှတ်

စဥ်-၂/၂၀၁၈။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

စဥ်-၂/၂၀၁၈။ **"တိုင်ကြားစာများစိစစ်ရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကိုလွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၈ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (ဒုတိယနေ့)၌ **"တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်း"** ကို မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

စဂု-၂/၂၀၁၈။ **"ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုကို မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၁) ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး (တတိယနေ့)၌ **"အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် (၁၄၃)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်"** ကို မှတ်တမ်းတင်သည်။

D/real(wide) (2

မှတ်တမ်းတင်ခြင်းအမှတ်

၉၂-၂/၂၀၁၈။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၁၀ ခုသက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းအား မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၁၀ ခုသက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း"**အား လွှတ်တော်မှ မှတ်တမ်းတင်သည်။

မှတ်တမ်းတင်ခြင်းအမှတ်

၉၀-၂/၂၀၁၈။ **"ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ (၇)ရက် (ရှမ်းပြည်နယ်နေ့)ကို ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်အတွင်း တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးရေး"** အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်သည်။

D/real(wide) (2

ကန့်သတ်
၅၁၆
ရှင်းလင်းတင်ပြခြင်း

ရှင်းလင်းတင်ပြခြင်းအမှတ်

၁၀-၂/၂၀၁၈။ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများ"**အား လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

D/real(wide) (2

ကန့်သတ်
၅၁၄

မှတ်တမ်းတင်ခြင်းအမှတ်

၉၁-၂/၂၀၁၈။ **"ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ရှမ်းပြည်နယ် စည်ပင်သာယာရေး လုပ်ငန်းစဉ်များ ရင်ွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ခြင်း"**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ရက်)တွင် ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ ဦးစိုင်းထွန်းဉာဏ်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းစဉ်များ ရင်ွေ/သုံးငွေ ပွင့်လင်းမြင်သာမှု ဆိုင်ရာ"**အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်သည်။

ကန့်သတ်

ကန့်သတ်
၅၁၉

ကန့်သတ်

ကန့်သတ်
၅၁၆

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆
၅၂၃

ကန့်သတ်
၅၆
၅၂၃

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၅၂၆

ကန့်သတ်
၅၂၂

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၂၆

ကန့်သတ်

ကန့်သတ်
၅၂၈

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၅၃၆

ကန့်သတ်
၅၃၅

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၆

ကန့်သတ်

ကန့်သတ်
၅၆၀

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

၅၆၆
၅၄၅

ကန့်သတ်

ကန့်သတ်

၅၆၆
၅၄၇

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၄၆

ကန့်သတ်

ကန့်သတ်
၅၄၈

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

၅၆၆
၅၅၉

ကန့်သတ်

၅၆၆
၅၅၇

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၀

ကန့်သတ်

ကန့်သတ်
၅၅၈

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၁

ကန့်သတ်

ကန့်သတ်
၅၆၂

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၄

ကန့်သတ်

ကန့်သတ်
၅၆၂

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၅

ကန့်သတ်

ကန့်သတ်
၅၆၆

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၆

ကန့်သတ်

ကန့်သတ်
၅၆၈

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၉

ကန့်သတ်

ကန့်သတ်
၅၇၁

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၆

ကန့်သတ်

ကန့်သတ်
၅၆၅

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၆၆

ကန့်သတ်

ကန့်သတ်
၅၆၆

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်
၅၈၅

ကန့်သတ်

ကန့်သတ်
၅၈၆

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

D/real(wide) (2

ကန့်သတ်

ကန့်သတ်

၅၅၆

ကန့်သတ်

၅၅၇

D/real(wide) (2

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၀၁

ကန့်သတ်

ကန့်သတ်
၆၀၁

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၀၄

ကန့်သတ်

ကန့်သတ်
၆၀၅

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၀၅

ကန့်သတ်

ကန့်သတ်
၆၀၆

D/real(wide) (3

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၁၁

ကန့်သတ်
၆၀၉

D/real(wide) (3

ကန့်သတ်
၆၁၂

ကန့်သတ်
၆၁၀

ကန့်သတ်

ကန့်သတ်
၆၁၃

ကန့်သတ်

ကန့်သတ်
၆၁၃

D/real(wide) (3

D/real(wide) (3

ကန့်သတ်
ဖြေရှ

ကန့်သတ်

ကန့်သတ်
ဖြေဖွ

ကန့်သတ်

D/real(wide) (3

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၂၁

ကန့်သတ်

ကန့်သတ်
၆၂၃

D/real(wide) (3

D/real(wide) (3

D/real(wide) (3

D/real(wide) (3

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၃၂

ကန့်သတ်

ကန့်သတ်
၆၃၀

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၃၉

ကန့်သတ်

ကန့်သတ်
၆၃၃

D/real(wide) (3

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၃၉

ကန့်သတ်

ကန့်သတ်
၆၃၇

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၃၀

ကန့်သတ်

ကန့်သတ်
၆၃၈

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၄၁

ကန့်သတ်

ကန့်သတ်
၆၄၁

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၄၂

ကန့်သတ်

ကန့်သတ်
၆၄၄

D/real(wide) (3

D/real(wide) (3

ကန့်သတ်

ကန့်သတ်

ကန့်သတ်
၆၄၈

ကန့်သတ်
၆၄၆

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၄၉

ကန့်သတ်

ကန့်သတ်
၆၅၁

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၅၀

ကန့်သတ်

ကန့်သတ်
၆၅၂

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၅၉

ကန့်သတ်

ကန့်သတ်
၆၅၃

D/real(wide) (3

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၅၉ရ

ကန့်သတ်

ကန့်သတ်
၆၅၉ဧ

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၆၀

ကန့်သတ်

ကန့်သတ်
၆၅၈

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၆၁

ကန့်သတ်

ကန့်သတ်
၆၆၀

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၆၂

ကန့်သတ်

ကန့်သတ်
၆၆၄

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၆၅

ကန့်သတ်

ကန့်သတ်
၆၆၅

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၆၆

ကန့်သတ်

ကန့်သတ်
၆၆၈

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၆၉

ကန့်သတ်
၆၇၁

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၇၀

ကန့်သတ်

ကန့်သတ်
၆၇၂

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၇၃

ကန့်သတ်

ကန့်သတ်
၆၇၃

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၇၄

ကန့်သတ်

ကန့်သတ်
၆၇၆

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၇၉

ကန့်သတ်

ကန့်သတ်
၆၇၈

D/real(wide) (3)

ကန့်သတ်
၆၈၀

ကန့်သတ်

ကန့်သတ်
၆၇၈

ကန့်သတ်

D/real(wide) (3

ကန့်သတ်
၆၈၁

ကန့်သတ်

ကန့်သတ်
၆၈၃

ကန့်သတ်

D/real(wide) (3

ကန့်သတ်
၆၈၉

ကန့်သတ်
၆၈၂

ကန့်သတ်

ကန့်သတ်

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၈၅

ကန့်သတ်

ကန့်သတ်
၆၈၆

D/real(wide) (3

ကန့်သတ်
၆၈၆

ကန့်သတ်

ကန့်သတ်
၆၈၈

ကန့်သတ်

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၉၉

ကန့်သတ်
၆၉၁

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၉၂

ကန့်သတ်

ကန့်သတ်
၆၉၀

D/real(wide) (3)

ကန့်သတ်

ကန့်သတ်
၆၉၃

ကန့်သတ်
၆၉၄

D/real(wide) (3

ကန့်သတ်

ကန့်သတ်
၆၉၆

ကန့်သတ်

ကန့်သတ်
၆၉၄

D/real(wide) (3

D/real(wide) (3

D/real(wide) (3